# တာဝန်သိသောသားသမီးတစ်ယောက်ဖြစ်အောင် ပြုစုပျိုးထောင်ခြင်း

(အတွဲ  –  ၂)

(ပထမအကြိမ်)

# တာဝန်သိသောသားသမီးတစ်ယောက်ဖြစ်အောင်ပြုစုပျိုးထောင်ခြင်း

အီး၊ဂျီ၊ဝှိုက် ရေးသားသည့် Growing a Responsible Child Volume 2 ကို
ဦးရဲကိုက ဘာသာပြန်ဆိုသည်

အိမ်ထောင်ပြုခါနီးလူငယ်ပျိုရွယ်များနှင့် အိမ်ထောင်ကျခါစ ကြင်စဦးဇနီးမောင်နှံ
များ အထူးဖတ်သင့်သောစာအုပ်ဖြစ်သည်။

မာတိကာ


၁။ စာသင်ကျောင်းအစအိမ်ထောင်မှ ---------------------- ၁

၂။ မိဘများအသုံးပြုသင့်သည့်သွန်သင်ရန်နည်းစနစ်များ ------ ၁၃

၃။ မိဘများ၏လေ့ကျင့်ပြင်ဆင်မှုများ -------------------- ၄၃

၄။ နာခံခြင်းနှင့်ပတ်သက်သောသင်ခန်းစာ ----------------- ၅၅

၅။ ကလေးငယ်များအတွက်အခြေခံသင်ခန်းစာများ ----------- ၆၇

၆။ ကလေးငယ်များအတွက်လက်တွေ့ကျသော
အကျင့်သီလ ----------------------------------- ၉၃

၇။ ကလေးငယ်များ၌ရှိသောခရစ်ယာန်အရည်အသွေး ------- ၁၀၇

၈။ စာရိတ္တဖွံ့ဖြိုးမှုသည်ပဓာနကျခြင်း ------------------ ၁၂၃

၉။ အကျင့်စာရိတ္တတည်ဆောက်မှုတွင်အခြေခံကျသော
အချက်များ ------------------------------------ ၁၅၃

၁၀။ အိမ်ထောင်စည်းမျဉ်းများကိုဆန်းစစ်ခြင်း ------------- ၁၇၇

၁၁။ မှားယွင်းစွာအပြစ်ပေးဆုံးမခြင်း၏ကြီးမားသော
အန္တရာယ် ------------------------------------ ၂၁၃

၁၂။ စိတ်ခံစားချက်အားများဖွံ့ဖြိုးအောင်လုပ်ဆောင်ခြင်း ------- ၂၃၁

၁၃။ ကိုယ်ကာယဖွံ့ဖြိုးမှု၏အရေးပါပုံ -------------------- ၂၅၉

၁၄။ ကျန်းမာကြံ့ခိုင်မှု၏အရေးပါပုံ---------------------- ၂၈၃

၁၅။ ဖက်ရှင်၏အစွမ်း--------------------------------- ၃၁၇

၁၆။ ကိုယ်ကျင့်တရားဆိုင်ရာဂုဏ်သိက္ခာကိုထိန်းသိမ်းခြင်း ---- ၃၃၃

၁၇။ ဘာသာတရားနှင့်သင်၏သားသမီးများ --------------- ၃၅၃

၁၈။ ဘာသာရေးအတွေ့အကြုံဆိုင်ရာအခြေခံလိုအပ်ချက်များ--- ၃၈၁



# အခန်း (၁)
# စာသင်ကျောင်းအစအိမ်ထောင်မှ

နေအိမ်သည် သားသမီးများကိုစတင်ပညာပေးရန် ပထမဦးဆုံးသော စာသင်ကျောင်းဖြစ်သည်။ သားငယ်သမီးငယ်များသည် အသက်တာတွင် မရှိမဖြစ်လိုအပ်သည့် လေးစားနားထောင်ခြင်း၊ ကြီးသူကိုရိုသေတတ်ခြင်း၊ စိတ်ချုပ်တည်းခြင်း စသည့်သင်ခန်းစာများကို မိဘများထံတွင် သင်ယူကြရပါမည်။ အိမ်မှပေးလိုက်သည့် အသိပညာများသည် အကောင်းနှင့်အဆိုး ခွဲခြားရွေးချယ်နိုင်မှုအပေါ်တွင် ထိရောက်သောသြဇာသက်ရောက်မှုကို ဖြစ်စေပါသည်။

အခြေခံအုတ်မြစ်ချခြင်း

မိဘတိုင်းသည် မိမိတို့၏သားသမီးများအား ကာယ၊ ဉာဏနှင့် ဘာသာတရားဆိုင်ရာသွန်သင်ချက်များကိုပေးရန် တာဝန်ရှိပါသည်။ ထိုတာဝန်သည် သေးငယ်ပြီးအရေးမပါသော တာဝန်တစ်ခုမဟုတ်သဖြင့် ဘုရားသခင့်ထံတော်တွင် စိတ်ရှည်သည်းခံလျက်၊ ဆုတောင်းလျက် ဖွဲ့ရှိရှိဖြင့်လုပ်ဆောင်ကြရပါမည်။ မှန်ကန်သောအခြေခံအုတ်မြစ်တစ်ခုကိုချပြီးမှ ခိုင်ခံ့မြဲမြံသော စာရိတ္တအဆောက်အအုံကို တည်ဆောက်ကြရပါမည်။ တည်ဆောက်ပြီးသော ထိုအဆောက်အအုံကို တောက်ပြောင်လာအောင် နေ့စဉ်နှင့်အမျှ လုပ်ကြရပါမည်။ စုံလင်လာအောင် နေ့စဉ်ရက်ဆက် မွမ်းမံပြုပြင်ကြရပါမည်။

မိခင်ဖခင်တို့၊ သင်တို့၏အိမ်သည် လေ့ကျင့်ရေးကျောင်းတစ်ကျောင်း ဖြစ်သည်ကို သတိရကြပါ။ ငယ်ရွယ်နုပျိုသော သင်တို့၏သားသမီးများ မခံယူသင့်သောပညာရပ်များကို အိမ်ထဲသို့သယ်မလာကြပါနှင့်။ ကြမ်းတမ်းသောစကားတစ်လုံးတလေကိုမျှ သင့်ကလေးများရှေ့တွင် မပြောမိကြပါစေနှင့်။ အခြားသူများအပေါ် စိတ်ရှည်သည်းခံတတ်အောင်၊ သဘောထားကြီးကြီးထားတတ်အောင် သင့်ကလေးများကို သင်ကြားပေးကြပါ။

သာမညအလုပ်တစ်ခုမဟုတ်ပါ

အိမ်၌ပညာပေးခြင်းတာဝန်သည် သာမညအလုပ်တစ်ခုမဟုတ်ဘဲ စစ်မှန်သောပညာရေး၏အဓိကနေရာတွင် ရပ်တည်နေပါသည်။ သားသမီး၏ စာရိတ္တကိုပုံသွင်းပေးရန် မိဘများ၌တာဝန်ရှိနေပါသည်။

ရှောလမုန်မင်းကြီးအားဖြင့် ဖွင့်ဆိုထားသည့် As the twig is bent, the tree is inclined ဟူသော သွန်သင်ချက်မှာ နှလုံးတုန်စရာကောင်းလှပါ သည်။ ထိုသုတ္တံစကားမှာ သားသမီးများကို လေ့ကျင့်သင်ကြားရန်အတွက် သွန်သင် ထားဟန်တူပါသည်။ မိခင်ဖခင်တို့၊ ငယ်ရွယ်သောသားသမီးများကို လေ့ကျင့် ပညာပေးခြင်းတည်းဟူသော မွန်မြတ်သောတာဝန်တစ်ခုကို သင်တို့ အားပေး အပ်ထားသည်ကို သတိရကြပါ။ သားငယ်သမီးငယ်များကို လေ့ကျင့် ပညာပေး ခြင်းအမှုကို လျစ်လျူမရှုကြပါနှင့်၊ ထိုတာဝန်ကိုလုပ်ဆောင်ရန် ပျက်ကွက်သူ များသည် ဘုရားပေးတာဝန်ကို လျစ်လျူရှုသူများဖြစ်ကြပါသည်။

အိမ်ထောင်တွင်ပေးသည့်ပညာရေး၏ကြီးမားနက်နဲခြင်း

အိမ်တွင်ပေးသည့်ပညာရေးသည် ကြီးမားနက်နဲလှပါသည်။ အာဗြဟံ ကို ယုံကြည်ခြင်း၏အဘဟု ခေါ်ကြပါသည်။ အိမ်သူအိမ်သားများအား ဘုရားသခင်၏အမိန့်တော်အတိုင်း နေထိုင်အသက်ရှင်ရန် တင်းကျပ်စွာသွန်သင် ခြင်းသည် အာဗြဟံအား ယုံကြည်ခြင်း၏အဘဟု အမည်တွင်စေသည့် အကြောင်းရင်းများတွင် တစ်ခုဖြစ်ပါသည်။ သူသည် အိမ်သူအိမ်သားများကို ဘာသာတရားနှင့်ပြည့်ဝအောင် ပြုစုပျိုးထောင်ခဲ့ပါသည်။

ဘုရားသခင်၏အမိန့်တော်ကို လိုက်နာကျင့်ကြံတတ်အောင် သင်ကြား ပေးရန်အတွက်သော်လည်းကောင်း လူသားများအပေါ် ဘုရားသခင်ဆက်ဆံ ပြုမူပုံများကို သိရှိစေရန်အတွက်သော်လည်းကောင်း သားသမီးများအား သင်ကြား ပေးရန် ဟေဗြဲမိဘများကို ဘုရားသခင်မိန့်ကြားတော်မူခဲ့သည်။ ထိုစဉ်က ကျောင်းလည်းအိမ်၊ အိမ်လည်းကျောင်းပင်ဖြစ်နေပါသည်။ မေတ္တာ တရားနှင့် ပြည့်ဝသည့် နှလုံးသားပိုင်ရှင်မိဘများသည် သားသမီးများကို သင်ကြားမှုများ

ပြုလုပ်ကြသည်ဟုလည်း သူစိမ်းတစ်ရံဆံများ၏ပါးစပ်မှ ပြောလေ့ရှိပါသည်။ ဟေဗြဲအိမ်ထောင်များ၏နေ့စဉ်အသက်တာလုပ်ငန်းများတွင် ဘုရားသခင်အကြောင်း ဆင်ခြင်သုံးသပ်မှုများနှင့် ရောယှက်နေခဲ့ပါသည်။

မိမိလူမျိုးအား ဘုရားသခင်ကယ်လွှတ်တော်မူခဲ့သည့် အံ့ဖွယ်အကြောင်းအရာများကိုလည်း လေးစားရိုသေမှုအပြည့် အာဝဇန်းရွှင်ရွှင်ဖြင့် စစ်စစ်ပေါက်ပေါက်ပြန်ပြောခဲ့ကြပါသည်။ ထိုကြောင့် ဘုရားသခင်၏စောင့်ရှောက်မှုနှင့် အနာဂတ်ကာလဆိုင်ရာအမှန်တရားများသည် လူငယ်များ၏စိတ်နှလုံးမှာ စွဲနေခဲ့ပါသည်။ ထိုအမှန်တရားများသည် လူကောင်း၊ လူမှန်၊ လူတော်များတို့နှင့် ရင်းနှီးလာခဲ့ပါသည်။

အိမ်တွင်းပညာရေးသည်ကျောင်းထားရမည့်အချိန်အတွင်းပြင်ဆင်ပေးခြင်း

သားသမီးကိုပညာပေးရာတွင် မိဘများသည် ကျောင်းဆရာများထက် အလျင်ကျသူများဖြစ်ကြသည်။ ပထမတန်းကို မိဘတိုင်းသင်ပေးရသည့် အိမ်ကျောင်းတစ်ကျောင်းရှိမြဲဖြစ်သည်။ သူတို့သည် ထိုကျောင်းကလေးကို ဆုတောင်းလျက် သေချာစွာစီမံလုပ်ဆောင်ကြမည်ဆိုလျှင် ၎င်းတို့၏သားသမီးများသည် စာသင်ကျောင်းများတွင် ကျောင်းတက်ရန်အဆင်သင့်ဖြစ်နေကြလိမ့်မည်။ နေအိမ်တစ်အိမ်သည် သားသမီးများအား နန်းတွင်းသားများ၏ စာရိတ္တမျိုးပိုင်ဆိုင်လာအောင် ပျိုးထောင်ပေးသော ကျောင်းတစ်ကျောင်းဖြစ်လာနိုင်ပါသည်။

ယေရှုခရစ်၏အိမ်ကျောင်းပညာရေး

ယေရှုခရစ်သည် အိမ်မှာပညာရခဲ့သူတစ်ဦးဖြစ်ပါသည်။ ကိုယ်တော်၏ မိခင်သည် လက်ဦးဆရာတစ်ဦးဖြစ်ပါသည်။ ပုရောဖက်စာလိပ်များကိုဖွင့်ပြပြီး သူမပြောဆိုခဲ့သည့်အသံများမှတစ်ဆင့် ကောင်းကင်နိုင်ငံတော်ဆိုင်ရာကိစ္စရပ်များကို ကိုယ်တော်ရှင်လေ့လာခဲ့ရပါသည်။ ကိုယ်တော်သည် ဆင်းရဲသော အိမ်ထောင်တွင် မွေးဖွားလာသော်လည်း မိဘများကသတ်မှတ်ပေးထားသည့်

အိမ်မှုတာဝန်များကို ပျော်ရွှင်စွာဖြင့် ကျေပွန်အောင်ဆောင်ရွက်ခဲ့သည်။ ကောင်းကင်မိုလ်ချုပ်ဖြစ်တော်မူသည့် ကိုယ်တော်ရှင်သည် စိတ်အားထက်သန်စွာလုပ်ဆောင်တတ်သော အခိုင်းအစေတစ်ယောက်ဖြစ်ခဲ့သလို ချစ်ခင်ကြင်နာပြီး မိဘစကားကိုနားထောင်သည့် သားတစ်ယောက်လည်းဖြစ်ခဲ့ပါသည်။

## လက်ဦးဆရာမိနှင့်ဖ

မိဘများသည် မိမိတို့လုပ်ဆောင်ရမည့်တာဝန်များကို နားလည်ထားဖို့လိုအပ်ပါသည်။ လူငယ်များအားလမ်းလွဲစေမည့် ထောင်ချောက်များ လောကတွင်ပြည့်နှက်နေပါသည်။ တစ်ကိုယ်ကောင်းဆန်မှုများနှင့် ကာမဂုဏ်ခံစားမှုများက လူငယ်အများစုကို ဆွဲဆောင်နေပါသည်။ ပျော်ရွှင်စရာကောင်းသောလမ်းဟု ထင်ရသော်လည်း အဆုံးတွင်စောင့်နေသော ကြောက်မက်ဖွယ်ရာနိဂုံးနှင့်မမြင်နိုင်သောအန္တရာယ်များကို လူငယ်များမသိနိုင်ကြချေ။ ထို့ကြောင့် သန်းပေါင်းများစွာသောလူငယ်များသည် ပါးစပ်အလိုလိုက်မှု၊ စိတ်အလိုလိုက်မှုများအောက်တွင် ခွန်အားအစွမ်းသတ္တိများ ဆုံးရှုံးနေကြရုံသာမက ပစ္စုပ္ပန်နှင့်အနာဂတ်မျှော်လင့်ချက်များပါ ပျောက်ဆုံးနေကြပါပြီ။ အမှန်မှာ မကောင်းမှုဒုစရိုက်များကို ကျော်လွှားအောင်မြင်နိုင်စေရန် မိခင်ဝမ်းထဲမှာရှိစဉ်ကပင်သားသမီးများကို အစပြုပြင်ဆင်ပေးထားသင့်ပါသည်။

### ဘုရားသခင်၏စီမံကိန်းတွင်အရေးပါသောသင်တန်းပေးခြင်း

ခရစ်ယာန်ဘာသာ၏တန်ခိုးပါမှုကို သရုပ်ပြရန်အတွက် လူငယ်များကို လေ့ကျင့်သင်ကြားခြင်းအလုပ်သည် အရေးပါသောအခန်းတွင် ပါဝင်နေပါသည်။ လောကအလယ်တွင် အသက်ရှင်နေထိုင်သောအခါ ဒုစရိုက်ကိုရှောင်၍ သုစရိုက်ကိုကျင့်ဆောင်နိုင်သောသားသမီးများဖြစ်လာရန် လေ့ကျင့်ပညာပေးသည့် မှန်မြတ်သောတာဝန်သည် မိဘများ၏ပခုံးပေါ်တွင် ကျရောက်လျက်ရှိသည်။ ခရစ်ယာန်မိဘအများစုသည် ထိုတာဝန်ကိုလျစ်လျူရှုထားသည်မှာ

ဝမ်းနည်းစရာကောင်းလှပါသည်။ စုံစမ်းနှောင့်ယှက်ခြင်းများကို တွန်းလှန်နိုင်သည့်စာရိတ္တမျိုး သားသမီးများပိုင်ဆိုင်လာအောင် လုပ်ဆောင်ရမည့်ဘုရားပေး ထိုတာဝန်၏အရေးပါပုံကို မိဘများသတိမမူမိကြချေ။

ဘုရားသခင်နှင့်ပူးပေါင်းလုပ်ဆောင်ခြင်းကိုရှောင်လွှဲရန်မဖြစ်နိုင်ခြင်း

မိဘများသည် ဘုရားသခင်နှင့်ပူးပေါင်းလုပ်ဆောင်မှုမရှိလျှင် ဘုရားသခင်သည် ၎င်းတို့၏သားသမီးများကို မကောင်းမှုများမှ ကာကွယ်နိုင်လိမ့်မည်မဟုတ်ချေ။ ထို့ကြောင့် မိဘများအနေဖြင့် ဘုရားသခင်၏ အကူအညီများကိုရယူလျက် ထိုတာဝန်ကို ရဲရင့်သောစိတ်ထားဖြင့် ဝမ်းမြောက်ဝမ်းသာ ကြိုးစားလုပ်ဆောင်ကြရပါမည်။

အကယ်၍ သားသမီးများကိုလေ့ကျင့်ပညာပေးရေးလုပ်ငန်းစဉ်ကို မိမိတို့လုပ်ဆောင်ရမည့်တာဝန်ဖြစ်ကြောင်းခံယူကာ ဘုရားသခင်ထံတော်တွင် ခွန်အားတောင်းလျက် ပူးပေါင်းလုပ်ဆောင်သွားကြလိမ့်မည်ဆိုလျှင် သူတို့သည် မိမိတို့၏သားသမီးများကို ကယ်တင်ရှင်ထံတော်သို့ အရောက်ပို့နိုင်ကြပါလိမ့်မည်။

သားသမီးများသည်ဘုရားသခင်ကပေးအပ်ထားသည့်လက်ဆောင်မွန် များဖြစ်ခြင်း

နိုင်ငံတော်တွင် မိသားစုတစ်စုတည်ထောင်နိုင်သည်အထိ လေ့ကျင့်ပညာပေးရန် မိမိတို့အားအပ်နှံထားသောအရာများအဖြစ် သားငယ်သမီးငယ်များကို မိဘများမှတ်ယူကြရမည်။ ဘုရားသခင်ကိုကြောက်ရွံ့ခြင်းသည် ပညာ၏အချုပ်အခြာဖြစ်သဖြင့် ဘုရားသခင်ကိုကြောက်ချစ်ရိုသေသောစိတ်ထားဖြင့် သားသမီးများကိုလေ့ကျင့်ပညာပေးကြပါ။ ခရစ်တော်ကိုသိကျွမ်းလာအောင် သားသမီးများကို သွန်သင်ကြပါ။ သားသမီးများ၏နှလုံးသားထဲ၌ စာတန်မျိုးစေ့မကြဲမီ ထိုတာဝန်ကို မိဘများထမ်းဆောင်ကြရမည်။ ခရစ်တော်သည် သားငယ်သမီးငယ်များကို ကြိုဆိုလက်ခံနေသည်နှင့်အညီ သူတို့ကို စည်းကမ်းတကျကြိုးစားလုပ်ဆောင်တတ်အောင် သင်ကြားပေးကာ ကိုယ်တော်ရှင်ထံတော်

သို့ပို့ဆောင်ကြရပါမည်။ မိဘများသည် မိမိကိုယ်ကို သတိပညာရှိရှိဖြင့် အရည်အသွေးပြည့်မီသောသူများဖြစ်အောင် မပြင်ဆင်ထားလျှင် အပြစ်တရားသည် ၎င်းတို့အိမ်ထဲသို့ဝင်လာလိမ့်မည်။

## အမိနှင့်အဖအကြားစည်းလုံးညီညွတ်မှုရှိခြင်း

အိမ်ကျောင်းကလေး၏တာဝန်ကို ထမ်းဆောင်ရာတွင် ခင်ပွန်းနှင့်ဇနီးတို့မှာ ရင်းနှီးသောစည်းလုံးညီညွတ်မှုရှိရပါမည်။ သူတို့သည် စကားအရာတွင် နူးညံ့သိမ်မွေ့စွာပြောဆိုရမည်ဖြစ်သလို မလိုလားအပ်သောစကားများကို မပြောမိအောင် သတိထားကြရပါမည်။ သို့မဟုတ်လျှင် စာတန်သည် ၎င်းတို့နှစ်ဦးအကြားဝင်လာကာ အောင်ပွဲဆင်သွားပေလိမ့်မည်။

သူတို့သည် တစ်ဦးကိုတစ်ဦး လေးလေးစားစား ကြင်ကြင်နာနာ သိမ်သိမ်မွေ့မွေ့ဆက်ဆံကြရပါမည်။ သာယာပျော်ရွှင်ဖွယ်အိမ်ထောင်တစ်ခုဖြစ်လာစေရန် တစ်ဦးကိုတစ်ဦး ကူညီရိုင်းပင်းကြရပါမည်။ အထူးသဖြင့် သားသမီးများရှေ့တွင် တစ်ဦးကိုတစ်ဦး အပြစ်တင်ငြင်းခုံသည့်စကားများကို ရှောင်ရှားသင့်ပါသည်။ ခရစ်ယာန်တစ်ဦး၏သိက္ခာကို အမြဲတမ်းစောင့်စည်းသင့်ကြပါသည်။

## မိခင်သည်ဆရာမကြီးဖြစ်ခြင်း

သားသမီးများကို လေ့ကျင့်ပညာပေးခြင်းအမှုတွင် မိခင်သည် ထူးခြားသောကဏ္ဍတွင်ရပ်တည်နေပါသည်။ အရေးပါသောတာဝန်များသည် ဖခင်၏ပခုံးပေါ်တွင် ရှိနေသည်ဆိုသည်မှာမှန်သော်လည်း သားငယ်သမီးငယ်များနှင့် လက်ပွန်းတတီးရှိသောမိခင်မှာမူ ထိုကလေးငယ်များ၏ရှေးဦးဆရာဖြစ်သလို အဖော်တစ်ဦးလည်းဖြစ်ပါသည်။

## စာသင်ကျောင်းမှာသင်သောပညာထက်ကျယ်ပြန့်သောပညာရေး

နှုတ်ကပတ်တော်တွင်ဖော်ပြထားသည့် ဘုရားသခင်၏မိန့်တော်မူသမျှကို လုံးဝဥသုံနားထောင်လိုက်လျှောက်တတ်အောင် မိဘများသည်

သင်ယူကြရပါမည်။ သူတို့သင်ယူနေစဉ်မှာပင် ကိုယ်စိတ်နှစ်ပါးအားဖြင့် နားထောင်လိုက်လျှောက်တတ်အောင် သားသမီးများကိုလည်း လက်ဆင့်ကမ်း သင်ကြားပေးနိုင်ကြပါသည်။ ထိုအလုပ်သည် အိမ်မှာလုပ်ရမည့်အလုပ်တစ်ခု ဖြစ်ပါသည်။ ထိုသို့လုပ်ဆောင်သူများသည် မိမိကိုယ်ကို ဘုရားသခင်နှင့်ပိုမို နီးကပ်စေရုံသာမက သားသမီးများကိုလည်း ဘုရားသခင်နှင့်ပိုမိုနီးကပ်စေ ကြပါသည်။ ဤပညာရေးသည် စာသင်ကျောင်းတွင်သင်သောပညာရေးထက် အများကြီးပို၍လေးနက်ပါသည်။

ဖြစ်ကတတ်ဆန်းလုပ်ဆောင်မှုများကိုလက်မခံပါ

အိမ်ထောင်တွင်ပြုလုပ်သည့် ဖြစ်ကတတ်ဆန်းအလုပ်များကို မည်သူ ကမျှ လက်ခံလိမ့်မည်မဟုတ်ပါ။ အကျင့်နှင့်ပြည့်စုံသော ယုံကြည်ခြင်းမျိုးကို ခရစ်ယာန်မိဘများက ပြသကြရပါမည်။ "ဘုရားသခင်၏လမ်းစဉ်အတိုင်း လျှောက်လှမ်းကြစို့" ဟူသောဆောင်ပုဒ်သည် မိဘတိုင်းအတွက် စံနှုန်းတစ်ခု ဖြစ်သည်။ အခြားလမ်းစဉ်များမှာမူ ဘုရားသခင်နိုင်ငံတော်သို့ မပို့ဆောင်ဘဲ ပျက်စီးခြင်းသို့သာ ပို့ဆောင်ပါလိမ့်မည်။

## ကလေးငယ်များအားလေ့ကျင့်သင်ကြားခြင်းအစ

သားငယ်သမီးငယ်များကို ရင်ခွင်ပိုက်ကလေးဘဝမှစပြီး ပညာပေး ရပါမည်။ သားသမီးများ၏အကျင့်စာရိတ္တများကို ပြုပြင်ပုံသွင်းနေစဉ်မှာပင် မိခင်ဖြစ်သူသည် သူမ၏ရင်သွေးငယ်များကို ပညာပေးနေလျက်ရှိပါသည်။

မိဘများသည် သားသမီးများကိုကျောင်းထားကြပါသည်။ ကျောင်း ထားပြီးသည်နှင့် မိမိတို့သည် သားသမီးများကို ပညာသင်ပေးနေပြီဟု မိခင် ဖခင်များက အထင်ရှိကြပါသည်။ သားသမီးများကိုပညာပေးခြင်းအရာသည် ၎င်းတို့ထင်မြင်ထားသည်ထက် လေးနက်လှပါသည်။ ရင်ခွင်ပိုက်ကလေး ဘဝမှ သူငယ်ဘဝအထိလည်းကောင်း၊ သူငယ်ဘဝမှလူငယ်ဘဝအထိ

လည်းကောင်း၊ လူငယ်ဘဝမှလူကြီးဘဝအထိလည်းကောင်း အဆင့်ဆင့် အသက်အရွယ်အလိုက် သင်ကြားပေးရပါသည်။ ကလေးငယ်တစ်ဦးသည် ပြောတာကိုနားလည်နိုင်စွမ်းရှိလာသည်နှင့်တစ်ပြိုင်နက် သူ့အားပညာသင်ပေးဖို့ အစပြုသင့်ပါသည်။

မှတ်ဉာဏ်အကောင်းဆုံးအချိန်တွင်သင်ကြားမှုအစပြုပါ

လေ့ကျင့်ပညာပေးခြင်းအလုပ်ကို ရင်ခွင်ပိုက်ကလေးဘဝမှ အစပြုသင့်သည်။ ထိုအသက်အရွယ်မှစ၍ ကလေးများသည် မှတ်ဉာဏ်အလွန်ကောင်းကာ သင်ကြားသမျှကို ပြန်လည်သတိရနိုင်စွမ်းရှိနေကြပါသည်။

မိဘများသည် မိမိတို့ကိုချစ်သည့် ခရစ်တော်၏ကျောင်းတွင် နေ့စဉ်နေ့တိုင်းလေ့ကျက်လျက် မှန်ကန်မှုရှိသောစကားများကိုသာ သားသမီးများရှေ့တွင်ပြောကြမည်ဆိုလျှင် ကလေးငယ်များသည် ပြည့်ဝစွာဆင်ခြင်တွေးတောခြင်းမပြုနိုင်မီမှာပင် မှန်ကန်သောစိတ်နေသဘောထားများကို မိဘများထံမှ ရရှိနိုင်ကြမည်ဖြစ်ပါသည်။

ကလေးငယ်များအားလေ့ကျင့်ပညာပေးခြင်းအလုပ်အတွက်လေ့ကျက် ကြပါ

ငယ်ရွယ်သောကလေးများကို လေ့ကျင့်ပညာပေးခြင်းအလုပ်သည် လူသားအားလုံး ဂရုတစိုက်လေ့ကျက်သင်ယူသင့်သည့်အလုပ်တစ်ခုဖြစ်ပါသည်။ ကလေးငယ်များအား ပညာပေးသည့်အလုပ်ကို စီးပွားရေးလုပ်ငန်းကြီးတစ်ခုပမာ အရေးထားလုပ်ဆောင်ဖို့လိုအပ်သည်။ အကြောင်းမှာ ၎င်းတို့၏ကယ်တင်ခြင်းသည် ၎င်းတို့ငယ်ရွယ်စဉ်အချိန်ကရခဲ့သော ပညာရေးအပေါ်တွင် များစွာအခြေပြုနေသောကြောင့်ဖြစ်ပါသည်။ မိဘများနှင့်တကွ အုပ်ထိန်းသူများသည် မိမိတို့၏သားသမီးများအား စိတ်ထားဖြူစင်သူများဖြစ်စေလိုလျှင် မိမိတို့ကိုယ်တိုင်လည်း စိတ်ထားဖြူစင်သူများဖြစ်အောင် တည်ဆောက်ကြရပါမည်။ ထိုကြောင့် မိခင်ဖခင်များဖြစ်သော ကျွန်ုပ်တို့သည် မိမိကိုယ်တိုင်

စည်းကမ်းကျနသောသူများဖြစ်အောင် ကိုယ့်ကိုကိုယ်လေ့ကျင့်ပညာသင်နေသူများဖြစ်သင့်ကြပါသည်။

အစကောင်းမှအနှောင်းသေချာမည်

သင်၏သားသမီးများသည် အဖိုးအခတစ်ခုဖြင့်ဝယ်ထားသည့် ဘုရားသခင်ပိုင်ပစ္စည်းကလေးများဖြစ်ကြသည်။ တစ်ဦးချင်းနှင့်သင့်လျော်သော ပြုစုဆက်ဆံမှုများကိုအသုံးပြုကာ ခရစ်တော်၏နည်းများ၊ ဟန်များနှင့်အညီ ပျိုးထောင်ကြပါ။

လူငယ်များကို အမြော်အမြင်ရှိရှိ ဂရုတစိုက်လေ့ကျင့်ပညာပေးသင့်ပါသည်။ အကြောင်းမှာ လူငယ်ဘဝမှာရရှိသွားသည့်အကျင့်တစ်ခုသည် အသက်တာတစ်လျှောက်လုံးကို စိုးမိုးသွားလေ့ရှိပါသည်။ ထို့ကြောင့် အစကောင်းဖို့လိုအပ်သည့်အရာများကို ကျွန်ုပ်တို့မြင်တွေ့သိရှိနိုင်စေရန် ကျွန်ုပ်တို့ကိုဘုရားသခင်မစပါစေ။

သားဦးသမီးဦးကိုလေ့ကျင့်သင်ကြားခြင်း

သားဦး (သို့မဟုတ်) သမီးဦးများကို အထူးဂရုစိုက်ပြီး လေ့ကျင့်သင်ကြားပေးသင့်ပါသည်။ အကြောင်းမှာ သားငယ်သမီးငယ်များသည် သူတို့ကိုအတုခိုးလုပ်ဆောင်ကြမည်ဖြစ်သည်။ ကလေးငယ်များသည် ၎င်းတို့၏ ပတ်ဝန်းကျင်လွှမ်းမိုးမှုအတိုင်း ကြီးပြင်းလာလေ့ရှိပါသည်။ အော်ကြီးဟစ်ကျယ်ပြောတတ်သူများနှင့် ကြမ်းကြမ်းတမ်းတမ်းပြုမူတတ်သူများက ပျိုးထောင်လိုက်သောကလေးများသည် အသက်ကြီးလာသောအခါ အခြားသူများမခံနိုင်အောင်ကြမ်းတမ်းပြီး ကျယ်လောင်စွာပြောဆိုတတ်သူများ ဖြစ်လာကြမည်မှာသေချာသည်။

သစ်ပင် (သို့မဟုတ်) ထင်သာမြင်သာသောသင်ခန်းစာတစ်ခု

သစ်စေ့မှပေါက်လာသည့် သစ်ပင်တစ်ပင်၏တဖြည်းဖြည်းကြီးထွားလာပုံသည် ကလေးငယ်များကို လေ့ကျင့်ပညာပေးခြင်းအတွက် ထင်သာ

မင်သာရှိသော သင်ခန်းစာတစ်ခုဖြစ်ပါသည်။ "ရှေးဦးစွာအညှောက်၊ ထိုနောက် အနှံ၊ ထိုနောက်အနှံထဲမှာ အောင်မာသောအဆန်ကို ဖြစ်စေတတ်၏" ဟု သမ္မာကျမ်းစာတွင် ဖော်ပြထားသည့်အတိုင်း ထိုပုံပမာကိုမိန့်တော်မူသည့် ကိုယ်တော်ရှင်သည် သစ်စေ့ကိုဖန်ဆင်းတော်မူပြီးနောက် အရေးပါသောအရာ များဖြင့်ဖြည့်ဆည်းလျက် ထိုသစ်စေ့ကလေးအား ကြီးထွားအသက်ရှင်လာရန် လိုအပ်သည့်သဘာဝနိယာမများကို စီမံတော်မူခဲ့ပါသည်။ ထိုပုံပမာတွင် သွန်သင်ခဲ့သောအမှန်တရားများသည် ကိုယ်တော်ရှင်၏အသက်တာတွင်လည်း အမှန်တကယ်ဖြစ်ခဲ့ပါသည်။ ကောင်းကင်ဗိုလ်မင်းဖြစ်တော်မူသောယေရှုခရစ် သည် ဗက်လင်မြို့တွင်သူငယ်တစ်ဦးအဖြစ် မွေးဖွားခြင်းခံခဲ့ရသည်။ မိခင်၏ စောင့်ရှောက်မှုအောက်တွင် အသက်ရှင်ကြီးပြင်းခဲ့ရသော အားနည်းသူကလေး ငယ်တစ်ဦးဖြစ်ခဲ့ရပါသည်။ ကိုယ်တော်သည် လူငယ်ဖြစ်စဉ်အခါ လူငယ် ကဲ့သို့ပြောဆိုလုပ်ဆောင်လျက်၊ မိဘနှစ်ပါးကိုရိုသေလျက်၊ မိဘများ၏သွန်သင်မှု များကိုနာခံလျက် အသက်ရှင်နေထိုင်ခဲ့ပါသည်။ သို့ရာတွင် သူငယ်တော် ယေရှုသည် ဉာဏ်ရည်ဉာဏ်စွမ်းဖွံ့ဖြိုးစအချိန်မှစ၍ ကျေးဇူးတော်၌လည်း ကောင်း၊ သမ္မာတရားအသိ၌လည်းကောင်း ဆက်တိုက်ဖွံ့ဖြိုးတိုးတက်ခဲ့ပါ သည်။

–o–



# အခန်း (၂)
# မိဘများအသုံးပြုသင့်သည့်သွန်သင်ရန်နည်းစနစ်များ

မိဘများသည် မိမိတို့လုပ်သင့်သည့်အလုပ်ကို ပြီးစီးအောင်လုပ်ခဲလှပါသည်။ မိဘတို့၊ လိုအပ်သည့်အမအစများရရှိနိုင်ရန် ဘုရားသခင်ကိုမှီခိုတတ်အောင် သားသမီးများကို သွန်သင်ပေးကြပါ။ ဟိုဟာကိုလုပ်လိုက်ပါ၊ ဒီဟာကိုလုပ်လိုက်ပါဟု ပြောလိုက်ရုံနှင့်မလုံလောက်သေးပါ။ သင်တို့ခိုင်းသမျှကို ဝမ်းပန်းတသာနှင့် ကလေးတွေနာခံတတ်လာအောင် သွန်သင်ပေးကြပါ။ အိမ်အတွက်အကျိုးပြုရုံသာမက ပြီးစီးစွာလုပ်ဆောင်သင့်သောအသက်တာ၏အသေးအဖွဲကိစ္စရပ်များအတွက်မှအစ ဘုရားသခင်အပေါ်အားကိုးတတ်အောင် ကလေးတွေကိုသွန်သင်ပေးကြပါ။

ငြိမ်သက်သောစိတ်နှလုံး၊ မေတ္တာရှေ့ထားသောစိတ်နှလုံးများဖြင့် သားသမီးများကိုသွန်သင်ပါ

မိခင်များတို့၊ သားသမီးများတို့သည် ဘုရားသခင်၏အလိုတော်နှင့်အညီ အသက်ရှင်ကြီးထွားလာရန် သင်သည် မှန်ကန်သောနည်းစနစ်ကို အသုံးပြုလျက် လိမ္မာပါးနပ်စွာဖြင့် ကလေးများကိုလေ့ကျင့်ပညာပေးရပါမည်။ သင်၏သားသမီးများကို ငြိမ်သက်သောစိတ်နှလုံးနှင့် ချစ်တတ်သောနှလုံးသားပိုင်ရှင်များဖြစ်လာစေဖို့ လေ့ကျင့်ပညာပေးနိုင်စေရန်အလို့ငှာ သင့်ကိုယ်သင်အယဉ်ကျေးအသိမ်မွေ့ဆုံးလူတစ်ယောက်ဖြစ်အောင် အမြဲတမ်းကြိုးစားလုပ်ဆောင်ဖို့ လိုအပ်ပါသည်။ မွန်မြတ်သန့်စင်သောဆန္ဒများပေါ်လာအောင် သားသမီးများကိုပညာပေးပြီး ရိုးသားဖြောင့်မတ်မှုကို ချစ်မြတ်နိုးတတ်အောင် ပျိုးထောင်ရပါမည်။

နူးညံ့ငြိမ်သက်သောအပြုအမူ၏အကျိုးသက်ရောက်မှု

ရင်သွေးငယ်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်းအမှုတွင် တည်တည်ငြိမ်ငြိမ်၊ သာယာညင်းပျောင်းပြုမူဆက်ဆံခြင်းသည် အလွန်ထိရောက်သည်ကို လူအနည်းစုသာနားလည်သဘောပေါက်ပါသည်။ မတည်မငြိမ်ဗျာများပြီး စိတ်မရှည်သောမိခင် (သို့မဟုတ်) ကလေးထိန်းသည် သူတို့ထိန်းနေသည့် ကလေးငယ်အား စိတ်တိုတတ်အောင် ဖန်တီးနေကြပါသည်။ သို့ရာတွင် သိမ်မွေ့သောအပြုအမူရှိသည့်မိခင် (သို့မဟုတ်) ကလေးထိန်းမှာမူ သူတို့၏ ကလေးငယ်အား စိတ်ရှည်သည်းခံပြီး တည်တည်ငြိမ်ငြိမ်နေတတ်အောင် ဖန်တီးပေးနေကြပါသည်။

ရင်သွေးငယ်များအားပြုစုပျိုးထောင်ပေးသည့်နည်းများကို ဆန်းစစ်ရန်လိုအပ်ခြင်း

အသက်တာတွင် လက်တွေ့အသုံးပြုရန် မဖြစ်နိုင်သောသဘောတရားများကို ရေးသားထားသည့်စာအုပ်များကို လေ့လာခြင်းသည် အကျိုးမရှိပါ။ အခြားသူများကပေးသောအကြံဉာဏ်များသည် အလွန်တန်ဖိုးရှိကောင်းရှိမည်ဖြစ်သော်လည်း အကောင်းအဆိုးဝေဖန်သုံးသပ်မှုမပြုလုပ်ဘဲ အသုံးမပြုသင့်ပါချေ။

ထိုအကြံဉာဏ်များကို အသုံးပြုမည့်မိခင်များ၏ခြားနားသော အခြေအနေများကြောင့်သော်လည်းကောင်း၊ အသုံးပြုခံရမည့် ရင်သွေးငယ်များ၏ မတူညီသော ပင်ကိုယ်စရိုက်နှင့်စိတ်နေသဘောထားများကြောင့်သော်လည်းကောင်း အကြံပေးသူအတွက် အလွန်ကောင်းသောအကြံတစ်ခုသည် လက်ခံအသုံးပြုသူအတွက် ထပ်တူထပ်မျှ အကျိုးရှိချင်မှရှိနိုင်လိမ့်မည်ဖြစ်သည်။ ထို့ကြောင့် မိခင်များသည် အခြားသူများကပေးသည့်အကြံဉာဏ်များကို ဂရုတစိုက်လေ့လာကြပါ။ မိမိတို့အသုံးပြုနေသည့်နည်းစနစ်နှင့် အခြားသူကပေးသည့်နည်းစနစ်များအကြား ခြားနားနေသည့်ကွာဟမှုများကို သုံးသပ်ကြပါ။

မိမိတို့၏ရင်သွေးငယ်အတွက်အသုံးပြုလျှင် အမှန်တကယ်အကျိုးရှိမရှိ ဆန်းစစ်ကြပါ။

ကြင်နာယုယမှုအပြည့်ဖြင့်သွန်သင်ပါ

ရင်သွေးငယ်များကို လေ့ကျင့်ပညာပေးခြင်းအလုပ်သည် ကြင်နာယုယမှုအပြည့်ဖြင့် မိဘများလုပ်ဆောင်ရမည့် အထူးတာဝန်တစ်ခုဖြစ်ပါသည်။ မိမိတို့သည် ထိန်းချုပ်လုပ်ဆောင်ရမည့်မိဘများဖြစ်ကြောင်း၊ သားသမီးများ၏ ထိန်းချုပ်ပဲ့ကိုင်ခြင်းကိုခံရမည့်သူများမဟုတ်ကြောင်း သိသာအောင်ဖော်ပြကြရပါမည်။ သားသမီးများအား နာခံတတ်သူများဖြစ်အောင် သွန်သင်ပေးရပါမည်။

ပျာယီးပျာယာဖြစ်နေသူတစ်ဦးသည် သဘာဝအားဖြင့် အမှားမှားအယွင်းယွင်းလုပ်ဖို့ ဦးတည်နေပါသည်။ သွက်လက်ချက်ချာသော်လည်း ဘုရားသခင်၏ထိန်းချုပ်မှုကင်းနေသည့်စိတ်သည် စာတန်ပေးသောအကြံဉာဏ်များကို လက်ခံလိမ့်မည်သာတည်း။ ထို့ကြောင့် ရင်သွေးငယ်များကို သွန်သင်ထားဖို့လိုအပ်ပါသည်။ လုံခြုံစိတ်ချရသောလမ်းသို့ ပြည့်သွန်ရန်လိုအပ်ပါသည်။ မကောင်းမှုများမှကင်းဝေးစေလျက် ကြင်နာမှုများဖြင့်ရစ်ပတ်ထားဖို့လိုအပ်ပါသည်။ သေချာစွာပြုစုပျိုးထောင်ဖို့လည်း လိုအပ်ပါသည်။

အမိနှင့်အဖတို့၊ သင်တို့သည် မွန်မြတ်သောတာဝန်တစ်ခုကို ထမ်းဆောင်ကြရပါမည်။ သင်တို့မွေးထားသည့် သားသမီးများ၏ကယ်တင်ခြင်းသည် သင်တို့၏ဆောင်ရွက်ပုံအပေါ်တွင် မူတည်နေပါသည်။ သင့်ရင်သွေးများကို မည်ကဲ့သို့အောင်မြင်စွာပညာပေးထားပါသနည်း။ ဆူပူကြိမ်းမောင်းပြီးသင်ကြားခြင်းသည် အကျိုးမရှိပါ။ သူတို့၏အသိဉာဏ်ဖွံ့ဖြိုးမှုကို စိတ်ချယုံကြည်စွာဖြင့် ကြင်ကြင်နာနာ၊ သိမ်သိမ်မွေ့မွေ့၊ ချစ်ချစ်ခင်ခင်ဆက်ဆံသင်ကြားပေးကြပါ။ ဘုရားရှင်နှင့်အတူ အမှုတော်တွင်ပါဝင်နိုင်စေရန် ၎င်းတို့ကို ဘုရားသခင်ကိုယ်တော်တိုင် လေ့ကျင့်ပညာပေးလျက်ရှိတော်မူကြောင်းကို ရင်သွေးငယ်များအားပြောပြကြပါ။ သင်တို့လုပ်ရမည့်ကဏ္ဍကို သင်တို့

လုပ်ဆောင်ပြီးလျှင် ကိုယ်တော်ရှင်သည် မိမိ၏ကဏ္ဍကို လုပ်ဆောင်လိမ့်မည်ကို သင်စိတ်ချပါ။

ခြားနားသောသွန်သင်နည်းများ

ရင်သွေးငယ်များကို လေ့ကျင့်ပညာပေးရာတွင် အထူးဂရုစိုက်ဖို့ လိုအပ်ပါသည်။ သူတို့၌ မြင့်မားမွန်မြတ်သော စိတ်တန်ခိုးများဖြစ်ပေါ်လာစေရန် သွန်သင်နည်းမျိုးစုံကို အသုံးပြုပါ။ စိတ်၏လိုအပ်ချက်ကို သိရှိနားလည်သူအနည်းငယ်သာရှိပါသည်။ အသိဉာဏ်ဖွံ့ဖြိုးအောင်လုပ်နည်းနှင့် အတွေးအခေါ်မြင့်မားလာအောင်လုပ်နည်းများကိုလည်း သိရှိနားလည်သူ အနည်းငယ်သာရှိပါသည်။

ပထမသင်ခန်းစာကိုလဟာပြင်တွင်သင်ကြားပါ

မိခင်များတို့၊ ရင်သွေးငယ်များကို အိမ်အပြင်လဟာပြင်တွင် ကစားခိုင်းကြပါ။ ငှက်ကလေးများ၏သီချင်းဆိုသံကို သူတို့နားထောင်ကြစေပါ။ ဘုရားသခင်ဖန်ဆင်းထားသည့်လက်ရာတော်များတွင် ထင်ရှားသည့်မဟာမေတ္တာတော်ကို သူတို့လေ့ကျက်ကြစေပါ။ သဘာဝသင်ခန်းစာစာအုပ်ထဲတွင် ပါရှိသော ရိုးစင်းသည့်သင်ခန်းစာများကို သူတို့အားသင်ကြားပေးကြပါ။ သို့ပြီးမှ ကျောင်းစာအုပ်များ၌ပါသောသင်ခန်းစာများကို သင်ကြားပေးပါ။ သို့ပြုလျှင် မေတ္တာတော်သည် သူတို့၏စိတ်၌အမြစ်တွယ်သွားပါလိမ့်မည်။ မြေတွင်စိုက်ပျိုးခြင်းအလုပ်သည် ကလေးငယ်များနှင့်လူငယ်များအတွက် ကောင်းသောအလုပ်တစ်ခုဖြစ်သည်။ ဘုရားသခင်ဖန်ဆင်းထားသောသဘာဝတရားနှင့် တိုက်ရိုက်ထိတွေ့စေပါသည်။ ဖြစ်နိုင်လျှင် ပန်းဥယျာဉ်ကြီးများ၌လည်းကောင်း၊ ကျယ်ဝန်းသောမြေကွက်များပေါ်တွင်လည်းကောင်း ၎င်းတို့ကို စိုက်ပျိုးစေပါ။ ထိုကဲ့သို့သောပတ်ဝန်းကျင်မျိုးတွင် ပေးသောပညာရေးသည် လူငယ်များအတွက် ဘုရားသခင်ပေးတော်မူထားသည့် ညွှန်ကြားချက်များနှင့်လည်း ကိုက်ညီလှပါသည်။

ကျောင်းသင်ခန်းစာများကို ကျက်မှတ်ရန်အခက်အခဲတွေ့နေသော ကြောက်တတ်သည့်ကလေးလူငယ်များအတွက် စိုက်ပျိုးရေးအားဖြင့် ပညာပေးခြင်းနည်းစနစ်သည် တန်ဖိုးရှိလှပါသည်။ စိုက်ရေးပျိုးရေးများကိုလုပ်ကိုင်ရင်း ထိုလူငယ်များသည် ကျန်းမာပျော်ရွှင်လာကြပါမည်။ ၎င်းတို့၏မျက်စိရှေ့တွင် အမြဲတမ်းရှိနေသောအရာဝတ္ထုများနှင့် ဆက်စပ်မှုရှိသည့်အလုပ်ဖြစ်သောကြောင့် ထိုခံစားချက်များသည် မည်သည့်အခါမျှ သူတို့၏ခေါင်းထဲမှပျောက်ပျက်သွားလိမ့်မည်မဟုတ်ချေ။

သင်ခန်းစာများကိုစိတ်ဝင်စားဖွယ်လိုရင်းတိုရှင်းသင်ကြားပါ

မိဘများသည် မိမိတို့သင်ကြားပေးရမည့်သင်ခန်းစာများကို စိတ်ဝင်စားဖွယ်ဖြစ်အောင် လိုရင်းတိုရှင်းပြင်ဆင်ကာ နမူနာ၊ သာဓကများနှင့်တကွ သင်ကြားပေးသောအချိန်တွင် ဘုရားသခင်သည် ၎င်းတို့၏ကြိုးပမ်းမှုအပေါ် ကောင်းချီးပေးကာ ၎င်းတို့အား ထက်မြက်သောဆရာ၊ ဆရာမများဖြစ်စေတော်မူလိမ့်မည်။

ကလေးငယ်များကို သင်ကြားပေးနေသူများသည် ငြီးငွေ့ဖွယ်လုပ်ဆောင်မှုကိုရှောင်ရှားရပါမည်။ လိုရင်းတိုရှင်းသင်ကြားမှုသည် ပျော်ရွှင်စရာကောင်းသော ဩဇာသက်ရောက်မှုကို ဖြစ်ပေါ်စေပါသည်။ အကယ်၍ သင်ခန်းစာအများကြီးသင်ကြားမိလျှင် အကျဉ်းချုပ်ကို ထပ်ခါတလဲပြောပေးပါ။ ထပ်ခါတလဲပြောပြခြင်းသည် တစ်ကြိမ်တည်းပြောခြင်းထက် ပိုမိုအကျိုး ရှိပါသည်။ စကားကြောရှည်ခြင်းသည် ကလေးငယ်များကို ပျင်းရိသွားစေပါသည်။ သင်ခန်းစာများကို ရှည်ရှည်သင်ကြားခြင်းကြောင့် ဝိညာဉ်ရေးဆိုင်ရာ သင်ခန်းစာများကိုပင် ရွံရှာသွားစေနိုင်ပါသည်။ လွန်ကဲစွာအစာစားခြင်းသည် အစာအိမ်ကိုဝန်ပိုစေရုံသာမက စားချင်စိတ်ကိုလည်း နည်းပါးသွားစေပြီး အစားအစာများကိုပင် ရွံမုန်းသွားစေတတ်သလိုမျိုးနှင့်တူပါသည်။ ဟိတ်ဟန်များသော စကားကြောရှည်ခြင်းသည် လူတို့၏စိတ်ကို အီသွားစေနိုင်ပါသည်။

လွတ်လပ်စွာတွေးခေါ်တတ်အောင်အားပေးပါ

ဆရာများထံမှ မှန်ကန်သောအကြောင်းအချက်များကို လေ့ကျက်ခွင့်ရရှိသောကလေးငယ်များအား လေ့ကျက်ပြီးသည့်အရာများထဲမှ သူတို့ကိုယ်တိုင်သင်ခန်းစာယူကြပါစေ။ အမှန်တရားများကို သိလာအောင်လုပ်ကြပါစေ။

သစ်ပင်များကို စိုက်ပျိုးနေသောကလေးများအား သစ်ပင်စိုက်ပျိုးခြင်းမှ မည်သည့်သင်ခန်းစာရရှိကြောင်း မေးမြန်းကြည့်ပါ။ ကျွန်ုပ်တို့အပေါ်ထားသည့် ဘုရားသခင်၏မေတ္တာတော်ကိုလည်းကောင်း ကျွန်ုပ်တို့၏လိုအပ်ချက်၊ ကျွန်ုပ်တို့၏ပျော်ရွှင်မှုများနှင့်အသားကျအောင် အရာခပ်သိမ်းကိုပြုပြင်ထားသည့်အရာများကိုလည်းကောင်း ထင်ရှားစေသည့်အထောက်အထားများကိုငင်းတို့သတိထားလာတတ်အောင် သင်ကြားပေးကြပါ။

သူငယ်များ၏လုပ်ဆောင်မှုများကိုညွှန်ကြားပေးပါ

ကလေးသူငယ်များ၏ပြုမူဆောင်ရွက်ခြင်းများအပေါ် ထိန်းချုပ်ပေးဖို့လိုအပ်သည်ဟု မိဘများမထင်ကြပါနှင့်။ နည်းမှန်လမ်းမှန်ဖြင့် လုပ်ဆောင်တတ်အောင် ညွှန်ကြားပေးရန်သာ အထူးလိုအပ်ပါသည်။ ကလေးငယ်များ၏ကိုယ်စိတ်နှစ်ပါးဖွံ့ဖြိုးကြီးထွားလာစေရန်အတွက် မိဘများအနေဖြင့် ကိုယ်ရောစိတ်ပါ ညွှန်ကြားလုပ်ဆောင်ပေးရန်သာ လိုအပ်လှပါသည်။

ရင်သွေးငယ်များကိုကူညီရိုင်းပင်းတတ်အောင်သင်ကြားပေးကြပါ

ငယ်ရွယ်စဉ်အချိန်မှာပင် ကူညီရိုင်းပင်းတတ်အောင် သင်ကြားပေးသင့်ပါသည်။ ကိုယ်ခန္ဓာခွန်အားနှင့် အသိဉာဏ်စွမ်းအားများ လုံလောက်စွာဖွံ့ဖြိုးလာသည်နှင့်တစ်ပြိုင်နက် အိမ်မှုတာဝန်များကို လုပ်ဆောင်ခိုင်းသင့်ပါသည်။ မိဘများကိုကူညီတတ်အောင် ကြိုးစားရန်သော်လည်းကောင်း၊ စိတ်အလိုမလိုက်ဘဲ ထိန်းထိန်းသိမ်းသိမ်းနေထိုင်တတ်စေရန်သော်လည်းကောင်း၊ သူတစ်ပါး၏ပျော်ရွှင်မှုကို ဦးစားပေးတတ်စေရန်သော်လည်းကောင်း သားသမီး များကိုအားပေးတိုက်တွန်းသင့်ပါသည်။

အသေးအဖွဲကလေးများကိုဂရုပြုကြပါ

မိဘများကျူးလွန်လေ့ရှိသော မဟာအမှားတစ်ခုမှာ သားသမီးများကို အလိုလိုက်လွန်းခြင်းဖြစ်သည်။ ထို့ကြောင့် သားငယ်သမီးငယ်များသည် တစ်ကိုယ်ကောင်းဆန်တတ်လာကြသည်။ မည်သည့်အရာကိုမှ မလုပ်တတ် မကိုင်တတ်ဖြစ်လာသည်။ အသေးအဖွဲကိစ္စကလေးများကိုပင် မဖြေရှင်းတတ် ကြတော့ချေ။ နေ့စဉ်လုပ်ဆောင်ရသော အသေးအဖွဲတာဝန်ဝတ္တရားများအားဖြင့် စာရိတ္တခွန်အားများကို လေ့ကျင့်သင်ကြားမှုမခံယူခဲ့ကြသဖြင့် လူပျော့၊ လူပေါ့ များဖြစ်လာကြပါသည်။

သေးငယ်သောတာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့ဖူးခြင်းမရှိသူ များသည် ကြီးကျယ်အရေးပါသောတာဝန်များကိုထမ်းဆောင်ရန် အရည်အချင်း မီလိမ့်မည်မဟုတ်ပါ။ စာရိတ္တသည် ပမာဏတစ်ခုအားဖြင့်တည်ဆောက်နေ သလို ပြီးစီးစွာလုပ်ကိုင်ဆောင်ရွက်ရမည့် လုပ်ငန်းပမာဏနှင့်အညီ ခွန်အား နှင့်ကြိုးပမ်းမှုများကို အချိုးညီညီ စိုက်ထုတ်လုပ်ဆောင်ကြရပါသည်။

သွက်သောကလေးများကိုပိုပြီးဂရုစိုက်ပါ

မိမိတို့အလိုဆန္ဒအတိုင်း သွားလာဝတ်ဆင်ပြုမူရမည်မဟုတ် ဟူသော သဘောထားကို သားသမီးများ၏စိတ်တွင် စွဲမြဲနေစေဖို့ ကျွန်ုပ်တို့လုပ်ဆောင် ကြရပါမည်။ အခြားသူများထက် လုပခန့်ညားပြီး အစွမ်းသတ္တိနှင့်ပြည့်စုံနေ လျှင် ထိုသားသမီးကို ပိုပြီးဂရုစိုက်ရပါမည်။ ထိုသို့မပြုလုပ်လျှင် ထိုပင်ကိုယ် အရည်အသွေးများသည် ကျိန်ခြင်းအမင်္ဂလာဖြစ်သွားနိုင်ပါသည်။ ၎င်းပြင် ထိုပင်ကိုယ်အရည်အသွေးများကြောင့်မာန်တက်ပြီး အပြင်ပန်းအလှအပအပေါ် မှာသာနစ်မျောကာ ပို၍ကောင်းသည့်ဘဝအသက်တာအတွက် အရည်အချင်း မမီသူများဖြစ်သွားနိုင်ပါသည်။

အထင်ကြီးဘဝင်မြင့်ခြင်းကိုချုပ်တည်းကြပါ

သားငယ်သမီးငယ်များကို သတိထားစောင့်ကြည့်ကြပါ။ မိမိကိုယ်ကို ပျော်ပျော်နေတတ်အောင် သားသမီးများကိုလေ့ကျက်စေပါ။ ဧည့်သည်များ

ရှေ့တွင် သူတို့၏ထူးချွန်ပြောင်မြောက်မှုများကိုမချီးမွမ်းဘဲ ကလေးဘဝ၏ ရိုးစင်းသောအသက်တာတွင် သူတို့ကိုထားကြပါ။ သူတို့အား ဂရုစိုက်လွန်းခြင်း၊ အချီးမွမ်းလွန်ခြင်းသည် ရိုင်းပျခြင်းနှင့်မဆင်မခြင်ပြောဆိုတတ်ခြင်းကို ဖြစ်စေသည့် အဓိကအကြောင်းရင်းများတွင် တစ်ခုဖြစ်ပါသည်။ ချီးမွမ်းသံများကို ပြန်လည်ကြားယောင်ကာ မာန်တက်သွားတတ်ကြပါသည်။ လွန်ကဲစွာမချီးမွမ်းမိဖို့လိုအပ်သလို လွန်လွန်ကဲကဲအပြစ်မတင်မိအောင်လည်း ကြိုးစားလုပ်ဆောင်သင့်ပါသည်။

သားသမီးများအားစာဖတ်ပြကြပါ

မိခင်ဖခင်တို့၊ သားသမီးများကို စာဖတ်ပြဖို့အချိန်ယူကြပါ။ မိသားစုအားလုံးပါဝင်နိုင်သည့် စာဖတ်အစီအစဉ်ကလေးတစ်ခုကိုပြုလုပ်ကာ အတူတကွစာဖတ်လေ့လာကြပါ။ အထူးသဖြင့် ဝတ္ထုနှင့်အခြားတန်ဖိုးမရှိသောစာအုပ်များကိုဖတ်တတ်သောသားသမီးကို ဤမိသားစု စုပေါင်းစာဖတ်အစီအစဉ် အားဖြင့်အကျိုးရှိအောင်လုပ်ဆောင်ကြပါ။

မပြောနှင့်၊ သင်ကြားပါ

သားသမီးများကို အဝတ်အစားများဖြင့်ပံ့ပိုးကာ လောကစံနှုန်းနှင့်အညီ ကျောင်းထားပြီးလျှင် မိမိတို့၏တာဝန်ကျေပွန်ပြီဟု မိဘအများစုကအထင်ရှိနေပါသည်။ မိမိတို့၏ရင်သွေးများ၏အသက်တာတွင် လိုအပ်သည့်ပညာရေးများကို ပြင်ဆင်ရန်အချိန်မရသည့်အခြေအထိ အလုပ်များနေကြပါသည်။ ကယ်တင်ရှင်အား ဂုဏ်ပြုတတ်သည်အထိ အစွမ်းသတ္တိများအသုံးပြုတတ်အောင် သားသမီးများအားသင်ပေးဖို့လည်း သူတို့မကြိုးစားကြပါ။ "သူငယ်သွားရာလမ်း၌ ဆုံးမသွန်သင်လော့၊ သို့ပြုလျှင် သူသည်အိုသောအခါထိုလမ်း၌မလွဲလိုက်သွားလိမ့်မည်" ဟူ၍သာ ရှောလမုန်မင်းကသွန်သင်

ထားပြီး "သူငယ်သွားရာလမ်းဝ၌ပြောလော့၊ သို့ပြုလျှင် သူသည် အိုသော အခါ ထိုလမ်း၌မလွဲလိုက်သွားလိမ့်မည်" ဟု သွန်သင်မထားပါ။

စိတ်ချုပ်တည်းတတ်အောင်ပညာပေးကြပါ

ကလေးငယ်များနှင့်လူငယ်များကို ပညာပေးလေ့ကျင့်ပေးခြင်းတာဝန် ထက် ပညာသားပါပါ ဂရုတစိုက်လုပ်ဆောင်ရသည့်အလုပ် လူတို့တွင်မရှိချေ။ ငယ်ရွယ်သူများအပေါ် လွှမ်းမိုးသောဩဇာသက်ရောက်မှုများတွင် ၎င်းတို့၏ ပတ်ဝန်းကျင်သည် အားအကောင်းဆုံးဖြစ်ပါသည်။

ကလေးများကိုလေ့ကျင့်ပညာပေးရာတွင် ဆင်ခြင်တုံတရားမရှိသော တိရစ္ဆာန်များကို လေ့ကျင့်သည့်နည်းနှင့်ခြားနားဖို့ လိုအပ်ပါသည်။ တိရစ္ဆာန် အရိုင်းများမှာ သခင်ခိုင်းစေသလိုလုပ်ဆောင်ရန် သင်ပေးဖို့ဖြစ်သော်လည်း ကလေးများကိုမူ ကိုယ့်ကိုကိုယ်ထိန်းသိမ်းတတ်အောင် သင်ကြားပေးရမည် ဖြစ်ပါသည်။ ဩတ္တပ္ပစိတ်၏မိန့်ဆိုမှုကို အလိုဆန္ဒက နာခံမှုရှိလာအောင် လေ့ကျင့်ပေးရမည်ဖြစ်ပါသည်။ ဆန္ဒမပါဘဲ ဆရာကိုကြောက်သည့်စိတ်ဖြင့် ခိုင်းသမျှလုပ်ဆောင်ရန် ကလေးများကိုသင်ကြားပေးရန်မဟုတ်ပါချေ။ ထိုသင်တန်းမျိုးသည် ဉာဏ်အမြော်အမြင်ကင်းသော သင်တန်းမျိုးဖြစ်ရုံသာ မက ကြီးမားသောဆိုးကျိုးများနှင့် ရင်ဆိုင်ရစေနိုင်ပါသည်။ ထိုကဲ့သို့သော သင်တန်းမျိုးကိုရထားသည့် ကလေးများသည် စိတ်နှလုံးခိုင်မာမှုနှင့် ဆုံးဖြတ် ချက်ခိုင်မာမှုတွင် အားနည်းပါသည်။ စည်းမျဉ်းများနှင့်အညီလုပ်ဆောင်ရန် သွန်သင်မထားသည့်အပြင် ဆင်ခြင်တုံတရားအားကောင်းအောင်လည်း လေ့ကျင့် ထားခြင်းမရှိပါ။ ဖြစ်နိုင်လျှင် ကိုယ့်ကိုကိုယ်အားကိုးတတ်အောင် ကလေး များကိုသင်ကြားပေးပါ။ ရှိသမျှစွမ်းအားအမျိုးမျိုးကို လေ့ကျင့်အသုံးချစေခြင်း အားဖြင့် မည်သည့်အပိုင်းတွင်အားကောင်း၍ မည်သည့်နေရာတွင်အားနည်း သည်ကို သိရှိလာလိမ့်မည်ဖြစ်သည်။ ဆရာကောင်းများအနေဖြင့် ကလေးငယ် များ၏အားနည်းသည့်အပိုင်းကို ပြန်လည်အားကောင်းလာအောင် လေ့ကျင့် ပေးခြင်းအားဖြင့် ထိုကလေးသည် ဘက်စုံအားကောင်းသော လူသားတစ်ဦး ဖြစ်လာပါသည်။

## အသက်တာအတွက်ပြဋ္ဌာန်းစာအုပ်ဖြစ်သောသမ္မာကျမ်းစာ

သမ္မာကျမ်းစာသည် ကလေးငယ်များလေ့လာသင့်သည့် ပထမ စာအုပ်ဖြစ်သည်။ မိဘများသည် ထိုစာအုပ်ထဲမှအကြံပေးချက်များကို သားသမီးများအား ပြောပြရပါမည်။ နှုတ်ကပတ်တော်သည် ၎င်းတို့အသက်တာ၏ စည်းမျဉ်းဖြစ်ရပါမည်။ ဘုရားသခင်သည် သူ၏အဖခမည်းတော်ဖြစ်ကြောင်းကိုသိရန် ထိုစာအုပ်ကို ကလေးငယ်လေ့ကျက်ရမည်ဖြစ်သလို နှုတ်ကပတ်တော်ပါသင်ခန်းစာများအားဖြင့် ကိုယ်တော်ရှင်၏စာရိတ္တတော်ကို သူတို့သိရှိလာမည်ဖြစ်သည်။ နှုတ်ကပတ်တော်ပါစည်းမျဉ်းများကို စွဲမှတ်သွားအောင် သင်ကြားပေးခြင်းအားဖြင့် ကလေးငယ်များသည် ဆင်ခြင်တုံတရားနှင့်ဝေဖန်ပိုင်းခြားနိုင်စွမ်းများကို လေ့ကျက်နိုင်ကြမည်ဖြစ်သည်။

ကတိတော်များ၊ ကောင်းချီးမင်္ဂလာများနှင့်ဆုံးမစကားများအကြောင်း

မိခင်သည် နှုတ်ကပတ်တော်ပါကတိတော်များနှင့် ကောင်းချီးမင်္ဂလာများကိုလည်းကောင်း ဘုရားသခင်မကြိုက်သောအရာများကိုလည်းကောင်း အမြဲတမ်းနှလုံးသွင်းထားရပါမည်။ သို့မှသာ ကလေးငယ်ကအပြစ်လုပ်သောအချိန်တွင် နှုတ်ကပတ်တော်ကိုဖွင့်၍ ဘုရားသခင်နှင့်တကွ သန့်ရှင်းသောဝိညာဉ်တော်ဘုရား မနှစ်သက်သောအရာများကို ထောက်ပြနိုင်လိမ့်မည်ဖြစ်သည်။ နူးညံ့သိမ်မွေ့စွာဖြင့် သူတို့ကိုခရစ်တော်ထံသို့ ပို့ဆောင်ကြရမည်။ မိခင်တို့သည် ဤတာဝန်ကိုထမ်းဆောင်ရန် အဟန့်အတားဖြစ်စေမည့်အရာအားလုံးကို ဥပေက္ခာပြုထားကြရပါမည်။

အကျင့်စာရိတ္တဆောက်တည်ခြင်း

သမ္မာကျမ်းစာတွင် ဖွင့်ဆိုထားသည့်သင်ခန်းစာများကို အသက်တာတွင်လက်တွေ့အသုံးပြုမည်ဆိုလျှင် ကောင်းသောကိုယ်ကျင့်တရားနှင့် ဘာသာရေး

လွှမ်းမိုးမှုများသည် သင်၏စာရိတ္တအပေါ်သို့ ကျရောက်လာလိမ့်မည်။ တိမောသေသည် ထိုသင်ခန်းစာများကိုလေ့ကျက်ပြီး လက်တွေ့အသုံးချခဲ့သည်။ ရှင်ပေါလုသည် သမ္မာကျမ်းစာနှင့်စပ်ဆိုင်သည့်အကြောင်းအရာများကို တိမောသေအား မကြာခဏမေးမြန်းရာ တိမောသေက မကောင်းမှုများကို ရှောင်ရှားဖို့လိုအပ်ကြောင်းပြောကာ ကောင်းချီးမင်္ဂလာများသည် မြင့်မြတ်သော လူသားပီသစွာအသက်ရှင်နေထိုင်သည့် ယုံကြည်သူသစ္စာရှိသူများအတွက် ဖြစ်ကြောင်း ပြန်လည်ဖြေကြားလေ့ရှိပါသည်။

လူတစ်ယောက်သည် မတော်တဆလူကောင်းတစ်ယောက်ဖြစ်လာသည်မဟုတ်ပါ။ အသက်ငယ်ရွယ်စဉ်အခါကဆောက်တည်ခဲ့သော အကျင့်စာရိတ္တ၏ရလဒ်၊ ဘုရားသခင်၏ပညတ်တော်ကို အိမ်တွင်လက်တွေ့ကျင့်သုံးခဲ့သည့်ရလဒ်သာဖြစ်ပါသည်။ ဘုရားသခင်မိန့်တော်မူသည့်အတိုင်း သားသမီးများကို သစ္စာရှိစွာကြိုးစားသင်ကြားသောမိဘများကို ကိုယ်တော်ရှင်သည် ကောင်းချီးပေးတော်မူလိမ့်မည်။

ဘုရားသခင်၏မေတ္တာတော်တည်းဟူသောနှစ်လိုဖွယ်ဆောင်ပုဒ်

မိသားစုတိုင်းတွင် မွေးဖွားလာသည့်ကလေးများသည် သခင်ဘုရား၏အဆုံးအမနှင့် ပြုစုကျွေးမွေးမှုများအောက်တွင် ကြီးပြင်းလာကြရန်ဖြစ်သည်။ မကောင်းမှုကိုလုပ်ချင်သောဇများကို ထိန်းချုပ်ကြရမည်။ မကောင်းသောစိတ်ထားများကို ချိုးနှိမ်ကြရမည်။ ၎င်းတို့သည် ဘုရားသခင်၏ဥစ္စာပစ္စည်းများဖြစ်ကြောင်း ၎င်းတို့ကို အသွေးတော်မြတ်ဖြင့်ဝယ်ထားခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ၎င်းတို့သည် မိမိအလိုဆန္ဒအတိုင်း နေချင်သလိုနေ၊ လုပ်ချင်သလိုလုပ်၊ စားချင်တာကိုစားလို့မရကြောင်း၊ ၎င်းတို့သည် ဘုရားသခင်၏အိမ်တော်သား များဖြစ်ကြကြောင်း စသည့်အရာများကို သွန်သင်ထားရပါမည်။ ဘုရားသခင်၏မေတ္တာတော်သည် မိသားစုအလယ်တွင် နှစ်လိုဖွယ်ဆောင်ပုဒ်တစ်ခုဖြစ်လာသည်အထိ မိဘများက သူတို့ကိုသင်ကြားပေးကြပါ။

ရှက်တတ်သောသားသမီးများကိုလူတောတိုးလာအောင်လုပ်ဆောင် ကြပါ

လူတောမတိုးဘဲ ရှက်တတ်ကြောက်တတ်သောကလေးများ၏ကြောက်စိတ်ကို ဘုရားသခင်အတူရှိခြင်းတစ်ခုတည်းကသာ ဖယ်ရှားပစ်နိုင်ပါသည်။ ထို့ကြောင့် "ဘုရားသခင်ကိုကြောက်ရွံ့သောသူတို့ပတ်လည်၌ ကောင်းကင်တမန်တို့သည် တပ်ချ၍ကယ်လွှတ်တတ်ကြ၏" ဟူသော ဘုရား၏ကတိတော်ကို သူတို့၏စိတ်ထဲမှာအမြဲစွဲနေအောင်လုပ်ကြပါ။

ကျွန်ုပ်တို့အားလုံးသည် ဘုရားသခင့်အပေါ်တွင်သာ လုံးလုံးမှီခိုနေကြောင်း သားသမီးများကိုသွန်သင်ကာ ယုံကြည်ခြင်းပါရမီအားကောင်းလာအောင်ဆောက်တည်ပေးပါ။ ဒံယေလတို့အဖော် (၄) ဦးအကြောင်းကိုဖတ်ပြပါ။ နှုတ်ကပတ်တော်၏သွန်သင်ချက်များကို တိတိကျကျလိုက်နာသောကြောင့် ဒံယေလ၏အချိန်တွင် ပေါ်လွင်ထင်ရှားခဲ့သည့် ကောင်းသောလုပ်ရပ်များ၏အကျိုးသက်ရောက်မှုများကို နားလည်သဘောပေါက်လာအောင် သားသမီးများကိုသွန်သင်ကြပါ။

နှုတ်ကပတ်တော်တွင် ဖော်ပြထားသောအကြောင်းအရာများသည် ကျွန်ုပ်တို့ဖတ်ပြီးအံ့အားသင့်ရုံလောက်အတွက် ရေးသားထားခြင်းမဟုတ်ဘဲ ရှေးခေတ်က ဘုရားသခင်၏နောက်လိုက်များ၏အသက်တာတွင် ပြုပြင်ခဲ့သော ထိုယုံကြည်ခြင်းမျိုးကို ကျွန်ုပ်တို့၌လည်းရှိလာရန် ရေးသားထားခြင်းဖြစ်ပါသည်။ တန်ခိုးတော်ကိုထင်ရှားစေလိုသည့် ယုံကြည်သောလူသားများရှိနေသည့်နေရာတိုင်းတွင် ရှေးခေတ်နှင့်မခြား ဘုရားသခင်ပြင်ဆင်လမ်းပြတော်မူလျက်ရှိပါသည်။

သမ္မာကျမ်းစာကိုနားလည်လွယ်အောင်သင်ကြပါ

သားသမီးများအား သမ္မာကျမ်းစာပါသင်ခန်းစာများကို သင်ကြားသောအခါ နားလည်လာအောင် ရိုးစင်းစွာသင်ကြားကြပါ။ ဘုရားသခင်၏ပညတ်တော်များသည် အသက်တာတွင်လိုက်လျှောက်ရမည့်စည်းမျဉ်းများ

ဖြစ်ကြောင်း ၎င်းတို့ကိုသင်ပေးကြပါ။ သားသမီးများသည် မိဘနှင့်လည်းကောင်း၊ မိသားစုနှင့်လည်းကောင်း ခွဲခွာပြီးနေထိုင်ရသည့်အခြေအနေ များရှိလာနိုင်သော်လည်း ၎င်းတို့ငယ်ရွယ်စဉ်က ခံယူခဲ့ရသောသွန်သင်ချက် များသည် ၎င်းတို့၏အသက်တာတစ်လျှောက်လုံးတွင် ကောင်းချီးမင်္ဂလာများ ဖြစ်လာကြပါလိမ့်မည်။

## သဘာဝတရားရှိလက်ရာတော်များကိုလေ့ကျက်ခြင်း

သမ္မာကျမ်းစာပြီးလျှင် ဘုရားသခင်ဖန်ဆင်းထားသည့်အရာတည်းဟူသော သဘာဝသည် ကျွန်ုပ်တို့၏သင်ခန်းစာ စာအုပ်ကြီးဖြစ်ပါသည်။ စာအုပ်၊ စာပေများကို လေ့လာနိုင်စွမ်းမရှိသေးသည့်ကလေးငယ်များ ကျောင်းထားလို့မရသေးသည့်ကလေးငယ်များတို့သည် ကြည်နူးမှုများနှင့် သွန်သင်ချက်များကို သဘာဝမှမလွဲမသွေရကြပါမည်။ မကောင်းမှုများကြောင့် မာကျောခြင်းမရှိသေးသည့်နှလုံးသားပိုင်ရှင်ကလေးငယ်များသည် ဖန်ဆင်းထားသည့်အရာအားလုံးတွင် လွှမ်းခြုံနေသော ဘုရားသခင်၏တည်ရှိနေမှုကို အလျင်အမြန်မှတ်မိလက်ခံပါလိမ့်မည်။ ကမ္ဘာထဲမှာ ဆူဆူညံညံထွက်ပေါ်နေသော အော်ဟစ်သံများကြောင့် မထိခိုက်သေးသည့်နားကလေးများသည် သဘာဝရှိအရာခပ်သိမ်းမှတစ်ဆင့်ဖွင့်ဟနေသော ဘုရားသခင်၏အသံတော်ကို အာရုံစိုက်လာကြပါလိမ့်မည်။ ဝိညာဉ်ရေးနှင့်ထာဝရကာလဆိုင်ရာကိစ္စရပ်များကို အမြဲတစေလိုအပ်နေသည့် အသက်အရွယ်ကြီးလာသူများအတွက်လည်း အသံတိတ်သတိပေးနေသော ထိုသဘာဝတရားသည် ကြည်နူးစရာဖြစ်သလို အရေးပါသော သွန်သင်ချက်များလည်းဖြစ်ပါသည်။

ဒေင်ဥယျာဉ်ထဲမှာပြဋ္ဌာန်းခဲ့သည့်စာအုပ်တစ်အုပ်

ဘုရားသခင်၏လက်ရာတော်များကို အနက်ဖွင့်ပေးရန်ရည်ရွယ်ချက်ဖြင့် ပင်ကိုအနေအထားအတိုင်းရှိနေသော ဤကမ္ဘာကြီးကို စီမံထားခြင်း

ဖြစ်သည်။ ဒေင်ဉယျာဉ်ထဲတွင် နေထိုင်ကြသည့်အာဒံနှင့် ဧဝတို့အတွက် သဘာဝကြီးသည် ဘုရားသခင်ကိုလည်းကောင်း၊ ဘုရားသခင်၏သွန်သင်ချက်များကိုလည်းကောင်း သိသာစေသည့်အရာများနှင့် ပြည့်နှက်နေပါသည်။ သူတို့သည် လက်ရာတော်များအားဖြင့် ဘုရားသခင်နှင့်မိတ်သဟာယဖွဲ့ခွင့်ရကြသည့်ပြင် နားအားဖြင့် အသံတော်ကိုကြားကြရရုံသာမက မျက်စိအားဖြင့်လည်း အံ့ဖွယ်အရာများကို မြင်ကြရပါသည်။ ထို့ကြောင့် ဘုရားသခင်၏တန်ခိုးတော်သည် ၎င်းတို့၏စိတ်တွင် စွဲရစ်လျက်ရှိပါသည်။

၎င်းတို့၏ရှေ့မှောက်တွင်တည်ရှိနေသော သက်ရှင်သင်ခန်းစာတည်းဟူသော သဘာဝစာအုပ်ကြီးသည် မမောတမ်းမပန်းတမ်း ကြည်ကြည်နူးနူးဖြင့်လေ့လာရမည့် သွန်သင်ချက်၏ပင်မဇဟိုတစ်ခုဖြစ်ပါသည်။ သစ်တောကြီးထဲရှိ သစ်ရွက်တိုင်းသည်လည်းကောင်း၊ တောင်များပေါ်မှကျောက်တုံးများသည်လည်းကောင်း၊ ကောင်းကင်မြေကြီး ပင်လယ်နှင့်တကွ ကြယ်ကလေးတိုင်းတွင်လည်းကောင်း ဘုရားသခင်၏နာမတော်သည် ကမ္ပည်းထိုးထားလျက်ရှိပါသည်။ ဒေင်ဉယျာဉ်၌နေထိုင်သူများသည် သစ်ပင်ပန်းမာလာနှင့်တကွ ရေထဲမှဧရာမဝေလငါးကြီးများမှအစ နေရောင်ခြည်ထဲမှမြူမှုန်ကလေးအဆုံး သက်ရှိသက်မဲ့အရာအားလုံးနှင့် စကားစမြည်ပြောကာ ထိုအရာများ၏လျှို့ဝှက်ဆန်းကျယ်မှုများကို စုဆောင်းမှတ်တမ်းတင်ကြပါသည်။ ကောင်းကင်ထက်တွင် မြင်တွေ့နေရသော ဘုရားသခင်၏တန်ခိုးတော်များသည်လည်းကောင်း၊ စကြဝဠာတွင် စီစဉ်တကျလှည့်ပတ်လှုပ်ရှားနေသော မရေမတွက်နိုင်အောင်များသည့် ကမ္ဘာများသည်လည်းကောင်း၊ မပေါ့မလေးမှန်မှန်မိုးနေသည့် မိုးတိမ်များသည်လည်းကောင်း (ယောဘ ၃၇း၁၆)၊ အလင်းနှင့်အသံတို့၏ထူးဆန်းအံ့သြဖွယ်ရာများသည်လည်းကောင်း၊ နေ့နှင့်ညခွဲခြားတည်ရှိမှုတို့၏အံ့သြစရာများသည်လည်းကောင်း ကမ္ဘာ့ပထမဦးဆုံးကျောင်းတွင် တက်ရောက်နေသူနှစ်ယောက်အတွက် လေ့လာစရာသရုပ်ပြသင်ခန်းစာများ ဖြစ်ခဲ့ပါသည်။

အပြစ်တွင်ကျဆုံးပြီးနောက်ထပ်၍တိုးလာသောသင်ခန်းစာများ

ဤကမ္ဘာကြီးသည် ကျိန်ခြင်းအမင်္ဂလာများဖြင့် ညစ်ညမ်းသွားခဲ့ပြားသော်လည်း ဖန်ဆင်းထားသည့်အရာများသည် လူသားများအတွက် လေ့လာစရာသင်ခန်းစာများ ဖြစ်ဆဲဖြစ်နေပါသည်။ ကောင်းသည့်အရာများ ချည့်ကမ္ဘာကြီးထဲတွင်ရှိနေခြင်းမဟုတ်တော့ဘဲ ကုန်းမြေ၊ ရေပြင်နှင့်လေထုများတွင် မကောင်းသောညစ်ညမ်းမှုများလည်း တည်ရှိနေချေပေပြီ။ ဘုရားသခင်၏ စာရိတ္တတော်ကို တစ်ချိန်ကကိုယ်စားပြုခဲ့သည့် ကောင်းသောအရာများကိုသာ တွေ့မြင်စေနိုင်ခဲ့သည့် ဤကမ္ဘာကြီးသည် မကောင်းမှုများကိုသာသိသည့် စာတန်၏စာရိတ္တကိုလည်း ယခုတွင် ပူးတွဲကိုယ်စားပြုနေပါသည်။ ကောင်းသည့်အရာများ၊ မကောင်းသည့်အရာများနှင့်တကွ အပြစ်၏အဖိုးအခနှင့် စပ်ဆိုင်သည့် သတိပေးချက်များကို ယခုဖော်ပြနေသည့်သဘာဝမှ လူသားများမနားမနေရယူကြရန်ဖြစ်ပါသည်။

သမ္မာကျမ်းစာသင်ခန်းစာများတွင်ဖော်ပြသောသဘာဝမှသာဓကများ

ကျမ်းစာရေးသားသူများသည် သဘာဝထဲမှသာဓကများကို အသုံးပြုထားပါသည်။ ပင်ကိုအတိုင်းတည်ရှိနေသော ဤကမ္ဘာကြီးကို သန့်ရှင်းသောဝိညာဉ်တော်၏ဦးဆောင်မှုအောက်တွင် ကျွန်ုပ်တို့လေ့လာကြမည်ဆိုလျှင် ဘုရားသခင်၏နှုတ်ကပတ်တော်တွင် ဖော်ပြထားသည့်သင်ခန်းစာများကို ပြည့်စုံအောင်နားလည်လာကြပါလိမ့်မည်။

သားသမီးများ၏လက်ထဲတွင် ထည့်တော်မူထားသည့် နှုတ်ကပတ်တော်ဘဏ္ဍာတိုက်ကိုဖွင့်သည့် တံခါးသော့သည် ပင်ကိုသဘာဝကမ္ဘာကြီးထဲတွင် ရှိနေပါသည်။ မျက်မြင်မရနိုင်သည့်အရာများကို မျက်မြင်ရနိုင်သည့်အရာများဖြင့် ပုံဆောင်ဖော်ပြထားပါသည်။ ဘုရားသခင်၏အနန္တဉာဏ်တော်၊ အနန္တကျေးဇူးတော်နှင့် မပြောင်းလဲသောအမှန်တရားများကို ဘုရားသခင်ဖန်ဆင်းတော်မူထားသည့်အရာများအားဖြင့် လူသားများနားလည်သဘောပေါက်နိုင်ပါသည်။

သမ္မာကျမ်းစာ၏သွန်သင်ချက်များကို ပုံဆောင်ထားသည့်သဘာဝထဲမှ သရုပ်ပြအရာများကိုရှာဖွေကာ သမ္မာကျမ်းစာကိုလေ့လာရန် သားသမီးများကို အားပေးတိုက်တွန်းကြပါ။ သဘာဝထဲမှယူပြီး တင်ဆက်ထားသည့် အရာများကို လည်း သမ္မာကျမ်းစာတွင် ရှာဖွေလေ့လာဖို့တိုက်တွန်းကြပါ။ သဘာဝနှင့်သမ္မာ ကျမ်းစာနှစ်ခုစလုံးတွင် ခရစ်တော်ကိုပုံဆောင်ဖော်ပြထားသည့် အရာအားလုံး ကိုလည်းကောင်း၊ ခရစ်တော်ကိုယ်တော်တိုင် သာဓကပြအသုံးပြု ထားသည့်အ ရာများကိုလည်းကောင်း သားသမီးများရှာဖွေလေ့လာသင့်ပါသည်။ သူတို့သည် ထိုနည်းအားဖြင့် သစ်ပင်နွယ်ပင်၊ နှင်းဆီပန်းနှင့်ခတ္တာပန်းများ တွင်လည်း ကောင်း၊ နေနှင့်ကြယ်များတွင်လည်းကောင်း ခရစ်တော်ကိုမြင်တွေ့ရန် လေ့လာ နိုင်ကြပါမည်။ ငှက်ကလေးများ၏သီချင်းသံ၊ သစ်ရွက်ခတ်သံ၊ မိုးချုန်းသံနှင့် ပင်လယ်လှိုင်းသံများမှတစ်ဆင့် ကိုယ်တော်ရှင်၏အသံတော် ကိုကြားရန် သူတို့လေ့ကျက်နိုင်ကြပါမည်။ သဘာဝတွင်တည်ရှိနေသော အရာခပ်သိမ်းတို့ သည် ခရစ်တော်၏အဖိုးထိုက်တန်သော သင်ခန်းစာများကို သူတို့အားထပ်ခါ တလဲဖွင့်ဟပါလိမ့်မည်။

ဤကဲ့သို့နည်းအားဖြင့် ဤကမ္ဘာကြီးသည် ခရစ်တော်နှင့်ရင်းနှီးနေ သူများတို့အတွက် အထီးကျန်အဖော်မဲ့ဘဝကို ပို့ဆောင်သောနေရာတစ်ခုဖြစ် တော့မည်မဟုတ်ဘဲ ကိုယ်တော်ရှင်ကိုယ်တော်တိုင် သူတို့နှင့်အတူရှိနေသော အဖဘုရားသခင်၏အိမ်တော်ဖြစ်လာပါလိမ့်မည်။

## သဘာဝရှိကွဲလွဲချက်များကိုသမ္မာကျမ်းစာကအနက်ဖွင့်ပေးခြင်း

သဘာဝရှိအရာများနှင့်ထိတွေ့လာသည့် ကလေးငယ်တစ်ယောက် သည် စိတ်ပျက်စရာ၏အကြောင်းတရားကို သိမြင်လာလိမ့်မည်။ ဆန့်ကျင်ဘက် အင်အားစုများ၏လှုပ်ရှားမှုများကို သူသတိထားမိလာနိုင်ပါသည်။ ဤနေရာ တွင် အနက်ဖွင့်ပေးမည့်သူများ လိုအပ်လာပါသည်။ ဤကမ္ဘာကြီးတွင် ထင်ရှား လျက်ရှိသော မကောင်းမှုဒုစရိုက်များကိုရှုကြည့်ကာ 'ဤအမှုကား၊ ရန်သူပြုသော အမှုတည်း'ဟု ရှင်မဿဲခရစ်ဝင် ၁၃း၂၈ တွင် ဖော်ပြထားသည့် ဝမ်းနည်းဖွယ် ရာသင်ခန်းစာကို လူသားအားလုံးလေ့ကျက်ကြရပါမည်။

သဘာဝ၏သွန်သင်ချက်များကို ကရာနီကုန်းမှထွန်းလင်းသည့် အလင်းအားဖြင့်သာ မှန်ကန်အောင်ဖတ်နိုင်ကြမည်ဖြစ်ပါသည်။ မကောင်းမှုကို အောင်နိုင်ခြင်းအမှုသည် ကောင်းမြတ်ကြောင်းကိုလည်းကောင်း ကျွန်ုပ်တို့ အပေါ်သို့ကျရောက်နေသောကောင်းချီးမင်္ဂလာအဖြာဖြာသည် ရွေးနုတ်ခြင်း၏ ဆုကျေးဇူးတစ်ခုဖြစ်ကြောင်းကိုလည်းကောင်း ဗက်လင်မြို့၌မွေးဖွားခြင်းနှင့် ကပ်တိုင်ထက်၌ အသေခံခြင်းအဖြစ်အပျက်များအားဖြင့် အခြားသူများသိလာ အောင် ဖွင့်ဟပေးကြပါ။

ဆူးပင်ခြုံပင်များနှင့် ပေါင်းပင်အမျိုးမျိုးတို့သည် အနာရောဂါနှင့် အနာတရများကို ပံ့ဆောင်ပါသည်။ ငှက်ကလေးများ၏သီချင်းသံများတွင် လည်းကောင်း ပွင့်လန်းနေသောပန်းကလေးများတွင်လည်းကောင်း မိုးရေနှင့် နေရောင်ခြည်တွင်လည်းကောင်း နွေကာလအခါတိုက်ခတ်သည့် လေပြည် လေညင်းနှင့် ဆောင်းကာလ၏နှင်းမှုန်များတွင်လည်းကောင်း၊ သစ်တောထဲ တွင်ပေါက်သည့် ဝက်သစ်ချပင်ကြီးမှသည် ၎င်း၏အမြစ်ရင်းတွင်ပွင့်လန်း နေသော နီလာပန်းပင်ကလေးတွင်လည်းကောင်း ပြန်လည်ဖော်ညွှန်းထားသော မေတ္တာတော်ကို မြင်တွေ့နေရပါသည်။

## သဘာဝကိုချစ်တတ်သောစိတ်ကိုပျိုးထောင်ကြပါ

သဘာဝတွင်ရှိနေသောအလှအပများကို မိမိကိုယ်တိုင်ချစ်တတ်လာ အောင် လုပ်ဆောင်ရုံသာမက သားသမီးများကိုလည်း ချစ်တတ်လာအောင် ပျိုးထောင်ပေးကြပါ။ ကောင်းကင်ယံတစ်ခွင်လုံးတွင်ရှိနေသော အံ့ဖွယ်အရာ များကို ပြညွှန်ကြပါ။ ကမ္ဘာမြေကိုအလှဆင်ထားသည့်အရာများကို သားသမီး များမြင်လာအောင်ပြကြပါ။ ဖန်ဆင်းရှင်ဖြစ်သည့် ကိုယ်တော်ရှင်အကြောင်းကို ပြောပြကြပါ။ ဤနည်းအားဖြင့် ဖန်ဆင်းရှင်အပေါ် ကလေးငယ်များစိတ်ဝင်စား လာကြလိမ့်မည်။ ကောင်းချီးမင်္ဂလာများကို ချပေးတော်မူသောဘုရားသခင်ကို ရိုသေလေးစားချစ်ကြောက်လာကြပါလိမ့်မည်။ သဘာဝ၏အခစားဝင်ခန်းမ ဖြစ်သော လယ်ကွင်းများနှင့်တောင်ကုန်းများသည် ကလေးငယ်များအတွက်

ကျောင်းစာသင်ခန်းဖြစ်သင့်ပါသည်။ သဘာဝ၏အဖိုးတန်ပစ္စည်းများသည် ၎င်းတို့၏ပြဋ္ဌာန်းစာအုပ်ဖြစ်ပါသည်။ ဤသို့သောနည်းဖြင့် ၎င်းတို့၏စိတ်နှလုံး အပေါ်သို့ထင်ဟပ်စေသည့် သင်ခန်းစာများကို ၎င်းတို့လွယ်လွယ်နှင့်မေ့ပျောက် နိုင်ကြလိမ့်မည်မဟုတ်ချေ။

၎င်းတို့၏ပတ်ဝန်းကျင်၌ရှိသော သဘာဝ၏အလှအပများကို ချစ်တတ်လာအောင်အားပေးခြင်းအားဖြင့်လည်းကောင်း၊ ၎င်းတို့ခံစားနေရသော ကောင်းချီးမင်္ဂလာအဖြာဖြာကို ပေးကမ်းတော်မူလျက်ရှိသော ဘုရားသခင်၏ လက်တော်ကို အသိအမှတ်ပြုရန် အားပေးခြင်းအားဖြင့်လည်းကောင်း မိဘ များသည် သားသမီးများကို ဘုရားရှင်နှင့်ရင်းနှီးအောင် များစွာလုပ်ဆောင် နိုင်ခွင့်ရှိကြပါသည်။ အချိန်တန်လျှင် အပင်ပေါက်ကာ များစွာသောအသီး အပွင့်များကို သီးပွင့်စေမည့် သမ္မာတရားမျိုးစေ့ကိုကြဲရန် စိတ်နှလုံးများကို ငယ်ရွယ်စဉ်အချိန်မှစ၍ ဤကဲ့သို့ပြင်ဆင်ပေးနိုင်ကြပါသည်။

ငှက်ကလေးများနှင့်အတူသီချင်းဆိုကြပါ

ရင်ခွင်ပိုက်ကလေးငယ်များကို အထူးသဖြင့်သဘာဝတွင်တည်ရှိနေ သောအရာများနှင့် နီးကပ်စွာထားသင့်ပါသည်။ ဖက်ရှင်လက်ထိပ်များဖြင့် ချုပ်နှောင်မထားသင့်ပါ။ လန်းဆန်းသာယာသောနေရောင်ခြည်အောက်တွင် သိုးကလေးများအလား ဆော့ကစားနိုင်ရန် လွတ်လွတ်လပ်လပ်ထားသင့်ပါ သည်။ ခြုံနွယ်များနှင့်ပန်းမာလာများကိုလည်းကောင်း၊ မြက်ခင်းပြင်များနှင့် သစ်ပင်ကြီးများကိုလည်းကောင်း သူတို့အားပြသကာ ပုံစံအမျိုးမျိုး၊ အလှအပ အမျိုးမျိုးနှင့်ပြည့်စုံသောလက်ရာတော်များနှင့် ရင်းနှီးအောင်လုပ်ကြပါ။ ဖန်ဆင်း ထားသောလက်ရာတော်များတွင် ထင်ရှားသည့်မဟာမေတ္တာတော်နှင့်အနန္တ ဉာဏ်တော်များကို သူတို့မြင်တွေ့လာအောင်လုပ်ကြပါ။ မြင်တွေ့ရသော အံ့ဖွယ်အရာများကြောင့် စိတ်နှလုံးကြည်နူးလာသော သင်၏သားငယ်သမီးငယ် များအား ဂုဏ်တော်ကိုချီးမွမ်းနေသည့် ငှက်ကလေးများနှင့်အတူ သီချင်းဆို စေပါ။

ဘုရားသခင်၏အံ့ဖွယ်လက်ရာတော်များကို သတိထားမိကာ စာရိတ္တ တည်ဆောက်ရာတွင် သဘာဝရှိနှစ်လိုဖွယ်ရာများကို အတုခိုးတတ်လာအောင် သားသမီးများကိုပညာပေးကြပါ။ ၎င်းတို့၏နှလုံးသားကို မဟာမေတ္တာတော် လွှမ်းမိုးနေချိန်တွင် သန့်ရှင်းခြင်း၏အလှအပများကို အသက်တာတွင် တည် ဆောက်စေကြပါ။ သို့မှသာ ဘုရားသခင်ကိုချစ်ကြောက်ရိုသေကာ လူသားအ ချင်းချင်း ရိုင်းပင်းထောက်မရန် မိမိတို့၏အစွမ်းအစများကို သူတို့အသုံးချလာ နိုင်ကြမည်ဖြစ်ပါသည်။

သဘာဝတရားများက သဘာဝကိုဖန်ဆင်းသည့်အရှင်အားပြညွှန်ခြင်း

ဒုစရိုက်များကိုတွန်းလှန်နိုင်သည့် ရဲစွမ်းသတ္တိများကို ပျိုးထောင်ပေး မည့်သင်ခန်းစာများကို သားငယ်သမီးငယ်များအား သင်ကြားပေးကြရမည်။ ဖန်ဆင်းထားသည့်သဘာဝအားဖြင့် ဖန်ဆင်းရှင်ဘုရားကို ပြညွှန်ပေးကြမည် ဆိုလျှင် သူတို့သည် ဘုရားသခင်နှင့်ရင်းနှီးလာကြလိမ့်မည်။ ဘုရားသခင်ကို ရိုသေဂုဏ်ပြုတတ်ရုံသာမက ဘုရားသခင်၏အမှုတော်ကို ဆောင်ရွက်တတ် လာအောင် သားသမီးများကို မည်သို့သွန်သင်ကြမည်နည်း။ ဤမေးခွန်းသည် မိဘများ၏စိတ်နှလုံးကို လွှမ်းမိုးနေသင့်သောမေးခွန်းတစ်ခုဖြစ်ပါသည်။ ဘုရားသခင်၏ဘုန်းအာနုဘော်သည် ဖန်ဆင်းထားသည့်လက်ရာတော်များတွင် ထင်ရှားလျက်ရှိပါသည်။ ထူးဆန်းအံ့သြဖွယ် ဤအရာများကို လေ့လာဆည်းပူး ခြင်းအားဖြင့် စိတ်သဘောထားများသည် ခွန်အားနှင့်ပြည့်စုံလာပါလိမ့်မည်။ စိတ်ကူးယဉ်ဝတ္ထုများကိုဖတ်ခြင်းကြောင့် ပျက်စီးယိုယွင်းနေသောစိတ်သဘော ထားများသည် ကျွန်ုပ်တို့၏ပတ်ဝန်းကျင်ရှိ သဘာဝတွင်တွေ့မြင်နေရသော ဘုရားသခင်၏လက်ရာတော်များ၌ အမှန်တရားများကို ဖတ်ရှုနိုင်ကြပါမည်။

သစ်တောများရှိသစ်ပင်များမှ ရိုးစင်းသောသစ်ရွက်ကလေးများတွင် လည်းကောင်း၊ ကမ္ဘာကြီးကိုအစိမ်းရောင်ဖြင့်လွှမ်းခြုံထားသည့် မြက်ရွက်ချွန်ချွန် ကလေးများတွင်လည်းကောင်း၊ သစ်ပင်ပန်းမာလာကလေးများတွင်လည်းကောင်း

အထင်ကရသစ်ပင်ကြီးများ၊ မြင့်မားသောတောင်တန်းကြီးများ၊ မာကျောသည့် ကျောက်တောင်ကြီးများ၊ အတိုင်းမရှိကျယ်ဝန်းလှသည့် ပင်လယ်ရေပြင်ကြီး များ၊ မှောင်မိုက်သောညကိုအလှဆင်ပေးသည့် ကောင်းကင်ထက်မှဖြာကျနေသော နှစ်လိုဖွယ်အလင်းတန်းများ အလျှံပယ်ကြွယ်ဝမှုနှင့်ပြည့်စုံသော နေရောင်ခြည်နှင့် တကွ ငွေရောင်လမင်းကြီး၏အလှ၊ ဆောင်းရာသီ၏အအေးဓာတ်၊ နွေရာသီ၏ နွေးထွေးမှု၊ အနန္တတန်ခိုးရှင်၏ထိန်းချုပ်မှုအောက်တွင် ဟန်ချက်ညီညီပြောင်းလဲ နေသော ဥတုရာသီများတို့တွင် လေ့လာမှု၏အဓိကအာဘော်ကို ကျွန်ုပ်တို့အား လုံး တွေ့မြင်နိုင်ကြပါသည်။ ထိုအရာများသည် လေးနက်စွာစဉ်းစားသုံးသပ်ရ မည့် အရာများလည်းဖြစ်ပါသည်။

စစ်မှန်သည့်အမှန်တရားများအပေါ် ကရော်ကမည်အပျော်သဘောမျိုး ဖြင့် လေ့လာမည်ဆိုလျှင် သဘာဝ၏အရှင်ဘုရားသခင်ကို ရှိသေချစ်ခင်သည့် စိတ်ထားမျိုးကို ပြည့်ဝစွာရယူနိုင်ကြလိမ့်မည်မဟုတ်ပါ။ လက်ရာတော်များ တွင်ဖော်ပြထားသည့် ဘုရားသခင်၏စာရိတ္တတော်ကို လေးလေးနက်နက် လေ့လာသုံးသပ်ခြင်းအားဖြင့် နိမ့်ကျယုတ်ညံ့သောအပျော်အပါးများကို စွဲလမ်း သောစိတ်များအား ချိုးနှိမ်လာနိုင်ပါလိမ့်မည်။ ကျွန်ုပ်တို့သည် ဤကမ္ဘာကြီး တွင်နေထိုင်အသက်ရှင်စဉ်မှာ ဘုရားသခင်၏လက်ရာတော်နှင့် အလိုတော် များကို စတင်လေ့လာနိုင်ကြပြီး ထိုအရာကို ထာဝရကာလတိုင်အောင် ဆက်လက်လုပ်ဆောင်ကြရပါမည်။ လူသားများ၏စိတ်စွမ်းအင်အသီးသီးကို သွက်လက်လှုပ်ရှားလာစေမည့် ဆင်ခြင်သုံးသပ်စရာအကြောင်းအရာများကို လူသားများအတွက် ဘုရားသခင်စီမံထားတော်မူခဲ့သည်။ အထက်မိုးကောင်းကင် တွင်လည်းကောင်း၊ အောက်အရပ်မြေကြီးပေါ်တွင်လည်းကောင်း ထင်ရှား လျက်ရှိသော ဘုရား၏စာရိတ္တတော်ကို ကျွန်ုပ်တို့ဖတ်ရှုလျက် စိတ်နှလုံးကို ကျေးဇူးတင်ဝမ်းမြောက်မှုများနှင့် ဖြည့်ဆည်းပေးနိုင်ကြပါသည်။ ထိုအချိန်တွင် ကျွန်ုပ်တို့၏အာရုံခံစားမှုအသီးသီးသည် လက်ရာတော်များတွင် တွေ့ရ သောဖော်ပြချက်များကို တုံ့ပြန်ကြပါလိမ့်မည်။

သဘာဝနှင့်သမ္မာကျမ်းစာသည်ပြဋ္ဌာန်းစာအုပ်များဖြစ်ကြခြင်း

ဆန္ဒနှင့်ပြည့်ဝသောလက်၊ မြင်တတ်သောမျက်လုံး၊ နားလည်တတ်သောစိတ်နှလုံးများဖြင့် လေ့လာနေသူများတို့အတွက် ဘုရားသခင်ပြဋ္ဌာန်း သည့်သင်ခန်းစာစာအုပ်များတည်းဟူသော ဘုရားသခင်သတ်မှတ်ထားသည့် ပင်ရင်းနေရာများမှလည်းကောင်း၊ လူသားအကျိုးပြုအလုပ်များမှလည်းကောင်း၊ နှုတ်ကပတ်တော်မှလည်းကောင်း၊ သဘာဝတရားမှလည်းကောင်း၊ ဘဝအတွေ့အကြုံများမှလည်းကောင်း ယေရှုခရစ်ပညာရရှိတော်မူခဲ့ပါသည်။

ယေရှုခရစ်သည် လောကအသက်တာတွင် သမ္မာကျမ်းစာကိုမည်မျှအချိန်ပေး၍လေ့လာခဲ့ကြောင်း နှုတ်ကပတ်တော်ကို တိတိပပ၊ ကျွမ်းကျွမ်းကျင်ကျင် သွန်သင်ပေးခဲ့သည့် ကိုယ်တော်၏အသက်တာက ဖော်ပြနေပါသည်။ ဖန်ဆင်းခြင်းလက်ရာတော်တည်းဟူသော မဟာစာကြည့်တိုက်ကြီးမှာ ကိုယ်တော်၏ရှေ့မှောက်တွင် ဖွင့်ကျက်လျက်ရှိပါသည်။ အရာခပ်သိမ်းကို ဖန်ဆင်းတော်မူသောအရှင်သည် ကောင်းကင်မြေကြီးနှင့်သမုဒ္ဒရာများတွင် ကိုယ်တော်တိုင်ဖန်ဆင်းတော်မူခဲ့သည့်အရာများကို လေ့လာတော်မူခဲ့ပါသည်။ လောက၏ညစ်ညမ်းမှုများနှင့်ကင်းစင်သည့် သဘာဝရှိသိပ္ပံပညာဆိုင်ရာအသိပညာများကို ကိုယ်တော်ရှင်သိမှီးတော်မူခဲ့ပါသည်။ သစ်ပင်များ၊ တိရစ္ဆာန်များနှင့် လူသားများ၏ဘဝအသက်တာများကိုလည်း လေ့လာတော်မူခဲ့ပါသည်။

ငယ်ရွယ်စဉ်အချိန်မှစ၍ ကိုယ်တော်ရှင်၌ရှိတော်မူသော တစ်ခုတည်းသောရည်မှန်းချက်မှာ သူတစ်ပါးကိုအကျိုးပြုရန်ပင်ဖြစ်ပါသည်။ ထိုအရာကို အကောင်အထည်ဖော်နိုင်ရန်အတွက် လိုအပ်သောအရာကို သဘာဝတရားမှပင် ရရှိတော်မူခဲ့သည်။ သစ်ပင်ကလေးများ၊ တိရစ္ဆာန်ကလေးများကိုလေ့လာရင်း သူတစ်ပါးကိုအကျိုးပြုသည့်လုပ်ဆောင်နည်းများကို ကိုယ်တော်ရှင်တွေ့မြင်တော်မူခဲ့ပါသည်။ အရာအားလုံးတည်ရှိရခြင်း၏အကြောင်းရင်းကိုလေ့လာစဉ် ဘုရားသခင်၏နှုတ်တော်ထွက်စကားများနှင့် လက်ရာတော်များ၏အရေးပါပုံကို ကိုယ်တော်ရှင်သိရှိလာပါသည်။ ကောင်းကင်ဆိုင်ရာ တည်ရှိဖြစ်ပျက်မှုများသည် ကိုယ်တော်၏အဖော်များဖြစ်လာပြီး သန့်ရှင်းသောစိတ်ထားနှင့်

မိတ်သဟာယဖွဲ့ခြင်းများအပေါ် အမြဲတမ်းထားမှုများသည် ကိုယ်တော်၏ အငန်းအတာဖြစ်လာပါသည်။ ကိုယ်တော်၏ဝိညာဉ်ရေးကျေးဇူးတော်နှင့် သမ္မာတရားအသိများသည် အသိဉာဏ်ရောင်ခြည်ဦးကလေးကိုရသည့်အချိန် မှစ၍ မနားမနေတိုးပွားလာခဲ့ပါသည်။

သားငယ်သမီးငယ်တိုင်းလည်း ခရစ်တော်ကဲ့သို့ဖြစ်နိုင်သည့်အခြေအနေတွင်ရှိကြသည်။ ကျွန်ုပ်တို့သည် နှုတ်ကပတ်တော်အားဖြင့် ဘုရားသခင်နှင့်ရင်းနှီးအောင်ကြိုးစားစဉ် ကောင်းကင်တမန်များ၏မစမှုကြောင့် ကျွန်ုပ်တို့၏စိတ်တန်ခိုးများအားကောင်းလာကာ ကျွန်ုပ်တို့၏စာရိတ္တများသည် မြင့်မြတ်သန့်စင်လာကြလိမ့်မည်။

ဖန်ဆင်းထားသည့်လက်ရာတော်များက ဖွင့်ဆိုနေသောအသံကိုနားထောင်စေနိုင်ရန်အလို့ငှာ ခရစ်တော်သည် မိမိ၏သာဝကနောက်လိုက်များကို သဘာဝနှင့်ထိတွေ့စေတော်မူခဲ့သည်။ ၎င်းတို့၏စိတ်နှလုံးများသည်နူးညံ့လာပြီး ခံယူနိုင်သည့်စိတ်သဘောထားများ ရှိလာကြသောအချိန်တွင် ၎င်းတို့မြင်တွေ့နေရသောအရာများကပို့ချနေသည့် ဝိညာဉ်ရေးသင်ခန်းစာများကိုအနက်ဖွင့်လာတတ်အောင် ကိုယ်တော်ရှင်သည် ၎င်းတို့ကိုမစတော်မူခဲ့ပါသည်။ သမ္မာတရားကိုသင်ကြားရာတွင် ကိုယ်တော်ရှင်အမြဲတမ်းအသုံးပြုခဲ့သောနည်းစနစ်တစ်ခုဖြစ်သည့် ပုံပမာများသည် သဘာဝအပေါ်လွှမ်းခြုံထားသည့်ကိုယ်တော်ရှင်၏စိတ်တော်ကို ပွင့်လင်းစွာဖော်ပြနေရုံသာမက ဝိညာဉ် ရေးဆိုင်ရာသွန်သင်ချက်များကို နေ့စဉ်အသက်တာများမှ စုစည်းတင်ဆက်ခြင်းကို ကိုယ်တော်ရှင်အလွန်နှစ်သက်တော်မူသည်ကိုလည်း ဖွင့်ပြနေပါသည်။

### သဘာဝမှပေးသည့်လက်တွေ့သင်ခန်းစာများ

မည်သည့်နေရာကို ကျွန်ုပ်တို့သွားသည်ဖြစ်စေ၊ ကိုယ်တော်ရှင်၏အသံတော်ကို ကြားနေရသည့်အပြင် ကိုယ်တော်ရှင်၏ဖန်ဆင်းခြင်းလက်ရာတော်များကိုလည်း မြင်တွေ့နေရပါသည်။ အလွန်ကျယ်လောင်သည့် မိုးချုန်းသံနှင့်သမုဒ္ဒရာလှိုင်းသံများမှသည် သဘာဝသစ်တောများရှိ နှစ်လိုဖွယ်သီချင်းသံ

များအထိ သဘာဝမှထောင်ပေါင်းများစွာသောအသံများသည် ကိုယ်တော်ရှင်၏ ဂုဏ်တော်ကို ချီးမွမ်းနေကြပါသည်။ မိုးကောင်းကင်၊ မြေကြီးနှင့်ပင်လယ်ပြင် များတွင် ထင်ရှားလျက်ရှိသော ခြားနားသော်လည်း လိုက်ဖက်ညီသည့်အရောင် အသွေးအလှအပများတွင်လည်း ကိုယ်တော်ရှင်၏ဘုန်းတော်ကို ကျွန်ုပ်တို့ မြင်တွေ့ကြရပါသည်။ မပြောင်းမလဲတည်ရှိနေသော တောင်ကုန်းများကလည်း ကိုယ်တော်ရှင်၏တန်ခိုးတော်ကို ဖော်ကျူးနေကြပါသည်။ နေရောင်အောက် တွင် အစိမ်းရောင်အလံများကို ယိမ်းထိုးနေသည့်သစ်ပင်များနှင့် နုနုရွရွအလှ များဖြင့် ပြည့်ဝနေသည့်ပန်းကလေးများသည်လည်း ဖန်ဆင်းရှင်ကိုပြညွှန်နေ ကြပါသည်။ မြေပြင်ညိုညိုကိုလွှမ်းခြုံထားသည့် သက်ရှိအစိမ်းရောင်ကမ္ဗလာ ကြီးကလည်း အနိမ့်ကျဆုံးသော အဖန်ဆင်းခံများအပေါ်ထားရှိသည့် ကိုယ်တော်ရှင်၏စောင့်ရှောက်မှုကို ဖော်ကျူးနေကြပါသည်။ ပင်လယ်နှင့် မြေအောက်ရှိလိုဏ်ဂူဥမင်များကလည်း ကိုယ်တော်ရှင်၏ရတနာသိုက်များကို ပြညွှန်နေကြပါသည်။ သမုဒ္ဒရာထဲတွင် ပုလဲရတနာကိုထား၍ နီလာခရမ်း ရတနာကို ကျောက်တောင်များတွင်တည်ရှိစေတော်မူသော ကိုယ်တော်သည် အလှအပကိုမြတ်နိုးသူတစ်ပါးဖြစ်တော်မူသည်။ ကောင်းကင်ယံဝယ် ထွက်ပေါ် လာသောနေမင်းကြီးသည် ဖန်ဆင်းတော်မူသောအရာအားလုံး၏အလင်းနှင့် အသက်ဖြစ်တော်မူသော ကိုယ်တော်ရှင်ကို ကိုယ်စားပြုပါသည်။ ဤကမ္ဘာ ကြီးကို လှပထွန်းတောက်စေသည့် အရာခပ်သိမ်းနှင့် ကောင်းကင်တွင်ထွန်းလင်း နေသောအလင်းတို့သည် ဘုရားသခင်၏ဂုဏ်တော်ကို ဖွင့်ဆိုနေကြပါသည်။

ထိုဆုကျေးဇူးများကို ရရှိခံစားနေရသောကျွန်ုပ်တို့သည် ဖန်ဆင်းရှင် ဘုရားသခင်ကို စိတ်နှလုံးထဲမှပျောက်ဖျက်ပစ်ကြတော့မည်လား၊ ဘုရားသခင်၏ မဟာမေတ္တာနှင့် ကောင်းမြတ်ခြင်းများအပေါ် သားငယ်သမီးငယ်များအာရုံပြု လာအောင် လမ်းပြကြပါ။ မည်သည့်ပန်းချီဆရာမျှမရေးဆွဲနိုင်လောက်အောင် လှပသည့်မြင်ကွင်း၊ မည်သည့်လူသားမျှမဖော်ပြနိုင်လောက်အောင် လှပသည့် မြင်ကွင်းတည်းဟူသော ကောင်းကင်အိမ်တော်ရှိ ဖန်ရေကန်နှင့်မြက်ခင်းစိမ်းစိမ်း ကိုလည်းကောင်း၊ တလှုလှုလှုပ်ယမ်းနေသော သစ်ပင်များနှင့်စမ်းရေချောင်း

များကိုလည်းကောင်း၊ တောက်ပနေသောရွှေမြို့တော်နှင့် ဝတ်ရုံဖြူရှင်သီချင်းသည်များကိုလည်းကောင်း ကျွန်ုပ်တို့သတိရတမ်းတလာအောင် ခပ်သိမ်းသောကမ္ဘာ့အလှအပများက ကျွန်ုပ်တို့အားနှိုးဆော်ပါလေစေ၊ "ဘုရားသခင်ကိုချစ်သောသူတို့အဖို့အလို့ငှာ ဘုရားသခင်ပြင်ဆင်တော်မူသောအရာတို့ကို လူမျက်စိဖြင့်မမြင်၊ နားဖြင့်မကြား၊ စိတ်နှလုံးဖြင့်မကြံစည်သေး" ၁ကော ၂း၉။

ဘုရားသခင်၏စုံလင်ခြင်း

သဘာဝကြီးက ကမ္ဘာကြီးကိုလှပအောင် အကောင်းဆုံးပြင်ဆင်ကာ ဘုရားသခင်၏စုံလင်ခြင်းကို ထင်ရှားစေခြင်းအားဖြင့် ဖန်ဆင်းရှင်ကိုကျေးဇူးတင်ကြောင်း ဖွင့်ဟနေသကဲ့သို့ လူသားအပေါင်းတို့သည်လည်း အလိုတော်တည်းဟူသော တရားမျှတခြင်း၊ ကောင်းမြတ်ခြင်းနှင့် ကြင်နာသနားခြင်းများကို အသက်တာတွင်ထင်ရှားလာစေရန် ဘုရားသခင်ကိုလုပ်ဆောင်ခွင့်ပေးခြင်းအားဖြင့် ကိုယ်တော်ရှင်၏စုံလင်ခြင်းကို သရုပ်ဖော်နိုင်ရန် မိမိတို့လုပ်ဆောင်သင့်သောအင်္ဂနေ့အတာကို ကြိုးစားလုပ်ဆောင်သင့်ပါသည်။

သဘာဝကြီးထက် သင်ခန်းစာယူသင့်သောစာအုပ် ကျွန်ုပ်တို့၌မရှိတော့ပြီ၊ "အဝတ်အဖို့ အဘယ်ကြောင့်စိုးရိမ်ရသနည်း၊ တောနှင်းပန်းတို့သည် အဘယ်သို့သောအားဖြင့်ကြီးပွားသည်ကို ဆင်ခြင်အောက်မေ့ကြလော့၊ ထိုအပင်တို့သည် အလုပ်လည်းမလုပ်၊ ချည်ဖြစ်စေခြင်းငှာမငင်မဝင့်၊ သို့သော်လည်း ဘုန်းကြီးသောရှောလမုန်မင်းကြီး၏အဝတ်သည် ထိုအပင်တစ်ပင်မျှ၏အဝတ်ကိုမမီ" ရှင်မဿဲခရစ်ဝင် ၆း၂၈–၂၉။ ဘုရားသခင်ကိုသိရှိကိုးစားလာအောင် သားသမီးများကိုပို့ဆောင်ကြပါ။ ထိုရည်ရွယ်ချက်ကို ပြည့်စုံစေရန်အလို့ငှာ ဘုရားသခင်သည် ဖန်ဆင်းခြင်းကိုအောက်မေ့စရာအထိမ်းအမှတ်တစ်ခုအဖြစ် သတ္တမနေ့ကို ကျွန်ုပ်တို့အားပေးတော်မူခြင်းဖြစ်ပါသည်။

ပညတ်တော်ကိုနာခံခြင်း

သဘာဝကြီးကိုအစွန့်ရှည်အောင် ထိန်းသိမ်းထားတော်မူသော ထိုတန်ခိုး ရှင်သည် လူသားများ၏အသက်တာကိုလည်း ထိန်းသိမ်းလုပ်ဆောင်

တော်မူလျက်ရှိပါသည်။ ကြယ်များနှင့်အဏုမြူမှုန်ကလေးများကို လမ်းပြနေသော ဥပဒေသများကပင် လူသားများကိုထိန်းကွပ်လျက်ရှိပါသည်။ ခန္ဓာကိုယ်အသက်ရှင်မှုကို ပုံမှန်ထိန်းညှိပေးနေသော နှလုံး၏လှုပ်ရှားမှုကိုစိုးမိုးထားသည့် ဥပဒေသများသည် လူတစ်ယောက်အပေါ် စီရင်ဆုံးဖြတ်ခွင့်ရှိတော်မူသော တန်ခိုးတော်အရှင်ခရစ်တော်၏ပညတ်ချက်များပင်ဖြစ်ပါသည်။ ကိုယ်တော်ရှင်သည် ခပ်သိမ်းသောအသက်တို့၏မူရင်းအခြေအမြစ်ဖြစ်တော်မူ၏။ ကိုယ်တော်ရှင်နှင့်သဟဇာတရှိမှသာလျှင် မှန်ကန်သောလုပ်ဆောင်မှုများကို ဖြစ်ထွန်းစေနိုင်ပါမည်။ ဖန်ဆင်းခြင်းခံရသောအရာခပ်သိမ်းတို့၌ တူညီ သောအခြေအနေတစ်ခုတည်းသာရှိပါသည်။ ထိုအရာမှာ ဘုရားသခင်ထံမှ အသက်တာကိုလက်ခံရယူခြင်းအားဖြင့်သာ အင်အားပြည့်ဖြိုးသောအသက်တာ ကို ရရှိနိုင်ခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် ဖန်ဆင်းရှင်၏အလိုတော်နှင့်အညီ လှေ့ကျင့်တည်ဆောက်ခြင်းအားဖြင့်သာ ကောင်းမြတ်သောအသက်တာကို ရရှိနိုင်ပါသည်။ ကာယ၊ ဉာဏနှင့်ကိုယ်ကျင့်တရားဆိုင်ရာပညတ်တော်များကို ချိုးဖျက်ခြင်းသည် မိမိကိုယ်ကိုဘုရားသခင်နှင့် သဟဇာတမတည့်အောင် လုပ်ဆောင်ခြင်းဖြစ်သဖြင့် သဘောထားကွဲလွဲမှုများ၊ မင်းမဲ့စရိုက်များနှင့် ပျက်စီးခြင်းများသို့ ပို့ဆောင်နေခြင်းဖြစ်ပါသည်။

သဘာဝ၏သွန်သင်ချက်များကို ဤကဲ့သို့လေ့လာသင်ယူသူတစ်ဦးအတွက် ဤကမ္ဘာကြီးသည် သင်ခန်းစာစာအုပ်ကြီးတစ်အုပ်အဖြစ် ထွန်းလင်းလာပါလိမ့်မည်။ ဘုရားသခင်၊ သဘာဝတရားနှင့် လူသားများအကြား ပေါင်းစည်းညီညွတ်ခြင်းသည်လည်းကောင်း၊ စကြဝဠာအပေါ် ပညတ်တော် စိုးမိုးခြင်းသည်လည်းကောင်း၊ ပညတ်တော်လွန်ကျူးခြင်း၏ဆိုးကျိုးများသည် လည်းကောင်း ထိုသူ၏စိတ်နှလုံးတွင် မပျက်မကွက်စွဲမြဲလာကာ ထိုသူ၏အကျင့်စာရိတ္တကို မပျက်မကွက်ပုံသွင်းပေးပါလိမ့်မည်။ ဤအရာများသည် ကျွန်ုပ်တို့၏သားသမီးများလေ့ကျက်ရမည့် သင်ခန်းစာများဖြစ်ကြသည်။

မျိုးစေ့ကြဲခြင်းပုံပမာမှသင်ခန်းစာများ

မျိုးစေ့ကြဲခြင်းပုံပမာ၌ ဝိညာဉ်ရေးဆိုင်ရာလေးနက်သော သင်ခန်းစာတစ်ခုပါရှိနေပါသည်။ မျိုးစေ့သည် စိတ်နှလုံးထဲတွင်ကြဲလိုက်သည့်အခြေခံကိုယ်ကျင့်တရားများကိုပုံဆောင်သည်။ မျိုးစေ့ပေါက်လာခြင်းသည် အကျင့်စာရိတ္တများဖွံ့ဖြိုးလာခြင်းကို ပုံဆောင်သည်။ ဤသွန်သင်ချက်တွင်ပါဝင်သည့်ထိုအချက်ကို လက်တွေ့အသုံးချပါ။ သားသမီးကလေးများသည် မြေကြီးကိုကိုယ်တိုင်ပြင်ပြီး မျိုးစေ့ကြဲတတ်ပါသည်။ ထိုသို့လုပ်ဆောင်နေစဉ်တွင် မိဘဆရာသမားများက ၎င်းတို့အနီးတွင်ရပ်ထကာ စိတ်နှလုံးဥယျာဉ်ထဲတွင်လည်းကောင်းသောမျိုးစေ့ကိုကြဲနိုင်သကဲ့သို့ မကောင်းသောမျိုးစေ့ကိုလည်း ကြဲလို့ရနိုင်ကြောင်း၊ ဥယျာဉ်တစ်ခုကို သဘာဝသစ်စေ့များဖြင့် စိုက်ပျိုးတည်ထောင်နိုင်သကဲ့သို့ နှလုံးသားဥယျာဉ်ကိုလည်း သမ္မာတရားမျိုးစေ့များဖြင့် စိုက်ပျိုးတည်ထောင်လို့ဖြစ်နိုင်ကြောင်း ရှင်းပြကြရပါမည်။ သစ်ပင်များကြီးထွားလာသကဲ့သို့ ကြဲလိုက်သောဝိညာဉ်ရေးမျိုးစေ့ကလေးသည် စဉ်ဆက်မပြတ်ကြီးထွားလာနိုင်ကြောင်းကိုလည်း ရှင်းပြရန်လိုအပ်ပါသည်။

မျိုးစေ့များကို မြေထဲသို့မြုပ်လိုက်သည့်အချိန်တွင် ခရစ်တော်၏အသေခံခြင်းသင်ခန်းစာကို ၎င်းတို့အားသင်ကြားပေးနိုင်သကဲ့သို့ အပင်ပေါက်၍ အရွက်ကလေးများထွက်လာသောအချိန်တွင်လည်း ခရစ်တော်၏ရှင်ပြန်ထမြောက်ခြင်းအကြောင်းကို သင်ကြားပေးနိုင်ကြပါသည်။

ကျေးဇူးတော်၌ကြီးထွားခြင်း

ထူးဆန်းသောနိမိတ်လက္ခဏာများကိုလုပ်နိုင်သည့် ဘုရားသခင်၏တန်ခိုးတော်အကြောင်းကို သားသမီးများအားပြောပြကြပါ။ သဘာဝစာအုပ်ကြီးမှသင်ခန်းစာကို သူတို့လေ့လာနေစဉ်တွင် ဘုရားသခင်သည် ၎င်းတို့၏စိတ်နှလုံးကို ပြုပြင်တော်မူပါလိမ့်မည်။ လယ်သမားများသည် ထယ်ထိုးပြီးမျိုးစေ့ကြဲခြင်းအမှုကို လုပ်နိုင်စွမ်းရှိကြသော်လည်း မျိုးစေ့ပေါက်လာအောင်တော့ လုပ်နိုင်စွမ်းမရှိကြပါ။ မျိုးစေ့ပေါက်လာရန်အတွက် လူမစွမ်းနိုင်သော

အမှုကို လုပ်နိုင်စွမ်းရှိတော်မူသော ဘုရားသခင်ကို သူတို့အားကိုးရပါလိမ့်မည်။ အညှောက်ပေါက်ပြီး အသက်ဝင်လာစေရန် သစ်စေ့ထဲတွင် အလွန်အားကောင်းသည့်စွမ်းအားတစ်ခုကို ဘုရားသခင်ထည့်ပေးတော်မူပါသည်။ ထိုသစ်စေ့ကလေးသည် ဘုရားသခင်၏ပြုစုမှုအောက်တွင် အသီးသီးနိုင်သည့် သစ်ပင်တစ်ပင်ဖြစ်လာရန် အလွန်မာကျောသည့်အခွံကို ခွဲပစ်ရပါသည်။ ထိုနောက် အရွက်ကလေးများထွက်လာပါသည်။ ထိုနောက် အနှံကလေးထွက်လာပါသည်။ ထိုနောက် ထိုအနှံထဲတွင် အစေ့များတည်လာကြပါသည်။ သစ်စေ့ကလေးအပင်ပေါက်လာရန်အတွက် ဘုရားသခင်ပြုတော်မူသောအရာများကို သားသမီးများအားပြောပြသောအချိန်တွင် ကျေးဇူးတော်၌ကြီးထွားခြင်းဆိုင်ရာလျှို့ဝှက်ချက်ကို လေ့ကျက်နိုင်ကြပါမည်။

## ယုံကြည်ကိုးစားခြင်းနှင့်ဖွဲ့လုံ့လရှိခြင်းဆိုင်ရာသင်ခန်းစာများ

"သားမျိုးနှင့်မိုးကောင်းကင်ငှက်တို့ကိုမေးမြန်းလော့၊ သူတို့သည် ဟောပြောသွန်သင်ကြလိမ့်မည်။ မြေကြီးနှင့်ပင်လယ်ငါးတို့ကိုမေးမြန်းလော့၊ သူတို့သည်ပြသ၍ ဥပဒေသပေးကြလိမ့်မည်" ယောဘ ၁၂း၇–၈။ "အချင်းလူပျင်း၊ ပုရွက်ဆိတ်ထံသို့သွား၍ သူ၏အပြုအမူတို့ကိုဆင်ခြင်သဖြင့် ပညာရှိစေလော့" သုတ္တံ ၆း၆။ "မိုးကောင်းကင်၌ကျင်လည်သောငှက်များကိုကြည့်ရှုဆင်ခြင်ကြလော့" မဿဲ ၆း၂၆။ "ကျီးကန်းများကိုကြည့်ရှုဆင်ခြင်ကြလော့" လုကာ ၁၂း၂၄။

ဘုရားသခင်ဖန်ဆင်းထားသည့် ထိုတိရစ္ဆာန်ကလေးများအကြောင်းကို သားသမီးများအားပြောပြရုံသာမက ထိုတိရစ္ဆာန်များထံမှနည်းနာယူဖို့ ကျွန်ုပ်တို့သွန်သင်ကြရပါမည်။ အလုပ်ကြိုးစားခြင်း၊ အခက်အခဲများကိုကျော်လွှားနိုင်သည့်ဖွဲ့လုံ့လနှင့် အနာဂတ်အတွက်ပြင်ဆင်မှုများအကြောင်းကို ပုရွက်ဆိတ်များကသွန်သင်နေပါသည်။ ငှက်ကလေးများက ယုံကြည်ကိုးစားခြင်းသင်ခန်းစာကို သင်ကြားပေးနေပါသည်။ ဘုရားသခင်သည် ၎င်းတို့အတွက်အစာကို ပြင်ဆင်ပေးတော်မူသော်လည်း အစာစုသိမ်းခြင်းအမှု၊ အသိုက်တည်ဆောက်

ခြင်းအမှုနှင့် ငှက်ကလေးများကိုကျွေးမွေးစောင့်ရှောက်ခြင်းအမှုများကိုမူ ၎င်းတို့ကိုယ်တိုင်လုပ်ဆောင်ကြရပါသည်။ မိမိတို့အား သတ်ဖြတ်ဖျက်ဆီးရန် ကြိုးစားနေသူများအကြားတွင် အန္တရာယ်အပြည့်ဖြင့် သူတို့အသက်ရှင်နေထိုင်ရသော်လည်း သူတို့လုပ်ဆောင်ရမည့်လုပ်ငန်းများကို ပျော်ရွှင်စွာသူတို့လုပ်ဆောင်လေ့ရှိပါသည်။ သူတို့သီဆိုနေသည့်သီချင်းသံကလေးများသည် အလွန်ချိုသာလှသည်မဟုတ်ပါလား။

သစ်တောများတွင် နေထိုင်ကျက်စားကြသောတိရစ္ဆာန်များအပေါ် ဘုရားသခင်ကြည့်ရှုစောင့်ရှောက်ပုံများကို ဆာလံဆရာက လှပသောစာလုံးများဖြင့် သီကုံးရေးဖွဲ့ထားပါသည်။ "မြင့်သောတောင်တို့သည် တောဆိတ်များမှီခိုရာ၊ ကျောက်တို့သည် ရှာဖန်ယုန်များမှီခိုရာဖြစ်ကြ၏" ဆာလံကျမ်း ၁၀၄း၁၈။

"မိုးကောင်းကင်ငှက်တို့သည် နေရာကျ၍ သစ်ပင်အခက်အလက်တို့တွင် ကြွေးကြော်" နိုင်စေရန်အလို့ငှာ ဘုရားသခင်သည် တောင်များတွင် စမ်းရေချောင်းများကို ဖြစ်စေတော်မူသည်။ တောတောင်များတွင်နေထိုင်လျက်ရှိသော သတ္တဝါများသည် ကိုယ်တော်ရှင်၏မဟာအိမ်ထောင်စုဝင်များဖြစ်ကြသည်။ "လက်တော်ကိုဖွင့်၍ အသက်ရှင်သောသတ္တဝါအပေါင်းတို့ကို ရောင့်ရဲစေတော်မူ၏" ဆာလံကျမ်း ၁၄၅း၁၆။

### လုံ့လဝီရိယအကြောင်းသင်ပေးသည့်ပိုးကောင်ကလေးများ

လုံ့လဝီရိယရှိသော ပျားကလေးများသည် အတုခိုးသင့်သောနမူနာပုံသက်သေတစ်ခုကို လူသားများအားပေးနေပါသည်။ ပျားများသည် အလွန်စနစ်ကျသောပိုးကောင်ကလေးများဖြစ်ကြသည်။ ပျားအုံတွင် ပျားပျင်းများကို လက်ခံလေ့မရှိပါ။ ကျရာတာဝန်ကို ပညာသားပါပါဖြင့် လုပ်ဆောင်တတ်ကြသည်မှာ ကျွန်ုပ်တို့၏ဦးနှောက်ဖြင့် လိုက်မမီနိုင်လောက်အောင်ပင်ဖြစ်ပါသည်။ ထို့ကြောင့် ပညာရှိရှောလမုန်မင်းကြီးက "အချင်းလူပျင်း၊ ပုရွက်ဆိတ်ထံသို့သွား၍ သူ၏အပြုအမူတို့ကိုဆင်ခြင်သဖြင့် ပညာရှိစေလော့၊ ပုရွက်ဆိတ်

သည်ဆရာမရှိ၊ ပွဲပြင်သောသူမရှိ၊ မင်းမရှိဘဲလျက် နွေကာလနှင့်စပါးရိတ်ရာကာလ၌ မိမိစားစရာအစာကို ရှာဖွေသိုထားတတ်၏" ဟု ကမ္ဘာ့အသေးငယ်ဆုံးသတ္တဝါများတွင် ပါဝင်သောပုရွက်ဆိတ်ကို အာရုံပြုကြရန် ကျွန်ုပ်တို့ကိုတိုက်တွန်းထားပါသည်။ သစ္စာရှိခြင်းဆိုင်ရာ သင်ခန်းစာများကိုလည်း ပုရွက်ဆိတ်ထံမှဆည်းပူးနိုင်ကြပါသည်။ ဘုရားပေးအစွမ်းအစများကို ပုရွက်ဆိတ်လိုမျိုး ကြိုးစားအသုံးချကြမည်ဆိုလျှင် အကျိုးပြုလုပ်ဆောင်နိုင်သည့်စွမ်းအားများသည် အထူးတိုးတက်လာပါလိမ့်မည်။ အသေးငယ်ဆုံးသောသတ္တဝါကလေးကိုပင် ဂရုထားတော်မူသောဘုရားသခင်သည် မိမိ၏သဏ္ဍာန်တော်နှင့်အညီ ဖန်ဆင်းထားတော်မူသည့်ကျွန်ုပ်တို့အား ဂရုထားတော်မူလျက်ရှိသည့်တစ်ချိန်တည်းမှာပင် ရယူခံစားနေသည့်ကောင်းချီးမင်္ဂလာများနှင့်ကိုက်ညီသော ပြန်လည်ပေးဆပ်မှုများကို ကျွန်ုပ်တို့ထံမှတောင်းဆိုတော်မူလျက်ရှိသည်မဟုတ်ပါလား။

–ဝ–



# အခန်း (၃)
# မိဘများ၏ လေ့ကျင့်ပြင်ဆင်မှုများ

ကလေးငယ်တစ်ဦး၏ လက်ဦးဆရာမှာ သူ၏မိခင်ပင်ဖြစ်သည်။ ပြုပြင်ပြောင်းလဲရန်အလွယ်ကူဆုံးနှင့် ဖွံ့ဖြိုးမှုအမြန်ဆန်ဆုံးအချိန်အတွင်းတွင် သူ၏ပညာရေးကိစ္စသည် သူ့မိခင်၏လက်ထဲ၌သာ အများဆုံးရောက်ရှိနေပါသည်။ သူမသည် ကောင်းသောစာရိတ္တ (သို့မဟုတ်) ဆိုးသောစာရိတ္တကို ပုံသွင်းရန် အခွင့်အလမ်းရှိနေသည်။ ထိုအခွင့်အလမ်းကိုတန်ဖိုးထားကာ အကောင်းဆုံးအခြေအနေတစ်ခုကိုဖန်တီးရန် အခြားဆရာ၊ ဆရာမများထက် အရည်အချင်းရှိသင့်ပါသည်။ ထိုသို့ဆိုသော် အခြားဆရာ၊ ဆရာမများ၏ လေ့ကျင့်သင်ကြားမှုကို စော်ကားသည့်သဘောမျိုးမဟုတ်ပါ။ ထိရောက်၍ တာသွားသောပညာရေးတွင် ဩဇာရှိသူတစ်ဦးသည် အနိမ့်ဆုံးသောစနစ်တကျ ကြိုးစားမှုဖြင့် အထောက်အမပေးခြင်းခံနေရသူဖြစ်ပါသည်။

သားသမီးများအား လေ့ကျင့်ပညာပေးရေးတာဝန်သည် မိခင်များအပေါ်တွင်သာ ကျရောက်သည်မဟုတ်ဘဲ ဖခင်များအပေါ်တွင်လည်း ကျရောက်ပါသည်။ ကလေးငယ်များကို ဂရုတစိုက် ကျကျနနပြင်ဆင်ခြင်းအမှုသည် မိဘနှစ်ပါးစလုံး အဆောတလျင်လုပ်ဆောင်ရမည့် တာဝန်တစ်ခုဖြစ်ပါသည်။ ဇီဝကမ္မဗေဒခေါ် သက်ရှိကိစ္စများနှင့်ကျန်းမာရေးကိစ္စများ၊ ကိုယ်ဝန်ဆောင်စဉ် ရင်ဆိုင်ရမည့်အရာများ၊ မျိုးရိုးဗီဇကိစ္စများ၊ တစ်ကိုယ်ရည်သန့်ရှင်းအောင် ဝတ်စားဆင်ယင်လေ့ကျင့်မှုများမှအစ ရောဂါကုထုံးများအဆုံး မိခင်၊ဖခင်မဖြစ်မီအချိန်ကတည်းက လေ့လာထားသင့်ကြပါသည်။ စိတ်တန်ခိုးဖွံ့ဖြိုးမှုနှင့် ကိုယ်ကျင့်တရားလေ့ကျင့်ရေးဆိုင်ရာနည်းနာများကိုလည်း နားလည်ထားသင့်ကြပါသည်။

တစ်ခါတစ်ရံတွင် စိတ်အားပျော့သွားတတ်သော်လည်း သားသမီးများ၏ ပစ္စုပ္ပန်နှင့်အနာဂတ်ပျော်ရွှင်သာယာမှုကို ခြိမ်းခြောက်နေသောအန္တရာယ်

များကို သတိပြုမိလာသောအချိန်တွင် မိဘများသည် ဉာဏ်ပညာနှင့်ခွန်အား များကိုရရှိစေနိုင်သည့် ဘုရားသခင့်ထံတော်တွင် ပို၍ချဉ်းကပ်အသနားခံသင့် ကြပါသည်။ ထိုသို့ပြုလုပ်ခြင်းအားဖြင့် သားသမီးများကို သူတို့စောင့်ရှောက် နေစဉ် သူတို့သည် ပိုမို၍သတိထားလာကြလိမ့်မည်၊ ဆုံးဖြတ်ချက်ပိုမိုခိုင်မာ လာကြလိမ့်မည်၊ တည်ငြိမ်၍စိတ်နှလုံးကြံ့ခိုင်မှုများ ရရှိလာကြလိမ့်မည်။ ထိုအရာသည် ၎င်းတို့၏ကလေးများကို ကောင်းကင်နိုင်ငံတော်သို့ ပို့ဆောင် ပေးနိုင်မည့် တစ်ခုတည်းသောနည်းလမ်းဖြစ်ပါသည်။

သားသမီးများအားလေ့ကျင့်ပညာပေးခြင်းအားဖြင့် ဘုရားသခင်၏ အလိုတော် ကိုနားလည်စေခြင်း

ဘုရားသခင်၏အလိုတော်ကို ကောင်းမွန်စွာနားလည်အောင် ပြင်ဆင် မထားသောမိဘများ၌ ဆင်ခြင်ပေးရန်အခွင့်ရှိမည်မဟုတ်ပါ။ သူတို့ကိုယ်တိုင်က ဘုရားသခင်၏အလိုတော်ကို နားလည်ထားမှသာ သားသမီးများကိုနိုင်ငံတော် သို့ ပို့ဆောင်နိုင်ကြမည်ဖြစ်သည်။ မိဘတို့၊ ဘုရားသခင်၏တောင်းဆိုချက် များကို သိရှိနားလည်ရန်မှာ သင်တို့၏တာဝန်ဖြစ်ပါသည်။ သင်တို့ကိုယ်တိုင်က အမှားအမှန်မခွဲခြားတတ်လျှင်သော်လည်းကောင်း၊ နားထောင်ခြင်းသည် ထာဝရ အသက်ကိုပို့ဆောင်ပြီး နားမထောင်ခြင်းသည် သေခြင်းသို့ပို့ဆောင်သည်ဆို သည့်အမှန်တရားကို နားမလည်လျှင်သော်လည်းကောင်း ဘုရားသခင်နှင့် ပတ်သက်သည့်အရာများကို သင်တို့ကလေးများအား မည်ကဲ့သို့ပညာပေး ကြမည်နည်း။

ဘုရားသခင်၏အလိုတော်ကို သိရှိနားလည်အောင် ကျွန်ုပ်တို့ဦးစားပေး လုပ်ဆောင်ကြရမည်။ သို့မှသာ ကျွန်ုပ်တို့သည် သားသမီးများကို မှန်ကန်စွာ လေ့ကျင့်သင်ကြားပေးနိုင်ကြမည်ဖြစ်သည်။

ဘုရားသခင်၏သွန်သင်ချက်လက်စွဲစာစောင်

မိဘများသည် ဘုရားသခင်၏နှုတ်ကပတ်တော်ကို အသက်တာစည်းမျဥ်းတစ်ခုအဖြစ် လက်ခံကျင့်သုံးခြင်းမရှိလျှင်သော်လည်းကောင်း၊

သား သမီး

များအနေဖြင့် အဆုံးတွင်ထာဝရအသက်ကိုင်ဆွဲနိုင်ရန် လိုအပ်သည့်စာရိတ္တများကို ရယူပိုင်ဆိုင်နိုင်အောင် လေ့ကျင့်ပညာပေးနေသည်ဆိုသည့်အချက်ကို မသိရှိလျှင်သော်လည်းကောင်း မိမိတို့လုပ်ဆောင်ရမည့်တာဝန်ကို ကျေပွန်စွာထမ်းဆောင်နိုင်ကြလိမ့်မည်မဟုတ်ချေ။

ညွှန်ကြားချက်များစွာပါဝင်သည့် သမ္မာကျမ်းစာသည် ၎င်းတို့၏ပြဋ္ဌာန်းစာအုပ်ဖြစ်သင့်ပါသည်။ သမ္မာကျမ်းစာတွင်ဖော်ပြထားသည့် ညွှန်ကြားချက်များနှင့်အညီ ကလေးများကိုသွန်သင်ကြမည်ဆိုလျှင် သူတို့သည်တရားလမ်းအတိုင်း လျှောက်လှမ်းကြမည်ဖြစ်သည့်အပြင် မွန်မြတ်သောတာဝန်ဝတ္တရားများကိုထမ်းဆောင်ရန် မိမိကိုယ်ကိုလေ့ကျင့်ပညာပေးကြလိမ့်မည်ဖြစ်ပါသည်။

## မိဘနှင့်သားသမီးများအတွက်ဥပဒေသများ

မိဘနှင့်သားသမီးများအတွက် လမ်းပြစည်းမျဉ်းများကို ဘုရားသခင်ပေးသနားတော်မူထားပါသည်။ ထိုစည်းမျဉ်းများကို တိတိကျကျနာခံဖို့လိုအပ်ပါသည်။ မိဘများကိုတိုင်ပင်မေးမြန်းခြင်းမရှိဘဲ မိမိတို့စိတ်ထင်သလိုလုပ်ဆောင်ရန် သားသမီးများကို အလိုလိုက်ရမည်မဟုတ်ပါ။

ဘုရားပေးလမ်းပြစည်းမျဉ်းများမှ သွေဖည်မှုမရှိဘဲ နှုတ်ကပတ်တော်ပါသွန်သင်ချက်များအတိုင်း သားသမီးများကို မိဘများကသွန်သင်ရန် ဘုရားသခင်မျှော်လင့်ထားတော်မူသည်။ အိမ်နှင့်ကျောင်းတွင် လုပ်ဆောင်သမျှတို့၌ ယုံကြည်ခြင်းနှင့်အကျင့်ကိုပေါင်းစည်းကာ ကောင်းမွန်စနစ်ကျစွာလုပ်ဆောင်ကြရမည်ဖြစ်သည်။

အိမ်ထောင်စုတွင် သားသမီးများကို ပညာပေးနိုင်ရန်အတွက် မိဘများကိုယ်တိုင်က သမ္မာကျမ်းစာကို ကြိုးစားလေ့လာသူများဖြစ်နေရပါမည်။ ခရစ်တော်ထံတွင် သင်ယူသူများဖြစ်နေကြရပါမည်။ ကြင်နာသောစကားနှင့်မေတ္တာစကားများသာ သူတို့၏ပါးစပ်မှ နေ့စဉ်ထွက်နေသင့်ပါသည်။ မိဘများသည် ကျေးဇူးတော်နှင့်အမှန်တရားများကို အသက်တာအားဖြင့်ဖော်ပြကြရပါမည်။

မိခင်များလုပ်ဆောင်ရမည့်မွန်မြတ်သောတာဝန်

ကြွံခိုင်မှု၊ အားမာန်လိုအပ်သည့်အသိဥာဏ်နှင့် ကာယစွမ်းအားများတည်ရှိရာ စိတ်နှလုံးပြုစုပျိုးထောင်ခြင်းအမှုထက် ကြီးမြတ်သည့်တာဝန်တစ်ခုကိုပြပါဆိုလျှင် သားသမီးငယ်များကို လေ့ကျင့်ပညာပေးရသည့်တာဝန်ကိုပြရပါမည်။

မိခင်တစ်ဦးချင်းလုပ်ဆောင်ရမည့်ဝတ္တရားများကို အကြောင်းပြုလျက်ကောင်းမြတ်မှန်ကန်၍ တင့်တယ်မှုများနှင့်ထင်ဟပ်နေသော မျှတသည့်စိတ်ထားနှင့် သန့်စင်သောအကျင့်စာရိတ္တကိုဖွံ့ဖြိုးအောင် မိခင်တိုင်းလုပ်ဆောင်သင့်ပါသည်။ နူးညံ့သောအပြောအဆိုအပြုအမူများတွင် အကျင့်စရိုက်တစ်ခုအဖြစ်မရပ်မနားဆက်တိုက်ဖော်ပြနေသည့် သူမ၏မေတ္တာကြောင့် သူမ၏ခင်ပွန်းနှင့်သားသမီးများက သူမအားနှစ်နှစ်ကာကာ ချစ်ခင်ကြပါလိမ့်မည်။ ထို့ပြင်သူမ၏ကောင်းသောအသက်တာကိုလည်း သားသမီးများကအတုခိုးလုပ်ဆောင်လာကြပါလိမ့်မည်။

မိခင်တို့၊ သားသမီးများအား ကိုယ်တော်၏ပညတ်တော်များကိုသင်ကြားပေးခြင်းတည်းဟူသော မွန်မြတ်သောအလုပ်တစ်ခုကိုလုပ်ဆောင်ရန်သခင်ဘုရားသည် သင့်အားခန့်အပ်ထားတော်မူသည်။ ထိုတာဝန်ကို ကျေပွန်စွာထမ်းဆောင်နိုင်စေရန် သင်ကိုယ်တိုင်ကလည်း ကျင့်ဝတ်သီလနှင့်ပြည့်စုံသူတစ်ဦးဖြစ်ရပါမည်။ ဆင်ဆင်ခြင်ခြင်ပြောဆိုလုပ်ဆောင်ပါ။ အထူးသဖြင့်သင်၏နှုတ်ကို ကောင်းမွန်စွာထိန်းသိမ်းပါ။ အလျင်စလိုပြောဆိုလုပ်ဆောင်ခြင်းကိုရှောင်ပါ။ စိတ်မရှည်မှုများသည် သားသမီးများအကြား မသင့်မတင့်မပြေမလည်မှုများကို ဖြစ်ပေါ်စေပါသည်။

ဘုရားသခင်၏အကူအညီကိုတောင်းခံလျက်လုပ်ဆောင်ကြပါ

မိခင်တို့၊ အလိုတော်နှင့်ကိုက်ညီစွာ မိမိကိုယ်တိုင်မိမိလုပ်ဆောင်ရမည်ဟု စိတ်တွင်စွဲမှတ်လျက် ဘုရားသခင်၏သွန်သင်ချက်များကိုလက်ခံရန် သင်တို့၏စိတ်နှလုံးကိုဖွင့်ထားကြပါ။ အလင်းတော်တွင် အသက်ရှင်ပြီး အထက်မှ

ဉာဏ်ပညာကိုရရှိရန် ဘုရားသခင့်ထံတွင် တောင်းခံကြပါ။ သို့မှသာ မည်သို့ လုပ်ဆောင်ရမည်ကို သင်နားလည်လာမည်ဖြစ်သည်။ သို့မှသာ ဘုရားသခင် သည် ပင်မလုပ်ဆောင်နေသူဖြစ်ပြီး သင်သည် ကိုယ်တော်နှင့်အတူလုပ်ဆောင် နေသောလုပ်သားတစ်ဦးဖြစ်သည်ကို သင်နားလည်လာမည် ဖြစ်သည်။ ကောင်းကင်နိုင်ငံတော်နှင့်ပတ်သက်သည့် အရာများအပေါ် လုံးလုံးလျားလျား အာရုံစိုက်ကြပါ။ မိခင်တစ်ဦးဖြစ်သောသင့်ကို ဘုရားသခင် ပေးအပ်တော်မူ သည့်တာဝန်များကို ထမ်းဆောင်ရာတွင် ဘုရားပေးအစွမ်းသတ္တိ များကို အသုံးပြုပါ။ ဘုရားသခင်၏ကိုယ်စားလှယ်တော်များနှင့် ပူးပေါင်းလုပ်ဆောင် ပါ။ စားသည့်အခါတွင်လည်းကောင်း၊ သောက်သည့်အခါတွင် လည်းကောင်း၊ မည်သည့်အမှုကိုလုပ်ဆောင်သည့်အခါများတွင်လည်းကောင်း ဘုရားသခင်၏ ဘုန်းတော်ကိုထောက်လျက် ကြိုးစားလုပ်ဆောင်ကြပါ။ (၁ကော ၁၀း၃၁)။ မိခင်များသည် မိမိတို့၏အသက်တာနှင့်တကွ သားသမီးများ၏ အသက်တာကို မေတ္တာတော်အရှင်ဘုရားသခင့်ထံတော်တွင် အပ်နှံထားသင့်ပါသည်။ သားသမီး များကို လေ့ကျင့်သင်ကြားရာတွင် အမြင့်မားဆုံးသော စိတ်တန်ခိုးကို မှန်ကန် စွာအသုံးပြုနိုင်စေရန်အလို့ငှာ မိမိ၏စွမ်းရည်များတိုးတက် လာအောင် မရမချင်း ရဲရင့်သောစိတ်ဖြင့် စိတ်အားတကြီးဆုတောင်းသင့်ကြ ပါသည်။

ဘုရားသခင်၏ထောက်ခံကြိုဆိုမှုကို ရရှိစေနိုင်သည့်ပညာရေးကို မိမိ၏သားသမီးများအားပေးရမည်ဟူသော မြင့်မားသောရည်မှန်းချက်မျိုး မိခင်တိုင်းထားသင့်ပါသည်။ သူမသည် မိမိ၏တာဝန်ကို သဘောပေါက် နားလည်စွာဖြင့်ထမ်းရွက်စဉ် ထိုတာဝန်ကိုပြီးစီးစွာလုပ်ကိုင်နိုင်စေမည့် အစွမ်း တန်ခိုးများကို သူမရရှိလာပါလိမ့်မည်။

သခင်ဘုရား၏အလိုတော်နှင့် လမ်းစဉ်အတိုင်းဆက်ကပ်အသက်ရှင် ရာတွင် မိမိကိုယ်တိုင် စစ်မှန်သောအတွေ့အကြုံရရှိနိုင်စေရန်အလို့ငှာ သန့်ရှင်းသောဝိညာဉ်တော်၏လမ်းပြမှုကိုလိုအပ်ကြောင်း မိခင်များကိုယ်တိုင် သိထားသင့်ကြပါသည်။ ထိုအချိန်ကျမှသာ သူမသည် ခရစ်တော်၏

ကျေးဇူးတော်ကိုရရှိခံစားရကာ သားသမီးများအတွက် နူးညံ့သိမ်မွေ့ပြီး ပညာသတိမေတ္တာအသိနှင့် ပြည့်ဝသောမိခင်တစ်ယောက်ဖြစ်လာပါလိမ့်မည်။

သင်သည်အစမကောင်းခဲ့လျှင်------

လေ့ကျင့်ပညာပေးခြင်းများကို မှားယွင်းစွာလုပ်မိသောမိခင်တို့၊ စိတ်မပျက်ကြပါနှင့်၊ သင်သည် အမှန်တကယ်ပြောင်းလဲဖို့လိုအပ်နေပါသည်။ ဘုရားသခင်၏အမိန့်တော်ကိုနာခံတတ်သော စိတ်ဓာတ်ကောင်းများပိုင်ဆိုင်ဖို့ လိုအပ်နေပါသေးသည်။ ဘုရားသခင်၏ပညတ်တော်များပါ ကယ်တင်ခြင်း စည်းမျဉ်းများနှင့်အညီ သင်၏အသက်တာကိုကိုက်ညီအောင်လုပ်ဆောင်လျက် သင်၏အမှုအကျင့်ဟောင်းများကို ပြုပြင်ပြောင်းလဲပစ်ရန် ခိုင်မာစွာဆုံးဖြတ်ချက်ချရပါမည်။ ဤအရာကို သင်လုပ်ဆောင်သောအချိန်တွင် ပညတ်တော်တွင်အပြည့်အဝစိမ့်ဝင်နေသည့် ခရစ်တော်၏ဖြောင့်မတ်ခြင်းကို သင်ရရှိလိမ့်မည်။ အကြောင်းမူကား၊ သင်သည် ဘုရားသခင်ကိုချစ်ပြီး ပညတ်တော်ကို ကိုယ်တော်ရှင်၏ပုံတူမှတ်တမ်းတစ်ခုအဖြစ် လက်ခံသောကြောင့်ဖြစ်ပါသည်။ ခရစ်တော်၏ကောင်းမှုကုသိုလ်အပေါ် စစ်မှန်စွာယုံကြည်ခြင်းသည် စိတ်ကူးယဉ်တစ်ခုမဟုတ်ပါ။ ခရစ်တော်၏ကောင်းသောအရည်အသွေးများကို သင်၏ဘဝနှင့်စာရိတ္တထဲသို့ဆောင်သွင်းကာ ဘုရားသခင်၏ပညတ်တော်များကို သားသမီးနာခံလိုက်လျှောက်အောင် မနားမနေလေ့ကျင့်ပညာပေးနေသောအရာ ဖြစ်သဖြင့် အထူးအရေးပါလှပါသည်။ “ထာဝရဘုရားမိန့်တော်မူသည်ကား” ဟူသောစာပိုဒ်သည် သင်၏ပညာရေးစီမံကိန်းအားလုံးကို လမ်းပြဦးဆောင် သည့်အရာဖြစ်သင့်ပါသည်။

## မိမိကိုယ်ကိုတိုးတက်အောင်လုပ်ဆောင်ဖို့တောင်းဆိုခြင်း

ပို၍ပို၍မြင့်မားသောအောင်မြင်မှုများကို သားသမီးများဆွတ်ခူးနိုင်စေရန်အလို့ငှာ အသက်တာတွင် စဉ်ဆက်မပြတ်တိုးတက်မှုများရှိဖို့ တောင်းဆို

နေသောအလုပ်မှာ မိခင်တစ်ဦးလုပ်ဆောင်ရသည့် အလုပ်မျိုးပင်ဖြစ်ပါသည်။ သို့ရာတွင် စာတန်သည် မိခင်ရောသားသမီးများကိုပါသိမ်းသွင်းရန် စီမံကိန်းချမှတ်ထားပါသည်။ သားငယ်၊ သမီးငယ်များကို ဂရုတစိုက်လေ့ကျင့်ပညာပေးခြင်းနှင့်တကွ အိမ်ထောင်တာဝန်များကို မထမ်းဆောင်ရွက်နိုင်အောင် မိမိကိုယ်တိုင်အတွက်နှင့် လောကအတွက်လုပ်ဆောင်မှုများ၌ အချိန်ကုန်သွားအောင် မိခင်များကိုဆွဲဆောင်နေပါသည်။

မိခင်များသည် သားသမီးများ၏အရေးကို ဦးစားပေးလျက် မိမိတို့၌ရှိသောစွမ်းရည်များကို ပိုမိုထက်မြက်လာအောင် စွမ်းဆောင်သင့်ပါသည်။ အကြောင်းမှာ ၎င်းတို့ထမ်းရွက်နေသောတာဝန်သည် လောကီရှင်ဘုရင်များထမ်းဆောင်နေသောတာဝန်ထက် ပိုမိုကြီးမြတ်လှပါသည်။ မိမိတို့အားအပ်နှံထားသော တာဝန်၏အရေးပါမှုကိုလည်းကောင်း၊ မိမိကိုယ်ကိုတိုးတက်လာရန် မနားမနေသည်းခံစိတ်ရှည်စွာဖြင့် ကြိုးစားခြင်းအားဖြင့် မိမိတို့အားပေးအပ်ထားသည့်တာဝန်ကို ကောင်းမွန်စွာလုပ်ဆောင်စေနိုင်သည့် ထက်မြက်မှုများကို ရရှိနိုင်ကြောင်းကိုလည်းကောင်း သိရှိနားလည်သည့် မိခင်အရေအတွက်မှာ နည်းပါးလှပါသည်။

ထို့ကြောင့် မိခင်များအနေဖြင့် ပထမဦးစွာလုပ်ဆောင်ရမည့်အရာမှာ မိမိတို့၏စိတ်နှလုံးတွင်ရှိသည့် အစွမ်းအစများကို စည်းကမ်းတကျပြုစုပျိုးထောင်ရပါမည်။ သို့မှသာ သူမသည် ပုံပျက်ပန်းပျက် တစ်ဖက်စောင်းနင်းအကျင့်စာရိတ္တမျိုးကို မပိုင်ဆိုင်တော့ဘဲ မိမိ၏အားနည်းမှုအမှတ်အသားများကို ကလေးများထံချန်ရစ်မထားသောအနေအထားတွင် ရပ်တည်နိုင်မည်ဖြစ်ပါသည်။ အိမ်ထောင်သည် ဘဝကိုခံယူခြင်းအားဖြင့် မိမိဆန္ဒအလျောက် လက်ခံလုပ်ဆောင်သည့် ထိုတာဝန်များကို ကောင်းမွန်စွာထမ်းရွက်နိုင်ရန် မိမိတို့၏စိတ်သဘောထားနှင့်အကြံအစည်များကို အကောင်းဘက်သို့ပြောင်းပစ်ဖို့ လိုအပ်သည်ကိုလည်း မိခင်အများတွေ့မြင်ကြရန်လိုအပ်ပါသည်။

ထက်မြက်မှုများနှင့်ဥာဏ်ရည်များအဆက်မပြတ်တိုးပွားခြင်း

အကယ်၍သာ မိခင်များသည် ထက်မြက်မှုနှင့်ဥာဏ်ရည်ဥာဏ်သွေးများ တိုးတက်မှုရှိခဲ့လိမ့်မည်ဆိုလျှင် ၎င်းတို့သည် သုံးသပ်မှုနှင့်ဆန်းစစ်မှုများကို မိမိကိုယ်တိုင်အသားကျအောင် ဦးစားပေးလုပ်ဆောင်သင့်ကြပါသည်။ ထိုအရာကို စဉ်ဆက်မပြတ်လုပ်သွားလျှင် မိမိကိုယ်ကိုအားနည်းသည်ဟု ထင်နေသည့်စွမ်းရည်များတိုးတက်လာသည်ကို မကြာမီတွင်သူမသိမြင်လာကာ သားသမီးများ၏စာရိတ္တများကို မှန်ကန်စွာတည်ဆောက်ပေးရန် သဘောပေါက် လာပါမည်။ သားသမီးများအား လေ့ကျင့်ပညာပေးသည့်အမှုတွင် ဆင်ခြင်သုံးသပ်ခြင်းနှင့် ကြိုးစားလုပ်ဆောင်ခြင်းများ၏ရလဒ်ကို ၎င်းတို့၏အကျင့် စာရိတ္တတွင် ပေါ်လွင်နေသည့်နာခံမှု၊ ရိုးစင်းမှု၊ အိန္ဒြေရှိမှု၊ သန့်စင်မှုများတွင် တွေ့မြင်ရပါလိမ့်မည်။ ဤရလဒ်သည် လုပ်ဆောင်ခဲ့သောကြိုးစားမှုအားလုံးကို ထိုက်ထိုက်တန်တန်ပေးဆပ်ပါလိမ့်မည်။

စုံလင်ခြင်းတည်းဟူသောမြင့်မားသောရည်မှန်းချက်

မိခင်တို့၊ သင်တို့အားပျက်စီးဆုံးရှုံးစေမည့် အရေးမပါအသုံးမဝင်သောအလုပ်များကို ဘေးချိတ်ထားကြပြီလား၊ ထာဝရကာလတည်မြဲသည့် အလုပ်တစ်ခုတွင် သင့်အားထောက်မမည့် ကိုယ်တော်၏ကျေးဇူးတော်နှင့် လမ်းပြမည့်ကိုယ်တော်၏အထက်မှဉာဏ်ပညာများ ရရှိခံစားနိုင်ရန်အလို့ငှာ ဘုရားသခင့်ထံတော်သို့ နီးကပ်စွာသင်တို့မချဉ်းကပ်ကြသေးဘူးလား။ သားသမီးများကို စုံလင်သောအကျင့်စာရိတ္တပိုင်ရှင်များဖြစ်လာအောင် လုပ်ဆောင်ဖို့ ရည်မှန်းချက်ထားကြပါ။ စာရိတ္တစုံလင်သူများသာ ဘုရားသခင်ကိုဖူးတွေ့နိုင်သည်ဆိုသည့်အချက်ကိုလည်း သတိရအောက်မေ့ကြပါ။

များစွာသောမိဘများသည် ဘုရားပေးတာဝန်ကို လျစ်လျူရှုထားကြပါသည်။ ၎င်းတို့ကိုယ်တိုင်က သန့်ရှင်းဖြူစင်မှုမရှိကြသဖြင့် ခရစ်တော်၏စာရိတ္တတော်ကိုတွေ့မြင်ချီးမွမ်းနေစဉ်မှာပင် သားသမီးများ၏ချို့ယွင်းချက်များကို သူတို့မတွေ့မြင်နိုင်ကြပါ။

စံပြမိခင်တစ်ဦးဖြစ်လာအောင်လုပ်ဆောင်နည်း

အိမ်မှုတာဝန်များတွင် တကုပ်ကုပ်လုပ်ဆောင်နေမည့်အစား စာဖတ်ဖို့ အချိန်ယူကြပါ။ သိသင့်သိထိုက်သောအရာများကို သိရှိနိုင်ဖို့အချိန်ပေးကြပါ။ ခင်ပွန်းနှင့်သော်လည်းကောင်း၊ သားသမီးများနှင့်လည်းကောင်း ရင်းရင်းနှီးနှီး နေဖို့ အချိန်ပေးကြပါ။ မိမိချစ်ခင်သူများကို ပို၍မြင့်မြတ်သောအသက်တာ သို့ ပို့ဆောင်ပေးရန်အတွက် မိမိတို့ယခုရရှိနေသည့်အခွင့်အရေးကို သတိ ပညာဖြင့် အသုံးပြုကြပါ။ ခရစ်တော်ဘုရားကို မိမိ၏ခင်မင်သောအဖော် မိတ်ဆွေတစ်ဦး အဖြစ် အချိန်ယူမိတ်သဟာယဖွဲ့ကြပါ။ နှုတ်ကပတ်တော်ဖတ်ရန် အတွက်အ ချိန်ပေးကြပါ။ ဘုရားသခင်ဖန်ဆင်းထားသည့် လှပသောလက်ရာ တော်များကို လေ့လာနိုင်ရန်အတွက်လည်း သားသမီးများကို သဘာဝရှုခင်း များရှိသည့်နေ ရာသို့ ခေါ်သွားကြပါ။

မိမိတို့၏တာဝန်အသီးသီးမှ အိမ်သို့ပြန်လည်ရောက်ရှိလာသည့် ညနေခင်းအချိန်ကို နှစ်လိုဖွယ်အခါသမယကလေးဖြစ်အောင် လုပ်ကြပါ။ ဤနည်းအားဖြင့် ဖခင်များအား ညနေပိုင်းတွင် အရက်ဘားများနှင့်ကလပ် များသို့မသွားစေဘဲ အိမ်တွင်မိသားစုနေထိုင်ဖြစ်အောင် လုပ်ဆောင်ကြပါ။ ဤနည်းအားဖြင့် သားကလေးများအား လမ်းဘေးလမ်းထောင့်များတွင် အချိန်ဖြုန်းနေခြင်းကို တားဆီးကြပါ။ ဤနည်းအားဖြင့် သမီးကလေးများအား မကောင်းသောလူမှုအဖွဲ့အစည်းများနှင့်ပေါင်းသင်းခြင်းမှ ကာကွယ်ကြပါ။ ဤနည်းအားဖြင့် အိမ်ထောင်၏ဩဇာသက်ရောက်မှုသည် ဘုရားသခင် ကြံစည် ထားတော်မူသည့်အတိုင်း မိဘများနှင့်တကွ သားသမီးအားလုံးအတွက် ရာသက် ပန်ကောင်းချီးမင်္ဂလာတစ်ခု ဖြစ်လာပါလိမ့်မည်။

အိမ်ထောင်မှုအသက်တာကိုအောင်မြင်မှုတစ်ခုဖြစ်အောင်လုပ်ဆောင်ပါ

သင်သည် မိမိ၏အလိုဆန္ဒကို ရှေ့တန်းမတင်သင့်ပါ။ အရာရာတွင် ပုံသက်သေကောင်းပြနိုင်ရန် အထူးဂရုထားသင့်ပါသည်။ သင်၌ရှိသောအစွမ်း များကိုနှိုးဆွပါ။ အလုပ်မလုပ်ဘဲမနေပါနှင့်၊ ခင်ပွန်းသည်အား ဂရုတစိုက်

ကူညီလုပ်ဆောင်ပေးခြင်းဖြင့် ခင်ပွန်းသည်အတွက် မရှိမဖြစ်ပုဂ္ဂိုလ်တစ်ယောက် ဖြစ်လာအောင်ကြိုးစားပါ။ သင့်ခင်ပွန်းအတွက် အရာရာ၌သင်သည် ကောင်းချီး မင်္ဂလာတစ်ပါးဖြစ်စေပါ။ မဖြစ်မနေလုပ်ဆောင်ရမည့်အလုပ်တာဝန် များကို ပြီးစီးအောင်လုပ်ပါ။ အချို့အလုပ်များသည် အိမ်ထောင်မှုနှင့်ပတ်သက်နေသော် လည်း အရေးမပါဟုထင်ရသည်။ ထိုကဲ့သို့သော စိတ်ဝင်စားစရာမကောင်း သည့် ရိုးရိုးအလုပ်များကို မည်ကဲ့သို့ပျာပျာသလဲ အရေးတယူ လုပ်ဆောင်ရ သည်ကိုလည်း လေ့လာကြပါ။

အိမ်ထောင်မှုအသက်တာကို အောင်မြင်မှုတစ်ခုဖြစ်လာအောင် ဖန်တီး ကြပါ။ ထိုအရာမှာ မိခင်တစ်ဦး (သို့မဟုတ်) ဇနီးတစ်ဦး၏တာဝန်များကို ထမ်းရွက်ခြင်းထက် ပို၍လေးနက်ပါသည်။ အိမ်ထောင်မှုအသက်တာဆိုင်ရာ အတွေ့အကြုံများနှင့် ထုံးတမ်းဓလေ့များကို သင်နားလည်ဖို့လိုသလို မွေးက တည်းကပါလာသည့် သင့်စိတ်တန်ခိုး၏လှုံ့ဆော်မစပြုစုပျိုးထောင်မှုများကိုလည်း ရရှိဖို့လိုအပ်ပါသည်။

## အလုပ်ရှုပ်နေသောမိဘများ

မိမိ၏စိတ်ထားများ တိုးတက်လာအောင်လုပ်ဆောင်ရန်အတွက်သော် လည်းကောင်း၊ လက်တွေ့အသက်တာအတွက် သားသမီးများအားပညာပေးကာ ခရစ်တော်၏သိုးစုထဲသို့ပါလာအောင် သင်ကြားပေးရန်အတွက်သော် လည်း ကောင်း မိမိတို့၌အချိန်မရလောက်အောင် အလုပ်များနေကြသည်ဟု မိဘအများ ကပြောလေ့ရှိပါသည်။

မိဘများသည် မိမိတို့ကိုပျက်စီးဆုံးရှုံးစေသည်သာမက မိမိတို့၏ သားသမီးများကို အထိနာစေမည့် မကောင်းမှုဒုစရိုက်များကို ဖြစ်စေသည့် အပြစ်ကို ဆန့်ကျင်ကျော်လွှားနိုင်အောင် မိမိတို့၏စိတ်ကို လက်နက်အစုံနှင့် တပ်ဆင်ထားဖို့ လျစ်လျူမရှုသင့်ကြပါ။ မိဘများသည် မိမိကိုယ်ကိုမှန်ကန်စွာ ပညာပေးပြီးမှ သားသမီးများကို မှန်ကန်စွာပညာပေးကြရန်ဖြစ်ပါသည်။

အခြားသူများ၏အကြံပြုချက်များကို နားထောင်ဖို့အဆင်သင့်ရှိကြပါ။ သားသမီးများကိုဆုံးမခြင်းအရာနှင့် သားသမီး၏အပြုအမူများသည် အခြားမိတ်ဆွေများနှင့်မဆိုင်သောအရာဖြစ်သည်ဟု မထင်ကြပါနှင့်။

ခင်ပွန်းနှင့်လည်းကောင်း၊ သားသမီးများနှင့်လည်းကောင်း စကားပြောရာတွင် ယဉ်ယဉ်ကျေးကျေးစကားပြောတတ်အောင် လေ့ကျက်ကြပါ။ မိသားစုအားလုံးကို ဘုရားသခင်၏အလိုတော်နှင့်အညီ အသက်ရှင်နေထိုင်တတ်အောင် မည်သို့လုပ်ဆောင်ရမည်ကို လေ့ကျက်ပါ။ သာယာစွဲမက်စရာကောင်းသည့် အိမ်ထောင်တစ်ခုဖြစ်လာအောင် လုပ်ဆောင်ရန်မှာ မိဘနှစ်ပါးစလုံး၏တာဝန်ဖြစ်သည်။ ကြိမ်းမောင်းဆဲရေးခြင်းအားဖြင့် သင်တို့၏သားသမီးများသည် နာခံတတ်သူများဖြစ်လာမည်မဟုတ်ပါ။ ဒေါသတကြီးဆဲရေးကြိမ်းဝါးခြင်းအားဖြင့် ကောင်းသောရလဒ်တစ်စုံတစ်ခုမှ ထွက်မလာနိုင်သည်ကို မိဘများလေ့ကျက်ဖို့လိုအပ်ပါသည်။ အချို့မိဘများမှာ သားသမီးများကို ကြင်နာသောစကားများဖြင့်ဆက်ဆံဖို့လိုအပ်သည်ကို ယခုထိမသိကြသေးပါ။ ထိုကလေးငယ်များသည် အဖိုးအခတစ်ခုဖြင့် ခရစ်တော်ဝယ်ယူပိုင်ဆိုင်ထားသည့် အဖိုးတန်ရတနာများဖြစ်သည်ကို သူတို့မေ့လျော့နေကြပါသည်။

–o–



# အခန်း (၄)
# နာခံခြင်းနှင့်ပတ်သက်သောသင်ခန်းစာ

သားသမီးများအား နာခံခြင်းသင်ခန်းစာကို သင်ကြားပေးခြင်းအမှု မှာ ပို၍အဆင့်မြင့်သောပညာရပ်ဖြစ်သည်ကို မိဘများသတိရအောက်မေ့ကြပါ။ သွန်သင်ထားခြင်းမပြုရသေးသော သားသမီးများကို စိတ်ကူးပေါက်ရာလုပ်ခွင့်ပြုခြင်းထက် လျော်ကန်သောစည်းကမ်းများအောက်တွင်ထားခြင်းသည် သားသမီးများအား ပို၍ပင်ပျော်ရွှင်စေပါသည်။

သတိပညာနှင့်ပြည့်စုံသော မိဘများ၏စည်းကမ်းများကို အမြဲတစေ မဆိုင်းမတွနာခံခြင်းသည် ဘုရားသခင်နှင့်လူမှုအဖွဲ့အစည်းများအပေါ် ပို၍ လေးစားလာတတ်လာမည်ဖြစ်သကဲ့သို့ သားသမီးများကိုယ်တိုင်လည်း ပျော်ရွှင်မှုကိုခံစားလာကြရပါသည်။ အိမ်ထောင်စုစည်းကမ်းများကို လိုက်နာခြင်းသည် စုံလင်သောလွတ်လပ်မှုတစ်ခုဖြစ်သည်ဟု သားသမီးများအနေဖြင့် နားလည်ထားသင့်ကြပါသည်။ ဘုရားသခင်၏အလိုတော်သည် ကောင်းကင်နိုင်ငံတော်၏ဥပဒေသဖြစ်သည်။ အသက်တာ၏စည်းမျဉ်းများသည် ထိုဥပဒေသများဖြစ်နေသရွေ့ကာလပတ်လုံး ဘုရားသခင်၏အိမ်တော်သားအပေါင်းသည် သန့်ရှင်းနေရုံသာမက ပျော်ရွှင်နေကြပေလိမ့်မည်။ သို့သော်၊ ဘုရားသခင်၏ ဥပဒေသများကိုချိုးဖောက်ကာ မနာလိုစောင်းမြောင်းတိုက်ခိုက်လာမှုများရှိလာသောအချိန်တွင် ကောင်းကင်နိုင်ငံတော်မှ ကောင်းကင်တမန်တချို့သည် ကျဆုံးခဲ့ပါသည်။ ထိုနည်းတူ၊ ဘုရားသခင်၏ဥပဒေသများကို ကျွန်ုပ်တို့အိမ်ထောင်သားများ လိုက်နာနေသရွေ့ကာလပတ်လုံး ကျွန်ုပ်တို့အားလုံး ပျော်ရွှင်နေကြမည်သာတည်း။

## နားကောက်ခြင်းကြောင့်ဖြစ်ပေါ်ခဲ့ရသောဒေင်ဥယျာဉ်မှဆုံးရှုံးမှုများ

ကမ္ဘာရာဇဝင်အစတွင် ဖြစ်ပွားခဲ့သောအာဒံနှင့်ဧဝတို့၏နားကောက်ခြင်းအကြောင်းကို ပြည့်စုံစွာဖော်ပြထားပါသည်။ ကျွန်ုပ်တို့၏မိဦးဖဦးတို့သည်

တစ်ချက်ကလေးနားကောက်ခဲ့သဖြင့် အလွန်လှပတင့်တယ်သော ဒေင်အိမ်ဂေဟာကို သူတို့ဆုံးရှုံးခဲ့ရသည်။ အမှန်မှာ နားကောက်မှုသည် အသေးအဖွဲတစ်ခုမျှသာဖြစ်ပါသည်။ ထိုအရာသည် အသေးအဖွဲကလေးဖြစ်သည်ကိုပင် ကျွန်ုပ် တို့ကျေးဇူးတင်စရာအကြောင်းရှိပါသည်။ အကယ်၍သာ ကြီးကျယ်သော နားကောက်မှုများကိုသာ အပြစ်ဟုယူဆလာလျှင် ဤလောကတွင် သေးငယ်သောနားကောက်မှုများ အလွန့်အလွန်များပြားနေပေလိမ့်မည်။ထိုကြောင့် ဘုရားသခင်သည် အသေးငယ်ဆုံးသောအရာကလေးနှင့် ဒေင်ဥယျာဉ်မှ သန့်ရှင်းသော ဇနီးမောင်နှံကို စမ်းသပ်တော်မူခဲ့ပါသည်။

## လောကီရေးရာနှင့်ဝိညာဉ်ရေးရာကြွယ်ဝမှု၏အခြေခံအုတ်မြစ်

လောကီရေးရာနှင့်ဝိညာဉ်ရေးရာကြွယ်ဝမှုများသည် ဘုရားသခင်၏ ပညတ်တော် (ဥပဒေသများ) ကို နာခံလိုက်လျှောက်မှုအပေါ်တွင် မူတည်ပါသည်။ ကျွန်ုပ်တို့သည် နှုတ်ကပတ်တော်ကို ဖတ်ရှုလေ့လာခြင်းမရှိငြားသော်လည်း ပညတ်တော်ကိုကြိုးစားနာခံသောသူများနှင့် ပညတ်တော်များကိုနာခံရန် မိသားစုများအား ကြိုးစားသွန်သင်နေသူများတို့သည် ကောင်းချီးမင်္ဂလာခံစားရသည်ဆိုသည့်အချက်ကို နားလည်သဘောပေါက်နေကြပါသည်။ ဘုရားသခင်၏ပညတ်တော်ကို နာခံလိုက်လျှောက်ခြင်းသည် ကျွန်ုပ်တို့၏ဘဝဖြစ်သလို ကျွန်ုပ်တို့၏ပျော်ရွှင်မှုလည်းဖြစ်ပါသည်။

## သားသမီးများကိုနာခံတတ်အောင်လမ်းပြကြပါ

သားသမီးများကိုနာခံတတ်အောင် လမ်းပြပို့ဆောင်ရမည်ဟူသော မွန်မြတ်သောတာဝန်သည် မိဘများ၏ပခုံးပေါ်တွင် ကျရောက်နေပါသည်။ လောကီလောကုတ္တရာနှစ်ဖြာသောပျော်ရွှင်မှုကို ခံစားခွင့်ရခြင်းမှာ နှုတ်တော်ထွက်စကားများကို နာခံလိုက်လျှောက်ခြင်းအပေါ်တွင် လုံးဝမူတည်နေပါသည်။ မိဘတို့၊ ခရစ်တော်၏အသက်တာသည် သင့်အတွက်ပုံစံနမူနာဖြစ်စေပါ။ သင်၏မြင့်မားသော ဘုရားတရားရှိမှုစံနှုန်းကို တစ်သွေမတိမ်း နားထောင်

လိုက်လျှောက်မှုအဖြစ်သတ်မှတ်ကာ စာတန်သည် နည်းမျိုးစုံအသုံးပြုလျက် ဖြိုဖျက်ပစ်ရန် ကြိုးစားလုပ်ဆောင်လိမ့်မည်။ ထိုကြောင့် ၎င်းတို့အားဘုရားသခင်၏ပုံသဏ္ဍာန်တော်နှင့်အညီ စာရိတ္တတည်ဆောက်ပေးနေကြောင်း ငယ်ရွယ်စဉ်ကတည်းကသဘောပေါက်အောင် ကလေးများကိုသွန်သင်ထားကြရပါမည်။ လူသားအားလုံး၌ ရှိသင့်သည့်ပုံစံမျိုးကိုပြသရန် ခရစ်တော်သည် ဤလောကသို့ကြွလာတော်မူခဲ့သည်ဖြစ်ရာ နှုတ်ကပတ်တော်ကိုယုံသောမိဘများသည် ဘုရားသခင်ကိုချစ်ရုံသာမက ဘုရားသခင်၏ပညတ်တော်များကိုလည်း စောင့်ရှောက်ကြရန် သင်ကြားပေးကြရပါမည်။ ဤတာဝန်သည် မိဘများလုပ်နိုင်သမျှတွင် အကြီးမြတ်ဆုံးသောတာဝန်တစ်ခုဖြစ်ပါသည်။ ဘုရားသခင် လိုချင်သောအရာကိုလည်းကောင်း၊ ဖြောင့်မတ်ခြင်းနှင့်အပြစ်တရားအကြားရှိ ခြားနားမှုကိုလည်းကောင်း၊ နားထောင်ခြင်းနှင့်နားကောက်ခြင်းအကြားရှိ ခြားနားမှုကိုလည်းကောင်း ကလေးများနှင့်လူငယ်များ နားလည်သဘောပေါက်စေလိုတော်မူသည်မှာ ဘုရားသခင်၏အကြံစည်တော်ပင်ဖြစ်ပါသည်။

နားထောင်ခြင်းအားဖြင့်စိတ်နှလုံးချမ်းမြေ့စေခြင်း

ဘုရားသခင်၏သန့်ရှင်းသောပညတ်တော်များကို မထီမဲ့မြင်မပြုမိအောင် သားသမီးများကို မိဘများကပညာပေးသင့်ပါသည်။ သစ္စာမဲ့ရုံသာမက နားကောက်တတ်သောလူသားများအား ဘုရားသခင်ထံတော်သို့ ပြန်လည်ခေါ်ဆောင်ရန်အတွက် တစ်ပါးတည်းသောသားတော်ကို စေလွှတ်တော်မူခဲ့သော ဘုရားသခင်အပေါ်သစ္စာစောင့်သိလာအောင် သခင်ဘုရားထံတွင် အသနားခံလျက် မိဘတိုင်းအားကိုးသင့်ပါသည်။ ခံစားရရှိထားသည့်အစွမ်းသတ္တိအသီးသီးကို အမှုတော်မြတ်တွင်အသုံးပြုလျက် ခရစ်တော်အတွက် ဖြောင့်မတ်စွာကျင့်ကြံဆက်ဆံခြင်းအမှုသည် ပညတ်တော်ကိုနာခံခြင်းဖြစ်ကြောင်း လက်လှမ်းမီသမျှသောသူအပေါင်းအား သွန်သင်နေသူများ စိတ်နှလုံးချမ်းမြေ့ပျော်ရွှင်နေသည့်မြင်ကွင်းကိုလည်း ထာဝရဘုရားမြင်တွေ့လိုတော်မူသည်။

## အသက်တာတစ်ခုလုံးအတွက်သင်ခန်းစာ

မိဘစကားကိုနာခံတတ်စေရန် သားသမီးများကို ကလေးဘဝမှစ၍ စိတ်ထဲမှာစွဲနေအောင်လုပ်ထားပြီး လူငယ်ဘဝအရောက်တွင် ဆက်လက်ပျိုးထောင်ပေးရပါမည်။ အချို့မိဘများသည် မိမိတို့၏ကလေးငယ်များအား နေချင်သလိုနေရန် လွှတ်ထားလို့ရသည်ဟု ထင်တတ်ကြပါသည်။ ထိုကဲ့သို့သောကလေးများသည် အနည်းငယ်ကြီးလာသောအခါ ပြောမရဆိုမရဖြစ်လာပါသည်။ ထိုလုပ်ရပ်သည် မှားယွင်းသောအရာတစ်ခုဖြစ်၏။ မိဘစကားကိုနာခံလေးစားရုံသာမက မိဘများ၏အစီအမံကိုလက်ခံတတ်အောင် သင်ကြားပေးကြပါ။ မိခင်သည် မိမိသားသမီးများအား နို့စို့သူငယ်ဘဝမှအစပြု၍ နာခံတတ်အောင်သင်ကြားပေးသင့်ပါသည်။ သူမသည် ကလေးငယ်၏ စိတ်ဆန္ဒနှင့်ဒေါသစိတ်များကို ချိုးနှိမ်လျက် နာခံတတ်သည့်စိတ်သဘောထားမျိုးရလာအောင် သွန်သင်ရပါမည်။ တဖြည်းဖြည်းအသက်ကြီးလာသည်အထိ ဆက်လက်သွန်သင်ပါ။ လျှော့မပစ်ပါနှင့်။

အတ္တစိတ်များမပြင်းထန်မီ-----

ကလေးများကိုငယ်ရွယ်စဉ်အချိန်မှာ နာခံတတ်အောင်သင်ပေးသည့် မိဘများအလွန်နည်းပါးလှပါသည်။ သားငယ်သမီးငယ်များကို (၂) နှစ်သား (၃) နှစ်သားလောက်အထိ ၎င်းတို့၏ဆန္ဒအတိုင်းနေထိုင်အသက်ရှင်ရန် ခွင့်ပြုထားလေ့ရှိပါသည်။ ကလေးကငယ်လွန်းသည့်အတွက် နာခံတတ်အောင် သင်ဖို့မဖြစ်နိုင်ဟုလည်း အများကထင်ကြပါသည်။ အမှန်မှာ ထိုအချိန်ကာလအတွင်း ထိုကလေးငယ်၌ အတ္တစိတ်များသည် တစ်နေ့ထက်တစ်နေ့ကြီးထွား လာနေသဖြင့် နောက်ပိုင်းတွင် မိဘများအတွက် ၎င်းအားထိန်းချုပ်ရန် ပို၍ ခက်ခဲလာတတ်ပါသည်။

ကလေးများသည် အသက်အရွယ်နုပျိုစဉ်တွင် ရိုး၍ရှင်းသောစကားများကို နားလည်နိုင်စွမ်းရှိနေကြရာ နာခံတတ်သူများဖြစ်လာအောင် သူတို့အား

ကြင်နာယုယစွာဖြင့် ဆင်ဆင်ခြင်ခြင်သွန်သင်ကြရပါမည်။ မိခင်များသည် ကလေးငယ်များ၏နွဲ့ဆိုးဆိုးခြင်းကို လုံးဝလက်မခံကြဘဲ မိမိတို့၏သွန်သင်ချက်များကိုနာခံလာစေရန် ကြမ်းကြမ်းတမ်းတမ်းပုံစံမျိုးဖြင့်လုပ်ရန်မလိုဘဲ မေတ္တာစကား၊ ကြင်နာသောစကားများကိုသုံးလျက် ပြောဆိုသွန်သင်ခြင်းဖြင့် ထိုရည်မှန်းချက်ကိုအောင်မြင်နိုင်ပါသည်။ အကယ်၍သာ အသက် (၃) နှစ်လောက်အထိ သူတို့၏အတ္တစိတ်၊ တစ်ကိုယ်ကောင်းစိတ်နှင့်ဒေါသစိတ်များကို လွှတ်ပေးထားမိလျှင် အရေးကြီးသောအရာများကိုသင်ကြားပေးရန် အခက်တွေ့ပေလိမ့်မည်။ သင်၏သွန်သင်ချက်အပေါ် ၎င်းတို့မကြည်မသာဖြစ်ကာ ၎င်းတို့၏အလိုအတိုင်း လုပ်ဆောင်နေကြလိမ့်မည်သာတည်း၊ မိဘများ၏အုပ်ထိန်းမှုကို သဘောတွေ့ကြလိမ့်မည်မဟုတ်တော့ချေ။

မကောင်းသောထိုစိတ်ထားမျိုးသည် ကြီးထွားလာကာ လူကြီးဘဝသို့ရောက်လာသောအခါ တစ်ကိုယ်ကောင်းဆန်သောစိတ်နှင့် ချုပ်တည်းခြင်းမရှိသောစိတ်ထားမျိုးအဖြစ်သို့ ပြောင်းလဲသွားရုံသာမက တိုင်းပြည်ကိုဒုက္ခပေးနိုင်သည့် ဆိုးယုတ်မှုများ၏စိုးမိုးမှုအောက်သို့ ရောက်သွားသည်အထိ သူတို့အားပို့ဆောင်ပေးတတ်ပါသည်။

မိဘများအား မလေးမစားပြုမူဆက်ဆံခြင်းကို ခွင့်မပြုကြပါနှင့်။ ၎င်းတို့၏တစ်ကိုယ်ကောင်းဆန်မှုများအတွက် မဆုံးမဘဲမနေကြပါနှင့်။ ခိုင်မာသောစည်းကမ်းဖြင့် ချစ်ခင်ကြင်နာစွာဆုံးမမှုသာလျှင် ထိုကလေးငယ်၏အနာဂတ်သည် ကောင်းမွန်နိုင်ပါလိမ့်မည်။

မိဘစကားကိုနာခံတတ်သောကလေးများသည် ဘုရားသခင်၏စကားကိုနာခံတတ်ခြင်း

ဆုတောင်းသောမိဘများ၏ပြုစုမှုတွင် အသက်ရှင်ခဲ့ရသောကလေးလူငယ်များသည် ထူးခြားသောအခွင့်ကောင်းကို ရသူများဖြစ်ကြသည်။ ထိုကလေးများ၌ ဘုရားသခင်ကိုသိကျွမ်းချစ်ခွင့်ရရန် အခွင့်အလမ်းတစ်ခုရှိနေသည်။ မိဘများ၏စကားကိုနာခံပြီး ရိုသေလေးစားတတ်သောကလေး

များသည် ဘုရားသခင်ကိုရိုသေကာ နှုတ်ကပတ်တော်ကိုနာခံတတ်ကြပါသည်။ သူတို့သည် အလင်း၏သားငယ်၊ သမီးငယ်များဖြစ်ကြလျှင် မျက်မြင်ရသော မိဘများကို ချစ်ခင်လေးစားတတ်ကြလိမ့်မည်။ ဤနည်းအားဖြင့် ဘုရားသခင် ကိုလည်း ချစ်ခင်ရိုသေသူများ ဖြစ်လာကြပါလိမ့်မည်။ သူတို့သည် နှုတ်ကပတ် တော်တွင်ဖော်ပြထားသည့် သမ္မာတရားများကိုလေ့ကျက်လျက် မိဘများ၏စစ်မှန် သောကိုယ်စားလှယ်များဖြစ်လာကြလျှင် မိမိတို့၏ကောင်းမွန် သောအသက်တာ မွန်မြတ်သန့်ရှင်းသောအပြောအဆိုများအားဖြင့် ဘုရားသခင်၏ ပိုင်စိုးပိုင်သ တော်မူခြင်းကိုလည်း အသိအမှတ်ပြုလာကြပါလိမ့်မည်။

## နားထောင်လိုက်လျှောက်သူများသာနိုင်ငံတော်သို့ဝင်စားခြင်း

ဘုရားသခင်ကိုချစ်ကြောက်ရိုသေသောစိတ်ဖြင့် အလိုတော်ကိုနားထောင် လိုက်လျှောက်သည်၊ မလိုက်လျှောက်သည်ကို မြင်တွေ့ရန် သခင်ဘုရားသည် ၎င်းတို့၏ပစ္စုပ္ပန်ဘဝ၌ပင် သက်သေပြလျက်ရှိပါသည်။ ဤလောကတွင် နေထိုင်စဉ် ခရစ်တော်၏စကားတော်ကို မနာခံသူများသည် ထာဝရနိုင်ငံ တော်တွင်လည်း ကိုယ်တော်၏အမိန့်တော်ကို နာခံကြလိမ့်မည်မဟုတ်ချေ။ မိဘ (သို့မဟုတ်) သားသမီးများသည် ကောင်းကင်နိုင်ငံတော်သို့ဝင်စားရန် ကြိုဆိုခြင်းကိုခံရလိမ့်မည်ဆိုလျှင် ထိုအရာသည် အခြားအကြောင်းကြောင့် မဟုတ်ဘဲ ဤဘဝတွင်အသက်ရှင်စဉ် ဘုရားသခင်၏ပညတ်တော်များကို နာခံရန် လေ့ကျက်ခဲ့သောကြောင့်သာ ဖြစ်ပါလိမ့်မည်။

## နာခံခြင်းအကျင့်ခလေ့

ဘုရားသခင်၏ဂုဏ်တော်ကို ရိုသေစွာချီးမွမ်းရာတွင် အသုံးပြုနိုင် သည့်အစွမ်းများကို ၎င်းတို့အားပေးထားကြောင်း သားသမီးများကိုသွန်သင် ကြပါ။ နာခံတတ်သည့်သဘောထားများ စွဲမြဲသည်အထိ နူးညံ့သောစိတ် သဘောဖြင့် အဆုံးတိုင်အောင်ကြိုးစားလေ့ကျင့်ပေးကြပါ။ သို့မှသာ နိုင်ငံ

အစိုးရနှင့်ဘုရားသခင်ကိုဆန့်ကျင်ခြင်း၊ မိဘဆရာများအပေါ် သူစိမ်းဆန်ဆန်ခါးသီးခြင်းများကိုဖြစ်စေသည့်နောက်ပိုင်းတွင် ဖြစ်ပေါ်လာမည့်သဘောထားကွဲလွဲမှုများကို အနည်းနှင့်အများ တားဆီးနိုင်မည်ဖြစ်သည်။

ကွေ့လည်ကြောင်ပတ်စကားပြောခြင်း (သို့မဟုတ်) ငြင်းခုံခြင်းများကို ခွင့်မပြုကြပါနှင့်

မိဘများတို့၊ မိသားစုအလယ်တွင် ကောင်းမွန်သောအုပ်ချုပ်ရေးစနစ်တစ်ခုကို ရှေးဦးစွာတည်ဆောက်ကြပါ။ မိဘ၏စကားများသည်သာ အိမ်စည်းကမ်းဖြစ်သင့်ပါသည်။ ငြင်းခုံမှုများနှင့် ကွေ့လည်ကြောင်ပတ်ပြော ခြင်းများကို ဟန့်တားကြပါ။ မိဘစကားကို အကြွင်းမဲ့နာခံရန် ရင်ခွင်ပိုက် အရွယ်မှစ၍ ကလေးများကိုသွန်သင်ကြပါ။ တင်းကျပ်သောစည်းကမ်းများ သည် တစ်ခါတစ်ရံတွင်မကျေနပ်မှုများကို ဖြစ်စေနိုင်ကာ ကလေးများသည် တင်းကျပ်သောစည်းကမ်းများကိုမကြိုက်ဘဲ မိမိတို့၏ဆန္ဒအတိုင်း ပြုမူလုပ်ဆောင် လိုကြသည်။ သို့စေကာမူ မိဘစကားကိုနာခံရမည်ဟူသောသင်ခန်းစာကို လေ့ကျက်ပြီးသည့် ကလေးများသည် ဘုရားသခင်၏အလိုတော်ကိုဝန်ခံရန် ပို၍အဆင်သင့်ဖြစ်နေတတ်ပါသည်။ ငယ်ရွယ်စဉ်အချိန်မှာရရှိခဲ့သည့် လေ့ကျင့် သွန်သင်မှုများသည် ၎င်း၏ဘာသာရေးအတွေ့အကြုံအပေါ်တွင် ဩဇာသက်ရောက်မှုရှိသည့်အပြင် ၎င်း၏အကျင့်စာရိတ္တကိုလည်း ပြုပြင်ပုံသွင်း ပေးပါသည်။

မည်သည့်ဆင်ခြေဆင်လက်ကိုမျှခွင့်မပြုပါနှင့်

မိဘများသည် မိသားစု၏ဆရာ၊ ဆရာမများအနေဖြင့် အိမ်ထောင်စည်းမျဉ်းများကို သားသမီးများလိုက်နာခြင်းရှိမရှိ စောင့်ကြည့်ရပါမည်။ နာခံမှုမရှိခြင်းကို ခွင့်လွှတ်ထားကြမည်ဆိုလျှင် ကလေးများသည် စည်းကမ်းနှင့်နေတတ်ကြတော့မည်မဟုတ်ချေ။ ကလေးများကိုနာခံတတ်အောင်၊ နားထောင်လိုက်လျှောက်တတ်အောင် လုပ်ဆောင်ကြရမည်။ မနာခံမှုများကို လုံးဝခွင့်မပြု

ကြပါနှင့်။ မနာခံမှုများကို ခွင့်ပြုတတ်သောမိဘများနေထိုင်သည့် အိမ်တံခါးဝတွင် စာတန်ရှိနေပါသည်။ နာခံမှုရှိရမည်ဆိုသည့်အချက်ကို သားသမီးများနားလည်သဘောပေါက်ရန် လိုအပ်ပါသည်။

မတွေးမခေါ်တတ်မီ-----

သားငယ်သမီးငယ်များ ရှေးဦးပထမလေ့လာသင့်သောအရာမှာ နာခံခြင်းနှင့်ပတ်သက်သော သင်ခန်းစာဖြစ်ရာ မတွေးတတ်မခေါ်တတ်မီအရွယ်ကတည်းက ထိုသင်ခန်းစာကို သင်ကြားပေးရပါမည်။

ချက်ချင်းအကြွင်းမဲ့နာခံတတ်ဖို့လိုအပ်ခြင်း

မိဘစကားကိုကြားလျှင်ကြားချင်း အကြွင်းမဲ့နာခံတတ်အောင်လုပ်ဆောင်ရန်ပျက်ကွက်သောမိဘများသည် မှန်ကန်သောစာရိတ္တအုတ်မြစ်ကိုကလေးများ၏အသက်တာတွင်ချရန် ပျက်ကွက်နေခြင်းဖြစ်သည်။ အသက်ကြီးလာသောအခါ မိဘကိုမရိုသေတတ်ရုံသာမက သက်ကျားရွယ်အိုမိဘများ၏စိတ်နှလုံးကို ပူဆွေးစေအောင်လုပ်တတ်သည့် ကလေးများဖြစ်လာအောင်ထိုမိများပြင်ဆင်ပေးနေခြင်းဖြစ်သည်။

ကျိုးကြောင်းဆီလျော်သောအရာများကိုခိုင်းစေပါ

မိဘများ၏ခိုင်းစေမှုများသည် ကျိုးကြောင်းဆီလျော်ဖို့ လိုအပ်ပါသည်။ အကြိုက်ဆောင်သောစကားများကိုမသုံးဘဲ ပညာသတိဖြင့်ပြည့်စုံသောညွှန်ကြားချက်များဖြင့် ကြင်ကြင်နာနာပြောဆိုခိုင်းစေပါ။ ကလေးများ၏စိတ်နှလုံးနှင့်မိမိတို့၏စိတ်နှလုံးအကြား မေတ္တာနှောင်ကြိုးဖြင့်ချည်နှောင်ရန်ကြိုးစားရင်းဆူပူကြိမ်းမောင်းအပြစ်ရှာခြင်းမပြုဘဲ အေးအေးဆေးဆေးသွန်သင်ကြပါ။ မိဘဆရာများနှင့်အစ်ကိုကြီးအစ်မကြီးများသည် ကလေးငယ်များအတွက် ဝိညာဉ်ခွန်အားဖြည့်ဆည်းပေးသည့် ပညာရေးအင်အားစုများဖြစ်လာကြစေပါ။ ကလေး

ငယ်များကို အလိုတော်နှင့်အညီ ကြီးထွားအသက်ရှင်လာစေနိုင်သည့် ကောင်း မွန်သောပတ်ဝန်းကျင်တစ်ခုကို အိမ်ထောင်တွင်တည်ဆောက်နိုင်သူများဖြစ်လာ ကြရန်ဖြစ်ပါသည်။

### အကျိုးအကြောင်းကိုဖော်ပြကာနာခံဖို့သွန်သင်ပါ

မိသားစုအုပ်ချုပ်ရေးတွင် သားငယ်သမီးငယ်များသည် မိဘစကား ကိုနာခံဖို့ သွန်သင်ပေးရမည်။ ၎င်းတို့သည် အိမ်ထောင်စည်းကမ်းများကို လိုက်နာလျက် ဘုရားသခင်အသိအမှတ်ပြုနိုင်လောက်သည့် အကျင့်စာရိတ္တ မျိုးကို တည်ဆောက်ကြရန်ဖြစ်ပါသည်။ ခရစ်ယာန်မိဘများသည် မိမိတို့၏ သားသမီးများအား ပညတ်တော်များကို နားထောင်လိုက်လျှောက်ရန် သင်ကြား ပေးရပါမည်။ နားလည်နိုင်သောအရွယ်ရောက်သည့်အခါ ပညတ်တော်စောင့် ခြင်းနှင့်ပတ်သက်သော ကျိုးကြောင်းဆင်ခြင်မှုများကိုလည်း သူတို့အားပြောပြ ရပါမည်။ သို့မှသာ သူတို့သည် မည်သည့်အရာကိုဆောင်၍ မည်သည့် အရာကိုရှောင်ရမည်ကို သိရှိလာကြပါမည်။

### မိဘ၏စကားသည်သာစည်းမျဉ်းဥပဒေ

သင်တို့၏လက်ထဲတွင်ရှိနေသော သားသမီးများသည် သင်တို့ကို အရေးစိုက်ဂရုထားလာအောင် လုပ်ကြရမည်။ သင်တို့ပြောသောစကားသည် သူတို့အတွက် စည်းမျဉ်းဥပဒေများဖြစ်သည်။ မိဘများသည် ဘုရားသခင့် ထံတော်တွင် ခွန်အားယူလျက် မိမိတို့၏နောက်မှလိုက်နေသော သားသမီး များအတွက် ထ၍အမိန့်ပေးကြပါ။ သူတို့သည် မှားယွင်းသောအရာများကို ခိုင်ခိုင်မာမာစိတ်လက်ပါပါ ငြင်းဆန်တတ်အောင် လေ့ကျက်ကြရပါမည်။ သားသမီးများကို အမှန်နှင့်အမှား အသေအချာမခွဲခြားနိုင်သည့်အခြေအနေ မျိုးတွင်မထားကြဘဲ အမှန်လမ်းကိုတိကျစွာညွှန်ပြကာ ထိုလမ်းအတိုင်းလိုက် လျှောက်ကြရန် သွန်သင်ကြရပါမည်။

အပြစ်လုပ်ခြင်းကိုမသိဟန်ဆောင်ခြင်း

ပညတ်တော်တွင် ဘုရားသခင်ကိုယ်တော်တိုင်မိန့်ဆိုထားသဖြင့် မိမိတို့ကို သားသမီးများရိုသေစေဖို့ သွန်သင်ကြပါ။ သားသမီးများက အိမ်ထောင်စည်းကမ်းများအပေါ်ဂရုမထားသည်ကို သင်ခွင့်ပြုမိလျှင် သင်သည် ဒုစရိုက်မှုကိုမသိဟန်ဆောင်နေခြင်းဖြစ်သည်။ စာတန်ကိုလုပ်ချင်သလိုလုပ်ရန် သင်ခွင့်ပြုနေခြင်းဖြစ်သည်။ ထိုအာခံမှုမျိုးသည် ရိုသေကိုင်းရှိုင်းမှုကင်းမဲ့သည့်ပြင် ဘာသာရေးအသက်တာနှင့် အသင်းတော်ဘောင်ထဲသို့ ကိုယ်ကိုကိုယ်သာ ချစ်တတ်သောစိတ်ဓာတ်များကို သယ်ဆောင်လာလိမ့်မည်။ ဤဒုစရိုက် မှု၏မူလရင်းမြစ်သည် မိဘများ၏လျစ်လျူရှုမှုမှအစပြုသည်ဟု ဘုရားသခင်က စွဲချက်တင်တော်မူလိမ့်မည်။

နာခံတတ်ရန်ထပ်ခါတလဲလေ့ကျင့်ခြင်း

မိဘစကားကိုနာခံတတ်သည့် သင်ခန်းစာနှင့်အစိုးရများကို လေးစားတတ်သည့်သင်ခန်းစာများကို ထပ်ခါတလဲသင်ကြားပေးဖို့လိုပါသည်။ ထိုကဲ့သို့ လုပ်ဆောင်သောအိမ်ထောင်တွင် ကြီးပြင်းလာသောကလေးငယ်များသည် မကောင်းမှုကိုရှောင်ရှားနိုင်ရုံသာမက သမ္မာတရားနှင့်ဖြောင့်မတ်ခြင်းတရားများကိုမြတ်နိုးတတ်ကြပါသည်။ ဖြစ်ထွန်းလာသည့်အကျိုးကျေးဇူးများကို သားသမီးများသာမက မိဘများလည်းထပ်တူခံစားခွင့်ရကြပါသည်။

–ဝ–



# အခန်း (၅)
# ကလေးငယ်များအတွက်အခြေခံသင်ခန်းစာများ

ကလေးငယ်များကိုပေးနေသည့် ပညာရေး၏ရည်မှန်းချက်နှင့်ဦးတည်ချက်များသည် မည်မျှကြီးကျယ်သည်ကိုလည်းကောင်း ထိုပညာရေးသည် သူတို့၏ဘဝ၊ သူတို့ထမ်းရွက်ရမည့်တာဝန်များနှင့် သင့်လျော်ခြင်းရှိမရှိကို လည်းကောင်း၊ ထိုပညာရေးသည် လောကတွင်ရှိသေလေးစားဖွယ်အနေအထား တစ်ခုအတွက် အရည်အသွေးမီစေနိုင်သည့် ပညာရေးဟုတ်မဟုတ်ကိုလည်းကောင်း၊ လူသားများကိုအကျိုးပြုသည့် ကောင်းသောပညာရေးဟုတ်မဟုတ် ကိုလည်းကောင်း၊ အဆုံးတွင်ဖြောင့်မတ်သူများအားပေးမည့် ထာဝရအသက်ကို ရယူစေနိုင်မည့်ပညာရေးဟုတ်မဟုတ်ကိုလည်းကောင်း မိခင်များစူးစမ်းလေ့လာကြရပါမည်။

အလျှော့ပေးတတ်အောင်ကလေးများကိုလေ့ကျင့်သင်ကြားပါ

ကလေးငယ်များသည် တစ်နှစ်သားမပြည့်မီကပင် သူတို့အကြောင်းပြောသည့်အရာများကို နားလည်နေချေပြီ။ သူတို့ကိုမည်ရွေ့မည်မျှအလိုလိုက်သည်ကိုလည်း သိနေကြချေပြီ။ မိခင်တို့၊ သင်တို့လုပ်စေလိုသည်အတိုင်း ကလေးငယ်များလုပ်ချင်လာအောင် လေ့ကျင့်ပေးသင့်ပါသည်။ သင့်၏ ကလေးငယ်များကို စိတ်ရှည်ရှည်ဖြင့်ဆက်ဆံပြီး မိခင်သိက္ခာကိုထိန်းသိမ်းနိုင် သောအချိန်တွင် ၎င်းတို့အပေါ်သင်ဩဇာရှိလာပါလိမ့်မည်။ သူတို့အပေါ် သင်မျှော်လင့်ထားသောအရာများကို ၎င်းတို့အလျင်အမြန်သိလာပါလိမ့်မည်။ ၎င်းတို့၏ဆန္ဒသည် သင်၏စိတ်နှလုံးကိုလွှမ်းမိုးသည့်အချိန်ကို သူတို့သိထား ကြရုံသာမက မိမိတို့၏အောင်မြင်မှုကို ၎င်းတို့ကောင်းစွာအသုံးချလာကြပါ လိမ့်မည်။ ၎င်းတို့၏အကျင့်ဆိုးများကို ဖွံ့ဖြိုးလာအောင်ခွင့်ပြုခြင်းနှင့်သူ့လက် သူ့ခြေဖြင့်နေထိုင်ခွင့်ပေးခြင်းသည် မိုက်မဲမှုတစ်ခုသာဖြစ်ပါသည်။

တစ်ကိုယ်ကောင်းဆန်သောစိတ်များကိုအလိုမလိုက်ကြပါနှင့်

မိဘများသည် ထိုအချက်ကိုဂရုမထားကြလျှင် ကလေးငယ်များ၏ အလိုဆန္ဒကို လိုက်လျောနိုင်စေရန် မိမိတို့ကိုယ်တိုင် အအိပ်အစားချို့တဲ့သည် အထိဖြစ်စေသည့် ကလေးများအခွင့်အရေးတောင်းဆိုလာအောင် ကလေးများကိုသူတို့ပြုမူမိကြလိမ့်မည်။ မိမိတို့အတွက်ကိုသာလုပ်ပေးပြီး မိမိတို့အလိုကိုသာလိုက်လျောဖို့ ကလေးများကတောင်းဆိုလာသောအခါ မိဘများသည် ၎င်းတို့တောင်းဆိုသမျှကို လိုက်လျောကြပါသည်။ ထိုအရာသည် ကလေးငယ်များ၏စိတ်နှလုံး၌ တစ်ကိုယ်ကောင်းစိတ်ကိုစွဲမြဲအောင် လုပ်ပေးနေသည့် လိုက်လျောမှုဖြစ်ကြောင်း မိဘများဂရုမစိုက်မိကြချေ။ ထိုသို့လုပ်ဆောင်နေ ခြင်းသည် တလွဲဆံပင်ကောင်းနေခြင်းသာဖြစ်သည်။ ကလေးငယ်ငယ်မှာ ရှေးဦးပထမရခဲ့သော ပညာရေး၏ဩဇာသက်ရောက်မှုကိုချေဖျက်ရန် အလွန် ခက်ခဲသည်ကို နောက်ပိုင်းတွင် မိဘများတွေ့ကြုံလာကြပါလိမ့်မည်။ တစ်ကိုယ် ကောင်းစိတ်၏လှုံ့ဆော်မှုကြောင့် ဖြစ်ပေါ်လာသည့်အလိုဆန္ဒများကို မိဘများက ဖြည့်ဆည်းပေးမည်မဟုတ်သည်ကို ရှေးဦးပထမကတည်းက ကလေးငယ် များနားလည်အောင် လုပ်ထားဖို့လိုအပ်ပါသည်။

ငိုပြီးတောင်းတိုင်းမပေးနှင့်

ကလေးငယ်ကမိုလ်ကျမလာအောင် မိခင်များထပ်ခါတလဲလုပ်ဆောင်ရသည့်အလုပ်မှာ အဖိုးတန်သောသင်ခန်းစာတစ်ခုဖြစ်ပါသည်။ ကလေးငယ်က သခင်တစ်ယောက်မဟုတ်ပါ။ မိခင်၏အလိုဆန္ဒကိုသာ ဦးစားပေးအကောင်အထည်ဖော်ရပါမည်။ သင်ကလုပ်ပေးလိုသည့်ဆန္ဒရှိနေလျှင်တောင်မှ ငိုပြီးတောင်းတတ်သော ကလေးငယ်၏အလိုကိုမဖြည့်ဆည်းပါနှင့်။ တစ်ခါငိုပြီးတောင်း လို့ရလျှင် နောက်တစ်ခါငိုပြီးတောင်းလိမ့်ဦးမည်။ ဒုတိယအကြိမ်တိုက်လှန်မှု သည် ပို၍ပြင်းထန်လာလိမ့်မည်။

ကလေးများစိတ်ဆိုးပြသည်ကိုမည်သည့်အခါမှလက်မခံပါနှင့်

ကလေးများ၏ဒေါသမာန်ကြီးခြင်းကို ထိန်းချုပ်ခြင်းအလုပ်သည် မိခင်များဦးစားပေးလုပ်ဆောင်ရမည့် အလုပ်တစ်ခုဖြစ်သည်။ စိတ်ဆိုးပြသည့် ကလေးများကို ခွင့်မပြုသင့်ပါ။ တောင်းတာကိုမပေးသဖြင့် ကြမ်းပြင်ပေါ်သို့ မိမိကိုယ်ကိုပစ်ချခြင်း၊ ထိုးနှက်ခြင်း၊ ငိုကြွေးခြင်းများကိုပြုလုပ်လာလျှင် ခွင့်မပြုသင့်ပါ။ အချို့မိခင်များသည် ထိုကဲ့သို့ကလေးငယ်များလုပ်ဆောင်နေခြင်းကို သည်းခံရမည့်အရာတစ်ခုအဖြစ်ခံယူလျက် ကလေးများအတွက် မည်သို့မှ ထိခိုက်နိုင်သည့်အရာတစ်ခုမဟုတ်ဟု ရှုမြင်နေပုံရပါသည်။ သို့ရာတွင် မကောင်းသောလုပ်ရပ်တစ်ခုကို တစ်ခါခွင့်ပြုမိလျှင် နောက်တစ်ခါထပ်ပြီး လုပ်လာလိမ့်မည်။ ကြိမ်ဖန်များစွာလုပ်ဆောင်လာလျှင် အကျင့်ဝလေ့တစ်ခု ဖြစ်လာပြီး ထိုကလေးငယ်၏စာရိတ္တ၌ မကောင်းသည့်မျိုးကလေးတစ်ပွင့် စွန်းထင်းသွားပေလိမ့်မည်။

မိမိတို့အား မည်သည့်ဝိညာဉ်ကလွှမ်းမိုးနေသည်ကို ကလေးငယ်များမသိနိုင်ကြပါ။ အမှားအမှန်ကိုဆုံးဖြတ်ပြီး လိုအပ်လျှင်လိုအပ်သလို လုပ်ဆောင်ပေးရန်မှာ မိဘများ၏တာဝန်ဖြစ်ပါသည်။ ကလေးငယ်များ၌ တည်ဆောက်နေသောစာရိတ္တများကို သေချာစွာစောင့်ကြည့်ကြရပါမည်။ မကောင်းသောစိတ်ထားများကို ထိန်းချုပ်ပေးပြီး အမှန်တရားကိုမြတ်နိုးသည့် စိတ်များကို နှိုးဆွပေးရပါမည်။ ကိုယ့်ကိုကိုယ် ထိန်းထိန်းသိမ်းသိမ်းနေရန် ကြိုးစားနေသောကလေးများကို အားပေးသင့်ကြပါသည်။

မိခင်များသည် ရင်ခွင်ပိုက်သားငယ်သမီးငယ်များကို မှန်ကန်သော စည်းကမ်းများအသုံးပြုလျက် ကောင်းမြတ်သောအကျင့်စာရိတ္တများရရှိလာအောင် ပညာပေးသင့်ပါသည်။ ကြမ်းပြင်နှင့်ဦးခေါင်းဆောင့်ဖို့ ကြိုးစားနေသောကလေးငယ်များကို တားမြစ်သင့်ကြပါသည်။

ချီတုံချတုံမဖြစ်ကြပါနှင့်

ကကြီးကကြောင် ပေတိပေကပ်လုပ်တတ်သောစိတ်ထားများကို အလျင်အမြန်တားဆီးသင့်ပါသည်။ တားဆီးမှုနောက်ကျသွားသည်နှင့်အမျှ

တားဆီးထိန်းချုပ်ရန် ပို၍ခက်ခဲသွားပါလိမ့်မည်။ မိဘများသည် စိတ်မြန်လက်မြန်ရှိသောကလေးငယ်များကို အထူးဂရုစိုက်ပြီး ကြင်နာတည်ငြိမ်စွာပြုမူဆက်ဆံသင့်ပါသည်။ ဤကဲ့သို့သောကလေးငယ်များကို ပြုစုရာတွင်တည်တည်ငြိမ်ငြိမ်ဖြင့်လုပ်ဆောင်ကြပါ။ ချီတုံချတုံမဖြစ်ကြပါနှင့်၊ မကောင်းသောစိတ်ထားများ၏ကြီးထွားလာခြင်းကို သဘာဝအားဖြင့်ဟန့်တားပေးမည့်၎င်းတို့၏အကျင့်စာရိတ္တတွင်ပါရှိလာသည့် ဥာဉ်ကလေးများကို ဖွံ့ဖြိုးအားကောင်းလာအောင် ပျိုးထောင်ပေးသင့်ပါသည်။ စိတ်မြန်လက်မြန်ရှိခြင်းနှင့်ကကြိုကကြောင်နိုင်ခြင်းများကို အလိုလိုက်မိလျှင် ဆုံးရှုံးခြင်းသာအဖတ်တင်ပါလိမ့်မည်။ ထိုအကျင့်ဆိုးများသည် ကာလတာရှည်လာသည်နှင့်အမျှအားကောင်းလာပြီး စိတ်ဓာတ်ဖွံ့ဖြိုးမှုနှင့် မြင့်မြတ်သောဥာဉ်များကို မဖွံ့ဖြိုးနိုင်အောင် ဟန့်တားကြပါသည်။

မိဘများ၏စိတ်ချုပ်တည်းခြင်းသည်အရေးပါခြင်း

အချို့မိဘများသည် စိတ်မြန်ကြပါသည်။ မိမိတို့၏အစားအသောက်အပေါ် စွဲလမ်းသောစိတ်လှုပ်ရှားလွယ်သောစိတ်များကို မထိန်းချုပ်နိုင်ကြပါ။ ထို့ကြောင့် အစားအသောက်ကိုလည်းကောင်း၊ စိတ်သဘောထားများကိုလည်းကောင်း ချုပ်တည်းခြင်းနှင့်စပ်လျဉ်းသည့် ပညာရပ်များကို သားသမီးများအားသူတို့သင်မပေးနိုင်ကြတော့ချေ။

မိဘများသည် သားသမီးများကိုချုပ်တည်းခြင်းနှင့်စပ်လျဉ်းသည့်ပညာများကို သင်ကြားပေးနိုင်ရန် ၎င်းတို့ကိုယ်တိုင်ချုပ်တည်းခြင်းရှိသူများဖြစ်ရပါမည်။ ကြိမ်းမောင်းအပြစ်ရှာခြင်းပြုလုပ်နေသော မိဘများသည် သားသမီးများ၌ အလျင်စလိုလုပ်တတ်သောစိတ်နှင့် အလိုရမ္မက်ကြီးသောစိတ်ထားများကိုပျိုးထောင်ပေးနေခြင်းဖြစ်သည်။

ကောင်းသောအမှုကိုလုပ်ဆောင်ခြင်း၌မငြီးငွေ့ကြပါနှင့်

မိဘများသည် ဘုရားပေးအိမ်မှုတာဝန်များကို ထမ်းဆောင်ရန်စိတ်မဝင်စားဘဲ သက်သက်သာသာနေထိုင်လိုသူများဖြစ်ကြသည်။ အိမ်ထောင်

တွင်ကလေးငယ်များကို ကောင်းမွန်စွာလေ့ကျင့်သင်ကြားပေးခဲ့ကြမည်ဆိုလျှင် ယနေ့လူငယ်များအကြား ဖြစ်ပျက်နေသောကြောက်စရာဒုစရိုက်မှုများကို ကျွန်ုပ်တို့တွေ့မြင်ကြရလိမ့်မည်မဟုတ်ပါ။ မိဘများသည် ဘုရားပေးတာဝန်များကို ကျေပွန်စွာထမ်းဆောင်လျက် ကိုယ်ကိုချုပ်တည်းခြင်း၊ စိတ်ကိုချုပ်တည်းခြင်းနှင့် စိတ်အလိုကိုငြင်းပယ်ခြင်းအကျင့်များကို ကလေးငယ်များအား စာတွေ့လက်တွေ့နှစ်ရပ်စလုံးဖြင့် အိမ်တွင်သင်ပေးကြမည်ဆိုလျှင် ဘုရားသခင်၏အလိုတော်နှင့်အညီ လုပ်ဆောင်ရန်ကြိုးစားရင်း ခရစ်တော်၏ကျောင်းတွင် အဖိုးတန်သင်ခန်းစာများကို မိမိတို့ကိုယ်တိုင်လေ့ကျက်လျက်ရှိသည်ကို တွေ့ကြရလိမ့်မည်။ စိတ်ရှည်ခြင်း၊ သည်းခံခြင်း၊ ချစ်ခြင်းနှင့်နူးညံ့သိမ်မွေ့ခြင်းပါရမီများကိုလည်း မိမိတို့ကိုယ်တိုင်တည်ဆောက်လျက်ရှိကြပါလိမ့်မည်။ ထိုသင်ခန်းစာများမှာ ကလေးငယ်များအား မိဘများကိုယ်တိုင် သင်ကြားပေး ရမည့်အရာများဖြစ်ပါသည်။

စာရိတ္တပိုင်းဆိုင်ရာအသိများ နိုးထလာပြီးသည့်နောက်တွင် မိမိတို့လျစ်လျူရှုခဲ့သောဘုရားပေးတာဝန်ကို ခွန်အားသစ်ဖြင့်ထမ်းရွက်သောအချိန်တွင် စိတ်ဓာတ်မကျသင့်ကြပါ။ ထိုအလုပ်တွင် မိမိကိုယ်ကိုအဟန့်အတားတစ်ခုဖြစ်အောင်လည်း မလုပ်ဆောင်သင့်ကြပါ။ ကောင်းသောအလုပ်များကို လုပ်ခြင်းတွင် လူအများငြီးငွေ့တတ်ကြပါသည်။ ထိုတာဝန်ကိုပြီးမြောက်အောင် လုပ်ဆောင်ရန် ခက်ခဲပင်ပန်းစွာကြိုးစားရမည်။ စဉ်ဆက်မပြတ်စိတ်ချုပ်တည်းရမည်။ အသိဉာဏ်နှင့်စိတ်အေးခြင်းများလိုအပ်မည်ကို သူတို့တွေ့ရှိလာသောအခါ စိတ်ဓာတ်ကျပြီး ထိုအလုပ်ကိုစွန့်လွှတ်ပစ်တတ်ကြသည်။ သို့ရာတွင် သင်၏ကလေးငယ်၌ ကောင်းသောအကျင့်စရိုက်များတည်ဆောက်ပြီးသည်အထိ တစ်နေ့ပြီးတစ်နေ့ တစ်လပြီးတစ်လ၊ တစ်နှစ်ပြီးတစ်နှစ် ဆက်လက်လုပ်ဆောင်သွားကြရပါမည်။ ထိုတာဝန်ကိုစွန့်လွှတ်ကာ သင်၏မိသားစုများကို ပျက်စီးဆုံးရှုံးမှုများတွင် မျောပါသွားအောင် သင်ပစ်မထားသင့်ပါ။

အမြဲတမ်းစိတ်ထိန်းကြပါ

မည်သည့်အခါမျှ စိတ်ကိုလွှတ်မထားကြပါနှင့်။ အလောတကြီး ပြောဆိုခြင်းသည် အပြစ်တစ်ခုဖြစ်သည်။ ထိုသို့မပြောမိလျှင်တောင်မှ ဒေါသ ထွက်ခြင်းသည်လည်း အပြစ်တစ်ခုဖြစ်သည်။ ကျွန်ုပ်တို့သည် ခရစ်တော်၏ မှန်ကန်သောပုံရိပ်ကိုဖော်ပြလျက် အသက်ရှင်နေထိုင်ကြရမည်။ စိတ်ဆိုး မာန်ဆိုးပြောသောစကားတစ်လုံးသည် မီးခတ်ကျောက်အချင်းချင်း ပွတ်တိုက် မိသည့်အခါ မီးပွင့်သလိုမျိုး ဒေါသစိတ်ကိုချက်ချင်းနှိုးဆွပေးတတ်ပါသည်။

အိမ်ထောင်တွင် ရုတ်ရင်းကြမ်းတမ်းသောစကားများကို ပြောခွင့် မပြုပါနှင့်။ သင်တို့သည် မိမိတို့၏အိမ်ထောင်တွင် ခရစ်တော်စိုးစံရန်တောင်းဆို နေသည့်တစ်ချိန်တည်းမှာပင် ခရစ်တော်နှင့်တကွ ကောင်းကင်သားများစိုးစံ နေထိုင်သင့်သောအခြေအနေမျိုးကို အိမ်ထောင်တွင်ဖန်တီးထားသင့်ပါသည်။ သင်သည် အသက်တာ၏အလင်းတော်တည်းဟူသောခရစ်တော်အား ပတ်ဝန်းကျင်လူသားများရှေ့တွင် ဖော်ပြနိုင်စေရန်အတွက် ခရစ်တော်၏ ဖြောင့်မတ်ခြင်းနှင့် သန့်ရှင်းသောဝိညာဉ်တော်၏သန့်ရှင်းခြင်းပါရမီများကို ရယူပိုင်ဆိုင်ထားသင့်ပါသည်။

စိတ်ရှည်သောသူသည် ခွန်အားကြီးသောသူထက်လည်းကောင်း၊ မိမိ စိတ်ကိုချုပ်တည်းသောသူသည် မြို့ကိုတိုက်ယူသောသူထက်လည်းကောင်း သာ၍ ကောင်း၏ဟု သုတ္တံဆရာကြီးကလည်း သုတ္တံကျမ်း ၁၆း၃၂ တွင် ဖော်ပြထားပါ သည်။ စိတ်လှုပ်ရှားစရာများနှင့်ရင်ဆိုင်ရသောအချိန်တွင် စိတ်တည်ငြိမ်သူများ သည် ဘုရားသခင်နှင့်ကောင်းကင်တမန်များရှေ့မှောက်၌ တိုက်ပွဲအလီလီတွင် အောင်ပွဲအလီလီဆင်သော စစ်ဗိုလ်ချုပ်ထက် ပို၍မြင့်မြတ် သောနေရာ၌ ရပ်ထ နေပါသည်။ “ငါရယူခဲ့တဲ့အောင်ပွဲတွေထဲမှာ စစ်မှန်တဲ့ အောင်ပွဲက အခုငါ့ကို ပေးနေတဲ့ နှစ်သိမ့်မှုအောင်ပွဲတစ်ခုသာရှိတယ်။ ဒီအောင်ပွဲက အခြားမဟုတ်ဘူး၊ ဆူပူရှုပ်ထွေးနေတဲ့ငါ့စိတ်ကို ငါထိန်းနိုင်ခြင်းပဲဖြစ်တယ်” ဟု အောင်ပွဲအလီလီရ ခဲ့သည့် စစ်သူကြီးတစ်ဦးက သေခါနီးမှပြောခဲ့ဖူးပါသည်။ ရန်သူများကိုတိုက် ခိုက်ချေမှုန်းခြင်းထက် မိမိကိုယ်ကိုချိုးနှိမ်ရန်မှာ

ခက်ခဲသောအရာတစ်ခုဖြစ်ကြောင်း အလက်ဇန္ဒားမှအစ အောင်ပွဲရအထင်ကရပုဂ္ဂိုလ်များ သိရှိခဲ့ကြပါသည်။ တိုင်းနိုင်ငံများကို တစ်နိုင်ငံပြီးတစ်နိုင်ငံ ချေမှုန်းနိုင်ခဲ့သော်လည်း သူတို့သည် ချုပ်တည်းမှုကင်းမဲ့ခြင်း၏သားကောင်၊ ရူးသွပ်သောရည်မှန်းချက်၏သားကောင်များဘဝသို့ ကျရောက်ခဲ့ကြရပါသည်။

## လေးစားခြင်းနှင့်ရိုသေကိုင်းညွတ်ခြင်း

မိခင်များတို့၊ အခြားကိစ္စကြီးငယ်တို့နှင့်ဗျာများမနေကြပါနှင့်၊ သားငယ်သမီးငယ်များကိုသာ ဂရုတစိုက်စောင့်ရှောက်ကြပါ။ ဂရုမစိုက်လျှင် ကလေးငယ်များသည် ကျင့်သားမရ၊ မသိနားမလည်သေးသည့်စိတ်ထဲမှ ထွက်လာသည့်အတိုင်း ထင်ရာစိုင်းကြလိမ့်မည်။ အူမြူးနေသောထိုကလေးများသည် အိမ်ထဲမှာဆူဆူညံညံ၊ ဗရုန်းသုန်းကား အော်ကြဟစ်ကြလိမ့်မည်။ ထိုအပြုအမူများကို ထိန်းပေးဖို့လိုပါသည်။ သွန်သင်ထားသောကလေးများသည် ထိုကဲ့သို့ ဆူဆူညံညံမလုပ်ဘဲနှင့်လည်း ပျော်ရွှင်စွာနေထိုင်နိုင်ကြပါသည်။ အိမ်သို့ ဧည့်သည်များရောက်နေချိန်တွင် တိတ်တိတ်ဆိတ်ဆိတ်နေရုံသာမက ဧည့်သည်များကို လေးလေးစားစားဆက်ဆံတတ်အောင်လည်း သွန်သင်ထားရပါမည်။

### အိမ်ထဲတွင်ဆိတ်ငြိမ်မှုနှင့်ပြည့်ဝစေပါ

မိခင်ဖခင်တို့၊ သူတို့သည် စည်းကမ်းကိုအလေးထားရမည့်သူများဖြစ်ကြောင်း သားသမီးများကိုသွန်သင်ကြပါ။ ငယ်သေးသည့်အတွက် အိမ်ထဲမှာ ဆူချင်သလိုဆူ၊ ပူချင်သလိုပူနိုင်ခွင့်ရှိသည်ဟု ကလေးများအထင်ရှိလာအောင် ခွင့်ပြုမထားကြပါနှင့်။ အိမ်ထောင်၏လုပမှုကိုပျက်စီးမသွားစေရန် သင့်လျော်သောစည်းမျဉ်းစည်းကမ်းများကိုသတ်မှတ်ကာ ကြပ်မတ်ပေးကြပါ။

စူးဝါးသောအော်ဟစ်ငိုကြွေးသံများနှင့် ရယ်မောသံများကိုခွင့်ပြုမိသောအချိန်တွင် မိဘများသည် မဟာအမှားတစ်ခုကို ကျူးလွန်မိကြချေပြီ။ ကလေးများ၏ပမာမခန့် မြူးထူးအော်ဟစ်ခြင်းများကို ခွင့်မပြုသင့်ပါ။ မနှစ်မြို့ဖွယ်ရာ

ထိုအမှုအကျင့်များကို ၎င်းတို့ငယ်ရွယ်စဉ်အချိန်ကတည်းက မပဟန့်တားနိုင်ခဲ့လျှင် ၎င်းတို့၏ဘာသာရေးနှင့်စီးပွားရေးအသက်တာများအထိ သယ်ဆောင်သွားကြလိမ့်မည်။

## ရင့်ကျက်သူများ၏ထင်မြင်ယူဆချက်များကို လေးစားတတ်အောင် သင်ကြားပေးခြင်း

သမ္မာရင့်သူများကပြောသည့် ထင်မြင်ယူဆချက်များကို လေးစားတတ်အောင် ကလေးငယ်များကိုသင်ကြားပေးကြပါ။ ကလေးငယ်များအား မိဘဆရာများနှင့်စည်းလုံးညီညွတ်မှုရှိလာအောင် ပညာပေးရမည့်အပြင် မိဘဆရာများကပေးသော အကြံဉာဏ်များ၏သင့်တင့်လျောက်ပတ်မှုများကိုလည်း သင်ကြားပေးရပါမည်။ သို့မှသာ မိဘဆရာများနှင့်ဝေးသောနေရာသို့ရောက်သောအခါ ၎င်းတို့၏အကျင့်စာရိတ္တများသည် လေတိုက်ရာယိမ်းတတ်သည့် ကျူပင်ကဲ့သို့မဟုတ်ဘဲ ခိုင်မာစွာရပ်တည်နေလိမ့်မည်ဖြစ်သည်။

## မိဘများ၏စည်းကမ်းလျော့ရဲမှုကြောင့်ကလေးများရိုင်းပျခြင်း

ကလေးငယ်များ၏ရိုင်းပျခြင်း၊ နားကောက်ခြင်း၊ ကျေးဇူးကန်းခြင်း၊ ပေါက်လွတ်ပဲစားလုပ်ခြင်းများကို အိမ်ထောင်တွင်ခွင့်ပြုထားမိလျှင် ၎င်းတို့၏ဒုစရိုက်အကျင့်များသည် မိဘအိမ်ကတည်းက အမြစ်စွဲနေကြလိမ့်မည်။ မိခင်သည် မိခင်ပီသစွာ အိမ်ထောင်ကိုအုပ်ချုပ်ရပါမည်။ သူမပြောသောစကားများသည် အိမ်ထောင်၏စည်းမျဉ်းဖြစ်သဖြင့် သူမသည် အိမ်ထောင်တွင် ဩဇာအရှိဆုံးဖြစ်ပါသည်။ အကယ်၍ သူမသည် ဘုရားသခင်၏စိုးမိုးမှု အောက်တွင် အသက်ရှင်သောခရစ်ယာန်မိခင်တစ်ဦးဖြစ်မည်ဆိုလျှင် လေးစားမှု ရှိလာအောင် သားသမီးများကိုညွှန်ကြားရုံသာမက သူမအလိုရှိသောအရာ အားလုံးကို တိကျစွာပြောပြပါလိမ့်မည်။

သားသမီးများကို ထိုကဲ့သို့သွန်သင်မှုများမရှိခဲ့လျှင် ကျောင်းထားသောအချိန်တွင် သားသမီးများသည် ကျောင်းဆရာ၊ ဆရာမများကို

လေးလေးစားစားမဆက်ဆံကြတော့ချေ။ ဘုရားသခင်ကိုရိုသေကိုင်းရှိုင်းခြင်းနှင့် လူသားများကိုလေးစားခြင်းအကျင့်များကို အိမ်ထောင်များတွင်သင်ကြားပေးရပါမည်။ ရိုင်းပျသောစကားတစ်လုံးပြောသည်ကိုပင် ခွင့်မပြုဘဲ ကလေးများကိုရိုသေလေးစားတတ်သူများဖြစ်အောင် သွန်သင်ပေးကြပါ။

ဘုရားသခင်အားအမြတ်တနိုးရိုသေကိုင်းရှိုင်းခြင်း

ဘုရားသခင်ကို ရိုသေကိုင်းရှိုင်းခြင်းအကျင့်သည် ကျေးဇူးတော်တစ်ခုဖြစ်သည့်ပြင် အမြတ်တနိုးလုပ်ဆောင်ရမည့်အရာတစ်ခုလည်း ဖြစ်ပါသည်။ ဘုရားကိုရိုသေတတ်အောင် ကလေးတိုင်းအားသွန်သင်ပေးကြပါ။ သမ္မာကျမ်းစာမှသွန်သင်ချက်အမျိုးမျိုးကို သားသမီးများစိတ်ဝင်စားလာအောင် လုပ်ဆောင်ကြပါ။ သင်တို့ကိုယ်တိုင်လည်း သမ္မာကျမ်းစာကို စိတ်ဝင်တစားလေ့လာသင့်ပါသည်။ "ထိုစကားကို သင်တို့သည် အိမ်၌ထိုင်လျက်နေသည်ဖြစ်စေ၊ ခရီးသွားသည်ဖြစ်စေ၊ အိပ်လျက်ထလျက်ရှိသည်ဖြစ်စေ ဟောပြော၍ သားသမီးတို့အား သွန်သင်ရကြမည်" ဟူသော ဣသရေလများအား ဘုရားသခင်မိန့်တော်မူသည့် နှုတ်ကပတ်တော်များနှင့်လည်း သင်၏သားသမီးများကို ရင်းနှီးအောင်လုပ်ကြပါ (တရားဟော ၁၁း၁၉)။ ဘုရားသခင်ကို သားသမီးများချစ်ကြောက်ရိုသေစေလိုသည့် မိဘတိုင်းသည် ဖန်ဆင်းခြင်း လက်ရာတော်များနှင့်နှုတ်ကပတ်တော်တွင်ထင်ရှားပေါ်လွင်နေသည့် ကိုယ်တော်ရှင်၏ကောင်းမြတ်ခြင်း၊ ကြီးမြတ်ခြင်းနှင့်တန်ခိုးတော်များအကြောင်း ကို ပြောပြကြရပါမည်။

စစ်မှန်သောရိုသေကိုင်းရှိုင်းခြင်းသည် နာခံလိုက်လျှောက်ခြင်းအားဖြင့် ဖော်ပြနိုင်သည်ကိုလည်း သားသမီးများအားပြောပြကြရမည်။ မလိုအပ်သောအရာမှန်သမျှကိုလုပ်ဆောင်ရန် ဘုရားသခင်သည် မိန့်တော်မူခဲ့ဖူးခြင်းမရှိပါ။ ထို့ကြောင့် ဘုရားသခင်ကိုရိုသေကိုင်းရှိုင်းကြောင်း ဖော်ပြနိုင်သည့်တစ်ခုတည်းသောနည်းလမ်းမှာ ကိုယ်တော်ရှင်မိန့်တော်မူသမျှကို နာခံလိုက်လျှောက်ခြင်းပင်ဖြစ်သည်။

## ပစ္စည်းဥစ္စာများကိုကိုင်တွယ်အသုံးပြုရာတွင်ဂရုစိုက်ပါ

အိမ်တွင်ရှိသောပစ္စည်းဥစ္စာများကို ကစားစရာများကဲ့သို့ သဘော မထားမိအောင် ငယ်ရွယ်စဉ်အချိန်ကတည်းက သူတို့အားသွန်သင်ပေးကြပါ။ မိခင်တို့၊ ထိုအသေးအဖွဲပစ္စည်းကလေးများအားဖြင့် အစီအစဉ်ကျနမှုများကို သင်ကြားပေးကြပါ။ ကလေးများသည် မည်မျှပင်ဇီဇာကြောင်နေစေကာမူ ကလေးအရွယ်နှင့်လူငယ်အရွယ်တွင် ၎င်းတို့၌အများဆုံးဖြစ်ထွန်းလေ့ရှိသော အဖျက်ယန္တရားကို အားကောင်းအောင်မလုပ်မိပါစေနှင့်။ ကြီးထွားလာအောင် မလုပ်ကြပါနှင့်။ "သင်လုပ်ဆောင်ပါ" နှင့် "သင်မလုပ်ဆောင်နှင့်" ဟူ၍ ဘုရားသခင်မိန့်မှာထားသောအရာများရှိပါသည်။ မိဘများသည် သားသမီး မလုပ်ဆောင်သင့်သည့်အရာများကို နားလည်အောင်ပြောပြကာ စိတ်ရှည်ရှည် ဖြင့် ပြတ်ပြတ်သားသားတားမြစ်ကြရပါမည်။

အိမ်ရှိပစ္စည်းများကို ကလေးငယ်များကမြေကြီးပေါ်သို့လွှင့်ပစ်ခြင်း၊ ကြမ်းပြင်ပေါ်သို့ပစ်ချခြင်းများကို လုံးဝခွင့်မပြုဘဲ ခိုင်ခိုင်မာမာတားဆီးရပါ မည်။ ထိုကဲ့သို့သောလုပ်ရပ်များကို ခွင့်ပြုသောမိဘများသည် မိမိတို့၏သား သမီး များအပေါ် မဟာအမှားတစ်ခုကို လုပ်ဆောင်နေခြင်းဖြစ်သည်။ ထိုကဲ့သို့ သောကလေးငယ်သည် ဆိုးသွမ်းသူတစ်ယောက်ဖြစ်လာနိုင်ရုံသာမက ၎င်းရရှိ နေသောပညာရေးကြောင့် အဖျက်သမား (သို့မဟုတ်) ပြဿနာကောင် တစ် ယောက်ဖြစ်လာနိုင်ပါသည်။

### သူတစ်ပါး၏ပစ္စည်းများကိုလေးစားတတ်အောင်သွန်သင်ပါ

တို့ထိရန်အခွင့်မရှိသောပစ္စည်းများကို ကစားပစ်ပြီး ဖျက်ဆီးတတ် သောသားသမီးများကို အချို့မိဘများကမဆုံးမဘဲ လျစ်လျူရှုထားတတ်ကြ ပါသည်။ သူတစ်ပါး၏ပစ္စည်းများကို ကိုင်တွယ်အသုံးမပြုရန် ကလေးငယ် များကိုသွန်သင်ထားသင့်ပါသည်။ မိသားစု၏ပျော်ရွှင်သာယာရေးအတွက် ပစ္စည်းများကို ကိုင်တွယ်အသုံးပြုခြင်းနှင့်စပ်လျဉ်းသည့်စည်းမျဉ်းများကို

စောင့်ရှောက်ရန်သွန်သင်သင့်ကြပါသည်။ ထိုသို့သင်ကြားမပေးလျှင် အသက်ကြီးလာသောအခါ ဖျက်ဆီးတတ်သောအကျင့်များ ပါလာကြလိမ့်မည်။

နိုင်ခံ့၍တာရှည်ခံသောကစားစရာများ

ကျိုးလွယ်ပျက်လွယ်သောကစားစရာများနှင့် ကလေးများကိုမကစားစေပါနှင့်။ ပျက်စီးတတ်သောကစားစရာများနှင့် ကစားစေခြင်းသည် ဖျက်ဆီးခြင်းအကျင့်ကို သွန်သင်ပေးရာရောက်သဖြင့် ကစားစရာအရေအတွက်နည်းလျှင်နည်းပါစေ၊ နိုင်ခံ့ပြီးတာရှည်ခံသော ကစားစရာများကိုဝယ်ပေးကြပါ။ ဤကဲ့သို့သောအကြံပြုချက်များသည် ကလေးငယ်များ၏ပညာရေးတွင် များစွာအကျိုးသက်ရောက်စေပါသည်။

ကျန်းမာရေးစည်းမျဉ်းများကိုလိုက်လျှောက်ခြင်း

လူသားများ၏စိတ်တွင် ဆင်ခြင်တုံတရားကလေး စတင်ပေါ်ထွက်လာသည့်အချိန်မှစ၍ ခန္ဓာကိုယ်နှင့်စပ်လျဉ်းသည့် အသိပညာများကိုပေးသင့်သည်။ ဤတွင် ဘုရားသခင်သည် မိမိကိုယ်တိုင်ကိုစံထားလျက် နမူနာတစ်ခုပေးထားတော်မူသည်။ အကြောင်းမှာ လူသည် ဘုရားသခင်၏ပုံသဏ္ဍာန်တော်နှင့်အညီ ဖန်ဆင်းထားသောကြောင့်ဖြစ်ပါသည်။ ထိုကြောင့် ခန္ဓာကိုယ်ကျန်းမာရေးကို ထိန်းသိမ်းနည်းများကို ကလေးများလေ့ကျက်ကြရပါမည်။ ၎င်းပြင် မိမိကိုယ်တိုင်ကိုလည်း သိရှိနားလည်ဖို့ ရှေးဦးပထမလေ့လာကြရပါမည်။

အရင်းခံအရေးပါသည့်သင်ခန်းစာများ

ကိုယ်ခန္ဓာနှင့်ဦးနှောက်တို့၏ကျန်းမာသန်စွမ်းမှုကို ပြည့်ဝစွာခံစားနိုင်ရန် ခန္ဓာကိုယ်တည်ဆောက်ပုံကို ကလေးငယ်များ၏ရှေးဦးပညာရေးတွင် အလေးပေးသင်ကြားပေးရမည်ကို များစွာသောမိဘဆရာတို့သည် ပျက်ကွက်

နေကြသည်။ သင့်မိသားစု၏အနာဂတ်ပျော်ရွှင်ခြင်းနှင့် လူ့အသိုက်အဝန်း၏ လူမှုဘဝဖူလုံရေးများသည် ကလေးငယ်များအား ငယ်ရွယ်စဉ်အချိန်ကသင်ပေးလိုက်သည့်ပညာရေးအပေါ်တွင် အမှီတံကဲပြုနေပါသည်။

ဇီဝကမ္မဗေဒခေါ်သက်ရှိကိစ္စများကို မိဘများကိုယ်တိုင်နားလည်အောင် လုပ်ကာ ကလေးများကိုသင်ကြားပေးပါ

ကလေးငယ်များအား ၎င်းတို့၏ကိုယ်ခန္ဓာနှင့်စပ်ဆိုင်သည့်အရာများအကြောင်းကို သင်ကြားပေးဖို့လိုအပ်ပါသည်။ လူသားများအသက်ရှင်ရေးနှင့်ပတ်သက်သည့် နက်နဲမှုများကို တိတိကျကျသိသည့်လူငယ်အရေအတွက်မှာ အလွန်နည်းပါးလှပါသည်။ သက်ရှိယန္တရားကြီး၏အကြောင်းကို မပြောပလောက်ရုံသာ သိနားလည်ကြပါသည်။ "ကျွန်ုပ်သည် ကြောက်မက်ဖွယ်သောလက္ခဏာ၊ ထူးဆန်းသောလက္ခဏာတို့နှင့် ပြည့်စုံသည်ဖြစ်၍ ကိုယ်တော်ကိုချီးမွမ်းပါမည်" ဟု ဒါဝိဒ်မင်းက ဖွင့်ဆိုထားပါသည်။ (ဆာလံ ၁၃၉း၁၄)။ အကြောင်းနှင့်အကျိုးဆက်စပ်ပုံများကို ကလေးများအားသင်ကြားပေးကြပါ။ လူသားဖြစ်တည်ခြင်းနှင့်ပတ်သက်သည့် စည်းမျဉ်းများကိုဖောက်ဖျက်လျှင် ရောဂါဝေဒနာများကို ခံစားခြင်းအားဖြင့် အပြစ်ကြွေးကိုဆပ်ရမည်ဖြစ်သည်ကိုလည်း ကလေးများကိုရှင်းပြကြပါ။ သင်၏သွန်သင်မှုများသည် အရာမထင်လျှင် စိတ်ဓာတ်မကျပါနှင့်၊ အောင်မြင်သည်အထိ ထပ်ခါတလဲသွန်သင်ကြပါ။ ခန္ဓာကိုယ်ကို မည်ကဲ့သို့ထိန်းသိမ်းစောင့်ရှောက်ရမည်ကို စဉ်ဆက်မပြတ်သွန်သင်ကြပါ။ ကိုယ်ခန္ဓာကျန်းမာရေးအပေါ် မဆင်မခြင်လုပ်ဆောင်ခြင်းသည် လူ့ကျင့်ဝတ်များအပေါ် မဆင်မခြင်လုပ်ဆောင်နေခြင်းဖြစ်ပါသည်။

ကျန်းမာခြင်းသည်သာအိမ်ထောင်အတွက်အဓိက

အိမ်ထောင်၏ကျန်းမာရေးသည် မိသားစုအရေးဖြစ်ပါသည်။ မိဘများသည် ဘုရားပေးတာဝန်ကို အထူးသတိပြုလျက် ကျန်းမာရေးဆိုင်ရာပြုပြင်ပြောင်းလဲမှုစည်းမျဉ်းများကို လေ့လာပြီးနောက် ကိုယ့်ဆန္ဒအတိုင်း

နေထိုင်စားသောက်ခြင်းမပြုဘဲ ကျန်းမာရေးစည်းမျဉ်းများအတိုင်း နေထိုင်အသက်ရှင်မှသာ လုံခြုံမှုရှိကြောင်း ကလေးများကိုသွန်သင်ကြပါ။ ကမ္ဘာပေါ်ရှိလူအပေါင်းတို့သည် ခန္ဓာကိုယ်နှင့်စပ်လျဉ်းသည့်စည်းမျဉ်းများကို ဂရုမထားကြသဖြင့် ချုပ်တည်းခြင်းများအားနည်းလာကာ ထာဝရအသက်နှင့်စပ်လျဉ်းသောအရာများကို အမွန်အမြတ်မထားနိုင်ကြတော့ချေ။ ၎င်းပြင် ၎င်းတို့၏သားသမီးများကိုလည်း မိမိအလိုရှိသည့်အတိုင်း လုပ်ဆောင်ခြင်း လမ်းပေါ်သို့တင်ပေးကာ သဘာဝစည်းမျဉ်းများကို ဖောက်ဖျက်ခြင်းမှထွက် ပေါ်လာသည့်ဆိုးကျိုးများကို ခံစားစေဖို့ပြင်ဆင်ပေးလျက်ရှိကြပါသည်။

သဘာဝတရားနှင့်အညီနေထိုင်အသက်ရှင်ခြင်းကြောင့် ကျန်းမာပျော်ရွှင်စေနိုင်ခြင်း

ခန္ဓာကိုယ်အစိတ်အပိုင်းများကို သားသမီးများသဘောပေါက်နားလည်နိုင်စေရန် သင်ကြားပေးရပါမည်။ အနာရောဂါများနှင့်ကင်းရှင်းလိုလျှင် သဘာဝတရားများနှင့်အညီ နေထိုင်ရန်လိုအပ်ကြောင်းကိုလည်းကောင်း၊ ရောဂါကြောင့်မသန်မစွမ်းဖြစ်နေလျှင် အသုံးဝင်သောသူတစ်ယောက်မဖြစ်နိုင်တော့ ကြောင်းကိုလည်းကောင်း၊ သဘာဝတရားကိုဆန့်ကျင်ကာ နေထိုင်အသက်ရှင် သောကြောင့်အနာရောဂါရရှိခြင်းကို ဘုရားသခင်နှစ်သက်တော်မမူကြောင်း ကိုလည်းကောင်း သားသမီးများနားလည်သဘောပေါက်အောင် သွန်သင်ထား သင့်ပါသည်။

## ဦးစားပေးသင့်သည့်သန့်ပြန့်မှု

ဘုရားသခင်သည် ဣသရေလလူများအား မိမိတို့၏အဝတ်များကိုဖွတ်လျှော်ကာ ညစ်ပတ်သောအရာများကို စခန်းမှဖယ်ရှားကြရန် မိန့်တော်မူခဲ့ပါသည်။ ယနေ့တွင်လည်း ဘုရားသခင်သည် ကျွန်ုပ်တို့၏အိမ်အနားမှဖြတ်သွားကာ မသန့်မပြန့်သောအထားအသိများနှင့် လျော့ရဲသောအနေအကျင့်များကို ကြည့်ရှုတော်မူလျက်ရှိပါသည်။

မိဘတို့၊ သင်တို့သည် သားသမီးများအား မှန်ကန်သောစည်းကမ်းများဖြင့် မွေးမြူပေးရန်အလို့ငှာ ဘုရားသခင်သည် သင်တို့အားကိုယ်စားလှယ်များ အဖြစ် ခန့်အပ်ထားတော်မူသည်။ ဘုရားသခင်၏သိုးစုငယ်များကို သင်တို့၏ လက်ထဲတွင်အပ်နှံထားတော်မူပါသည်။ ဣသရေလများအား သန့်သန့်ရှင်းရှင်း နေထိုင်အသက်ရှင်ရန် အထူးလမ်းညွှန်တော်မူခဲ့သောဘုရားသခင်သည် နေအိမ်များတွင် ညစ်ညစ်ပတ်ပတ် သင်တို့နေထိုင်နေကြသည်ကို ခွင့်ပြုတော်မူလိမ့် မည်မဟုတ်ပါ။ သားသမီးများအား သန့်သန့်ပြန့်ပြန့်နေထိုင်တတ်အောင် သင်ကြားပေးရန်တာဝန်ကို သင်တို့အားဘုရားသခင်အပ်နှင်းထားတော်မူသည်။ သန့်ပြန့်အောင်နေထိုင်တတ်ဖို့ သွန်သင်ပေးစဉ်မှာပင် သင်တို့သည် သူတို့အား ဝိညာဉ်ရေးသင်ခန်းစာများကိုလည်း သွန်သင်နေပါသည်။ ဘုရားသခင်သည် ကိုယ်ခန္ဓာကိုသန့်ရှင်းစေလိုသကဲ့သို့ စိတ်နှလုံးကိုလည်း သန့်ရှင်းစေလိုသည်ကို သူတို့တွေ့မြင်လာကာ အသက်တာ၏လုပ်ဆောင်မှုအဝဝကို လှူဆော်မှုပေးသင့်သော ဘုရားပေးပြဋ္ဌာန်းချက်များအကြောင်းကို နားလည်သဘောပေါက်လာကြလိမ့်မည်။

သန့်ပြန့်ခြင်းသည်ဒုတိယသဘာဝဖြစ်သင့်ခြင်း

အိမ်ထဲတွင်ဖြစ်တည်နေသည့် မသန့်ပြန့်မှုသည် မဟာမှားယွင်းမှုတစ်ခုဖြစ်ပါသည်။ ဖြစ်ပေါ်လာသည့်အကျိုးဆက်များနှင့် ကျယ်ပြန့်သော သြဇာသက်ရောက်မှုများအားဖြင့် ထိုမသန့်ပြန့်မှုက လူသားများကိုပညာပေးနေပါသည်။ ကလေးငယ်ဘဝကတည်းကစ၍ စိတ်နေသဘောထားနှင့် အကျင့်စရိုက်များအတွက် မှန်ကန်သောလမ်းညွှန်မှုတစ်ခုကို ပေးထားသင့်ပါသည်။ ကိုယ်ခန္ဓာ၌ဖြစ်စေ၊ အဝတ်များတွင်ဖြစ်စေ ညစ်ပတ်နေခြင်းကို ဘုရားသခင်နှစ်မြို့တော်မမူသည်ကို ပြောပြကြပါ။ သန့်သန့်ရှင်းရှင်းစားတတ်အောင် ကလေးတွေကိုသွန်သင်ကြပါ။ ညစ်ပတ်စွာနေထိုင်ခြင်းကိုရွံရှာပြီး သန့်ပြန့်စွာနေထိုင်စားသောက်ခြင်းအကျင့်စရိုက်သည် ၎င်းတို့၏ဒုတိယသဘာဝ ဖြစ်လာသည်အထိ စိုက်လိုက်မတ်တတ်လုံ့လဝီရိယဖြင့် သွန်သင်ပေးကြပါ။ သို့ပြုလျှင် ကလေးများသည် မသန့်ပြန့်မှုများကို ရွံရှာလာကြပါလိမ့်မည်။

## သန့်ပြန့်မှုကိုမြတ်နိုးလာအောင်သွန်သင်ပါ

သပ်သပ်ရပ်ရပ်၊ သန့်သန့်ပြန့်ပြန့်နေချင်လာအောင် ပျိုးထောင်ပေးသင့်ပါသည်။ ရိုးစင်း၍တာရှည်ခံသောအဝတ်များဖြင့် ကလေးများကိုဆင်ယင်ပေးကြပါ။ သင်၏သားသမီးများအား သန့်ရှင်းကြည်လင်စွာနေထိုင်နိုင်အောင် ထိန်းသိမ်းစောင့်ရှောက်ပါ။ ဖုန်မှုန့်များနှင့်အညစ်အပတ်များကို မုန်းတတ်အောင် သွန်သင်ပါ။

မလိုအပ်သောအစားအသောက်များကိုစီမံရာတွင် အသုံးပြုနေသည့် ခွန်အားများကို တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် အဝတ်အစားများသပ်ယပ်မှုရှိအောင် လုပ်ဆောင်ရာတွင်အသုံးပြုကြပါ။ သန့်စင်သောသဲများနှင့်ခြောက်သွေ့သောမြေကြီးများသည် မသန့်ပြန့်ခြင်းမဟုတ်ဘဲ၊ ရေချိုးဖို့လိုအပ်သောခန္ဓာကိုယ်တွင် လျှော်ဖွတ်ရန်လိုအပ်သောအဝတ်များကို ဝတ်ထားသည့်ကိုယ်ခန္ဓာမှ ထွက်နေသောအနံ့အသက်များကသာလျှင် ညစ်ပတ်နေခြင်းဖြစ်သည်။

## အိမ်ဥပစာကိုသန့်ရှင်းအောင်ထားပါ

မိသားစုရှိ သားသမီးများသည် မိသားစုဝင်များဖြစ်ကြသည့်အလျောက် အိမ်ဥပစာကို မလိုလားအပ်သောမြင်ကွင်းများမဖြစ်စေရန် သန့်ရှင်းအောင် ကြိုးစားလုပ်ဆောင်ကြရမည်။ သူတို့လုပ်ဆောင်တတ်အောင်လည်း မိဘများက သွန်သင်ပေးရပါမည်။ မသန့်ပြန့်မှုအမျိုးမျိုးသည် ရောဂါဘယများကိုဖြစ်ပွားစေသည်။ လူကိုသေစေနိုင်သည့်ပိုးမွှားများသည် အပုပ်အသိုးအဆွေးအမြွေများကို မရှင်းမလင်းဘဲထားသည့် မှောင်မည်းနေသောအိမ်ထောင့်များတွင် များစွာပေါက်ဖွားနေတတ်ပါသည်။ လေထုကိုညစ်ညမ်းပြီး အဆိပ်အတောက်ဖြစ်စေသည့် စွန့်ပစ်ဟင်းသီးဟင်းရွက်များနှင့် ကြွေကျသစ်ရွက်များကို အိမ်အနီးတွင် ပုံမထားပါနှင့်။ ပုပ်သိုးပြီးညစ်ပတ်နေသည့် မည့်သည့်အရာကိုမဆို အိမ်ထဲတွင်မထားပါနှင့်။ ကူးစက်ရောဂါများဖြစ်ပွားရခြင်း၏ဇာစ်မြစ်သည် ဆင်ခြင်မှုကင်းမဲ့သော လူနေအိမ်များ၏ညစ်ညစ်ပတ်ပတ်နေထိုင်ခြင်းဖြစ်သည်ကို ကျန်းမာရေးကိုအထူးပေးလုပ်ဆောင်သောမြို့ကြီးများတွင် တွေ့ရပါသည်။

စုံလင်သောသန့်ပြန့်မှု၊ ကြွယ်ဝသောနေရောင်ခြည်နှင့် တစ်ကိုယ်ရေသန့်ရှင်းရေးများသည် ကျန်းမာပျော်ရွှင်ရောဂါကင်းသော မိသားစုများဖြစ်လာစေရန် အဓိကလိုအပ်ချက်များဖြစ်ပါသည်။

တစ်ကိုယ်ရေသန့်ရှင်းခြင်းသည်အရေးပါခြင်း

လုံးဝဥဿုံသန့်ရှင်းခြင်းသည် ကိုယ်စိတ်နှစ်ပါးကျန်းမာရေးအတွက် ပဓာနကျလှပါသည်။ ခန္ဓာကိုယ်မှအညစ်အကြေးများသည် အရေပြားမှတစ်ဆင့် အဆက်မပြတ်ထွက်နေပါသည်။ မကြာခဏရေချိုးပေးခြင်းအားဖြင့် သန့်စင်မှုကိုထိန်းသိမ်းမပေးလျှင် သန်းနှင့်ချီသောချွေးပေါက်ကလေးများသည် ပိတ်ကုန်ကြလိမ့်မည်။ အရေပြားမှတစ်ဆင့် အပြင်သို့ထွက်လာသင့်သော ကိုယ်ခန္ဓာမှအညစ်အကြေးများသည် ကိုယ်ခန္ဓာရှိသန့်ရှင်းရေးလုပ်ပေးသည့် အခြားအင်္ဂါအစိတ်အပိုင်းများကို ဝန်ပိုစေကြလိမ့်မည်။

နံနက် (သို့မဟုတ်) ညနေခင်းတွင် (ရေနွေးဖြင့်) ရေချိုးခြင်းသည် လူအများစုအတွက် အကျိုးရှိလှပါသည်။ စနစ်ကျသောရေချိုးခြင်းသည် ခန္ဓာကိုယ်သွေးလည်ပတ်မှုကို အားကောင်းစေသည်။ သွေးများသည် အရေပြားအထိရောက်လာပြီး သွေးလည်ပတ်ရန်လွယ်ကူစေသောကြောင့် အအေးမိခြင်းကိုကာကွယ်ပါသည်။ ကိုယ်စိတ်နှစ်ပါးစလုံးကိုလည်း လန်းဆန်းစေပါသည်။ ကြွက်သားများ၏တင်းမာမှုကိုလည်း လျော့ကျစေပါသည်။ ဉာဏ်ရည်များလည်း ပိုမိုထက်မြက်စေပါသည်။ ရေချိုးခြင်းသည် အာရုံကြောများကို ပျော့ပျောင်းစေပါသည်။ ရေချိုးခြင်းဖြင့် အူသိမ်အူမ၊ အစာအိမ်နှင့်အသည်းများကို ကျန်းမာသန်စွမ်းလာစေရုံသာမက အစာကြေချက်မှုကိုလည်း အားကောင်းလာစေပါသည်။

သန့်ရှင်းသောပတ်ဝန်းကျင်ကပညာပေးခြင်း

သားသမီးများ နေ့ညမပြတ်ကြည့်နေသည့်အရာများသည် သန့်ရှင်းပြီးကောင်းမွန်သောအရာများဖြစ်ရမည်။ ထိုအမှုအရာသည် သန့်ရှင်းကောင်းမွန်

သောအရာများကိုရွေးချယ်ရန် ၎င်းတို့အားပညာပေးသည့်နည်းလမ်းတစ်ခုဖြစ်သည်။ ကလေးများ၏အိပ်ခန်းကို သပ်ရပ်စွာစီမံပေးပါ။ သန့်သန့်ပြန့်ပြန့်နှင့် စနစ်တကျနေထိုင်ရန်မှာ ခရစ်ယာန်များ၏အင်္ဂါအတ္တတစ်ခုဖြစ်ပါသည်။

## စနစ်တကျရှိခြင်းနှင့်ပုံမှန်လုပ်ဆောင်ခြင်း

စီစဉ်တကျနေတတ်၊ စားတတ်အောင် ပျိုးထောင်ခြင်းအလုပ်မှာ သားသမီးပညာရေး၏အရေးပါသော အစိတ်အပိုင်းတစ်ခုဖြစ်ပါသည်။ အိမ်ထောင်ရှိအသေးအဖွဲ့ကိစ္စကလေးများမှအစ သပ်သပ်ရပ်ရပ်၊ စနစ်တကျ စားသောက်ဝတ်ဆင်တတ်အောင်သွန်သင်ရန်မှာ သားသမီးများကိုအုပ်ထိန်းနေ သူများဖြစ်ကြသော သင်တို့၏တာဝန်သာဖြစ်သည်။ အဝတ်ကိုသေသပ်စွာ ဝတ်ဆင်ခြင်း၏အဖိုးမဖြတ်နိုင်အောင် ကြီးမားသောအကျိုးကျေးဇူးများကို သင်ပေးကြပါ။ သင်တို့ကိုယ်တိုင်ကလည်း ကလေးများလေးစားအောင် သပ်သပ်ရပ်ရပ်၊ သန့်သန့်ရှင်းရှင်းနေထိုင်ကြပါ။

သင်တို့သည် အိမ်ထောင်မိသားစုအတွက် စံနမူနာအဖြစ်နေထိုင်အသက်ရှင်ရန်မှာ ဘုရားပေးတာဝန်တစ်ခုဖြစ်သည်။ ကောင်းကင်နိုင်ငံတော်တွင် ဖရိုဖရဲစနစ်မကျနသောအခြေအနေများမရှိသည်ဖြစ်ရာ သင်၏အိမ်ထောင်ကို ကောင်းကင်အိမ်ထောင်ကလေးတစ်ခုကဲ့သို့ ထိန်းသိမ်းသင့်ပါသည်။ အိမ်ထောင်တာဝန်ကို နေ့စဉ်နှင့်အမျှ စနစ်တကျထမ်းဆောင်နေခြင်းအားဖြင့် သင်သည် ဘုရားသခင်နှင့်အတူလုပ်ဆောင်နေသူတစ်ဦးဖြစ်လာကာ ခရစ်ယာန်အကျင့်စရိုက်များလည်း စုံလင်လာမည်ဖြစ်ပါသည်။

မိဘတို့၊ သင်တို့သည် သားသမီးများ၏ကယ်တင်ခြင်းအတွက် လုပ်ဆောင်နေသည်ကို သတိရကြပါ။ သင်၏အကျင့်စရိုက်များသည် မှန်ကန်မှုရှိလျှင်လည်းကောင်း၊ သပ်ရပ်စနစ်ကျမှု၊ ဖြောင့်မတ်စွာကျင့်ကြံမှု၊ ကိုယ်စိတ်နှလုံးသုံးပါးသန့်ရှင်းစွာတည်ဆောက်မှုများကို သင်ပြသနေလျှင်လည်းကောင်း 'သင်တို့သည် ဤလောက၏အလင်းဖြစ်ကြလော့' ဟူသော ကယ်တင်ရှင်၏ အမိန့်တော်ကို နာခံနေကြခြင်းဖြစ်ပါသည်။

သပ်သပ်ရပ်ရပ်နေတတ်အောင်လေ့ကျင့်ပေးပါ

သပ်သပ်ရပ်ရပ်၊ သန့်သန့်ရှင်းရှင်း၊ စေ့စေ့စပ်စပ်နေထိုင်အသက်ရှင်တတ်ဖို့ ကလေးများကိုသင်ကြားပေးရန်တာဝန်မှာ မိဘတိုင်းတွင်ရှိပါသည်။ နှုတ်ကပတ်တော်တွင်ဖော်ပြထားသော သမ္မာတရားစည်းမျဉ်းများသည် လူသားများကို အရိုင်းအစိုင်း၊ စနစ်မကျ၊ ညစ်တီးညစ်ပတ်နေတတ်အောင်သွန်သင်သည့်အရာများမဟုတ်ကြောင်းကို ထိုသမ္မာတရားကိုယုံကြည်လက်ခံထားသောသင်တို့က လောကသားများအား အလင်းပေးကြရပါမည်။ အလုပ်ကိုကြိုးစားလုပ်ဆောင်ဖို့ ပြုစုပျိုးထောင်ရာတွင်အသုံးပြုခဲ့သော ခိုင်မာသော်လည်းမေတ္တာပါသည့်သွန်သင်ချက်များအားဖြင့် သင်တို့၏မိဘများက သင်တို့အားသွန်သင်ခဲ့သည့်အတိုင်း သင်တို့၏သားသမီးများကိုလည်း စနစ်တကျဆက်လက်သွန်သင်ပေးကြပါမိဘများတို့။

မိမိတို့၏အဝတ်များကိုဂရုတစိုက်ထားတတ်ဖို့သွန်သင်ပေးပါ

အဝတ်များကို သပ်သပ်ရပ်ရပ်ထားတတ်အောင် သင့်သားသမီးများကိုကလေးငယ်ဘဝကတည်းက သွန်သင်ကြပါ။ သူတို့၏ပစ္စည်းများထားသိုရန်အတွက် နေရာပြင်ဆင်ပေးပါ။ အဝတ်အစားများကို ကောင်းမွန်စွာခေါက်ပြီး ထိုနေရာတွင်ကောင်းမွန်စွာသိမ်းထားခိုင်းပါ။ ဗီရိုဝယ်ရန်မတတ်နိုင်လျှင် ကုန်ခြောက်များထည့်သည့်သေတ္တာခွံများကိုဝယ်ပြီး အဝတ်ထည့်ရန်ပြင်ဆင်ပေးပါ။ သပ်သပ်ရပ်ရပ်၊ စနစ်တကျထားသိုတတ်စေရန်အလို့ငှာ ကလေးများကိုသွန်သင်ရာတွင် နေ့စဉ်အချိန်ယူလုပ်ဆောင်ရမည်ဖြစ်သော်ငြားလည်းနောက်ပိုင်းတွင် ကလေးများအသက်ကြီးလာသောအခါ အချိန်ပေးလုပ်ဆောင်စရာ လိုအပ်တော့မည်မဟုတ်ပါ။

ကိုယ့်အိပ်ခန်းကိုကိုယ်တိုင်သန့်ရှင်းစေပါ

ကလေးများကို ကိုယ်ပိုင်အခန်းများပေးထားကာ သန့်သန့်ပြန့်ပြန့်နေထိုင်ရန်စီစဉ်ပေးလျှင် သူတို့သည် ထိုအခန်းကလေးကို မိမိတို့၏ကိုယ်ပိုင်

အခန်းအဖြစ်ခံယူကာ အိမ်မကြီးထဲမှာအိမ်ကလေးတစ်အိမ်အဖြစ်သဘောထား လျက် ကျေနပ်နှစ်သိမ့်စွာဖြင့် မိမိတို့၏အခန်းကလေးကို ကောင်းမွန်သပ်ရပ်စွာ စောင့်ရှောက်ကြလိမ့်မည်။ သို့ရာတွင် မိခင်မှာမူ ၎င်းတို့၏အခန်းများသို့ သွားရောက်ကြည့်ရှုကာ မလွဲမသွေအကြံဉာဏ်ပေးရပါမည်။ ထိုအလုပ်သည် မိခင်လုပ်ရမည့်အလုပ်တစ်ခုဖြစ်ပါသည်။

အချိန်မှန်မှန်အိပ်ကြပါ

ညအချိန်မှာမအိပ်ဘဲ နေ့အချိန်မှအိပ်သည့်အကျင့်သည် အလွန် ကျယ်ပြန့်လာချေပြီ။ နိုးထလာသောသဘာဝကြီးနှင့်အတူ ငှက်ကလေးများ၏ သီချင်းသံကိုနားထောင်ရန် အိပ်ရာထရမည့် မနက်ပိုင်းအချိန်တွင် လူငယ် အများစုသည် နှစ်ခြိုက်စွာအိပ်စက်လာကြပါသည်။

လူငယ်အများစုသည် ပုံမှန်အိပ်ရာထရမည့်အချိန်တွင် မထကြတော့ဘဲ အိမ်၏စည်းကမ်းများကိုဆန့်ကျင်ကာ စည်းမဲ့ကမ်းမဲ့နေထိုင်လာကြပါသည်။ အခြားလူများအလုပ်များနေချိန်တွင် သူတို့သည် အိပ်ရာထဲတွင်ဆက်လက် လဲလျောင်းနေလေ့ရှိပါသည်။ “ညတုန်းကအိမ်စာမပြီးနိုင်လို့ အိပ်ရာထနောက်ကျ တယ်ဟူ၍လည်းကောင်း၊ လုပ်စရာကလေးတွေရှိနေလို့ ညတုန်းကညဉ့်နက် အောင်လုပ်ခဲ့ရတယ်ဟူ၍လည်းကောင်း၊ အလုပ်များလို့စောစောအိပ်ရာမဝင်နိုင် ခဲ့ဘူးဟူ၍လည်းကောင်း” လူငယ်အများစုက ဆင်ခြေပေးတတ်ကြပါသည်။ မည်သို့ပင်ဆိုစေကာမူ စည်းကမ်းတကျနေရမည်ဟူသော အကျင့်ကလေးပျက် သွားကာ တစ်နေ့တာအတွက်အလုပ်စရမည့် တန်ဖိုးရှိသောအချိန်ကလေးကို အိပ်ရာထဲတွင် သူတို့ဖြုန်းပစ်နေကြပါသည်။

ကျွန်ုပ်တို့ကိုးကွယ်သော ထာဝရဘုရားသခင်သည် စည်းစနစ်ကျန သောဘုရားဖြစ်သဖြင့် ယုံကြည်သူကြီးငယ်တို့ကိုလည်း စည်းကမ်းတကျ အသက်ရှင်နေထိုင်ရန် လိုလားတော်မူပါသည်။ လန်းဆန်းသာယာသောနေ့ အချိန်ကို ညအဖြစ်သို့လည်းကောင်း၊ မှောင်မိုက်သောညအချိန်ကိုနေ့အဖြစ်သို့ လည်းကောင်း ပြောင်းလဲပစ်ခြင်းအမှုသည် သာ၍ကောင်းသောအကျင့်စရိုက်ဟု

သင်ထင်ပါသလား။ အကယ်၍သာ လူငယ်များသည် စနစ်တကျ၊ အချိန်မှန်မှန်အိပ်ရာဝင်ကြမည်၊ အိပ်ရာထကြမည်ဆိုလျှင် ကျန်းမာပျော်ရွှင်မှုများ၊ မှတ်ဉာဏ်များနှင့် ပင်ကိုယ်စရိုက်များတိုးတက်ဖွံ့ဖြိုးလာပါလိမ့်မည်။

အကျင့်စရိုက်များတွင် စည်းကမ်းကျနမှုရှိမရှိကို လူငယ်တိုင်းဂရုစိုက်ကြရပါမည်။ သို့မှသာ ကိုယ်စိတ်နှစ်ပါးကျန်းမာပျော်ရွှင်နိုင်မည်ဖြစ်သည်။ လူငယ်အပေါင်းတို့၊ နံနက်အိပ်ရာထသောအချိန်တွင် သင်လုပ်ကိုင်ခဲ့သမျှအလုပ်များကို တတ်နိုင်သမျှပြန်လည်သုံးသပ်ပါ။ တစ်နေ့တာလုပ်ဆောင်ရမည့်လုပ်ငန်းများကိုလည်း လုပ်ဆောင်သင့်သည့်အချိန်ပိုင်းမှအစ ဖြစ်နိုင်လျှင် စာအုပ်ငယ်တစ်အုပ်တွင် ရေးမှတ်ထားသင့်ပါသည်။

## သန့်ရှင်းမှုကိုထိန်းသိမ်းပါ

မိခင်တို့၊ ကိုယ်အလိုကိုငြင်းခြင်းနှင့်ချုပ်တည်းခြင်းများကို သင်၏ကလေးများအား ပုခက်အတွင်းမှာရှိစဉ်ကတည်းက လေ့ကျင့်ပညာပေးကြပါ။ အသက်ကြီးလာသည်နှင့်အမျှ ခန္ဓာကိုယ်ကြံ့ခိုင်သကဲ့သို့ ကိုယ်ကျင့်တရားလည်း ပိုမိုကောင်းမွန်လာအောင် သွန်သင်ကြပါ။ လောလောဆယ်ဖြစ်ပေါ်နေသောအလိုဆန္ဒကိုဖြည့်ဖို့အတွက်မဟုတ်ဘဲ ကောင်းမွန်သောဘဝဖြင့်အဆုံးသတ်နိုင်ဖို့ ဘုရားသခင်အလိုတော်ရှိသည်ဆိုသည့်သမ္မာတရားကို ကလေးများ၏စိတ်တွင်စွဲမြဲနေအောင် သွန်သင်ကြပါ။ ဤအရာကိုသင်ကောင်းမွန်စွာသွန်သင်လျှင် သင်၏စိတ်နှလုံးကိုရွှင်လန်းစေမည့်အသီးများကို သူတို့၏အသက်တာတွင် သင်မြင်ရပါလိမ့်မည်။

သားသမီးများကို ညစ်ညမ်းသောဩဇာသက်ရောက်မှုများမှကာကွယ်နိုင်ရန် မိဘများသည် သန့်ရှင်းခြင်းဆိုင်ရာစည်းမျဉ်းများကို ၎င်းတို့အားသင်ကြားပေးရပါမည်။ နားထောင်ခြင်းနှင့်ချုပ်တည်းခြင်းများကို အိမ်တွင်လေ့ကျင့်သင်ကြားခဲ့ရသောကလေးများသည် ဘဝလမ်းခရီးတစ်လျှောက်လုံးတွင် အခက်အခဲမရှိလျှောက်လှမ်းကာ မိမိတို့ပတ်လည်တွင်ရှိနေသော စုံစမ်း

နှောင့်ယှက်ခြင်းများကို အောင်မြင်စွာကျော်လွှားနိုင်ကြပါလိမ့်မည်။ မည်သည့်အခြေအနေ၊ မည်သည့်နေရာတွင် ရောက်ရှိနေသည်ဖြစ်စေ ဘုရားသခင်အပေါ် သစ္စာရှိရန် ကလေးများကိုလေ့ကျင့်သင်ကြားထားသင့်ပါသည်။

ကလေးများ၏အကျင့်စာရိတ္တများကို အားကောင်းလာစေမည့်ဩဇာ သက်ရောက်မှုမျိုးဖြင့် သူတို့ကိုရစ်ပတ်ထားသင့်ပါသည်။ ထိုကဲ့သို့သော လေ့ကျင့်ပညာပေးမှုများကို ခံယူခဲ့ရသောကလေးများသည် ကျောင်းတက်သော အချိန်တွင် ဆူပူလူပ်ရှားခြင်းနှင့် စိုးရိမ်ပူပန်မှုများကိုဖြစ်စေသည့် ကလေးများ မဖြစ်နိုင်တော့သည့်ပြင် ဆရာများကိုအကူအညီပေးသူများ၊ ကျောင်းသားအချင်းချင်းအတွက် စံထားစရာအားယူစရာကျောင်းသားများဖြစ်လာကြပါလိမ့်မည်။

## မျက်ခြည်မပြတ်စောင့်ကြည့်ကြပါ

သားသမီးများကိုသန့်ရှင်းစင်ကြယ်စေလိုလျှင် မိဘနှင့်အုပ်ထိန်းသူများကိုယ်တိုင်လည်း ကိုယ်စိတ်နှစ်ပါးသန့်စင်အောင် လုပ်ဆောင်ကြရမည်။ ထိုကိစ္စအတွက် လိုအပ်သောညွှန်ကြားချက်များကိုပေးလိုက်ရုံဖြင့် တာဝန်ကျေပြီဟု မယူဆဘဲ မျက်ခြည်မပြတ်စောင့်ကြည့်နေရပါမည်။ အသစ်သောထင်မြင်ချက်များနှင့် အသစ်သောခံစားချက်များသည် နေ့စဉ်နှင့်အမျှ လူငယ်များ၏စိတ်နှလုံးတွင် ပေါက်ဖွားလျက်ရှိရာ သူတို့ပေါင်းသင်းသောမိတ်ဆွေများ၊ သူတို့ဖတ်သောစာအုပ်များနှင့် သူတို့ပြုကျင့်နေသောစရိုက်များကို ကာကွယ်စောင့်ကြပ်ပေးရပါမည်။

## သန့်စင်၍ဆွဲဆောင်မှုရှိသောအိမ်တစ်အိမ်ဖြစ်အောင်ထိန်းသိမ်းပါ

အိမ်ကိုအမြဲတမ်းသန့်ရှင်းနေအောင်လုပ်ဆောင်ရပါမည်။ အိမ်ထဲရှိ ချောင်ကျသောနေရာများကို ညစ်ညစ်ပတ်ပတ်ထားခြင်းသည် အသက်တာရှိ လူသူမမြင်နိုင်သောအရာများကို ညစ်ညစ်ပတ်ပတ်ထားလိုသောဆန္ဒများကို ဖြစ်ပေါ်စေပါသည်။ ထိုကြောင့် မီခင်တို့၊ အိပ်ခန်းများကို သန့်ရှင်းသပ်ရပ်

အောင်စီမံတတ်ဖို့ သားသမီးများကိုသွန်သင်ခြင်းအားဖြင့် သန့်စင်သောစိတ်ထားကိုယ်ရှယ်စဉ်ကတည်းက စွဲမြဲအောင်လုပ်ဆောင်ခဲ့ကြမည်ဆိုလျှင် ကလေးများကိုပညာပေးသောသင်တို့သည် ဤအချက်ကိုကောင်းမွန်စွာအကောင်အထည်ဖော်နိုင်ကြပါလိမ့်မည်။

သားသမီးများအား စိတ်အားလျော့ခြင်း၊ စိတ်အားထက်သန်မှုမရှိခြင်းနှင့် နမော်နမဲ့လုပ်ခြင်းများမှ မည်ကဲ့သို့သင်တို့ကာကွယ်ကြမည်နည်း။ မိဘတို့၊ သင်တို့အပေါ်တွင် အရေးကြီးသောတာဝန်ကြီးတစ်ခုကျရောက်နေသည်ကို သင်တို့သိကြပါသလား။ မည်သည့်ပညာရေးမျိုးကိုရရှိခဲ့မှန်းမသိသောသူများနှင့် သင့်ကလေးများကိုပေါင်းသင်းခွင့်ပြုထားပါသလား။ ထိုကလေးများနှင့်သူတို့ကိုလွှတ်မထားကြပါနှင့်။ ၎င်းတို့မည်သည့်အရာကိုလုပ်ခဲ့သည်ကိုလည်းကောင်း၊ မည်သည့်နေရာများကိုသွားခဲ့သည်ကိုလည်းကောင်း သိရှိအောင်နေ့ညမပြတ်သူတို့ကိုကြိုးစားဂရုစိုက်ကြပါ။ အကျင့်ကောင်းတွေကိုသူတို့ကျင့်နေသလားဆိုတာကိုလည်း သိအောင်ကြိုးစားပါ။ ကောင်းမွန်သောစာရိတ္တပိုင်းဆိုင်ရာစည်းမျဉ်းများကို ၎င်းတို့အား သင်ကိုယ်တိုင်သင်ကြားပေးပြီးပြီလားဆိုတာကိုလည်း ပြန်လည်သုံးသပ်ကြပါမိဘအပေါင်းတို့။

အိမ်နီးချင်းများက ၎င်းတို့၏သားသမီးများကို သင့်သားသမီးများနှင့်တစ်ညနေလုံး၊ တစ်ညလုံးနေခွင့်ပြုကောင်းပြုကြလိမ့်မည်။ ထိုကလေးများလာရောက်နေထိုင်သည်ကို သင်ခွင့်ပြုမလား (သို့မဟုတ်) ၎င်းတို့၏မိဘများ၏အလိုကိုဆန့်ကျင်ကာ ၎င်းတို့အား မိမိအိမ်သို့ပြန်ရန်သင်ပြောမည်လား၊ သင်ကြိုက်သလိုရွေးချယ်နိုင်ပါသည်။ အခြားကလေးများကို ညအိပ်ညနေလာရောက်နေထိုင်ခွင့်ပြုခြင်းသည် ရာသက်ပန်အမင်္ဂလာတစ်ခုဖြစ်သွားနိုင်သည်ကိုတော့ သင်သတိပြုစေလိုပါသည်။

ကာမဂုဏ်လိုက်စားမှုကိုကာကွယ်ပါ

ဘုရားသခင်၏အဖိုးတန်ရတနာများကိုစောင့်ရှောက်ရန် တာဝန်ပေးခြင်းခံရသူများသည် ဘုရားသခင်၏သဏ္ဌာန်တော်နှင့်အညီ ဖန်ဆင်းထားသည့်

ထောင်နှင့်ချီသောလူငယ်များ၏ခန္ဓာကိုယ်နှင့် ကိုယ်ကျင့်တရားများကိုပျက်ယွင်းစေသည့် ကာမဂုဏ်လိုက်စားခြင်းများကို တားဆီးရန်အဟန့်အတားများ ပြုလုပ်သင့်ပါသည်။ ယနေ့အချိန်တွင် ဖြစ်ပွားနေသောရာဇဝတ်မှုများ၏ဇာစ်မြစ် ကိုရှာဖွေလျှင် ထိုအချက်ကိုဂရုမထားခဲ့သောမိဘများတွင် တာဝန်ရှိနေကြောင်း တွေ့ရပါမည်။ ဝမ်းနည်းဖွယ်မသိနားမလည်မှုကြောင့် လူသားများ၏အသက်တာများနှင့်ကျန်းမာရေးများထိခိုက်ပျက်စီးလျက်ရှိပါသည်။

မိဘတို့၊ သင်တို့သည် ဘုရားပေးတာဝန်ကိုလျစ်လျူရှုကာ သားသမီးများကိုပညာပေးရန်ပျက်ကွက်ခဲ့လျှင် ဖြစ်ပေါ်လာသည့်အကျိုးဆက်များအတွက် ဘုရားသခင့်ထံတော်တွင် သင်တို့လျှောက်လဲချက်ပေးကြရလိမ့်မည်။ ထိုဆိုးကျိုးများသည် သင့်ကလေးများကိုသာ ထိခိုက်စေမည်မဟုတ်ဘဲ ဆူးပင်တစ်ပင်ကိုပေါက်ရန်ခွင့်ပြုခြင်းဖြင့် ဆူးပင်အများ လယ်ကွင်းတွင်ပြည့်နှက်သွားသည့်အလား ပတ်ဝန်းကျင်ရှိလူငယ်ထုအပေါ်သို့လည်း ဩဇာလွှမ်းမိုးသွားပါလိမ့်မည်။

သန့်ရှင်းခြင်းရုပ်လုံးဖြင့်စိတ်နှလုံးကိုဖြည့်ဆည်းပေးပါ

ခရစ်ယာန်အသက်တာသည် ကိုယ်အလိုဆန္ဒကို စဉ်ဆက်မပြတ်ငြင်းပယ်လျက် ချုပ်တည်းခြင်းကိုကျင့်သုံးရသောအသက်တာမျိုးဖြစ်သည်။ ထိုအချက်ကို ငယ်ရွယ်စဉ်အချိန်မှစ၍ ကလေးများကိုသင်ကြားပေးကြပါ။ သူတို့သည် ခရစ်တော်၏အသွေးတော်မြတ်ဖြင့်ဝယ်ယူထားခြင်းခံရသူများဖြစ်သဖြင့် ဘုရားသခင်ပိုင်ဆိုင်သောရတနာများဖြစ်သည်နှင့်အညီ အတွေးအခေါ် အပြုအမူအားလုံးတွင် သန့်ရှင်းမှုနှင့်ပြည့်ဝစေရန် ချုပ်တည်းခြင်းရှိရမည့်အကြောင်း သင်၏သားသမီးများကို သွန်သင်ကြပါ။

သမ္မာတရား၏ရုပ်လုံး၊ သန့်ရှင်းခြင်း၊ ကောင်းမြတ်ခြင်း၏ရုပ်လုံးများဖြင့် သားသမီးများ၏စိတ်ကို ငယ်ရွယ်စဉ်အချိန်ကတည်းက ဖြည့်ဆည်းပေးထားနိုင်လျှင် ၎င်းတို့သည် သန့်ရှင်းမြင့်မြတ်သည့်အရာများကို နှစ်သက်လာကြလိမ့်မည်။ သူတို့၏စိတ်နှလုံးများကိုလည်း အလွယ်တကူညစ်ထေး

အောင်လုပ်နိုင်တော့မည်မဟုတ်ချေ။ ထိုသို့မဟုတ်ဘဲ ယုတ်ညံ့သောမြင်ကွင်းကို သားသမီးများအားပြကာ သိမ်ဖျင်းသောစကား၊ ညည်းညူငြင်းဆန်တတ်သည့် စကားများကိုသာ သားသမီးများ၏ရှေ့တွင်ပြောကြမည်ဆိုလျှင် ကလေးများ သည် စက်ဆုပ်သိမ်ဖျင်းသော ထိုနမူနာများကိုလိုက်လျှောက်ကြပေလိမ့်မည်။ ဒုစရိုက်အကျင့်များသည် နူနာစွဲသကဲ့သို့ ၎င်းတို့အားရာသက်ပန်စွဲကပ်သွားပေ လိမ့်မည်။

ဘုရားသခင်ကိုချစ်ကြောက်ရိုသေသောမိခင်များက ဂရုတစိုက်ကြဲ လိုက်သောမျိုးစေ့များသည် ကောင်းမြတ်သောအသီးများကိုသီးမည့် ဖြောင့်မတ် ခြင်းအပင်ကို ဖြစ်ပေါ်လာစေပါလိမ့်မည်။ ဘုရားသခင်ကိုချစ်ကြောက်သော မိဘများကပေးလိုက်သည့် သင်ခန်းစာများနှင့်စံနမူနာများသည် ကြီးမားသည့် ရိုတ်သိမ်းမှုကို သားသမီးများအားယောသပ်ကဲ့သို့ ရိတ်သိမ်းစေပါလိမ့်မည်။

–o–



# အခန်း (၆)
# ကလေးငယ်များအတွက်လက်တွေ့ကျသောအကျင့်သီလ

နေ့စဉ်အသက်တာ၏တာဝန်များကို မည်ကဲ့သို့ထမ်းဆောင်ရမည့်အကြောင်း သားသမီးများကို အိမ်ကျောင်းတွင်သင်ကြားပေးသင့်ပါသည်။ ငယ်ရွယ်စဉ်အချိန်မှစ၍ ကလေးများလုပ်နိုင်လောက်သောအိမ်မှုအလုပ်များကို မိခင်ကနေ့စဉ်ခိုင်းပေးရပါမည်။ မိမိသည် သားသမီးများ၏စာရိတ္တတွင် ကူညီရိုင်းပင်းလိုသည့်စိတ်ဓာတ်များကို အုတ်မြစ်ချပေးရမည့်တာဝန်ရှိသူဖြစ်သည်ကို မိခင်တိုင်းသတိရစေလိုပါသည်။ အိမ်မှုတာဝန်များကို ခွဲဝေလုပ်ကိုင်တတ်အောင် သိတတ်ခါစကတည်းက လေ့ကျင့်သင်ကြားပေးသင့်ပါသည်။ အိမ်ထောင်အတော်များများတွင် ထိုအရာကိုလုပ်ဆောင်ရန် ပျက်ကွက်နေကြပါသည်။ "နင်တို့လုပ်တာစိတ်တိုင်းမကျပါဘူး၊ ငါကိုယ်တိုင်ပဲလုပ်လိုက်ပါ့မယ်" ဟု မိခင်များက ပြောဆိုလုပ်ကိုင်လေ့ရှိပါသည်။

ကလေးဆန်သောအမှားများကိုလျစ်လျူရှုကြပါ

တစ်ကြိမ်လျှင်နည်းနည်းစီသင်ကြားပေးဖို့ ငြင်းဆိုခြင်းသည် ကလေးငယ်များအပေါ် အမှားကျူးလွန်ခြင်းပင်ဖြစ်သည်။ ကလေးများနှင့် အတူနေကြပါ။ မေးချင်တာကိုမေးခွင့်ပြုပြီး စိတ်ရှည်လက်ရှည်ဖြင့် ပြန်ဖြေ ကြပါ။ ကလေးများအား လုပ်စရာတစ်ခုခုပေးထားပါ။ မိခင်ဖြစ်သောသင့်ကို ကူညီရသည်ဆိုသောအသိဖြင့် သူတို့အားပျော်ရွှင်ကြစေပါ။

လုပ်သင့်သောအလုပ်တစ်ခုကို လုပ်ရန်ကြိုးစားနေသောကလေးငယ်တစ်ယောက်ကိုမလုပ်ရန် ပစ်ပစ်ခါခါမငြင်းလိုက်ပါနှင့်၊ လုပ်ကိုင်ရင်းမတော်တဆ အကွဲအရှများရှိခဲ့လျှင်လည်း သူတို့ကိုအပြစ်မတင်ကြပါနှင့်။ ၎င်းတို့၏ကလေး ဘဝတွင် သင်ပြပေးလိုက်သော အသိပညာအပေါ်၌ ၎င်းတို့၏ အနာဂတ် အသက်တာအခြေပြုနေပါသည်။ ကိုယ်စိတ်နှစ်ပါးတွင်ရှိနေသော

အစွမ်းသတ္တိများသည် ဘုရားသခင်၏အမှုတော်တွင် အသုံးပြုရန်အတွက် ကိုယ်တော်ရှင် ပေးထားတော်မူသည်ကို ၎င်းတို့အားပြောပြကြပါ။ ဘုရားသခင်သည် အချို့ ကလေးငယ်များအား အလိုတော်နှင့်ဆိုင်သော ရှေးဦးအရိပ်အမြွက်များကိုပေးတော်မူတတ်ပါသည်။

အိမ်မှုတာဝန်ကိုကလေးများဝိုင်းဝန်းထမ်းရွက်ကြစေပါ

သင့်ကလေးများ၏အသက်တာကို နှစ်လိုဖွယ်အသက်တာဖြစ်အောင် ပျိုးထောင်ကြပါ။ တစ်ချိန်တည်းမှာပင် သင်ကကြီးမားသောအိမ်မှုတာဝန်ကို ထမ်းဆောင်နေစဉ် သူတို့အားလည်း သင့်လျော်သောတာဝန်များကို ထမ်းဆောင်စေခြင်းဖြင့် နာခံခြင်းနှင့်မစခြင်းအလေ့အထများကို သွန်သင်ကြပါ။ အလုပ်ကို ကြိုးကြိုးစားစားလုပ်တတ်အောင် သင်ကြားပေးကြပါ။ ဤဘဝအတွက်သာမက အနာဂတ်အသက်တာအတွက်ပါ အသုံးဝင်သောလူသားများဖြစ်လာစေရန် အလိုငှာ စဉ်းစားသုံးသပ်စရာနှင့် လုပ်ကိုင်ဆောင်ရွက်စရာများကို ကလေးများအတွက်စီစဉ်ပေးကြပါ။

လူ့အသိုက်အဝန်းတွင် အပြန်အလှန်တာဝန်ရှိကြောင်းကိုလည်းကောင်း၊ အလုပ်ကိုမြန်မြန်နှင့်သပ်သပ်ရပ်ရပ်လုပ်ကိုင်သင့်ကြောင်းကိုလည်းကောင်း၊ ကလေးများအားသင်ကြားပေးသင့်ပါသည်။ ၎င်းတို့လူကြီးဘဝသို့ရောက်လာသောအခါတွင် ထိုအရာသည် တန်ဖိုးမဖြတ်နိုင်လောက်အောင် အကျိုးရှိသောအရာတစ်ခုဖြစ်လာလိမ့်မည်။

အိမ်ထောင်တွင် အချင်းချင်းညီညီညွတ်ညွတ်လုပ်ဆောင်ရန်မျှော်လင့်ကြောင်း အိမ်သားတိုင်းနားလည်အောင် သွန်သင်ထားသင့်ပါသည်။ အသက် (၆) နှစ်အထက်အိမ်ထောင်သားများသည် မိမိတို့နှင့်သင့်တော်သောဘဝတာဝန်များကို ထမ်းဆောင်ရမည်ဟု နားလည်ထားသင့်ပါသည်။

ဗဟုသုတနှင့်ပျော်ရွှင်သာယာမှု၏ပင်မအချက်အချာ

"သင်၏ဘုရားသခင်ထာဝရဘုရား ပေးသနားတော်မူသောပြည်၌ အသက်တာရှည်မည့်အကြောင်း သင်၏မိဘကိုရိုသေစွာပြုလော့" ဟူသော

ပညတ်ကို သားသမီးများနာခံရန် မိဘများကသွန်သင်ပေးကြပါ။ ထိုသားသမီးများသည် အသက်အရွယ်ကြီးလာသည်နှင့်အမျှ မိဘနှစ်ပါး၏ပြုစုပျိုးထောင်မှုများကို ကျေးဇူးတင်လာကာ အမိနှင့်အဖကိုကူညီမစမှုများတွင် စစ်မှန်သောပျော်ရွှင်သာယာမှုကို တွေ့ရှိခံစားလာကြရပါလိမ့်မည်။

## ကြိုးစားလုပ်ဆောင်ခြင်း၏အရေးပါမှု

အကျိုးရှိသောအလုပ်များဖြင့် လူငယ်များကိုအချိန်ကုန်စေခြင်းသည် စိတ်ချရသောအကာအကွယ်တစ်ခုဖြစ်သည်။ အလုပ်ကိုကြိုးစားလုပ်ဆောင်တတ်အောင် သားသမီးများကိုသင်ပေးကြပါ။ သို့ပြုလျှင် ၎င်းတို့၏အသက်တာသည် အကျိုးရှိရှိ၊ ပျော်ပျော်ရွှင်ရွှင်ဖြင့်ကြီးပြင်းလာကာ စိတ်ထင်ရာလုပ်ဖို့ အချိန်ရနိုင်တော့မည်မဟုတ်ချေ။ ပျင်းနေဖို့လည်းအချိန်ရှိတော့မည်မဟုတ်ချေ။

### အသက်အရွယ်၊ အစွမ်းအစများနှင့်သင့်လျော်သောအလုပ်များကိုခိုင်းပါ

အသက်အရွယ်၊ အစွမ်းအစနှင့်သင့်လျော်သောအလုပ်များကို လုပ်ကိုင်ရမည်ဟူသောသဘောတရားကို သားသမီးများအား ငယ်ရွယ်စဉ်အချိန်ကတည်းက သွန်သင်ထားရမည်။ သူတစ်ပါးကိုအားကိုးတတ်သောသူများမဖြစ်အောင် ကလေးများကိုလေ့ကျင့်ပေးရမည်။ သို့ပြုလျှင် အကျိုးရှိသောအလုပ်ဟူသမျှသည် မည်သည့်အခါမျှ ပျင်းစရာတစ်ခုမဟုတ်ဟု သဘောပေါက်လာကာ အလုပ်လုပ်ခြင်းအကျင့်ဓလေ့သည် ၎င်းတို့၏ဒုတိယသဘာဝတစ်ခု ဖြစ်လာပါလိမ့်မည်။

### ပျင်းရိခြင်း၏အသီးအပွင့်များ

မိဘများကျူးလွန်သောအပြစ်များတွင် ဘုရားပေးတာဝန်ကို လျစ်လျူရှုကာ သားသမီးများကို အလုပ်မခိုင်းခြင်းပင်ဖြစ်သည်။ ငယ်ရွယ်စဉ်အချိန်

ကတည်းက အလုပ်လုပ်လေ့မရှိသောကလေးများသည် ပျင်းတတ်ကြသည်။ အသက်ကြီးလာသောအခါတွင် ထိုကလေးများသည် ကလေကလွင့် အသုံးမကျသောလူများဖြစ်လာကြပါမည်။ အရွယ်ရောက်၍ အလုပ်ဝင်သောအခါတွင်လည်း ပျင်းပျင်းရိရိဖြင့်အလုပ်လုပ်တတ်ရုံသာမက အချိန်ဖြုန်းပြီးအလုပ်လုပ်နေသည်ကိုပင် သစ္စာရှိစွာအလုပ်လုပ်သဖြင့် ရသင့်ရထိုက်သောအခကြေးငွေကိုရနေသည်ဟု အထင်ရောက်တတ်ကြပါသည်။ ထိုသူများသည် မိမိကိုယ်ကိုသစ္စာရှိသောဘဏ္ဍာစိုးဖြစ်ရမည်ဟု သဘောပေါက်နေသူများနှင့် လုံးဝမတူဘဲခြားနားမှုရှိနေသည်ကို တွေ့ရလိမ့်မည်။

အကယ်၍သာ ကလေးများကို အိမ်ထောင်တွင်သင့်လျော်ကောင်းမွန်စွာ လေ့ကျင့်သင်ကြားပေးခဲ့ကြမည်ဆိုလျှင် စနစ်မကျသောပညာရေးကိုရရှိထားသောလူငယ်အများကဲ့သို့ လမ်းပေါ်တွင်အချိန်ကုန်နေကြလိမ့်မည်မဟုတ်ချေ။ သားသမီးများကိုချစ်သောမိဘများသည် မိမိတို့၏သားသမီးများအား အိမ်မှုတာဝန်တွင် အတွေ့အကြုံမရှိသောလူပျင်းကလေးများဘဝဖြင့်ကြီးပြင်းလာစေလိမ့်မည်မဟုတ်ချေ။ အလုပ်လုပ်ခြင်းအပေါ် တန်ဖိုးမထားတတ်သူများကို ဘုရားသခင်နှစ်သက်တော်မမူသည့်ပြင် ထိုသူများသည်အမှုတော်တွင်ပါဝင်လုပ်ဆောင်ရန်လည်း သင့်လျော်ခြင်းရှိမည်မဟုတ်ချေ။

## အချိန်ကိုအကျိုးရှိရှိအသုံးပြုခြင်း

စည်းမဲ့ကမ်းမဲ့ကြီးပြင်းလာသူများသည် ဘုရားသခင်ပေးသနားတော်မူသည့်အချိန်ကို တန်ဖိုးမထားတတ်ကြချေ။ ၎င်းတို့သည် ထိုကဲ့သို့တန်ဖိုးမထားမှုအတွက် အကြောင်းပြချက်ပေးရလိမ့်မည်။ သားသမီးများသည် မိဘကိုကူညီရန်အတွက်သော်လည်းကောင်း၊ ကိုယ့်ကိုကိုယ်အားကိုးတတ်လာရန်အတွက်သော်လည်း အချိန်ကိုအကျိုးရှိအောင် အသုံးချကြရမည်။ မလွဲမရှောင်လုပ်ဆောင် ရမည့်အလုပ်များအပေါ် ကလေးများအထင်သေးသည်ကို မိဘများကခွင့်မပြု ကြပါနှင့်။ အချိန်၏တန်ဖိုးသည် ကိန်းဂဏန်းဖြင့်ဖော်ပြရန်မဖြစ်နိုင်သည်အထိ ကြီးမားသည့်ပြင် ဖြုန်းပစ်လိုက်သောအချိန်များကိုလည်း မည်သည့်အခါမျှ

ပြန်လည်ရနိုင်တော့မည်မဟုတ်ပါ။ အချိန်ဖြုန်းတီးမှုလျော့နည်းလာခြင်းသည် ရတနာတစ်ပါးပင်ဖြစ်ပါသည်။

## ပျင်းရိသောအကျင့်ကိုဖျောက်ပစ်ပါ

ပျင်းရိသောအကျင့်ကိုဖျောက်ပစ်ရန် ကလေးများအားသွန်သင်ပါ။ လောကတွင် လူတစ်ဦးစီအတွက် လုပ်စရာအလုပ်တစ်ခုရှိနေသည်ကို ကလေးတိုင်းသိလာအောင်ပြောပြကြပါ။

ပျင်းရိခြင်းသည် ကြီးမားသောအမင်္ဂလာတစ်ခုဖြစ်သည်။ ဘုရားသခင်သည် ကျွန်ုပ်တို့အား အကြော၊ အသား ကိုယ်အင်္ဂါများဖြင့်ဖန်ဆင်းထားသည်ဖြစ်ရာ ထိုအရာများကိုအသုံးမပြုဘဲ ဖျက်ဆီးပစ်ရန်မဟုတ်ပါချေ။ အသုံးပြုပေးခြင်းအားဖြင့် ပို၍အားကောင်းကျန်းမာလာအောင် လုပ်ဆောင်ကြရန် ဖြစ်ပါသည်။ အလုပ်လုပ်ခြင်းနှင့်မပတ်သက်ခြင်းသည် မဟာကံဆိုးခြင်းတစ်ရပ် ဖြစ်သည်။ အကြောင်းမှာ ပျင်းရိခြင်းသည် လူသားမိသားစုတစ်ရပ်လုံးအတွက် ကျိန်ခြင်းအမင်္ဂလာတစ်ခုသာ ဖြစ်နေပါလိမ့်မည်။

## နေ့စဉ်လုပ်ရမည့်အစီအစဉ်တစ်ခု၏အကျိုးသက်ရောက်မှုများ

တစ်နေ့တာလုံး မည်သည့်အရာလုပ်ရမည်ကို ဖြစ်နိုင်သမျှသုံးသပ်ဆုံးဖြတ်ရပါမည်။ သင်လုပ်ဆောင်သင့်သောအရာများကို မှတ်တမ်းတင်ရေးမှတ်ထားပါ။ လုပ်ငန်းတာဝန်တစ်ခုစီအတွက် အချိန်များသတ်မှတ်ပါ။ လုပ်ငန်းတာဝန်တိုင်းကို စေ့စေ့စပ်စပ်၊ သပ်သပ်ရပ်ရပ်လုပ်ပါ။ အခန်းတစ်ခုကိုပြင်ဆင်ပေးရန်တာဝန်ကျလျှင် အခန်းသည်လေဝင်လေထွက်ကောင်းအောင်လုပ်ပါ။ အိပ်ရာခင်းကို နေရောင်ခြည်ရအောင်ပြင်ဆင်ပါ။ အချိန်ယူပြီးလုပ်ဆောင်ပါ။ “အလုပ်ပြီးဖို့လိုသေးတယ်၊ သတ်မှတ်ထားတဲ့အချိန်အတွင်းမှာ ပြီးအောင်လုပ်ရမယ်” ဟု စိတ်ပြဋ္ဌာန်းကာ အလုပ်လုပ်နေစဉ် ထိုင်ပြီးသတင်းစာ (သို့မဟုတ်) စာအုပ်ဖတ်ခြင်းများကို မလုပ်ကြပါနှင့်။

အလုပ်ကိုနှေးကွေးစွာလုပ်တတ်သူများသည် "အားထုတ်ခြင်းအရာမှာ ပျင်းရိခြင်းမရှိဘဲ စိတ်တန်းသဖြင့် သခင်ဘုရား၏အလိုတော်သို့လိုက်၍ အားထုတ်ကြလော့" ဟု ရှင်ပေါလုမိန့်မှာချက်ကို သတိရအောက်မေ့ကာ မြန်မြန်ဆန်ဆန်၊ သွက်သွက်လက်လက်၊ အားရပါးရလုပ်ဆောင်ကြပါ။

အစားအစာပြင်ဆင်ရန်တာဝန်ကျလျှင် သေချာစွာတွက်ချက်ကာ လိုအပ်သည်များကိုဝယ်ယူချက်ပြုတ်ပြီး စီစဉ်တကျ အချိန်မီပြင်ဆင်ပေးကြပါ။ စားမည့်အချိန်ထက် ငါးမိနစ်နောက်ကျပြီး စားပွဲတွင်ပြင်ဆင်ခြင်းထက် ငါးမိနစ်စော၍ပြင်ဆင်ခြင်းက ပို၍ကောင်းပါသည်။ အကယ်၍ သင်သည် အလုပ်ကိုနှေးနှေးကွေးကွေး၊ ပျင်းပျင်းရိရိဖြင့်လုပ်နေမည်ဆိုလျှင် လုပ်သင့်သည်ထက်ပို၍ကြာမြင့်အောင် လုပ်ရပေလိမ့်မည်။ နှေးကွေးစွာလုပ်တတ်သူများသည် မြန်ဆန်ထိရောက်အောင် လုပ်တတ်အောင်ကြိုးစားကြပါ။ ထိုသို့ကြိုးစားလုပ်ဆောင်လျှင် နှေးနှေးကွေးကွေးလုပ်တတ်သည့်အကျင့်သည် ပျောက်ကွယ်သွားပါလိမ့်မည်။

## ကာယနှင့်ဥာဏရောစပ်အသုံးပြုခြင်း

သားသမီးများကို အိမ်မှုတာဝန်များလုပ်ဆောင်ရန် မခိုင်းသောမိဘများသည် မိုက်မဲသူများဖြစ်ကြသည်။ ထိုသူတို့သည် မိမိ၏သားသမီးများကို ဖျက်ဆီးနေသူများဖြစ်ရုံသာမက သားသမီးများကိုကျောင်းထားကာ အခြားကျောင်းသားများကိုပါ ဖျက်ဆီးနေကြသူများလည်းဖြစ်ပါသည်။ အလုပ်သည် အကောင်းဆုံးစည်းမျဉ်းတစ်ခုဖြစ်သည်။ မိခင်များသည် ၎င်းတို့၏မိခင်များထက် ပို၍ခက်ခဲသောအလုပ်ကို လုပ်နေကြသည်မဟုတ်ပါ။ ကာယနှင့်ဥာဏကိုပေါင်းစပ်လုပ်ဆောင်စေမည်ဆိုလျှင် စိတ်စွမ်းအားများသည် များစွာ ဖွံ့ဖြိုးတိုးတက်လာပါလိမ့်မည်။

## နည်းလမ်းရှာပါ

အကျိုးရှိသောအလုပ်များဖြင့် သားသမီးများအချိန်ကုန်စေသည့်နည်းလမ်းများကို မိဘတို့ရှာဖွေသင့်ပါသည်။ သားသမီးများအတွက် မြေကလေး

တစ်ကွက်ပြင်ဆင်ပေးပြီး စိုက်ပျိုးခိုင်းပါ။ ထွက်လာသည့်အသီးအနှံများကို ရောင်းချရသည့်ဝင်ငွေထဲမှ အလှူငွေများထည့်ဝင်နိုင်သလို သူတစ်ပါးအားလည်း မစကူညီနိုင်ကြပါသည်။

သင့်ကိုသူတို့တတ်နိုင်သမျှကူညီရန် အခွင့်ပေးပါ။ သူတို့၏အကူအညီပေးမှုကို အသိအမှတ်ပြုကြောင်း ဖော်ပြပါ။ မိသားစုအရေးတွင် သူတို့ပါဝင်နေသည်ကို သူတို့သိရှိပါလေစေ။ အလုပ်တစ်ခုကို မြန်မြန်နှင့်မှန်မှန်လုပ်ကိုင်ပြီးစီးနိုင်စေရန်အလို့ငှာ ဦးနှောက်ကိုတတ်အားသမျှအသုံးပြုပြီး စီမံလုပ်ဆောင်တတ်အောင်သွန်သင်ပါ။ သတ်မှတ်ထားသည့်အချိန်မှ တစ်မိနစ်မျှဆုံးရှုံးမှုမရှိစေရန် စိတ်ရောကိုယ်ပါအားထည့်ပြီး လုပ်ဆောင်တတ်အောင်သင်ပေးပါ။

အလုပ်ဟူသမျှဂုဏ်ရှိစွ

အလုပ်လုပ်ခြင်းသည် ဂုဏ်ရှိသောအရာတစ်ခုဖြစ်သည်ကိုလည်းကောင်း၊ စိတ်ရောကိုယ်ပါဖွံ့ဖြိုးလန်းဆန်းစေဖို့ အထူးလိုအပ်သည့်အရာဖြစ်သည်ကိုလည်းကောင်း ၎င်းတို့၏စိတ်ထဲမှာ စွဲမှတ်သွားအောင်သွန်သင်ပါ။ အပြစ်ကင်းသောပျော်ရွှင်မှုကို အလုပ်ကြိုးစားခြင်းနှင့်ပေါင်းစပ်လိုက်သောအချိန်တွင် စုံလင်မှုရှိသွားသည်ကို သူတို့အားသင်ကြားပေးကြပါစို့။

## လုံ့လဝီရိယနှင့်ဇွဲသတ္တိ

ကလေးငယ်များသည် အလုပ်တစ်ခုစပြီးလုပ်သောအချိန်၌ စိတ်အားထက်သန်မှုရှိသော်လည်း အချိန်တွေကြာညောင်းပြီး မောပန်းလာသည်နှင့်အမျှ အခြားအလုပ်တစ်ခုကိုပြောင်းပြီး လုပ်လိုလာတတ်ကြပါသည်။ ၎င်းတို့အားထိန်းချုပ်နိုင်ရန်အတွက် အလုပ်ပြောင်းလိုမှုကို မိဘများကခွင့်ပြုသင့်ပါသည်။ သားသမီးများ၏စိတ်ဓာတ်ဖွံ့ဖြိုးမှုတွင် စိတ်ရှည်ရှည်ဖြင့်လမ်းမပြနိုင်လောက်အောင် မိဘများအနေဖြင့် အခြားအလုပ်များဖြင့်အချိန်ကုန်မနေသင့်ကြပါ။ အားပေးစကားကလေးတစ်ခွန်း (သို့မဟုတ်) သင့်လျော်သောအချိန်တွင် ပေးလိုက်သောအမအစကလေးတစ်ခုသည် သူတို့အားအခက်အခဲမှ

ကျော်လွှားကာ စိတ်ဓာတ်ခွန်အားများ တိုးပွားလာစေနိုင်ပါသည်။ ပြီးစီးသွားသောအလုပ်ကလေးကို မြင်တွေ့ခြင်းမှဖြစ်ပေါ်လာသော စိတ်ကျေနပ်မှုသည် သူတို့အားပို၍ကြီးမားသောအလုပ်တစ်ခုကို လုပ်ရန်လှုံ့ဆော်ပေးပါသည်။

စေ့စေ့စပ်စပ်၊ ကြိုးကြိုးစားစားလုပ်တတ်သောအကျင့်ကိုဖွံ့ဖြိုးစေပါ

သားသမီးများသည် မိခင်ထံမှ သပ်သပ်ရပ်ရပ်၊ စေ့စေ့စပ်စပ်၊ ကြိုးကြိုးစားစားလုပ်တတ်သောအကျင့်များကို အတုခိုးလေ့ရှိပါသည်။ နာရီဝက်အတွင်းပြီးစီးနိုင်သည့်အလုပ်တစ်ခုကို သားသမီးများအား တစ်နာရီ၊ နှစ်နာရီ လုပ်ခွင့်ပေးခြင်းသည် နှေးကွေးစွာလုပ်တတ်သည့်အကျင့်ကို တည်ဆောက်ရန် ခွင့်ပြုနေခြင်းဖြစ်သည်။ စေ့စေ့စပ်စပ်၊ ကြိုးကြိုးစားစားလုပ်တတ်သောအကျင့်သည် ဘဝကျောင်းတော်ကြီးမှာတက်ကြမည့် လူငယ်များအတွက် ဖော်ပြလို့မရနိုင်လောက်အောင် ကြီးမားသည့်ကောင်းချီးမင်္ဂလာတစ်ခုဖြစ်ပါလိမ့်မည်။

မိန်းကလေးများအတွက်အထူးအကြံပေးချက်

အချို့မိန်းကလေးများအား များစွာဒုက္ခရောက်စေသည့် ချွတ်ယွင်းချက်တစ်ခုမှာ တန်ဖိုးမရှိသောစကားများကိုပြောကာ အချိန်ဖြုန်းတတ်သည့် အာချောင်ခြင်းပင်ဖြစ်ပါသည်။ မိန်းကလေးများသည် အာချောင်ဖို့လောက်သာ အာရုံရောက်နေသဖြင့် အလုပ်မပြီးကြတော့ချေ။ ဤအပြုအမူကိုအသေးအဖွဲ့တစ်ခုအဖြစ်လည်းကောင်း၊ သတိထားစရာမလိုသောအရာတစ်ခုအဖြစ်လည်းကောင်း သဘောထားတတ်ကြပါသည်။ ထိုသို့လျှော့မတွက်ကြပါနှင့်။ အသက်တာ၏စည်းမျဉ်းများကို အသေးအဖွဲကလေးများဖြင့် ပုံပိုးထားပါသည်။

အမှားကိုအရင်းပြုခြင်း

ကျော်လွှားခဲ့ဖူးသောအမှားများ၊ အခက်အခဲများသည် ပို၍မြင့်သောနေရာနှင့် ပို၍ကောင်းသောအရာကို အောင်ပန်းဆွတ်နိုင်အောင် အရင်းခံပေးသည့်အရာများဖြစ်သည်ဟု သားသမီးများကိုသင်ပေးကြပါ။ ယနေ့အောင်မြင်

ကျော်ကြားနေသူအပေါင်းတို့သည် ထိုအတွေ့အကြုံများကို ကျော်ဖြတ်ခဲ့သူများသာဖြစ်ကြပါသည်။

## တစ်ကိုယ်ကောင်းမဆန်သောအသက်တာဖြင့်နေထိုင်ခြင်း

ကိုယ်အလိုကိုရှေ့တန်းမတင်ရေးသင်ခန်းစာများကို အိမ်ထောင်တိုင်းတွင်သင်ကြားပေးသင့်ပါသည်။ မိဘနှစ်ပါးကိုယ်တိုင် ထိုသင်ခန်းစာကိုလေ့ကျက် ပြီးနောက် သားသမီးများကိုသင်ကြားပေးကြပါ။ ရောဂါသည်များကို ကျန်းမာ ရေးပြန်လည်ကောင်းမွန်လာအောင် ကူညီလုပ်ဆောင်နိုင်ရန် ကိုယ်အလိုဆန္ဒ ကို ရှေ့တန်းမတင်သူများလိုအပ်နေပါသည်။ အဝတ်အချည်းစည်းရှိသူများကို အဝတ်ပေးရန်နှင့် ငတ်မွတ်နေသူများကိုအစာကျွေးရန် ကိုယ်အလိုကိုရှေ့တန်း မတင်တတ်သူများ အထူးလိုအပ်နေပါသည်။

### အနစ်နာခံတတ်ခြင်းသည်ဓလေ့အကျင့်တစ်ခုဖြစ်လာသင့်ခြင်း

ကိုယ်အလိုကိုရှေ့တန်းမတင်ခြင်း၊ ဖြိုးခြစ်ချွေတာခြင်း၊ သဘောထားကြီးခြင်း၊ ကိုယ့်အားကိုယ်ကိုးခြင်းအကျင့်များကို စာတွေ့အားဖြင့်လည်းကောင်း၊ လက်တွေ့အသက်တာပုံစံနမူနာများအားဖြင့်လည်းကောင်း သွန်သင်ပေးကြ ပါ။ သမ္မာတရားဟောကြားခြင်းအလုပ်ကို အလျင်အမြန်ပြီးစီးအောင်လုပ်ရန် အနစ်နာခံတတ်ခြင်းအကျင့်သည် ရှေ့တန်း၌ရှိနေပါသည်။ ထို့ကြောင့် အနစ်နာခံခြင်းသည် ဤဘဝတွင်တည်ဆောက်ထားသည့် ကျွန်ုပ်တို့၏အကျင့်စာရိတ္တ၌ အမြဲတမ်းရှိနေသင့်သည့်အကျင့်တစ်ခုဖြစ်သည်။

### သားသမီးများကိုအရေးမပေးလွန်းပါနှင့်

မိဘများသည် သားသမီးများအား ကိုယ်အလိုကိုရှေ့တန်းမတင်ဖို့ သွန်သင်နေသည့်တစ်ချိန်တည်းမှာပင် သူတို့အားမိဘများက အရေးပေးနေပါသည်။ သူတို့တောင်းသမျှကို မိဘကပေးနေသည်ဟု အထင်ရောက်

မသွားအောင် လုပ်ဆောင်ကြရပါမည်။ ကလေးအများစုသည် တစ်ကိုယ်ကောင်းဆန်သောစိတ်ကို မိဘများထံမှအမွေရလာခြင်းဖြစ်သည်။ မိမိတို့ ရှေ့မှောက်တွင်သော်လည်းကောင်း၊ သူငယ်ချင်းများနှင့်အတူနေစဉ်တွင်သော် လည်းကောင်း၊ သားသမီးများကပြလာသော တစ်ကိုယ်ကောင်းစိတ်များကို ၎င်းတို့၏စာရိတ္တမှ ပျောက်ကွယ်သွားသည်အထိ မိဘများကထိန်းချုပ်ဖျောက်ဖျက်ပစ်ရန် ကြိုးစားသင့်ပါသည်။

သေးငယ်သောစိတ်ပျက်စရာများနှင့် အခက်အခဲများကို သတ္တိရှိရှိ ဖြင့်ရင်ဆိုင်တတ်အောင် သူတို့ကိုသွန်သင်ကြပါ။ အနည်းငယ်သောနာကျင်မှုများအပေါ် အရေးတယူမပြုစေရန် အာရုံပြောင်းပေးကြပါ။ စိတ်အနှောင့်အယှက်ဖြစ်စရာများနှင့် အဆင်မပြေမှုကလေးများကို ညင်ညင်သာသာဖြတ်ကျော်ကြရန် ကလေးများကိုသွန်သင်ပေးကြပါ။

## ကိုယ်ကျိုးစွန့်ခြင်းကျေးဇူးတော်

ကိုယ့်အကျိုးအတွက်ကိုသာမကြည့်တတ်သည့် ကိုယ်ကျိုးစွန့်ခြင်းအကျင့်သည်လည်း သားသမီးများ၏စာရိတ္တတွင် အထူးပျိုးထောင်ပေးသင့်သည့်အကျင့်စရိုက်တစ်ခုဖြစ်သည်။ ထိုအကျင့်စရိုက်ကြောင့် သတိမမူမိသော ကျေးဇူးတော်တစ်ခုသည် အသက်တာတွင် ဖြစ်ထွန်းပေါ်ထွက်လာပါလိမ့်မည်။

အလျင်စလိုပြောဆိုခြင်း လိင်ကိစ္စနှင့်ဆိုင်သောစကားများကို ပြောခြင်းများကိုချိုးနှိမ်ကာ ယဉ်ကျေးကြင်နာသောစကားများကိုပြောလျက် ချုပ်တည်းခြင်းရှိစေဖို့ သွန်သင်ပေးသင့်ပါသည်။

တစ်ကိုယ်ကောင်းဆန်သောစိတ်ထားကို ဖြစ်ပေါ်စေသည့်ဆွဲဆောင်မှုအမျိုးမျိုးကို သင်၏သားသမီးများရင်ဆိုင်ကျော်လွှားနိုင်စေရန် မိဘများအနေဖြင့် အထူးဂရုစိုက်စီမံသင့်ကြသည်မဟုတ်ပါလား။ သူတစ်ပါးအရေးကိုထည့်ပြီးစဉ်းစားတတ်ကာ ၎င်းတို့အတွက် အဖက်ဖက်မှကြိုးစားလုပ်ဆောင်နေသော မိဘများကိုကူညီတတ်ရန်နည်းလမ်းများကို စဉ်ဆက်မပြတ်အကြံပြုပေးသင့်ပါသည်။

## ဝင်ငွေနှင့်သင့်လျော်စွာနေထိုင်စားသောက်ပါ

သားသမီးများပိုင်ဆိုင်သည့် အရာအားလုံးအပေါ် ဘုရားသခင် တောင်းဆိုမှုရှိကြောင်း၊ ထိုတောင်းဆိုချက်ကို မည်သည့်အရာကမှချေဖျက် နိုင်စွမ်းမရှိကြောင်းများကို ၎င်းတို့အားသွန်သင်ကြပါ။ ၎င်းတို့လက်ဝယ်ရှိနေ သောအရာအားလုံးသည် ဘုရားသခင်ကအပ်နှံထားသောအရာများသာဖြစ်ပြီး ထိုပစ္စည်းဥစ္စာများအားဖြင့် ဘုရားသခင်၏စကားကို မည်မျှနာခံသည်၊ မနာခံ သည်ကိုသက်သေပြရန်အတွက်ဖြစ်ပါသည်။ ပိုက်ဆံသည် မရှိမဖြစ်လိုအပ် သောအရာတစ်ခုဖြစ်သည်။ ပိုက်ဆံမလိုသူများအတွက် ပိုက်ဆံကိုပုံအောပြီး မသုံးပါနှင့်။ သင်သည် လက်ဖွာသူတစ်ဦးဖြစ်လျှင် ထိုအကျင့်ကိုမြန်နိုင်သမျှ မြန်မြန်ဖျောက်ဖျက်လိုက်ပါ။

### ခြိုးခြံချွေတာတတ်အောင်ကလေးများကိုသွန်သင်ကြပါ

ခြိုးခြံချွေတာတတ်အောင် ကလေးများကိုသင်ပေးကြပါ။ သို့မှသာ ကလေးငယ်များမှအစ မိသားစုအပေါင်းသည် ဘုရား၏အမှုတော်ကိုပံ့ပိုးရန် တာဝန်များကို မျှဝေလုပ်ဆောင်တတ်လာမည်ဖြစ်ပါသည်။ သင့်အိမ်တွင် ခြိုးခြံချွေတာရေးလမ်းစဉ်ကို ကျင့်သုံးပါ။ မိဘတို့၊ သားသမီးများ၏အလိုကို ဖြည့်ဆည်းပေးရန် ဘုရားသခင်ပေးသနားတော်မူသော ငွေကြေးများကို အသုံးမပြုကြပါနှင့်။ လောကီသားများအပေါ် ဩဇာသက်ရောက်နိုင်ဖို့ ဖက်ရှင်နှင့်ဝင့်ကြွားမှုများကို မပြုလုပ်ကြရန် သားသမီးများကိုသွန်သင်ကြပါ။

မိဘတို့၊ သားသမီးများအပေါ်ထားရှိသော သင်တို့၏ချစ်မေတ္တာများကို သူတို့၏မာန်မာန၊ သူတို့၏လက်ဖွာခြင်းနှင့် သူတို့၏အပေါ်ယံရှုးပြခြင်း၌ အလိုလိုက်ခြင်းများအားဖြင့် ပြသရမည်ဟု အထင်မရောက်စေရန် သားသမီးများကိုသွန်သင်ပါ။ ယခုအချိန်သည် ပိုက်ဆံသုံးရန်နည်းလမ်းများ ရှာဖွေရမည့်အချိန်မဟုတ်ပါ။ ခြိုးခြံချွေတာနိုင်မည့်နည်းလမ်းများကိုသာ ရှာဖွေကျင့်ကြံဖို့အချိန်ဖြစ်ပါသည်။

ခရစ်တော်ပြတော်မူခဲ့သောခြိုးခြံချွေတာခြင်းသင်ခန်းစာ

လူငါးထောင်အား ဧည့်ခံကျွေးမွေးခဲ့သည့်အဖြစ်အပျက်သည် ခက်ခဲသောအချိန်အခါတွင် အသက်ရှင်နေသောကျွန်ုပ်တို့အား ခြိုးခြံချွေတာရေးလမ်းစဉ်ကို မဖြစ်မနေကျင့်သုံးရန် ဖိအားပေးခြင်းခံရသောအခြေအနေမျိုး၌ လက်တွေ့ကျသောသင်ခန်းစာတစ်ခုဖြစ်ပါသည်။ "ကျန်ကြွင်းသောအကျိုးအပဲ့တို့ကိုကောက်သိမ်းကြလော့" ဟု တပည့်တော်တို့အား ခရစ်တော်မိန့်ဆိုခဲ့သောစကားများတွင် အကျန်အကြွင်းများကို အလဟဿဖြစ်ခြင်းအပေါ် ကိုယ်တော်ရှင်ဂရုပြုတော်မူကြောင်း တွေ့နိုင်ပါသည်။

အသုံးတည့်သောအရာမှန်သမျှကိုလွှင့်မပစ်ကြပါနှင့်

သုံးလို့ရသည့်အရာမှန်သမျှကို လွှင့်မပစ်ကြပါနှင့်။ ထိုအမှုကို လုပ်ဆောင်ရန် ဉာဏ်ပညာ၊ အမြော်အမြင်နှင့်ဂရုတစိုက်ရှိမှုများ လိုအပ်ပါသည်။ အသေးအဖွဲကလေးများကို အလဟဿမဖြစ်အောင် မလုပ်နိုင်ကြသဖြင့် မိသားစုများစွာတို့သည် မရှိမဖြစ် အသုံးဝင်သည့်ပစ္စည်းများ ချို့ငဲ့ နေသည်ကို တွေ့ရပါသည်။

ပိုက်ဆံကိုမှန်ကန်စွာသုံးတတ်အောင်သွန်သင်ကြပါ

ကလေးလူငယ်များသည် မိမိတို့ရသည့်ငွေပမာဏနှင့် သုံးသည့်ငွေအရေအတွက်ကို တိကျစွာစာရင်းလုပ်ထားသင့်ပါသည်။ ငွေကြေးကို မှန်ကန်စွာအသုံးပြုတတ်အောင်လုပ်ပေးပါ။ မိဘကပေးသည့်မုန့်ဖိုးထဲမှဖြစ်စေ၊ မိမိတို့ကိုယ်တိုင်ရှာလို့ရသည့်ငွေထဲမှဖြစ်စေ၊ မည်သည့်ငွေကြေးကိုအသုံးပြုသည်ဖြစ်စေ သားသမီးများအနေဖြင့် စာအုပ်နှင့်တကွ အဝတ်အစားအသုံးအဆောင်များကို ကိုယ်တိုင်ဝယ်တတ်အောင် ကြိုးစားကြပါ။ စာရင်းအင်းထားရှိခြင်းအားဖြင့် ငွေကြေးတန်ဖိုးနှင့်အသုံးစရိတ်များကို ၎င်းတို့နားလည်လာနိုင်ပါသည်။ ဤနည်းအားဖြင့် သူတို့သည် ပိုမိုပြီးတိကျကောင်းမွန်အောင် လုပ်ဆောင်လာနိုင်မည်ဖြစ်သည်။ လက်ဖွာသောကလေးတစ်ယောက်သည် လက်ဖွာသောလူကြီး

တစ်ယောက်ဖြစ်လာပါမည်။ ကြွားဝါတတ်ပြီး တစ်ကိုယ်ကောင်းဆန်တတ်သော မိန်းကလေးတစ်ယောက်သည် ထိုအမျိုးအစားထဲက အမျိုးသမီးကြီးတစ်ဦး ဖြစ်လာပါမည်။ မိမိတို့၌တာဝန်ရှိနေသော အခြားလူငယ်များလည်းရှိသေးသည်ကို ကျွန်ုပ်တို့သတိရကြရပါမည်။ အကယ်၍သာ ကျွန်ုပ်တို့သည် မိမိတို့၏ သားသမီးများကို မှန်ကန်စွာလေ့ကျင့်ပညာပေးမည်ဆိုလျှင် ၎င်းတို့အားဖြင့် အခြားလူငယ်များအပေါ် ကျွန်ုပ်တို့ဩဇာလွှမ်းမိုးနိုင်ကြလိမ့်မည်ဖြစ်ပါသည်။

–၀–



# အခန်း (၇)
# ကလေးငယ်များ၌ရှိသောခရစ်ယာန်အရည်အသွေး

ကလေးငယ်များကို ၎င်းတို့နှင့်သင့်တော်သည့် ရိုးရိုးရှင်းရှင်းသင်ခန်းစာများကိုသာ သင်ကြားပေးသင့်ပါသည်။ ၎င်းတို့၏အသက်အရွယ်နှင့်စပ်ဟပ် ပြီး အကျိုးရှိသည့် ပေါ့ပေါ့ပါးပါးအလုပ်များ၊ ဗဟုသုတများ၊ ကြည်နူးစရာများတို့နှင့်ကျေနပ်ရောင့်ရဲမှုရှိအောင် လေ့ကျင့်ပေးသင့်ပါသည်။ အတုအပ စိတ်လှုပ်ရှားစရာများနှင့်ကင်းရှင်းပြီး သဘာဝနှင့်သဟဇာတဖြစ်သည့် တည်ငြိမ် ရိုးရှင်းသောအသက်တာမျိုးသည် ကလေးများ၏ကာယ၊ ဉာဏနှင့်ဘုရား တရားရေးခွန်အားများကို ပိုမိုအားကောင်းစေပါသည်။

မိဘများသည် မိမိတို့၏ရိုးရှင်းသောအသက်တာပုံစံအားဖြင့် သားသမီးများကိုအားပေးကာ အတုအပအသက်တာမှ သဘာဝအသက်တာသို့ ပို့ဆောင်ပေးကြပါ။

ဟိတ်ဟန်မပါသောကလေးများသည်ပိုပြီးချစ်စရာကောင်းခြင်း

ပိုပြီးချစ်စရာကောင်းသောကလေးများသည် ဟိတ်ဟန်မရှိ၊ မွေးရာပါဟန်အတိုင်းနေထိုင်သည့် ကလေးများဖြစ်ကြသည်။ ကလေးများလုပ်ဆောင်သမျှအပေါ် အာရုံထားကာ ပြောဆိုဟန့်တားနေခြင်းသည် ကောင်းသောအရာတစ်ခုမဟုတ်ပါ။ ၎င်းတို့ဖတ်သောစာအုပ်၊ ၎င်းတို့ပြောသောစကားနှင့်လုပ်ဆောင်သောအပြုအမူများအပေါ် အချည်းနှီးချီးမွမ်းနေခြင်းသည်လည်း ကောင်းသောအရာတစ်ခုမဟုတ်ပါ။ ဈေးကြီးပြီး ပလွှားဝါကြွားမှုကိုဖော်ပြသည့်အဝတ်များကို မဝတ်ပါစေနှင့်။ ထိုကဲ့သို့သောအဝတ်များကို ဝတ်ဆင်ခွင့်ပြုခြင်းကြောင့် ၎င်းတို့၏စိတ်ထဲတွင် ထောင်လွှားလိုသောစိတ်များ ပေါက်ဖွားလာရုံသာမက ၎င်းတို့၏အပေါင်းအသင်းများစိတ်ထဲတွင်လည်း မနာလိုစိတ်များကို ဖြစ်ပေါ်စေတတ်ပါသည်။ "သင်တို့၌တန်ဆာဆင်ခြင်းအမှုကား၊

ဆံပင်ကျစ်ခြင်း၊ ရွှေဆင်ခြင်း၊ အဝတ်ဝတ်ခြင်းတည်းဟူသော အပြင်တန်ဆာဆင်ခြင်းမဖြစ်စေဘဲ ဘုရားသခင့်ရှေ့၌ အဖိုးများစွာထိုက်သော နူးညံ့ငြိမ်သက်ခြင်းသဘောတည်းဟူသော မဖောက်ပြန်မပျက်စီးတတ်သော တန်ဆာဆင်ခြင်းရှိသော စိတ်နှလုံး၏အတွင်းလူဖြစ်စေကြလော့" ဟူ၍ ဆုံးမထားသည့် ရှင်ပေတရု၏သွန်သင်ချက်အတိုင်း အပေါ်ယံအလှထက် စိတ်နှလုံးအလှကို ဦးစားပေးပြင်ဆင်ကြရန် သားသမီးများကိုအားပေးကြပါ။

နှစ်လိုဖွယ်စစ်စစ်၏လျှို့ဝှက်ချက်

အမျိုးသမီးတစ်ဦး၏စစ်မှန်သောနှစ်လိုဖွယ်အရာမှာ ကိုယ်ခန္ဓာအဆစ်အချိုးကျခြင်း၊ လှပစွာဝတ်စားဆင်ယင်ခြင်းနှင့် ထူးချွန်မှုအမျိုးမျိုးကိုပိုင်ဆိုင်ခြင်းမဟုတ်ဘဲ သူတစ်ပါးအတွက်အကျိုးပြုလုပ်ငန်းများကို နူးညံ့သောစိတ်၊ တည်ငြိမ်သောစိတ်၊ ရက်ရောသောစိတ်၊ ကြင်နာသောစိတ်၊ လှိုက်လှဲသောစိတ်နှလုံးများဖြင့် လုပ်ဆောင်ပေးခြင်းဖြစ်သည်။ ထို့ကြောင့် ဘုရားသခင်ကိုလည်းကောင်း၊ မိဘများကိုလည်းကောင်း ရိုသေကိုင်းရှိုင်းသောအသက်တာ ဖြင့်နေထိုင်အသက်ရှင်ရုံသာမက အခြားလူသားများ၏အကျိုးအတွက် ရည်ရွယ်ချက်ရှိရှိဖြင့် နေထိုင်အသက်ရှင်လုပ်ဆောင်ကြရန် သမီးကလေးများကို သွန်သင်ပေးကြပါ။ သို့မှသာ ၎င်းတို့အသက်ကြီးလာသောအခါ စိတ်ထား ကောင်းမွန်ပြီး ကိုယ့်ကိုကိုယ်အားကိုးတတ်သော ချစ်ခင်ဖွယ်အမျိုးသမီးများ ဖြစ်လာကြမည်ဖြစ်သည်။

ဝင့်ဝါခြင်းမျိုးစေ့

ဝင့်ဝါတတ်သောသဘောနှင့် တစ်ကိုယ်ကောင်းဆန်သောစိတ်ထားများကို မိသားစုအများစုတွင် ငယ်ရွယ်စဉ်အချိန်ကတည်းက သားသမီးများ၏စိတ်နှလုံးထဲတွင် စိုက်ပျိုးထားပြီးဖြစ်နေတတ်ပါသည်။ ကလေးငယ်များ၏ရိုင်းပျသောအပြောအဆို၊ အပြုအမူများကို ၎င်းတို့ရှေ့မှောက်မှာပင် ချီးမွမ်းပြောဆိုရုံသာမက အခြားမိတ်ဆွေများရှေ့တွင်လည်းပုံကြီးချဲ့ပြီး မိဘများက

ပြောဆိုတတ်ကြပါသည်။ ထိုအရာကို ကလေးများသိရှိစွဲမှတ်သွားပြီး ကိုယ့်ကိုကိုယ်အထင်ကြီးလာကြပါသည်။ စကားပြောရာတွင် သူတစ်ပါး၏ စကားကိုဖြတ်ကာ မိမိထင်ရာကို ရိုင်းပျစွာပြောဆိုလာကြပါသည်။ ၎င်းတို့ အား မြှောက်ပင့်အလိုလိုက်ခြင်းများသည် ၎င်းတို့၌ရှိနေသောဝင့်ဝါပလွှားစိတ် များကို အားကောင်းစေပါသည်။ ၎င်းတို့၏အကျင့်စရိုက်သည် တဖြည်းဖြည်း နှင့်အိမ်ထောင်စုအပေါ်မှာပင် လွှမ်းမိုးသွားပါတော့သည်။

## အမြှောက်ကြိုက်သည့်စိတ်ကိုအားမပေးနှင့်

ကလေးများသည် မိမိတို့အားအလေးထားခြင်းကို ကြိုက်ကြသည်။ ၎င်းတို့အား ကိုယ်ချင်းစာခြင်း၊ အားပေးစကားပြောခြင်းကို ကြိုက်ကြသည်။ သို့ရာတွင် အမြှောက်ကြိုက်သည့်စိတ်ကို အားမပေးမိအောင်ဂရုစိုက်သင့်ပါ သည်။ မိမိထက်မြင့်မြတ်သောသူများကို ကြည့်သူများသည် နှိမ့်ချမှုရှိလာမည်။ သို့ဖြင့် အပြင်ပန်းအလှအပ ကြီးကျယ်ခမ်းနားမှုများကြောင့် ဖြစ်ပေါ်တတ် သောအရှက်ရမှုများကင်းစင်သည့် သိက္ခာသမာဓိကို သူတို့ပိုင်ဆိုင်လာကြပါ လိမ့်မည်။

## ရိုးစင်းစွာဝတ်တတ်စားတတ်အောင်အားပေးပါ

ရိုးစင်းသောအစားအစာများ၊ သပ်ရပ်ပြီးဈေးသက်သာသောအဝတ် များနှင့်သာ ကျေနပ်ရောင့်ရဲတတ်အောင် သားသမီးများကိုသွန်သင်ရန်မှာ မိဘများ၏တာဝန်ဖြစ်သည်။ မလိုလားအပ်သောပွတ်သီးပွတ်သပ်လုပ်ခြင်း၊ ချီးမွမ်းခြင်းများဖြင့် သားသမီးများကို မဖျက်ဆီးကြပါနှင့်။ ဝတ်ဆင်မှုတွင် အလိုလိုက်ခြင်းအားဖြင့် ကလေးများကိုဝင့်ဝါပလွှားတတ်အောင် မလုပ်ကြ ပါနှင့်။

## ရိုးစင်းခြင်းနှင့်ကိုးစားယုံကြည်ခြင်းများရှိလာအောင်သွန်သင်ပါ

ရိုးစင်းခြင်းသင်ခန်းစာနှင့် ကိုးစားခြင်းသင်ခန်းစာများကို ကလေးများ အားသင်ကြားပေးသင့်ပါသည်။ ဖန်ဆင်းရှင်ကို ကြောက်ချစ်ရိုသေကာ

ဖန်ဆင်းရှင်၏နှုတ်တော်ထွက်စကားများကို နာခံတတ်အောင် ကလေးများကို ကျွန်ုပ်တို့သွန်သင်ပေးသင့်ပါသည်။ အရာရာတွင် ကိုယ်တော်ရှင်၏ဘုန်းတော်ကိုပဓာနပြုလျက် လုပ်ဆောင်မှုအဖြာဖြာတွင် မဟာမေတ္တာတော်ကို အခြေပြုသင့်ပါသည်။

ကျွန်ုပ်တို့အတွက်စံနမူနာဖြစ်သောခရစ်တော်

ယေရှုခရစ်သည် ဤလောကတွင်နေထိုင်တော်မူစဉ် ဘုရင်တစ်ပါး၏ သိက္ခာမျိုးဖြင့် နေထိုင်တော်မူခဲ့သော်လည်း နူးညံ့၍နှိမ့်ချသောစိတ်ထားနှင့် ပြည့်စုံတော်မူပါသည်။ ကိုယ်တော်သည် အိမ်ထောင်တိုင်းအတွက် အလင်းဖြစ်ခဲ့သည်။ ကောင်းချီးမင်္ဂလာလည်းဖြစ်ခဲ့သည်။ အကြောင်းမှာ ကိုယ်တော်သွားသည့်နေရာတိုင်းသို့ စိတ်ကြည်နူးခြင်း၊ မျှော်လင့်ခြင်းနှင့်ရဲရင့်ခြင်းများကို သယ်ဆောင်သွားခဲ့ပါသည်။ ရိုးစင်းခြင်း၊ နူးညံ့သိမ်မွေ့ခြင်းနှင့် စစ်မှန်သော ချစ်ခင်မှုများ၏တင့်တယ်မှုသည် ထိုနိမ့်ကျသောအိမ်ထောင်ကလေးကိုပါ ရတိသုဘုံတစ်ခုအဖြစ်သို့ ပြောင်းလဲသွားစေပါသည်။ အဆင်မပြေမှုကလေး များကို နှစ်မြိုက်စွာသည်းခံခြင်းသည် ငြိမ်သက်မှုနှင့်ရောင့်ရဲမှုများကို စွန့်လိုက်ရခြင်းထက် သာ၍ကောင်းပါသည်။

## ယဉ်ကျေးသိမ်မွေ့ခြင်းသည်ပဓာနကျခြင်း

မိဘတို့၊ ကလေးများကိုအိမ်မှာနေစဉ် ယဉ်ယဉ်ကျေးကျေးနေတတ်အောင် သင်ကြားပေးကြပါ။ တစ်ဦးအပေါ်တစ်ဦး ကြင်နာယုယသောစိတ် ဖြင့်ဆက်ဆံတတ်အောင်သွန်သင်ပါ။ သူတို့၏စိတ်နှလုံးထဲတွင်လည်းကောင်း၊ အိမ်ထောင်ထဲတွင်လည်း တစ်ကိုယ်ကောင်းစိတ်ထားခြင်းကို လုံးဝခွင့်မပြုကြ ပါနှင့်။ မည်သူ့ကိုမျှအရေးမထား ထင်ရာစိုင်းသောအပြုအမူအပြောအဆိုများဖြင့် ကြီးပြင်းလာသောကလေးများသည် မိမိတို့၏အိမ်ထောင်မှရရှိခဲ့သော သွန်သင်မှုများကို ဖော်ပြနေခြင်းဖြစ်ပါသည်။

ပျံ့နှံ့စေရမည့်ဘုရားသခင်၏စည်းမျဉ်းများ

အိမ်ထောင်ကို ဘုရားသခင်ပေးတော်မူသောစည်းမျဉ်းများဖြင့် အုပ်ချုပ်ရမည်။ သားသမီးတိုင်းကို ယဉ်ကျေးသိမ်မွေ့ ချစ်ကြင်သနားတတ်ပြီး ယဉ်ကျေးပျူငှာသူများဖြစ်အောင် သွန်သင်ကြပါ။

မြင့်မြတ်သောအိမ်ထောင်စုဝင်အားလုံးသည် အမှန်တကယ်ယဉ်ကျေးပျူငှာကြပါသည်။ ထိုကဲ့သို့သောမိသားစုများမှ မိသားစုဝင်တိုင်းသည်လည်း အချင်းချင်းတစ်ယောက်ကိုတစ်ယောက် စိတ်ချမ်းသာမှုရရှိအောင် ကြိုးစားကြပါလိမ့်မည်။

အသက်ကြီးသူကိုလေးစားပါ

မိမိထက်အသက်ကြီးသူများကိုရိုသေလေးစားရန် ဘုရားသခင်ပြဋ္ဌာန်းထားတော်မူသည်။ "ဖြူသောဆံပင်သည် ဖြောင့်မတ်ခြင်းတရားလမ်း၌တည်လျှင် ဘုန်းကြီးသောသရဖူဖြစ်၏" သုတ္တံကျမ်း ၁၆း၃၁။ မိမိတို့၏လောကဝတ်ကျေမှုနှင့် ရိုသေလေးစားမှုများအားဖြင့် သက်ကျားရွယ်အိုများ၏ဘဝလမ်းခရီးကို ချောချောမွတ်မွတ်ဖြစ်အောင် လုပ်ဆောင်နိုင်ရန် ကလေးများကိုကူညီကြပါ။ "ဆံပင်ဖြူသောသူတို့ရှေ့မှာထရမည်။ အသက်ကြီးသောသူ၏မျက်နှာကိုရိုသေရမည်" ဟူသော ဘုရား၏အမိန့်တော်ကို နားထောင်လိုက်လျှောက်စဉ်တွင် ၎င်းတို့၏လူငယ်ဘဝသည်လည်း လှပတင့်တယ်ကာ အသရေနှင့်ပြည့်စုံနေပါလိမ့်မည်။

ရိုးကုပ်ပြီးအိန္ဒြေရှိရှိနေထိုင်တတ်ဖို့သွန်သင်ပါ

မာနထောင်လွှားခြင်း၊ ကိုယ်ရည်သွေးခြင်းနှင့်အတင့်ရဲခြင်းများသည် ဤခေတ်ကလေးလူငယ်များ၌ မြင်သာသည့်စာရိတ္တများဖြစ်ပါသည်။ ထိုအရာများသည် ဤခေတ်ဤအခါ၏ကျိန်ခြင်းအမင်္ဂလာတစ်ခုလည်းဖြစ်ပါသည်။ ရိုးကုပ်ပြီးနှိမ့်ချသောအသက်တာဖြင့်နေထိုင်တတ်အောင် ကလေးများကိုသွန်သင်ပေးကြပါ။ စကားပြောရာတွင် ရိုးရိုးကုပ်ကုပ်ပြောကြပါ။ စကားအရာတွင်

မရဲတင်းလွန်းကြပါနှင့်။ သတိပေးချက်များကို အရေးတယူထားကြပါ။ အကျိုးရှိသောစကားများကို နားထောင်ခြင်းအရာမှာ လျင်မြန်စေကြပါ။ သို့သော် စကားပြောခြင်းအရာမှာ အရင်မလိုကြပါနှင့်။ ရိုးကုပ်သောအပြုအမူအားဖြင့် မိမိ၏နှိမ့်ချသောစိတ်နှလုံးကို ဖော်ပြစေကြပါ။ အဖိုးမဖြတ်နိုင်အောင် တန်ဖိုးရှိသောရိုးကုပ်သည့်အသက်တာကို တန်ဖိုးထားကြပါ။ သို့ပြုလျှင် စင်ကြယ်သောသီလကို ဆက်လက်မြဲမြဲစေလိမ့်မည်။ သားသမီးများကို မှန်ကန်စွာပညာပေးခြင်းအလုပ်ကို အထူးဂရုပြုခြင်းသည် အရေးကြီးသည် ဆိုသည့် အချက်ကို မိဘများသဘောမပေါက်မချင်း အကောင်းဘက်သို့ ခိုင်ခိုင်မာမာ ပြောင်းလဲအောင် လုပ်ဆောင်နိုင်လိမ့်မည်မဟုတ်ပါ။

စစ်မှန်သောအသရေတင့်တယ်မှုများ

ကလေးငယ်တစ်ဦးအတွက် အစစ်မှန်ဆုံးသောအသရေတင့်တယ်မှုများတွင် ရိုးကုပ်စွာနေထိုင်ခြင်းနှင့်နာခံခြင်းတို့ ပါဝင်ပါသည်။ ညွှန်ကြားချက်များကိုနားထောင်ရန် ဂရုပြုတတ်သောနားနှင့် အလုပ်တာဝန်များကို ထမ်းဆောင်ရန် လျင်မြန်စွာလုပ်တတ်သော လက်နှင့်ခြေထောက်များသည် အသရေတင့်တယ်သောအရာများဖြစ်ကြသည်။ ထိုကလေးငယ်တစ်ဦး၏ ကောင်းမြတ်သောအသက်တာသည် ဤဘဝမှာပင် ကောင်းကျိုးချမ်းသာများကိုဖြစ်ပေါ်စေပါလိမ့်မည်။

## စိတ်ရွှင်ပျခြင်းနှင့်ကျေးဇူးသိတတ်ခြင်းတည်းဟူသော အဖိုးတန်အရည်အသွေးများ

ကလေးငယ်များ၏ပတ်ဝန်းကျင်တွင် စိတ်ရွှင်ပျစရာများ ယဉ်ကျေးပျူငှာ၍ချစ်ခင်မြတ်နိုးစရာများကို ဖန်တီးပေးကြပါ။ မိဘများတို့၊ သင်တို့၏ နှလုံးသားထဲမှာလည်း မေတ္တာရောင်ခြည်များ၊ စိတ်ရွှင်ပျရောင့်ရဲတင်းတိမ်မှု ရောင်ခြည်များ ထိုးဖောက်ဝင်ရောက်ပါစေ။ ထိုစိတ်ထားများကို သင့်မိသားစု

အားလုံးအပေါ် လွှမ်းခြုံပျံ့နှံ့သွားစေပါ။ မိဘများတို့၊ ကြင်နာမှုနှင့်သည်းခံစိတ်များကို အိမ်ထောင်အပေါ်လွှမ်းမိုးစေပါ။ သင့်မိသားစုများကိုထွန်းတောက်စေမည့် အသရေတင့်တယ်မှုအပေါင်းကိုပျိုးထောင်လျက် သားသမီးများကို အားပေးကြပါ။

### ရွှင်ပျသောမျက်နှာထားရှိစေပါ

ရွှင်ပျသောကိုယ်နှုတ်အမူအရာရှိသောကလေးများကို လူတိုင်းချစ်ခင်ကြပါသည်။ ၎င်းတို့အား ကြင်နာတတ်အောင် ယဉ်ကျေးပျူငှာစွာဆက်ဆံတတ်အောင် သင်ပြပေးမှသာ ၎င်းတို့က သင်တို့ကိုလည်းကောင်း၊ အခြားသူများကိုလည်းကောင်း ကြင်ကြင်နာနာ၊ ယဉ်ယဉ်ကျေးကျေးဆက်ဆံကြပါလိမ့်မည်။

ရွှင်ရွှင်ပျပျနေတတ်အောင်၊ ကျေးဇူးတင်တတ်သောကလေးများဖြစ်အောင် ပညာပေးရမည့်အပြင် ကျွန်ုပ်တို့အား မဟာမေတ္တာတော်ဖြင့်ချစ်တော်မူသည့် ဘုရားသခင်ကို ကျေးဇူးတင်တတ်အောင်လည်း သွန်သင်ပေးကြပါ။ ခရစ်ယာန်များ၏ရွှင်လန်းတတ်ကြွမှုသည် သန့်ရှင်းခြင်း၏တကယ့်လှပတင့်တယ်မှုတစ်ခုဖြစ်ပါသည်။

### နှစ်လိုဖွယ်စကားများကိုချောင်စွာပြောဆိုပါ

နှစ်လိုဖွယ်စကားများကို ချေချောင်ငံပြောခြင်းသည် မချေမငံစကားများနှင့် စိတ်ဆိုးမာန်ဆိုးစကားများပြောခြင်းထက် ခက်ခဲသည်မဟုတ်ပါ။ သင်ပြောလိုက်သော ကြမ်းတမ်းသည့်စကားများကြောင့် အခြားသူများစိတ်ထိခိုက်ရသည်ကို သတိထားကြပါ။ ထို့ကြောင့် အခြားသူများအား စိတ်ပျော်ရွှင်စေမည့်စကားများကိုပြောတတ်အောင် ကလေးများကိုသွန်သင်ပေးကြပါ။

### ပျော်ရွှင်တတ်သောစိတ်နေစိတ်ထားတစ်ခုရရှိအောင်အားပေးကြပါ

ဘုရားသခင်၏သားသမီးမှန်လျှင် ရွှင်ရွှင်ပျပျနေတတ်ရမည်။ ပျော်ရွှင်သောစိတ်နေစိတ်ထားမျိုးရရှိလာအောင် ကလေးငယ်များကို အားပေးလုပ်ဆောင်

သင့်ပါသည်။ သွားလေရာနေရာတိုင်းတွင် မျက်နှာရှစ်ခေါက်ချိုးပိုင်ရှင်ကလေး တစ်ယောက်သည် ဘုရားသခင်၏ဂုဏ်တော်ကို အမှန်တကယ်ချီးမွမ်းနိုင်လိမ့် မည်မဟုတ်ပါ။ ခရစ်ယာန်တစ်ယောက်အနေဖြင့် ဝမ်းနည်းမှုများကို ဝမ်းသာမှု များဖြင့်ဖုံးအုပ်လျက် ရွှင်ပျသောမျက်နှာထားများဖြင့် အသက်ရှင်နေထိုင်သင့် ကြပါသည်။ ထိုကဲ့သို့သောကလေးများသည် ဝမ်းနည်းမှုများကိုမုန်းတီးကာ ရွှင်လန်းကြည်နူးခြင်းနှင့် ချစ်ခြင်းမေတ္တာများဖြင့်သာ အမြဲတမ်းတုံ့ပြန်တတ် ကြပါသည်။

ပြုံးပြကြပါမိဘတို့

မိမိတို့ကိုယ်တိုင် ကလေးဘဝမှလာသည်ကို အချို့မိဘများမေ့လျော့ နေတတ်ပါသည်။ သူတို့သည် မစာနာတတ်သည့်မျက်နှာမျိုး တင်းမာအေးခဲပြီး သူတစ်ပါးကိုအဖက်မတန်သလိုမျိုးဖြင့် နေတတ်ကြပါသည်။ သူတို့သည် သူတစ်ပါးအားအပြစ်ရှာလိုသော မျက်နှာထားဖြင့်ကြည့်နေတတ်ပါသည်။ ကလေးဆန်ဆန်ရယ်မောခြင်း၊ လူငယ်များ၏ဂနာမငြိမ်လှုပ်ရှားခြင်းများကို သူတို့ကြည့်မရကြပါ။ အသေးအဖွဲ့အမှားကလေးများကို သေပြစ်ကျလောက် သည့်အပြစ်များအလား သူတို့စီရင်တတ်ကြသည်။ ထိုလုပ်ဆောင်မှုများသည် ခရစ်တော်၏လုပ်ဆောင်မှုများနှင့်ခြားနားနေပါသည်။ ထိုကဲ့သို့ပြုမူလုပ်ဆောင် သော ဆရာမိဘများကို ကလေးများမုန်းကြသည်။ ထိုကဲ့သို့သောသူများကို ကလေးများကအယုံအကြည်ကင်းမဲ့ကြပါသည်။

ထို့ကြောင့် မိဘတို့၊ မျက်နှာပြုံးရှိကြပါ။ စိတ်ထဲမှာခံစားနေရသော ဝမ်းနည်းမှုကို သင့်မျက်နှာတွင်မပေါ်ပါစေနှင့်။ ကျေးဇူးတင်တတ်သောစိတ်နှလုံး၊ ချစ်ခင်တတ်သောစိတ်နှလုံးမှပေါက်ဖွားလာသည့် နှစ်လိုဖွယ်ရောင်ခြည်ဖြင့် သင်တို့၏မျက်နှာကို ထွန်းလင်းစေပါ။ သင်၏သံမဏိမျက်နှာထားကြီးကို လျှော့ချကာ သားသမီးများ၏လိုအပ်ချက်နှင့်ကိုက်ညီအောင် မျက်နှာထားကြပါ။ ကလေးများက သင်တို့ကိုချစ်ခင်လာအောင် ပြုမူကြပါ။ ဘာသာရေးနှင့်

ပတ်သက်သည့်အမှန်တရားကို ၎င်းတို့၏စိတ်နှလုံးတွင် စွဲမြဲအောင် လုပ်ပေး လျှင် သင်တို့သည် ၎င်းတို့၏မေတ္တာကို သေချာပေါက်ရကြလိမ့်မည်။

လျော်ကန်သင့်မြတ်သောဆုတောင်းချက်တစ်ခု

သင်၏လုပ်ဆောင်မှုကို ချီးမွမ်းခြင်းသီချင်းကလေးတစ်ပိုဒ်ဖြင့် နှစ်သက် ဖွယ်ဖြစ်အောင်လုပ်ပါ။ "သခင်ဘုရား၊ အကောင်းဆုံးလုပ်ဆောင်နိုင်ရန် ကျွန်ုပ် ကို သွန်သင်တော်မူပါ။ ပို၍ကောင်းအောင်လုပ်နိုင်သောနည်းလမ်း များကို ပြညွှန်တော်မူပါ။ ခွန်အားနှင့်ရှင်ပျသောစိတ်နှလုံးများကို ပေးသနား တော်မူပါ" ဟု နေ့စဉ်ဆုတောင်းကြပါ။ သင်၏လုပ်ဆောင်မှုအပေါင်းကို ခရစ်တော်အုပ်စိုး ရန် အသနားခံပါ။ သို့ပြုလျှင် သင့်ဘဝသည်သာယာ၍ ကျေးဇူးတော်အပေါင်း နှင့်ပြည့်စုံလာပါလိမ့်မည်။

ကျေးဇူးသိတတ်သူများဖြစ်အောင်ကလေးများကိုသွန်သင်ပါ

လောကီအသက်တာတွင် ခံစားနေရသောကောင်းချီးမင်္ဂလာများနှင့် ကိုယ်တော်ရှင်ပေးသနားတော်မူသော ကောင်းချီးမင်္ဂလာအဖြာဖြာအတွက် ဘုရားသခင်အား ကျေးဇူးတင်ချီးမွမ်းသင့်ပါသည်။ အထက်ကောင်းကင်နိုင်ငံရှိ ထာဝရအိမ်တော်မှာနေထိုင်ခွင့်ရရှိရန် ကိုယ်တော်ရှင်ပြင်ဆင်ပေးတော်မူလျက် ရှိသော အိမ်ထောင်အသီးသီးတို့သည် ကြွယ်ဝစွာခံစားရသော ကောင်းချီး မင်္ဂလာများအတွက် ဘုရားသခင်၏ဂုဏ်တော်ကို ချီးမွမ်းလေ့ရှိပါသည်။ ကောင်းချီးမင်္ဂလာအဖြာဖြာကို ပေးသနားတော်မူသောဘုရားသခင်ကို ကျေးဇူး တင်တတ်အောင် ကလေးများကို သွန်သင်ပညာပေးထားခဲ့ကြမည်ဆိုလျှင် ကျွန်ုပ်တို့ခံစားနေရသော ဘုရားပေးကျေးဇူးတော်ဆိုင်ရာ အရိပ်လက္ခဏာ တစ်ခုပေါ်ထွန်းလာမည်ကို ကျွန်ုပ်တို့တွေ့ကြရလိမ့်မည်။ ပျော်ရွှင်သာယာမှု များကိုလည်း ထိုအိမ်ထောင်များတွင် တွေ့ရပါလိမ့်မည်။ ထိုကဲ့သို့သော အိမ်ထောင်များမှ မွေးဖွားလာသောလူငယ်များသည် ကျောင်းစာသင်ခန်းမှာ ဖြစ်စေ၊ ဘုရားရှိခိုးကျောင်းမှာဖြစ်စေ ရိုသေကိုင်းရှိုင်းတတ်သူများဖြစ်လာကြ ပါလိမ့်မည်။

## လိမ်ညာသည့်စကားမသုံးမိဖို့လိုအပ်ခြင်း

အမေကအမှန်အတိုင်းမပြောဘူး၊ အဖေကအမှန်အတိုင်းမပြောဘူး ဟူ၍ ကလေးများအထင်ရှိစေသော မည်သည့်ရုပ်အသွင်ကိုမျှမပြကြ၊ မလုပ်ကြ ပါနှင့်၊ လမ်းမှန်ကိုပြသင့်ပါသည်။ သင်တို့၏ပုံစံနမူနာအားဖြင့် သင်တို့၏ ကလေးများကို လမ်းလွဲစေတော့မှာလား။ စိတ်နှလုံးကိုပြောင်းလဲစေသည့် ဘုရားသခင်၏ တန်ခိုးတော်ကို သင်တို့၏စိတ်နှလုံးထဲသို့ အဝင်မခံကြတော့ဘူးလား မိခင်ဖခင်တို့။ သင်တို့၏သားသမီးများ၏နှလုံးသားထဲသို့ သန့်ရှင်း သောဝိညာဉ်တော် စိုးစံမှုကို ခွင့်မပြုကြတော့ဘူးလား မိခင်ဖခင်တို့။ သားသမီး များကို လုံးဝရိုးဖြောင့်သူများဖြစ်သည်ဟု မမျှော်လင့်နိုင်သော်လည်း မိဘများ၏ အန္တရာယ်မကင်းသော မှားယွင်းသည့်အုပ်ချုပ်မှုများကြောင့် ကလေးများ၏ ရိုးသားပွင့်လင်းသည့်အကျင့်စရိုက်များ ပျက်ယွင်းသွားစေနိုင်ပါသည်။ ထို့ကြောင့် မိဘများသည် မိမိတို့၏အပြောအဆိုအမူအရာများအားဖြင့် သားသမီးများ၏ ဟန်ဆောင်မှုကင်းသော ရိုးစင်းမှုများကို ထိန်းသိမ်းပေးသင့်ပါသည်။

လိမ်ညာခြင်းနှင့်လှည့်ဖြားခြင်းကို ဖွံ့ဖြိုးစေသည့်အပြင် တန်ဖိုးရှိသောအကျင့်စရိုက်များအပေါ် မယုံကြည်မှုများရင့်သန်စေသည့် ထိုမျိုးစေ့မျိုးကို မကြဲဖြန့်မိအောင် ကလေးများအသက်ရလာသည်နှင့်အမျှ ပို၍ပင်ရှောင်ရှားသင့်ကြပါသည်။

### အမှန်တရားအတွက်စံနမူနာများ

မိဘများသည် ကလေးများ၏စိတ်နှလုံးတွင် နေ့စဉ်ရိုက်နှိပ်ပေးရမည့် အမှန်တရားဆိုင်ရာ စံနမူနာများဖြစ်သင့်ပါသည်။ အထူးသဖြင့် ကလေးများကိုပညာပေးရာတွင် မတိမ်းစောင်းမသွေဖည်သောစည်းမျဉ်းတစ်ခုက မိဘများကိုထိန်းချုပ်ထားသင့်ပါသည်။ "သူငယ်သော်လည်း မိမိပြုသောအမှုသည် စင်သည်မစင်သည်၊ မှန်သည်မမှန်သည်ကို မိမိအခြင်းအရာအားဖြင့်ပြ၍ မိမိသဘောကိုထင်ရှားစေ၏" သုတ္တံ ၂၀း၁၁။ မိဘတို့၊ မမှန်သောစကားကို

မပြောကြပါနှင့်၊ မမှန်ကန်သောလုပ်ရပ်များကို လုပ်မပြုကြပါနှင့်။ သင်၏ ကလေးများကို လူဖြောင့်လူမှန်များဖြစ်စေလိုလျှင် သင်တို့ကိုယ်တိုင်လည်း ဖြောင့်မှန်အောင်နေကြရပါမည်။ တရားလမ်းအတိုင်း မသွေမဖည်လျှောက်လှမ်းကြပါ။ တရားလမ်းမှနည်းနည်းကလေးမျှမသွေဖည်မိပါစေနှင့်။ မိခင်ကမလိမ့်တပတ်၊ မမှန်မကန်လုပ်တတ်လျှင် သူမ၏သားသမီးများသည် သူမ၏ပုံစံနမူနာကို လိုက်ကြလိမ့်မည်။

ကြမ်းတမ်းသောစကားများကိုပြောခြင်းသည် လိမ်ညာစကားပြောခြင်းကိုဖြစ်စေခြင်း

သားသမီးများအမှားလုပ်မိသောအချိန်များတွင် စိတ်ရှည်ရှည်ထားကြပါ။ သားသမီးများ၏အမှားကို ဆုံးမသောအခါတွင်လည်း ခက်ထန်ကြမ်းတမ်းသောစကားများကို မပြောမိပါစေနှင့်။ သို့မဟုတ်လျှင် သူတို့သည် အမှန်ကိုပြောရန် ကြောက်ရွံ့နေကြလိမ့်မည်။

## ရိုးသားဖြောင့်မတ်ခြင်းသည်အကောင်းဆုံးဝါဒ

ရိုးသားဖြောင့်မတ်ခြင်းဝါဒကို မိခင်များ၏အသက်တာလုပ်ဆောင်မှုတိုင်းတွင် အသုံးပြုရန်လိုအပ်သကဲ့သို့ သားငယ်သမီးငယ်များအား အသေးအဖွဲကိစ္စကလေးများမှအစ အမှန်တရားမှသွေဖည်မသွားစေရန် သွန်သင်ရာတွင်လည်း ရိုးသားဖြောင့်မတ်ရန် အရေးပါလှပါသည်။

ရိုးသားဖြောင့်မတ်ခြင်း၏အငန်းအတာပမာဏ

ခရစ်တော်၏စံနှုန်းအရဆိုလျှင် ရိုးသားဖြောင့်မတ်သူတစ်ယောက်သည် အလျှော့မပေးတတ်သော သမာဓိနှင့်ပြည့်စုံသူတစ်ဦးဖြစ်၏။ အကျိုးအမြတ်ရလိုသောဆန္ဒဖြင့် အသုံးပြုနေသော မမှန်သည့်အလေးနှင့်ချိန်ခွင်များသည် ဘုရားသခင်၏ရှေ့တော်မှောက်ဝယ် စက်ဆုပ်ရွံရှာဖွယ်ဖြစ်ပါသည်။

အချိန်နှင့်ငွေကြေးအပေါ်မှာရိုးသားမှုရှိကြပါ

မကြီးကျယ်မမှန်ကန်သောအရာများဖြင့် ၎င်းတို့၏အချိန်ကို အကုန်မခံလိုသည့် တရားမျှတစိတ်ရှိသူများ၊ ဘုရားသခင်ပိုင်ဆိုင်သောအရာများကို မိမိတို့ကိုင်တွယ်အသုံးချနေကြောင်း သိရှိနေသူများ၊ သူတစ်ပါးပိုင်ဆိုင်သည့်ပစ္စည်းများကို မိမိကိုယ်ကျိုးအတွက် မတရားအပိုင်မစီးလိုသူများ၊ အလုပ်ရှင်၏ရှေ့တွင်ဖြစ်စေ ကွယ်ရာတွင်ဖြစ်စေ အလုပ်ကိုသစ္စာရှိရှိ၊ တိတိကျကျဂရုတစိုက်ကြိုးစားလုပ်ဆောင်တတ်သူများ၊ လူအချင်းချင်းကျေနပ်စေရုံသာမဟုတ်ဘဲ ဘုရားပေးတာဝန်အရ အမှန်တရားကိုချစ်မြတ်နိုးသဖြင့် အမှန်ကိုသာလုပ်ဆောင်တတ်သူများ စသည့်လူစားများသည် ဤလောကတွင်အထူးရှားပါးနေပါသည်။

သူတစ်ပါးကိုထင်စေချင်သည့်အတိုင်းဖြစ်သောသူ

ခရစ်ယာန်တစ်ယောက်သည် စီးပွားရေးလုပ်ငန်းတိုင်းတွင် မိမိအပေါ်သူတစ်ပါးကို ထင်စေချင်သည့်အတိုင်း မိမိအသက်တာကို တည်ထောင်သူများဖြစ်ကြသည်။ သူ၏လုပ်ကိုင်ဆောင်ရွက်ပုံသည် အခြေခံကျသော စည်းမျဉ်းများနှင့်ကိုက်ညီပါသည်။ သူ၌လျှို့ဝှက်ကြံစည်မှုတစ်စုံတစ်ခုမျှမရှိ သောကြောင့်သူ၌ဖုံးကွယ်စရာမရှိသလို ရှင်းလင်းတင်ပြစရာလည်းမရှိပါ။ သူသည် အဝေဖန်ခံရကောင်းခံရလိမ့်မည်။ အစစ်ဆေးခံရကောင်းခံရလိမ့်မည်။ သို့ရာတွင် သူ၏သွေဖည်ခြင်းမရှိသောသမာဓိသည် ရွှေစင်အလား တောက်ပ နေပါလိမ့်မည်။ သူပြောသောစကားများသည် ကိုးစားထိုက်သောစကားများ ဖြစ်သောကြောင့်သူနှင့်ဆက်စပ်သမျှသောသူတို့အတွက် သူသည် ကောင်းချီး မင်္ဂလာတစ်ပါးဖြစ်နေပါသည်။ သူသည် အိမ်နီးနားချင်းများအပေါ် အခွင့်အရေး ယူသူတစ်ယောက်မဟုတ်ဘဲ အိမ်နီးချင်းများကိုအကျိုးပြုသော မိတ်ဆွေတစ်ဦး ဖြစ်ပါသည်။ ထို့ကြောင့် သူ့မိတ်ဆွေများက သူ၏အကြံပေးချက်များကို အရေးထားကြပါသည်။ စစ်မှန်သောရိုးဖြောင့်သူ တစ်ဦးသည် မိမိ၏ပိုက်ဆံအိတ်

ဖောင်းလာစေရန်အတွက် အားနည်းသူများနှင့် အစွမ်းအစနည်းပါးသူများအပေါ် မည်သည့်အခါမျှအမြတ်ထုတ်လိမ့်မည်မဟုတ်ပါ။

စည်းမျဉ်းများကိုတိတိကျကျလိုက်နာကြပါ

ရိုးဖြောင့်ခြင်းနှင့်ပတ်သက်သည့် တစ်သဝေမတိမ်းလိုက်နာရမည့် စည်းမျဉ်းများကို အသက်တာလုပ်ဆောင်မှုအားလုံးတွင် ထိန်းသိမ်းလိုက်နာရပါမည်။ စီးပွားရေးလုပ်ငန်းတွင်ကျင့်သုံးနေသော စံလင်သည့်မျှတမှုများမှ သွေဖည်သွားခြင်းသည် အချို့ပုဂ္ဂိုလ်များအတွက် အသေးအဖွဲတစ်ခုဖြစ်ကောင်းဖြစ်နေမည်ဖြစ်သော်လည်း ထိုသွေဖည်မှုကို ကယ်တင်ရှင်က ထိုသို့သဘောထားတော်မမူပါ။ "အနည်းငယ်သောအမှု၌ သစ္စာရှိသောသူသည် ကြီးသောအမှု၌လည်းသစ္စာရှိလိမ့်မည်" ဟူ၍ မိန့်တော်မူသည့် ကိုယ်တော်ရှင်၏နှုတ်တော်ထွက်စကားသည် ဤအချက်ကို ရှင်းလင်းစွာဖော်ပြနေပါသည်။ ရှင်လုကာ ၁၆း၁၀။ ထို့ကြောင့် ရိုးသားဖြောင့်မတ်ခြင်းသည် အသက်တာတွင်ကျွန်ုပ်တို့လုပ်ဆောင်မှုအရပ်ရပ်၏တံဆိပ်အမှတ်အသားတစ်ခု ဖြစ်သင့်ပါသည်။

## ကိုယ့်အားကိုယ်ကိုးခြင်းနှင့်ရိုသေလေးစားတတ်ခြင်း

ကိုယ့်အားကိုယ်ကိုးတတ်အောင် သားသမီးတိုင်းအား သွန်သင်ပေးကြပါ။ ကလေးများသည် စွယ်စုံဟန်ချက်ညီ အကျင့်စာရိတ္တမျိုးတည်ဆောက်နိုင်စေရန်အလို့ငှာ ပညာရှိသောမိခင်များသည် ကလေးများ၏အားနည်းချက်များကို အားကောင်းလာအောင် အထူးဂရုစိုက်ပျိုးထောင်ကြလိမ့်မည်။

သက်သက်သာသာနေထိုင်ရခြင်းသည် ကိုယ်ခန္ဓာအားနည်းမှုကိုတိုးပွားစေခြင်း

မိဘများသည် မိမိတို့အား သားသမီးများကူညီလုပ်ဆောင်တတ်အောင် ထောက်မပံ့ပိုးပေးခြင်းသည် အမွေအများကြီးပေးခြင်းထက် သာ၍ကောင်းသည်။

မိမိ၏ကြိုးစားမှုအပေါ် အဓိကထားပြီး အားကိုးမှီခိုတတ်အောင် သွန်သင်ခြင်းခံရသောကလေးများသည် မိဘများအပေါ်တွင်သာ မှီခိုတတ်သောကလေးများထက် လက်တွေ့အသက်တာမှာ ပို၍အောင်မြင်မှုရကြပါသည်။ ကိုယ်ပိုင်အစွမ်းအစများအပေါ် မှီခိုအားကိုးတတ်အောင် သွန်သင်ခြင်းခံရသောကလေးများသည် အများအားဖြင့် မိမိတို့၏စွမ်းရည်များကို တန်ဖိုးထားတတ်ကြသည်။ အခွင့်အလမ်းများကို ပို၍ဖြစ်ပေါ်လာအောင် လုပ်ဆောင်တတ်ကြသည်။ ဘဝပန်းတိုင်ကိုအရောက်သွားရန် မိမိတို့၏အစွမ်းအစများကို ပျိုးထောင်တတ် ကြသည်။ အသုံးပြုတတ်ကြပါသည်။ ခရစ်ယာန်အသက်တာရှိ အောင်မြင် ခြင်းအုတ်မြစ်တွင်တည်ရှိနေသည့် ကြိုးစားလုပ်ဆောင်တတ်သောအကျင့်စရိုက်၊ ရိုးခြိုးချွေတာတတ်သောအကျင့်စရိုက်နှင့် ကိုယ်ကျင့်တရားကို တန်ဖိုးထား တတ်သောအကျင့်စရိုက်များကိုလည်း ၎င်းတို့၏စာရိတ္တတွင် မကြာမကြာ ဖွံ့ဖြိုးလာစေတတ်ကြပါသည်။

အဟန့်အတားအခက်အခဲများသည်ခွန်အားကိုတိုးပွားစေခြင်း

အခက်အခဲများသည် လူသားများကိုကြံ့ခိုင်စေပါသည်။ လူသားများ၏ကိုယ်ကျင့်တရားကို ကြံ့ခိုင်စေသည့်အရာမှာ အကူအညီအမအစများမဟုတ်ဘဲ အခက်အခဲများ၊ တိုက်လှန်မှုများနှင့် ခါးခါးသီးသီးငြင်းပယ်မှုများသည်သာဖြစ်ကြသည်။ သက်သက်သာသာနေထိုင်ခြင်းနှင့် တာဝန်ယူလုပ်ဆောင်ရန်ရှောင်ရှားခြင်းများသည် ကိုယ်ကျင့်တရားနှင့်ပြည့်ဝသည့် တာဝန်ရှိသူများဝိညာဉ်ရေးခွန်အားကောင်းသူများတို့အား သေးငယ်ကြုံလှီပြီး ခွန်အားနည်းပါးသွားစေပါသည်။

ပြဿနာကိုရဲဝံ့စွာရင်ဆိုင်တတ်အောင်သားသမီးများကိုပြင်ဆင်ပေးကြပါ

လူအသီးသီးတို့သည် ခက်ထန်သောလောကဓံတရားကို ရင်ဆိုင်ကြရပေမည်။ ခက်ထန်သည့် ထိုလောကဓံတရားများကို ရဲဝံ့စွာရင်ဆိုင်နိုင်အောင် လေ့ကျင့်ပညာပေးခြင်းအားဖြင့် သားသမီးများကိုတစ်သက်လုံးကောင်းစားအောင်


ကျွန်ုပ်တို့လုပ်ပေးနိုင်ကြပါသည်။ သူတို့ကိုကရုဏာပြကြရမည်ဖြစ်သော်လည်း သူတို့ကိုယ်သူတို့ ကရုဏာသက်နေအောင်တော့ မည်သည့်အခါမျှမလုပ်သင့်ပါချေ။ ၎င်းတို့လိုအပ်နေသောအရာမှာ ၎င်းတို့ကိုအားအင်ဆုတ်ယုတ်သွားစေမည့်အရာမဟုတ်ဘဲ ခွန်အားတိုးတက်လာစေမည့် အရာများသာဖြစ်ပါသည်။

ဤလောကသည် စစ်ရေးပြသည့်ကွင်းတစ်ကွင်းမဟုတ်ဘဲ စစ်မြေပြင်တစ်ခုဖြစ်သည်ကို ၎င်းတို့အားသင်ကြားပေးကြပါ။ စစ်သည်တော်ကောင်းများအလား ကြမ်းတမ်းသောဘဝကို ရင်ဆိုင်နိုင်အောင် အားပေးကြပါ။ သင်၏သားသမီးများသည် ကြံ့ခိုင်သူများဖြစ်နေကြရပါမည်။

## ဂုဏ်ယူလေးစားတတ်သူများဖြစ်အောင်သင်ကြားပေးကြပါ

အမှန်တကယ်ပညာရှိသောဆရာများသည် တပည့်များကို မိမိကိုယ်ကိုယုံကြည်မှုရှိလာအောင် အားပေးတတ်ကြသည်။ ဂုဏ်ယူလေးစားတတ်သူများဖြစ်လာအောင် အားပေးတတ်ကြပါသည်။ သားသမီးများသည် ယုံကြည်ကိုးစားမှုကိုခံရခြင်းအားဖြင့် ကောင်းကျိုးများကို ခံစားလာကြရပါသည်။ ကလေးငယ်များသည်ပင် လေးစားမှုကိုမြတ်နိုးကြပါသည်။ ယုံယုံကြည်ကြည်လေးလေးစားစားဆက်ဆံသည်ကို လူတိုင်းနှစ်သက်ကြပါသည်။ ထိုအရာ သည်လူတိုင်း၏အခွင့်အရေးလည်းဖြစ်ပါသည်။ သူတစ်ပါး၏ဂရုပြုစောင့်ကြည့်ခြင်းမရှိဘဲ ဝင်ထွက်သွားလာနိုင်ခြင်းမရှိဟု သူတို့ကိုအထင်မရောက်စေသင့်ပါ။ မယုံသင်္ကာစိတ်သည် စိတ်ဓာတ်ကျဆင်းစေရုံသာမက ကျွန်ုပ်တို့တားဆီးသင့်သည့်ဒုစရိုက်များကိုပင် မွေးထုတ်ပေးနိုင်သောအရာလည်းဖြစ်ပါသည်။

–၀–



# အခန်း (၈)
# စာရိတ္တဖွံ့ ဖြိုးမှုသည်ပဓာနကျခြင်း

ကောင်းကင်နိုင်ငံတော်သို့ ကျွန်ုပ်တို့ယူဆောင်သွားနိုင်သည့်အရာမှာ ဘုရားသခင်၏စာရိတ္တတော်နှင့်တူသော အကျင့်စာရိတ္တတစ်ခုတည်းသာရှိပါသည်။ ထိုစာရိတ္တသည် ကောင်းကင်နိုင်ငံတော်သို့ ရောက်သည့်အချိန်တွင်လည်း ဆက်လက်ဖွံ့ဖြိုးနေပါလိမ့်မည်။ ထို့ကြောင့် ဤဘဝအသက်တာ၌ ကျွန်ုပ်တို့၏စာရိတ္တများကို ဖွံ့ဖြိုးအောင်လုပ်ဆောင်ရန်မှာ အလွန်အရေးပါလှပါသည်။

စိတ်ပိုင်းဆိုင်ရာထက်မြက်မှုများနှင့် ကိုယ်ကာယဆိုင်ရာထူးချွန်မှုများသည် စာရိတ္တမဟုတ်ပါ။ ထိုအရာများကို စာရိတ္တမကောင်းသူများလည်း ပိုင်ဆိုင်တတ်ပါသည်။ ဂုဏ်သတင်းကျော်ကြားခြင်းသည်လည်း စာရိတ္တမဟုတ်ပါ။ စစ်မှန်သောအကျင့်စာရိတ္တသည် လူတစ်ဦး၏အသက်တာလုပ်ဆောင်မှုများတွင် ဖော်ပြနေသောအရည်အသွေးတစ်ခုဖြစ်ပါသည်။

ကောင်းမွန်သောစာရိတ္တသည် ရွှေငွေများထက်ပိုပြီးတန်ဖိုးရှိသော ရင်းနှီးမြှုပ်နှံမှုတစ်ခုဖြစ်သည်။ ထိတ်လန့်ကြောက်ရွံ့မှုများနှင့် ဆုံးရှုံးမှုများကြောင့် ထိခိုက်မှုမရှိနိုင်သောအရာလည်းဖြစ်သည်။ တည်ကြည်ခြင်း၊ဆုံးဖြတ်ချက်ခိုင်မာခြင်း၊ ဇွဲရှိခြင်းများသည် အထူးပျိုးထောင်ပေးသင့်သည့် အရည်အသွေး များဖြစ်ပါသည်။ ထိုအရည်အသွေးများကို ပိုင်ဆိုင်သူများသည် ကောင်းသည့် အရာကို လုပ်နိုင်စွမ်းရှိသောသူ၊ မကောင်းမှုကိုတွန်းလှန်နိုင်သောသူ၊ အခက် အခဲများကိုကျော်လွှားနိုင်စွမ်းရှိသောသူဖြစ်စေသည့် တန်ခိုးတည်းဟူသော စွဲမက်စရာကောင်းသည့် တန်ခိုးအစွမ်းများနှင့် ပြည့်စုံနေပါသည်။

အခရာကျသောအရာနှစ်ခု

ကြံ့ခိုင်သောစာရိတ္တတွင် စိတ်တန်ခိုးနှင့်ချုပ်တည်းနိုင်သည့်တန်ခိုးတည်းဟူသော အင်အားစုနှစ်ခုပါဝင်ပါသည်။ လူငယ်အများစုသည် စာရိတ္တ

ကြံ့ခိုင်မှုအတွက် ခွန်အားကောင်းသည့် အထိန်းအကွပ်မဲ့စိတ်ဓာကို မှားယွင်းစွာ အသုံးပြုနေကြပါသည်။ စိတ်ဓာအလိုကိုလိုက်တတ်သောသူများသည် အားနည်း သောသူများဖြစ်သည်မှာ အမှန်တရားတစ်ခုဖြစ်ပါသည်။ ခံစားချက် ကလူကိုမ ထိန်းချုပ်ဘဲ ခံစားချက်ကို လူ၏စိတ်တန်ခိုးဖြင့် ထိန်းချုပ်ချိုးနှိမ် နိုင်ခြင်း သည်သာ လူတစ်ယောက်၏ကြီးမြတ်သောစာရိတ္တဖြစ်ပါသည်။ မတရားမှုများ ကိုလုပ်ရန် အခွင့်အလမ်းရှိသော်လည်း မိမိ၏စိတ်ဆန္ဒကို ထိန်းချုပ်ကာ ရန်သူ၏အပြစ်များကို ခွင့်လွှတ်နိုင်သောသူများသာလျှင် စာရိတ္တအကြံ့ခိုင်ဆုံး သောသူများ ဖြစ်ကြပါသည်။

## တစ်သက်လုံးလုပ်ရမည့်အလုပ်

စာရိတ္တတည်ဆောက်ခြင်းအလုပ်သည် တစ်သက်လုံးလုပ်ဆောင်ရမည့် အလုပ်တစ်ခုဖြစ်သည်။ ဤအချက်ကို လူတိုင်းသဘောပေါက်လျှင်သော်လည်း ကောင်း၊ မိမိ၏ကံကြမ္မာကို မိမိကိုယ်တိုင်ဖန်တီးနေသည်ကို လူတိုင်း သဘော ပေါက်လျှင်သော်လည်းကောင်း ပြောင်းလဲမှုတစ်ခုသည် သေချာပေါက် ဖြစ်ပေါ် လာပါလိမ့်မည်။ စမ်းသပ်ကာလကို မည်ကဲ့သို့ထူးခြားစွာအသုံးချ ကြမည်နည်း။ မည်သည့်ထူးခြားသောစာရိတ္တများသည် ဤကမ္ဘာတွင်ပေါ်ထွက် လာလိမ့်မည် နည်း။

## ဖွံ့ဖြိုးကြီးထွားခြင်း

အစေ့မှအညှောက်ပေါက်လာခြင်းသည် ဝိညာဉ်ရေးအသက်တာ၏အစ ကိုပုံဆောင်ပြီး သစ်ပင်တစ်ပင်ဖွံ့ဖြိုးလာခြင်းသည် စာရိတ္တဖွံ့ဖြိုးလာခြင်း၏ ရုပ်ပုံတစ်ခုဖြစ်ပါသည်။ ကြီးထွားခြင်းကင်းသောအသက်တာမရှိနိုင်ပါ။ အပင် တစ်ပင်သည် ကြီးထွားခြင်းနှင့်သေခြင်း တစ်ခုခုသာဖြစ်နိုင်ပါသည်။ သစ်ပင် တစ်ပင်ကြီးထွားနေသည်ကို မမြင်နိုင်၊ မကြားနိုင်သော်လည်း ကြီးထွားမှုမှာ ရပ်နားခြင်းမရှိဘဲ ဆက်တိုက်ဖြစ်ပျက်နေသကဲ့သို့ စာရိတ္တဖွံ့ဖြိုးမှုမှာလည်း ထိုနည်းနှင်နှင်ဖြစ်ပါသည်။ ဖွံ့ဖြိုးမှုအဆင့်တစ်ဆင့်တိုင်းတွင် သူ့အဆင့်နှင့်သူ

စုံလင်မှုရှိသော်ငြားလည်း ဘုရားသခင်၏အလိုတော်ပြည့်စုံလာလျှင် ဖွံ့ဖြိုးမှုများသည် ဆက်တိုက်ဖြစ်ပေါ်လာပါလိမ့်မည်။

အသက်တာ၏ရိတ်သိမ်းမှု

အသက်တာ၏ရိတ်သိမ်းမှုမှာ အကျင့်စာရိတ္တပင်ဖြစ်သည်။ ထိုစာရိတ္တသည် ကျွန်ုပ်တို့၏လောကီ၊ လောကုတ္တရာနှစ်ဖြာသောကံကြမ္မာကို အဆုံးအဖြတ်ပေးမည်ဖြစ်သည်။ ရိတ်သိမ်းမှုဟူသည်မှာ စိုက်ပျိုးခဲ့သောအစေ့တစ်ခု၏ထုတ်လုပ်ပေးမှုတစ်ခုဖြစ်သည်။ အစေ့တိုင်းသည် မိမိအမျိုး၏အသီးများကိုသာ သီးပွင့်ပေးပါသည်။ ထိုနည်းတူ ကျွန်ုပ်တို့ကြသည့်စာရိတ္တမျိုးစေ့အတိုင်း၏တူညီသောအကျင့်စာရိတ္တအသီးအပွင့်များကို ကျွန်ုပ်တို့ရရှိကြပါသည်။ တစ်ကိုယ်ကောင်းစိတ်ရှိခြင်း၊ ကိုယ့်ကိုကိုယ်သာချစ်ခြင်း၊ ကိုယ်အလိုအတိုင်းလုပ်ဆောင်ခြင်းမျိုးစေ့များကိုကြဲဖြန့်လျှင် တစ်ကိုယ်ကောင်းစိတ်ရှိခြင်း၊ ကိုယ့်ကိုကိုယ်သာချစ်ခြင်း၊ ကိုယ်အလိုအတိုင်းလုပ်ဆောင်ခြင်း အသီးများကို ရိတ်သိမ်းကြရပါမည်။ အဆုံးတွင် ပျက်စီးခြင်းနှင့်ရင်ဆိုင်ကြရပါလိမ့်မည်။ "မိမိဇာတိပကတိ၌ မျိုးစေ့ကြဲသောသူသည် ဇာတိပကတိအားဖြင့် ပုပ်ပျက်ခြင်းအသီးအနှံကို ရိတ်ရလိမ့်မည်။ ဝိညာဉ်ပကတိ၌ မျိုးစေ့ကြဲသောသူသည် ဝိညာဉ်ပကတိအားဖြင့် ထာဝရအသက်ရှင်ခြင်းအသီးအနှံကို ရိတ်ရလိမ့်မည်။ (ဂလာတိ ၆း၈)။ ချစ်ခြင်းမေတ္တာ၊ ကိုယ်ချင်းစာခြင်း၊ ကြင်နာသနားခြင်းမျိုးစေ့များကို ကြဲသောသူအပေါင်းတို့သည် မပျက်စီး၊ မပျောက်ပျက်နိုင်သောကောင်းချီးမင်္ဂလာအသီးများကို ရိတ်ကြရလိမ့်မည်။

ခရစ်ယာန်ဘာသာ၏အကြီးမားဆုံးသွင်ပြင်လက္ခဏာ

ခရစ်ယာန်မိခင်များသည် တည်ကြည်သောစာရိတ္တ၊ ခိုင်မာသော စည်းကမ်း၊ ကောင်းမွန်သောကိုယ်ကျင့်တရားများနှင့် ပြည့်စုံသောသားသမီး များကို လူ့အဖွဲ့အစည်းထဲသို့ ပို့ပေးနိုင်ကြမည်ဆိုလျှင် သူတို့သည် အရေးအပါ

ဆုံးသော သာသနာပြုလုပ်ငန်းများကို လုပ်ကိုင်ခဲ့ပြီးဖြစ်လိမ့်မည်။ လူ့အဖွဲ့အစည်း များတွင် နေရာယူလုပ်ဆောင်ရန် စေ့စပ်သေချာစွာပညာပေးထားသည့် ထိုကလေးများသည် လောကသားများကိုပေးရန် အကြီးမားဆုံးသောခရစ်ယာန်ဘာသာ၏သွင်ပြင်လက္ခဏာပင်ဖြစ်ပါသည်။

ကောင်းမွန်စွာသွန်သင်ထားသည့်ကလေးငယ်တစ်ဦး၏ဩဇာသက်ရောက်မှု

သမ္မာတရားပါ စည်းကမ်းများနှင့်အညီ သွန်သင်ထားသည့်ကလေးငယ်တစ်ဦး၊ ၎င်း၏စာရိတ္တတွင် ဘုရားသခင်အပေါ်ချစ်ကြောက်ရိုသေမှုများ ထင်ရှားနေသည့်ကလေးငယ်တစ်ဦးက ဤကမ္ဘာကြီးကိုကောင်းအောင်ပြုပြင် နိုင်သည့် တန်ခိုးတစ်ခုကိုပိုင်ဆိုင်ပါလိမ့်မည်။ ထိုတန်ခိုးအစွမ်း၏ပမာဏမှာ ခန့်မှန်းရန်ပင်မဖြစ်နိုင်လောက်အောင် ကြီးမားလှပါသည်။

မြင့်မြတ်သောစာရိတ္တတည်ဆောက်ခြင်း

အကျင့်စာရိတ္တတစ်ခုသည် မတော်တဆဆောက်တည်လာခြင်းမဟုတ်ပါ။ ကောင်းသည့်စာရိတ္တဖြစ်စေ၊ မကောင်းသည့်စာရိတ္တဖြစ်စေ အပြုအမူတစ်ခုကို ထပ်ခါတလဲလုပ်ဆောင်ခြင်းမှ အကျင့်စရိုက်တစ်ခုအဖြစ်သို့ပြောင်းကာ အကျင့်စာရိတ္တတစ်ခုအဖြစ်သို့ ပုံသွင်းပေးပါသည်။ ကောင်းသောအကျင့်စာရိတ္တကိုမူ ဘုရားသခင်၏ဘုန်းတော်ကိုထင်ရှားစေရန် ပေးအပ်ခြင်းခံရသည့် အစွမ်းအစများကို ဖွံ့ဖြိုးတိုးတက်အောင် မနားမနေဇွဲရှိရှိဖြင့်လုပ်ဆောင်ခြင်းအားဖြင့်သာ ဖွဲ့စည်းတည်ဆောက်နိုင်ပါသည်။

ဘုရားသခင်နှင့်တကွ ကျွန်ုပ်တို့၏မိတ်ဆွေများအတွက် ကျွန်ုပ်တို့လုပ်ဆောင်ပေးရမည့် ပထမလုပ်ငန်းတစ်ခုမှာ မိမိကိုယ်ကိုဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ရန်ဖြစ်သည်။ ကျွန်ုပ်တို့၏အကျင့်စာရိတ္တများကို သန့်ရှင်းစင်ကြယ်စေရန်အလို့ငှာ အမှားနှင့်အမှန်ကိုသိစေသည့် ခရစ်တော်၏ကရုဏာတော်၊ ကျွန်ုပ်တို့၏အကျင့်စာရိတ္တရှိ အကောင်းဆုံးအရာများကို အတိုးတက်ဆုံး

အခြေအနေသို့ ပို့ဆောင်ပေးနိုင်သည့် ကိုယ်တော်ရှင်၏ကရုဏာတော်ကို ကျွန်ုပ်တို့ပိုင်ဆိုင်ထားဖို့ လိုအပ်ပါသည်။

ဘုရားပေးအစွမ်းများကိုပျိုးထောင်ခြင်းဖြင့်-----

လူအသီးသီးတို့သည် မိမိတို့၏စာရိတ္တကို ပုံဖော်နေသောပိသုကာများဖြစ်ကြသည်။ ထိုတည်ဆောက်မှုသည် ပြီးဆုံးသည့်အခြေအနေနှင့် တစ်နေ့တခြားနီးစပ်လာနေပါသည်။ ကျွန်ုပ်တို့မည်ကဲ့သို့တည်ဆောက်နေသည်ကိုလည်းကောင်း၊ ခရစ်တော်တည်းဟူသော ထာဝရကျောက်မြတ်အပေါ်မှာ တည်ဆောက်နေခြင်းရှိမရှိကိုလည်းကောင်း သုံးသပ်ရန် နှုတ်ကပတ်တော်က ကျွန်ုပ်တို့အားသတိပေးနေပါသည်။ ဤဘဝအသက်တာ၌သာမက လာမည့် ထာဝရနိုင်ငံတော်အတွက်ပါ အသုံးဝင်သောအကျင့်စာရိတ္တများကို တည်ဆောက်ရန် ဘုရားပေးအစွမ်းသတ္တိများကို ပြုစုပျိုးထောင်ရန်မှာ ယခုအချိန်ပင်ဖြစ်ပါသည်။

ခရစ်တော်ကို မိမိ၏ကယ်တင်ရှင်အဖြစ် ယုံကြည်ခြင်းသည် အကျင့်စာရိတ္တကို အားကောင်းတောင့်တင်းစေပါသည်။ ခရစ်တော်ကို အမှန်တကယ်ယုံကြည်သူများသည် တည်ငြိမ်အေးချမ်းမှုရှိကြလိမ့်မည်။ လူသားအပေါင်း ကိုတရားစီရင်မည့်ခရစ်တော်သည် ကျွန်ုပ်တို့၏အကျင့်စာရိတ္တ၏တန်ဖိုးများ ကိုချိန်တွယ်ရန် ကျွန်ုပ်တို့အား ကြည့်ရှုတော်မူလျက်ရှိသည်ကိုလည်း သတိရအောက်မေ့နေကြလိမ့်မည်။ ကျွန်ုပ်တို့၌ မည်သည့်စာရိတ္တမျိုးဖွံ့ဖြိုးနေသည်ကို မြင်တွေ့ရန် ကောင်းကင်သားများသည် စောင့်ကြည့်လျက်ရှိကြပါသည်။

အပြုအမူတိုင်း၏ဩဇာသက်ရောက်မှုများ

အသက်တာ၏အပြုအမူတိုင်းသည် စာရိတ္တတည်ဆောက်ရာတွင် ဩဇာသက်ရောက်မှုရှိနေပါသည်။ ကောင်းမြတ်သောအကျင့်စာရိတ္တသည် လောကပိုင်ဆိုင်မှုများထက် သာ၍အဖိုးထိုက်တန်သောကြောင့် စာရိတ္တ

တည်ဆောက်ခြင်းအလုပ်သည် လူသားများလုပ်နိုင်သမျှအထဲတွင် အမွန်မြတ်ဆုံးသော အလုပ်တစ်ခုဖြစ်ပါသည်။

ဘုရားသခင်ပေးသောပုံစံနမူနာကိုလိုက်လျှောက်ခြင်းဖြင့်စုံလင်ခြင်းသို့ရောက်ရှိခြင်း

ပြထားတော်မူသည့် ပုံစံနမူနာအတိုင်း အကျင့်စာရိတ္တကို ကျွန်ုပ်တို့တည်ဆောက်ရန် ဘုရားသခင်အလိုရှိတော်မူသည်။ ကျွန်ုပ်တို့သည် ကျေးဇူးတော်တစ်ခုအပေါ်မှာ တစ်ခုကိုထပ်ဆင့်လျက် မိမိတို့၏အားနည်းချက် များကိုရှာကာ ဘုရားသခင်ပေးထားသည့်သွန်သင်ချက်များနှင့်အညီ အားနည်းချက်များကိုပြင်ဆင်လျက် တစ်ဆင့်ပြီးတစ်ဆင့် တက်လှမ်းတည်ဆောက်ကြ ရမည်ဖြစ်ပါသည်။ အုတ်နံရံတွင် အက်ကြောင်းတစ်ခုကိုတွေ့လျှင် ဆောက်လုပ် ရေးလုပ်ငန်းတစ်ခုခုတွင် အမှားအယွင်းရှိနေသည်ကို ကျွန်ုပ်တို့သိရှိကြသလို အကျင့်စာရိတ္တတည်ဆောက်ရာတွင်လည်း အက်ကြောင်းများ၊ အားနည်းချက် များကိုမကြာခဏတွေ့ကြရပါသည်။ ထိုအမှားအယွင်းကလေးများကို မပြင်ဆင်လျှင် မုန်တိုင်းထန်သောအချိန်တွင် ကျွန်ုပ်တို့၏စာရိတ္တအိမ်တော်ကြီးသည် ပြိုလဲသွားပေလိမ့်မည်။

အသိအမှတ်ပြုတံဆိပ်ခတ်နိုင်မည့် စာရိတ္တတည်ဆောက်နိုင်ရန်အတွက် ကျွန်ုပ်တို့အား ခွန်အား၊ စဉ်းစားဉာဏ်၊ အချိန်များကို ဘုရားသခင်ပေးသနားတော်မူပါသည်။ ဘုရားသခင်နှင့်တကွ လူသားများက လေးစားဂုဏ်ပြုသည့် အဆစ်အချိုးကျနသောခန္ဓာကိုယ်တည်းဟူသော လုပသည့်ဗိမာန်တော်တစ်ခုကို အဆုံးတွင်ပေးအပ်နိုင်စေရန်အလို့ငှာ ကလေးလူငယ်တိုင်းသည် သန့်ရှင်း မွန်မြတ်သောအလုပ်များကိုလုပ်ဆောင်လျက် မွန်မြတ်သောစာရိတ္တများကို တည်ဆောက်ရန် ကိုယ်တော်ရှင်အလိုရှိတော်မူသည်။

ကျွန်ုပ်တို့သည် ခရစ်တော်အပေါ်တွင်အခြေပြုလျက် အကျင့်စာရိတ္တကိုတည်ဆောက်ကြရမည်။ ကိုယ်တော်ရှင်သည် သေချာသောအုတ်မြစ်၊ မရွေ့လျားနိုင်သောအုတ်မြစ်တစ်ခုဖြစ်ပါသည်။ ခရစ်တော်တည်းဟူသော

ကျောက်မြတ်ပေါ်တွင် အုတ်မြစ်ချတည်ဆောက်ထားသည့် အကျင့်စာရိတ္တကို မည်သည့်စုံစမ်းခြင်းလှိုင်းလေကမျှ လှုပ်ရှားသွားအောင် လုပ်ဆောင်နိုင်မည် မဟုတ်ပါ။

သခင်ဘုရားအတွက် လုပသောစာရိတ္တတစ်ခုကိုတည်ဆောက်ရင်း ကြီးပြင်းလာသူတစ်ဦးသည် အခြားစွမ်းရည်အသီးသီးကိုလည်း ပျိုးထောင်ရပါမည်။ ထိုစွမ်းရည်များကို မှန်ကန်စွာအသုံးချခြင်းအားဖြင့်သာ အကျင့်စာရိတ္တသည် ဟန်ချက်ညီညီဖွံ့ဖြိုးလာနိုင်ပါသည်။ ထို့ကြောင့် သမ္မာကျမ်းစာတွင် ရွှေ၊ ငွေ၊ ကျောက်မြတ်များဖြင့် ပုံနှိုင်းလျက်ဖော်ပြထားသည့် ခရစ်တော်တည်းဟူသော အုတ်မြစ်အပေါ်တွင် တည်ဆောက်ကြရပါမည်။ သို့ပြုလျှင် ဘုရားသခင်က သန့်စင်ခြင်းမီးဖြင့် စစ်ကြောသောအခါ ခံနိုင်ရည်ရှိကြလိမ့်မည်။ စာရိတ္တတည်ဆောက်ရာတွင် ခရစ်တော်တစ်ပါးတည်းကိုသာ စံနမူနာ ထားသင့်ပါသည်။

## စုံစမ်းနှောင်ယှက်ခြင်းများကိုတွန်းလှန်ရမည်

သန့်ရှင်းသောစာရိတ္တတစ်ခုတည်ဆောက်ရာတွင် ဒံယေလ၏ အသက်တာသည်လည်း နမူနာယူစရာတစ်ခုဖြစ်ပါသည်။ အထူးသဖြင့် လူငယ်များအတွက် သင်ခန်းစာယူစရာဖြစ်ပါသည်။ ဘုရားသခင်၏တောင်းဆို ချက်များကို လိုက်လျောခြင်းသည် ကိုယ်စိတ်နှစ်ပါးကို ကျန်းမာချမ်းသာစေ ပါသည်။

ဒံယေလနှင့်သူ၏မိတ်ဆွေများသည် အသက်ငယ်စဉ်အခါကရရှိခဲ့သော သွန်သင်မှုများ၏အကျိုးကို ခံစားခဲ့ကြရသည်။ သို့ရာတွင် ထိုသွန်သင်ချက်များကြောင့်သာ သူတို့အောင်မြင်ခဲ့ကြသည်တော့မဟုတ်ပါ။ ၎င်းတို့၏ အနာဂတ်ကံကြမ္မာအတွက် ၎င်းတို့ကိုယ်တိုင်ဆုံးဖြတ်လုပ်ဆောင်ရမည့်အချိန် ရောက်လာသောအခါ ငယ်ရွယ်စဉ်အချိန်ကရရှိခဲ့သော သွန်သင်ချက်များအပေါ် ရပ်တည်ရန် သူတို့ကိုယ်တိုင် ဆုံးဖြတ်ချက်ချခဲ့ကြရပါသည်။ ပညာ၏မူလ

အစဖြစ်သော ဘုရားသခင်ကိုကြောက်ချစ်ရိုသေခြင်းသည် သူတို့ရရှိသော အောင်မြင်မှု၏အခြေခံအကြောင်းရင်းဖြစ်ပါသည်။

## မြင့်မားသောရည်ရွယ်ချက်ထားရမည်

အကယ်၍သာ မြင့်မားသောရည်ရွယ်ချက်ရှိရမည်ဟူသောအချက်ကို လူငယ်များမှန်ကန်စွာအရေးတယူရှိကြလျှင် ဘုရားသခင်၏ရှေ့တော်တွင် ပြုလုပ်မည့်စုံစမ်းစစ်ဆေးမှုတွင် အောင်မြင်ခြင်းရရန်အတွက် မိမိတို့ကိုယ်တိုင် မှန်ကန်သောစာရိတ္တတစ်ခုကို မတည်ဆောက်လို့မဖြစ်သည်ကို သူတို့နားလည် လာကြလိမ့်မည်။ အားအနည်းဆုံး၊ အနိမ့်ကျဆုံးသူများပင်လျှင် ဘုရားသခင် ထံတော်မှ တန်ခိုးအစွမ်းများကိုတောင်းခံကာ ဇွဲရှိရှိဖြင့်ကြိုးစားခြင်းဖြင့်မဖြစ် နိုင်ဟု ယခုထင်နေရသော မြင့်မားသောရည်ရွယ်ချက်တစ်ခုကို အရောက်လှမ်း နိုင်ကြပါမည်။ ထိုအောင်မြင်မှုမျိုးကိုရရှိရန်၊ သေးငယ်သောတာဝန်များကို သစ္စာရှိစွာထမ်းဆောင်ရန် ပြတ်သားသောဆုံးဖြတ်ချက်များဖြင့် လုပ်ဆောင် ကြရပါမည်။ ထိုသို့လုပ်ဆောင်ရန် ကျွန်ုပ်တို့၏ကလိမ်ကကျစ်ကျလိုသည့် အကျင့်များကို သေချာစွာစောင့်ကြည့်ပြီး ပြုပြင်ကြရပါမည်။ ခရစ်တော်သည် ကျွန်ုပ်တို့အတွက် စံနမူနာဖြစ်စေရန်အတွက်နှင့် လူကြီး၊ လူငယ်အားလုံးကို အမအစပေးရန်အတွက် ဤလောကသို့ကြွလာတော်မူသည်ဖြစ်ရာ လူငယ် တိုင်းသည် ကိုယ်ကျင့်တရားတန်ခိုးအစွမ်းများကို ရယူပိုင်ဆိုင်နိုင်သည့် အခြေအနေတွင်ရှိပါသည်။

## အကြံပေးချက်နှင့်သွန်သင်ဆုံးမမှုများကိုအလေးထားရမည်

စာရိတ္တ၊ အပြုအမူနှင့်အကျင့်စရိုက်များတွင် ချွတ်ယွင်းချက်ရှိသူများ သည် အကြံပြုချက်များနှင့်ဆုံးမစကားများကို အလေးထားဖို့လိုအပ်ပါသည်။ ဤလောကကမ္ဘာသည် ဘုရားသခင်၏အလုပ်ရုံဖြစ်တော်မူသည်။ ကောင်းကင် ဗိမာန်တော်တွင် အသုံးပြုနိုင်သမျှသောကျောက်များကို ထိုအိမ်တော်တွင် အသုံး ပြုရန် သင့်လျော်သည့်အခြေအနေရောက်သည်အထိ ဖျင်ခြင်း၊ ရွေခြင်း၊

ထွင်းခြင်းများကို ခံကြရမည်။ အရောင်တင်ခြင်းများကိုခံကြရမည်။ သို့သော် ကျွန်ုပ်တို့က ထိုသို့လုပ်ဆောင်ခြင်းကို ငြင်းဆိုကြမည်ဆိုလျှင် အသုံးမဝင်သည့် ကျောက်အရိုင်းတုံးများအဖြစ်သာ ဆက်လက်တည်ရှိနေကြလိမ့်မည်။

## စာရိတ္တဆောက်တည်ရာတွင်မိဘတို့ထမ်းရွက်ရမည့်ဝတ္တရားများ

ဘုရားသခင်ပေးအပ်သည့် ပုံစံနမူနာအတိုင်း သားသမီးများ၏ စာရိတ္တကိုတည်ဆောက်ရန် မိဘများအား ဘုရားသခင်တာဝန်ပေးထားပါသည်။ သူတို့သည် ထိုတာဝန်ကို ကျေးဇူးတော်အားဖြင့် ပြီးမြောက်အောင်လုပ်ဆောင်နိုင်ကြပါသည်။ သို့ရာတွင် မိမိတို့၏ဆန္ဒကို လမ်းမှန်အတိုင်းသွားရန်နှင့် မိမိတို့၏အလိုရမ္မက်များကိုချုပ်တည်းရန် စိတ်ရှည်ဖို့၊ အနစ်နာခံကြိုးစားဖို့နှင့် ခိုင်မာသောဆုံးဖြတ်ချက်များချမှတ်ဖို့ လိုအပ်ပါသည်။

လူသားများလုပ်ဆောင်ရမည့်အလုပ်များတွင် စာရိတ္တတည်ဆောက်ခြင်းအလုပ်သည် အရေးအကြီးဆုံးဖြစ်သည်။ စာရိတ္တတည်ဆောက်ရန် ယခုအချိန်သည် အသင့်လျော်ဆုံးအချိန်လည်းဖြစ်ပါသည်။ ယနေ့ခေတ် မျိုးဆက်များလောက် မည်သည့်လူသားမျိုးဆက်မှ လေးနက်သောပြဿနာများကို မရင်ဆိုင်ခဲ့ရချေ။ ယနေ့ခေတ်လူကြီးလူငယ်များ တွေ့ကြုံနေရသောတိုက်လှန်မှုများလောက် ပြင်းထန်သည့်တိုက်လှန်မှုများကို အခြားမည်သည့်မျိုးဆက်များကမှ မရင်ဆိုင်ခဲ့ဖူးချေ။

ထို့ကြောင့် မိဘတို့၊ နှုတ်ကပတ်တော်နှင့်အညီ ဟန်ချက်ညီသော စာရိတ္တမျိုး သင်တို့၏ကလေးများတွင် ဖွံ့ဖြိုးအောင်လုပ်ဆောင်ရန်မှာ သင်တို့၏အလုပ်ဖြစ်ပါသည်။ ထာဝရကာလနှင့်ပတ်သက်သည့် အကျိုးကျေးဇူးများနှင့်ရစ်ပတ်နေသော ဤအလုပ်ကိုပထမဦးစားပေးလုပ်ဆောင်ကြပါ။ ကလေးများ၏စာရိတ္တပျိုးထောင်မှုအလုပ်သည် သင်၏လယ်ယာလုပ်ငန်းထက်အရေးကြီးသည်။ နေအိမ်ဆောက်ခြင်းထက်လည်း ပို၍ပဓာနကျသည်။ အခြားစီးပွားကုန်သွယ်မှုအလုပ်များထက်လည်း အရေးပါလှပါသည်။ မှန်ကန်သော

အုတ်မြစ်ပေါ်တွင် ကလေးများ၏စာရိတ္တတည်ဆောက်ခြင်းအခွင့်အလမ်းကို အိမ်ထောင်များက ကိုင်စွဲအသုံးချနိုင်ပါသည်။

မရိုးမဖြောင့်ကလိမ်ကျခြင်းများကိုတည့်ပေးခြင်း

သားသမီးများအား ရိုးသားဖြောင့်မတ်သူများဖြစ်လာစေရန် အရေးပါသောအလုပ်တစ်ခုကို မိဘများလုပ်ဆောင်နေကြပါသည်။ ဘုရားသခင်အတွက် သားသမီးများကို လေ့ကျင့်ပညာပေးခြင်းတာဝန်သည် သူတို့၏ပခုံးပေါ်တွင် ကျရောက်နေပါသည်။ နိုင်ငံတော်သို့ဝင်စားစေနိုင်မည့် စာရိတ္တမျိုးတည်ဆောက်ရာတွင် သားသမီးများအားကူညီမစရန် သူတို့အားဘုရားသခင်တာဝန်ပေးထားတော်မူပါသည်။

မိဘတို့၊ ဤအမှုတွင်အမှားမလုပ်မိစေနှင့်

မျက်မှောက်ဘဝနှင့်အနာဂတ်အသက်တာများအတွက် ကလေးများ၏စာရိတ္တကိုပုံသွင်းခြင်းတည်းဟူသော အရေးပါသည့်အမှုတော်လုပ်ငန်းတွင် အမှားမလုပ်မိပါစေနှင့်မိဘတို့။ သင်လုပ်ဆောင်ခဲ့သည့်အရာ၏စရိုက်ကို သင့်ကလေးများ၏အနာဂတ်က သက်သေခံပါလိမ့်မည်။ ခရစ်တော်အပေါ် သင်ထားရှိသည့် မဖောက်မပြန်သစ္စာရှိခြင်းကို အခြားအရာများမှာထက် သင့်ကလေး၏အချိုးအဆကျနသောစာရိတ္တတွင် ဖော်ပြနိုင်ပါသည်။ သင်၏ သားသမီးများသည် ကိုယ်တော်ရှင်၏အသွေးတော်နှင့်ဝယ်ထားသည့် ကိုယ်တော်ရှင်ပိုင်သည့် ပစ္စည်းများဖြစ်ကြသည်။ အကယ်၍ သူတို့၏ဩဇာ လွှမ်းမိုးမှုသည် ခရစ်တော်ဘက်တွင် လုံးလုံးလျားလျားရှိနေမည်ဆိုလျှင် သူတို့သည် အသက်ရှင်သောလမ်းကို ရှာနေသူများအတွက် ကူညီမစနေသော ခရစ်တော်၏လုပ်ဖော်ဆောင်ဖက်များဖြစ်ကြပါသည်။

သန့်ရှင်းသောနေအိမ်နှင့်ကျင့်သားမရသေးသောကလေးများ

အိမ်ဆောက်ရာတွင် အသုံးပြုထားသည့် မသင့်လျော်သောသစ်သားများကို သိနိုင်စွမ်းရှိသည့် အပြစ်ရှာတတ်သောမိခင်တစ်ဦး သတ်မှတ်ထား

သည့်အချိန်တွင် သတ်မှတ်ထားသည့်စံနှုန်းနှင့်အညီ အိမ်ကိုငွေအကုန်ခံ၊လူအပင်ပန်းခံပြီး သပ်သပ်ရပ်ရပ်၊ သန့်သန့်ပြန့်ပြန့် စီမံတတ်သောမိခင် တစ်ဦးသည် မိမိ၏သားသမီးများကို လမ်းမပေါ်တွင်လမ်းသလားပြီး လမ်းပေါ် ကပညာကို သင်ယူဖို့ ပစ်ထားတတ်ပါသည်။ ထိုကဲ့သို့သောကလေးမျိုးသည် တစ်ကိုယ်ကောင်းဆန်တတ်ပြီး ကြမ်းတမ်းရိုင်းစိုင်းရုံသာမက နားထောင်မှု လည်းကင်းတတ်ပါသည်။ အိမ်ဖော်များကိုငှားထားသည့်တိုင် အိမ်အလုပ်ဖြင့်သာ အချိန်ကုန်နေသောမိခင်သည် သားသမီးများကို သင့်တင့်လျောက်ပတ် စွာသွန်သင်ရန်ပင် အချိန်မရကြချေ။ မိမိ၏သားသမီးများကို ပုံစံမကျသော စာရိတ္တဆုံးမပဲ့ပြင်ခြင်းမရှိ၊ သွန်သင်လေ့ကျင့်ခြင်းမရှိသည့် စာရိတ္တမျိုးဖြင့် ကြီးပြင်းလာစေကြပါသည်။ ထိုလုပ်ဆောင်မှုကို မှန်ကန်သောလမ်းညွှန်မှု ပေးနေသည်ဟု ကျွန်ုပ်တို့မယူဆပါ။ တင့်တယ်သောစာရိတ္တနှင့် ချစ်ဖွယ် ကောင်းသောစိတ်ထားများကို ကလေးများရရှိလာအောင် သားသမီးများ၏ စိတ်ထားကိုပုံသွင်းခြင်းနှင့် အပြုအမူများကိုပုံစံချပေးခြင်းများဖြင့် ပညာပေးခြင်း အလုပ်သည် မဖြစ်မနေလုပ်ဆောင်ရမည့် အလုပ်ဖြစ်သည်ကို သူမသိထားဖို့ လိုအပ်ပါသည်။

ပထမဦးစားပေးနေရာမှာ ထားသင့်သောအလုပ်တစ်ခုကို ဒုတိယနေရာတွင်ထားမိကြောင်း သိရှိသဘောပေါက်လာသော မိခင်များသည် သားသမီးများ၏ကာယ၊ ဉာဏနှင့် ဘုရားရေးတရားရေးအလုပ်များကို အလွန့်အလွန် အရေးပါသော အလုပ်တစ်ခုအဖြစ် မှတ်ယူပါလိမ့်မည်။

## ဘုရားသခင်လုပ်ဆောင်ရမည့်အပိုင်းနှင့်သင်လုပ်ဆောင်ရမည့်အပိုင်း

ဘုရားသခင်က သင်တို့၏သားသမီးများအပေါ် စိတ်ဝင်စားသလိုမျိုး သင်တို့က သင်တို့၏သားသမီးများပေါ် စိတ်ဝင်စားမှုရှိလာသောအချိန်တွင် ၎င်းတို့၏ဆုတောင်းသံကို ဘုရားသခင်နားညောင်းတော်မူကာ ၎င်းတို့ နှင့်အတူ လုပ်ဆောင်တော်မူလိမ့်မည်။ သို့ရာတွင် မိဘများလုပ်ဆောင်ရန် ရာထားထားသည့်အလုပ်များကို ဘုရားသခင်သည် လုပ်ဆောင်ပေးတော်မူလိမ့် မည်မဟုတ်ပါ။

ဖန်ဆင်းရှင်သည်သင့်အားကူညီတော်မူလိမ့်မည်

မိခင်တို့၊ စကြဝဠာ၏ဖန်ဆင်းရှင်သည် သင်တို့လုပ်ဆောင်နေသော အလုပ်တွင် ကူညီမစတော်မူမည်ကို သတိရကြပါ။ သင်သည် ကိုယ်တော်ရှင့် ထံမှရရှိသောခွန်အားကို အသုံးပြုလျက် ခရစ်တော်၏နာမ၌ သားသမီးများကို အောင်မြင်သူများဖြစ်အောင် ပျိုးထောင်နိုင်ပါလိမ့်မည်။ ခွန်အားရဖို့ ဘုရားသခင် ကိုသာအားကိုးရန် သားသမီးများကိုသွန်သင်ကြပါ။ ကိုယ်တော်ရှင်သည် သူတို့၏ဆုတောင်းသံများကို နားညောင်းနေသည်ကိုလည်း ပြောပြကြပါ။ အဆိုးကိုအကောင်းဖြင့် အနိုင်ယူတတ်အောင်လည်း သူတို့ကိုသွန်သင်ကြပါ။ သူတို့အား မြင့်မြတ်သူများဖြစ်အောင် မြှင့်တင်ပေးမည့်ဩဇာလွှမ်းမိုးမှုတစ်ခု ရလာသည်အထိ ကြိုးပမ်းအားထုတ်ကြဖို့ သွန်သင်ကြပါ။ ဘုရားသခင်နှင့် တစ်လုံးတစ်ဝတည်းရှိကြဖို့လည်း သူတို့ကိုသွန်သင်ပေးကြပါ။ သို့မှသာ သူတို့သည် စုံစမ်းနှောင့်ယှက်ခြင်းကိုတွန်းလှန်ရန် ခွန်အားများကိုရရှိကြလိမ့် မည်။ သို့မှသာ သူတို့သည် အောင်မြင်သူများရရှိမည့်ဆုလာဘ်များကို ဆွတ်ခူးနိုင်ကြပါလိမ့်မည်။

လမ်းမှားနေသူများအတွက်အားပေးစကားကလေးတစ်လုံး

ကလေးများကို မှားယွင်းစွာသွန်သင်မိခဲ့သောမိဘများသည်လည်း စိတ်ပျက်စရာအကြောင်းမရှိပါ။ ၎င်းတို့အား ဘုရားသခင့်ဘက်တွင် ပြောင်းလဲ စေလျက် နာခံတတ်သောသဘောအစစ်အမှန်ကို တောင်းခံခြင်းဖြင့် ခိုင်မာ သောပြုပြင်ပြောင်းလဲမှုတစ်ခုကို သူတို့လုပ်ဆောင်နိုင်ပါလိမ့်မည်။ သင်၏ အကျင့်စရိုက်ကို ဘုရားသခင်၏ကယ်တင်ခြင်းစည်းမျဉ်းများဖြင့် ကိုက်ညီ အောင်လုပ်ဆောင်ခြင်းဖြင့် သင်သည် မိမိ၏သားသမီးအပေါ် ဩဇာ သက်ရောက်မှုတစ်ခု ရရှိလာပါလိမ့်မည်။

သားသမီးအချို့သည်မိဘစကားကိုငြင်းပယ်တတ်ခြင်း

မိမိတို့၏စိတ်နှလုံးကို ဘုရားသခင်အားဆက်ကပ်လာစေရန်အလို့ငှာ မိဘများသည် သားသမီးများကို သွန်သင်ချက်များပေးသလို ပေးနိုင်သမျှသော

အခွင့်အရေးများကိုလည်း ပေးကြရပါမည်။ မိမိတို့အားချစ်ရုံသာမက ကယ်တင်ခြင်းရစေလိုသည့် မိဘများ၏အကြံပေးချက်များကို သူတို့ငြင်းပယ်ကာ မလိုလားအပ်သောတုံ့ပြန်မှုများကို ပေးကောင်းပေးကြမည်ဖြစ်ပါသည်။

ကောင်းသောအကြံပေးချက်များကို မိဘများထံမှရသော်လည်း ထိုအကြံပေးချက်များကိုလက်မခံဘဲ မိဘများကိုပြစ်တင်ဝေဖန်တတ်သော သားသမီးများသည် မိဘများကိုသာ အသရေရှုတ်ချနေခြင်းဖြစ်သည်မဟုတ်ဘဲ ဘုရားတရားမရှိသော လောကီသားများရှေ့တွင် မိဘများကိုလည်း အရှက်ခွဲနေခြင်းဖြစ်ပါသည်။ သူတို့သည် မိမိတို့၏ယုတ်မာရိုင်းစိုင်းသောအပြုအမူများအားဖြင့် ခရစ်တော်၏ဘာသာရေးအပေါ်တွင်လည်း အပြစ်တင်စရာဖြစ်အောင် လုပ်ဆောင်နေကြခြင်းဖြစ်ပါသည်။

မိဘတို့လုပ်ဆောင်ရမည့်ဤအလုပ်

မိဘတို့၊ သင်တို့၏သားသမီးများအား စိတ်ရှည်၍မပြောင်းမလဲ တည်ကြည်သူများ၊ စစ်မှန်သောချစ်ခြင်းမေတ္တာပိုင်ရှင်များဖြစ်အောင် ပျိုးထောင်ပေးကြပါ။ သင်တို့၏လက်ထဲတွင်အပ်နှံထားသည့် သားသမီးများကို ပြုစုပျိုးထောင်ရာတွင် သန့်ရှင်း၍ဟန်ချက်ညီသော စာရိတ္တမျိုးပေါ်ထွန်းလာအောင် သူတို့၏အသက်တာတွင် အုတ်မြစ်ချပေးနေခြင်းဖြစ်ပါသည်။ တစ်နေ့တွင် မိသားစု၏လမ်းစဉ်အတိုင်း သူတို့လိုက်လျှောက်ရမည့်စည်းမျဉ်းများကို သူတို့၏ နှလုံးသားထဲသို့ သင်တို့သွင်းပေးနေခြင်းဖြစ်ပါသည်။ မှန်ကန်ကောင်းမွန်သောလမ်းပြ၊ ကြိုးပမ်းခြင်း၏အကျိုးသက်ရောက်မှုသည် သခင်ဘုရား၏လမ်းစဉ်အတိုင်း ၎င်းတို့၏မိသားစုများကို ဦးဆောင်သည့်အချိန်တွင် တွေ့မြင်ကြရပါလိမ့်မည်။

## စာရိတ္တပျက်ယွင်းစေသည့်နည်းလမ်းများ

အမှားအယွင်းလုပ်သော မိဘများသည် မိမိတို့၏သားသမီးများအား ပျက်စီးခြင်းသို့ ပို့ဆောင်သောသင်ခန်းစာများကို သင်ကြားပေးရုံသာမက

သားသမီးများ၏ခြေထောက်တွင် ဆူးပင်များကိုစိုက်ပေးနေကြပါသည်။ မိဘများသည် သားသမီးများ၏အနာဂတ်ပျော်ရွှင်ရေးကို ၎င်းတို့၏လက်ဝယ်အတိုင်း အတာများစွာ ကိုင်တွယ်ထိန်းချုပ်ထားကြပါသည်။ ငယ်ရွယ်စဉ်အချိန်မှာကလေးများရရှိခဲ့သောညွှန်ကြားချက်များသည် ၎င်းတို့၏အသက်တာတစ်လျှောက်လုံးကို လွှမ်းမိုးသွားလေ့ရှိပါသည်။ ကောင်းသောအသီး (သို့မဟုတ်) မကောင်းသောအသီးတစ်ခုခုကိုသီးမည့်အစေ့များကို မိဘများစိုက်ပေးနေကြပါသည်။ မိဘများသည် သားသမီးများအတွက် ပျော်ရွှင်မှု (သို့မဟုတ်) နာကျင်မှု တစ်ခုခုကို ပြင်ဆင်ပေးနေကြပါသည်။

အလိုလိုက်ခြင်း (သို့မဟုတ်) သံမဏိစည်းမျဉ်းဤနေရာတွင်စရန်....

ကလေးများသည် ငယ်ရွယ်စဉ်အချိန်ကတည်းက အလိုလိုက်ခြင်းခံရကာ အကျင့်ဆိုးများစွဲလာကြပါသည်။ မိဘများသည် အပင်ပျိုကလေးကို မနားမနေချိုးပစ်နေကြသည်။ ၎င်းတို့၏လေ့ကျင့်ပညာပေးခြင်းသည် ကလေးများ၏စာရိတ္တကို ပုံပျက်ပန်းပျက်ဖြစ်စေသလို လုပတင့်တယ်မှုကိုလည်း ဖြစ်စေနိုင်ပါသည်။ သို့ရာတွင် မိဘအများစုမှာ အလိုလိုက်လွန်းခြင်းအားဖြင့် လည်းကောင်း၊ သံမဏိစည်းမျဉ်းကို ကိုင်ဆွဲကျင့်သုံးခြင်းအားဖြင့်လည်းကောင်း အမှားအယွင်းကိုလုပ်နေကြပါသည်။ ထိုမိဘနှစ်မျိုးစလုံးသည် သမ္မာကျမ်းစာ ပါသွန်သင်ချက်များကို မလိုက်လျှောက်ဘဲ ကြောက်စရာကောင်းသည့်အလုပ် တစ်ခုကို လုပ်ဆောင်နေကြပါသည်။

ဘုရားသခင်အတွက်လေ့ကျင့်ပေးရမည်ကိုပျက်ကွက်ခြင်း

ဘုရားသခင်ချမှတ်ခဲ့သောလမ်းစဉ်ကို လိုက်လျှောက်ရန်အတွက်သော်လည်းကောင်း၊ ဘုရားသခင်၏အလိုတော်အတိုင်း ဆောင်ရွက်ရန်အတွက်သော်လည်းကောင်း သားသမီးများကိုသွန်သင်ပေးရမည့်အစား မိဘအချို့သည် မွန်မြတ်သောထိုတာဝန်တစ်ခုကို လျစ်လျူရှုနေကြပါသည်။

အချို့ကလေးများမှာ မိမိတို့လုပ်ချင်သလို လုပ်ခွင့်ရထားကြပါသည်။ အချို့ကလေးများမှာမူ ချီးမွမ်းစကား၊ နှစ်သိမ့်စကားများကို ကြားရခဲပြီး လုပ်သမျှအပြစ်ရှာခြင်းကိုသာခံရသဖြင့် စိတ်ဓာတ်ကျနေကြပါသည်။

## ပေါ့ဆမှုသည်အပြစ်တရားကိုတာရှည်စေခြင်း

နောက်ဆုံးသောခေတ်ကာလတွင် ကျွန်ုပ်တို့အသက်ရှင်နေထိုင်လျက်ရှိကြောင်း အထူးသိသာထင်ရှားစေသည့် အမှတ်အသားတစ်ခုမှာ ယခုခေတ်လူငယ်များ၏ကြောက်လန့်စရာကောင်းသည့် အခြေအနေပင်ဖြစ်ပါသည်။ သို့ရာတွင် ထိုလူငယ်အများပျက်စီးရခြင်း၏အကြောင်းရင်းမှာ မိဘများ၏ မှားယွင်းသောအုပ်ချုပ်မှုပင်ဖြစ်ပါသည်။ ဆုံးမပဲ့ပြင်ခြင်းအပေါ် မြည်တွန်တောက်တီးခြင်းသည် အာခံခြင်းအသီးကိုသီးမည့် သစ်ပင်တစ်ပင်အမြစ်စွဲခြင်းပင်ဖြစ်သည်။ ကလေးများ၏အကျင့်စာရိတ္တကိုမကြိုက်သော်လည်း ထိုကဲ့သို့ဖြစ်ရခြင်း၏အကြောင်းရင်းကိုသိဖို့ မိဘများမကြိုးပမ်းကြချေ။

အပြစ်နှင့်ရာဇဝတ်မှုများကို တာရှည်စေသည့်ပေါ့ဆမှုနှင့် ခရစ်ယာန်မိသားစုများတွင်ကျရောက်နေသည့်အန္တရာယ်ကို ရှာဖွေရန်နှေးကွေးစေသည့် သတိကင်းမဲ့မှုများကို ဘုရားသခင်ရှုတ်ချတော်မူပါသည်။

## ထိန်းချုပ်မှုကင်းမဲ့ခြင်း

သားသမီးများကို မိဘများက သင့်တင့်လျောက်ပတ်စွာ ထိန်းချုပ်မှုမပေး၊ ညွှန်ပြမှုမပေးခြင်းကြောင့် ထောင်ပေါင်းများစွာသောကလေးများသည် ယိုယွင်းသော၊ စာရိတ္တလျော့ရဲသော၊ ကိုယ်ကျင့်တရားနည်းပါးသော အသိပညာများဖြင့် ကြီးပြင်းလာကြပါသည်။ သူတို့သည် စိတ်ကူးပေါက်သလို လုပ်ခွင့်ရထားကြသည်။ မိမိတို့၏စိတ်ပိုင်းဆိုင်ရာစွမ်းအားများကိုလည်း ကြိုက်သည့်အချိန်တွင် သုံးချင်သလိုသုံးခွင့်ရထားကြပါသည်။

သားသမီးများကို မိမိတို့ချစ်ကြသည်ဟု ထိုကဲ့သို့သောမိဘများက အထင်ရောက်နေကြသော်လည်း အမှန်မှာ သူတို့သည် သားသမီးများအတွက်

အဆိုးဆုံးရန်သူများဖြစ်ကြောင်း သက်သေထူနေကြပါသည်။ သူတို့သည် ဒုစရိုက်မှုများကို အထိန်းအချုပ်မဲ့ ကြီးထွားခွင့်ပေးထားကြပါသည်။ မြွေပွေးကဲ့သို့ အဆိပ်ပြင်းသောအပြစ်ဒုစရိုက်ကို မြတ်နိုးခွင့်ပြုထားကြပါသည်။ ထိုခွင့်ပြုချက်၏ဆိုးကျိုးများသည် သက်ဆိုင်ရာအပြစ်ကျူးလွန်သူသာမက သူနှင့်ဆက်စပ်နေသူအပေါင်းကိုလည်း အဆိပ်သင့်စေတတ်ပါသည်။

ထင်ရှားသောအမှားများကိုမျက်စိလျှမ်းခြင်း

သားသမီးများစိတ်အနှောင့်အယှက်ဖြစ်ပြီး ထင်ရာလုပ်မှာစိုးသဖြင့် မိဘအများစုသည် သားသမီးများကျူးလွန်နေသည့် ဘုရားမကြိုက်သည့် သိသာထင်ရှားသောအမှားများကို ဖုံးကွယ်တတ်ကြပါသည်။ ပုန်ကန်တတ်သော သဘောထားများကို သားသမီးများတွင်တွေ့လျှင် ထိုစိတ်ဓာတ်တိုးပွားကြီးထွားလာဖို့ အချိန်မပေးဘဲ ချက်ချင်းချေဖျက်ပစ်ကြပါ။ မိဘများကထမ်းဆောင်ရမည့်တာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြမည်ဆိုလျှင် ထူးခြားသည့် အခြေအနေများကို ကျွန်ုပ်တို့မြင်တွေ့ကြရလိမ့်မည်။

သားသမီးများကိုအလိုလိုက်အကြိုက်ဆောင်ခြင်း

မိဘများသည် သားသမီးများကို ပွတ်သပ်နမ်းရှုပ်ကာ အလိုလိုက်တတ်ကြပါသည်။ အကြောင်းမှာ သားသမီးများကိုအုပ်ချုပ်ရာတွင် ထိုနည်းစနစ်သည် ပို၍လွယ်ကူနေသယောင်ဖြစ်နေပါသည်။ သူတို့၏ရင်ထဲတွင် ပြင်းထန်စွာပေါက်ဖွားနေသော၊ သောင်းကျန်းတတ်သောအလိုဆန္ဒများကို စစ်ဆေးတားမြစ်ခြင်းထက် သူတို့အလိုအတိုင်းလုပ်စေခြင်းသည် ပို၍ချောမွေ့သောလုပ်ရပ်တစ်ခုဖြစ်သည်။ သို့စေကာမူ ထိုလုပ်ရပ်သည် သူရဲဘောကြောင်သည့်လုပ်ရပ်တစ်ခုဖြစ်သည်။ ထမ်းဆောင်ရမည့်တာဝန်တစ်ခုကို ခေါင်းရှောင်သောလုပ်ရပ်သည် ယုတ်ညံ့သောအလုပ်တစ်ခုဖြစ်သည်။ ကလေးငယ်များ၏ အသက်တာတွင် အထိန်းအချုပ်မဲ့သော ထိုအလိုဆန္ဒများမှာ အကျင့်ဆိုးများအသွင်သို့ လုံးလုံးကူးပြောင်းအားကောင်းလာသောအခါတွင် ၎င်းတို့ကိုယ်တိုင်

နှင့်တကွ မိသားစုများအပေါ် အပြစ်တင်စရာ၊ အရှက်ရစရာ ဖြစ်လာပါတော့သည်။

ဘဝင်မြင့်ခြင်းမျိုးစေ့ကိုစိုက်ပျိုးခြင်း

ဆင်ခြင်တုံတရားကင်းမဲ့သောမိဘများနှင့် အုပ်ထိန်းသူများသည် ကလေးများ၏အနာဂတ်အတွက်မစဉ်းစားဘဲ အလိုလိုက်အကြိုက်ဆောင်ခဲ့ခြင်းအားဖြင့် ထိုကလေးများ၏စိတ်နှလုံးထဲတွင် ဘဝင်မြင့်ခြင်းမျိုးစေ့များကို ကြဲဖြန့်နေကြပါသည်။ ကိုယ်အလိုကိုဆောင်ပြီး မာနထောင်လွှားခြင်းသည် ကောင်းကင်တမန်များကို နတ်ဆိုးများဘဝသို့ ကူးပြောင်းစေရုံသာမက ကောင်းကင်နိုင်ငံတော်သို့ ဝင်ခွင့်ပိတ်ပင်ခြင်းခံရစေသည့် စိတ်ဓာတ်မျိုးဖြစ်သည်။

ဆယ်ကျော်သက်များ၏ကျွန်ဘဝသို့ကျရောက်ခြင်း

သားသမီးများသည် မိမိတို့ရရှိခဲ့သည့်သွန်သင်မှုများနှင့်အညီ ကိုယ့်ကိုကိုယ်ချီးမြှောက်ကာ ကြိုက်သလိုနေထိုင်အသက်ရှင်နေစဉ် လေးသော ဝန်ကိုထမ်းရွက်ကာ ပင်ပန်းနေသောမိဘဘယ်နှစ်ပါးသည် ထိုသားသမီးများထံတွင် ကျွန်ခံနေရပါသလား။ မိမိတို့သည် မိဘများ၏အုပ်ချုပ်မှုအောက်တွင် အသက်ရှင်နေထိုင်ရမည်ကို ထိုကလေးများမသိနိုင်လောက်အောင် ဘဝင်မြင့်နေကြပြီး နေ့စဉ်အသက်တာ၏လုပ်ငန်းများကို လုပ်ဆောင်ခြင်းမပြုနိုင်လောက် အောင် မာန်တက်နေကြပါသည်။ ပျော်ပါးမှုကိုခုံမင်သောစိတ်ထားများက သူတို့ကိုထိန်းချုပ်ထားပြီး တစ်ကိုယ်ကောင်းဆန်သောစိတ်၊ မာနစိတ်၊ ပုန်ကန် ခြားနားလိုသောစိတ်များက သူတို့၏အသက်တာကို ခါးသီးသောရလဒ်များဖြင့် ရစ်ပတ်ပေးလျက်ရှိပါသည်။

လွဲမှားစွာလမ်းပြနေသောချစ်မေတ္တာနှင့်ကြင်နာမှု

မိဘများသည် ဘုရားသခင်၏ပညတ်တော်ဆယ်ပါးအပေါ်နာခံသည့်စိတ်သဘောများကိုပစ်ပယ်လျက် သားသမီးများကိုအလိုလိုက်အကြိုက်ဆောင်

တတ်ကြပါသည်။ မိဘများက ပညတ်တော်ကိုဂရုမထားသောအချိန်တွင် မိမိကိုယ်တိုင်ကိုသာမက သားသမီးများကိုပင် အန္တရာယ်ထဲသို့ကျရောက်စေလျက်ရှိကြပါသည်။

နာခံတတ်အောင်သွန်သင်ရန်ပျက်ကွက်ခြင်း

ကျေးဇူးကန်းတတ်သောကလေးများကို ဆုံးမပြုပြင်ခြင်းမရှိဘဲ ကျွေးမွေးဆင်ယင်ပေးနေလျှင် မကောင်းမှုများကို ဆက်လက်လုပ်ဆောင်ရန် ရဲဆေးတင်ပေးသလိုဖြစ်တတ်ပါသည်။ မိဘအုပ်ထိန်းသူများသည် အလိုလိုက်အကြိုက်ဆောင်နေသောကြောင့် ထိုမကောင်းမှုလုပ်ဆောင်ခြင်းတွင်လည်း သူတို့ပါဝင်လုပ်ဆောင်နေသလို ဖြစ်နေပါသည်။ ဆိုးယုတ်သောအလုပ်များကိုလုပ်ဆောင်ရန် ရွေးချယ်ခဲ့သောကလေးများသည် ခရစ်ယာန်အိမ်ထောင်များတွင် ဆက်လက်နေထိုင်ခြင်းအားဖြင့် အခြားအိမ်သားများကိုလည်း ပျက်စီးဆုံးရှုံးစေလျက်ရှိပါသည်။

သားသမီးများအားစိတ်အလိုလိုက်ခွင့်ပြုခြင်း---

လူမှုအသိုက်အဝန်းတွင် လွှမ်းမိုးနေသည့်ဩဇာသက်ရောက်မှုတစ်ခုမှာ "အချိန်ကျရင်ကောင်းလာမှာပါ၊ ကလေးတွေကိုလွတ်လွတ်လပ်လပ်လုပ် ပါစေ" ဟူသော ခွင့်ပြုခြင်းကို ထောက်ခံနေခြင်းပင်ဖြစ်ပါသည်။

သားသမီးများကို မိမိတို့အလိုဆန္ဒအတိုင်းလုပ်နေခြင်းကို ခွင့်ပြုခြင်းအားဖြင့် သားသမီးများ၏မေတ္တာကိုရမည်ဟု မိဘများအထင်ရှိနေကြပါသည်။ အလွန်မှားယွင်းသောထင်မြင်ချက်တစ်ခုပါတကား။

မှားယွင်းသောသဘောထားများကိုခွင့်ပြုခြင်း

အိမ်တွင်ချီးမွမ်းမှုများနှင့် မှားယွင်းသောမြှောက်ပင့်မှုများ ရှိကောင်းရှိနိုင်ပါသည်။ လောကတွင်မူ ကိုယ့်အရည်အသွေးအပေါ်တွင် ရပ်တည်ကြရပါသည်။ မိသားစုတစ်ခုလုံးက အလိုလိုက်အကြိုက်ဆောင်ပြီး ဖူးဖူးမှုတ်

ထားခြင်းခံရသောကလေးများသည် သူတစ်ပါးအတွက် ဦးစားပေးလုပ်ဆောင်ပေးရမည့်တာဝန်များကို မလုပ်ဆောင်နိုင်သဖြင့် နေ့စဉ်နှင့်အမျှ အရှက်ရနေကြပါသည်။ အများစုကို ထိုအချိန်ရောက်မှ နေ့စဉ်အသက်တာအားဖြင့် ၎င်းတို့၏နေရာမှန်တွင် ရပ်တည်စေနိုင်ရန် သင်ကြားပေးနေရပါသည်။

ခါးသီးသောငြင်းပယ်ခြင်းများ စိတ်ပျက်စရာများနှင့် အုပ်ချုပ်သူများကပြောသည့် တဲ့တိုးစကားများကြောင့် မိမိတို့၏အခြေအနေမှန်ကို သူတို့သိရှိလာပြီး နားလည်သဘောပေါက်လာအောင် တပည့်ခံကာ မိမိတို့နှင့်သင့်လျော်သောအဆင့်ကို သူတို့လက်ခံကြပါသည်။ သို့ရာတွင် ထိုအခြေအနေသို့ရောက်အောင် အလွန်ကြမ်းတမ်းပြင်းထန်သောအခြေအနေများကို သူတို့ဖြတ်ကျော်ကြရပါသည်။ ထို့ကြောင့် ထိုအခြေအနေမျိုးကို ရှောင်ရှားနိုင်စေရန် အလို့ငှာ ငယ်ရွယ်စဉ်ကတည်းက သင့်လျော်သောသွန်သင်မှုများကို ပေးထားသင့်ပါသည်။

စည်းနှင့်ကမ်းနှင့်မနေခဲ့ရသော ကလေးအများစုသည် အောင်မြင်မှုရရှိနိုင်သူများဖြစ်သော်လည်း အပြင်လောကတွင် အခြားသူများနှင့်ဆက်ဆံရေးမပြေလည်ကြသဖြင့် ဆုံးရှုံးမှုများနှင့်ရင်ဆိုင်နေကြရပါသည်။ လောကကြီးကသူတို့ကိုဂရုမထား၊ မစောင့်ရှောက်ဘဲ အမုန်းတရားများပွားနေသည်ဟု သူတို့ခံစားလာရကာ လောကကြီးကိုအန်တုအာခံပြီး အမုန်းတရားများဖြင့် သူတို့ကလဲ့စားချေလာကြပါသည်။ ဖြစ်ပေါ်လာသောအခြေအနေများသည် သူတို့မသိခဲ့သောနှိမ့်ချမှုများကို တစ်ခါတစ်ရံတွင် မဖြစ်မနေထိခိုက်လာပါသည်။ ထိုအရာသည် ပင်ကိုယ်တင့်တယ်မှုနှင့်လည်း မကိုက်ညီတော့ဘဲ သူတို့၏ဇာတိရုပ်မှန်သည် အနေးနှင့်အမြန်ထင်ရှားပေါ်လွင်လာပါသည်။

လူ့အသိုက်အဝန်း၏စိတ်အားထက်သန်သူများအဖြစ်လေ့ကျင့်ပေးခြင်း

ကလေးများအား လူ့အသိုက်အဝန်း၏စိတ်အားထက်သန်သူများဖြစ်အောင် လေ့ကျင့်ပေးရမည်မဟုတ်ပါ။ မိမိတို့၏ဩဇာသက်ရောက်မှုအောက်တွင် ရှိနေသောကလေးများကို ကယ်တင်ခြင်းရစေရန်အလို့ငှာ ခရစ်တော်၏

သနားကြင်နာစိတ်မျိုးဖြင့် မိဘများက သူတို့အားသွန်သင်ကြရမည်ဖြစ်ပါသည်။ လောကအကျင့်ဓလေ့များ၊ လောကဖက်ရှင်များနှင့် သူတို့၏စိတ်နှလုံးကို ဖြည့်ဆည်းပေးရမည်မဟုတ်သည့်ပြင် ပါတီပွဲများ၊ ကပွဲများကို တက်တတ်အောင်လည်း သင်ကြားပေးရမည်မဟုတ်ပါ။ တစ်ကိုယ်တော်ပျော်ရွှင်မှုရှာခြင်းကိုခွင့်ပြုခြင်း၊ ရိုင်းစိုင်းသောအလိုဆန္ဒများကို ဦးစားပေးလုပ်ဆောင်ရန်လေ့ကျင့်ထားသဖြင့် ပျော်ရွှင်မှုကိုရရှိနိုင်မည်အထင်နှင့် တစ်ကိုယ်ကောင်းဆန်သောအပျော်အပါးများကို လိုက်စားခြင်းဖြင့် မိမိတို့၏အလိုရမ္မက်များကို သူတို့ဖြည့်ဆည်းတတ်ကြပါသည်။ ထို့ကြောင့် သူတို့သည် လူ့အသိုက်အဝန်းတွင် အသုံးမဝင်သူများဖြစ်နေရုံသာမက ဘုရားသခင်၏အမှုတော်တွင်လည်း သုံးမရသောသူများဖြစ်နေကြပါသည်။

## အိမ်တွင်ဘာသာတရားကိုင်းရှိုင်းမှုကင်းမဲ့ခြင်း

ဘုရားသခင်၏နှုတ်တော်ထွက်စကားတိုင်းကို သိရှိနားလည်နိုင်ဖို့ရန် သမ္မာကျမ်းစာကို စိတ်အားထက်သန်စွာ ရှာဖွေလေ့လာသင့်သလောက် မလေ့လာသော မိခင်ဖခင်များဦးစီးသည့် ခရစ်ယာန်အိမ်ထောင်စုများတွင် မိမိတို့ကိုယ်တိုင်နှုတ်ကပတ်တော်အတိုင်း အသက်မရှင်သည့်အပြင် သားသမီး များကိုလည်း နှုတ်ကပတ်တော်၏သွန်သင်ဆုံးမစကားများနှင့်အညီ ပျိုးထောင် ရန်ပျက်ကွက်နေကြပါသည်။ ခရစ်ယာန်မိဘများကိုယ်တိုင်က အိမ်တွင် ဘုရားတရားနှင့်နေထိုင်ရန် ပျက်ကွက်နေကြသည်။ ခရစ်တော်၏စာရိတ္တ တော်နှင့်တူသောသူများ၌သာ အသက်ရှင်တော်မူသော ဘုရားသခင်၏တံဆိပ်တော်ကို ခတ်တော်မူပါလိမ့်မည်။

## မိဘများကသာဘုရားသခင်၏အမိန့်တော်ကိုနာခံခဲ့ကြလျှင်----

ဘုရားသခင်သည် မိဘများ၏ကမောက်ကမအုပ်ချုပ်မှုများကို သက်သေထူသက်ရှင်းတော်မူလိမ့်မည်မဟုတ်ပါ။ ရာနှင့်ချီသောကလေးများသည် ဘုရားသခင်၏အကြံတော်ကိုဆန့်ကျင်ကာ ရန်သူနှင့်ပူးပေါင်းနေကြ

ချေပြီ။ ထိုကလေးများသည် နာခံမှုကင်းသူများ၊ ကျေးဇူးကန်းပြီး ညစ်ညမ်းသောသူများဖြစ်ကြသည်။ မိဘများက အိမ်မှာကောင်းမွန်စွာမသွန်သင်ခဲ့သဖြင့် ထောင်နှင့်ချီသောကလေးများသည် အပြစ်ဒုစရိုက်တွင် ပျက်စီးလွှင့်ပါးလျက်ရှိနေချေပြီ။ အကယ်၍သာ မိဘများသည် ဘုန်းတော်နှင့်ပြည့်စုံတော်မူသော်လည်း မျက်မြင်မရသောထာဝရဘုရားသခင်၏နှုတ်ထွက်စကားများကို နာခံခဲ့ကြမည်ဆိုလျှင် ကျွန်ုပ်တို့ယခုမြင်နေကျဖြစ်သော အနိဋ္ဌာရုံမြင်ကွင်းများကို ကျွန်ုပ်တို့မြင်ခဲ့ကြရလိမ့်မည်မဟုတ်ပါ။

## ခိုင်ခံ့မြဲမြံသောစာရိတ္တကိုတည်ဆောက်ခြင်း

သားသမီးများအား လေ့ကျင့်ပညာပေးခြင်းအလုပ်သည် အရေးပါသောအလုပ်တစ်ခုဖြစ်သည်ကို မိဘများသဘောပေါက်သောအချိန်တွင်လည်းကောင်း၊ မိမိတို့လုပ်ဆောင်ရမည့်အရာသည် ထာဝရအကျိုးနှင့်ပတ်သက်နေသည်ကို သူတို့မြင်တွေ့လာသောအချိန်တွင်လည်းကောင်း ထိုအလုပ်ကိုအချိန်ပေးဆက်ကပ်ပြီး သူတို့လုပ်ဆောင်လာကြပါလိမ့်မည်။

### ပါဝင်ပတ်သက်သောစည်းမျဉ်းများကိုနားလည်သဘောပေါက်လာခြင်း

လူတစ်ဦး၏အကျင့်စာရိတ္တကိုတည်ဆောက်ရာတွင် အသက်ငယ်ရွယ်စဉ်အချိန်မှာ လေ့ကျက်ခဲ့သောသင်ခန်းစာများနှင့် ဖွဲ့စည်းခဲ့သောအကျင့်စရိုက်များသည် အသက်ကြီးမှလေ့ကျက်သည့်သင်ခန်းစာများနှင့် တည်ဆောက်သောအကျင့်စရိုက်များထက် ပို၍ထိရောက်မှုရှိပါသည်။ ကလေးများအားလေ့ကျင့်ပြုစုခြင်း၏အခြေခံဖြစ်သော ဤစည်းမျဉ်းကို မိဘများနားလည်ထားသင့်ပါသည်။

### အပေါ်ယံအပယိကများကိုရှောင်ရှားကြပါ

လေးနက်မှုကင်းသည့် အပယိကအရာများနှင့်ပြည့်နေသည့်ခေတ်တွင် ကျွန်ုပ်တို့အသက်ရှင်နေထိုင်လျက်ရှိကြသည်။ နို့စို့အရွယ်မှစပြီး ပေးခဲ့သော

လေ့ကျင့်ပညာပေးမှုများမှာလည်း အပေါ်ယံအပယိကများသာဖြစ်နေသဖြင့် ကလေးများ၌ တည်ငြိမ်ခိုင်ခံ့သောစာရိတ္တမျိုး တွေ့ခဲ့ပါသည်။ ၎င်းတို့၏ စာရိတ္တကို ပြိုပျက်တတ်သောသဲပေါ်မှာ တည်ဆောက်ထားကြပါသည်။ ကိုယ်အလိုကိုငြင်းပယ်ခြင်း၊ ကိုယ်စိတ်ထင်တိုင်းမလုပ်ခြင်း စသည့်စာရိတ္တမျိုးကို ၎င်းတို့တွင်မတွေ့ရပါ။ လက်တွေ့အသက်တာမှာ စာရိတ္တပျက်ပြားသော ကလေးဘဝရောက်သည်အထိ မိဘများက သူတို့ကိုအလိုလိုက်အကြိုက်ဆောင်ခဲ့ကြသည်။ အပျော်အပါးမြတ်နိုးသောစိတ်က သူတို့ကိုလွှမ်းမိုးနေသည့် တစ်ချိန်တည်းမှာပင် ပျက်စီးဆုံးရှုံးသည့်အခြေအထိ သူတို့ကိုမြှောက်ပင့် အလိုလိုက်နေကြပါသည်။

## ခိုင်မာစွာရပ်တည်ကြပါ

သူတစ်ပါးကိုအပြုစုခိုင်းသည်ထက် မိမိကိုယ်တိုင်ပြုစုခြင်းအားဖြင့် ကလေးများကိုစောင့်ကြည့်ကြပါ။ ရပ်ထသည့်အချိန်တွင်ဖြစ်စေ၊ ထိုင်သည့် အချိန်တွင်ဖြစ်စေ၊ အပြင်သို့သွားသောအချိန်တွင်ဖြစ်စေ၊ အိမ်သို့ပြန်လာသော အချိန်တွင်ဖြစ်စေ ကလေးများကိုအားပေးစကားပြောကြပါ၊ ဆုံးမကြပါ၊ အကြံပေးကြပါ။ သင့်ကလေးများကို ငယ်စဉ်ကတည်းက အပိုးကြိုးအောင်လုပ်ထားကြပါ။ မိဘအများစုသည် ထိုသို့မလုပ်ဆောင်ကြသည်ကို ဝမ်းနည်းဖွယ်တွေ့ရပါသည်။ ကလေးများ၏ရှေ့ရေးနှင့်ပတ်သက်၍ သူတို့သည် ရပ်ထရမည့် အနေအထားတွင် ခိုင်မာစွာရပ်ထခြင်းမပြုကြပါ။

## အဖိုးတန်အစေ့များကိုစိတ်ရှည်ရှည်ဖြင့်ကြဲကြပါ

လူတို့သည် စိုက်သည့်အတိုင်းရိတ်ကြရပါသည်။ မိဘတို့၊ သင်တို့၏ တာဝန်မှာ သားသမီးများထံမှ စိတ်ချယုံကြည်မှုကိုရရှိရန်ဖြစ်ပြီး မေတ္တာကို ရှေ့ထားလျက် အဖိုးတန်အစေ့များကို စိတ်ရှည်ရှည်ဖြင့်ကြဲဖြန့်ပေးကြရန်ဖြစ်ပါသည်။ ပင်ပန်းမှု၊ စိတ်ဆင်းရဲမှုများအတွက် ငြီးတွားခြင်းမပြုဘဲ သင်လုပ်ရမည့် အလုပ်ကို ကျေကျေနပ်နပ်ဖြင့် လုပ်ဆောင်ကြပါ။ သင့်ကိုယ်သင်

မျှော်လင့်ချက်ပြည့်ဝသူ၊ စိတ်ရှည်သူတစ်ဦးဖြစ်အောင် ထိန်းသိမ်းပါ။ သင်၏ စိတ်ထဲသို့ စိတ်ဓာတ်ကျစရာတစ်စွန်းတစ်စကိုမျှ ဝင်လာခွင့်မပြုပါနှင့်။ စာရိတ္တ တစ်ခုကို သင့်လက်ဖြင့်သင်တည်ဆောက်နေခြင်းဖြစ်သည်။ ဘုန်းတော်ကို ထင် ရှားစေမည့် အသီးအပွင့်များသင့်ဘဝတွင် ပေါ်ထွန်းလာသည်အထိ ဘုရားသခင် ကသင်၏မစုံလင်မှုများကို စိတ်ရှည်ရှည်ဖြင့် သည်းခံတော်မူသကဲ့သို့ သားသမီး များ၏မစုံလင်မှုများကို သင်သည်းခံစိတ်ရှည်ပါ။ သူတို့ အသက်တာ၌ ချို့တဲ့ နေသောအကျင့်ကောင်းများကို ရရှိသည်အထိကြိုးစား လုပ်ဆောင်ကြရန် သင့်၏ သားသမီးများကို အားပေးကြပါ။

ပညတ်တော်အတိုင်းအသက်ရှင်တတ်အောင်သွန်သင်ပါ

မိဘတို့၊ အသိတရားရှိကြပါ။ ပညတ်တော်ကိုနာခံရန် သားသမီးများ ကိုသွန်သင်ပေးကြပါ။ သားသမီးများကို သဘောရှိနေထိုင်ခွင့်ပေးနေခြင်းသည် ကရုဏာရှိခြင်းမဟုတ်ပါ။ သင်အပြစ်မပေးချင်သည်အထိ ကောင်းမြတ်သော ကြောင့် သင်မြတ်နိုးသောအခြေအနေတစ်ခုသို့ရောက်အောင် သားသမီးများကို သင်မဆုံးမခြင်းသည် သားသမီးများအပေါ် ကြင်နာသည်ဟုမပြောနိုင်ပါ။ သင့်ကလေးနှင့်တကွ ပတ်ဝန်းကျင်တစ်ခုလုံးကို ထိခိုက်ပျက်စီးစေမည့်စာရိတ္တ မျိုးကို ဖွံ့ဖြိုးကြီးထွားခွင့်ပြုနေခြင်းသည် မည်သည့်ချစ်ခြင်းမေတ္တာမျိုးဖြစ်နေ ပါသနည်း။ ထိုမေတ္တာမျိုးဖြင့် ကင်းကင်းရှင်းရှင်းနေကြပါ။ မေတ္တာစစ်၊ မေတ္တာမှန်ဟူသည် သားသမီးများ၏ယခုဘဝအသက်တာနှင့်တကွ တမလွန် ဘဝကောင်းစားရေးအတွက်ကို ဦးစားပေးတတ်ပါသည်။

သားသမီးများကို ခရစ်ယာန်ဘာသာရေးဆိုင်ရာ ယဉ်ကျေးမှုနှင့် အသိပညာများမပေးဘဲ အသက်ကြီးလာခွင့်ပြုရန် မိဘများ၌အခွင့်ရှိပါသလား။ မိဘများသည် သားသမီးများအတွက် တာဝန်ရှိကြသည်။ ထိန်းချုပ်တတ်အောင် သွန်သင်ပေးကြပါ။ သားသမီးများသည် မိမိကိုယ်တိုင်စီမံရန်အတွက်မဟုတ်ဘဲ မိဘ၏အစီအမံကိုလက်ခံတတ်အောင် သင်ယူကြရပါမည်။

ကာယ၊ ဉာဏနှင့်ဘုရားရေးတရားရေးကိစ္စများကို ဟန်ချက်ညီညီ အသုံးပြုကြပါ

ဟန်ချက်ညီညီ ကောင်းမွန်စွာဖွံ့ဖြိုးသည့်စာရိတ္တတစ်ခုတည်ဆောက်ရန်အတွက် ကာယစွမ်းအား၊ ဉာဏစွမ်းအားနှင့် ဘုရားတရားဆိုင်ရာအသိဉာဏ်များကို စုစည်းအသုံးပြုသင့်ပါသည်။ ထိုအရာကို ပြီးစီးစွာလုပ်ဆောင်နိုင်ရန် သားသမီးများကို ဂရုပြုစောင့်ကြည့်သင့်ပါသည်။ စည်းကမ်းတကျပြုစုပျိုးထောင်သင့်ပါသည်။

အသက်တာတစ်ခုလုံးတွင် ကျန်းမာပျော်ရွှင်သူများဖြစ်လာစေရန်အတွက် အစားအသောက်၊ ဝတ်ဆင်မှုနှင့်လေ့ကျင့်ခန်းလုပ်ခြင်းများတွင် သားသမီးများ၌ ကောင်းသောအကျင့်များကို တည်ဆောက်ပေးသင့်ပါသည်။ ကိုယ်ကာယခွန်အားများ ယုတ်လျော့မသွားဘဲ တတ်အားသမျှဖွံ့ဖြိုးလာစေရန်အတွက် ခန္ဓာကိုယ်အစိတ်အပိုင်းများကို ဂရုစိုက်ထိန်းသိမ်းသင့်ပါသည်။

ဉာဏ်ပညာ၊ ကိုယ်ကျင့်တရားများနှင့်ကျန်းမာခြင်းကိုစုစည်းအသုံးပြု ခြင်း

ဘုရားသခင်သည် မိမိတို့အားကောင်းချီးပေးလျက်ရှိကြောင်း ဖွင့်ဆိုလာဖို့ ကလေးများ၏ကိုယ်ကျင့်တရား၊ စွမ်းအားများကို နိုးထလာစေရန်အလို့ငှာ ကိုယ်ခန္ဓာနှင့်ပတ်သက်သည့် ဘုရားသခင်၏မိန့်ဆိုချက်များကို မည်သို့မည်ပုံ လိုက်နာစောင့်ရှောက်ရမည်ကို သူတို့၏စိတ်ထဲမှာစွဲနေအောင် သင်လုပ်ဆောင်ရပါမည်။ ကျန်းမာရေးသည် အသိဉာဏ်နှင့်လည်းကောင်း၊ ကိုယ်ကျင့်တရားနှင့်လည်းကောင်း ဆက်စပ်မှုရှိနေပါသည်။ သူတို့သည် ကိုယ်ခန္ဓာကျန်းမာ၍ စိတ်နှလုံးသန့်စင်နေမည်ဆိုလျှင် ဤလောကအတွက် ကောင်းချီးမင်္ဂလာတစ်ခုအဖြစ် အသက်ရှင်နေထိုင်နိုင်ကြပါလိမ့်မည်။ ထို့ကြောင့် သူတို့၏စိတ်သဘောထားကို သင့်လျော်သောအချိန်တွင် လားရာမှန်မှန်သို့ ဟန်ချက်ညီစွာလှုပ်ရှားသွားနိုင်အောင် လုပ်ပေးရန်မှာ အလွန်အရေးပါလှ

ပါသည်။ အကြောင်းမှာ အရေးကြီးသောအချိန်တွင် ၎င်းတို့ပြုလုပ်မည့် ဆုံးဖြတ်ချက်များအပေါ်တွင် သူတို့၏အောင်မြင်မှုအခြေပြုနေသောကြောင့် ဖြစ်ပါသည်။

သားသမီးများ၏ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာရေးကို ပထမဦးစားပေးတည်ဆောက်နေသောအချိန်တွင် မိဘများအနေဖြင့် အသေးအဖွဲကိစ္စကလေးများတွင် ကိုယ်ပင်ပန်းစိတ်ပင်ပန်းဖြစ်ခြင်းမှကင်းဝေးအောင် နေထိုင်ခြင်းသည်လည်းကောင်း၊ ချစ်ခြင်းမေတ္တာ၊ သတိပညာ၊ တည်ငြိမ်မှုအပြည့်ဖြင့် စဉ်းစားဝေဖန်ခြင်းသည်လည်းကောင်း အလွန်အရေးပါလှပါသည်။

## စိတ်အတွက်သန့်စင်သောအစားအစာသည်ပဓာန

သင်ချစ်သောသားသမီးများ၏ရသာရုံစွမ်းအားများကို ပုံစံသွင်းပေးပါ။ နိမ့်ကျယုတ်ညံ့သောအတွေးများနှင့် အာရုံခံစားမှုများအတွက် နေရာမရှိတော့စေရန် ၎င်းတို့၏အာရုံများကို အခြားသို့မလွင့်ပါးအောင် လုပ်ဆောင်ပါ။ စိတ်သည်လည်း ခန္ဓာကိုယ်ကဲ့သို့ပင်ဖြစ်ပါသည်။ ကျန်းမာသန်စွမ်းစေရန် သန့်စင်သောအစာများဖြင့် စိတ်ကိုကျွေးရပါမည်။ ထို့ကြောင့် သူတို့ထက်မြင့်မြတ်သောအရာများကို ဆင်ခြင်သုံးသပ်စေမည့်အရာများကို သင့်သားသမီးများအားပေးပါ။ သန့်ရှင်းမွန်မြတ်သောပတ်ဝန်းကျင်တွင် အသက်ရှင်နေသောစိတ်သည် မလောက်လေးမလောက်စားတစ်ခု ဖြစ်မသွားပါ။ ကရော်ကမည်နိုင်သည့်အရာတစ်ခုလည်း ဖြစ်မလာတော့ပါ။ မာနထောင်လွှားပြီး တစ်ကိုယ်ကောင်းဆန်သည့်စိတ်ထားမျိုးလည်း ဖြစ်မလာတော့ပါ။

မှားယွင်းသည့်လားရာဘက်သို့ ပို့ဆောင်ပေးမည့်အရာမှန်သမျှနှင့် စိတ်ကိုကင်းဝေးအောင်ထားရမည်။ စိတ်၏ခွန်အားများကို တိုးပွားအောင် အထောက်အကူမပေးနိုင်သည့် အပေါစားဝတ္ထုစာပေများဖြင့် စိတ်ကိုဝန်မပိပါစေနှင့်။ စိတ်ကူးအတွေးများသည် စိတ်အတွက်ပြင်ဆင်ထားသည့်အစာများနှင့် စရိုက်တူနေပါလိမ့်မည်။

စာတော်တာနှင့်မလုံလောက်သေးပါ

သင်၏ကလေးစာတော်သည်ကိုတွေ့ကာ သင်အားရကျေနပ်နေကောင်းနေလိမ့်မည်။ စာတော်သောသားသမီးကလေးများသည် သန့်ရှင်းသောစိတ်နှလုံး၏ထိန်းချုပ်မှုအောက်တွင်မရှိလျှင် ၎င်းတို့၏လုပ်ဆောင်မှုများသည် ဘုရားသခင်နှင့်ကမောက်ကမဖြစ်နေလိမ့်မည်။ ဘုရားသခင်မစခြင်းကြောင့် အောင်မြင်မှုရနေသည်ဟူသော မြင့်မြတ်သည့်ခံစားချက်တစ်ခုတည်းကသာလျှင် တည်ငြိမ်ကောင်းမွန်သောစာရိတ္တကို သူတို့၌ဖြစ်ပေါ်စေပါသည်။ လောကီလောကုတ္တရာနှစ်ဖြာသောအသက်တာတွင် အောင်မြင်မှုများရရှိရန် အဓိကလိုအပ်ချက်များကိုသူတို့နားလည်နိုင်သည့် စိတ်တန်ခိုးများဖြစ်ပေါ်စေနိုင်ပါသည်။

စာရိတ္တဖွံ့ဖြိုးဖို့လုပ်ဆောင်ရာတွင်ရည်ရွယ်ချက်မြင့်မြင့်ထားပါ

အလုပ်ကိုကြိုးစားပြီးလုပ်ဆောင်ဖို့ ကလေးများကိုကျွန်ုပ်တို့သင်ကြားပြီးသောအချိန်တွင် အန္တရာယ်စက်ကွင်းမှ တစ်ဝက်ကျော်လွတ်ခဲ့ချေပြီ။ အကြောင်းမှာ ပျင်းရိခြင်းသည် အပြစ်ကျူးလွန်စေမည့် စုံစမ်းနှောင့်ယှက်ခြင်းများသို့ ပို့ဆောင်လေ့ရှိသည်။ ရိုးသားသော်လည်း ရဲတင်းလွန်းသည့်ဟန်ပန်မျိုးမလုပ်အောင် သားသမီးများကိုပညာပေးပါ။ ကိုယ်ကျိုးစွန့်အနစ်နာခံပေးကမ်းတတ်သော်လည်း လက်ဖွာသောသူများမဖြစ်အောင် သားသမီးများကိုပညာပေးကြပါ။ ရိုးခြေချွေတာတတ်သော်လည်း မတော်လောဘတက်သူများမဖြစ်အောင် သင်တို့၏သားသမီးများကို သင်ကြားပေးကြပါ။ အသက်တာနှင့်ပတ်သက်သမျှ အခန်းကဏ္ဍတိုင်းကို ဘာသာရေးခံယူချက်များဖြင့် လွှမ်းခြုံထားရန်မှာ သူတို့၏တာဝန်ဖြစ်ကြောင်း အသေးအဖွဲလောကဝတ်များ ကအစလျစ်လျူမရှုဘဲ ဘုရားသခင်ကိုအမွန်အမြတ်ထား ချစ်ကြောက်ရိုသေ သလိုအိမ်နီးချင်းများကိုလည်း ချစ်ခင်ကြရမည်ဖြစ်ကြောင်းများကိုလည်း သင့်ကလေးများအား သင်ကြားပေးကြပါ။

အထက်မှဉာဏ်ပညာရရှိဖို့ဆုတောင်းပေးကြပါ

သားသမီးများအား ကောင်းမွန်စွာလေ့လာပညာပေးနိုင်ရန်အတွက်လည်းကောင်း ဘုရားသခင်အသိအမှတ်ပြုသည့်စာရိတ္တမျိုးကို သားသမီးများပိုင်ဆိုင်လာစေရန်အတွက်လည်းကောင်း အထက်မှဉာဏ်ပညာများဖြင့် မစကူညီရန် ဘုရားသခင်ထံတော်တွင် စိတ်အားထက်သန်စွာဖြင့် ဆုတောင်းပါ။

ကိုယ်ကျင့်တရားနှင့်ဘာသာရေးလမ်းညွှန်များကိုပေးရမည်

စုံစမ်းနှောင့်ယှက်ခြင်းကို ကြံ့ကြံ့ခံနိုင်သောစာရိတ္တပိုင်ရှင်များ ဘုရားသခင်အတွက် ဂုဏ်ယူစရာဖြစ်ရုံသာမက လူသားများအတွက် ကောင်းချီးမင်္ဂလာဖြစ်စေမည့်ကလေးများ စသည့်စာရိတ္တဖွံ့ဖြိုးမှုနှင့်ပြည့်စုံသော သားသမီးများကို လူ့အသိုက်အဝန်းထဲသို့ ပို့ဆောင်ပေးရမည်ဟူသော သဘောထားမျိုး မိဘများ၌ရှိဖို့လိုအပ်ပါသည်။ လုပ်ငန်းခွင်သို့ဝင်လာသည့် ခိုင်မာသောစည်းကမ်းများအောက်တွင် ကြီးပြင်းလာသူများသည် ကိုယ်ကျင့် တရားပျက်ပြားနေသော ခေတ်ဆိုးထဲတွင် ခြောက်ပစ်ကင်းသဲလဲစင်ဘဝဖြင့် ရပ်တည်နိုင်ပါလိမ့်မည်။

ကိုယ့်အတွက်ကိုယ်ရွေးချယ်တတ်အောင်ကလေးများကိုသွန်သင်ပါ

ကောင်းကင်ရက်ကန်းစင်တွင်ရက်နေသည့် သန့်ရှင်းသူများသာဝတ်ဆင်ရမည့် စင်ကြယ်လှပသည့်ပိတ်ချောဝတ်ရုံကို မိမိတို့ဝတ်ရန် လူငယ်များ ရွေးချယ်တတ်အောင် သင်ကြားပေးကြပါ။ ခရစ်တော်၏အပြစ်ကင်းသည့် စာရိတ္တတော်ကို ပုံဆောင်သည့်ထိုဝတ်ရုံကို အဖိုးအခမတောင်းဘဲ လူတိုင်းအား အခမဲ့ပေးနေပါသည်။ သို့ရာတွင် လက်ခံသောသူများသာ ထိုဝတ်ရုံကိုရရှိကာ ဝတ်ဆင်ခွင့်ရကြမည်ဖြစ်သည်။

သန့်ရှင်းမွန်မြတ်သောအတွေးများကိုတွေးကာ နှစ်လိုဖွယ်သော အများအကျိုးဆောင်လုပ်ငန်းများအပေါ် စိတ်ဝင်စားလုပ်ဆောင်ခြင်းသည် မိမိတို့ကိုယ်ကို မိမိတို့ကိုယ်တိုင် ခရစ်တော်၏လှပတင့်တယ်သောဝတ်ရုံနှင့်

ဖုံးပေးနေခြင်းဖြစ်ကြောင်းကိုလည်း သားသမီးများအား သိအောင်ပြောပေးကြပါ။ ထိုဝတ်ရုံမျိုးကိုဝတ်ဆင်သောကြောင့် သူတို့သည် ဤလောကတွင် ပွဲလည်တင့်သူများဖြစ်ရုံသာမက ကောင်းကင်နိုင်ငံတော်သို့ ဝင်ခွင့်ရရှိစေနိုင်မည့် ဂုဏ်ပုဒ်တစ်ခုရရှိနေကြောင်းကိုလည်း သားသမီးများသဘောပေါက်နားလည်အောင် ပြောပြကြပါ။

–ဝ–



# အခန်း (၉)
# အကျင့်စာရိတ္တတည်ဆောက်မှုတွင်အခြေခံကျသောအချက်များ

သားသမီးများ၏စိတ်နှလုံးကို လောကီသားများက တံဆိပ်မနှိပ်ခတ်မီ မှန်ကန်သောပုံရိပ်ကို ရိုက်နှိပ်နိုင်စေရန်အလို့ငှာ ရင်ခွင်ပိုက်အချိန်ကတည်းက သင်ကြားမှုကိုအစပြုကြရပါမည်။

တစ်နှစ်သားအရွယ်မှစ၍ ကလေးများ၏စိတ်နှလုံးတွင် အကောင်းအဆိုးပုံရိပ်နှစ်ခုစလုံးသည် အလွယ်တကူထင်ဟပ်နိုင်လာပါသည်။ အသိဉာဏ်စွမ်းအားနှင့် ကြီးမားသောအသိပညာများသည် ဂေါဖိရရွှေနှင့်စက်ပြီးဝယ်လို့မရနိုင်လောက်အောင် တန်ဖိုးရှိသောအရာများဖြစ်ပါသည်။ ရွှေငွေများထက်လည်း မွန်မြတ်လှပါသည်။

### ကနဦးခံစားမှုသည်ဖျောက်ဖျက်ပစ်ရန်ခဲယဉ်းခြင်း

အမေ၊ အဖေများနှင့်တကွ အိမ်ထောင်သားများ၏အော်ဟစ်ကြိမ်းမောင်းသံများကို ကလေးငယ်များမကြားအောင်လုပ်ရပါမည်။ အကြောင်းမှာ နှနယ်စဉ်အခါ သူတို့ကြားခဲ့ရသည့်အရာကို သူတို့၏စိတ်နှလုံးတွင် စွဲနေတတ်ပါသည်။ ၎င်းတို့ရှေးဦးပထမခံစားခဲ့ရသောအရာများကို သူတို့မေ့ပျောက်ပစ်ဖို့ ခဲယဉ်းလှပါသည်။ ဖုံးကွယ်ရန်ဖြစ်နိုင်သော်လည်း ချေဖျက်ပစ်ရန်ခဲယဉ်းပါသည်။

### သုံးနှစ်သားအရွယ်

မိခင်တို့၊ သင်၏သားသမီးများအား သုံးနှစ်အရွယ်အတွင်း သေချာစွာသွန်သင်ဆုံးမကြပါ။ သူတို့လုပ်ချင်ရာကို လုပ်ခွင့်မပေးကြပါနှင့်၊ ကလေးကိုဂရုစိုက်ပါ။ သုံးနှစ်အတွင်းမှာ ထိုသစ်ကိုင်းနုကလေးသည် ကွေးကောက်သွားနိုင်သဖြင့် ထိုအချက်၏အရေးပါမှုကို မိခင်များနားလည်ထားသင့်ပါသည်။ ထိုအချိန်သည် စာရိတ္တအုတ်မြစ်ချနေသည့်အချိန်လည်းဖြစ်ပါသည်။

အများထင်ထားသလောက်မခက်ခဲပါ

သူတို့၏လိုအင်ဆန္ဒများမခိုင်မာမီ (သို့မဟုတ်) သူတို့စိတ်ကူးပေါက်ရာမလုပ်တတ်မီ ပုခက်အတွင်းမှာရှိသည့်အချိန်ကတည်းက သားသမီးများကိုလေ့ကျင့်ပညာပေးထားခဲ့လျှင် မိဘများသည် ယခုလောက်ပူပန်ဝမ်းနည်းကြရလိမ့်မည်မဟုတ်ပါ။ ကလေးများ၏ဒေါသနှင့်ရမ္မက်များကို ထိန်းချုပ်ဖို့ခွင်းရန်မှာ အများထင်ထားသလောက်မခက်ခဲလှပါ။

ဤအလုပ်ကိုအချိန်မီလုပ်ဖြစ်အောင်လုပ်ကြပါ

အသက်အရွယ်ကြီးလာသည်နှင့်အမျှ မိမိတို့၏အမှားများကိုသူ့ဘာသာသူပြင်လာလိမ့်မည်အထင်နှင့် ကလေးငယ်များကို တစ်နှစ်သားအရွယ်တွင်ပညာပေးရန် မိဘအများပျက်ကွက်နေကြပါသည်။ ရင်ခွင်ပိုက်အရွယ်မှာကတည်းက ကလေးများကိုသွန်သင်ရမှာဖြစ်သည်။ ကလေးငယ်များကို အမြဲတမ်းချော့မော့နေခြင်းသည် မှန်ကန်သောလုပ်ရပ်မဟုတ်သလိုအမြဲတမ်းရိုက်ပုတ်ငေါက်ငမ်းနေခြင်းသည်လည်း မမှန်ကန်သောလုပ်ရပ်ဖြစ်ပါသည်။ မှန်ကန်ခိုင်ခံ့သောစည်းမျဉ်းများအတိုင်း တစ်သမတ်တည်းပြုမူဆောင်ရွက်ခြင်းသည်သာ ကောင်းမြတ်သောရလဒ်များထွက်ပေါ်လာနိုင်မည်ဖြစ်ပါသည်။

နပိုလီယံပေးခဲ့သောအမွေ

နပိုလီယံဘိုနာဘတ်၏အကျင့်စာရိတ္တသည် ကလေးငယ်အချိန်ကရရှိထားသည့် စာရိတ္တ၏လွှမ်းမိုးမှုအောက်တွင် ရှိနေပါသည်။ သတိပညာကင်းမဲ့သောဆရာများက အောင်မြင်မှုကိုမြတ်နိုးတတ်အောင် သူ့အားသွန်သင်ထားပါသည်။ စစ်တပ်တစ်တပ်ဖွဲ့စည်းပြီး သူ့အားဗိုလ်ချုပ်နေရာတွင်ထားကာကစားလေ့ရှိပါသည်။ ဤတွင် တိုက်ခိုက်ခြင်းနှင့်သွေးချောင်းစီးခြင်းလုပ်ရပ်အတွက် အုတ်မြစ်ချပေးနေခြင်းဖြစ်ပါသည်။ နပိုလီယံအား လူ့ယဉ်ကျေးတစ်ယောက်ဖြစ်စေမည့်လားရာအတိုင်း သူတို့သွန်သင်ခဲ့ကြမည်ဆိုလျှင်သူ၏ သမိုင်းသည် ယခုလက်ရှိသမိုင်းနှင့် များစွာကွာခြားနေပါလိမ့်မည်။

ဟူးမ်နှင့်ဗော်တိုင်းယား

ခရစ်ယာန်ဘာသာကို မယုံကြည်သူတစ်ဦးဖြစ်သောဟူးမ်သည် တစ်ချိန်က နှုတ်ကပတ်တော်အပေါ်သစ္စာရှိသူတစ်ဦးဖြစ်ခဲ့ပါသည်။ စကားရည်လုပွဲတစ်ခုမှာ မိစ္ဆာဒိဋ္ဌိအယူဝါဒသည် ကောင်းသည်ဆိုသည့်ဘက်မှပြောရန် တာဝန်ပေးခြင်းခံရပါသည်။ စကားရည်လုပွဲ၌ ပြောရန်အချက်အလက်များကို ဖွဲ့ရှိရှိနှင့်စုဆောင်းခဲ့ရာ သူလေ့လာစုဆောင်းသည့် မိစ္ဆာဒိဋ္ဌိအယူဝါဒကောင်းကြောင်း ထောက်ခံသည့်အချက်အလက်များသည် သူ၏စူးရှထက်မြက်သောစိတ်တွင် စိမ့်ဝင်ပျံ့နှံ့သွားခဲ့ပါသည်။ မှားယွင်းသောလေ့လာမှုများကို ယုံကြည်စွဲလမ်းပြီးနောက် မကြာမီမှာပင် သူ၏အသက်တာတစ်ခုလုံးသည် မိစ္ဆာဒိဋ္ဌိအယူဝါဒ၏မှောင်မည်းသောအရိပ်များအောက်တွင် အသက်ရှင်ခဲ့ရပါသည်။

ဗော်တိုင်းယားသည် အသက်ငါးနှစ်အရွယ်တွင် မိစ္ဆာဒိဋ္ဌိအယူဝါဒဆိုင်ရာ ကဗျာတစ်ခုကို အလွတ်ကျက်နိုင်ဖို့ကြိုးစားခဲ့သည်။ အသေးအဖွဲ့ဖြစ်သော်လည်း အန္တရာယ်မကင်းသော ထိုကဗျာကလေး၏လွှမ်းမိုးမှုသည် သူ၏စိတ်ထဲမှ မည်သည့်အခါမျှပျောက်ပျက်မသွားခဲ့ချေ။ သူသည် ဘုရားသခင်အား ယုံကြည်နေသူများကို စာတန်ထံသို့ပို့ဆောင်သည့် ခွန်အားအကောင်းဆုံးကိုယ်စားလှယ်တစ်ဦးဖြစ်လာခဲ့ပါသည်။ တရားစီရင်ရာကာလတွင် ထောင်ပေါင်းများစွာသောခရစ်ယာန်များသည် ၎င်းတို့၏လမ်းလွဲမှုများအတွက် မိစ္ဆာဒိဋ္ဌိဝါဒီဗော်တိုင်းယားအပေါ် အပြစ်တင်ကြလိမ့်မည်။

အသက်ငယ်စဉ်အချိန်မှာ စွဲလမ်းခဲ့သောအတွေးအခေါ်များနှင့် ခံစားချက်များသည် လူတစ်ဦး၏ဘဝကို အဆုံးအဖြတ်ပေးလျက်ရှိပါသည်။ မှန်ပါသည်။ ငယ်ရွယ်စဉ်အခါကတည်ဆောက်ခဲ့သောသီလနှင့်ပြည့်စုံသောစာရိတ္တသည် လူတစ်ဦး၏အကျင့်စာရိတ္တတွင် အစိတ်အပိုင်းတစ်ခုအဖြစ်ပါလာပြီး အသက်တာလမ်းကြောင်း၏လားရာကို ညွှန်ပြပါလိမ့်မည်။

ဟန္နရခဲ့သည့်ဆုလာဘ်

မိခင်တိုင်းအား အခွင့်အလမ်းများနှင့် အကျိုးကျေးဇူးများပေးရန် ကတိတော်ရှိပါသည်။ ရှမွေလ၏မိခင်သည် သုံးနှစ်သုံးမိုး ရှမွေလအား

ဂရုတစိုက်သွန်သင်ကာ အမှားနှင့်အမှန်ကို ခွဲခြားသိမြင်စေရန် ကြိုးစားခဲ့ပါသည်။ သူ၏ပတ်ဝန်းကျင်ရှိ အရာဝတ္ထုများကိုအသုံးပြုလျက် ဖန်ဆင်းရှင်အပေါ် အာရုံစူးစိုက်လာအောင်လမ်းပြရန် သူမကြိုးစာခဲ့ပါသည်။ ဟန္နရခဲ့သည့်ဆုလာဘ်မှာ အလွန်ကြီးမားလှပါသည်။ သူမပြခဲ့သောစံနမူနာမှာလည်း စိတ်နှလုံးများကို အထူးခွန်အားရစေလျက်ရှိပါသည်။

## စိတ်နှလုံးကိုယောသပ်ကာကွယ်စောက်ရှောက်ပုံ

ယောသပ်ငယ်ရွယ်စဉ်အခါက ယာကုပ်ပြခဲ့သည့် ဘုရားသခင်အပေါ်ထားရှိသည့် ခိုင်မာသောယုံကြည်ကိုးစားခြင်းနှင့် ဘုရားသခင်၏မဟာမေတ္တာတော်နှင့် ကာကွယ်စောင့်ရှောက်မှုများအပေါ် ထပ်ခါတလဲဖွင့်ဟခဲ့သည့် ယာကုပ်၏နှုတ်ထွက်စကားများသည် နောင်တစ်ချိန်တွင် ရုပ်တုကိုးကွယ်သူများအကြား ကျွန်တစ်ဦးအဖြစ် သွားရောက်နေထိုင်ရမည့်ယောသပ်အတွက် အထူးလိုအပ်သောသင်ခန်းစာများဖြစ်ပါသည်။ အသက်ငယ်စဉ်အခါက ရရှိခဲ့သောထိုသင်ခန်းစာများသည် ပြင်းထန်သောစုံစမ်းနှောင့်ယှက်ခြင်းနှင့် ရင်ဆိုင်ရသောအခါတွင် သူ၏စိတ်နှလုံးအတွက် ခံတပ်များသဖွယ်ဖြစ်ကာ "အပြစ်ကြီးသောဤအမှုကို အကျွန်ုပ်ပြု၍ ဘုရားသခင်ကို အဘယ်သို့ပြစ်မှားနိုင်သနည်း" ဟု တုံ့ပြန်လာနိုင်ခဲ့ပါသည်။

## ကောင်းသောသင်ကြားမှုများ၏အသီးအပွင့်များ

မိခင်များ၏အားနည်းချက်များနှင့် ချို့တုံ့ချတုံ့ဖြစ်ခြင်းများကို သားသမီးများကမြင်တတ်ကြခြင်းမှာ ဝမ်းနည်းစရာတစ်ခုဖြစ်နေပါသည်။ ထိုအချိန်တွင် စာတန်သည် ကလေးများ၏စိတ်နှလုံးများကို စိုးမိုးချယ်လှယ်ကာ ကလေးငယ်များအား ထင်ရာစိုင်းအောင်လမ်းပြပါတော့သည်။ ထို့ကြောင့် မိခင်များသည် ကလေးများကိုလေ့ကျင့်သင်ကြားမှုများပြုလုပ်ရာတွင် မိမိကိုယ်တိုင်လည်း အရည်အသွေးနှင့်ပြည့်ဝသူများဖြစ်အောင် ပြင်ဆင်ထားကြလျှင်လည်းကောင်း၊

ကလေးများလိုက်လျှောက်ရမည့်စည်းကမ်းများကို နားလည်အောင်ချပြကြမည်ဆိုလျှင်လည်းကောင်း ထာဝရဘုရားသည် မိဘနှင့်သားသမီးနှစ်ဖွဲ့စလုံးနှင့်အတူ လုပ်ဆောင်ကာ ကောင်းချီးပေးတော်မူပါလိမ့်မည်။

## အလေ့အထ၏စွမ်းဆောင်အား

လုပ်လေ့လုပ်ထရှိသောအရာတစ်ခုကို ထပ်ခါတလဲလုပ်ဆောင်ခြင်း ဖြင့် ခိုင်မာသောအကျင့်စရိုက်တစ်ခုဖြစ်လာပါသည်။ အသက်ငယ်ရွယ်စဉ် အချိန်တွင် မကောင်းသောအလေ့အထဆိုးတစ်ခု စွဲကပ်ခဲ့သူတစ်ဦးသည် ထိုအကျင့်ဆိုးကို ဆက်လက်ဆွဲကိုင်လေ့ရှိသဖြင့် ဘုရားရေး၊ တရားရေးဘက်တွင် စံနှုန်းနိမ့် ကျလာမည်မှာ သေချာလှပါသည်။ တစ်ဘက်တွင်လည်း ကောင်းသောအကျင့်ကောင်းများကို ငယ်ရွယ်စဉ်ကရရှိခဲ့သူများမှာမူ ၎င်း၏ အသက်တာ တစ်ခုလုံး၌ ဖြောင့်ဖြူးနေမှာဖြစ်ပါသည်။

မွမ်းမံရန်ဖြစ်နိုင်သော်လည်း ပြောင်းလဲရန်ဖြစ်နိုင်ခဲသောအလေ့အထ များ

သားငယ်သမီးငယ်များမြင်ရ၊ ကြားရသောအရာများသည် ၎င်းတို့၏ နုနယ်သောစိတ်ထဲတွင် နက်ရှိုင်းစွာပုံရိပ်ထင်သွားလေ့ရှိပါသည်။ အလေ့အထ ဟူသည် တစ်ခါတည်ဆောက်မိလျှင် ၎င်း၏စာရိတ္တတွင် ပို၍ခိုင်မာစွာပုံရိပ် ထင်လာပါသည်။ အသိဉာဏ်မှာမူ ၎င်း၏သမားရိုးကျပုံစံတစ်ခုကို အခွင့် အလမ်းများထံမှ စဉ်ဆက်မပြတ်ရရှိနေသဖြင့် အဆိုးဘက် (သို့မဟုတ်) အကောင်းဘက်တွင် တိုးတက်မှုများရှိလာတတ်ပါသည်။ ခရစ်တော်၏အလံ အောက်တွင် စည်းကမ်းကျနသောခရစ်ယာန်စစ်သည်များအဖြစ် ရပ်ထရန် အတွက်သော်လည်းကောင်း၊ အမှောင်ဘုရင်၏အလံအောက်တွင် ရပ်ထပုန်ကန် ရန်အတွက်သော်လည်းကောင်း တစ်နေရာရာတွင် ရပ်ထရန်အတွက် ကျွန်ုပ် တို့သည် နေ့စဉ်နှင့်အမျှ စာရိတ္တများကိုတည်ဆောက်နေကြပါသည်။

ခွဲရှိရှိနှင့်ကြိုးစားရန်အခိက

တည်တည်ကြည်ကြည်၊ ထိန်းထိန်းချုပ်ချုပ်၊ ခြိုးခြိုးခြံခြံနေတတ်သည့် အလေ့အထများနှင့် စဉ်းစဉ်းစားစား၊ ချင့်ချင့်ချိန်ချိန်၊ ခိုင်ခိုင်မာမာ ပြောတတ်သောအလေ့အထ ယဉ်ကျေးပျူငှာပြီး စိတ်ရှည်သောအလေ့အထများသည် ဂရုတစိုက်ပြုစုပျိုးထောင်ခြင်းအားဖြင့်သာ ရရှိနိုင်ပါသည်။ ကောင်းသော ထိုအကျင့်သီလများနှင့်ပြည့်စုံသော ခရစ်ယာန်တစ်ယောက်ဖြစ်လာရန် ခွဲရှိရှိ နှင့်ကြိုးစားလုပ်ဆောင်ရန် လိုအပ်ပါသည်။

အကျင့်ပျက်သောကလေးများသည်အခြားကလေးများအတွက်လည်း အန္တရာယ်ရှိနေခြင်း

ဘုရားသခင်ကိုကြောက်ရွံ့သောမိဘများသည် မိမိ၏သားသမီးများအား အမှန်လမ်းသို့ပို့ဆောင်ရန် စဉ်းစားချင့်ချိန်ပြီးမှ စီစဉ်လုပ်ဆောင်လေ့ရှိပါသည်။ အတွေ့အကြုံနုနယ်သေးသည့်ကလေးများကို ပေါင်းချင်သောသူနှင့်ပေါင်းသင်းဆက်ဆံရန် လွှတ်ထားခြင်းမပြုဘဲ သားသမီးများအတွက် သင့်လျော်သောမိတ်ဆွေများကို သူတို့ကိုယ်တိုင်ရှာပေးလေ့ရှိသည်။ အကယ်၍ သားသမီးများကို ခွဲလုံ့လရှိရှိ၊ စိတ်ရှည်လက်ရှည်ဖြင့်လေ့ကျင့်မပေးလျှင် မကောင်းသောအလေ့အထများရရှိလာကြလိမ့်မည်။ ထိုအကျင့်ဆိုးများက သူတို့၏ အနာဂတ်ကို ဖျက်ဆီးပစ်ပါလိမ့်မည်။

ရှောလုဘုရင်ပေးခဲ့သောဝမ်းနည်းစရာစံနမူနာ

ငယ်ရွယ်စဉ်အချိန်က ရရှိခဲ့သောအကျင့်ဆိုးများ၏အင်အားကောင်းပုံကို ရှောလုဘုရင်၏ဝမ်းနည်းဖွယ်စံနမူနာတွင် တွေ့ရပါသည်။ ရှောလုသည် ငယ်စဉ်အခါက ဘုရားသခင်ကိုမချစ်ခဲ့ပါ၊ မကြောက်ခဲ့ပါ။ ငယ်စဉ်အခါက မချိုးနှိမ်ခဲ့သော စိတ်မြန်လက်မြန်လုပ်တတ်သောအကျင့်သည် ဘုရားသခင်၏ အမိန့်တော်ကို ဆန့်ကျင်အန်တုရန် အမြဲတမ်းအဆင်သင့်ရှိနေခဲ့ပါသည်။

သားငယ်သမီးငယ်တစ်ဦးသည် ခိုင်မာသောဘာသာရေးသွန်သင်ချက်များကို ရရှိခဲ့ကောင်းရရှိခဲ့မည်ဖြစ်သော်လည်း မှားယွင်းသောအလေ့အထတစ်ခုဘက်ဆီသို့ သူ၏စာရိတ္တကို တိမ်းယိမ်းခွင့်ပြုမိခဲ့ပြီး ထိုအကျင့်ဆိုးကို ချိုးနှိမ်ခြင်းမပြုခဲ့မိလျှင် ထိုအကျင့်ဆိုးတစ်ခုကြောင့် ထိုကလေးသည် ပျက်စီးဆုံးရှုံးသွားနိုင်ပါသည်။

## အသေးအဖွဲအပြုအမူများသည်အရေးပါခြင်း

ဆောင်ရွက်ပုံနည်းလမ်းတိုင်း၌ စရိုက်နှင့်အရေးပါမှုဟူ၍ နှစ်မျိုးပါရှိပါသည်။ ထိုနည်းလမ်းကိုလုပ်ဆောင်ရန် လှုံ့ဆော်ပေးသည့်သဘောထားအရ အကျင့်သီလနှင့်ပြည့်စုံသော နည်းလမ်းဖြစ်နိုင်သလို ယုတ်မာရက်စက်သောနည်းလမ်းတစ်ခုလည်း ဖြစ်နိုင်သည်။ မှန်သောနည်းလမ်းဖြစ်နိုင်သလို မှားသောနည်းလမ်းလည်းဖြစ်နိုင်သည်။ မှားယွင်းသောအပြုအမူများသည် ထပ်ခါတလဲလဲလုပ်ဆောင်လာသောအခါ လုပ်ဆောင်သူ၏စိတ်တွင် ဖျက်မရသောပုံရိပ်တစ်ခုကို ထင်လာစေပါသည်။ ထို့ပြင်သာမက လောကီလောကုတ္တရာတစ်ခုခုနှင့် ဆက်စပ်ရင်းနှီးနေသော ကျွန်ုပ်တို့၏မိတ်ဆွေများအပေါ်မှာပင် ထိုပုံရိပ်သည်ထင်လာစေပါသည်။ ထို့ကြောင့် မှားယွင်းသောအရာများကို စိတ်စွဲလမ်းသွားစေမည့် အသေးအဖွဲကိစ္စရပ်များကို အချိန်မီအာရုံထား မတားမြစ်သောမိဘဆရာများသည် ထိုကလေးငယ်များ၌ မကောင်းသောအကျင့်ဆိုးများကို တည်ဆောက်ပေးနေခြင်းဖြစ်ပါသည်။

သားသမီးများငယ်ရွယ်စဉ်အချိန်က ရယ်မောလာအောင်လုပ်ပေးသည့် နောက်ပြောင်ကျီစယ်သည့် အသေးအဖွဲအပြုအမူများသည် ၎င်းတို့အသက်ရလာသောအခါတွင် စက်ဆုပ်စရာ၊ ရွံစရာအပြုအမူများ ဖြစ်နေတတ်ပါသည်။

## ကောင်းသောအကျင့်ထက်အကျင့်ဆိုးများကပိုပြီးအတတ်မြန်ခြင်း

မကောင်းသောအကျင့်ဆိုးများသည် အတတ်မြန်လေ့ရှိပါသည်။ ငယ်ရွယ်စဉ်အခါတွင် ကလေးများသည် မကောင်းသောအကျင့်များကို သာ၍

လေ့ကျက်လိုကြပါသည်။ မကောင်းသောအကျင့်များသည် မွေးရာပါစိတ်နှလုံးနှင့်ကိုက်ညီနေသဖြင့် ပုခက်တွင်းမှာရှိစဉ် မြင်တွေ့ခဲ့ရသည့်အရာများကို စိတ်တွင်စွဲမြဲနေတတ်ပါသည်။

အသက်ငယ်စဉ်ရှိခဲ့သည့်အကျင့်ဓလေ့များက အနာဂတ်အောင်ပွဲ (သို့မဟုတ်) ရှုံးနိမ့်ခြင်းကိုအဆုံးအဖြတ်ပေးခြင်း

ငယ်စဉ်အချိန်သည် စာရိတ္တကိုပုံသွင်းရန် အလွယ်ကူဆုံးအချိန်ဖြစ်ပါသည်။ ထို့ကြောင့် ချုပ်တည်းခြင်းပါရမီကို ထိုစဉ်ကတည်းက လေ့ကျက်ဆည်းပူးစေသင့်ပါသည်။ မီးဖိုဘေးတွင်လည်းကောင်း၊ မိသားစုစကားဝိုင်းတွင်လည်းကောင်း လုပ်ဆောင်ပြောဆိုမှုများသည် ၎င်းတို့၏စိတ်ထဲတွင် အမြစ်စွဲနေတတ်ပါသည်။

အခြားပံ့ပိုးထောက်မမှုများထက် ငယ်ရွယ်စဉ်ကရရှိခဲ့သည့်အကျင့်ဓလေ့များက ထိုကလေး၏ဘဝတိုက်ပွဲအပေါ် အောင်ပွဲဆင်နိုင်မည်၊ မဆင်နိုင်မည်ကို အဆုံးအဖြတ်ပေးတတ်ပါသည်။

## စာရိတ္တတည်ဆောက်မှုတွင်ပါဝင်သောအရာများ

မိဘများသည် သားငယ်သမီးငယ်များအား ၎င်းတို့နားလည်နိုင်သောအရာကိုသာ သင်ကြားပေးသင့်ပါသည်။ မြင့်မြတ်သောရည်မှန်းချက်များနှင့်ပြည့်စုံသောစိတ်နှလုံးများကို နှိုးဆွပေးနိုင်သောအကျင့်စာရိတ္တမျိုးကိုတည်ဆောက်ပေးမည့်သင်ခန်းစာများကိုသာ သင်ကြားပေးရမည်မှာ မှန်သော်လည်း နိုင်ငံတော်သို့ဝင်စားရန် ပြင်ဆင်ပေးမည့် ရိုးရှင်းသောယုံကြည်ကိုးစားမှုများကို တည်ဆောက်ရင်း အသက်ကြီးလာစေသင့်ပါသည်။

အချိန်ပိုင်းတစ်ခုစီအတွက်အလုပ်အပတစ်ခုစီရှိခြင်း

သားသမီးများအား ၎င်းတို့၏သက်တမ်းအလိုက် အသင့်လျော်ဆုံးသောအလုပ်အပများရရှိရန် ရည်မှန်းချက်ထားကာ ပျိုးထောင်ပေးကြရပါမည်။

ဥယျာဉ်ထဲမှာစိုက်ပျိုးထားသည့် ပန်းပင်များကို သူ့သက်တမ်းအလိုက်ပြုစု ပေးသလိုမျိုးပြုစုပေးကြရန်ဖြစ်ပါသည်။

မိသားစုအတွင်းရှိသားသမီးများ၏မတူညီသောစိတ်နေသဘောထားများ

မတူညီသောစိတ်နေသဘောထားများကို မိသားစုထဲတွင်တွေ့ရတတ် ပါသည်။ အိမ်ထောင်သားတိုင်းသည် အခြားအိမ်ထောင်သားများ၏ခံစားမှု ကို ဂရုစိုက်ကာ လူ့အခွင့်အရေးကို အထူးလေးစားသင့်ကြပါသည်။ ဤနည်းအား ဖြင့် တစ်ဦးအပေါ်တစ်ဦး စာနာထောက်ထားလာတတ်မည်။ သည်းခံလာတတ် မည်။ အငြိုးထားမှုများလျော့နည်းလာကာ ၎င်းတို့၏စာရိတ္တဓမ္မရှိထား နှင့်သော ကြမ်းတမ်းသည့်သဘောထားများသည် ပျော့ပျောင်းလာတတ်ပါသည်။

ကလေးငယ်တစ်ဦးစီ၏အကျင့်စာရိတ္တနှင့်စိတ်နေသဘောထားကိုလေ့လာပါ

မွေးဖွားလာသောကလေးတိုင်းသည် မိဘများအတွက် တာဝန်တစ်ခု တိုးပွားလာခြင်းဖြစ်သည်။ ကလေးများ၏စိတ်နေသဘောထား၊ ကလေးများ၏ စရိုက်နှင့် ထူးခြားသည့်စာရိတ္တများကို လေ့လာရပါမည်။ သားသမီးများ၏ မှားယွင်းသောစရိုက်များကိုချိုးနှိမ်ကာ မှန်ကန်သောစရိုက်များကို အားပေးနိုင် စေရန်အတွက် မိဘများအနေဖြင့် ၎င်းတို့၏အမှားအမှန်ခွဲခြားသိမြင်တတ်သော စိတ်စွမ်းအားများကို ဂရုတစိုက်ပညာပေးသင့်ကြပါသည်။

ထိုသို့လုပ်ဆောင်ရာတွင် အကြမ်းနည်းများကိုအသုံးပြုရန်မဟုတ်ပါ။ ချုပ်တည်းနိုင်သောစွမ်းအားများကိုပျိုးထောင်ကာ ချုပ်တည်းခြင်းပုံရိပ်ကို သားသမီးများ၏စိတ်နှလုံးတွင် စွဲမြဲသွားအောင်လုပ်ဆောင်ကြရန်ဖြစ်သည်။

အားနည်းသောဉာဉ်များကိုနှိုးဆွကာမှားယွင်းသောဉာဉ်များကိုချိုးနှိမ်ပါ

ကလေးများ၏အားနည်းသောဉာဉ်များကို နှိုးဆွခြင်းမပြုသည့်ပြင် မှားယွင်းသောဉာဉ်ကလေးများကိုလည်း ချိုးနှိမ်ရန်မိဘများပျက်ကွက်ခဲ့ကြသဖြင့် ဟန်ချက်ညီသောအကျင့်စာရိတ္တပိုင်ရှင်များ ရှားပါးနေခြင်းဖြစ်ပါသည်။

သားသမီးတိုင်း၏စိတ်နေသဘောထားကိုလေ့လာပါ

ကလေးအချင်းချင်း ပေါင်းသင်းဆက်ဆံရာတွင်ဖော်ပြသည့် ၎င်းတို့၏ စိတ်နေသဘောထားများကိုလေ့လာကာ ကောင်းသောဥာဉ်ကလေးများကို ဖွံ့ဖြိုးအောင်လုပ်လျက် မကောင်းသောဥာဉ်များကို ဖျောက်ဖျက်ပစ်ရန် ကြိုးစားလုပ်ဆောင်ကြပါ။ ကာယဉာဏအစွမ်းများကို ဖွံ့ဖြိုးအောင်လုပ်ရန်မှာ မိမိတို့၏တာဝန်သာဖြစ်ကြောင်း သားသမီးတိုင်းနားလည်အောင် သင်ပေးကြပါ။ ၎င်းပြင် ပျော်ရွှင်မှုအစစ်အမှန်ကို တစ်ကိုယ်ကောင်းဆန်ခြင်းတွင်မတွေ့ရဘဲ တာဝန်ကိုကျေပွန်အောင် ထမ်းဆောင်ခြင်း၌သာ တွေ့နိုင်ကြောင်းကိုလည်း သင်ကြားပေးသင့်ပါသည်။

ကာယလိုအပ်ချက်များနည်းတူ ဉာဏလိုအပ်ချက်များသည်လည်း အရေးပါခြင်း

အချို့မိဘများမှာ သားသမီးများ၏လောကီရေးရာလိုအပ်ချက်များကိုသာ ဖြည့်ဆည်းပေးလေ့ရှိသည်။ နေမကောင်းသောကလေးကို ပြုစုလိုက်လျှင် မိမိတို့၏တာဝန်ကျေပွန်ပြီဟုလည်း ထင်နေကြပါသည်။ အမှန်မှာ ထိုလုပ်ဆောင်ချက်များမှာ အကင်းသာရှိပါသေးသည်။ စိတ်ပိုင်းဆိုင်ရာလိုအပ်ချက်များကိုလည်း ဂရုစိုက်ပေးရမှာဖြစ်ပါသည်။ ဒဏ်ရာရထားသည့်စိတ်ကို သင့်တော်သောဆေးဝါးဖြင့် ကုသပေးနိုင်ရန်မှာ ကျွမ်းကျင်မှုလိုအပ်ပါသည်။

အသက်ကြီးသူများ၌ စာရိတ္တပိုင်းဆိုင်ရာ ဝမ်းနည်းစရာများရှိသလို လူငယ်များ၌လည်း မကျော်လွှားနိုင်လောက်အောင် ခက်ခဲသောစမ်းသပ်မှုများ ရှိနေပါသည်။ မိဘများသည် အမြဲတမ်းစိတ်တည်ငြိမ်နေသူများမဟုတ်ဘဲ မကြာခဏစိတ်ရှုပ်မှုများကိုလည်း ခံစားရတတ်ပါသည်။ ထို့ကြောင့် တစ်ခါတစ်ရံ တွင် ထိုစိတ်ခံစားမှုများအောက်တွင် မှားယွင်းစွာဆုံးဖြတ်လုပ်ဆောင်တတ် ကြပါသည်။ စကားပြောရာတွင် ကလေးများ၏ဒေါသစိတ်ကို နှိုးထစေသည့် ကြမ်းကြမ်းရိုင်းရိုင်းပုံစံများဖြင့် ပြောတတ်ကြသည်။ တစ်ခါတစ်ရံတွင် စိုးရိမ် ပူပန်သည့်ပုံစံများဖြင့် ပြောတတ်ကြသည်။ တစ်ခါတစ်ရံတွင်ကလေးတွေ

လုပ်သမျှမှားနေသည့်ပုံစံမျိုးဖြင့် ပြောတတ်ကြသည်။ ထို့ကြောင့် ကလေးများ၏ပတ်ဝန်းကျင်သည် စိတ်ပူပန်စရာများ၊ မနှစ်မြို့စရာများဖြင့် ဝန်းရံ နေတတ်ပါသည်။ မိမိတို့၏မှားယွင်းမှုမှာ စိတ်အနှောင့်အယှက်ဖြစ်စရာများ၏အကြောင်းရင်းဖြစ်နေသော်ငြားလည်း ဖြစ်သမျှမကောင်းမှုများအတွက် ကလေးများကို သာအပြစ်ပုံချနေပြီး နားကောက်သူ၊ ရိုင်းစိုင်းသူများအဖြစ် ကလေးများအား မိမိကိုယ်ကိုထင်မြင်သွားအောင် လုပ်နေကြပါသည်။

ဖော်ရွေတတ်အောင်သင်ပေးကြပါ

ဟန်ချက်မညီသောစိတ်၊ အလျင်လိုသောစိတ်၊ စိုးရိမ်ပူပန်နေတတ်သောစိတ်၊ မနာလိုဝန်တိုသောစိတ်ထားများသည် မိဘများ၏ပျက်ကွက်မှုများကို သက်သေခံနေသောအရာများဖြစ်ပါသည်။ အကျင့်စာရိတ္တတွင်ရှိနေသည့် ထိုဥာဉ်ကလေးများသည် ကလေးများအား စိတ်မချမ်းမြေ့မှုကိုဖြစ်စေပါသည်။ အကယ်၍သာ ထိုကလေးငယ်များသည် ပို၍ဖော်ရွေတတ်မည်ဆိုလျှင် အသိမိတ်ဆွေများထံမှ ၎င်းတို့ရရှိသင့်သောမေတ္တာများကို ရရှိခံစားကြရပါလိမ့်မည်။

ခြားနားသောစိတ်သဘောထားအတွက်ခြားနားသောသွန်သင်မှုကိုအသုံးပြုပါ

သားသမီးများ၌ ခြားနားသောစိတ်နေသဘောထားများရှိနေသဖြင့် စည်းကမ်းတစ်မျိုးတည်းဖြင့် ကလေးများကိုသွန်သင်လို့မဖြစ်နိုင်ပါချေ။

မိခင်တို့၊ ကလေးများနှင့်ရင်းရင်းနှီးနှီးနေကြပါ။ ကလေးများကို သင့်တော်လျောက်ပတ်စွာ သွန်သင်ဆုံးမနိုင်ရန် ကလေးများ၏စိတ်နေသဘောထားများကို လေ့လာသုံးသပ်ကြပါ။ အချို့ကလေးများမှာ ပိုပြီးဂရုစိုက်ပေးဖို့ လိုအပ်ပါသည်။

လိမ္မာပုံမပေါ်သည့်ကလေးများကိုကိုင်တွယ်ဆုံးမခြင်း

အချို့ကလေးများမှာ စိတ်ရှည်ရှည်နှင့်အချိန်ယူဆုံးမဖို့ လိုအပ်ပါသည်။ မကောင်းသောဥာဉ်များကို မိဘများထံမှရရှိခဲ့သော ထိုကလေးများမှာ

မိဘများ၏မေတ္တာပြခြင်းကို ပို၍ပင်လိုအပ်နေပါသည်။ ဖွဲ့ရှိရှိဖြင့် သွန်သင်ဆုံးမပေးခြင်းအားဖြင့် ထိုကဲ့သို့သောကလေးများကို အဖိုးတန်အမှုဆောင်ကောင်းများဖြစ်အောင် ပြင်ဆင်နိုင်ပါသည်။ သူတို့၌ရှိထားသည့် ငုပ်လျှိုးနေသောအရည်အချင်းများ နိုးထလာသောအချိန်တွင် ကျွန်ုပ်တို့အထင်ကြီးထားသည့်သူများထက်ပင် သူတို့ပို၍အစွမ်းထက်လာနိုင်ကြပါလိမ့်မည်။

အကယ်၍ သင်၌ထူးခြားသည့်စိတ်ထားရှိသောကလေးများရှိနေလျှင် ထိုထူးခြားချက်ကြောင့် သူတို့အားစိတ်ဓာတ်ကျအောင်မလုပ်ပါနှင့်။ စိတ်ရှည်ရှည်ဖြင့်မေတ္တာထားပြီးကူညီပါ။ လူကောင်းကလေးများဖြစ်လာသည်အထိ နှစ်မြို့စရာစကားများဖြင့် အားပေးပါ၊ ကြင်နာသောအပြုအမူများဖြင့် ဆက်ဆံကြပါ။

သင်ထင်ထားသည်ထက်ပိုပြီးသင်ကြားပေးနိုင်ခြင်း

မိခင်သည် ခရစ်တော်ကိုချစ်သောအချိန်သို့ရောက်လာလျှင် သူမ၏ကလေးများကို ကိုယ်တော်ရှင်အတွက် ပြင်ဆင်ပေးလာပါလိမ့်မည်။ ငယ်ရွယ်နုပျိုနေသော သားသမီးတစ်ယောက်၏စိတ်သဘောထားကို သင်ထင်ထားသည်ထက် ပို၍ထိရောက်အောင်ပြုပြင်ပေးနိုင်ပါသည်။ ခရစ်တော်၏မွန်မြတ်သောနာမတော်သည် တစ်အိမ်သားလုံးအသုံးပြုနေသော စကားလုံးဖြစ်သင့်ပါသည်။

## အလိုဆန္ဒကိုပြုပြင်ပေးခြင်း

လူသားတစ်ဦး၏သဘာဝကို အုပ်စိုးချယ်လှယ်နေသောအရာမှာ သူ၏အလိုဆန္ဒပင်ဖြစ်ပါသည်။ အားလုံးသောစွမ်းအားများသည် အလိုဆန္ဒအောက်တွင်သာရှိနေပါသည်။ ထိုကြောင့် အလိုဆန္ဒ၏တန်ခိုးပါပုံကို သားသမီးငယ်တိုင်းသိထားသင့်ပါသည်။ အလိုဆန္ဒကို ကိုင်တွယ်ထိန်းကျောင်းခြင်းအမှုသည် ကြီးမားသောတာဝန်တစ်ခုဖြစ်သည်ကိုလည်း သူတို့နားလည်

ထားသင့်ပါသည်။ အလိုဆန္ဒသည် ဆုံးဖြတ်ခြင်း၏တန်ခိုးဖြစ်သလို ရွေးချယ်ခြင်း၏စွမ်းအားလည်းဖြစ်ပါသည်။

အလိုဆန္ဒကိုဘုရားသခင်ထံတွင်အပ်နှံသောအချိန်တွင်အောင်ပွဲဆင်ခြင်း

ဆင်ခြင်တုံတရားရှိသောလူသားတိုင်းသည် မှန်သည့်အရာကိုရွေးနိုင်စွမ်းရှိကြသည်။ "အဘယ်မည်သောဘုရားကို ဝတ်ပြုမည်အကြောင်း ရွေးချယ်ပါ" ဟူ၍ အသက်တာအတွေ့အကြုံတိုင်းတွင် ဆုံးဖြတ်လုပ်ဆောင် ရမည့်အရာကို ဘုရားသခင်မိန့်တော်မူထားပါသည်။ လူသားတိုင်းသည် ဘုရားသခင်၏အလိုတော်နှင့်အညီ ဘုရားသခင့်ဘက်တွင်ရပ်ထကာ ကိုယ်တော်ရှင်၏စကားတော်များကိုနာခံရန် ရွေးချယ်လိုက ရွေးချယ်နိုင်ကြ ပါသည်။ ထိုကဲ့သို့ ကောင်းကင်သားများနှင့် မိမိကိုယ်ကိုအဆက်အသွယ် ပြုလိုက်ခြင်းအားဖြင့် မည်သည့်အရာကမှ ၎င်းအားဒုစရိုက်ပြုရန် တွန်းအား မပေးနိုင်တော့မည့်နေရာမျိုးတွင် သူတို့ရပ်ထလိုက ရပ်ထနိုင်ပါသည်။ ဘုရားသခင်၏မစမှုအားဖြင့် ကလေးသူငယ်တိုင်းသည် လူ့အသိုက်အဝန်းတွင် အသုံးတည့်ရုံသာမက တည်ကြည်မြဲမြံသောအကျင့်စာရိတ္တတစ်ခုကို တည်ဆောက်နိုင်စွမ်းလည်းရှိကြပါသည်။

သားငယ်သမီးငယ်များ၏အလိုဆန္ဒများကိုမှန်သောလမ်းသို့ညွှန်ပြပေးပါ

အလိုဆန္ဒ၏အစွမ်းများကို ချွေတာစုဆောင်းထားကြပါ။ ထိုအရာများသည် လူသားတိုင်းလိုအပ်နေသည့်အရာဖြစ်သည်။ ထိုအရာများကို သင့်လျော်သောညွှန်ကြားမှုများဖြင့် ထိန်းသိမ်းစောင့်ရှောက်ကြပါ။ သန့်ရှင်းမွန်မြတ်သော ရတနာတစ်ပါးအလား ထိုအရာများကို သတိပညာရှိရှိ နူးညံ့သိမ်မွေ့စွာအသုံးပြုကြပါ။ ထိုအလိုဆန္ဒများကို ကြေပျက်သွားအောင်မလုပ်ဘဲ သင်တို့၏သွန်သင်စကားများနှင့် စံနမူနာဖြစ်စေမည့်အပြုအမူများအားဖြင့် ကလေးများတာဝန်ယူလုပ်ဆောင်နိုင်သည့် အသက်အရွယ်တိုင်အောင် ပုံသွင်းပေးကြပါ။ မိဘများ၏ဩဇာကိုခံကာ မိဘများ၏အလိုကိုဆောင်ရန်အတွက် ငယ်ရွယ်စဉ်အချိန်ကတည်းက ကလေးများကိုပညာပေးသင့်ပါသည်။

ဦးဆောင်လမ်းပြပါ၊ မချေမှုန်းပါနှင့်

ကလေးငယ်များ၏ဖွံ့ဖြိုးမှုကို ထိန်းချုပ်ဟန့်တားခြင်းမပြုဘဲ ဦးဆောင်လမ်းပြပေးရန်အတွက် မိဘဆရာများလေ့လာသင့်ကြပါသည်။ အထိန်းအကွပ်များလွန်းခြင်းသည် အထိန်းအကွပ်မရှိခြင်းကဲ့သို့ပင် ဆိုးရွားသောလုပ်ရပ်တစ်ခုဖြစ်သည်။ ကလေးငယ်တစ်ဦး၏အလိုဆန္ဒကို ချေခွဲပစ်ရန်လုပ်ဆောင်ခြင်းသည် ကြောက်စရာကောင်းသည့် မှားယွင်းမှုတစ်ခုဖြစ်သည်။ စိတ်ထားများသည် မတူကွဲပြားစွာဖွဲ့စည်းထားသောအရာဖြစ်သည်။ အကြမ်းနည်းကိုအသုံးပြုသဖြင့် အပေါ်ယံအားဖြင့် နာခံသွားသယောင်မြင်ရစဉ်မှာ ကလေးများ၏စိတ်နှလုံးထဲ၌ ပုန်ကန်အန်တုချင်သောစိတ်များ ပေါက်ပွားနေကောင်းပေါက်ပွားနေနိုင်ပါသည်။ မိဘ (သို့မဟုတ်) ဆရာသည် မိမိကြိုးစားရယူနေသောထိန်းချုပ်မှုကို မရရအောင်လုပ်မည်ဆိုလျှင် ထွက်ပေါ်လာမည့် အကျိုးဆက်သည် ကလေးအတွက်နစ်နာမှုရှိနိုင်ပါသည်။ ကလေးတစ်ယောက် ၏အလိုဆန္ဒကို မသိကျိုးကျွံပြုကာ ချေဖျက်ပစ်ရန်မဟုတ်ဘဲ ပုံစံသွင်းလမ်းပြပေးရန်ဖြစ်ပါသည်။

နောက်မှတွန်းမပို့ပါနှင့်၊ ရှေ့မှဦးဆောင်ပြီးဆွဲယူပါ

သင်၏ပင်ကိုလက္ခဏာကို သင်ကိုယ်တိုင်ပြုစုစောင့်ရှောက်ခဲ့သကဲ့သို့ သင်၏ကလေးကိုလည်း သူတို့၏ပင်ကိုလက္ခဏာကို သူတို့ကိုယ်တိုင်ပင်သင်၏ကြီးကြပ်မှုအောက်၌ ပြုစုစောင့်ရှောက်ပါလေစေ။ မည်သည့်အခါမျှ နောက်ကတွန်းပို့ရန်မကြိုးစားဘဲ ရှေ့မှဦးဆောင်ပြီး လမ်းပြဖို့သာလုပ်ဆောင်ပါ။

အလိုဆန္ဒကိုကျယ်ပြန့်စေပြီးစိတ်ထားကိုအားကောင်းစေပါ

ကလေးငယ်တစ်ယောက်ကို သူ၏ဆန္ဒများပျောက်ကွယ်သွားအောင် လေ့ကျင့်ပေးလို့ရပါသည်။ ထိုလေ့ကျင့်မှုမျိုးကိုရရှိခဲ့သောကလေးများသည် ကိုယ်ကျင့်တရားဆိုင်ရာ စွမ်းအားများနှင့်ပုဂ္ဂိုလ်ရေးဆိုင်ရာတာဝန်ယူမှုများတွင် အားနည်းကြလိမ့်မည်။ ဆင်ခြင်တုံတရားကို အသုံးပြုကာ ကိုယ်ကျင့်တရား

ကိုတည်ဆောက်ရန် ၎င်းတို့သင်ကြားခြင်းမခံခဲ့ကြရပါ။ ကျယ်ပြန့်အားကောင်း လာစေနိုင်သော ၎င်းတို့၏စိတ်အလိုဆန္ဒများကို အခြားပုဂ္ဂိုလ်တစ်ဦးဦးက ထိန်းချုပ်လျက်ရှိနေပါသည်။ လိုအပ်သောအချိန်တွင် အားအကောင်းဆုံး စွမ်းအားများကို ထုတ်ပေးရန်အတွက် မွန်မြတ်သောကိုယ်စိတ်ကြံ့ခိုင်မှုနှင့် စိတ်၏စွမ်းအားများကို အလေးထားသွန်သင်ညွှန်ကြားပေးမှုများကိုလည်း သူတို့မခံခဲ့ဖူးကြပါ။

အလိုဆန္ဒများအချင်းဖြစ်ပွားသောအခါ

အကယ်၍ သားသမီးတစ်ယောက်၌ တဇွတ်ထိုးလုပ်တတ်သည့် သဘောထားရှိနေလျှင် မိခင်ဖြစ်သူက သူမနှင့်တူခြင်းဖြစ်သည်ဟု သဘော ထားကာ ထိုအရာကိုချေဖျက်ရန် ကြိုးစားလေ့မရှိပါ။ မိခင်၏ဆုံးဖြတ်ချက်နှင့် ထိုသားသမီးများ၏ဆုံးဖြတ်ချက်များ ထိပ်တိုက်တွေ့သောအချိန်များ ရှိတတ် သကဲ့သို့ မိခင်၏ရင့်ကျက်ခိုင်မာသောအလိုဆန္ဒနှင့် ကလေးငယ်၏ဆင်ခြင်တုံ တရားကင်းမဲ့သော အလိုဆန္ဒထိပ်တိုက်တွေ့သောအချိန်များလည်း ရှိတတ် ပါသည်။ အသက်အရွယ်အတွေ့အကြုံကြောင့် မိခင်ကအသာရအုပ်စီးရသော အချိန်ရှိနိုင်သကဲ့သို့ စနစ်တကျလေ့ကျင့်ပညာပေးထားခြင်းမရှိသော သားသမီး ငယ်များ၏အလိုဆန္ဒများက လူကြီးများ၏ဆန္ဒကို အုပ်စိုးသွားသည့်အချိန် များလည်းရှိတတ်ပါသည်။ ထိုအချိန်အခါမျိုးတွင် သတိပညာအထူးရှိဖို့ လိုအပ်ပါသည်။ အကြောင်းမှာ သတိပညာမဲ့သောအုပ်ချုပ်မှုကြောင့်လည်း ကောင်း၊ ခက်ထန်သောဖိအားပေးမှုများကြောင့်လည်းကောင်း ကလေးငယ် များသည် လောကီလောကုတ္တရာနှစ်ဖြာသောအသက်တာအတွက် အောင်ပွဲ မဆင်နိုင်မည့်အခြေအနေသို့ ရောက်သွားတတ်ပါသည်။

လူငယ်စိတ်များကိုထိန်းချုပ်သင့်သောမိဘများ

ကြမ်းတမ်းသောစကားကိုပြောခြင်းနှင့် အကြင်နာမဲ့သောအပြုအမူများ ပြုမူခြင်းကိုရှောင်ရှားနိုင်ရန် မိမိတို့၏ကလေးစိတ်များကို ထိန်းချုပ်ရမည်ဆိုသည့်

အချက်ကို လူအနည်းငယ်ကသာ သတိထားမိပါသည်။ ကလေးများ၏ ကျက်သရေနှင့်ပြည့်စုံသောရိုးစင်းခြင်းကို ကလေးငယ်များ၌ရှိသောအားမာန်၊ အမျိုးသမီးအမျိုးသား၏ရင့်ကျက်မှုများဖြင့် မိဘများကရောစပ်ပေးသည်ကို ဘုရားသခင်အလိုရှိတော်မူပါသည်။ အချို့ကလေးများမှာ ကလေးဘဝစစ်စစ်ကို မခံစားခဲ့ရဖူးချေ။ ကလေးဘဝ၏ရိုးစင်းမှု၊ လွတ်လပ်မှုနှင့် ဖူးသစ်စလန်းဆန်းမှုများကို တစ်ခါမျှမခံစားခဲ့ရဖူးချေ။ ဆူပူကြိမ်းမောင်းခြင်း၊ ဆုံးမရိုက်ပုတ်ခြင်းနှင့် အဖက်မတန်ဥပေက္ခာပြုခြင်းများကိုသာ ခံနေရသဖြင့် အဆုံးတွင် ၎င်းတို့၌ရှိထားနှင့်သော အပြစ်ကင်းသောသဘော၊ ပွင့်လင်းသောသဘောနှင့် ကိုးစားတတ်သောစိတ်သဘောထားများသည် ကြောက်ရွံ့သောစိတ်သဘောထား၊ မနာလိုဝန်တိုသောစိတ်သဘောနှင့် လိမ်လည်လှည့်ဖြားတတ်သော စိတ်သဘောထားများအသွင်သို့ ပြောင်းသွားကြပါသည်။

## မဟာအမှားကြီးတစ်ခု

အိမ်တွင် သားသမီးများကို ကြိုက်သလိုလုပ်ဆောင်ခွင့်ပေးခြင်းသည် မဟာအမှားတစ်ခုဖြစ်ပါသည်။ မိဘများ၏အသိအမြင်အားနည်းမှုအတွက် အချက်အားနည်းမှုများကြောင့် ထိုဖြစ်ရပ်သည် ယနေ့ဖြစ်နေသကဲ့သို့ နောင်တွင်လည်းဆက်လက်ဖြစ်ပွားနေလိမ့်ဦးမည်။

## စည်းကမ်းမဲ့ကလေးများ၏စိတ်မချမ်းမြေ့မှုများ

ဆုံးမခြင်းနှင့်ကြပ်မတ်မှုများမရှိဘဲ ကြီးပြင်းလာသောကလေးများသည် အစမ်းသပ်ခံကာလတွင် ပျော်ရွှင်မှုကိုမခံစားကြရသည်သာမက မနှစ်မြို့စရာကောင်းသော အကျင့်စရိုက်များကိုလည်း တည်ဆောက်လာတတ်ကြပါသည်။ ထိုကလေးများသည် တစ်သက်လုံးလေးသောဝန်ကို ထမ်းရကာ အခက်အခဲများ၊ စိတ်ပျက်စရာများ၊ စုံစမ်းနှောင့်ယှက်ခြင်းများနှင့် ရင်ဆိုင်ရသောအခါ စည်းကမ်းတကျလေ့ကျင့်ထားခြင်းမရှိသော သူတို့၏အလိုဆန္ဒနောက်သို့ လိုက်သွားတတ်ကြပါသည်။

ကြိုက်သလိုနေ၊ ကြိုက်သလိုစားခွင့်ရထားသည့် ကလေးများမှာ ပျော်ရွှင်မှုကိုမခံစားကြရပါ။ ချိုးနှိမ်ခြင်းမခံရသော စိတ်နှလုံးထဲတွင် ငြိမ်သက်ခြင်းနှင့် ရောင့်ရဲခြင်းစိတ်သဘောထားများ မတည်ရှိတတ်ပါ။ ကျွန်ုပ်တို့ကို အုပ်စိုးထားသည့် လောကစည်းမျဉ်းများနှင့် သဟဇာတဖြစ်စေရန်အလို့ငှာ ကျွန်ုပ်တို့၏စိတ်နှလုံးကို သင့်လျော်သောချုပ်တည်းမှုများအောက်တွင် လေ့ကျင့်ထားကြရပါမည်။ စိတ်ဂယောက်ဂယက်ဖြစ်ခြင်းနှင့် ရောင့်ရဲတင်းတိမ်စိတ်မရှိခြင်းများသည် အလိုလိုက်ခံရခြင်းနှင့် တစ်ကိုယ်ကောင်းဆန်ခြင်းများ၏ အသီးအပွင့်များဖြစ်ကြသည်။

**စမ်းသပ်မှုများ၏နောက်ခံအကြောင်းရင်း**

အသင်းတော်၏အဖိုးတန်ပစ္စည်းများကို အန္တရာယ်ဖြစ်စေနိုင်ကြောင်း ထင်ရှားသည့်ဝမ်းနည်းစရာစမ်းသပ်မှုများနှင့် မယုံကြည်သူများအတွက် ထိမိ၍ လဲစရာဖြစ်စေသောအကြောင်းရင်းများသည် ချိုးနှိမ်ခြင်းမခံရသဖြင့် ပုန်ကန်အန်တုတတ်သောလူများ အထူးသဖြင့် ငယ်စဉ်အခါက မိဘများ၏အလိုလိုက်ခြင်းခံခဲ့ရသော အသင်းသားများထံမှ အများအားဖြင့် ထွက်ပေါ်လာတတ်ပါသည်။ ကလေးငယ်များအား လေ့ကျင့်ပညာပေးမှုချို့တဲ့ခြင်းသည် ကြီးကျယ်သောစာရိတ္တပျက်ပြားမှု၏အခြေခံအုတ်မြစ်တွင် တည်ရှိနေပါသည်။

## စံပြစာရိတ္တတည်ဆောက်ပုံ

မိဘတို့၊ သင်တို့သည် ဆရာ၊ ဆရာမများဖြစ်ကြပြီး သားသမီးများသည် သင်တို့၏တပည့်များဖြစ်ကြသည်။ သင်၏ပြောသံဆိုသံ၊ ပြောဟန်ဆိုဟန်နှင့် သင်ဖော်ပြနေသည့်စိတ်သဘောထားများကို သင်၏ကလေးငယ်များက အတုခိုးနေကြပါသည်။

မိဘများသည် သားသမီးများအား မိမိတို့ပေးလိုသောနမူနာပုံစံအတိုင်း သားသမီးများ၏ရှေ့တွင် ပြုမူလုပ်ဆောင်သင့်ကြပါသည်။ တစ်ဦးကိုတစ်ဦး

လေးလေးစားစား ဆက်ဆံပြောဆိုပြုမူသင့်ကြပါသည်။ ကိုယ်စိတ်နှစ်ပါး၏ စွမ်းအားများ အထူးကောင်းမွန်နေသည့် ကလေးဘဝတွင် အတုခိုးခဲ့သော အရာသည် သူ၏ဘဝတွင် နက်ရှိုင်းစွာအမြစ်တွယ်တတ်သဖြင့် ကလေးများ ရှေ့တွင် စုံလင်သောနမူနာများကိုသာပေးကြပါ။ မိဘများအပေါ် ကလေးများ ကယုံကြည်စိတ်ချမှုရှိဖို့ လိုအပ်ပါသည်။ သို့မှသာ တစ်သက်လုံးစွဲမှတ်သွား စေမည့် သင်ခန်းစာများကို မိဘများထံမှ သူတို့ရယူနိုင်မည်ဖြစ်ပါသည်။

ချုပ်တည်းခြင်းတွင်စံထားလောက်သောမိဘများဖြစ်စေခြင်း

သားသမီးများကို စိတ်လှုပ်ရှားအောင်မလုပ်ကြပါနှင့်။ မိခင်များသည် သုတ်သီးသုတ်ပျာမလုပ်ဘဲ စိတ်လှုပ်ရှားမှုကင်းကင်း၊ စိုးရိမ်ကြောင့်ကြမှု ကင်းကင်းဖြင့် တည်ငြိမ်စွာလုပ်ဆောင်ကြပါ။ ဤကျောင်းသည် သူမ၏ သားသမီးများအတွက်သာမက သူမအတွက်လည်း စည်းကမ်းထိန်းသိမ်းရေး ကျောင်းတစ်ကျောင်းဖြစ်ပါသည်။ စိတ်အလိုကိုမလိုက်အောင် သားသမီးများ ကိုသွန်သင်နေစဉ်မှာပင် သားသမီးများအတွက် စံနမူနာထားလောက်သည့် စိတ်ထိန်းနိုင်သူတစ်ဦးဖြစ်သင့်ပါသည်။ သူမသည် သားသမီးများ၏စိတ်နှလုံး တွင်ရှိသော ဒုစရိုက်လုပ်ချင်သည့်စိတ်ထားများကို ဖယ်ရှားနိုင်စေရန်အလို့ငှာ ကြင်နာယုယစွာဖြင့် ပြုစုပျိုးထောင်နေစဉ်မှာပင် သူမ၏အပြောအဆို၊ အပြုအမူများကိုလည်း ဝိညာဉ်တော်၏ကျေးဇူးတော်များဖြင့် ပြည့်ဝနေစေဖို့ လိုအပ်ပါသည်။

သင်သည် မိမိကိုယ်ကိုအောင်ပွဲဆင်နေခြင်းသည် သားသမီးများ အတွက် တန်ဖိုးကြီးလှသည့်အားပေးတိုက်တွန်းမှုတစ်ခုဖြစ်ပါသည်။ မိဘတို့၊ သင်တို့သည် မိမိကိုယ်ကိုမိမိချုပ်တည်းနိုင်ပြီဆိုလျှင် သင်တို့၏သားသမီး များကို ထိန်းချုပ်ရာတွင်လည်း အောင်ပွဲဆင်နိုင်ကြလိမ့်မည်ဖြစ်ပါသည်။

ချုပ်တည်းခြင်း၏အသီးအပွင့်များ

မိဘတို့၊ ချုပ်တည်းခြင်းမရှိ၊ စိတ်ရှည်သည်းခံခြင်းကင်းသော အပြောအဆိုအပြုအမူများကို သင်တို့လုပ်ဆောင်နေသည့်အချိန်တွင်

သင်တို့သည် ဘုရားသခင်ကိုဆန့်ကျင်ကာ အပြစ်ကျူးလွန်နေခြင်းဖြစ်သည်။ အထိန်းအကွပ်မဲ့ စိတ်တိုတိုနှင့်ကလေးများကိုပြောလိုက်သည့်စကားလုံးတိုင်းကို မှတ်တမ်းတင်ကောင်းကင်တမန်များက တစ်လုံးမကျန်မှတ်တမ်းတင်နေပါသည်။ မစင်ကြယ်မမြင့်မြတ်သောစကားလုံးတိုင်းအတွက် သင်၏စာရိတ္တမှတ်တမ်းတွင် မှတ်ကျောက်တင်လျက်ရှိပါသည်။ ထို့ကြောင့် သင်၏သားသမီးများကို ကြင်နာစွာပြောဆိုပါ။ သူတို့သည် စိတ်ထိခိုက်လွယ်ပြီး အဆူအဆဲကိုမခံနိုင်ကြသေးသည်ဖြစ်ရာ သူတို့မထမ်းနိုင်သောဝန်ကို သူတို့အားမထမ်းခိုင်းကြပါနှင့်။ သူတို့သည် သင်တို့ထက်ပိုပြီးအားနည်းသူများဖြစ်သဖြင့် ထိုမျှလောက်လေးသောဝန်ကို ထမ်းရွက်နိုင်ကြမည်မဟုတ်ချေ။ သင်တို့ကျင့်ဆောင်လိုက်သော ချုပ်တည်းခြင်းနှင့် ချင့်ချင့်ချိန်ချိန်အနစ်နာခံလုပ်ဆောင်ခြင်းများ၏ အသီးအပွင့်များကို အဆပေါင်းရာနှင့်ချီ၍ သင်တို့ရရှိကြပါလိမ့်မည်။

ခရစ်ယာန်များ၏အပြုအမူများသည်ကလေးငယ်များအပေါ်သြဇာသက်ရောက်ခြင်း

ကလေးများသည် ခရစ်ယာန်ဘာသာဝင်များ၏ကြိုးပမ်းလုပ်ဆောင်မှုများကို စောင့်ကြည့်နေကြပါသည်။ သူတို့သည် ခရစ်ယာန်ဟုခေါ်သည့် ခရစ်ယာန်မပီသသူများကိုမြင်တွေ့ကာ ထိမိလဲစရာဖြစ်သော ထိုခရစ်ယာန်များ၏အသက်တာကို မိမိတို့၏အသက်တာနှင့် ခိုင်းနှိုင်းလေ့ရှိပါသည်။ ၎င်းပြင်သူတို့၏အသက်တာတွင် ဒုစရိုက်ကျူးလွန်မှုများလည်း မပေါ်ပေါက်သေးရာ မိမိကိုယ်ကိုဖြောင့်မတ်သူများအဖြစ် ဟိတ်ဟန်ထုတ်တတ်ကြပါသည်။

အကြောင်းမှာ ခရစ်ယာန်မိဘအများစုသည် သမ္မာကျမ်းစာကိုယုံကြည်လက်ခံကြောင်း ပါးစပ်မှဖွင့်ဟပြောဆိုနေသော်လည်း နှုတ်ကပတ်တော်၏သွန်သင်ချက်များက သားသမီးများ၏အသက်တာကို အကျိုးပြုနိုင်သည့်အခြေသို့မရောက်နိုင်သည်အထိ ကျမ်းစာ၏တန်ခိုးကို သူတို့ငြင်းပယ်နေကြပါသည်။

စုံစမ်းနှောင့်ယှက်ခြင်းနောက်သို့ ငါတို့မလိုက်ဘူးဟုမိဘများကပြောပါ

မိခင်များတို့၊ လောကစံနှုန်းများနောက်သို့မလိုက်ဘဲ ဘုရားသခင်အပေါ်မှာထားရှိသည့် ယုံကြည်ခြင်းနှင့်ပတ်သက်သည့်စံနမူနာကို ကလေးများအားပြကြပါ။ လောကအလေ့စရိုက်များကိုလည်းမစွဲလမ်းဖို့ ကလေးများကိုသွန်သင်ကြပါ။ ဒုစရိုက်သားများက လာရောက်သွေးဆောင်လျှင် ငါတို့မလုပ်ဘူးဟုပြောနိုင်အောင် ကလေးများကိုသွန်သင်ပေးကြပါ။ စုံစမ်းနှောင့်ယှက်ခြင်းနောက်သို့ ကလေးများကိုမလိုက်အောင် သင်ကြားပေးနေစဉ်မှာ သင်ကိုယ်တိုင်လည်း စုံစမ်းနှောင့်ယှက်ခြင်းကို တွန်းလှန်နိုင်အောင်ကြိုးစားကြပါ။ စုံစမ်းခြင်းနောက်သို့မလိုက်ဘူးဟု ကလေးများကပြောနိုင်သလို လူကြီးများလည်းပြောနိုင်အောင် လုပ်ထားကြရပါမည်။

စံထားလောက်သောနူးညံ့သိမ်မွေ့ခြင်း

သင်၏ကလေးများကို သိမ်မွေ့နူးညံ့စွာဆက်ဆံကြပါ။ သူတို့လည်းသိမ်မွေ့လာကြလိမ့်မည်။ မိမိတို့သည် ခရစ်ယာန်များဖြစ်ကြောင်း အိမ်ထောင်တွင်လက်တွေ့ပြကြပါ။ ကျွန်ုပ်တို့၏ယုံကြည်ချက်များကို ကြင်နာယုယချစ်ခင်မှုများဖြင့် အိမ်ထောင်တွင်မဖော်ပြနိုင်ကြလျှင် ကျွန်ုပ်တို့သည် တန်ဖိုးမဲ့သူများဖြစ်သွားကြလိမ့်မည်။

ပြောဟန်ဆိုဟန်နှင့်ပြောသံဆိုသံများကိုသတိထားအသုံးပြုကြပါ

စိုးရိမ်ပူပန်သည့်စကားများ၊ ကြမ်းတမ်းသည့်စကားများ၊ အလိုရမ္မက်ကြီးသောစကားများကို တစ်လုံးမျှမပြောမိပါစေနှင့်။ အဆင်အခြင်မဲ့သောစကားကလေးတစ်လုံးကြောင့် သင့်အပေါ်ထားသည့်လေးစားမှုကို မဆုံးရှုံးပါစေနှင့်။ သင်သုံးသောစကားလုံးများနှင့် သင်၏အပြောအဆိုများသည် သန့်ရှင်းခြင်းရှိမရှိသုံးသပ်ပါ။ သင့်ကလေးများကို သင်ဖြစ်စေလိုသည့်စံနှုန်းနှင့်ကိုက်ညီမည့်စံနမူနာကို သင်၏ကလေးများရှေ့တွင်ပြကြပါ။ စိတ်ငြိမ်ငြိမ်ထားပါ။ ချိုသာသောစကားများကိုပြောပါ။ မျက်နှာထားလည်းချိုပါစေ။

မိဘများသည် နေရာတကာတွင်ဗိုလ်ကျလွန်းလျှင် သာယာမှုရနိုင်မည် မဟုတ်ချေ။ ဗိုလ်ကျသည့်သဘော၊ ဝေဖန်သည့်စကားနှင့် အပြစ်ရှာသည့် အပြုအမူများကို ရှောင်ရှားရပါမည်။ သူတို့ပြောလိုက်သောစကားလုံးများနှင့် တကွ အသံနေအသံထားများသည် ကောင်းသည်ဖြစ်စေ၊ မကောင်းသည် ဖြစ်စေ သားသမီးများအတွက် သင်ခန်းစာများဖြစ်နေပါသည်။ ကလေးများ ရှေ့တွင် မိဘများသည် တစ်ယောက်နှင့်တစ်ယောက် အတိုက်အခံစကားများ ကိုပြောနေမိလျှင် ကလေးများကိုအတိုက်အခံပြောတတ်အောင် သင်ကြားပေး နေခြင်းဖြစ်ပြီး သန့်ရှင်းသောဝိညာဉ်တော်၏သန့်စင်သောသြဇာသက်ရောက်မှု ကိုလည်း မထိရောက်အောင်လုပ်နေခြင်းဖြစ်သည်။ သားသမီးများ၏ကောင်း ကျိုးအလို့ငှာ အပြောအဆိုအပြုအမူများတွင် စဉ်ဆက်မပြတ် စိတ်ရှည်ရှည်ဖြင့် ဂရုပြုလုပ်ဆောင်သွားကြရမည်ဖြစ်ပါသည်။

သားသမီးများ၏စာရိတ္တကိုပုံသွင်းသောမိဘများသည် ဘုရားသခင်၏ ကိုယ်စားလှယ်ဖြစ်ခြင်း

သားသမီးများ၏အသိပညာ၊ ချစ်ခင်တွယ်တာမှုနှင့်အကျင့်စာရိတ္တ များသည် ၎င်းတို့မြင်တွေ့နေရသော မြင်ကွင်းများအပေါ်တွင် အခြေပြုလျက် ပုံစံသွင်းနေပါသည်။ ဤအပြောင်းအလဲအချိန်ကလေးတွင် သင်တို့သည် ဘုရားသခင်၏ကိုယ်စားလှယ်တော်များဖြစ်သည်ဆိုသည့်အချက်ကို မိဘများ သတိရကြပါ။ မိဘများသေသွားသည့်နောက်ပိုင်းမှာပင် ၎င်းတို့ပေးခဲ့သော စံနမူနာများသည် ကျန်ရစ်နေဦးမည်ဖြစ်ပြီး ထိုစံနမူနာများ၏ကောင်းခြင်း၊ မကောင်းခြင်းကိုလည်း တွေ့မြင်နိုင်ကြမည်ဖြစ်ပါသည်။

ဘုရားသခင်၏ရုပ်လုံးကိုတံဆိပ်ထုခြင်း

သင်တို့၏အပြောအဆို၊ အပြုအမူများသည် သားသမီးများ၏အနာဂတ် အကျိုးဆက်ဖြစ်သည်ကို သတိပြုလျက် သင်တို့၏သားသမီးများကို သွန်သင်

အကြံပေးကြပါ။ သင်တို့လုပ်ဆောင်နေရသောအလုပ်သည် ရွှက်ဖျင်ပေါ်တွင် အရုပ်တစ်ခုကိုဆွဲနေခြင်းမဟုတ်သလို ကျောက်ဖြူတုံးတစ်တုံးကို ကျောက်ဆစ်ရုပ်ထုနေခြင်းလည်းမဟုတ်ပါ။ လူသားတစ်ဦး၏နှလုံးသားတွင် ဘုရားသခင်၏ရုပ်လုံးတော်ကို ထုလုပ်နေခြင်းဖြစ်ပါသည်။

–ဝ–



# အခန်း (၁၀)
# အိမ်ထောင်စည်းမျဉ်းများကိုဆန်းစစ်ခြင်း

စည်းကမ်းကြပ်မတ်ခြင်း၏ရည်ရွယ်ချက်မှာ ကလေးငယ်များမိမိကိုယ်ကိုထိန်းသိမ်းတတ်လာစေရန်ဖြစ်ပါသည်။ ကိုယ့်ကိုကိုယ်အားကိုးခြင်းနှင့် ကိုယ့်ကိုကိုယ်ထိန်းချုပ်ခြင်းများကိုလည်း ကလေးငယ်များအားသင်ကြားပေး သင့်ပါသည်။ သို့ပြုလျှင် သူသည် နားလည်နိုင်စွမ်းရှိလာသည်နှင့်တစ်ပြိုင်နက် နာခံတတ်သောဆင်ခြင်တုံတရားနှင့်ပြည့်စုံလာပါမည်။ အရာခပ်သိမ်းတို့သည် ဥပဒေစည်းမျဉ်းအောက်တွင် ရှိနေသည်ကိုလည်းကောင်း၊ နာခံမှုမရှိခြင်းသည် ဘေးဒုက္ခကိုသာတွေ့စေနိုင်သည်ကိုလည်းကောင်း သူတို့မြင်တွေ့ အောင်ပြောပြကြပါ။ မလုပ်နှင့်ဟု ဘုရားသခင်ကပြောဆိုနေခြင်းသည် ကျွန်ုပ်တို့ကိုနစ်နာဆုံးရှုံးမှာစိုးသဖြင့် နာခံမှုမရှိခြင်း၏အကျိုးဆက်ကိုမခံရအောင် သတိပေးနေခြင်းဖြစ်သည်။

အမှားလုပ်သူတစ်ဦးက မိမိအမှားကိုမြင်လာကာ အမှန်လမ်းကြောင်းသို့ပြောင်းရန် ပို့ဆောင်နိုင်သောအချိန်ရောက်မှသာ ဆုံးမခြင်း၏ရည်မှန်းချက်အစစ်အမှန်သည် အောင်ပွဲဆင်ပါသည်။ ထိုအချိန်တွင် အပြစ်လွှတ်ခြင်းတန်ခိုးတော်၏မူရင်းဇာစ်မြစ်ကို သူ့အားပြသပေးကြပါ။

မကောင်းသောအလေ့အထများ၊ မကောင်းသောအထုံဝါသနာများနှင့်
အကျင့်ဆိုးများကိုပဲ့ပြင်ပေးကြပါ

ကလေးများကို မကောင်းသည့်အရာများမလုပ်မိအောင် ထိန်းပေးရန်မှာ မိဘများ၏တာဝန်ဖြစ်ပါသည်။ လူငယ်များသည် မိမိတို့အားပညာပေးသွန်သင်ပေးမည့် မိဘများလိုအပ်နေပါသည်။ သူတို့၏မကောင်းသောအလေ့အထ များနှင့် စွဲလမ်းမှုများကိုပြင်ပေးမည့် မိဘများလိုအပ်နေပါသည်။ သူတို့၏ အကျင့်ဆိုးများကိုပြုပြင်ပေးမည့်သူများ လိုအပ်နေကြပါသည်။

စာတန်၏အမာခံနယ်မြေကိုဖြိုဖျက်ပစ်ကြ

မိခင်တို့၊ သင်တို့၏မှန်ကန်သောဆုံးမပဲ့ပြင်မှုများနှင့် ကောင်းသော ပုံသက်သေများအားဖြင့် သင်တို့၏ကလေးများကို ခရစ်တော်ထံတော်သို့ ပို့ ဆောင်နိုင်ရုံသာမက အခြားသူများအပေါ် ဩဇာသက်ရောက်သော ၎င်းတို့၏ အသက်တာများကြောင့်လည်း များပြားစွာသောလူသားများကို ကယ်တင်ခြင်း ရအောင်ပို့ဆောင်ပေးနိုင်ပါလိမ့်မည်။

ထိုကြောင့် စာတန်၏အမာခံနယ်မြေများကို ဖြိုခွင်းကြစို့၊ စာတန်၏ အနှောင်အဖွဲ့မှကယ်ထုတ်နိုင်ရန် ကျွန်ုပ်တို့၏သားသမီးများကို ကြင်နာယုယ စွာဖြင့် ပြုပြင်ပေးကြစို့၊ ကာကွယ်စောင့်ရှောက်ကြပါစို့၊ စိတ်ဓာတ်ကျမနေ ကြပါနှင့်။

ဘုရားသခင်နှင့်မိဘများ၏အုပ်စိုးမှုကိုလေးစားတတ်အောင်သင်ကြား ပေးကြပါ

မိဘစကားကိုနာခံလာသည်အထိ သားသမီးကလေးများကို လေ့ကျင့် ပညာပေးကာ ထိန်းသိမ်းကြပ်မတ်ပေးသင့်ပါသည်။ သို့မှသာ သူတို့သည် ဘုရားသခင်၏အာဏာတော်ကိုလည်း လေးစားလာတတ်မည်ဖြစ်ပါသည်။ ထိုကဲ့သို့သောမိသားစုလေ့ကျင့်ပညာပေးခြင်းများသည် ကောင်းကင်နိုင်ငံတော် တွင်နေထိုင်မည့် မိသားစုများကိုပြင်ဆင်ပေးနေခြင်းဖြစ်ပါသည်။ ဘုရားသခင်၏ ပညတ်တော်များကို နာခံခြင်းအမှုသည် အထက်အရပ်မှတန်ဖိုးထားသော အရာ တစ်ခုဖြစ်သည်။ သခင်ဘုရား၏အလိုတော်နှင့်အညီ မိဘစကားကိုနာခံခြင်း သည် ကလေးငယ်များလေ့ကျက်ရမည့် အရေးအပါဆုံးသင်ခန်းစာတစ်ခု ဖြစ်ပါ သည်။

လှုံ့ဆော်မှုကြောင့်မဟုတ်၊ ယုံကြည်မှုကြောင့်နာခံခြင်း

သင်လုပ်စေလိုသည့်အရာများကို ကလေးများအား တိကျစွာပြောပြပါ။ သင့်စကားများသည် လိုက်ရမည့်ဥပဒေစည်းမျဉ်းများဖြစ်သဖြင့်

လိုက်လျှောက်ရမည့်အရာများဖြစ်ကြောင်းကိုလည်း ပြောပြပါ။ "မလုပ်နှင့်" "လုပ်ပါ" ဟူသော ပြတ်သားသည့်ဝေါဟာရများဖြင့် တိကျစွာဖော်ပြထားသည့် ဘုရားသခင်၏အမိန့်တော်ကို ၎င်းတို့နာခံတတ်အောင် သင်လေ့ကျင့်ပေး နေခြင်းဖြစ်ပါသည်။ ထို့ကြောင့် သူတို့သည် ယုံကြည်မှုကိုအခြေပြုလျက် သင်၏တောင်းဆိုချက်များကို နာခံကြရမည်ဖြစ်ပါသည်။ အတင်းအကျပ် ခိုင်းစေသဖြင့် လုပ်ရသည့်သဘောမျိုးမဖြစ်သင့်ပါချေ။

## ကိုးစားမှုကိုတုံ့ပြန်တတ်သောလူငယ်များ

ကျွန်ုပ်တို့က သူတို့အားယုံကြည်ကိုးစားမှုရှိကြောင်း လူငယ်များ သိအောင်လုပ်ဆောင်ရပါမည်။ သူတို့သည် လေးစားမှုရှိခြင်း၊ ဂုဏ်ပြုခြင်း များကို အလေးထားတတ်ကြသည်။ ထိုအရာများသည် သူတို့၏အခွင့်အရေး များလည်းဖြစ်ပါသည်။ လူငယ်များကို အမြဲတမ်းစောင့်ကြည့်နေခြင်းသည် သဘာဝမကျသည့်ပြင် ကွယ်ဝှက်ထားတတ်သော မကောင်းစိတ်များကိုပင် ဖြစ်ပေါ်လာစေပါသည်။ ထို့ကြောင့် ကျန်းမာပျော်ရွှင်သောလူငယ်များဖြစ်လာ စေရန်အတွက် ကိုယ်ရောစိတ်ပါ အချိုးကျကျကြီးထွားရင့်သန်လာစေဖို့ ကာယလေ့ကျင့်ခန်းများလုပ်နိုင်အောင် ပြင်ဆင်ပေးသင့်သလို ပျော်ရွှင်ကြည် နူးဖွယ်ပတ်ဝန်းကျင်မျိုးကိုလည်း ဖန်တီးပေးသင့်ပါသည်။

## ကိုယ့်ကိုကိုယ်အုပ်ထိန်းခြင်းနှင့်အာဏာအပြည့်အဝသုံးခြင်း

စည်းမျဉ်းများအောက်မှာနေစဉ်အခါတွင် စည်းကမ်းရှိသယောင်ထင် ရသော မိသားစုအများရှိသော်လည်း လွတ်လပ်စွာနေခွင့်ပြုလိုက်သောအချိန် တွင်မူ ထိုမိသားစုများမှကလေးငယ်များသည် သူတို့ဘာသာမလုပ်တတ်၊ မကိုင်တတ်၊ မစဉ်းစား၊ မဆုံးဖြတ်တတ်ပုံပေါ်သည်ကို တွေ့ရသည်။ ထိုကလေးငယ်များသည် သံမဏိစည်းမျဉ်းအောက်တွင် အချိန်ကြာမြင့်စွာ အသက်ရှင်ခဲ့ရသူများ ဖြစ်ကြသည်။ သူတို့တွေးခေါ်လုပ်ဆောင်နိုင်သည့် အရာများကို လုပ်ခွင့်မရခဲ့ကြသဖြင့် မိမိ၏သဘောထားကိုအသုံးပြုကာ မည်သည့်

အရာကိုမျှ ဆုံးဖြတ်လုပ်ဆောင်ရန် ကိုယ်ကိုကိုယ်စိတ်မချသောကလေးများ ဖြစ်နေပါသည်။ ထိုကြောင့် ထိုကလေးများသည် သူတစ်ပါး၏ဆုံးဖြတ်ချက် များအောက်တွင် အလွယ်တကူလမ်းမှားသွားနိုင်သောအခြေတွင် ရောက်နေ ကြပါသည်။ သူတို့၌တည်ငြိမ်သောအကျင့်စာရိတ္တမျိုးရှိမထားသည့်ပြင် မိမိ၏ ဆုံးဖြတ်ချက်များအပေါ်တွင်လည်း မြန်မြန်ဆန်ဆန်၊ များများစားစား အားကိုး ဝံ့သူများမဟုတ်ကြချေ။ ထိုကြောင့် သူတို့၏စိတ်တန်ခိုးသည် ပုံမှန်အတိုင်း ဖွံ့ဖြိုးအားကောင်းလာခြင်း မရှိတော့ချေ။

ထိုသို့ဆိုသော် မိဘဆရာများ၏ဆုံးဖြတ်ချက်များကို မရယူစေဘဲ လူငယ်များကို လွတ်လပ်စွာတွေးခေါ်ဆုံးဖြတ်ခွင့် ပေးထားရမည်မဟုတ်ပါ။ မိဘဆရာများ၏အတွေ့အကြုံရင့်ကျက်သော ဆုံးဖြတ်ချက်များကိုရယူကာ လမ်းပြမှုကိုခံယူရန် ကလေးများကိုသင်ကြားပေးရပါမည်။

စိတ်တစ်ခုကစိတ်တစ်ခုအပေါ်သို့လွှမ်းမိုးသောအချိန်တွင် မကောင်းမှု များဖြစ်ပေါ်လာခြင်း

ကလေးများ၏စိတ်အလိုဆန္ဒများကို ထိန်းချုပ်ထားနိုင်ကြောင်း ကြွားဝါနေသောမိဘဆရာများသည် ၎င်းတို့ကိုကြောက်သောကြောင့် ခိုင်းသမျှ လုပ်ခဲ့ရသော ကလေးများ၏အနာဂတ်ကောက်ကြောင်းကို လိုက်နိုင်ခဲ့ကြလိမ့် မည်ဆိုလျှင် အကြွားရပ်သွားပေးလိမ့်မည်။ ထိုကလေးငယ်များသည် အသက် တာ၏ ကြမ်းတမ်းသောတာဝန်များကို ထမ်းဆောင်ရန်အဆင်သင့်မဖြစ်ကြသေး သည့် ပြင် မိဘဆရာများ၏အုပ်ချုပ်မှုအောက်မှ ကင်းလွတ်သွားသည်နှင့်တစ် ပြိုင်နက် အမှားလမ်းဖြစ်သော စုံစမ်းခြင်းနောက်သို့ လိုက်ပါသွားဖို့များနေပါ သည်။ လူသားတစ်ဦး၏စိတ်ကို အခြားသူတစ်ဦးဦးက လွှမ်းမိုးထိန်းချုပ်သည် ကို ဘုရားသခင်လိုလားတော်မမူပါ။

ကျွမ်းကျင်မှုနှင့်စိတ်ရှည်လက်ရှည်ကြိုးပမ်းမှုများအားဖြင့်

ကလေးများအား လမ်းမှန်ရောက်အောင်လုပ်ဆောင်ရာတွင် စိတ်ရှည် ရှည် ဖြင့်ကြိုးပမ်းဖို့လိုအပ်သလို ကျွမ်းကျင်မှုလည်းလိုအပ်လှပါသည်။ မကောင်း

သောစိတ်သဘောထားများကို ဂရုတစိုက်ချုပ်ထိန်းပြီး နူးညံ့သိမ်မွေ့စွာဖြင့် ချိုးနှိမ်ပစ်ရပါမည်။ အကောင်းဘက်တွင်လုပ်ချင်သောစိတ်များ ပေါ်လာအောင် လုပ်ပေးပါ။ ကိုယ့်ကိုကိုယ်ထိန်းကျောင်းတတ်အောင် ကလေးများကိုသွန်သင် ပေးကြပါ။ ထိုကြောင့် ထိုအရာအားလုံးကို ဆင်ခြင်တုံတရားရှိရှိဖြင့်လုပ်ဆောင် ကြပါ။ သို့မဟုတ်လျှင် ကျွန်ုပ်တို့၏လိုလားချက်များသည် ပျက်ပြုန်းကုန် ကြပေလိမ့်မည်။

## စတင်ပြီးထိန်းသိမ်းကြပ်မတ်သင့်သောအချိန်

နောက်ဆုံးသောခေတ်ကာလ၏သင်္ကေတတစ်ခုမှာ မိဘစကားကို သားသမီးများနားမထောင်ခြင်းပင်ဖြစ်ပါသည်။ သားသမီးများမှာ မိဘများအ တွက် ဘုရားသခင်ပေးသနားတော်မူသော ဆုလက်ဆောင်ဖြစ်ရာ ဘုရားသခင် အလိုရှိ သည့်အသက်တာမျိုးအတိုင်း အသက်ရှင်နေထိုင်ရန် လေ့ကျင့်ပညာပေး မှုမပြု ခဲ့လျှင် မိဘများသည် မွန်မြတ်သောတာဝန်တစ်ခုကိုလုပ်ဆောင်ရန် ပျက်ကွက် နေခြင်းပင်ဖြစ်သည်။ ဘုရားသခင်ကိုချစ်သည်ထက် အပျော်အပါး ကိုနှစ်သက် မြတ်နိုးသောကလေးများဖြစ်ဖို့ ဘုရားသခင်မလိုလားသလို ရိုင်းပျကြမ်းတမ်း စိတ်နေမြင့်ပြီး နာခံမှုမရှိသောကလေးများ၊ ကျေးဇူးကန်း တတ်သောကလေးများ၊ မသန့်ရှင်းသောကလေးများဖြစ်မှာကို ဘုရားသခင် လိုလားတော်မမူပါ။ ထိုကဲ့သို့ ဆိုးရွားသောအခြေအနေများဖြင့် ပြည့်စုံသော သားသမီးများသည် နောက်ဆုံး သောခေတ်ကာလ၏သင်္ကေတတစ်ခုဖြစ်သည် ကိုလည်း သမ္မာကျမ်းစာက ဖွင့်ဆိုထားပါသည်။

### သားသမီးများကိုအလိုလိုက်တတ်သောမိဘများသည် ကောင်းကင်နိုင်ငံ တော်သားဖြစ်ရန်အရည်အသွေးမမီသူများဖြစ်ခြင်း

လောကတွင် စည်းနှင့်ကမ်းနှင့်စနစ်တကျမနေထိုင်တတ်သူများသည် ကောင်းကင်နိုင်ငံတော်တွင် စောင့်ထိန်းသောစနစ်ကျနမှုကိုလည်း အလေးထား

ကြလိမ့်မည်မဟုတ်ချေ။ ဤလောကအသက်တာတွင် တည်ဆောက်နေသော အကျင့်စာရိတ္တသည် အနာဂတ်ကံကြမ္မာကို အဆုံးအဖြတ်ပေးမည်ဖြစ်သည်။ ခရစ်တော်ကြွလာတော်မူသောအချိန်တွင် ကိုယ်တော်သည် လူတိုင်း၌ရှိနေသောအကျင့်စာရိတ္တများကို ပြောင်းလဲပေးတော့လိမ့်မည်မဟုတ်ပါ။

အစပြု၍စည်းကမ်းတကျထားသင့်သည့်အချိန်

ကလေးငယ်တစ်ဦးသည် မိမိအလိုဆန္ဒအတိုင်း ရွေးချယ်လုပ်ဆောင်လာသည့်အချိန်သည် ၎င်းတို့အား စည်းကမ်းတကျနေထိုင်တတ်အောင် စတင်ပညာပေးသင့်သည့်အချိန်ပင် ဖြစ်ပါသည်။ ဤအရာကို "သတိမမူမိသောပညာရေး" ဟုလည်း ခေါ်ကြပါသည်။ ထိုအချိန်တွင် အားကောင်းသောအသိတရားနိုးကြားသည့်အလုပ်တစ်ခုကို အစပြုရန်ဖြစ်ပါသည်။ ထိုတာဝန်ကို မိခင်ဖြစ်သူတိုင်း လုပ်ဆောင်ရမည်ဖြစ်သည်။ မိခင်သည် သားငယ်သမီးငယ်များကို ရှေးဦးပြုစုသူများဖြစ်သလို အဆစ်အချိုးကျနပြီး ခိုင်မာသောစာရိတ္တတစ်ခုဖွံ့ဖြိုးလာရန် အကူအညီပေးမည့် ပညာရေးတစ်ခု၏ အုတ်မြစ်ကိုချပေးသူမှားလည်း မိခင်ပင်ဖြစ်ပါသည်။ အကျင့်ဆိုးများအား ကောင်းလာသည့်အချိန်တိုင်အောင် သားသမီးများအား စည်းကမ်းတကျ နေထိုင်ပြောဆိုတတ်အောင် သင်ကြားပေးဖို့ပျက်ကွက်ခြင်းသည် သားသမီး များအပေါ် ကြီးမားသောအမှားတစ်ခုကို ကျူးလွန်နေခြင်းဖြစ်သည်။ ထိုသားသမီးမျိုးသည် တစ်ကိုယ်ကောင်းဆန်တတ်ကြသည်။ နမော်နမဲ့နေတတ်ပြီး ကြိုးစားမှုကင်းသောသဘောမျိုးရှိသူများ၊ ရွံမုန်းစရာကောင်းသူများ ဖြစ်လာတတ်သည်။ မိမိတို့၏ပတ်ဝန်းကျင်ကိုနှစ်သက်သည်ထက် အခြား ပတ်ဝန်းကျင်များကို ပို၍နှစ်သက်မှုရှိသောသူများဖြစ်သဖြင့် ကျေနပ်ရောင့်ရဲ သည့်သဘောနှင့် ကင်းမဲ့သူများဖြစ်လာတတ်ကြပါသည်။

မကောင်းသောအကျင့်ဆိုးများပြုကျင့်နေသည်ကိုတွေ့လျှင်တွေ့ချင်း ချိုးနှိမ်ပေးပါ

မိဘတို့၊ သင်တို့၏သားငယ်သမီးငယ်များအား ရင်ခွင်ပိုက်အချိန် မှစ၍ စည်းကမ်းတကျနေတတ်အောင် သွန်သင်ပေးသင့်ပါသည်။ ကလေးငယ်

များ၏စိတ်နှလုံးကို လုံးလုံးလျားလျားထိန်းချုပ်ကာ သင်တို့၏စကားကို လုံးဝနာခံလာသည်အထိ သူတို့၏စိတ်ထားများကို ပျော့ပျောင်းတည်ကြည်သောသဘောများဖြင့် ရောယှက်ပေးသင့်ပါသည်။

အပြစ်ပေးရန်ငယ်လွန်းသေးသည်

မမှန်သောအကျင့်စရိုက်များသည် ၎င်းတို့၏ပင်ကိုယ်စရိုက်အဖြစ်သို့ ပြောင်းလဲသွားသည့်တိုင်အောင် ခွင့်မပြုသင့်ကြပါ။ အထိန်းအကွပ်မရှိဘဲ ၎င်းတို့အတွက် ကျိန်ခြင်းအမင်္ဂလာဖြစ်စေသည့် အကျင့်စရိုက်များဖြင့် ကြီးပြင်းသောကလေးများသည် အခြားကလေးငယ်များကိုလည်း ထိုနည်းအတူ ဖြစ်စေတတ်ပါသည်။

ကလေးများကို လုပ်ချင်သလိုလုပ်ခွင့်ပြုထားခြင်းကြောင့် ဖြစ်ပေါ်လာသည့်အမင်္ဂလာသည် အိမ်ထောင်အပေါ်သို့ကျနိုင်သည့် အမင်္ဂလာများတွင် အကြီးမားဆုံးဖြစ်သည်။ မိဘများသည် မကောင်းမှန်းသိလျက်နှင့် ကလေးများ၏အလိုကို လိုက်လျောကြသဖြင့် ကလေးများသည် မကြာမီမှာပင် မိဘများကိုသာမက အခြားလူသားများနှင့်တကွ ဘုရားသခင်ကိုပါ ရိုသေလေးစားမှုမရှိကြတော့ပါ။

အပြင်လောကထဲသို့မဝင်မီကလေးများကိုလေ့ကျင့်သင်ကြားပေးကြပါ

ထိုအချက်ကိုလျစ်လျူရှုလျက် မိဘများသည် ၎င်းတို့၏စိတ်ထားမမှန်သေးသော၊ သည်းခံစိတ်ရှည်မှုအားနည်းသော၊ လက်တွေ့အသက်တာ၏တာဝန်ဝတ္တရားများကိုမလုပ်တတ်သေးသော သားသမီးများအား လူ့အသိုက်အဝန်း ထဲသို့ပို့ဆောင်နေကြပါသည်။ ဤနည်းအားဖြင့် မိဘများသည် မိမိတို့လုပ်ဆောင် ခဲ့သည့် ကောင်းသောလုပ်ရပ်များထက် ချိန်ခွင်လျှာလေးစေသည့် အနာဂတ် ကမ္ဘာတစ်ခုဖြစ်အောင် လုပ်ဆောင်နေကြပါသည်။ ထိုကဲ့သို့သောကလေးများ သည် ၎င်းတို့နည်းတူ ဖောက်ပြန်သောအကျင့်ဆိုးများရှိသည့်သားသမီးများကို မွေးဖွားပေးကြရုံသာမက ၎င်းတို့၏မကောင်းသောပုံသက်သေများအားဖြင့် လူ့အသိုက်အဝန်းကိုလည်း ညစ်နွမ်းပျက်စီးစေလျက်ရှိကြပါသည်။

မစကူညီမည်ဆိုသည့်ဘုရားသခင်၏ကတိတော်

မှန်ကန်ပြီး တရားမျှတသောစည်းကမ်းကျနမှုများကို ဘုရားသခင် ကောင်းချီးပေးတော်မူသည်။ သို့သော် "ငါနှင့်ကွာလျှင် သင်တို့သည် အဘယ် အမှုကိုမျှမတတ်နိုင်ကြ" ဟု ခရစ်တော်ကမိန့်ဆိုထားပါသည် (ရှင်ယောဟန် ၁၅း၅)။ မြင့်မြတ်သောကောင်းကင်သားများသည် သားသမီးများကိုလေ့ကျင့် ပညာပေးရန် ပျက်ကွက်သောမိဘများနှင့်လည်းကောင်း၊ သန့်ရှင်းသောဝိညာဉ် တော်၏လုပ်ဆောင်မှုကိုချေဖျက်ရာတွင် လက်နက်တစ်ခုသဖွယ် စာတန် အသုံး ပြုရန် မိမိတို့၏သားသမီးများပိုင်ဆိုင်သည့် နုနယ်သောစိတ်နှလုံးများကိုနတ်ဆိုး ကြီးအား ကိုင်တွယ်ခြယ်လှယ်ခွင့်ပြုနေသော မိဘများနှင့်လည်းကောင်း ပူးပေါင်း လုပ်ဆောင်နိုင်စွမ်းမရှိကြပါ။

## စည်းကမ်းထိန်းသိမ်းရာတွင်မိဘများလုပ်ဆောင်ရမည့်အခန်းကဏ္ဍ

စည်းစနစ်ကျနပြီး စည်းကမ်းသေဝပ်သောမိသားစုများ တစ်နည်း အားဖြင့် စစ်မှန်သောခရစ်ယာန်ဘာသာ၏တန်ခိုးကို ဖော်ကျူးနိုင်မည့်မိသားစု များကို ဤကမ္ဘာကြီးအားပေးအပ်ရန်မှာ ခရစ်ယာန်ဟုအခေါ်ခံနေသည့် ခရစ် ယာန်တိုင်းလုပ်ဆောင်ရမည့် တာဝန်တစ်ခုဖြစ်ပါသည်။

ကလေးများကိုလေ့ကျင့်ပညာပေးခြင်း၏စစ်မှန်သောအဓိပ္ပါယ်ကို နားမလည်ကြသည့်အတွက် များစွာသောမိဘများသည် မိမိတို့၏ကလေးများကို ဆုံးမအပြစ်ပေးရမည့်အစား အပြစ်လုပ်ခြင်းကို မျက်ကွယ်ပြုနေကြသည်။ထို ကြောင့် သူတို့၏သားသမီးများသည် ဘုရားသခင်အလိုမရှိသောစာရိတ္တမျိုးကို တည်ဆောက်နိုင်သည်အထိ မကောင်းသောအကျင့်ဆိုးများကို ဆက်လက်လုပ် ဆောင်နေကြပါသည်။ များစွာသောခရစ်ယာန်မိဘများသည် ဘုရားသခင်၏ နှုတ်ကပတ်တော်တွင် ဖော်ပြထားသည့် သန့်ရှင်းသောစည်းမျဉ်းများအပေါ် ထားရှိသည့် မနှစ်မြို့မှုမှာ အခြေတည်နေချေပြီ။ အကြောင်းမှာ ထိုစည်းမျဉ်း များက ၎င်းတို့အား ကြီးလေးသောတာဝန်များကို ပေးထားပါသည်။ သို့ရာတွင်

မိဘများရင်ဆိုင်ရမည့် နောက်ပိုင်းမြင်ကွင်းများအရ ဘုရားသခင်၏လမ်းစဉ်သည်သာ အကောင်းဆုံးဖြစ်ကြောင်း၊ အလိုတော်ကိုလိုက်လျှောက်ခြင်း၌သာ စစ်မှန်သောပျော်ရွှင်မှုနှင့်လုံခြုံမှုကို တွေ့နိုင်ကြောင်းသိရပါသည်။

ကလေးများကိုစည်းကမ်းထိန်းသိမ်းရခြင်းသည် လွယ်ကူသောအလုပ် တစ်ခုမဟုတ်ပါ

ကလေးများအား သမ္မာကျမ်းစာ၏သွန်သင်ချက်များနှင့်အညီ နေထိုင်အသက်ရှင်ဖို့ ဆုံးမစည်းကမ်းထားရခြင်းအလုပ်သည် လွယ်ကူသောအလုပ် တစ်ခုမဟုတ်ပါ။ အာဗြဟံကဲ့သို့ မိမိလမ်းစဉ်အတိုင်းလိုက်လျှောက်ကြရန် အိမ်သားများကိုသွန်သင်သလို ကလေးများအား သမ္မာကျမ်းစာ၏ဖွင့်ဆိုချက်များနှင့်အညီ နေထိုင်ကြဖို့သွန်သင်လျှင် ပိုလွန်းသည်၊ ရစ်လွန်းသည်ဟု ထင်ကြပေလိမ့်မည်။

စည်းကမ်းထားခြင်းအပေါ်မှာထားရှိသည့်မှားယွင်းသောအတွေးအခေါ်

မိဘတို့၊ သင်တို့သည် ဘုရားသခင့်ထံတော်မှ ကောင်းချီးမင်္ဂလာကို ခံစားလိုသည်ဆိုလျှင် အာဗြဟံလုပ်သလိုမျိုး လုပ်ကြရပါမည်။ မကောင်းမှုမှန်သမျှကို လက်မခံဘဲတွန်းလှန်ကြရပါမည်။ ကောင်းသောအရာများကို လုပ်ဆောင်ဖို့ တိုက်တွန်းကြရပါမည်။ သားသမီးများ၏စိတ်စွဲလမ်းမှုနှင့် အပျော်အပါးလိုက်စားမှုများအတွက် ဆွေးနွေးတိုင်ပင်ခြင်းထက် အမိန့်ပေးလုပ်ဆောင်စေခြင်းကို မဖြစ်မနေလုပ်ဆောင်သင့်က လုပ်ဆောင်ကြရပါမည်။

သားသမီးများ၏မွေးရာပါစိတ်သဘောအလိုလိုက်ခြင်းကို ခွင့်ပြုပေးခြင်းသည် ၎င်းတို့အားမကောင်းမှုတွင် ပျက်စီးယိုယွင်းစေရုံသာမက ဒုစရိုက်တွင်ကျင်လည်လာစေပါသည်။ အိမ်ထောင်၏အလှအပများ ပျက်စီးဆုံးပါးခြင်းမှကင်းဝေးစေရန်အလို့ငှာ ကောင်းမွန်သောစည်းမျဉ်းစည်းကမ်းများကို ချမှတ်ကျင့်သုံးစေသင့်ပါသည်။

မိဘများ၏မျက်ကန်းအချစ်

မွေးရာပါသံယောဇဉ်ချည်နှောင်မှုကြောင့် ကျွန်ုပ်တို့နှင့်ဆက်နွယ်နေသည့်သူများအပေါ် မျက်ကန်းအချစ်ဖြင့်ချစ်သည့် အချိန်မျိုးလည်းရှိတတ်ပါသည်။ ထိုအချစ်မျိုးသည် ရှည်လျားထွေပြားတတ်ပါသည်။ သို့သော် ထိုအချစ်မျိုးသည် အသိပညာဖြင့်လည်းကောင်း၊ ဘုရားသခင်ကိုချစ်ကြောက်ရိုသေခြင်းနှင့်လည်းကောင်း ဟန်ချက်ညီမှုမရှိပါ။ သားသမီးများကို လေ့ကျင့်ပညာပေးရာတွင် မိဘများ၏မျက်ကန်းအချစ်သည် ကြီးမားသောအဟန့်အတားတစ်ခုဖြစ်သည်သာမက ကလေးများကိုပျက်စီးဆုံးရှုံးစေသည့် အန္တရာယ်ရှိသောအချစ်မျိုးလည်းဖြစ်ပါသည်။

သားသမီးများလူတစ်လုံးသူတစ်လုံးဖြစ်ရန်မိဘများ၌တာဝန်ရှိခြင်း

အိမ်ထောင်တွင် ဆရာ၊ ဆရာမများဖြစ်ကြသည့်မိဘများသည် ထိန်းချုပ်ခြင်းတာဝန်ကို ကလေးများလက်ထဲသို့ထည့်ကာ လေလွင့်ပျက်စီးစေမည်ဆိုလျှင် ထိုဆိုးကျိုးအတွက် မိဘများ၌သာတာဝန်ရှိနေပါသည်။

မိဘများသည် ဘုရားသခင်၏ဘုန်းတော်ကို ထင်ရှားစေရန်ထက် သူတို့နာမည်ကောင်းရရန် ပို၍အလေးထားတတ်ကြသည်။ သူတို့သည် ဘုရားသခင်၏အလိုတော်ကိုဆောင်ရန်ထက် သားသမီးများ၏အလိုကိုဆောင်ရန် ပို၍စိတ်အားထက်သန်ကြပါသည်။

အမှားပြင်ပေးရန် သတ္တိနည်းသူများ (သို့မဟုတ်) မိသားစုကိုညစ်ညမ်းမှုများနှင့်ကင်းအောင် ကြိုးစားလုပ်ဆောင်ရန် ပျင်းရိနေသူများသည် ၎င်းတို့၏တာဝန်ပျက်ကွက်မှုကြောင့် ဖြစ်ပေါ်လာသောဒုစရိုက်မှုများအတွက် တာဝန်ရှိနေပါသည်။ ထိုမကောင်းမှုများကို မိမိကိုယ်တိုင်မလုပ်သော်လည်း မတားဆီးလိုက်မိခြင်းအတွက် ဖြစ်ပေါ်လာသောအကျိုးဆက်များအတွက် မိမိကိုယ်တိုင်ကျူးလွန်သကဲ့သို့ တာဝန်ရှိနေပါသည်။

မျက်နှာလိုက်ရန်အကြောင်းမရှိပါ

မိမိတို့၏သားသမီးများဘက်မှ မျက်နှာလိုက်တတ်ခြင်းသည် မိဘများ၏သဘာဝတစ်ခုပင်ဖြစ်ပါသည်။ ထက်မြက်သောအစွမ်းသတ္တိကို ပိုင်ဆိုင်ထားသောမိဘများသည် မိမိ၏သားသမီးများကိုလည်း သူများထက်တော်သည်တတ်သည်ဟု အထင်ရှိတတ်ကြပါသည်။ မျက်နှာလိုက်တတ်ခြင်းသည် သဘာဝတစ်ခုဖြစ်သော်ငြားလည်း ခရစ်ယာန်မဆန်၊ တရားမျှတမှုမရှိသော အပြုအမူတစ်ခုဖြစ်ပါသည်။ သားသမီးများ၏အမှားကို မပြုပြင်မဆုံးမခြင်းကြောင့် သူတို့သည် မိမိတို့၏သားသမီးများအပေါ် ကြီးမားသောအမှားတစ်ခုကို ကျူးလွန်နေကြပါသည်။

မကောင်းမှုများနှင့်အပေးအယူလုပ်စရာမလိုအပ်ခြင်း

ဘုရားသခင်၏နိုင်ငံတော်တွင် မကောင်းမှုများနှင့်အပေးအယူလုပ်ခြင်းမရှိသည်မှာ ထင်ရှားလှပါသည်။ အိမ်တွင်ဖြစ်စေ၊ ကျောင်း၌ဖြစ်စေ မနာခံမှုများကို သည်းမခံသင့်ကြပါ။ မိမိပြုစုစောင့်ရှောက်နေသည့် ပင်ကိုအားဖြင့် လိမ္မာရေးခြားရှိသောကလေးတစ်ယောက်နှင့် လူကြီးသူမများကို အာခံတတ်သော နားကောက်သည့်ကလေးကို အပေးအယူလုပ်မည့် မိဘဆရာဟူ၍လောကတွင်ရှိမည်မဟုတ်ပါ။

မှန်ကန်သောစည်းမျဉ်းများကို မိဘများကိုယ်တိုင်နားလည်အောင် မကြိုးစားခြင်း

ဘုရားသခင်ပေးအပ်ထားသည့် အခွင့်အာဏာများကို အသုံးချရာ တွင်မိဘများ၏မိုက်မဲရူးသွပ်မှုများကို မြင်တွေ့နေရသည်မှာ စိတ်ထိခိုက် စရာပင်ဖြစ်ပါသည်။ အခြားအရာအသီးသီးတွင် အဆင်ပြေချောမောအောင် လုပ်ဆောင်တတ်သော ထိုလူသားများသည် မိမိတို့၏သားငယ်သမီးငယ်များကို လေ့ကျင့်ပညာပေးရမည့်စည်းမျဉ်းများကိုနားလည်ရန် ပျက်ကွက်နေကြသည်။

နေရာတကာတွင်ရှိနေသောအန္တရာယ်များနှင့် လှည့်ဖြားသောသွန်သင်ချက်များကို ရင်ဆိုင်ကျော်လွှားရန်အတွေ့အကြုံမရှိ၊ နုနယ်သေးသောကလေးများကို မှန်သောလမ်းကြောင်းပေါ်သို့ တင်ပေးရမည့်အချိန်တွင် ရင်သွေးငယ်များအား အသင့်လျော်ဆုံးသော ညွှန်ကြားချက်များပေးရန် သူတို့ပျက်ကွက်နေကြသည်။

မှားယွင်းသောအုပ်ချုပ်မှုအတွက်ဆင်ခြေမပေးပါနှင့်

မိဘများ၏မှားယွင်းသောအုပ်ချုပ်မှုကြောင့် သားသမီးများ၏စိတ်နှလုံးထဲမှာ ပုန်ကန်ခြားနားလိုသောစိတ်သည် အခြေတည်လာသည်။ လမ်းမှန်ကိုသာပြနိုင်ခဲ့ကြမည်ဆိုလျှင် ထိုကလေးများသည် ဟန်ချက်ညီကောင်းမွန်သည့်စာရိတ္တများကို တည်ဆောက်နိုင်ခဲ့ကြပါလိမ့်မည်။ ကလေးများအပေါ်မှားယွင်းစွာအုပ်ချုပ်ခဲ့မိခြင်းအတွက် မိဘများ၌ဆင်ခြေပေးစရာအခွင့်မရှိပါချေ။

ခေါင်းမာတတ်သောသဘာဝကိုကျော်လွှားပါ

အချို့ကလေးများသည် အခြားသူများထက်ခေါင်းမာကြပြီး စည်းကမ်းအတိုင်းနေထိုင်လိုစိတ်မရှိကြပါ။ ထိုကြောင့် အကျိုးဆက်အနေဖြင့် ဆွဲဆောင်မှုကင်းမဲ့ပြီး နှစ်သက်စရာမကောင်းသူများဖြစ်လာကြပါသည်။ မိခင်ဖြစ်သူကသတိပညာရှိရှိဖြင့် ထိုအကျင့်ဆိုးကိုပျောက်သွားအောင်မလုပ်နိုင်ခဲ့လျှင် စိတ်မချမ်းသာစရာအဖြစ်ဆိုးများ ဆက်လက်ဖြစ်ပျက်လာလိမ့်မည်။ ထိုကလေးများသည် မိမိ၏အလိုအတိုင်း နေထိုင်အသက်ရှင်ကြသဖြင့် အဆုံးတွင် ပျက်စီးခြင်းနှင့်ရင်ဆိုင်ရပေလိမ့်မည်။

''နင့်ကိုတော့ကောင်းအောင်မလုပ်နိုင်တော့ပါဘူး'' ဟူသောစကားမျိုးကို သင့်ပါးစပ်မှ မည်သည့်အခါမျှမထွက်ပါစေနှင့်မိခင်တို့၊ ဘုရားသခင်၏ပလ္လင်တော်သို့ချဉ်းကပ်ရန် သင်၌အခွင့်အရေးရှိနေသည့်အချိန်တွင် ထိုသို့သောစကားများကိုပြောဆိုခြင်းသည် အလွန်ရှက်စရာကောင်းလှပါသည်။ ခရစ်တော်ထံတွင် ဆုတောင်းလျက်အကူအညီတောင်းပါ။ ကိုယ်တော်သည် သင်၏ကလေးကို မိမိထံတော်သို့ သိမ်းယူတော်မူပါလိမ့်မည်။

အိမ်တွင်းအုပ်ချုပ်ရေးကိုကြိုးစားလေ့လာပါ

အထက်ဖော်ပြပါအိမ်ထောင်ရေးအပိုင်းတွင် မိမိ၏အားနည်းချက်များကို တွေ့သောသူများသည် အိမ်တွင်းအုပ်ချုပ်ရေးစနစ်ကို ပြန်လည်၍ အထူးသုံးသပ်သင့်ကြပါသည်။ အခြားသူများကပေးလာသည့် ကောင်းသည်ဟု ထင်ရသောအကြံပေးချက်များကိုလည်း မစဉ်းစားမဆင်ခြင်ဘဲ လက်ခံအသုံးမပြုသင့်ကြပါ။ အခြားသူများ၏အတွေ့အကြုံများကို မိခင်များလေ့လာကြပါ။ မိမိ၏လုပ်ဆောင်ပုံနှင့် အခြားသူများ၏လုပ်ဆောင်ပုံများအကြား ခြားနားမှုများကို မှတ်သားကြပါ။ အမှန်တကယ်တန်ဖိုးရှိသည်ဟု ထင်ရသောလုပ်ဆောင်ပုံများကိုပင် ဂရုတစိုက်ဆန်းစစ်ကြပါ။ စည်းကမ်းထိန်းသိမ်းပုံတစ်မျိုးနှင့် အလုပ်မဖြစ်လျှင် အခြားတစ်မျိုးနှင့်ပြောင်းပြီး လုပ်ဆောင်ကြပါ။ ထွက်ပေါ်လာသည့်ရလဒ်များကိုလည်း မှတ်သားထားကြပါ။

စည်းကမ်းထိန်းသိမ်းရာတွင် အမိနှင့်အဖနှစ်ဦးစလုံးသည်ညီညွတ်ဖို့ လိုအပ်ခြင်း

သားသမီးများ၏စာရိတ္တအုတ်မြစ်ချရာတွင် မိခင်ဖြစ်သူသည် ဖခင်ဖြစ်သူနှင့်ပူးပေါင်းလုပ်ဆောင်သင့်ပါသည်။

မှန်ကန်သောစည်းမျဉ်းများကိုသာ သားသမီးများ၏စိတ်တွင် စွဲနေအောင်သွန်သင်သင့်ပါသည်။ မိဘနှစ်ပါးသည် ထိုအလုပ်ကို ညီညီညွတ်ညွတ်ဖြင့်လုပ်ဆောင်ကြမည်ဆိုလျှင် ကလေးများသည်လည်း မိမိတို့လုပ်ဆောင်ရမည့်အရာကို နားလည်လာကြလိမ့်မည်။ မိခင်ကသွန်သင်သည့်အရာများကို ဖခင်ဖြစ်သူကမနှစ်မြို့ကြောင်း အပြောအဆို (သို့မဟုတ်) မျက်နှာရိပ်မျက်နှာကဲဖြင့်ပြခဲ့မည်ဆိုလျှင်လည်းကောင်း၊ မိခင်၏အုပ်ချုပ်မှုသည် အလွန်တင်းကျပ်လွန်းသည်ဟုထင်ကာ ဖခင်ဖြစ်သူက အနည်းငယ်ဖြေလျှော့ကာ ကလေးများ၏အကြိုက်ကိုဆောင်ရန် ကြိုးစားလာလျှင်လည်းကောင်း ထိုကလေးသည် ပျက်စီးခြင်းသို့ရောက်သွားပေလိမ့်မည်။

မေတ္တာနှင့်အာဏာပေါင်းစပ်ထားသည့်ဩဇာသက်ရောက်မှု

ဘုရားသခင်၏တင့်တယ်လှပမှုအလင်းသည် သင်၏စာရိတ္တ၌ ထွန်းလင်းတောက်ပပါလေစေ။ သို့မှသာ အိမ်ထောင်တွင် မေတ္တာလင်း ရောင်ခြည်များဖြင့် တောက်ပနိုင်မည်ဖြစ်သည်။ တည်ငြိမ်မှုအပြည့်ဖြင့် နှစ်သက်ဖွယ်သောစကားများကိုသာ ပြောကြပါ။ ချိုသာသောမျက်နှာထားများဖြင့် ဆက်ဆံကြပါ။ မျက်နှာလိုက်ခြင်း၊ တစ်ဖက်သက်ဖိနှိပ်ခြင်းများကင်းရှင်း သင့်ပါသည်။ မေတ္တာနှင့်အာဏာပေါင်းစပ်ထားသည့် ဩဇာသက်ရောက်မှုသည် အိမ်ထောင်မိသားစုများအား မှန်ကန်သောပုံစံတစ်ခုကို သွန်းလောင်း ပေးပါလိမ့်မည်။

ဘုရားသခင်၏စာရိတ္တတော်ကိုကိုယ်စားပြုလျက်အိမ်ထောင်ကိုအုပ်ချုပ်ပါ

သင်သည် ရိုင်းစိုင်းကြမ်းတမ်းပြီး ဆင်ခြင်တုံတရားကင်းမဲ့စွာပြုကျင့်လာသောအခါတွင် ကလေးများကို ထိုကဲ့သို့ပြုကျင့်ရန် သင်ကြားပေးနေသည်ကို သတိပြုပါ။ ဘုရားသခင်၏အုပ်စိုးမှုအောက်တွင် သတိပညာရှိသော ဆရာတစ်ဦးအနေဖြင့် ကလေးများကိုပညာပေးရန် ဘုရားသခင်အလိုရှိတော်မူသည်။ သင်၏လုပ်ဆောင်မှုများသည် ခရစ်တော်၏စာရိတ္တကိုကိုယ်စားပြု မှသာလျှင် သင်၏ကြိုးပမ်းမှုများကို ဘုရားသခင်နှစ်သက်တော်မူလိမ့်မည်။ သခင်ဘုရား၏မိသားစုဝင်များဖြစ်ကြသောကလေးငယ်များအတွက် လုပ်ပေးသင့်သည့်အရာမှန်သမျှကို မည်သည့်အခါမျှ လျစ်လျူမရှုကြပါနှင့်။ မိဘတို့၊ သင်တို့သည် အိမ်ထောင်၏အလင်းဖြစ်နေပါသည်။ နားဝင်ချိုဖွယ်လေသံဖြင့် နှစ်သက်ဖွယ်စကားများကိုပြောခြင်းဖြင့် သင်၏အလင်းကိုထွန်းလင်းပါ။ သူတို့ခံစားနေရသောနာကျင်မှုများနေရာတွင် ချုပ်တည်းခြင်းပါရမီများပြည့်ဖြိုးလာစေရန် ဘုရားသခင်ထံတွင် ဆုတောင်းကြပါ။ ထိုသို့ပြုလုပ်လျှင် သင်၏ ကလေးများကို စည်းကမ်းချမှတ်ထိန်းသိမ်းမှုများသည် သင်၏အိမ်ထောင်မှ တစ်ဆင့် ဤကမ္ဘာကြီးထဲသို့ တစ်ဟုန်ထိုးစိမ့်ဝင်သွားပေလိမ့်မည်။

မှန်ကန်သောစည်းမျဉ်းများမှမသွေဖည်စေနှင့်

အချို့မိဘများသည် သားသမီးများ၏ဩဇာခံများဖြစ်ကြသည်။ သားသမီးများ၏ဆန္ဒကိုဆန့်ကျင်ရန် သူတို့မလိုလားကြသဖြင့် သားသမီးများ၏အလိုကို အမြဲတမ်းလိုက်လျောတတ်ကြသည်။ သို့ရာတွင် ကလေးများသည် မိဘ၏အိမ်အမိုးအောက်တွင် မှီခိုအသက်ရှင်နေစဉ် မိဘ၏ဩဇာကိုသာ ခံသင့်ပါသည်။ မှန်ကန်သည့်စည်းမျဉ်းများကိုလိုက်လျှောက်ရန် ကလေးများအားပညာပေးလျက် ခိုင်မာသောဆုံးဖြတ်ချက်များဖြင့် မိဘများရပ်တည်သင့်ကြပါသည်။

မနာခံမှုရပ်တန့်မသွားလျှင်ကြီးမားသောအလုပ်တစ်ခုကိုလုပ်ဆောင်ပါ

အလိုလိုက်အကြိုက်ဆောင်တတ်သော အချို့မိဘများသည် သားသမီးများအိမ်မှထွက်ပြေးမှားစိုးသဖြင့် မိမိတို့ပြောသင့်ပြောထိုက်သောစကားကိုမပြောရဲ၊ လုပ်သင့်သောအလုပ်ကိုမလုပ်ရဲကြချေ။ အချို့မိဘများမှာ လူသားဆိုင်ရာအခွင့်အာဏာနှင့် ဘုရားပေးအခွင့်အာဏာများကိုနင်းချေလျက် သားသမီးများကိုဆုံးမတားမြစ်ခြင်းမပြုဘဲ အိမ်၌သာကျွေးမွေးပြုစုထားခြင်းက ပို၍ကောင်းသောလုပ်ဆောင်မှုဖြစ်သည်ဟု အထင်ရှိကြသည်။ အိမ်မှထွက်ပြေးမည်ဟု ခြိမ်းခြောက်ခြင်းခံနေရသောသားသမီးရှင်များတို့၊ "အိမ်မှာစည်းနဲ့ကမ်းနဲ့နေရတာကိုမကြိုက်လို့ အိမ်ကထွက်သွားမယ်ဆိုရင် ထွက်သွားပါ၊ ငါတို့မတားပါဘူး၊ မင်းကိုဖဝါးလက်နှစ်လုံး ပခုံးလက်နှစ်သစ်ကတည်းကပြုစုလာတဲ့မိဘတွေထက် ပိုပြီးကောင်းမယ့်အပြင် လူတွေနဲ့တွေ့နိုင်မယ်ထင်ရင် မင်းရဲ့အမှားအတွက် မင်းကိုယ်တိုင်ပဲသင်ယူလိုက်ပါအုံး။ ငါတို့ရဲ့စကားကိုနာခံပြီး ငါတို့ရဲ့အုပ်ချုပ်မှုကိုလက်ခံဖို့ဆုံးဖြတ်ပြီး အိမ်ကိုပြန်လာတဲ့အခါမှာ ငါတို့မင်းကိုကြိုဆိုနေမှာပါ။ မိဘတွေရဲ့ကျွေးမွေးပြုစုမှုကို မင်းခံယူနေတဲ့အချိန်မှာတော့ မင်းပြန်ပေးရမယ့်အရာက မိဘတွေချမှတ်ထားတဲ့ အိမ်စည်းကမ်းအတိုင်းနေထိုင်ဖို့ပဲဖြစ်တယ်" ဟု ခြိမ်းခြောက်နေသောသားသမီးများကို ပြောလိုက်ကြပါ။

ပုန်ကန်ခြားနားတတ်သောကလေးအများစုသည် မိဘများ၏ထိန်းကျောင်း မှုအားနည်းသောကြောင့် စိတ်လွတ်ကိုယ်လွတ်ထင်ရာစိုင်းလုပ်ဆောင်နေကြခြင်း ဖြစ်သည်။ စာရိတ္တပျက်ပြားနေသည့် ထိုလူဆိုးကလေးများသည် အထက်တန်း ကျောင်းနှင့်ကောလိပ်ကျောင်းများသို့ ရောက်လာသောအခါတွင်လည်း ထိန်းသိမ်း ရခက်သောကျောင်းသားများဖြစ်လာပါသည်။

အားလျော့စိတ်ပျက်ခြင်းမရှိဘဲကောင်းသောအလုပ်ကိုလုပ်ဆောင်ကြ ပါစို့

မိဘများလုပ်ဆောင်ရမည့်အလုပ်သည် ရပ်ထားလို့မရသောအလုပ်တစ်ခုဖြစ်သည်။ တစ်နေ့တွင် အားရပါးရလုပ်ဆောင်ပြီး နောက်တစ်နေ့တွင် ရပ်ထားလို့ရသည့်အလုပ်မျိုးမဟုတ်ပါချေ။ မိဘအများစုသည် ကြီးကျယ်ခမ်းနားသောအလုပ်များနှင့် အကြီးအကျယ်အနစ်နာခံရသောအလုပ်များတွင် စိတ်ဝင်စားကြသော်လည်း သားသမီးများကို မနားမနေပြုစုရသောအလုပ်၊ ကလေးများ၏ ရိုင်းစိုင်းသောစိတ်သဘောများကို နေ့စဉ်ရက်ဆက်ပြုပြင်ပေးရသည့်အလုပ်နှင့် ကလေးများကိုသွန်သင်ဆုံးမအားပေးရသောအလုပ်များကိုမူ တွန့်ဆုတ်နေတတ်ကြပါသည်။ "ငါတို့သည် အားမလျော့စိတ်မပျက်ဘဲ ကောင်းသောအကျင့်ကိုကျင့်ကြကုန်အံ့၊ ထိုသို့တည်ကြည်၍ကျင့်လျှင် အချိန်တန်သောကာလ၌ အသီးအနှံကိုရိတ်ရကြလိမ့်မည်" ဟူ၍ သွန်သင်ထားသည့်တမန်တော်ရှင်ပေါလု၏မိန့်မှာစကားကိုလည်း သတိရအောက်မေ့ကြပါ။

ကလေးများအမှားလုပ်ဆောင်သည်ကို တွေ့သည့်အချိန်တိုင်း၌ ထိုအကြောင်းအရာနှင့်စပ်လျဉ်းသည့် နှုတ်ကပတ်တော်သွန်သင်ချက်များကို ကလေးများအား တည်ငြိမ်စွာဖတ်ပြကြပါ။ သူတို့အစုံစမ်းခံနေရသောအချိန်တွင်လည်းကောင်း၊ စိတ်ဓာတ်ကျနေသောအချိန်များတွင်လည်းကောင်း နှစ်သိမ့်မှုဆိုင်ရာကျမ်းစကားများကိုဖတ်ပြပြီး ခရစ်တော်ထံသို့ပို့ဆောင်ပေးကြပါ။ ဤနည်းအားဖြင့် အနာဂတ်အသက်တာအတွက် အဆင်သင့်ဖြစ်သောကလေးများဖြစ်လာအောင် ၎င်းတို့၏စာရိတ္တများကို နေ့စဉ်နှင့်အမျှ မိဘများအနေဖြင့် ပြင်ဆင်ပေးနိုင်ကြပါသည်။

## စည်းကမ်းရှိလာအောင်ပြုပြင်ပေးခြင်း

ကလေးများကိုနာခံတတ်လာသည်အထိ မရမကကြိုးပမ်းကြပါ။ ထိုသို့လုပ်ဆောင်စဉ်တွင် ၎င်းတို့ထံသို့ သခင်ဘုရားကြွမြန်းအုပ်စိုးတော်မူရန် ကလေးများနှင့်အတူဆုတောင်းကြပါ။

ကလေးများနားကောက်လျှင် ဆုံးမကြပါ။ နာခံတတ်လာအောင် တည့်မတ်ပေးကြပါ။ ထိုသို့မလုပ်ဆောင်မီ ကလေးများ၏စိတ်သဘောထားများနူးညံ့လာစေရန်နှင့် သင့်အပေါ်၌ အထက်မှဉာဏ်ပညာများသွန်းလောင်းချပေးရန် သခင်ဘုရားထံတွင်ဆုတောင်းပါ။

ကလေးများကိုစိတ်ရှည်လက်ရှည်သွန်သင်ပါ

ကလေးများကိုအမှားပြင်ပေးနိုင်ရန် တစ်ခါတစ်ရံတွင် အပြစ်ပေးရကောင်းပေးရလိမ့်မည်။ သို့ရာတွင် သင်ကစိတ်ဆိုးသဖြင့် အပြစ်ပေးနေသည်ဟု ၎င်းတို့အထင်မရှိအောင်လုပ်ဆောင်ပါ။ ထိုသို့အထင်ရောက်သွားမည်ဆိုလျှင် သင်၏လုပ်ဆောင်မှုသည် ကြီးမားသောအမှားတစ်ခုဖြစ်သွားလိမ့်မည်။ အကယ်၍သာ မိဘများသည် ဘုရားသခင်ပေးသည့်အကြံပေးချက်အတိုင်း ကလေးများကိုသွန်သင်ခဲ့ကြလိမ့်မည်ဆိုလျှင် မိသားစုများတွင် ယနေ့ရင်ဆိုင်ခံစားနေရသော စိတ်မချမ်းသာစရာအများစုကို ရှောင်ရှားနိုင်ပါလိမ့်မည်။

မိဘများကိုယ်တိုင်လည်းဘုရားသခင်၏စည်းကမ်းများကိုလိုက်နာကြပါ။

မိခင်တို့၊ သားသမီးများကမသိနားမလည်သဖြင့် သင်တို့ကိုစိတ်ဆိုးအောင်လုပ်နေလျှင်လည်း စိတ်မတိုကြပါနှင့်။ သူတို့ကိုကြင်နာစိတ်ရှည်စွာဖြင့်သင်ကြားပေးကြပါ။ ကလေးများကို လက်လွှတ်မပစ်ကြပါနှင့်။ သင်တို့ကိုယ်တိုင် ဘုရားသခင်၏စည်းမျဉ်းများနှင့်အညီ အသက်ရှင်နေထိုင်အချိန်တွင်သာ သူတို့ကိုလည်း စည်းမျဉ်းဥပဒေများအောက်တွင်နေထိုင်ဖို့ စေခိုင်းကြပါ။ သင်ကိုယ်တိုင်က နူးညံ့နိမ့်ချပြီး အညစ်အကြေးနှင့်ကင်းစင်သော

အသက်တာဖြင့် နေထိုင်အသက်ရှင်မှသာလျှင် ခရစ်တော်သည် သင်၏ကလေး များအသက်တာတွင် အောင်မြင်သူတစ်ပါးအဖြစ် ရပ်တည်နိုင်လိမ့်မည်ဖြစ် ပါသည်။

စိတ်ဆိုးမာန်ဆိုးဖြင့်မဆုံးမပါနှင့်

သင်သည် သားသမီးများကို မေတ္တာဖြင့်ဆုံးမသင့်ပါသည်။ သင် စိတ်ဆိုးရသည့်အခြေအနေသို့ရောက်သည်အထိ ကလေးများကို သူ့သဘော နှင့်သူလုပ်ခွင့်ပြုမထားဘဲ အပြစ်ပြုတိုင်းသတိပေးဆုံးမပါ။ ထိုသို့ပြုလုပ်မှသာ မကောင်းမှုလုပ်ဆောင်ခြင်းများကို တားဆီးနိုင်မည်ဖြစ်ပါသည်။

အမှားလုပ်နေသောကလေးတစ်ယောက်ကို လိုက်လျောမှုပြသနေခြင်း သည် မကောင်းမှုကိုတိုးပွားစေပါသည်။ ထိုသို့လုပ်ဆောင်ခြင်းသည် ကလေး ၏အဆိုးဝါးဆုံးသောရမ္မက်ကိုနိုးထစေပြီး သင်ကသူ့ကိုကရုမစိုက်ဘူးဟူသော ခံစားချက်ကို ဖြစ်စေပါသည်။ အကယ်၍သာ သူ့ကိုတကယ်ချစ်ခဲ့လျှင် ထိုသို့ပြု မူလိမ့်မည်မဟုတ်ဟူ၍လည်း သူစဉ်းစားသုံးသပ်လာပါလိမ့်မည်။

သားသမီးများကို စိတ်ဆိုးနေသောအချိန်တွင် မဆုံးမပါနှင့်။ ထိုအချိန် မျိုးတွင် သင်သည်ဆုတောင်းလျက် နှိမ့်ချသည်းခံမှုအပြည့်ဖြင့် ပြုမူသင့်ပါ သည်။ ထိုအချိန်မျိုးတွင် သားသမီးများနှင့်အတူဒူးထောက်လျက် သခင်ဘုရား ထံတွင် အပြစ်လွှတ်ခြင်းအခွင့်ကို တောင်းခံရန်ဖြစ်ပါသည်။

ကလေးများကိုဆုံးမပဲ့ပြင်သည့်အချိန်တွင်လည်း သင်၏အသံကို မကျယ်စေပါနှင့်၊ စိတ်ထိန်းပါ။ ကလေးများကိုဆုံးမစဉ် ဒေါသထွက်သော မိဘများသည် ထိုကလေးများထက်ကြီးသောအမှားတစ်ခုကို ကျူးလွန်နေခြင်း ဖြစ်သည်။

ဆူပူကြိမ်းမောင်းခြင်းနှင့်ပူပန်သောကရောက်နေခြင်းများသည်အလုပ် မဖြစ်ပါ။

ဆူပူကြိမ်းမောင်းခြင်းနှင့် ပူပန်သောကရောက်ခြင်းများသည် သားသမီး များကိုဆုံးမရာတွင် အကူအညီမဖြစ်သည့်ပြင် လူသားများ၏စိတ်နှလုံးတွင်

မကောင်းသောခံစားချက်များကို ဖြစ်ပေါ်စေတတ်ပါသည်။ သားသမီးများ အမှားလုပ်ပြီး သင်တို့၏စကားကိုနားမထောင်သဖြင့် သင့်အားကြမ်းတမ်းစွာ ပြုမူပြောဆိုရန် စုံစမ်းလာသောအချိန်တွင် ၎င်းတို့အားမဆုံးမမီ ခေတ္တခဏ အချိန်ယူပြီးစောင့်လိုက်ပါ။ ၎င်းတို့လုပ်ဆောင်မှုများအပေါ် စဉ်းစားသုံးသပ်ရန် သူတို့ကိုအချိန်ပေးလိုက်ပါ။ ထိုသို့လုပ်ဆောင်ခြင်းဖြင့် သင်၏ဒေါသမီးကို အေးငြိမ်းစေလိုက်ပါ။

စိတ်လှုပ်ရှားကြောက်ရွံ့ခြင်းသည်စိတ်မရှည်မှုအတွက်ဆင်ခြေတစ်ခု မဟုတ်ပါ

မိမိတို့စိတ်မကောင်းဖြစ်နေသဖြင့် မှားယွင်းစွာလုပ်ဆောင်မိပါသည်ဟု အချို့မိဘများက ဆင်ခြေပေးကြပါသည်။ စိတ်လှုပ်ရှာကြောက်ရွံ့နေသဖြင့် စိတ်မရှည်နိုင်ဘဲ စကားကိုကြမ်းတမ်းစွာပြောဆိုမိသည်ဟုလည်း အချို့မိဘ များက ထင်မြင်နေကြပါသည်။ တစ်ခါတစ်ရံတွင် လုပ်ငန်းကိုင်ငန်းများကြောင့် မိဘများသည် ပင်ပန်းနွမ်းလျသောအချိန်တွင် စိတ်ငြိမ်သက်မှုမရှိတော့ဘဲ ဘုရားသခင်အလိုမရှိသော စိတ်တိုသည့်အပြုအမူများဖြင့် မိသားစုအပေါ်တွင် တိမ်မည်းကြီးလွှမ်းမိုးစေကြပါသည်။ သင်၏အာရုံကြောဖွဲ့စည်းမှုစနစ်သည် ဤမျှလောက်အကဲပါထိခိုက်လွယ်လိမ့်မည်မဟုတ်ပါ။ ခရစ်တော်သည် အပြစ်နှင့်စပ်ဆိုင်သောအရာမှလွဲ၍ ကျွန်ုပ်တို့ရင်ဆိုင်နေရသော ကျန်အရာတိုင်းတွင် ကိုယ်တော်တိုင်မျှဝေခံစားလျက်ရှိပါသည်။ ထို့ကြောင့် ကိုယ်တော်သည် ကျွန်ုပ်တို့၏ခွန်အားများလုပ်နိုင်စွမ်းများနှင့်ကိုက်ညီသော ပြင်ဆင်မှုများကို ကျွန်ုပ်တို့အတွက်လုပ်ဆောင်ပြီးဖြစ်ပါသည်။

ဆိတ်ဆိတ်နေခြင်း၏တန်ခိုး

သူတစ်ပါးကိုထိန်းချုပ်လိုသူများသည် ရှေးဦးပထမ မိမိကိုယ်ကို ကိုယ်ကိုထိန်းချုပ်ကြရပါမည်။ မိဘ (သို့မဟုတ်) ဆရာများသည် စိတ်မရှည် နိုင်တော့ဘဲ သတိပညာကင်းမဲ့သောစကားများကိုပြောမည့် အန္တရာယ်များနှင့်

ရင်ဆိုင်ရလျှင် သူ့အားဆိတ်ဆိတ်နေပါစေ၊ ဆိတ်ဆိတ်နေခြင်း၌ တန်ခိုးရှိပါသည်။

အနည်းငယ်သာခိုင်းပြီး၊ ခိုင်းသမျှကိုနာခံအောင်လုပ်ပါ

မိခင်များအနေဖြင့် အာဏာပြသည့်အနေဖြင့် မလိုလားအပ်သောတောင်းဆိုမှုများကို မလုပ်ကြပါနှင့်။ အနည်းငယ်သာခိုင်းစေပြီး ခိုင်းသမျှကိုလုပ်ဆောင်မှုရှိမရှိသုံးသပ်ပါ။ ခိုင်းစေသမျှအရာအားလုံးသည်လည်း ကလေးများကိုအကျိုးပြုစေမည့်အရာများဖြစ်ပါလေစေ။ ထိုသို့ပြုလျှင် ကလေးများ သည်သင်ခိုင်းသမျှကိုလုပ်ဆောင်လာမည်ကို တွေ့ရပါလိမ့်မည်။

ပေါ့ဆသောကလေးများကိုကိုင်တွယ်ခြင်း

အလုပ်တစ်ခုကိုလုပ်ပေးရန် သင်၏သားကလေးကိုပြောလိုက်ရာ 'ဟုတ်ကဲ့လုပ်လိုက်ပါ့မယ်' ဟု သူကပြန်ပြောသော်လည်း သူပေးခဲ့သောကတိအပေါ်လျစ်လျူရှုကာ ပြောသည့်အတိုင်းမလုပ်ဘဲနေသည်ကို သင်တွေ့ရတတ်ပါသည်။ ထိုသို့သောအခြေအနေမျိုးတွင် ထိုကလေးကိုချက်ချင်းခေါ်ကာသတိပေးသင့်ပါသည်။ အကယ်၍ သင်သတိပေးရန်ပျက်ကွက်ခဲ့လျှင် ထိုပေါ့ဆမှု၊ သစ္စာမဲ့မှုကို စရိုက်အလေ့တစ်ခုဖြစ်အောင် သင်ကြားပေးနေခြင်းဖြစ်သည်။

အလျင်စလိုနိုင်သောဆုံးမခြင်းနှင့် ကြိုကြားကြိုကြားဆုံးမခြင်းများအတွက်အကျိုးသက်ရောက်မှုများ

အပြစ်ကျူးလွန်သောကလေးများကို သူတို့၏အမှားများအတွက်ပြစ်ဒဏ်စီရင်ကာ စိတ်ဓာတ်ကျသွားအောင်၊ စိတ်အားငယ်သွားအောင် လုပ်တတ်ကြပါသည်။ အပြစ်ကျူးလွန်သူများကို ဆူပူကြိမ်းမောင်းခြင်းသည်လည်း ပို၍ခေါင်းမာသွားစေပါသည်။ ပိုပြီးသိုဝှက်သွားစေတတ်ပါသည်။ သူတို့သည်

လေးငါးနှစ်သား မြင်းထီးအရိုင်းကလေးများပမာ လူကိုဒုက္ခပေးရန်ဆုံးဖြတ်လာတတ်ပါသည်။ ဆူပူကြိမ်းမောင်းခြင်းသည် သူတို့အတွက် ကောင်းသောအရာတစ်ခုမဟုတ်ပါ။ မိဘများအနေဖြင့် ထိုကလေးများ၏စိတ်ထားကိုကောင်းသည့်ဘက်သို့ပြောင်းလာအောင်သာ ကြိုးပမ်းသင့်ကြပါသည်။

အချို့မိဘများသည် ကလေးများ၏မှားယွင်းသောလုပ်ဆောင်မှုများကိုတစ်ခါတစ်ရံတွင် မသိချင်ယောင်ဆောင်နေတတ်ကြပြီး တစ်ခါတစ်ရံတွင်သည်းမခံနိုင်ကြောင်း ပြသတတ်ကြသည်။ တရားမျှတမှုနှင့်တရားစီရင်မှုကိုသခင်ဘုရား၏လမ်းစဉ်အတိုင်းလုပ်ဆောင်ရန် သူတို့ပျက်ကွက်နေကြပါသည်။ သူတို့သည် သားသမီးများထက်ပင် မကြာခဏပို၍အပြစ်ကျူးလွန်နေကြပါသည်။

မိခင်တစ်ယောက်သည် အပြောအဆိုအပြုအမူများတွင် စိတ်မတည်ငြိမ်မှုပြကာ ချုပ်တည်းခြင်းမရှိသဖြင့် မိမိမွေးထားသည့်သားသမီးများ၏စိတ်တွင်မှန်ကန်သောစည်းမျဉ်းများသွင်းပေးရမည့်အခွင့်အရေးကို ဆုံးရှုံးနေကြရပါသည်။

မှားယွင်းသောလုပ်ရပ်များကို သတိပညာရှိရှိခိုင်ခိုင်မာမာဖြင့်ချက်ချင်းကိုင်တွယ်ဖြေရှင်းပါ

နာခံမှုမရှိခြင်းအတွက် အပြစ်ပေးရပါမည်။ မှားယွင်းသောလုပ်ဆောင်မှုများကို တည့်ပေးရပါမည်။ သားသမီးများတို့၏စိတ်နှလုံးထဲမှာ နစ်မြုပ်ပိတ်မိနေသော မကောင်းမှုဒုစရိုက်များကို မိဘဆရာများက ရင်ဆိုင်ဖြေရှင်းပေးရပါမည်။ မှားယွင်းမှုမှန်သမျှကို သတိပညာရှိရှိ ခိုင်မာသောစိတ်ထားဖြင့် ချက်ချင်းဖြေရှင်းပစ်ရပါမည်။ အထိန်းအကွပ်ဖြင့်နေရသည်ကို မုန်းတီးသောစိတ်၊ ကိုယ်အလိုအတိုင်းလုပ်ဆောင်လိုသောစိတ်နှင့် ထာဝရအသက်နှင့်ဆိုင်သောအရာများကို စိတ်မဝင်စားသည့်စိတ်များကို ဂရုတစိုက်ဖြေရှင်းပစ်ရပါမည်။

ကြိမ်လုံးကိုတစ်ခါတစ်ရံတွင်သုံးရပါမည်

အခြားနည်းလမ်းများနှင့်ပြုပြင်ရာတွင်မအောင်မြင်လျှင် ကြိမ်လုံးကိုသုံး၍ပြုပြင်ရပါမည်။ သို့ရာတွင် ဤနည်းကို အတတ်နိုင်ဆုံးရှောင်ရှားကာ အခြားနည်းလမ်းများကို ရှေးဦးပထမဦးစားပေးအသုံးပြုသင့်ပါသည်။ ပို၍ပျော့သောနည်းလမ်းများဖြင့် လုပ်ဆောင်ရာတွင်မလုံလောက်လျှင် ကလေးကိုမေတ္တာထားလျက် အပြစ်ဒဏ်ပေးရပါမည်။ ထိုကဲ့သို့သောပြစ်ဒဏ်ပေးခြင်းသည် ကလေးများကိုလမ်းတည့်ပေးရာတွင် အသက်တာတစ်ခုလုံးအတွက် တစ်ကြိမ်တည်းဖြင့် လုံလောက်သွားတတ်ပါသည်။ အမှားကိုပြင်မပေးလျှင် စိတ်မချမ်းသာမှုကိုဖြစ်စေရုံသာမက ဘုရားသခင်၏စိတ်တော်နှင့်လည်းမတွေ့နိုင်ကြောင်းကို သားသမီးများနားလည်အောင် သွန်သင်ပေးသင့်ပါသည်။

သားသမီးများကို ကြင်နာယုယစွာဖြင့် နားလည်အောင်သွန်သင်လိုက်လျှင် ကြိမ်လုံးသုံးစရာမလိုတော့သည်ကို သင်တွေ့ရပါလိမ့်မည်။ ဤနည်းကိုအသုံးပြုခြင်းဖြင့် ၎င်းတို့အား ကိုယ့်ကိုကိုယ်ပို၍ယုံကြည်စိတ်ချလာစေပါလိမ့်မည်။ သင်တို့ကိုလည်း သူတို့၏လူယုံတော်များအဖြစ် သတ်မှတ်လာကြမည်ဖြစ်ပြီး 'အဲဒီအချိန်တုန်းက ကျွန်တော်အမှားတစ်ခုကိုလုပ်ခဲ့မိတယ်။ ကျွန်တော့်ကိုခွင့်လွှတ်ပါ။ ဘုရားသခင်ထံမှာလည်း အပြစ်လွှတ်ခြင်းအခွင့် ဖို့ကျွန်တော့်အတွက်ဆုတောင်းပေးပါ' ဟု သင့်ထံမှာလာ၍ သူတို့ပြောကြလိမ့်မည်။

စိတ်လိုက်မာန်ပါမထိုးမကြိတ်ပါနှင့်

သင်၏သားသမီးများအား ရန်လိုသောကလေးများမဖြစ်စေလိုလျှင် သူတို့အားစိတ်လိုက်မာန်ပါထိုးကြိတ်ခြင်း မပြုလုပ်ပါနှင့်။ သင်သည် မိဘတစ်ဦးအနေဖြင့် ဘုရားသခင်၏ကိုယ်စားလှယ်တစ်ဦးအဖြစ် သားသမီးများကိုစောင့်ရှောက်နေရသည်ကို သတိချပ်ပါ။ ကြိမ်နှင့်ရိုက်ပြီးဆုံးမရန် တစ်ခါတစ်ရံတွင်လိုအပ်ကောင်းလိုအပ်မည်ဖြစ်သော်လည်း အခက်အခဲများကို အခြေမတည်

မိအောင် နည်းမျိုးစုံအသုံးပြု၍ သင်ဟန့်တားရပါမည်။ ထိုနောက် 'ဘုရားသခင်၏နည်းလမ်းအတိုင်း၊ အလိုတော်အတိုင်း ငါလုပ်ခဲ့ရဲ့လား' ဟု မိမိကိုယ်ကိုမေးပါ။

စိတ်မြန်သောဖခင်များအတွက်သတိပေးချက်

သင်သည် သားသမီးများကို ခပ်ကြမ်းကြမ်းကိုင်တွယ်လုပ်ဆောင်နေသောအချိန်တွင် ထိုလုပ်ဆောင်မှုအတွက် သင့်အားအကြောင်းပြချက်ပေးရန် ဘုရားသခင်တောင်းဆိုတော်မူလိမ့်မည်ကို သင်သတိပြုမိပါသလား။ ကလေးများကို ခပ်ကြမ်းကြမ်းမကိုင်တွယ်ပါနှင့်။ သင်၏သားသမီးတစ်ယောက်သည် သင်စိတ်ထင်သလိုခိုင်းစားရမည့် ခွေးတစ်ကောင်မဟုတ်သလို မြင်းတစ်ကောင်းလည်းမဟုတ်ပါ။ အခြေအနေအမျိုးမျိုးတွင် တုတ်တစ်ချောင်းနှင့်ထိန်းချုပ်ရမည့် သတ္တဝါတစ်ကောင်မဟုတ်သလို စိတ်ထင်တိုင်းထိုးကြိတ်နေရမည့် လူသားတစ်ယောက်လည်းမဟုတ်ပါ။ အချို့ကလေးများမှာ စိတ်ကြမ်းသူများဖြစ်သဖြင့် အသားကိုနာအောင်ရိုက်ပြီးဆုံးမဖို့ လိုအပ်သည်မှာမှန်သော်လည်း ရိုက်ပြီးဆုံးမတိုင်း ကောင်းသွားသည်တော့မဟုတ်ပါချေ။

သင်သည် ဘုရားသခင့်ရှေ့တော်တွင် ဩတ္တပ္ပစိတ်ကြည်လင်စွာဖြင့် ဦးမည္ဓတ်နိုင်လျှင်သော်လည်းကောင်း၊ သင်အပြစ်ပေးလုပ်ဆောင်မှုအပေါ်တွင် ကောင်းချီးပေးရန် ဘုရားသခင့်ထံတော်တွင် ဆုမတောင်းရသေးလျှင်သော် လည်ကောင်း သားသမီးများကို မည်သည့်အခါမျှ မထိုးမိ၊ မရိုက်မိပါစေနှင့်။ သင်၏သားသမီးများ စိတ်နှလုံးတွင် ချစ်ခြင်းမေတ္တာများပြားလာစေရန် အားပေးပါ။ ကိုယ့်ကိုကိုယ်ထိန်းချုပ်နေထိုင်ခြင်း၏မြင့်မားသော ရည်မှန်းချက်များကို သူတို့အားပြောပြကြပါ။ သင်၏မိသားစုများကို ပျက်စီးခြင်း၌အဆုံးသတ်စေလိုပါမူ ဆက်ပြီးကြမ်းတမ်းစွာဆက်ဆံပါ။ သေချာပေါက်အောင်မြင်ပါလိမ့်မည်။

## အပြစ်လုပ်တတ်သောသားသမီးတစ်ယောက်ကို မည်သည့်အခါမျှခါထုတ်မပစ်ပါနှင့်

မိဘများသည် မိမိတို့၏စိတ်ချုပ်တည်းမှုအားနည်းသောကြောင့် သားသမီးများကို ကောင်းမွန်စွာမထိန်းချုပ်နိုင်ခြင်းဖြစ်သည်။ အမှန်လမ်းသို့ မပို့ဆောင်နိုင်ခြင်းဖြစ်ပါသည်။ သားသမီးများကို ကြမ်းတမ်းစွာကိုင်တွယ်မိခဲ့ခြင်းကြောင့်ဖြစ်နိုင်သလို၊ စိတ်မထိန်းနိုင်ဘဲ ထိုးကြိတ်မိခြင်းများကြောင့်လည်း ဖြစ်နိုင်ပါသည်။ ကလေးငယ်တစ်ယောက်ကို ခါထုတ်ပစ်ခြင်းသည် မကောင်းသောဝိညာဉ်နှစ်လုံးကို ပြန်ဝင်လာစေပါသည်။ ကလေးငယ်တစ်ဦးသည် အမှားလုပ်မိလျှင် ၎င်းအားခါထုတ်မပစ်ပါနှင့်၊ ထိုသို့လုပ်ဆောင်ခြင်းကြောင့် ထိုကလေးငယ်သည် ကောင်းလာမည်မဟုတ်ပါ။

## သုံးသပ်ခြင်းနှင့်ဆုတောင်းခြင်းကိုရှေးဦးပထမလုပ်ဆောင်ပါ

အပြစ်ကျူးလွန်သောကလေးငယ်နှင့်အတူ ရှေးဦးပထမ အတူတကွဆင်ခြင်သုံးသပ်ကာ ၎င်းပြုလုပ်သည့်အမှားကိုထောက်ပြပါ။ ထိုအမှားမျိုးသည် မိဘများကိုသာထိခိုက်စေသည်မဟုတ်ဘဲ ဘုရားသခင်ကိုလည်း စော်ကားရာရောက်ကြောင်းပြောပြပါ။ သားသမီးများကို အမှားဖော်ပြကာဆုံးမခြင်းမပြုမီ သူတို့နှင့်အတူ ကြေကွဲသောစိတ်နှလုံးဖြင့် အတူတကွဆုတောင်းကြပါ။ သို့မှသာ သင့်ကိုအနှောင့်အယှက်ပေးသောကြောင့် သူတို့အားအပြစ်ပေးခြင်းမဟုတ်ကြောင်း (သို့မဟုတ်) သင်စိတ်အလိုကျအောင်မလုပ်သဖြင့် သူတို့ကိုသက်သက်မဲ့ အပြစ်ပေးခြင်းမဟုတ်ကြောင်း သူတို့တွေ့မြင်လာလိမ့်မည်။

## ဆုတောင်းခြင်း၏အကျိုးသက်ရောက်မှုများ

သင်သည် ခရစ်ယာန်မိဘတစ်ယောက်ဖြစ်လျှင် သားသမီးများကို အပြစ်ပေးသည့်အနေဖြင့် နာကျင်အောင်မရိုက်မီ ၎င်းတို့အပေါ်ထားရှိသည့် သင့်မေတ္တာကို သူတို့သိအောင်ဖော်ပြပါ။

အမှားအယွင်းတစ်ခုခုကိုပြုပြင်နိုင်ခြင်းနှင့် အခက်တစ်ခုခုကိုကျော်လွှားနိုင်ခြင်းသည် ပို၍ကြီးမားကောင်းမွန်သောအရာများကို ရယူနိုင်ဖို့ ဖြတ်သန်းရမည့်အရာများဖြစ်ပြီး ထိုအတွေ့အကြုံများကိုအရင်းပြုလျက် ဘဝကိုအောင်မြင်မှုရအောင် လုပ်ရမည့်အကြောင်း ကလေးများကိုပြောပြကြပါ။

ဘုရားသခင်၏လမ်းညွှန်ချက်အတိုင်းလိုက်လျှောက်ပါ

ကလေးများကိုအုပ်ချုပ်ရာတွင် သမ္မာကျမ်းစာသည် လမ်းပြတစ်ခုဖြစ်ပါသည်။ ကလေးများကိုလေ့ကျင့်ရန်နည်းလမ်းများနှင့် ပညာပေးရန်အချက်အလက်များကို အလိုရှိသောမိဘတိုင်း သမ္မာကျမ်းစာတွင်တွေ့နိုင်ကြပါသည်။ သမ္မာကျမ်းစာ၏လမ်းပြမှုအတိုင်း လိုက်လျှောက်သောအချိန်တွင် ကလေးများကိုလက်လွှတ်စပယ် အလိုမလိုက်တော့ရုံသာမက ကလေးများလုပ်သည့်အမှားများနှင့် ဖောက်ပြန်သောစိတ်ထားများကို မျက်ကွယ်မပြုတော့ဘဲ ဆုံးမလာကြပါလိမ့်မည်။ ကောင်းမွန်သောလုပ်ဆောင်မှုများအပေါ် နားလည်မှုများတိုးပွားလာကာ သမ္မာကျမ်းစာ၏အလင်းတွင် ထိုအရာများကိုလေးစားလာပါလိမ့်မည်။

မနာခံတတ်သူများကို နိုင်ငံတော်တွင်းသို့ ဘုရားသခင်ခေါ်ဆောင်တော်မူနိုင်မည်မဟုတ်ပါ။ ထိုကြောင့် အမိန့်တော်များကိုနာခံရန် ဘုရားသခင်တောင်းဆိုတော်မူပါသည်။ မိဘများအနေဖြင့် ဘုရားသခင်၏မိန့်တော်မူချက်နှင့်တောင်းဆိုချက်များကို သားသမီးများသိအောင် စိတ်အားထက်သန်စွာသင်ကြားပေးဖို့ လိုအပ်ပါသည်။ ထိုအချိန်တွင် ဘုရားသခင်သည် မိမိလူတို့၏ပတ်လည်တွင် အကာအကွယ်များတည်ဆောက်ထားကြောင်း ကောင်းကင်တမန်များနှင့်တကွ လူသားများအားထင်ရှားစွာ ပြသတော်မူလိမ့်မည်။

ဘုရားသခင်လုပ်ဆောင်မည့်အပိုင်းနှင့်သင်တို့လုပ်ဆောင်ရမည့်အပိုင်း

မိဘတို့၊ သင်တို့သည် မိမိတို့၌ရှိသမျှအစွမ်းများကိုအသုံးပြုလျက် သင်တို့၏တာဝန်ကို သစ္စာရှိစွာထမ်းဆောင်ကြမည်ဆိုလျှင် သားသမီးများ

အတွက် မိမိတို့လုပ်နိုင်စွမ်းမရှိသောအရာများကို ကူညီလုပ်ဆောင်ပေးရန် သခင်ဘုရားထံတွင် ယုံကြည်ခြင်းအပြည့်ဖြင့် ဆုတောင်းပေလိမ့်မည်။

သားသမီးများအတွက် သင်တို့လုပ်ဆောင်ရမည့်အပိုင်းကို သစ္စာရှိစွာသင်တို့လုပ်ဆောင်ပြီးနောက် မစကူညီရန်ဆုတောင်းလျက် ၎င်းတို့ကို ဘုရားသခင့်ထံတော်သို့ ပို့ဆောင်ကြပါ။ ထိုနောက် သင်လုပ်နိုင်သမျှသော အရာများကို သားသမီးများအတွက်သင်လုပ်ပြီးကြောင်း၊ သင်မတတ်နိုင်သော အပိုင်းကို မစကူညီပေးရန် ဘုရားသခင်ထံတော်တွင် အသနားခံကြပါ။ သူတို့၏စိတ်နှလုံးများကိုလည်း နူးညံ့သိမ်မွေ့လာရန် ဝိညာဉ်တော်အားဖြင့် မစကူညီရန်ဆုတောင်းပါ။ ဘုရားသခင်သည် သင်၏တောင်းဆိုချက်ကို နားညောင်းတော်မူပါလိမ့်မည်။ သင်၏ဆုတောင်းချက်ကိုအဖြေပေးရန်လည်း ကိုယ်တော်ရှင်အလိုရှိတော်မူပါလိမ့်မည်။ 'သားသမီးများကို အကျိုးနည်းအောင် သနားသောစိတ်မရှိစေ' ရန် သမ္မာကျမ်းစာအားဖြင့် ကိုယ်တော်ရှင်သည် သင့်ကိုပြဋ္ဌာန်းထားတော်မူရာ နှုတ်ကပတ်တော်၏သွန်သင်ချက်များကို လိုက်နာစောင့်ရှောက်ကြရန်ဖြစ်ပါသည်။

## မေတ္တာရှေ့ထားပြီးအပြစ်ပေးဆုံးမကြပါ

သားသမီးများကိုကိုင်တွယ်ရာတွင် နည်းလမ်း (၂) မျိုးရှိပါသည်။ ကိုင်တွယ်ပုံမတူသကဲ့သို့ ရလဒ်မှာလည်း ခြားနားလှပါသည်။ သခင်ဘုရား၏ သွန်သင်ချက်များနှင့်အညီ သတိပညာရှိရှိ ခိုင်ခိုင်မာမာသစ္စာရှိချစ်ခင်ကြင်နာခြင်းသည် လောကီလောကုတ္တရာနှစ်ဖြာသောအသက်တာများတွင် စိတ်၏ ချမ်းသာမှုနှင့်ပြည့်ဝစေပါလိမ့်မည်။ လုပ်ဆောင်ရမည့်တာဝန်များကို လျစ်လျူရှုခြင်းစိတ်အလိုကို မတော်မတရားလိုက်လျောခြင်း၊ လူငယ်များကိုစည်းကမ်းတကျအသက်ရှင်ရန်သင်ကြားပေးဖို့ ပျက်ကွက်ခြင်းများသည် စိတ်မချမ်းသာမှုကိုဖြစ်စေရုံသာမက သားသမီးများကို အဆုံးတွင်ပျက်စီးစေပါသည်။ မိဘများအားလည်း ဝေဒနာများကိုမချိတင်ကဲ ခံစားရစေပါသည်။

ချစ်ခြင်းမေတ္တာ၌ အမြွှာညီအစ်မတစ်ဦးရှိပါသေးသည်။ ၎င်းမှာ တာဝန်ပင်ဖြစ်ပါသည်။ ချစ်ခြင်းမေတ္တာနှင့်တာဝန်သည် တစ်ခုနှင့်တစ်ခုရင် ဘောင်တန်း၍ ရပ်တည်နေကြပါသည်။ တာဝန်ကိုလျစ်လျူရှုပြီး မေတ္တာ ကိုသာအသားပေးသောအချိန်တွင် သားသမီးများသည် နားကောက်ဖောက်ပြန် လာပါသည်။ တစ်ကိုယ်ကောင်းဆန်လာပါသည်။ နာခံမှုကင်းမဲ့လာပါသည်။ မေတ္တာမပါဘဲ တာဝန်ကိုသာအသားပေးသောအချိန်တွင်လည်း ထိုနည်းနှင်နှင် ရလဒ်များ ထွက်ပေါ်လာတတ်ပါသည်။ ထို့ကြောင့် ကလေးငယ်များကို စည်း ကမ်းကြပ်မတ်ရာတွင် ချစ်ခြင်းမေတ္တာနှင့်အလုပ်တာဝန်များကို အချိုးအဆကျကျ ဟန်ချက်ညီညီ ရောစပ်အသုံးပြုရပါမည်။

အမှားကိုမပြင်ဆင်ခြင်းသည်ဝမ်းနည်းမှုကိုဖြစ်စေခြင်း

အမှားများကိုတည့်မတ်ပေးခြင်းသည် သက်ဆိုင်ရာမိဘများကိုသာမက ဘုရားသခင်ကိုပင်စိတ်နှလုံးမသာမယာဖြစ်စေပါသည်။ အဆုံးအမမရှိခဲ့သော ထိုကလေးများသည် ဘုရားသခင်၏အလိုတော်ကိုဆောင်ရန်မနှစ်မြို့ဘဲ မိမိ အလိုအတိုင်း ပြုကျင့်လိုကြပါသည်။ မိမိစိတ်နှလုံး၏စေစားမှုအောက်တွင် ပြုမူအသက်ရှင်နေသောလူငယ်များသည် ယခုဘဝတွင်သာ စိတ်ဆင်းရဲမှုကို ခံစားရမည်မဟုတ်ဘဲ အဆုံးတွင်ထာဝရအသက်ကိုလည်း ဆုံးရှုံးပါလိမ့်မည်။

အိမ်ထောင်၏စည်းမျဉ်းသည်ကြင်နာမှုသာဖြစ်သင့်ခြင်း

ဘုရားသခင်၏အမှုတော်တွင် ချုပ်ချယ်ဖိနှိပ်ခြင်းကင်းစင်သကဲ့သို့ ကျောင်းများ၊ အိမ်များတွင်လည်း ချုပ်ချယ်ဖိနှိပ်ခြင်းများ ကင်းစင်သင့်ပါသည်။ အိမ်နှင့်ကျောင်းတွင်ထားရှိသည့် စည်းမျဉ်းများသည် ကြင်နာမှုစည်းမျဉ်းများ သာဖြစ်ပါလေစေ။ ဘုရားသခင်၏ပညတ်တော်ကိုစောင့်ရှောက်ရန် သားသမီး များကိုသင်ပေးကာ ချစ်ခြင်းမေတ္တာ၏သြဇာသက်ရောက်မှုများက ၎င်းအား မကောင်းမှုများမလုပ်မိအောင် ထိန်းချုပ်ပါလေစေ။

ကလေးဆန်သောမသိနားမလည်မှုများကိုစဉ်းစားသုံးသပ်ပေးခြင်း

မိခင်ဖခင်တို့၊ သင်တို့သည် အိမ်ထောင်တစ်ခုတွင် ဘုရားသခင်၏ ပင်ကိုစရိုက်ကို ဖော်ပြရမည့်သူများဖြစ်သည်။ သားသမီးများကို နားထောင် လိုက်လျှောက်သူများဖြစ်လာအောင် ချစ်ဖွယ်ကောင်းသော အပြုအမူအပြောအဆို များဖြင့် ခိုင်းစေရန်ဖြစ်သည်။ ကလေးများကို သင့်ထံသို့ဆွဲခေါ်နိုင်ရန် သင်သည် အကြင်နာတရားနှင့်ပြည့်ဝသူဖြစ်ရပါမည်။

သားငယ်သမီးငယ်များသည် အမှားနှင့်အမှန်ခွဲခြားသိမြင်နိုင်စွမ်း အားနည်းသူများဖြစ်ကြရာ သူတို့အမှားလုပ်မိတိုင်း ကြမ်းကြမ်းတမ်းတမ်း ဆူပူကြိမ်းမောင်းမည့်အစား ကြင်နာသောစကားများဖြင့် သင်ကြားပေးရပါမည်။ နားကောက်သောကလေးများကို ကြမ်းတမ်းရက်စက်စွာပြုကျင့်ရန် နှုတ်ကပတ် တော်က သင်တို့အားခွင့်ပြုထားခြင်းမရှိပါ။

အလားအလာမကောင်းသောကလေးများကိုကိုယ်ချင်းစာခြင်း

အလားအလာညံ့သောကလေးများကို စိတ်ရှည်ရှည်ဖြင့်ကြင်နာမှုပြ ရန်လိုအပ်သည်။ သူတို့သည် ကိုယ်ချင်းစာစိတ်များကို အထူးတောင့်တနေ သူများဖြစ်သည်။ သို့ရာတွင် မိဘအများစုသည် ထိုကဲ့သို့သောကလေးများကို ကြမ်းကြမ်းတမ်းတမ်း အကြင်နာမဲ့ပြုမူဆက်ဆံနေကြပါသည်။ ထိုသို့ဆက်ဆံ ခြင်းဖြင့် ထိုကလေးများကို လူကောင်းများဖြစ်လာအောင် လုပ်ဆောင်ရန် မဖြစ်နိုင်ပါချေ။

ကလေးများကိုအခက်အခဲများကျော်လွှားနိုင်အောင်ကူညီကြပါ

သားသမီးများကို အခက်အခဲများကျော်လွှားနိုင်အောင် ကြိုးပမ်းကူညီ ကြပါစို့။ မိသားစုဝင်များက ၎င်းတို့အား ထိုးနှက်ခြင်းမပြုလုပ်ပါစေနှင့်။ သင်တို့၏ကြမ်းတမ်းသောစကားများအားဖြင့်လည်း သူတို့ကိုစိတ်ဆိုးအောင် မလုပ်ကြပါနှင့်။ သို့ရာတွင် သူတို့၏မှားယွင်းသောလုပ်ဆောင်မှုများကိုမှ မှန်ကန်သောနည်းလမ်းများဖြင့် ဆုံးမပဲ့ပြင်ပေးကြရပါမည်။

ချီးမွမ်းခွင့်ရတိုင်းချီးမွမ်းပေးပါ

အောင်မြင်စွာလုပ်ကိုင်နိုင်သည့်အခါတိုင်းတွင် သူတို့ကိုချီးမွမ်းစကားပြောကြပါ။ ဆင်ခြင်တုံတရားနှင့်ပြည့်ဝသောချီးမွမ်းမှုများသည် အသက်အရွယ်ကြီးသည့်နားလည်မှုရှိသူများအတွက် အကျိုးရှိသကဲ့သို့ ထိုကလေးများအတွက်လည်း များစွာအထောက်အကူပြုပါသည်။ အိမ်ထောင်ဗိမာန်တော်တွင် ၎င်းတို့ကိုစိတ်ဘဝင်မကျအောင် မလုပ်ကြပါနှင့်။ သင့်ကိုကူညီမစမှုအားလုံးအတွက်ကျေးဇူးတင်စကားပြောကာ ကြင်နာယုယမှုအပြည့်ဖြင့် ခရစ်ယာန်ယဉ်ကျေးစာနာမှုကိုပြကြပါ။

သူတို့အား သင်ဖြစ်လာစေလိုသော အိမ်ထောင်ဦးစီးအသွင်မျိုးဖြင့် သူတို့ကိုအုပ်ချုပ်ပါ။ သင်၌သူတို့ပြောစေလိုသည့်စကားများကို သင်ကိုယ်တိုင်သူတို့၌ပြောကြပါ။

အသံနေအသံထားကိုဂရုစိုက်ပါ

ဒေါသအရိပ်အယောင်မပါသောအသံ၊ တည်ငြိမ်၍အေးချမ်းသောအသံဖြင့် ကလေးတွေကိုစကားပြောပါ။ ဒေါနှင့်မောနှင့်ပြောသဖြင့် ကလေးများနားထောင်မှုရှိလာကြလိမ့်မည်မဟုတ်ပါ။ ဒေါသဖြစ်စရာများရှိနေလျှင်တောင်မှ သင်ပြောသောအခါဒေါသသံမပါပါစေနှင့်။

သစ္စာနှင့်ကရုဏာကိုအချိုးကျစွာရောစပ်ပါ

သစ္စာနှင့်ကရုဏာကို အချိုးအဆမျှတစွာရောစပ်ထားသော ဆက်ဆံရေးမျိုးကို သူတို့ခံစားခွင့်ရအောင်လုပ်ကြပါ။ 'ကရုဏာနှင့်သစ္စာဆုံမိပြီး၊ တရားနှင့်ချမ်းသာသည် တစ်ပါးကိုတစ်ပါးနမ်းကြပြီ' ဆာလံကျမ်း ၈၅း၁၀၊ ဤစည်းမျဉ်း၏အောက်တွင် အသက်ရှင်နေထိုင်သော အိမ်ထောင်စုများသည် တရားမျှတစွာတရားစီရင်ခြင်းကို သခင်ဘုရား၏အလိုတော်နှင့်အညီ လုပ်ဆောင်ကြပါလိမ့်မည်။ အာဏာရှင်ဆန်ဆန်အုပ်ချုပ်နေသော မိဘများသည် မေတ္တာစကားနှင့်အပြုအမူများမှ ထွက်ပေါ်လာသည့် ချစ်ခင်ကြင်နာမှုများကို

သားသမီးတို့၏စိတ်နှလုံးထဲမှာ ခန်းခြောက်စေလျက် သားသမီးများအပေါ်တွင်သာ အမှားလုပ်နေခြင်းမဟုတ်ဘဲ မိမိကိုယ်ကိုလည်း အမှားလုပ်နေခြင်းဖြစ်သည်။ သို့ရာတွင် သားသမီးများကို ၎င်းတို့ဖော်ပြသည့်ကြင်နာမှုများ၊ စိတ်ရှည်မှုများနှင့်အချစ်များသည် သားသမီးများထံမှ သူတို့ထံသို့ရောင်ပြန်ဟပ်လာမည်ဖြစ်ပါသည်။ သူတို့သည် မိမိတို့စိုက်သည့်အတိုင်း ရိတ်ကြရပါမည်။ သစ္စာတရားတည်းဟူသော တရားမျှတမှုကို သင်ကျင့်သုံးနေစဉ်တွင် တရားမျှတမှု၌လည်း ကရုဏာဟုခေါ်သည့် အမြွှာညီအစ်မရှိသည်ကို သတိရပါ။ ထိုညီအစ်မနှစ်ယောက်သည် ခွဲထားလို့မရဘဲ အမြဲတမ်းရင်ဘောင်တန်းရပ်ထနေကြပါသည်။

ညှာတာမှုကင်းသောအပြုအမူများသည်ရန်လိုသောသဘောကိုနိုးထစေခြင်း

ချစ်ခြင်းမေတ္တာရောယှက်ထားခြင်းမရှိသော ညှာတာမှုကင်းခြင်းနှင့် တရားမျှတမှုပေါင်းစပ်ခြင်းသည် သားသမီးများအား အမှန်လမ်းသို့ပို့ဆောင်လိမ့်မည်မဟုတ်သည့်ပြင် ကလေးများအား တိုက်ခိုက်ရန်လိုသောစိတ်များကိုပင် အလျင်အမြန်ဖြစ်ပေါ်လာစေပါသည်။ ပို၍ကောင်းမွန်သောနည်းလမ်းတစ်ခုမှာ သင်၏အုပ်ချုပ်မှုစနစ်တွင် တရားမျှတခြင်း (သစ္စာ) ကို ချစ်ခြင်းမေတ္တာနှင့်ပေါင်းစပ်ပေးပါ။ ထိုသို့ပြုလျှင် သင်၏လုပ်ဆောင်မှုတွင် ဘုရားသခင်သည် သေချာပေါက်ပူးပေါင်းကူညီပေးတော်မူလိမ့်မည်။ ဖခင်များသည် သားသမီးများကိုထိန်းချုပ်ရာတွင် ပြောင်းလဲတတ်သောစည်းမျဉ်းများအပေါ်တွင် အခြေမပြုဘဲ သမ္မာကျမ်းစာ၏စံနှုန်းအပေါ်တွင် အခြေပြုသင့်ပါသည်။ မိမိ၏ကြမ်းတမ်းသောအကျင့်စရိုက်ကိုအခြေပြုလျက် သားသမီးများကိုသွန်သင်လျှင် သူသည်အာဏာရှင်တစ်ယောက်ဖြစ်လာပါသည်။

မေတ္တာကိုအခြေခံလျက်ပဲ့ပြင်ပါ

လူငယ်များကိုကိုင်တွယ်ပဲ့ပြင်နေသူများသည် အကြင်နာကင်းမဲ့သူများမဖြစ်သင့်ပါ။ သနားကြင်နာတတ်ပြီး ယဉ်ကျေးပျူငှာသူများဖြစ်သင့်ပါ

သည်။ သို့ရာတွင် ပြစ်တင်ဆုံးမစကားကိုပြောရမည့်အပြင် ပြစ်တင်ကြိမ်းမောင်းခြင်းများသည်လည်း မကောင်းသောလုပ်ရပ်များကို ရပ်တန့်သွားစေနိုင်သည် ကို သူတို့သိထားသင့်ပါသည်။

မတင်းလွန်းမလျော့လွန်းကြပါနှင့်

သားသမီးများကိုအပြစ်တင်ပြောဆိုမှုများအားဖြင့် စိတ်ဓာတ်ကျစေသည့် ဆုံးမပဲ့ပြင်မှုသည်လည်းကောင်း၊ သဲကြီးမဲကြီးပဲ့ပြင်သွန်သင်ခြင်းသည်လည်းကောင်း အကြင်နာမဲ့လုပ်ရပ်ဖြစ်ပါသည်။ ထိုနောက် စိတ်ထားပြောင်းလာကာ ကလေးအသက်ရှူလို့မရသည်အထိ နမ်းရှုပ်နေသည့် တစ်ခဏမှာပင် အနာတရဖြစ်အောင် ရိုက်နက်ခြင်းများသည် အကြင်နာမဲ့သောပဲ့ပြင်မှုများ ဖြစ်ကြပါသည်။ အလိုလိုက်လွန်းခြင်းနှင့် အလွန်တင်းကျပ်စွာအုပ်ချုပ်ခြင်း နှစ်မျိုးစလုံးကို ရှောင်ရှားသင့်ပါသည်။ နိုးကြားတည်ကြည်ခြင်းသည် မရှိမဖြစ်ထားသင့်သော စိတ်ထားဖြစ်သော်လည်း ကိုယ်ချင်းစာစိတ်နှင့်သိမ်မွေ့ခြင်းများမှာလည်း အရေးပါလှပါသည်။ အမှန်လမ်းကိုလျှောက်လှမ်းလိုသော ကလေးများသည် မကြာခဏရှုံးနိမ့်မှုများနှင့်ရင်ဆိုင်နေရတတ်ရာ ဇွဲရှိရှိဖြင့် ဆက်လက်ကြိုးစားနိုင်ဖို့ အားပေးရန်လိုအပ်လှပါသည်။ ထိုသို့ကြိုးစား လုပ်ဆောင်နေသောလူငယ်များကို ဆုတောင်းလျက်စောင့်ကြည့်နေကြပါ။ ကောင်းသောစိတ်ထားတိုင်းကို ပို၍အားကောင်းလာစေဖို့ ကူညီကြပါ။ မြင့်မြတ်သောလုပ်ဆောင်မှုတိုင်းကို ပိုမိုလုပ်ဆောင်နိုင်ဖို့ အားပေးကြပါ။

တည်ငြိမ်၍ခိုင်မြဲသောထိန်းချုပ်မှုကိုဆက်လက်ပြုလုပ်ပါ

တည်ငြိမ်၍ခိုင်မြဲသောထိန်းချုပ်မှုများသည် စည်းကမ်းရှိသော အိမ်ထောင်တစ်ခုဖြစ်ရန် လိုအပ်သောအရာဖြစ်ပါသည်။ တည်ငြိမ်သောလေသံဖြင့် စကားပြောပါ။ စဉ်းစားချင့်ချိန်ပြီးလုပ်ဆောင်ပါ။ ပြောသည့်အတိုင်း တိမ်းယိမ်းခြင်းမရှိဘဲ အကောင်အထည်ဖော်ပါ။ ထိုသို့လုပ်ဆောင်လျှင် သင်၏

သားသမီးများသည် သင်တို့ကိုချစ်ခင်လာကြလိမ့်မည်။ သူတို့၏ကလေးဆန်ဆန် ဆော့ကစားခြင်း၊ ပျော်ရွှင်ခြင်းနှင့်ငိုကြွေးခြင်းများအပေါ် အကြင်နာမဲ့စွာ မဆက်ဆံကြပါနှင့်။ တစ်ချက်ကလေးမှမျက်မှောင်မကြုတ်မိပါစေနှင့်။ ကြမ်းတမ်းသောစကားတစ်လုံးကိုမျှ မပြောမိပါစေနှင့်။

ကြင်နာသနားမှု၌လည်း အငန်းအတာတစ်ခုရှိပါသည်။ ဩဇာအာဏာတည်မြဲရန် ရက်စက်မှုများဖြင့်ထိန်းသိမ်းရပါမည်။ သို့မဟုတ်လျှင် မလေးမစား ပြက်ရယ်ပြုခြင်းများနှင့် ရင်ဆိုင်ရလိမ့်မည်။ တည်ကြည်ခြင်းနှင့် ဆုံးဖြတ်ချက်ခိုင်မာခြင်းများကိုအသုံးပြုကာ အကောင်အထည်ဖော်နိုင်လောက်သောတောင်းဆိုခြင်းများကို အိမ်ထောင်တိုင်းတွင်ကျင့်သုံးဖို့ လိုအပ်ပါသည်။

## ကိုယ့်အမှားကိုကိုယ်သတိရပါ

မိမိတို့ကိုယ်တိုင် ကလေးဘဝကိုဖြတ်သန်းခဲ့ရသည်ကို မိဘနှစ်ပါးစလုံး သတိရအောက်မေ့ကြပါ။ မိမိတို့ကိုယ်တိုင်လုပ်ဆောင်မိခဲ့သော အမှားများကိုအရင်းပြုလျက် သားသမီးများ၏အမှားများကို ပြင်နိုင်အောင်လေ့ကျက်ကြပါ။ သင်တို့ပြောသည့်အတိုင်း သားသမီးများမလုပ်ကြသဖြင့် တစ်ခါတစ်ရံတွင် သင်တို့စိတ်အနှောင့်အယှက်ဖြစ်ကောင်းဖြစ်ကြလိမ့်မည်။

## ချစ်ခင်ယုံကြည်မှုရအောင်လုပ်ဆောင်နည်း

မိဘများသည် ကလေးများနှင့်ရင်းရင်းနှီးနှီးနေထိုင်ကာ မေတ္တာပြကြလျှင်သော်လည်းကောင်း၊ ကလေးများ၏ကြိုးပမ်းမှုများ အားကစားပွဲများအပေါ် စိတ်ဝင်စားကြောင်းပြကြလျှင်သော်လည်းကောင်း၊ ကလေးများကိုပျော်ရွှင်အောင်ထားမည်ဆိုလျှင်သော်လည်းကောင်း ကလေးများ၏ချစ်ခင်ယုံကြည်မှုကို သူတို့ရရှိကြလိမ့်မည်။ ကလေးငယ်များသည် မိဘဆရာများ၏စကားကိုနားထောင်ကာ လေးစားချစ်ခင်ရန်လေ့ကျက်ရာတွင် မြန်ဆန်သူများဖြစ်ကြသည်။

ခရစ်တော်ကိုအတုခိုးရန်ကြိုးစားပါ

ခရစ်တော်သည် မိမိကိုယ်ကိုနိမ့်ကျသော အဖိနှိပ်ခံဆင်းရဲသားတစ်ဦး အဖြစ် အသက်ရှင်တော်မူခဲ့သည်။ ကလေးငယ်များကိုကောက်ချီကာ လူငယ် ကလေးအဆင့်သို့ဆင်းကာ ကိုယ့်ကိုကိုယ်နှိမ့်ချတော်မူခဲ့သည်။ ကိုယ်တော်၏ ကြီးမားသည့်မေတ္တာနှလုံးသားသည် ကလေးများ၏အခက်အခဲနှင့်လိုအပ်ချက် များကို သိတော်မူသကဲ့သို့ ကလေးများ၏ပျော်ရွှင်မှုကိုလည်း မျှဝေခံစား တော်မူတတ်ပါသည်။ ကလေးများကို မည်သည့်အခါမျှ ငြင်းပယ်တော်မမူပါ။ ကောင်းကင်ဗိုလ်ခြေအရှင်သည် ကလေးများ၏မေးခွန်းများကိုဖြေဆို နိုင်ရန် ကလေးများ၏နိမ့်ကျသောဘဝအထိ ကိုယ်ကိုကိုယ်နှိမ့်ချတော်မူခဲ့သည်။ ကလေးများနားလည်နိုင်သည်အထိ မိမိပြောဆိုလိုသောအရာများကို ရိုးရှင်းစွာ မိန့်တော်မူခဲ့သည်။ အနာဂတ်ကာလတွင် ကြီးမားသောရိတ်သိမ်းမှု များကိုဖြစ် စေမည့် သမ္မာတရားမျိုးစေ့ကို ထိုကလေးများ၏ဖွံ့ဖြိုးကြီးထွားနေသော စိတ် နှလုံးထဲတွင် ကိုယ်တော်ရှင်စိုက်ပျိုးပေးတော်မူခဲ့ပါသည်။

စိတ်မြန်ခြင်းကိုအောင်နိုင်စေရန်ဘုရားသခင်ကိုအားကိုးပါ

စိတ်မြန်သောမိခင်ဖခင်တို့၊ စိတ်ထိန်းနိုင်အောင် ဘုရားသခင်ထံတွင် အကူအညီတောင်းကြပါ။ စိတ်ဆိုးစရာတစ်ခုခုတွေ့လာလျှင် ကလေးများ အပေါ် မှန်ကန်သောဩဇာသက်ရောက်မှုကို ပေးစွမ်းနိုင်စေရန်အလို့ငှာ သင့်အခန်းထဲ သို့ပြန်ပြီး ဘုရားသခင့်ရှေ့မှောက်တွင်ဒူးထောက်လျက် အသနားခံ ဆုတောင်း ကြပါ။

မိခင်တို့၊ သင်တို့သည် စိတ်တိုတိုဖြင့် သားသမီးများကို ကြမ်းတမ်းစွာ ဆက်ဆံလျက် သင်တို့သည် ခရစ်တော်ထံတွင်နည်းခံနေခြင်းမဟုတ်ဘဲ အခြား သောသခင်တစ်ပါးထံတွင် နည်းခံနေခြင်းဖြစ်ပါသည်။ 'ငါ့ထမ်းပိုးကိုတင်၍ ထမ်းကြလော့၊ ငါ့ထံ၌နည်းခံကြလော့၊ ငါသည်နူးညံ့သိမ်မွေ့နှိမ့်ချသော စိတ်သ ဘောရှိ၏။ သင်တို့စိတ်နှလုံးသည် သက်သာခြင်းကိုရလိမ့်မည်။ အကြောင်းမူ ကား၊ ငါ့ထမ်းပိုးသည်ထမ်းလွယ်၏။ ငါ့ဝန်သည်လည်းပေါ့၏' ဟု

ခရစ်တော်ကိုယ်တော်တိုင် မိန့်တော်မူထားပါသည်။ သင်လုပ်ဆောင်နေရသောအလုပ်သည် ခက်ခဲသည်ဟု သင်ခံစားရသောအချိန်တွင်လည်းကောင်း၊ ရင်ဆိုင်နေရသောအခက်အခဲများအတွက် သင်ညည်းညူမိသောအချိန်တွင်လည်းကောင်း၊ စုံစမ်းခြင်းကိုတွန်းလှန်ရန် သင်၌ခွန်အားမရှိဟု ထင်သောအချိန်တွင်လည်းကောင်း၊ သည်းမခံနိုင်တော့သည့်အခြေအနေရောက်သည်အထိ ခရစ်ယာန်အသက်တာသည် တောင်တက်ခရီးအလား သင်ခံစားရသောအချိန်တွင်လည်းကောင်း သင်သတိထားသင့်သည့်အရာတစ်ခုမှာ ခရစ်တော်၏ထမ်းပိုးကိုသင်မထမ်းဘဲ အခြားတစ်ပါးသောသခင်၏ထမ်းပိုးကို သင်ထမ်းနေခြင်းကြောင့် ထိုသို့ခံစားနေရခြင်းဖြစ်သည် ဆိုသည့်အချက်ပင်ဖြစ်သည်။

ဘုရားသခင်၏ရုပ်လုံးကိုထင်ရှားခြင်း

မိဘတို့၊ လောလောဆယ်အဆင်ပြေသက်သာရာရဖို့ထက် သားသမီးများ၏ထာဝရကောင်းကျိုးကို ဦးစားပေးစဉ်းစားကြပါ။ မိမိ၏သားသမီးများကို ဘုရား၏အိမ်ထောင်သားများဖြစ်ကြောင်းရှုမြင်လျက် ဘုရား၏ရုပ်လုံးကို ပေါ်လွင်စေနိုင်မည့်နည်းလမ်းများအတိုင်း သွန်သင်ကြပါ။ ပဲ့ပြင်ကြပါ။

–o–



# အခန်း (၁၁)
# မှားယွင်းစွာအပြစ်ပေးဆုံးမခြင်း၏ကြီးမားသောအန္တရာယ်

ချစ်ခြင်းမေတ္တာသည် သားသမီးများ၏စိတ်နှလုံးကို ဖွင့်နိုင်သည့်သော့ဖြစ်သည်မှာမှန်သော်လည်း တရားတော်နှင့်ဆန့်ကျင်သော ကလေးများ၏လိုအင်ဆန္ဒများကိုလိုက်လျောရန် မိဘများကိုအားပေးသည့် ချစ်ခြင်းမေတ္တာမှာ ထိုကလေးများ၏ကောင်းကျိုးကိုပြုနိုင်သည့် မေတ္တာမျိုးမဟုတ်ပါ။ ခရစ်တော်ထံမှယိုစီးကျဆင်းလာသည့် အလွန်ထက်သန်သောချစ်ခြင်းမေတ္တာမျိုးသည်သာ မိဘများကို ဆင်ခြင်တုံတရားနှင့်ပြည့်စုံစွာ အာဏာကိုသုံးတတ်အောင် မစလိမ့်မည်။ ချက်ချင်းနာခံတတ်အောင် ဆွဲဆောင်နိုင်စေလိမ့်မည်။

လွပ်လပ်မှုအများကြီးပေးခြင်းကြောင့်အသုံးအဖြုန်းကြီးသည့်လက်ဖွာသူများဖြစ်လာခြင်း

သားသမီးများကို အထူးလွတ်လပ်ခွင့်ပေးထားခြင်းကြောင့် သူတို့သည် ဘုရားမဲ့တရားမဲ့ဖြစ်လာကြပါသည်။ စိတ်ထင်သည့်အတိုင်း လုပ်ပိုင်ခွင့်ရသူများဖြစ်လာကြသည်။ မိဘများကိုယ်တိုင်က နှုတ်ကပတ်တော်အတိုင်း ကျင့်ကြံနေထိုင်သူများမဟုတ်သဖြင့်လည်းကောင်း၊ သားသမီးများကို အိမ်တွင်အထူးအလိုလိုက်ကြသဖြင့်လည်းကောင်း ကလေးအများစုမှာ အသုံးအဖြုန်းကြီးပြီး လေလွင့်သူများဖြစ်လာကြပါသည်။

အလိုလိုက်မှုများလေလေအုပ်ချုပ်ဖို့ခက်လေလေ

သားသမီးများကိုအလိုလိုက်မှုများပြားလေလေ၊ သူတို့ကိုအုပ်ချုပ်ဖို့ခက်ခဲလာလေလေဖြစ်သည့်ပြင် အပြင်လောကသို့ရောက်သွားသော ထိုသူများသည် မြင့်မြတ်မှန်ကန်သောအသက်တာအတိုင်း နေထိုင်အသက်ရှင်ဖို့ ပို၍ခက်ခဲသွားတတ်ပါသည်။

အကယ်၍သာ သင်သည်သူတို့ကိုကြိုက်သလိုနေထိုင်ခွင့်ပြုမည်ဆိုလျှင် ၎င်းတို့၌ရှိထားသည့် သန့်ရှင်းခြင်းနှင့်နှစ်လိုဖွယ်ကောင်းသော စာရိတ္တများ သည် အလျင်အမြန်မှေးမှိန်သွားလိမ့်မည်။ ထိုကြောင့် နာခံမှုရှိအောင်သူတို့ကို သွန်သင်ပေးကြပါ။ အမှားကိုလုပ်တတ်သောကလေးငယ်များကို အလိုလိုက် ခြင်းသည် အပြစ်တစ်ခုဖြစ်သည်။ သားသမီးတစ်ယောက်ကို သင်တို့၏ အုပ်ချုပ်မှုအောက်၌သာထားရပါမည်။

အလိုလိုက်ခြင်းကြောင့်ဂနာမငြိမ်မှုနှင့်မရောင့်ရဲမှုများကိုဖြစ်စေခြင်း

အချို့မိသားစုများတွင် သားသမီးများ၏အလိုဆန္ဒသည် လိုက်လျှောက် ရမည့်ဥပဒေဖြစ်နေပါသည်။ သူလိုချင်သည့်အရာကိုပေးရပါသည်။ သူမကြိုက် သည့်အရာကို မည်သူမှမလုပ်ရပါ။ ထိုသို့အလိုလိုက်ခြင်းကြောင့် ကလေးငယ် ပျော်ရွှင်လာလိမ့်မည်ဟု အထင်ရှိနေကြသော်လည်း ထိုသို့လုပ်ဆောင်ပေးခြင်း ကြောင့် ထိုကလေးများသည် ဂနာမငြိမ်ခြင်း၊ တင်းတိမ်ရောင့်ရဲမှုမရှိခြင်းများ နှင့် ပြည့်စုံလာပါသည်။ ထိုအလိုလိုက်မှုကြောင့် သူ့အသက်အရွယ်အတွက် အကောင်းဆုံးဖြစ်သော ရိုးစင်းသည့်အစာများကိုစားလိုသည့် ခံတွင်းများပျက် ကုန်ကြပါသည်။ စိတ်အလိုအတိုင်း အသက်ရှင်နေထိုင်ခြင်းသည် လောကီ လောကုတ္တရာနှစ်ဖြာသောအသက်တာများအတွက် အထိုင်မကျသောအကျင့် စာရိတ္တတစ်ခုကို တည်ဆောက်ပေးပါသည်။

ချော့တိုင်းမပျော့ပါနှင့်

မိဘများသည် ကလေးအများစု၏ကျိုးကြောင်းမဲ့သော အလိုဆန္ဒ တိုင်းကို ဖြည့်ဆည်းပေးနေကြပါသည်။ အကြောင်းမှာ နားပူနားဆာလုပ်၍ တောင်းဆိုနေသည်ကို ထိုနည်းအားဖြင့်ဖြေရှင်းခြင်းသည် အလွယ်ကူဆုံးဖြစ် နေပါသည်။ ငြင်းဆိုမှုတစ်ခုကို မှန်ကန်သောစိတ်ဓာတ်ဖြင့် ရယူတတ်ရန် သော်လည်းကောင်း၊ အဆုံးသတ်အနေဖြင့် လက်ခံတတ်ရန်သော်လည်းကောင်း ကလေးတစ်ယောက်ကိုလေ့ကျင့်သင်ကြားထားသင့်ပါသည်။

သူတစ်ပါးစကားမကြားမီသားသမီးပြောသောစကားကိုလက်မခံပါနှင့်

မိဘများသည် သားသမီးများကျူးလွန်သောအပြစ်ကို ပေါ့ပေါ့တန်တန် မထားသင့်ကြပါ။ ကလေးများ၏အပြစ်များကို မိတ်ဆွေကောင်းများက ထောက်ပြလာသောအချိန်တွင် မိဘများအနေဖြင့် မိမိ၏အခွင့်အရေးကိုထိပါး လာသည်ဟူ၍လည်းကောင်း၊ မိမိသည် ပုဂ္ဂိုလ်ရေးတိုက်ခိုက်မှု ခံနေရပါပြီ လားဟူ၍ လည်းကောင်း အထင်မရောက်သင့်ကြပါ။ ကလေးလူငယ်တိုင်းတို့၏ အကျင့်စရိုက်များသည် လူ့အသိုက်အဝန်း၏ကောင်းကျိုးချမ်းသာကို ထိခိုက်တတ်ပါသည်။ လူငယ်တစ်ဦး၏မှားယွင်းမှုကြောင့် လူငယ်တစ်စုလုံးသည် မကောင်းသောလမ်းထဲသို့ ရောက်ရှိသွားတတ်ပါသည်။

အသက်ကြီးသော ခရစ်ယာန်များ၏ဖွင့်ဆိုချက်များကိုမကြားရမီ သူတို့၏စကားများကိုအရေးမထားကြောင်း သင်၏ကလေးများမြင်သာအောင် လုပ်ဆောင်ပါ။ သူတစ်ပါးပြောသည့်စကားထက် ငါ့သားသမီးတွေပြောသည့် စကားကို ငါယုံတယ်ဟု သင်ပြောနေခြင်းသည် သူတို့ကိုလိမ်တတ်အောင် သင်အားပေးအားမြှောက်လုပ်နေခြင်းဖြစ်ပါသည်။

ပျက်စီးနေသောကလေးတစ်ယောက်ထားရစ်တတ်သောအမွေအနှစ်

ကလေးငယ်ဘဝတွင် လျစ်လျူရှုခြင်းခံခဲ့ရခြင်းဖြင့် လေလွင့်သွားသောကလေးများသည် နောက်ပိုင်းတွင် လက်တွေ့ကျသောသင်ခန်းစာများကို စွဲမြဲအောင်သင်ကြားပေးသဖြင့် အသိတရားများပြန်ဝင်လာတတ်သော်လည်း ငယ်ရွယ်စဉ်အချိန်ကရခဲ့သည့် မပြည့်စုံသောသွန်သင်ချက်များကြောင့် အများစုမှာ ပြန်လည်ပျောက်ဆုံးသွားတတ်ပါသည်။ အလိုလိုက်ခြင်းခံခဲ့ရသောကလေးများသည် လေးသောဝန်ထုပ်တစ်ခုကို တစ်သက်လုံးထမ်းသွားရပါသည်။ စမ်းသပ်မှုများ၊ စိတ်ပျက်စရာများ၊ စုံစမ်းနှောက်ယှက်ခြင်းများတွင် သူသည် သေချာစွာပဲ့ပြင်ထားခြင်းမရှိသော သူ၏အလိုဆန္ဒနောက်သို့ လိုက်သွားတတ်ပါသည်။ နာခံရန်သွန်သင်ခြင်းမခံခဲ့ရသောကလေးများသည် အားနည်းသောအကျင့်စာရိတ္တ၊ စိတ်လိုက်မာန်ပါလုပ်တတ်သောအကျင့်များရှိကြသည်။

သူတစ်ပါးကိုနိုင်စားဖို့သာ သူတို့ကြိုးစားတတ်သော်လည်း သူတစ်ပါး၏ အုပ်ချုပ်မှုကိုခံရန် ဝန်လေးတတ်ကြပါသည်။ လေ့လွင့်နေသောစိတ်များကို ထိန်းရန်အတွက်သော်လည်းကောင်း၊ အမှားပြင်ရန်အတွက်သော်လည်းကောင်း၊ အထိန်းအကွပ်မဲ့အလိုဆန္ဒကို ချိုးနှိမ်ရန်အတွက်သော်လည်းကောင်း လိုအပ်သောစိတ်ဓာတ်ခွန်အားများ သူတို့၌မရှိကြပါ။

## စည်းကမ်းလျော့ရဲခြင်း

ကလေးများသည် ၎င်းတို့ငယ်ရွယ်စဉ်အချိန်ကရရှိခဲ့သော ဘာသာရေးဆိုင်ရာသွန်သင်မှုများ၏အကျိုးဆက်များကို ဆက်လက်သယ်ပိုးကြရပါသည်။ “as the twig is bent, so grows the tree” ဟူသောဆိုရိုးစကားအတိုင်း သခင်ဘုရား၏သစ်ပင်ပျိုများအပေါ် ရိုက်နှိပ်ထားသည့်အရာများကို ဖယ်ရှားပစ်ရန်မှာ လွယ်ကူသောအလုပ်တစ်ခုမဟုတ်ပါချေ။ ထိုအမှန်တရားကို မိဘများလက်ခံခဲ့ကြလိမ့်မည်ဆိုလျှင် သူတို့သည် ပြင်းထန်သောတိုက်ပွဲတစ်ခုကို ဆင်နွှဲခဲ့ကြပါလိမ့်မည်။ ကလေးများ၏စာရိတ္တများကို ပြန်လည်ပြုပြင်ပေးနိုင် ကောင်းပြုပြင်ပေးနိုင်ကြမည်ဖြစ်သော်လည်း ၎င်းတို့၏ဘာသာရေးအတွေ့အကြုံ များသည် မိဘများ၏လျော့ရဲသောစည်းကမ်းများကြောင့် များစွာထိခိုက်ခဲ့ရ ပါသည်။ မှားယွင်းသောအရာများကိုတံဆိပ်ခတ်ကာ ချွတ်ယွင်းသောသွန်သင် မှုများကို ပေးလိုက်သောမိဘများ၏လုပ်ရပ်များကြောင့် ၎င်းတို့၏ကလေးငယ် များသည် တစ်သက်လုံးဒုက္ခပင်လယ်ဝေနေကြရပါသည်။

**ချွတ်ယွင်းမှုနှင့်ပြည့်ဝသောစာရိတ္တများကြောင့်လူ့အသိုက်အဝန်းတစ်ခုလုံးထိခိုက်နစ်နာခြင်း**

အိမ်ထောင်မှထွက်ခွာသွားပြီး အိမ်ထောင်ဦးစီးများအဖြစ် နေရာယူကြသည့် ၎င်းတို့၏သားသမီးများ၌ လျော့ရဲသောသင်ကြားမှုများ၏ရလဒ်များကို မြင်တွေ့နေရပါသည်။ မိဘများ၏မှားယွင်းသောလုပ်ဆောင်မှုများကို

ဆက်လက်တည်တံ့စေကာ ချွတ်ယွင်းမှုများနှင့်ပြည့်ဝနေသောအကျင့်များကို အဆုံးတိုင်ကြီးထွားစေကြပါသည်။ ၎င်းပြင် သူတို့ပျိုးထောင်ခဲ့သော မကောင်းသည့်စိတ်ထားနှင့်အကျင့်များကို သူတစ်ပါးအားလည်း ဖြန့်ချိပေးနေကြပါသည်။ သူတို့သည် လူ့အသိုက်အဝန်းအတွက် အမင်္ဂလာများဖြစ်နေပါသည်။ ယနေ့ ကမ္ဘာကြီးတွင်ဖြစ်ပွားနေသော မကောင်းမှုအလုံးစုံတို့ကိုခြေရာကောက်လျှင် သားသမီးများကို ကောင်းမွန်စွာမဆုံးမခဲ့သည့်ပြင် မိမိကိုယ်တိုင်လည်း စည်းကမ်းတကျမနေထိုင်ခဲ့သော မိဘများ၏လျစ်လျူရှုမှုများတွင် တွေ့မြင်ကြရပါလိမ့်မည်။

## စည်းကမ်းဇက်ကြိုးကိုလျော့ပေးခြင်း

မှားယွင်းသောအုပ်ချုပ်မှုအောက်တွင်ကြီးပြင်းကာ စည်းကမ်းလိုက်နာပြီး ရိုသေလေးစားမှုရှိအောင် သွန်သင်ခြင်းမခံခဲ့သောကလေးများသည် အပြင်လောကသို့ထွက်လာကာ မိဘများကို သူတို့ခိုင်းသည့်အတိုင်းလုပ်စေရုံသာမက သူတို့သွားစေလိုသောနေရာများကိုလည်း သွားခိုင်းတတ်ကြပါသည်။ မိဘစကားကိုနားထောင်ကာ မိဘများကိုရိုသေလေးစားသင့်သောအချိန်အခါမျိုးတွင် မိဘများက သားသမီးများအပေါ်ပြဋ္ဌာန်းထားသည့် စည်းကမ်းဇက်ကြိုးကြီးကို လျော့ပေးလိုက်ကြပါသည်။

## သားကြီး၊ သမီးကြီးများကိုပို၍အလိုလိုက်တတ်ခြင်း

မိမိတို့လုပ်ဆောင်ရမည့်အရာများကို နားလည်သင့်သောမိဘများသည် အသက်အရွယ်ကြီးလာသော သားသမီးများ၏တောင်းဆိုချက်များနှင့်ကိုက်ညီစေရန်အလို့ငှာ ချမှတ်ထားသည့်စည်းကမ်းများကို လျော့ပေါ့ပစ်ကြသည်။ ကလေးများ၏အလိုဆန္ဒသည်ပင် တည်ဆဲဥပဒေအဖြစ် သတ်မှတ်နေကြပါသည်။ မှန်ကန်ရိုးစင်းမှုကိုထိန်းသိမ်းလျက် ယုံကြည်ချက်များနှင့်စည်းမျဉ်းဥပဒေများအပေါ် မဖောက်မပြန်စောင့်ထိန်းခဲ့သောမိခင်များသည်ပင်လျှင် လူပျိုပေါက်၊ အပျိုပေါက်ဖြစ်လာသောသားသမီးများကို အလိုလိုက်လာတတ်ကြပါသည်။

**သားသမီးများ၏ချစ်ခင်မှုကိုရရှိရန်ဘုရားသခင်၏ဂုဏ်အသရေကိုညှိုးနွမ်း စေခြင်း**

မိဘများသည် ဘုရားမဲ့တရားမဲ့ သားသမီးများ၏အလိုကိုဖြည့်ဆည်းလျက် အပြင်လောကတွင်မျက်နှာပန်းပွင့်စေရန် ငွေကြေးဥစ္စာများဖြင့်ပံ့ပိုးနေကြသည်။ တစ်ချိန်က ၎င်းတို့ကိုယ်တိုင် ပြစ်တင်ရှုတ်ချခဲ့သောဖြေဖျော်မှုများအတွက်တံခါးဖွင့်ကာ လေလွင့်နေသည့် သားသမီးများ၏အကြိုက်ကိုဆောင်နေသည့်တစ်ချိန်တည်းမှာပင် ဘုရားသခင်၏အသရေကိုရှုတ်ချနေကြပါသည်။

**သင့်ကလေးကိုသင်ဖြစ်စေသည့်အခြေအနေတွင်သင်ကိုယ်တိုင်ရပ်တည်ပါ**

သင့်ကလေးများကို သင်ဖြစ်စေလိုသည့်အခြေအနေမျိုးတွင် သင်ကိုယ်တိုင်ရပ်တည်ပါ။ မတည်မငြိမ် ကြမ်းတမ်းပြီးယဉ်ကျေးမှုကင်းသော အပြောအဆိုအပြုအမူများဖြင့် သားသမီးများနှင့်မြေးများ၏စိတ်နှလုံးကို ဖြည့်တင်းပေးနေကြသည်။ ထို့ကြောင့် မိဘများ၏ချွတ်ယွင်းမှုနှင့်ပြည့်ဝသော အုပ်ချုပ်မှုများကိုသားစဉ်မြေးဆက်သက်သေခံကြပါလိမ့်မည်။

## သားသမီးများ၏တုံ့ပြန်မှုကိုထိန်းချုပ်ခြင်း

ကျွန်ုပ်တို့သည် သားသမီးများ၏မေတ္တာကိုရအောင်လုပ်သည်ထက်သူတို့ကိုစိတ်ဆိုးအောင်လုပ်နေကြပါသည်။ မိမိတို့၏သားသမီးများက အထူးနှစ်သက်မြတ်နိုးသောအရာအချို့ကို သားသမီးများလက်ထဲမှ ရုတ်တရက်ဆွဲယူလိုက်ကြသည်။ အဘယ်ကြောင့်ထိုသို့လုပ်သည်ကို ကလေးများမဝေခွဲနိုင်ကြသော်လည်း သူတို့ကိုအနိုင်ကျင့်နေသည်ဟု အများအားဖြင့်ထင်ကြပါသည်။ ထို့နောက် မိဘနှင့်သားသမီးအများအကြား စကားများရန်ဖြစ်ကာအပြင်ပန်းအားဖြင့် တစ်ယောက်ကိုတစ်ယောက်အပြစ်တင်ခြင်းဖြင့် အဆုံးသတ်တတ်ပါသည်။ သို့သော်လည်း သားသမီးများ၏နူးညံ့သောစိတ်နှလုံးဝယ်

အလွယ်တကူချေဖျက်လို့မရနိုင်သော ခံစားချက်များထင်ကျန်ခဲ့ပါသည်။ ထိုကဲ့သို့သောမိခင်များသည် သတိပညာကင်းမဲ့စွာဖြင့် ပြုကျင့်နေခြင်းဖြစ်သည်။ အကျိုးအကြောင်းဆင်ခြင်မှုနှင့်လည်း ကင်းမဲ့ပါသည်။ သူမ၏ကြမ်းတမ်းပြီး မဖွယ်ရာသောအပြုအမူများကြောင့် ထိုသားသမီး၏စိတ်ထဲမှာ အဆိုးဝါးဆုံးသောစိတ်ဆန္ဒများကို နိုးကြားသွားကာ တဖြည်းဖြည်းအားကောင်းလာစေပါသည်။

အပြစ်ရှာခြင်း

အပြစ်ရှာခြင်းနှင့် အသေးအဖွဲအမှားကလေးများအပေါ် ပုံကြီးချဲ့အပြစ်တင်ခြင်းများဖြင့် သားသမီးများ၏ပျော်ရွှင်မှုကို မှေးမှိန်သွားစေမည့် ဝမ်းနည်းစရာများကိုလုပ်ရန် သင်တို့၌အခွင့်မရှိပါ။ အမှန်တကယ်မှားသောအမှားများကို အရှိအတိုင်းဖော်ပြကာ နောက်တစ်ခါမကျူးလွန်စေရန် ခိုင်မာသောဆုံးဖြတ်ချက်များဖြင့် လုပ်ဆောင်ရပါမည်။ သို့သော် ကလေးငယ်များအား မျှော်လင့်ချက်မဲ့သောအခြေအနေမျိုးတွင် မထားရစ်ဘဲ မိဘများ၏စိတ်ကျေနပ်မှုနှင့်ယုံကြည်မှုကို ပြန်လည်ရရှိအောင် လုပ်နိုင်စွမ်းရှိသေးသည်ဟူသောရဲစွမ်းသတ္တိများရှိလာအောင် လုပ်ဆောင်သင့်ကြပါသည်။

ကြမ်းတမ်းသောအပြစ်ဒဏ်ပေးခြင်း

ကြမ်းတမ်းသောအပြစ်ပေးခြင်း၊ ခါးသီးသောပြစ်တင်ဝေဖန်ခြင်းနှင့် တစ်ဖက်သတ်ပြဋ္ဌာန်းထားသော ဥပဒေစည်းမျဉ်းများသည် အာဏာပိုင်များကို မလေးမစားလုပ်ဆောင်စေရုံသာမက အဆုံးတွင် ခရစ်တော်ကိုယ်တော်တိုင်ကျင့်ဆောင်ခဲ့သောပညတ်တော်များကိုပင် ဂရုမစိုက်သည့်အခြေသို့ ရောက်သွားစေပါသည်။

မိဘတို့၊ ဖြစ်ပေါ်လာသည့်အကျိုးဆက်များ၏အကြောင်းရင်းများကို လေ့လာရန်မှာ သင်တို့၏တာဝန်ဖြစ်သည်။ သားသမီးများကို ဆူပူကြိမ်းမောင်းသောအခါတွင်လည်းကောင်း၊ မိမိကိုယ်ကိုကာကွယ်နိုင်စွမ်းမရှိသေးသည့်

ကလေးငယ်များကို စိတ်ဆိုးမာန်ဆိုးထိုးကြိတ်လိုက်သောအခါတွင်လည်းကောင်း ထိုလုပ်ဆောင်မှုအတွက် မည်သည့်အကျိုးဆက်ကို သင်တို့ရလိမ့်မည်ကို မေးခွန်းထုတ်ဖူးပါသလား။ သူတစ်ပါးအားအပြစ်တင်သည့်စကားများကိုပြောရန် သင်တို့သည် မည်မျှစိတ်မြန်နေသည်ကိုလည်း စဉ်းစားဖူးပါသလား။ သင်၏ စွမ်းဆောင်ရည်များကို အသိအမှတ်ပြုရန် အချို့သောသူများပျက်ကွက်နေသည်ဟု သင်တို့ထင်သောအခါတွင် စိတ်ထိခိုက်မှုကို လျင်မြန်စွာသင်တို့ခံစားနေရပါသလား။ အရွယ်ရောက်ပြီးဖြစ်သော သင်တို့သည်ပင် ဤမျှခံစားနေရသည်ဆိုလျှင် သင်တို့၏ကြမ်းတမ်းသောစကားများနှင့် ရက်စက်သောအပြစ်ပေးခြင်းများကြောင့် သင့်သားသမီးများ မည်မျှခံစားရမည်ကို သင်စဉ်းစားကြည့်ပါ။

## အဆက်မပြတ်ပြစ်တင်ဝေဖန်ခြင်း

သားသမီးများ၏မကောင်းသောစရိုက်များကို ပြုပြင်ရန်ကြိုးစားနေစဉ်တွင် အပြစ်ရှာခြင်း၊ အပြစ်တင်ဝေဖန်ခြင်းများကိုမလုပ်မိအောင် ကျွန်ုပ်တို့ဂရုပြုသင့်ပါသည်။ အဆက်မပြတ် ပြစ်တင်ဝေဖန်မှုများသည် သားသမီးများကိုကောင်းလာစေနိုင်ခြင်းမရှိဘဲ စိတ်ရှုပ်ထွေးမှုများကိုသာ ဖြစ်စေပါသည်။ စိတ်ထိခိုက်လွယ်ပြီး ခံနိုင်ရည်နည်းသော သားငယ်သမီးငယ်များအတွက် အကြင်နာမဲ့ပြစ်တင်ဝေဖန်တတ်သော ပတ်ဝန်းကျင်သည် ဆုံးရှုံးမှုကိုဖြစ်စေသည့် အကြောင်းရင်းတစ်ခုဖြစ်ပါသည်။

တချို့သောအမှားများအတွက် ထပ်ခါတလဲ ပြစ်တင်ဝေဖန်မှုခံနေရသော ကလေးတစ်ယောက်သည် ထိုအမှားကိုပင် သူ၏ထူးကဲမှုတစ်ခုအဖြစ်မှတ်ယူကာ အခြားအရာများကို ရအောင်ကြိုးပမ်းမှုကို အချည်းနှီးအရာတစ်ခုအဖြစ် မှတ်ယူလာတတ်ပါသည်။ ဤနည်းအားဖြင့် စိတ်မဝင်စားခြင်း (သို့မဟုတ်) ကြွားဝါခြင်းများအောက်တွင် ဖုံးကွယ်နေသည့် စိတ်ဓာတ်ကျခြင်းနှင့် မျှော်လင့်ချက်မဲ့ခြင်းများကို ပေါ်ထွက်လာစေတတ်ပါသည်။

အမိန့်ပေးခြင်းနှင့်ဆူပူကြိမ်းမောင်းခြင်း

အချို့မိဘများသည် စိတ်မထိန်းနိုင်ကြသဖြင့် ဒေါသမီးပေါက်ကွဲတတ်ကြသည်။ ကြင်နာသောစကားများဖြင့် သားသမီးများကိုခိုင်းစေရမည့်အစား ဆူပူကြိမ်းမောင်းသောစကားများဖြင့် အမိန့်ပေးခိုင်းစေတတ်ကြရုံသာမက တစ်ချိန်တည်းမှာပင် ကလေးများနှင့်မထိုက်တန်သည့် ပြစ်တင်ဝေဖန်သောစကားများကိုလည်း ပြောတတ်ကြပါသည်။ မိဘတို့၊ ထိုကဲ့သို့သောလုပ်ရပ်များသည် သားသမီးများ၏ချမ်းမြေ့သောစိတ်နှင့်ရည်မှန်းချက်များကိုပျက်စီးသွားစေပါသည်။ သူတို့သည် သင်ခိုင်းစေသည့်အရာကို လုပ်ဆောင်ကောင်းလုပ်ဆောင်ကြမည်ဖြစ်သော်လည်း မေတ္တာကိုအခြေခံသည့်လုပ်ဆောင်မှုမဟုတ်ဘဲ မတတ်သာသောကြောင့်လုပ်ဆောင်ရခြင်း ဖြစ်နေတတ်ပါသည်။ ထိုအလုပ်ကိုလည်း စိတ်ဝင်စားမှုမရှိသည့်ပြင် ငြီးငွေ့ဖွယ်အလုပ်တစ်ခုအဖြစ်ခံစားရကာ သင်၏ညွှန်ကြားချက်များကို မကြာခဏ သတိမေ့လျော့တတ်သဖြင့် သင်၏ဒေါသစိတ်ကို ပိုမိုတိုးပွားစေရာ သင်သည် ကလေးများကိုပို၍ကြမ်းတမ်းစွာဆက်ဆံလာပါတော့သည်။

အာဏာရှင်ပြုမူသောလမ်းစဉ်

မိဘများသည် သားသမီးများကို တင်းကျပ်ရက်စက်စွာ အပြစ်ပေးအရေးယူနေကြလျှင် သူတို့ကိုယ်တိုင်မလုပ်ကိုင်နိုင်ခဲ့သော အလုပ်တစ်ခုကိုလုပ်ခိုင်းနေခြင်းဖြစ်သည်။ ၎င်းတို့၏အာဏာရှင်ဆန်သောလမ်းစဉ်အားဖြင့်မတရားမှုကိုခံစားရအောင် နှိုးဆွပေးနေကြပါသည်။

တရားမျှတမှုမရှိခြင်း

တရားမျှတမှုမရှိသောလုပ်ရပ်များကို သားငယ်သမီးငယ်များခံနိုင်စွမ်းမရှိကြပါ။ မတရားသောလုပ်ဆောင်မှုများကြောင့် အချို့ကလေးငယ်များမှာစိတ်ဓာတ်ကျလာပြီး စိတ်ဆိုးမာန်ဆိုးအော်ဟစ်အမိန့်ပေးခြင်းများကို ဂရုမစိုက်ကြတော့ချေ။ အပြစ်ပေးမည်ဟူသော ခြိမ်းခြောက်မှုများကိုလည်း အလေးမထား

ကြတော့ချေ။ မိဘများ၏ထိုကဲ့သို့သော မှားယွင်းသည့်လုပ်ဆောင်မှုများကြောင့် ပုန်ကန်ခြားနားလိုသောအလိုဆန္ဒများသည် ၎င်းတို့၏စိတ်နှလုံးထဲမှာ အခြေတည်လာပါသည်။ အကယ်၍သာ ကလေးများကို သင့်လျော်ကောင်းမွန်သော နည်းလမ်းများဖြင့် ပြုစုခဲ့ကြမည်ဆိုလျှင် ဟန်ချက်ညီကောင်းမွန်သော စာရိတ္တများကို သူတို့တည်ဆောက်နိုင်ခဲ့ကြမည်ဖြစ်ပါသည်။

ဆောင့်ဆွဲခြင်း (သို့မဟုတ်) ထိုးနှက်ခြင်း

မိခင်တို့၊ သင်တို့သည် သားသမီးများကို ဆောင့်ဆွဲနေသောအချိန်၊ ထိုးနှက်နေသောအချိန်တွင် ခရစ်ယာန်စာရိတ္တ၏လှပမှုကို သားသမီးများ မြင်တွေ့နေရသည်ဟု ထင်နေပါသလား၊ မမြင်တွေ့ကြရပါ။ ထို့ပြင်သာမက သားသမီးများ၏စိတ်နှလုံးတွင် မကောင်းသောစိတ်ထားများ ပေါက်ဖွားလာကာ လမ်းမှားကိုဆက်လက်သွားစေလျက်ရှိပါသည်။

လှောင်ပြောင်သရော်ခြင်းနှင့်မခံချင်အောင်ပြောဆိုခြင်း

သားသမီးများကို သောကရောက်အောင်လုပ်ခြင်း၊ ဆူပူကြိမ်းမောင်းခြင်းနှင့် လှောင်ပြောင်သရော်ခြင်းများကိုလုပ်ရန် မိဘများအား အခွင့်အာဏာပေးမထားပါ။ မိမိတို့ကိုယ်တိုင်ပေးအပ်ထားသည့် ဖောက်ပြန်သောသဘောများဖြင့် သားသမီးများကို မည်သည့်အခါမျှ မခံချင်အောင်မစသင့်ကြပါ။ ထိုသို့မခံချင်အောင်ပြောခြင်းအားဖြင့် သားသမီးများ၏မကောင်းသောစရိုက်များကို မကုစားနိုင်ပါ။ မိဘများထံမှထွက်လာသည့် စိတ်ဆိုးမာန်ဆိုးစကားများထက် နှုတ်ကပတ်တော်တွင်ဖော်ပြထားသည့် ဆုံးမစကားများသည် များစွာပို၍ထိရောက်မှုရှိပါသည်။

သည်းခံမှုမရှိခြင်း

မိဘများ၏စိတ်မရှည်မှုများသည် သားသမီးများ၏စိတ်မရှည်သော စိတ်ကို နှိုးဆွပေးပါသည်။ မိဘများကဖော်ပြနေသော အလိုရမ္မက်များသည်

သားသမီးတို့၏စိတ်တွင် ရှိနေသောအလိုရမ္မက်များကိုနှိုးဆွပေးကာ ၎င်းတို့၏ မကောင်းသောသဘာဝကို လှုပ်ရှားလာစေပါသည်။ ချုပ်တည်းမှုများဆုံးရှုံးကာ စိတ်မရှည်လက်မရှည်ဖြင့် ပြုမူပြောဆိုနေသောအချိန်တွင် ထိုမိဘများ သည် ဘုရားသခင်ကိုဆန့်ကျင်လျက် အပြစ်ကျူးလွန်နေကြပါသည်။

ကြိမ်းမောင်းခြင်းနှင့်ချော့မော့ခြင်းကိုအလှည့်ကျသုံးခြင်း

တောင်းတာကိုမရသဖြင့် ကြမ်းပြင်ပေါ်မှာလူးလိမ့်ဟစ်အော်နေသော ကလေးကို စိတ်သဘောထားပြန်လည်ကောင်းမွန်လာဖို့မျှော်လင့်လျက် ချော့တစ် ခါခြောက်တစ်လှည့်လုပ်နေသောမိခင်များကို သင်တို့မြင်ဖူးကြလိမ့်မည်။ ထိုနည်းလမ်းသည် ကလေးငယ်များ၏ရမ္မက်ကို ပို၍သာအားကောင်းလာစေ ပါသည်။ ကလေးငယ်များသည် မိမိတို့အလိုအတိုင်း မိခင်လုပ်ပေးမည်အထင် နှင့်ပို၍သာဆိုးလာတတ်ပါသည်။ ဤနည်းအားဖြင့် ကြိမ်လုံး ကိုမသုံးခြင်းသည် ကလေးငယ်ကိုဖျက်ဆီးနေခြင်းဖြစ်ပါသည်။

ခိုင်မာသောဆုံးဖြတ်ချက်မရှိခြင်း

ဆုံးဖြတ်ချက်မခိုင်မာသောကြောင့် များစွာသောထိခိုက်နစ်နာမှုများကို ဖြစ်ပေါ်စေတတ်ပါသည်။ ထိုအရာကိုမလုပ်ရဘူး၊ ဤအရာကိုမလုပ်ရဘူးဟု စည်းကမ်းသတ်မှတ်ခဲ့သော်လည်း မိမိလုပ်ဆောင်မှုအား တင်းကျပ်လွန်းသည် ဟုထင်ကာ အနည်းငယ်လျော့ပေးလိုက်ပြီး ယခင်ကပေးဖို့ငြင်းဆန်ခဲ့သော အရာကို အချို့မိဘများက ပေးတတ်ကြပါသည်။ တစ်သက်လုံးခံစားရမည့် ဒဏ်ရာတစ်ခုကို ဤနည်းအားဖြင့် မိဘများပေးနေကြပါသည်။ လိုချင်သော အရာတစ်ခုကိုအငြင်းပယ်ခံရလျှင် ထိုအရာကိုရရှိရန် မျှော်လင့်ချက်မထား တော့ဘဲ အခြားအရာတစ်ခုကိုရအောင်လုပ်ဖို့ ကြိုးစားတတ်ပါသည်။ သို့သော် လိုချင်သောအရာတစ်ခုကိုရနိုင်သေးသည်ဟု အထင်ရှိနေသေးလျှင် ထိုအရာ ကိုရရှိအောင် ကြိုးစားလိမ့်ဦးမည်သာတည်း။

ခိုင်မာသောဆုံးဖြတ်ချက်များအောက်တွင် အသက်ရှင်ကြီးပြင်းလာခဲ့သောကလေးများသည် တားမြစ်ထားသောအရာတစ်ခုကို လှည့်ဖြားခြင်းအားဖြင့်လည်းကောင်း၊ လိမ်လည်ကျီစယ်ခြင်းအားဖြင့်လည်းကောင်း မရနိုင်သည်ကို သိထားပါသည်။ သိထားသည့်အတိုင်း သူတို့ပြုကျင့်ကြသဖြင့် ပို၍ပျော်ရွှင်ကြပါသည်။ ဆုံးဖြတ်ချက်မခိုင်မာသော မိဘများ၏အုပ်ချုပ်မှုအောက်တွင် ကြီးပြင်းခဲ့သူများမှာမူ ချော့မော့ခြင်း၊ ငိုယိုခြင်း၊ စူပုပ်ပုပ်လုပ်ခြင်းအားဖြင့် မိမိလိုချင်တာကို မျှော်လင့်နေတတ်ကြပါသည်။ ဆုံးဖြတ်ချက်မခိုင်မာသည့်အပြင် အလိုလိုက်တတ်လွန်းသောမိဘများမှ ပေါက်ဖွားလာသောကလေးများသည် မိဘစကားကိုနားမထောင်သော်လည်း အပြစ်ဒဏ်မခံရဟု ထင်နေတတ်ကြပါသည်။ ဤနည်းအားဖြင့် ထိုကလေးများသည် မသေချာမရေရာမှုများ၊ မျှော်လင့်ချက်များ၊ အလိုဆန္ဒများ၌သာ ပိတ်မိနေကြပြီး မတည်ငြိမ်သောကလေးများ၊ စိတ်တိုတတ်သောကလေးများ၊ နာခံမှုမရှိသောကလေးများဖြစ်လာကြပါသည်။ မှားယွင်းဆိုးရွားသော ထိုအုပ်ချုပ်မှုစနစ်သည် ထောင်ပေါင်းများစွာသောလူငယ်များ၏နောင်တမရတတ်ခြင်းနှင့် ဘာသာတရားကိုင်းရှိုင်းမှု မရှိခြင်းများ၏အဓိကအကြောင်းရင်းတစ်ခုဖြစ်ပါသည်။

မလိုအပ်ဘဲချုပ်ချယ်ခြင်း

အသက်အရွယ်ကြီးနေပြီးဖြစ်သောမိဘများ၌ သားသမီးများထွန်းကားလာသောအခါ မိမိလျှောက်ခဲ့ရသောဘဝခရီးကြမ်းမျိုးကို ထိုကလေးလျှောက်ရမည်ဟု အထင်ရောက်နေတတ်ကြပါသည်။

မိဘအများစုမှာမူ အန္တရာယ်ကင်းပြီး အပြစ်ကင်းသောအရာများကိုပင်လုပ်ရန်အလိုမလိုက်တတ်ကြချေ။ မကောင်းသည့်အရာများကို လုပ်လိုသောဆန္ဒများကို ပျိုးထောင်ပေးရာရောက်မှာစိုးသဖြင့် လူငယ်များပါဝင်သင့် သောအရာများ၌ပင် ကလေးများကိုပါဝင်ခွင့်မပြုကြချေ။ မကောင်းသော ဆိုးကျိုးများဖြစ်လာမည်ကို ကြောက်ရွံ့သဖြင့် ၎င်းတို့ရှောင်ရှားလိုသည့် မကောင်းသောအရာများကင်းသည့် ရိုးရိုးပျော်ပွဲရွှင်ပွဲများကိုပင် သွားခွင့်မပြု

ကြပါ။ ထို့ကြောင့် မိဘများ၏သဘောတူညီချက်ရရှိဖို့ မျှော်လင့်ချက်ထားလျှင်လည်း အပိုပင်ဖြစ်သည်ဟု သဘောထားကာ သားသမီးများသည် မိဘများထံတွင် မည်သည့်အရာကိုမျှ တောင်းဆိုခြင်းမပြုကြတော့ဘဲ မသွားဖို့တားမြစ်ထားသော ပျော်ပွဲရွှင်ပွဲများသို့ မိဘများမသိအောင် ခိုး၍သွားကြပါသည်။ မိဘနှင့်သားသမီးအကြား ရှိသင့်သောယုံကြည်စိတ်ချမှုများသည် ဤနည်းအားဖြင့်ပျက်စီးသွားပါသည်။

ပေးသင့်သောအခွင့်အရေးများကိုငြင်းပယ်ခြင်းဤနေရာမှစ၍ဖတ်ရန်

မိခင်ဖခင်များကိုယ်တိုင်က ပျော်ရွှင်သောကလေးဘဝကိုမရရှိခဲ့လျှင် သူတို့ကိုယ်တိုင်ဆုံးရှုံးခဲ့ရသောအရာကိုမရအောင် သားသမီးများ၏အသက်တာကို အဘယ်ကြောင့်အရိပ်မည်းကြီးဖြင့် ဖုံးလွှမ်းထားသင့်ပါသနည်း။ ဖခင်ဖြစ်သူမှာ လေလွင့်နေသည့်သားကလေးကိုကြည့်ကာ ဝမ်းနည်းနေစဉ် မိမိကိုယ်တိုင်မိဘများကို အန်တုခဲ့သောဖြစ်ရပ်အတွက် စိတ်ထိခိုက်နေပါလိမ့်မည်။ သားကလေး၏နားမထောင်မှုသည် ၎င်းအတွက် မကောင်းမှုမဖြစ်နိုင်သည့်နေရာသို့သွားခွင့်ပြုရန် ဆန္ဒမရှိခြင်း၏ပထမအကြောင်းရင်းဖြစ်သည်ဟု ဖခင်တစ်ဦးအနေဖြင့် စဉ်းစားသုံးသပ်ခြင်းသည် မှန်ကန်မှုရှိပါလိမ့်မည်လား။ သားကလေးတောင်းဆိုမှုကိုငြင်းပယ်ကာ သားကလေးလုပ်ချင်သည့်အရာကိုလုပ်ခွင့်မပေးခြင်းအတွက် လုံလောက်သောအကြောင်းပြချက်များကိုပြောပြီးပြီဟု မိဘများထင်တတ်ကြသော်လည်း ထိုသားကလေးသည် စက်ရုပ်တစ်ရုပ် မဟုတ်ဘဲ အသိရှိသောသတ္တဝါတစ်ဦးဖြစ်ကြောင်း မိမိကိုသူတစ်ပါးက မည်ကဲ့သို့ဆက်ဆံသည်ကို ကြိုက်သလိုမိမိ၏သားကလေးကိုလည်း ထိုနည်းအတူ ဆက်ဆံသင့်ကြောင်းများကို မိဘများသတိရအောက်မေ့သင့်ပါသည်။

ရက်စက်ကြမ်းတမ်းခြင်း

မိဘများထံမှ လက်ဆင့်ကမ်းရရှိခဲ့သော ဗိုလ်ကျလိုသောသဘော၊ အာဏာပြလိုသောသဘောများဖြင့် အိမ်ထောင်ကိုအုပ်ချုပ်ခဲ့သူများသည်

ကြမ်းတမ်းစွာအပြစ်ပေးသွန်သင်တတ်ကြရုံသာမက သားသမီးများကိုအမှန် လမ်းသို့ ပို့ဆောင်သွန်သင်ခြင်းမရှိကြပါ။ အမှားအယွင်းပြည့်ဝလျက်ရှိသော သူတို့၏ အုပ်ချုပ်မှုစနစ်ကို ခက်ထန်ကြမ်းတမ်းစွာကျင့်သုံးနေခြင်းအားဖြင့် သားသမီးများ၏နှလုံးသား၌ အဆိုးရွားဆုံးသောအာသာရမ္မက်များကို ဖြစ်ပေါ်စေလျက် တရားမျှတမှုမရှိသောခံစားချက်နှင့် မှားယွင်းသောခံစားချက်များကို ထင်ကျန်စေတတ်ပါသည်။ သူတို့မျှဝေထားသည့်စိတ်သဘောထားကို သားသမီးများ၌ သူတို့တွေ့နေရပါသည်။

တည်ငြိမ်ကြင်နာသောပြုမူပြောဆိုဟန်

မိဘများသည် မိမိတို့၏သားသမီးများကို ချစ်စရာကောင်းသူများဖြစ်လိုလျှင် ကြမ်းမောင်းသည့်ပြောဟန်ဆိုဟန်ဖြင့် မပြောကြပါနှင့်။ မိခင်များသည် ကလေးများကိုဆောင့်ဆွဲခြင်း၊ ကြမ်းတမ်းစွာပြောဆိုခြင်းများကို မကြာခဏပြုလုပ်တတ်ကြသည်။ အကယ်၍သာ ကလေးတစ်ဦးကို တည်တည်ငြိမ်ငြိမ် ကြင်ကြင်နာနာဆက်ဆံမည်ဆိုလျှင် ချစ်စရာကောင်းသည့်စိတ်ထားကို သူ၌တွေ့ရပါလိမ့်မည်။

ချစ်စရာကောင်းသောတောင်းပန်တိုးလျှိုးခြင်း

ဖခင်သည် သားသမီးများကို ညင်သာစွာ၊ စိတ်ရှည်ရှည်ဖြင့် ဆက်ဆံသင့်ပါသည်။ သားသမီးများ၏စိတ်ထဲမှာ ရန်လိုတိုက်ခိုက်လိုသောစိတ်သဘောထားများ ပေါက်ဖွားမလာအောင် ဂရုစိုက်သင့်ပါသည်။ တစ်ချိန်တည်းမှာပင် သားသမီးများအား မပဲ့ပြင်မဆုံးမဘဲ အပြစ်လုပ်ဖို့ခွင့်ပြုထားရမည်မဟုတ်ပါ။ အဆိုးရွားဆုံးသောရမ္မက်ကိုမနှိုးဆွဘဲ သားသမီးများကို ဆုံးမလို့ရသည့်နည်းတစ်နည်းရှိပါသည်။ မှားယွင်းသောလုပ်ရပ်များအပေါ် ခရစ်တော်အလွန်ဝမ်းနည်းမှုခံစားရကြောင်း ဖခင်ဖြစ်သူကပြောပြကာ ကရုဏာပလ္လင်ရှေ့မှာ အတူတကွဒူးထောက်လျက် သားသမီးများကိုချစ်ခင်သနားဖို့၊ နောင်တလမ်းထဲသို့ပို့ဆောင်ဖို့နှင့် သူတို့၏အပြစ်များကိုခွင့်လွှတ်ဖို့ ခရစ်တော်ဘုရားထံတော်

တွင်ဆုတောင်းပါ။ ထိုကဲ့သို့သောပဲ့ပြင်မှုမျိုးသည် ခိုင်မာသောစိတ်နှလုံးကို အမြဲတမ်းလိုလို အရည်ပျော်သွားစေတတ်ပါသည်။

သားသမီးများကို ရိုးစင်းသည့်သဘောဖြင့်ဆက်ဆံသည်ကို ဘုရားသခင်နှစ်သက်တော်မူသည်။ ကလေးများသည် လူကြီးများကဲ့သို့ နှစ်ရှည်လများ သင်ကြားပို့ချမှုခံယူခွင့်မရသေးသည်ကို ကျွန်ုပ်တို့မေ့လျော့တတ် ကြပါသည်။ ကျွန်ုပ်တို့၏သဘောတရားများနှင့်အညီ ကလေးများမလုပ်ဆောင်ကြလျှင် သူတို့သည် ဆူပူကြမ်းမောင်းမှုနှင့်ထိုက်တန်သူများဖြစ်သည်ဟု ကျွန်ုပ်တို့ထင်ကြပြန်သည်။ သို့ရာတွင် ထိုသို့လုပ်ဆောင်ခြင်းသည် ထိုပြဿနာ ကိုပြေလည်မသွားစေပါ။ သင်၏သားသမီးများကို ခရစ်တော်ထံသို့ခေါ်သွားပြီး ကိုယ်တော်အားဖြစ်သမျှကိုပြောပြပါ။ ထိုနောက် သူတို့အပေါ်သို့ ကိုယ်တော်ရှင်ထံမှ ကောင်းချီးမင်္ဂလာများကျရောက်လာလိမ့်မည်ကို ယုံကြည် လိုက်ပါ။

## သားသမီးများအားဆုံးမအပြစ်ပေးခြင်းအပေါ်ထားသည့် ဆွေမျိုးများ၏သဘောထား

အိမ်ထောင်မှုကိစ္စများတွင် ဆွေမျိုးများ၊ မိတ်ဆွေများ၏ပါဝင်စွက်ဖက်မှုကြောင့် များစွာသောကလေးများ ပျက်စီးခဲ့ရဖူးပါသည်။ မိခင်သည် သားသမီးကိုဆုံးမပဲ့ပြင်မှုတွင် မိမိ၏ညီမများကိုလည်းကောင်း၊ မိမိ၏မိခင်ကိုလည်းကောင်း ပါဝင်လုပ်ဆောင်ခွင့်မပြုသင့်ပါ။ သူမ၏မိခင်ဖြစ်သူမှာ သူမအားကောင်းမွန်စွာသွန်သင်ပဲ့ပြင်နိုင်ခဲ့သူတစ်ဦးဖြစ်သည်မှန်စေဦးတော့ အဘွားများသည် မိမိတို့၏မြေးကလေးများကို အလိုလိုက်ခြင်း၊ မမှန်ကန်သော ချီးမွမ်းခြင်းများအားဖြင့် (၁၀) ယောက်တွင် (၉) ယောက်အထိပင် ဖျက်ဆီးပစ်တတ်ကြပါသည်။ မိခင်တစ်ဦး၏ကြိုးပမ်းလုပ်ဆောင်မှုများသည် အဘွားများ၏အပြုအမူများကြောင့် အောင်မြင်မှုရနိုင်လိမ့်မည်မဟုတ်ပါ။

မလေးစားတတ်သူများကိုပြက်ရယ်ပြုသောအခါ......

ကလေးငယ်များအား မိဘကိုပြန်ပြောခွင့်၊ လူကြီးများကိုမပြောသင့်သော အသုံးအနှုန်းများကိုသုံးလျက် မလေးမစားပြောဆိုခွင့်များ ပြုနေကြပါသည်။ မလျော်ကန်သောစကားများကို ပြောခွင့်ပြုနေသည့် မိဘများသည် ထိုစကားများကိုပြောနေသောကလေးများထက် အပြစ်တင်သင့်သူများဖြစ်ကြသည်။ ကလေးများ၏အမှားမပြင်လိုခြင်းကို မည်သည့်အခါမျှခွင့်မပြုသင့်ကြသော်လည်း မိဘ၊ ဘိုးဘွား၊ ဦးလေး၊ အဒေါ်တို့သည် တစ်နှစ်သားအရွယ် ကလေးငယ်တစ်ဦး၏အလိုရမ္မက်ဖော်ပြခြင်းကို လှောင်ပြောင်ရယ်မောနေကြပါသည်။

မှန်ကန်သောပဲ့ပြင်မှုကိုသူတို့မကြိုက်နှစ်သက်သောအခါ.......

သားသမီးများကိုအပြစ်ပေးရိုက်နှက်ဆုံးမခြင်းသည် ရက်စက်ရာကျသောလုပ်ရပ်ဖြစ်သည်ဟု သက်ဆိုင်ရာ မိဘ၊ ဘိုးဘွား၊ ဦးလေး၊ အဒေါ်များက ကလေးမိဘများကို အယုံသွင်းကောင်းသွင်းနိုင်မည်ဖြစ်သော်လည်း အကူအညီမဲ့ ခွန်အားနည်းပါးသောကလေးငယ်တစ်ဦးကို စာတန်၏လက်ထဲသို့ထည့်လိုက်ခြင်းသည် ပို၍ရက်စက်သောလုပ်ရပ်တစ်ခုဖြစ်သည်ဟုလည်း တစ်ဖက်မှာတွေးတောသုံးသပ်နိုင်ပါသည်။ အမှန်မှာ စာတန်ကိုအပြစ်တင်ရပါမည်။ ကလေးငယ်ကိုထိန်းချုပ်ထားသည့် ၎င်း၏လက်ကိုဖျက်ဆီးပစ်ရပါမည်။ ဆုံးမအပြစ်ပေးဖို့လိုအပ်လျှင် သစ္စာရှိစွာ၊ မှန်ကန်စွာလုပ်ဆောင်ရပါမည်။ ထိုကလေးငယ်ကို အမှန်တကယ်ချစ်သနားတော်မူသော မေတ္တာတော်အရှင်ဘုရားသခင်သည် သစ္စာရှိသောတာဝန်ထမ်းဆောင်မှုကို လမ်းပြတော်မူပါလိမ့်မည်။

မိသားစုဝင်များစိတ်ရှုပ်ထွေးခြင်း

ခင်ပွန်းဘက်နှင့်ဇနီးသည်ဘက်မှ ဆွေးမျိုးတော်စပ်သူအိမ်ထောင်စုနှစ်စုသုံးစုသည်မိုင်အနည်းငယ်အတွင်း အခြေချနေထိုင်ခြင်းသည် အကောင်းဆုံး

အခြေချခြင်းမဟုတ်ပါ။ တစ်ဦးအပေါ်တစ်ဦး သြဇာလွှမ်းမိုးမှုသည် မကောင်းလှပါ။ မိသားစုတစ်ခု၏စီးပွားရေးလုပ်ငန်းသည် ထိုမိသားစုနှစ်စုသုံးစု၏စီးပွားရေးလုပ်ငန်းဖြစ်လာပါသည်။ ထိုနည်းတူ မိသားစုတစ်ခုစီ ရင်ဆိုင်ခံစားနေရသော စိတ်ရှုပ်စရာများနှင့်ဒုက္ခဝေဒနာများသည် ထိုမိသားစုများအလယ်တွင် မျှဝေခံစားလာရပါသည်။ မည်မျှပင်ရင်းနှီးစေကာမူ၊အခြားသူများမသိသင့်သောကိစ္စရပ်များလည်း ရှိတတ်ပါသည်။ ထိုကိစ္စများသည် မိသားစုတစ်စုစီအလိုက် ဖြေရှင်းရမည့်အရာများလည်းဖြစ်ပါသည်။ သို့သော် မိသားစုများ နီးနီးကပ်ကပ်၊ ရင်းရင်းနှီးနှီးနေထိုင်ကြသောအခါ တစ်မိသားစု၏ပြဿနာများကို တစ်မိသားစုမှသိသွားကာ မိသားစုများထိန်းသိမ်းရမည့်သိက္ခာများကိုကျဆင်းစေတတ်ပါသည်။ ကလေးငယ်များကို သွန်သင်ပဲ့ပြင်ခြင်းဆိုင်ရာ သိမ်မွေ့နူးညံ့သောတာဝန်ကို ထမ်းဆောင်ရာတွင်လည်း နူးနူးညံ့ညံ့ဖြင့် ဂရုတစိုက်မလုပ်ကိုင်ခဲ့လျှင် စိတ်ဒဏ်ရာများဖြစ်စေမည့် အန္တရာယ်ရှိနေပါသည်။ စာရိတ္တဆိုင်ရာအကောင်းဆုံးစံနမူနာပြထိုက်သူများပင်လျှင် အမှားမှားအယွင်းယွင်း ပြုမူပြောဆိုတတ်ရာ အသေးအဖွဲ့ကိစ္စကလေးများတွင် ပုံကြီးမချဲ့မိစေရန် အထူးဂရုပြုလုပ်ဆောင်ကြရပါမည်။

–၀–



# အခန်း (၁၂)
# စိတ်ခံစားခွန်အားများဖွံ့ ဖြိုးအောင်လုပ်ဆောင်ခြင်း

စစ်မှန်သောပညာရေးဆိုသည်မှာ ဘာသာရပ်တစ်ခုကိုလေ့လာခြင်းထက် ပိုမို၍လေးနက်ပါသည်။ ကာယခွန်အားများနှင့် စိတ်ခံစားခွန်အားများ ဟန်ချက်ညီညီဖွံ့ဖြိုးအောင်လုပ်ခြင်းသည် စစ်မှန်သောပညာရေး၌ ပါဝင်ပါသည်။ ဘုရားသခင်ကိုချစ်ကြောက်ရိုသေရန် စစ်မှန်သောပညာရေးက လမ်းပြပေးပြီး အသက်တာ၏တာဝန်များကို သစ္စာရှိစွာဆောင်ရွက်နိုင်ရန်လည်း စစ်မှန်သောပညာရေးက ပြင်ဆင်ပေးပါသည်။

ပညာရေးအားလုံးတွင် ပထမဦးစွာသင်ကြားပေးရမည့်သင်ခန်းစာမှာ ဘုရားသခင်၏အလိုတော်ကို သိရှိနားလည်ရန်ပင်ဖြစ်သည်။ ထိုသင်ခန်းစာကို ကောင်းမွန်စွာတတ်ကျွမ်းစေရန် နေ့စဉ်အသက်တာတွင် လေ့ကျက်ရမည်ဖြစ်ပါသည်။ လူသားများ၏အနက်ဖွင့်ဆိုချက်သက်သက်ဖြင့်ပြီးသော သိပ္ပံပညာကို လေ့လာခြင်းသည် စစ်မှန်သောပညာရေးမဟုတ်သော်လည်း ဘုရားသခင်နှင့်ခရစ်တော်အကြောင်းကိုလေ့လာခြင်းသည် အထက်မှလာသောသိပ္ပံပညာကိုလေ့လာခြင်းဖြစ်သည်။ ဘုရားသခင်၏ဉာဏ်တော်ကိုလည်းကောင်း၊ ကိုယ်တော်၌သိကျွမ်းခြင်းကိုလည်းကောင်း မြှင့်တင်ခြင်းမပြုလုပ်ကြသဖြင့် ပညာရေးတွင်ရှုပ်ထွေးမှုများရှိနေခြင်းဖြစ်ပါသည်။

အရှိန်အဝါသြဇာတိက္ကမသည်တစ်ကိုယ်ကောင်းဆန်သောပြိုင်ဆိုင်ခြင်းနှင့်လောဘစိတ်ကိုဆန့်ကျင်တုံ့ပြန်ခြင်း

သင်ကြားပေးနေသောပညာရေးအများစုသည် ပညာရေးဆိုသည့်နာမည်နှင့် သွေဖည်နေပါသည်။ စစ်မှန်သောပညာရေးတွင် ကျွန်ုပ်တို့ကမ္ဘာကြီးရှိ ခွေးဆိုးခွေးသခိုးများအလား လူသားများကိုဒုက္ခပေးနေသည့် တစ်ကိုယ်ကောင်းဆန်သောရည်မှန်းချက်၊ အာဏာတန်ခိုးရလိုမှု၊ လူသား

များ၏အခွင့်အရေးနှင့်လိုအပ်ချက်များကို လျစ်လျူရှုခြင်းများသည် ဆန့်ကျင်ဘက်ဩဇာလွှမ်းမိုးမှုရှိနေကြောင်း တွေ့ရပါသည်။ အသက်တာနှင့်စပ်ဆိုင်သည့် ဘုရားသခင်၏စီမံကိန်းတွင် လူသားတိုင်းအတွက် နေရာတစ်ခုရှိပါသည်။ လူတိုင်းသည်မိမိ၌ရှိသောအစွမ်းအစများကို အစွမ်းကုန်ဖွံ့ဖြိုးအောင်လုပ်ဆောင်ရပါမည်။ မိမိ၌ရှိထားသည့်အစွမ်းများမှာ နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ ၎င်းတို့ကိုသစ္စာရှိစွာ ဖွံ့ဖြိုးအောင်လုပ်ပေးမည်ဆိုလျှင် ဂုဏ်ပြုမည့်စာရင်းတွင် သူတို့ပါဝင်လာပါလိမ့်မည်။

ဒေဝ်ဥယျာဉ်၌စံနမူနာပေးထားခြင်း

ဤကမ္ဘာကြီး၏အစအဦးတွင်တည်ထောင်ခဲ့သော ပညာရေးစနစ်မှာ ကမ္ဘာတည်သရွေ့နေထိုင်အသက်ရှင်ကြမည့် လူသားများအတွက် စံနမူနာတစ်ခုဖြစ်ပါသည်။ ထိုပညာရေး၏အခြေခံစည်းမျဉ်းများကို ပုံဖော်မှုတစ်ခုအဖြစ် ဧဒင်ဥယျာဉ်တွင် စံပြကျောင်းတစ်ကျောင်းကို တည်ထောင်ခဲ့ပါသည်။ ကျွန်ုပ်တို့၏မိဦးဖဦးများနေထိုင်သည့် နေအိမ်လည်းဖြစ်ပါသည်။ ဧဒင်ဥယျာဉ်သည် သူတို့၏စာသင်ခန်းဖြစ်ခဲ့ပြီး သဘာဝကြီးသည် သူတို့သင်ယူရသည့်သင်ခန်းစာစာအုပ်ဖြစ်ခဲ့ရုံသာမက ဖန်ဆင်းရှင်ကိုယ်တော်တိုင်သည် သူတို့၏သင်တန်းမှူးဖြစ်ခဲ့ပါသည်။

စာတွေ့လက်တွေ့စုံလင်သည့်ပညာရေးအစစ်အမှန်

ကလေးအရွယ်နှင့်လူငယ်အရွယ်များတွင် စာတွေ့၊ လက်တွေ့နှစ်ခုစလုံးပေါင်းစပ်ထားသည့် ပညာများကိုသင်ကြားပေးကာ စာပေဗဟုသုတများကိုစိတ်တွင်သိမ်းထားသင့်ပါသည်။

အိမ်မှုတာဝန်များကိုလည်း ပါဝင်လုပ်ဆောင်တတ်အောင် ကလေးများကိုသွန်သင်သင့်ပါသည်။ သူတို့လုပ်နိုင်စွမ်းရှိသောအလုပ်ကလေးများတွင် မိဘကိုမည်သို့ကူညီရမည်ကို သင်ကြားပေးသင့်ပါသည်။ တွေးတတ်ခေါ်တတ်အောင် သင်ကြားပေးသင့်သလို သူတို့လုပ်ဆောင်ရမည့်အလုပ်များကို စိတ်စွဲ

လမ်းနေအောင် သွန်သင်ပေးရမည့်အပြင် အိမ်ထောင်အတွက်အသုံးဝင်သော လူသားများဖြစ်အောင် လေ့ကျင့်ပေးလျက် ၎င်းတို့၏အသက်အရွယ်နှင့်သင့်လျော်မည့်လက်တွေ့လုပ်ဆောင်ရသောတာဝန်များကို လုပ်ဆောင်တတ်အောင် သင်ကြားပေးသင့်ပါသည်။

အသက်တာ၏ဝန်ထုပ်ဝန်ပိုးများမှလွတ်ကင်းစေသည့်နည်းလမ်းတစ်ခု မဟုတ်

အသက်တာတွင်ရင်ဆိုင်ရမည့် အလိုမတူသည့်လုပ်ငန်းများနှင့်တကွ ထမ်းရွက်ရမည့်လေးသောဝန်များကို ရှောင်ရှားနိုင်စေမည့်နည်းလမ်းကို ပညာရေးကသူတို့အား သင်ကြားပေးမည်မဟုတ်ပါဟူသော အသိတရားကလေး ရအောင် လူငယ်များကိုနားလည်စေကြပါ။ ပညာရေး၏ရည်မှန်းချက်မှာ ပို၍ကောင်းသောနည်းလမ်းနှင့် ပို၍မြင့်မားသောရည်မှန်းချက်များကို သင်ကြားပေးခြင်းအားဖြင့် ထိုလုပ်ငန်းတာဝန်များကို ပေါ့ပါးစွာထမ်းရွက်နိုင်အောင် ပြင်ဆင်ပေးခြင်းဖြစ်သည်။ အသက်တာ၏စစ်မှန်သောရည်မှန်းချက်မှာ သူတို့ကိုယ်တိုင်အတွက်သာ အကောင်းဆုံးအောင်မြင်မှုများကို ရအောင်လုပ်ဆောင်ရန်မဟုတ်ဘဲ လောကကမ္ဘာနှင့်ဆိုင်သော လုပ်ငန်းတာဝန်များကို လုပ်ကိုင်မှုများ၌ ဖန်ဆင်းရှင်ကိုဂုဏ်ပြုရန်ဖြစ်ပါသည်။ မိမိထက်မသိနားမလည်သော အားနည်းသူများကို မစကူညီရန်ဖြစ်ပါသည်။

တာဝန်ထမ်းဆောင်လိုသောစိတ်ခံစားကိုနိုးထစေသင့်သောပညာရေး

အလုပ်တာဝန်များကို ထမ်းဆောင်လိုသောစိတ်များနိုးကြားလာစေရန် ကလေးများအား မှန်ကန်သောနည်းလမ်းများဖြင့် ညွှန်ကြားအားပေးရမည့် တာဝန်မှာ မိဘဆရာများ၏တာဝန်သာဖြစ်သည်။ ထိုတာဝန်ထက်အရေးပါသောတာဝန်ကို ၎င်းတို့အား ပေးအပ်ထားခြင်းမရှိပါ။ အလုပ်အကျွေးပြုလိုသောစိတ်ထားများသည် မြင့်မြတ်သောစိတ်ထားများဖြစ်သဖြင့် ထိုစိတ်ထား

ကလေးဖွံ့ဖြိုးလာဖို့ အစွမ်းကုန်ကြိုးစားလုပ်ဆောင်လျှင် ကောင်းကင်တမန်များသည်လည်း ပါဝင်ကူညီကြပါလိမ့်မည်။

ဥာဏ်ရည်မြင့်မားရေးထက်ကိုယ်ကျင့်တရားကောင်းမွန်ရေးကိုအသား
ပေးသွန်သင်သည့်စစ်မှန်သောပညာရေး

ကိုယ်ကျင့်တရားမြင့်မားရေးထက် ဥာဏ်ရည်မြင့်မားရေးကို ဦးစားပေးသောပညာရေးစနစ်သည် တလွဲညွှန်ပြနေသော ပညာရေးဖြစ်သည်။ ကလေးသူငယ်များကိုသွန်သင်ခြင်း၊ ပြုစုပျိုးထောင်ခြင်း၊ ပြုပြင်ခြင်း၊ မွမ်းမံခြင်းများသည် မိဘဆရာများလုပ်ဆောင်ရမည့် အဓိကအလုပ်များဖြစ်သင့်ပါသည်။

စာရိတ္တတည်ဆောက်ခြင်းသည်ပညာရေး၏ပန်းတိုင်

အကျင့်စာရိတ္တကို အတတ်နိုင်ဆုံးဖွံ့ဖြိုးစေမည့် အသိပညာနှင့်စည်းကမ်းစည်းမျဥ်းများကိုပေးသည့် ပညာရေးသည်လည်းကောင်း ဘုရားသခင်၏အသက်တာဖြင့် တိုင်းတာသည့်အသက်တာမျိုးကိုဝင်စားရန် လူတစ်ယောက်အား အရည်အသွေးမီစေသည့်ပညာရေးသည်လည်းကောင်း အမြင့်မားဆုံးအတန်းအစားဖြစ်သော ပညာရေးဖြစ်ပါသည်။ ကျွန်ုပ်တို့၏အရေးထားမှုတွင် ထာဝရကာလဆိုင်ရာကိစ္စများကို ချန်လှပ်မထားကြပါနှင့်။ အမြင့်မြတ်ဆုံးသောပညာရေးသည် ကျွန်ုပ်တို့၏သားသမီးများအား ခရစ်ယာန်အယူဝါဒဆိုင်ရာသိပ္ပံပညာကိုသင်ကြားပေးပါသည်။ ထိုသိပ္ပံပညာမျိုးသည် ဘုရားသခင်၏နည်းလမ်းများအပေါ် စမ်းသပ်တွေ့ရှိသောဗဟုသုတတစ်ခုကို သူတို့ထံ၌ပေးအပ်ရုံသာမက တပည့်တော်များကို ခရစ်တော်သွန်သင်တော်မူခဲ့သည့် ဘုရားသခင်၏ဖခင်စရိုက်ဆိုင်ရာ သင်ခန်းစာများကိုလည်း မျှဝေပေးပါသည်။

ဖွံ့ဖြိုးမှုနှင့်ညွှန်ကြားမှုကိုပေးသောသင်တန်းတစ်ခု

လူငယ်များရရှိခဲ့သော ရှေးဦးပညာရေးသည် ၎င်းတို့၏လောကီရေးရာနှင့် ဘာသာရေးဆိုင်ရာ စာရိတ္တနှစ်ခုစလုံးကို ပုံသွင်းပေးပါသည်။

ထို့ကြောင့် ရှောလမုန်မင်းကြီးက 'သူငယ်သွားရာလမ်း၌ ဆုံးမသွန်သင်လော့၊ သို့ပြုလျှင် သူသည်အိုသောအခါ ထိုလမ်း၌မလွဲလိုက်သွားလိမ့်မည်'ဟု သွန်သင်ခဲ့ပါသည် (သုတ္တံကျမ်း ၂၂း၆)။ ထိုသွန်သင်ချက်သည် အပြုသဘောဆောင်ပါသည်။ ဆုံးမသွန်သင်ပါဟု ရှောလမုန်မင်းကြီးပြောရာတွင် ညွှန်ကြားခြင်း၊ ပညာပေးခြင်းနှင့် ဖွံ့ဖြိုးအောင်လုပ်ဆောင်ခြင်းများကို ဆိုလို ပါသည်။

ထိုလုပ်ငန်းတာဝန်များကို ထမ်းရွက်နိုင်စေရန်အလို့ငှာ သားသမီးများကိုသွားခိုင်းမည့်လမ်းကို မိဘဆရာများကိုယ်တိုင်က သိထားဖို့လိုအပ်ပါသည်။ ကလေးများကိုသွားခိုင်းမည့်လမ်းသည် စာအုပ်များမှရရှိသော ဗဟုသုတ ထက်ပို၍နက်ရှိုင်းပါသည်။ ထိုလမ်းသည် ကောင်းမြတ်ခြင်း၊ သီလရှိခြင်း၊ ဖြောင့်မတ်ခြင်း၊ သန့်ရှင်းခြင်းများနှင့်ပြည့်စုံသောလမ်းဖြစ်ပါသည်။ ထိုလမ်းသည် ချုပ်တည်းခြင်းကို လက်တွေ့ကျင့်သောလမ်း၊ ကောင်းမြတ်ခြင်း၊ ညီအစ်ကိုချစ်ခြင်း၊ ဘုရားသခင်ကိုချစ်ခြင်း၊ လူသားအချင်းချင်းချစ်ခြင်းများကို လက်တွေ့ကျင့်သုံးသောလမ်းတစ်ခုဖြစ်ပါသည်။ ထိုလမ်းစဉ်ကိုလိုက်လျှောက်နိုင်ရန် ကာယ၊ ဉာဏ၊ ကိုယ်ကျင့်တရားနှင့် ဘာသာရေးဆိုင်ရာပညာရေးကို အလေးထားအာရုံပြုရပါမည်။

## ဘုရားသခင်အတွက်အမှုဆောင်ရန်ပြင်ဆင်ပေးသည့်စစ်မှန်သောပညာရေး

ဘုရားသခင်နှင့်ကွဲကွာသွားသည်အထိ အခြားသောလုပ်ငန်းဆောင်တာများက သားသမီးများ၏စိတ်နှလုံး၊ အချိန်နှင့်အစွမ်းများအား စုပ်ယူသွားခြင်းကို မည်သည့်နည်းဖြင့်မျှ ခွင့်မပြုသင့်ကြချေ။ မယုံကြည်သူများ၏ လက်ထဲသို့ ရောက်သွားသည့်အခြေအထိ သားသမီးများကိုလွှတ်မထားသင့်ကြပါ။

လောကသားများ၏စိတ်ဓာတ်များကို သားသမီးများမခံယူမိစေရန်လည်း မိဘများအနေဖြင့် အစွမ်းကုန်လုပ်ဆောင်သင့်ပါသည်။ မိမိတို့၏ သားသမီးများကို ဘုရားသခင်နှင့်အတူလုပ်ဆောင်သူများဖြစ်အောင် လေ့ကျင့်

ပေးရန်ဖြစ်သည်။ ဘုရားသခင်ပေးမည့် ထာဝရအသက်ကိုခံစားထိုက်သော လက်ရုံးများဖြစ်လာအောင် သားသမီးများကိုလေ့ကျင့်ပေးရပါမည်။

**ဘုရားသခင်ကိုကြောက်ချစ်ရိုသေရန်သင်ကြားပေးသည့်စစ်မှန်သောပညာရေး**

မိဘတို့၊ ခရစ်တော်အဖို့အလို့ငှာ သားသမီးများအပေါ် သင်တို့ထားရှိသည့်အလိုဆန္ဒနှင့်ရည်မှန်းချက်များကို ဆန်းစစ်မိကြပါသလား။ ဘုရားသခင်၏ပညတ်တော်ဆိုင်ရာစမ်းသပ်မှုအား ခံနိုင်စွမ်းရှိမရှိကိုလည်း မြင်တွေ့ကြပါသလား။ သားသမီးများအား ဘုရားသခင်ကို ချစ်ကြောက်ရိုသေအောင် သင်ကြားပေးသည့်ပညာရေးမျိုးသည် အလိုအပ်ဆုံးသောပညာရေးပင်ဖြစ်ပါသည်။

**စစ်မှန်သောပညာရေးကိုရှေးကျသောပညာရေးတစ်ခုအဖြစ်အများက မြင်ကြခြင်း**

ထာဝရကာလတမျှ တာရှည်စွာတည်ရှိခဲ့သော ထိုပညာရေးကို ရှေးကျသောပညာရေးအဖြစ်လည်းကောင်း၊ အော့ကြောလန့်ပညာရေးအဖြစ်လည်းကောင်းမြင်ကာ လျစ်လျူရှုနေကြပါသည်။ လောလောဆယ် ကလေးများရရှိခံစားနေရသော ကောင်းမြတ်ခြင်း၊ ငြိမ်သက်ခြင်း၊ ပျော်ရွှင်ခြင်းများနှင့်ဆက်နွယ်နေသောစာရိတ္တတည်ဆောက်ခြင်းအလုပ်ကို အခြေပြုဆုပ်ကိုင်ထားသည့် ထိုပညာရေးမျိုးကို ခေတ်မီသောပညာရေးဟု မသတ်မှတ်ကြသောကြောင့် ထိုပညာရေးကိုပဓာနကျသောပညာရေးဟု မသတ်မှတ်ကြခြင်းဖြစ်သည်။

**ပညာရေးစနစ်သည်တိုးတက်နေဆဲဖြစ်သော်လည်းမည်သည့်အခါမှ ဆုံးခန်းတိုင်သို့မရောက်ခြင်း**

ကျွန်ုပ်တို့၏လောကအသက်တာသည် ထာဝရအသက်တာအတွက် ပြင်ဆင်မှုတစ်ခုသာဖြစ်သည်။ ဤဘဝတွင် အစပြုလုပ်ဆောင်နေသောပညာ

ရေးသည် ဤအသက်တာတွင် အဆုံးသတ်သွားလိမ့်မည်မဟုတ်ပါ။ ထာဝရ ကာလတိုင် ဆက်လက်လုပ်ဆောင်နေရမည်ဖြစ်ရာ အမြဲတမ်းတိုးတက်နေမည် ဖြစ်သော်လည်း မည်သည့်အခါမျှ ပြီးဆုံးသွားလိမ့်မည်မဟုတ်ပါ။

## သမားရိုးကျပညာရေးအတွက်ပြင်ဆင်ခြင်း

သားသမီးများကို အိမ်ထဲမှာပင် အကြာကြီးမနေနိုင်းသင့်ပါ။ ခန္ဓာကိုယ် ဖွံ့ဖြိုးမှုအတွက် အခြေခံဆောင်ရွက်မှုများကိုမလုပ်စေဘဲ စာကိုသာဖိပြီးအကျက် မခိုင်းသင့်ပါ။ အသက် (၈) နှစ်မှ (၁၀) နှစ်အရွယ်ရှိ သားသမီးများအတွက် လယ်တော (သို့မဟုတ်) ဥယျာဉ်သည် အကောင်းဆုံးစာသင်ခန်းဖြစ်သလို မိခင်သည် အကောင်းဆုံးဆရာဖြစ်သည်။ သဘာဝကြီးသည် အကောင်းဆုံး သင်ခန်းစာ စာအုပ်တစ်အုပ်ဖြစ်ပါသည်။ ကျောင်းထားရမည့်အသက်အရွယ် သို့ရောက်လာသည့်တိုင်အောင် စာပေဗဟုသုတများထက် သူ၏ကျန်းမာရေးကို ပို၍အလေးထားသင့်ပါသည်။ ကာယနှင့်စိတ်ပိုင်းဆိုင်ရာကြီးထွားမှုများ ကို အားကောင်းစေမည့်ပတ်ဝန်းကျင်တွင် သင်၏သားသမီးများကို အသက်ရှင် နေထိုင်စေသင့်ပါသည်။

### ရင်ခွင်ပိုက်ကလေးအရွယ်အတွက်အစီအစဉ်

ရင်ခွင်ပိုက်ကလေးအရွယ်သည် (၇) နှစ်သားသမီးအထိဖြစ်ပါသည်။ ထိုအသက်အရွယ်တွင် လွတ်လပ်စွာခုန်ပေါက်ပြေးလွှားခြင်းအားဖြင့် စိတ်နှလုံး များမြူးထူးလာစေရန် သင်၏ကလေးကို သိုးပေါက်စကလေးအလား အိမ်အနီး ပတ်ဝန်းကျင်သို့ သွားခွင့်ပြုပါ။ အထူးသဖြင့် မိခင်ဖြစ်သူသည် ရင်ခွင်ပိုက် ကလေးများ၏ဆရာဖြစ်သင့်ပါသည်။ စာအုပ်ထဲမှအရာများကိုသာ သင်ကြား ပေးရန်မဟုတ်ပါချေ။ ကလေးငယ်များသည် အထူးသဖြင့် သဘာဝအကြောင်း နှင့်ပတ်သက်ပြီး စပ်စုတတ်ကြပါသည်။ သူတို့မြင်တွေ့ကြားသိနေရသော အရာများအကြောင်းကို မေးမြန်းတတ်ကြပါသည်။ မိဘများအနေဖြင့် သူတို့

မေးသမျှကို စိတ်ရှည်လက်ရှည်ဖြင့် ဖြေကြားပေးကာ သူတို့၏အသိဉာဏ်ကို ဖွံ့ဖြိုးအောင်လုပ်ရန် အခွင့်အရေးယူကြပါ။ ဤနည်းအားဖြင့် သင်၏သားသမီး များသည် ရန်သူတော်စာတန်အပေါ်မှာ လက်ဦးမှုရယူကာ မကောင်းသော အရာများအတွက် နေရာမကျန်အောင် ကောင်းသောအရာများဖြင့် စိတ်နှလုံး ထဲမှာကြွဲဖြန့်လျက် မိမိတို့၏စိတ်ကိုလုံခြုံအောင် ကာကွယ်နိုင်ကြပါလိမ့်မည်။ မိခင်၏မေတ္တာကို အခြေခံသောသွန်သင်မှုသည် စာရိတ္တတည်ဆောက်မှုတွင် ကလေးများလိုအပ်သောအရာဖြစ်ပါသည်။

အကူးအပြောင်းကာလအတွက်သင်ခန်းစာများ

မိခင်တို့၊ သားငယ်သမီးငယ်များကို ကွင်းပြင်များ၌ကစားခိုင်းကြပါ။ ငှက်ကလေးများ၏တေးဆိုသံများကိုနားထောင်ရင်း ကိုယ်တော်ရှင်၏လက်ရာ တော်များတွင် ဖော်ကျူးထားသည့် ဘုရားသခင်၏မေတ္တာတော်ကို လေ့ကျက် ပါစေလေ။ ၎င်းပြင် အသုံးကျသောလူသားများဖြစ်လာစေရန်လည်း လေ့ကျက် ပါလေစေ။ အိမ်ထောင်တာဝန်များကို မိမိတို့မျှဝေထမ်းရွက်ရမည်ကို အိမ်ထောင် သားတစ်ဦးအနေဖြင့် သူတို့သုံးသပ်တတ်လာအောင် လေ့ကျင့်သင်ကြားပေးကြ ပါ။ မလွှဲမရှောင်သာသော အိမ်ထောင်တာဝန်များကိုထမ်းရွက်ရာတွင် ပျော်ရွှင် စွာလုပ်တတ်အောင်လည်း သင်ကြားပေးကြပါ။

နာကျင်စွာဖြင့်စဉ်ဆက်မပြတ်လုပ်ရသည့်သင်တန်းတစ်ခုမဖြစ်သင့်ခြင်း

အထက်ဖော်ပြပါသင်ကြားမှုများသည် ကလေးငယ်များအတွက် တန်ဖိုးမဖြတ်နိုင်အောင်ကောင်းလှသော်လည်း နာကျင်စွာဖြင့် စဉ်ဆက်မပြတ် လုပ်ဆောင်ရသည့် သင်တန်းတစ်ခုတော့မဖြစ်သင့်ပါချေ။ အိမ်မှုကိစ္စများကို ပါဝင်ကူညီရသောအလုပ်သည် ကလေးများအတွက် ဝမ်းမြောက်စရာအလုပ် တစ်ခုဖြစ်အောင် စီစဉ်ပေးကြပါ။ အိမ်မှုကိစ္စများကိုလုပ်ဆောင်နေသည့် ကလေး များ၏စိတ်နှလုံးများ ပျော်ရွှင်မြူးထူးလာအောင် မိခင်များသည် လုပ်ပေးနိုင်စွမ်း ရှိကြပါသည်။

ကျောင်းများနှင့်ဆက်သွယ်မိခြင်းကြောင့်ကိုယ်ကျင့်တရားများပျက်ယွင်းမည့်အန္တရာယ်ရှိလာခြင်း

သင်၏ကလေးများကို ကျောင်းစောစောမထားပါနှင့်။ ကလေးများကိုသင်ကြားပေးဖို့ အချိန်မရှိပါဟူသောဆင်ခြေနှင့် အိမ်တွင်ဖြစ်ပေါ်နေသောကလေးဆူသံပြဿနာများကို ဖြေရှင်းရန်နည်းလမ်းတစ်ခုအဖြစ် သားသမီးများကို ကျောင်းစောစောထားတတ်ကြပါသည်။ ထိုသို့ကျောင်းစောစောထားခြင်းကြောင့် ကလေးငယ်၏ကိုယ်စိတ်နှစ်ပါး ဖွံ့ဖြိုးကျန်းမာရေးကို ထိခိုက်စေရုံသာမက စိတ်ပိုင်းဆိုင်ရာရှုထောင့်မှကြည့်လျှင် ထိုကလေးများသည် အရှုံးသမားများဖြစ်နေကြပါသည်။ ကောင်းမွန်စွာပြုစုပျိုးထောင်ထားခြင်းမရှိသည့်ကလေးများနှင့် သူတို့ရင်းနှီးခွင့်ရလာကြပါသည်။ လိမ်တတ်၊ ညာတတ်၊ ခိုးတတ်၊ ဆဲတတ်သော ရိုင်းစိုင်းယုတ်မာသည့် လူ့အသိုက်အဝန်းနှင့်မကောင်းသောအကျင့်ကို မိမိထက်ငယ်ရွယ်သူများအား လက်ဆင့်ကမ်းတတ်သောကလေးများအလယ်တွင် သူတို့ရောက်ရှိနေကြပါသည်။ သင်၏ကလေးငယ်များအား သူတို့၏စိတ်ရင်းအလိုအတိုင်းလုပ်ရန် ပစ်ထားခဲ့မည်ဆိုလျှင် ကောင်းသောအရာထက် မကောင်းသောအရာကို ပို၍အတုခိုးမြန်ကြပါသည်။ မကောင်းသောအရာများသည် သူတို့၏ဇာတိပကတိစိတ်သဘောနှင့် ပိုမို၍ကိုက်ညီနေသဖြင့် ကလေးငယ်ဘဝတွင် သူတို့မြင်ရကြားရသောမကောင်းမှုများသည် သူတို့၏စိတ်နှလုံး၌ နက်ရှိုင်းစွာအမြစ်တွယ်သွားတတ်ပါသည်။ သူတို့၏စိတ်နှလုံးတွင်ကြဲထားသည့် မကောင်းသောမျိုးစေ့သည် အပင်ပေါက်ကာ သူတို့မိဘများ၏နှလုံးသားကို ထိခိုက်နာကျင်စေမည့် ချွန်ထက်သောဆူးကလေးများကို သီးပွင့်ပေးကြပါသည်။

## သင်၏သားသမီးကိုထားရန်သင့်လျော်သောစာသင်ကျောင်း

ကျွန်ုပ်တို့သည် အိမ်တွင်းသင်တန်းကျောင်းများကို လျစ်လျူရှုထားခြင်းဖြင့် အသက်တာ၏လုပ်ငန်းခွဲတိုင်း၌ ဆုံးရှုံးမှုများဖြစ်အောင် လုပ်ဆောင်

နေကြပါသည်။ ထို့ကြောင့် ဘာသာရေးလွှမ်းမိုးမှုရှိသောနေရာများတွင် ကျောင်းများရှိဖို့ လိုအပ်နေသည်ကို ကျွန်ုပ်တို့၏ခေါင်းထဲမှာ စွဲနေခဲ့ပါသည်။ ကျွန်ုပ်တို့သည် ခရစ်တော်ထံတွင် ခွန်အားများရယူလျက် မကောင်းမှု ဒုစရိုက်များကို ဖြစ်နိုင်သည့်နည်းဖြင့် တိုက်ဖျက်ကြရမည်။

လေးနက်သောငြင်းခုံစရာကိစ္စများနှင့်ရင်ဆိုင်ခြင်း

မိဘအုပ်ထိန်းသူတို့၊ အိမ်တွင်းသင်တန်းကျောင်းများကဲ့သို့ မှန်ကန်သောပညာရပ်များကို သင်ကြားပို့ချပေးနေသော ကျောင်းများ၌ သင်တို့၏ကလေးများကိုထားကြပါ။ သားသမီးများကို ကျေကျေညက်ညက်သင်ကြားပေးမည့်ကျောင်းများ၊ ဘာသာတရားကိုအမှန်အမြတ်ထားသော ကျောင်းများတွင်ထားကြပါ။ ဘာသာတရားရှိသော မိဘများ၏သွန်သင်မှုများကို ကောင်းစွာခံယူရရှိခဲ့သော ကျွန်ုပ်တို့၏လူငယ်များသည် သမ္မာတရားကိုအခြေပြုလျက် သန့်ရှင်းသောအသက်တာဖြင့် ဆက်လက်ရှင်သန်မည်၊ မရှင်သန်မည်ဆိုသည့် အချက်သည် ၎င်းတို့အိမ်မှထွက်သွားပြီးနောက် တွေ့ကြုံရမည့်သူများအပေါ်တွင် များစွာမူတည်နေပါသည်။

မည်သည့်ပညာတတ်လူတန်းစားမျိုးဖြစ်သနည်း

လောကတွင် ပညာတတ်လူတန်းစားနှစ်မျိုးရှိပါသည်။ တစ်မျိုးမှာ ဘုရားသခင်၏အလင်းကို ပို့ဆောင်သူများအဖြစ် အသုံးပြုခံသောသူများဖြစ်ပြီး ကျန်တစ်မျိုးမှာ မိမိ၏ကိုယ်စားလှယ်များအဖြစ် စာတန်အသုံးပြုသော ပညာတတ် ဒုစရိုက်သမားများဖြစ်ကြသည်။ တစ်မျိုးမှာ ဤလောကသို့စေလွှတ်တော်မူခြင်းခံရသောခရစ်တော်ကို ပိုမိုသိရှိရန်လုပ်ဆောင်လျက် ဘုရားသခင်၏စာရိတ္တအပေါ်တွင် အာရုံပြုဆင်ခြင်ကြပါသည်။ ထိုလူများသည် ကောင်းကင်ဆိုင်ရာအသိအမြင်ကြွယ်ဝခြင်း၊ ကောင်းကင်ဆိုင်ရာဉာဏ်ပညာနှင့် လူသားများကိုမြှင့်တင်ခြင်းအလုပ်များအတွက်သာ လုံးလုံးလျားလျား ဆက်ကပ်လုပ်ဆောင်ကြပါသည်။ သူတို့၌ရှိထားသည့် အစွမ်းအစများအားလုံးကို

ဘုရားသခင်၌အပ်နှံကာ သူတို့၏စဉ်းစားသုံးသပ်မှုများကိုလည်း ခရစ်တော်၏ အုပ်စိုးမှုအောက်တွင် ထားကြပါသည်။ အခြားတစ်မျိုးမှာမူ အမှောင်ဘုရင်နှင့် အတန်းအစားတူပြီး မကောင်းမှုများကိုသင်ကြားပို့ချရန် အခွင့်အရေးများကို ရရှိဖို့ အမြဲတမ်းနိုးကြားနေသူများဖြစ်ပါသည်။

ဘုရားသခင်အပေါ်၌မှီခိုတည်ထောင်ထားသည့်ကျောင်းများကိုရွေးကြပါ

မိဘများသည် သားသမီးများ၏ပညာရေးအတွက် စီစဉ်လုပ်ဆောင်ရာတွင် သမ္မာကျမ်းစာကို အခြေပြုသောပညာရေးကို ရရှိနိုင်မည့်ကျောင်းများတွင် ထားရန်ကြိုးပမ်းသင့်ပါသည်။ ခရစ်တော်ကိုသိကျွမ်းစေမည့်ပညာရေး အလိုတော်ကို လိုက်လျှောက်ခြင်းအားဖြင့် မြင့်မြတ်သောသဘာဝကို မျှဝေခံစားစေမည့်ပညာရေးမျိုးကို သင်တို့၏သားသမီးများရရှိအောင်လုပ်ဆောင်ရန်မှာ မိဘများ၏တာဝန်ဖြစ်ပါသည်။

သမ္မာတရား၏အာနိသင်ကိုပျက်ပြယ်စေခြင်းနှင့်ကလေးများစိတ်ရှုပ် ထွေးခြင်း

အစိုးရကျောင်းများတွင် သင်ကြားပို့ချလျက်ရှိသော ကျောင်းဆရာများထံမှ နှုတ်ကပတ်တော်နှင့်ကိုက်ညီသည့် သဘောတရားများကို ကျွန်ုပ်တို့၏သားသမီးများရရှိနိုင်မည်လား။ ဘုရားသခင်ကိုဆန့်ကျင်ခြင်းအမှုသည် အပြစ်ဖြစ်သည်ဟူ၍လည်းကောင်း၊ ဘုရားသခင်၏ပညတ်တော်အလုံးစုံကို နာခံလိုက်လျှောက်ခြင်းသည် ပညာ၏အစဖြစ်သည်ဟူ၍လည်းကောင်း ထိုကျောင်းများကသွန်သင်နေပါသလား။ ဤမေးခွန်းများသည် စိတ်နှလုံးကို ရှုပ်ထွေးသွားစေပါသည်။ အမှန်မှာ ထိုသို့မဖြစ်သင့်ပါ။ အကြောင်းမှာ လူငယ်တစ်ယောက်သည် သမ္မာတရားနှင့်သွေဖည်သော သဘောတရားများကိုရရှိလျှင် ထိုပညာရေးမျိုး၏ဩဇာလွှမ်းမိုးမှုကို မည်ကဲ့သို့တိုက်ဖျက်ပါတော့ မည်နည်း။

## မိတ်ဖက်ဖြစ်သောအိမ်နှင့်ကျောင်း

အိမ်ထောင်မှဆရာနှင့် ကျောင်းမှဆရာတို့သည် တစ်ဦး၏အလုပ်အပေါ်တစ်ဦး ကြင်နာမှုနှင့်ပြည့်ဝသော နားလည်မှုများရှိသင့်ပါသည်။ သူတို့သည် စုံစမ်းနှောင့်ယှက်ခြင်းများကို ကျော်လွှားနိုင်စေသည့် စာရိတ္တမျိုးဖွံ့ဖြိုးရန် ကလေးငယ်များ၏ကာယ၊ ဉာဏနှင့် ဘုရားတရားရှိမှုများ တိုးတက်လာအောင် အတူတကွကြိုးပမ်းလျက် တူညီသောသာသနာပြုစိတ်ဓာတ်မျိုးဖြင့် ဟန်ချက်ညီစွာလုပ်ဆောင်သင့်ကြပါသည်။ သူတို့သည် သတိပညာကင်းမဲ့စွာဖြင့် အလိုလိုက်မိခဲ့သော မိမိတို့၏အမှားများကို ဆုတောင်းခြင်း၊ စိတ်ရှည်သည်းခံခြင်းများဖြင့် ပြုပြင်နိုင်ခွင့်ရှိသူများလည်း ဖြစ်ကြပါသည်။

### မညီညွတ်မှုသည်ကောင်းမွန်သောသြဇာလွှမ်းမိုးမှုကိုပျက်ပြယ်စေခြင်း

လူ့အနည်းစု၏စိတ်နှလုံးထဲမှာ စွဲစွဲလန်းလန်းဖြစ်နေသော မညီညွတ်လိုသောစိတ်ထားသည် အခြားသူများဆီသို့ကူးစက်သွားကာ ကျောင်းမှကြိုးစားတည်ဆောက်ထားသည့် ကောင်းသောသြဇာလွှမ်းမိုးမှုများကို ချေဖျက်ပစ်တတ်ပါသည်။ မိဘများသည် မိမိတို့၏သားသမီးများ ကယ်တင်ခြင်းရရှိစေဖို့ ပူးပေါင်းလုပ်ဆောင်ရန်အဆင်သင့်မရှိကြလျှင် သူတို့အနီးအနားတွင် ကျောင်းတစ်ကျောင်းတည်ထောင်ရန် သူတို့အဆင်သင့်မဖြစ်ကြသေးချေ။

### တွဲဖက်လုပ်ဆောင်ခြင်းကိုအိမ်ထောင်မှာအစပြုခြင်း

ပူးပေါင်းဆောင်ရွက်ခြင်းအမှုကို အိမ်ထောင်တွင်ရှိနေသော အမေနှင့်အဖေက အစပြု၍လုပ်ဆောင်သင့်သည်။ ကလေးများကိုသွန်သင်ပို့ချရာတွင်လည်း ပူးတွဲတာဝန်ယူသင့်ကြပါသည်။ အတူတကွပူးပေါင်းလုပ်ဆောင်ရန် သူတို့နှစ်ယောက်စလုံး ကြိုးပမ်းသင့်ပါသည်။ တစ်ယောက်ကိုတစ်ယောက် ထောက်မပံ့ပိုးနိုင်ရန် ထာဝရဘုရားထံတွင်ဆုတောင်းလျက် မိမိတို့ကိုယ်ကို ဘုရားသခင်၌ဆက်ကပ်သင့်ကြပါသည်။ ဘုရားသခင့်အပေါ်တွင်လည်းကောင်း၊

ပညတ်တော်များအပေါ်တွင်လည်းကောင်း၊ မိမိတို့ကိုယ်တိုင်အပေါ်တွင်လည်း ကောင်း၊ မိမိတို့နှင့်ဆက်စပ်နေသူအားလုံးအပေါ်တွင်လည်းကောင်း သစ္စာရှိကြ ရန် ကလေးများကို သူတို့သင်ကြားပါလေစေ။ ထိုကဲ့သို့ပြုစုလုပ်ဆောင် ပေး ခြင်းဖြင့် ကျောင်းထားသောအခါ ထိုကလေးများသည် အခြားသူများအတွက် အနှောင့်အယှက်နှင့်စိတ်သောကများ ဖြစ်စေတော့မည်မဟုတ်ဘဲ ဆရာ၊ဆရာမ များအတွက် အထောက်အကူပြုသူများ ဖြစ်လာကြလိမ့်မည်။ အခြားသော ကျောင်းသားများအတွက်လည်း စံထားထိုက်သူများ ဖြစ်လာကြ ပါလိမ့်မည်။

အကယ်၍ မိဘများသည် သားသမီးများကိုသွန်သင်ရန် ပျက်ကွက် သည့်အခြေအနေအထိ စီးပွားရေးလုပ်ငန်းများနှင့် အခြားအပျော်အပါးများ ၌သာ နစ်မျောနေကြမည်ဆိုလျှင် ဆရာများသည် ပိုမိုခက်ခဲစွာလုပ်ဆောင် ကြရမည် သာမက လုပ်သမျှမှာလည်း အကျိုးမဲ့လုပ်ဆောင်မှုများသာ ဖြစ်ပေါ်နေပါလိမ့် မည်။

နောက်ဆက်တွဲလုပ်ဆောင်မှုဖြစ်သောဆရာများ၏ကဏ္ဍ

ကလေးများ၏စာရိတ္တတည်ဆောက်မှုတွင် အိမ်ထောင်၏ဩဇာသက် ရောက်မှုသည် အထိရောက်ဆုံးဖြစ်သည်။ ဆရာများ၏ဆောင်ရွက်မှုသည် မိဘများ၏နေရာတွင် အစားထိုးခြင်းမဟုတ်ဘဲ အပိုဆောင်းဆောင်ရွက်မှု သာဖြစ်သည်။ ကလေးငယ်များ၏ကောင်းစားရေးနှင့်ပတ်သက်သမျှတွင် မိဘ နှင့်ဆရာသည် ပူးပေါင်းလုပ်ဆောင်သင့်ကြပါသည်။

အိမ်ထောင်တွင်ပြုလုပ်သည့် သွန်သင်မှုများသည် ကျောင်းဆရာ၊ ဆရာမများကို အထောက်အကူဖြစ်စေမည့်အရာများဖြစ်သင့်သည်။ သေသေ သပ်သပ် စနစ်တကျနေထိုင်၍ စဉ်းစဉ်းစားစားပြောဆိုပြုမူတတ်အောင် အိမ်တွင် သင်ကြားပေးရာ ထိုသင်ခန်းစာများကို ကျောင်း၌လည်းထပ်မံသင်ကြားပေး ရပါမည်။

စာသင်ကျောင်းများအားဖြင့်အိမ်ထောင်များ၌ကောင်းချီးမင်္ဂလာများ
ကျရောက်နိုင်ခြင်း

ကျောင်းဆရာများသည် ခရစ်တော်၏လမ်းစဉ်အတိုင်း ဖွဲ့ရှိရှိ၊ စိတ်ရှည်ရှည် စိတ်အားကြီးစွာဖြင့် လုပ်ဆောင်မည်ဆိုလျှင် စာသင်ကျောင်း၌ အောင်မြင်ခဲ့သော ပြုပြင်ပြောင်းလဲမှုသည် နေအိမ်များသို့တိုင်ရောက်ရှိသွားပြီး သန့်စင်မွန်မြတ်သောပတ်ဝန်းကျင်များကို ဖြစ်ပေါ်စေပါလိမ့်မည်။

သတိတရားနှင့်ပြည့်ဝသော ဆရာများသည် တပည့်များကိုကူညီမစတတ်သူများဖြစ်အောင် ညွှန်ကြားရန်အခွင့်အလမ်းများကို တွေ့ရှိကြပါလိမ့်မည်။ ကလေးငယ်များသည် မိမိတို့၏ဆရာ၊ ဆရာမများကို အလွန်ယုံကြည်လေးစားတတ်သူများ ဖြစ်ကြပါသည်။ အိမ်တွင် မိဘကိုကူညီရန်ဖြစ်စေ၊ နေ့စဉ်လုပ်ဆောင်မှုများတွင် သစ္စာရှိရန်ဖြစ်စေ၊ လူနာများနှင့်ဆင်းရဲသားများ၏အကျိုးကိုဆောင်ရန်ဖြစ်စေ ၎င်းတို့၏ဆရာများကခိုင်းစေလျှင် ခိုင်းစေသည့်အတိုင်း ပြီးမြောက်အောင်လုပ်ဆောင်နိုင်ကြပါသည်။ မေတ္တာပါသော ထိုအကြံပေးမှုများသည် အကြံပေးသူကိုလည်း ကောင်းကျိုး ပြုပါသည်။ မိဘများ၏ပူးပေါင်းလုပ်ဆောင်မှုများသည် ဆရာများ၏ဝန်ကို ပေါ့ပါးသွားစေသည့်အပြင် လျှောက်လှမ်းရမည့်လမ်းကိုလည်း ဖြောင့်ဖြူးသွားစေပါသည်။

မိဘများသည်ဆရာ၊ ဆရာမများ၏ဝန်ကိုပေါ့ပါးစေနိုင်ကြခြင်း

မိဘများသည် မိမိတို့လုပ်ဆောင်ရမည့်အပိုင်းကို သစ္စာရှိစွာလုပ်ဆောင်ကြမည်ဆိုလျှင် ဆရာများ၏ဝန်သည် ပေါ့သွားပါလိမ့်မည်။ ဆရာများ၏မျှော်လင့်ချက်နှင့်သတ္တိများသည်လည်း တိုးပွားလာပါလိမ့်မည်။ ခရစ်တော်၏ချစ်ခြင်းမေတ္တာဖြင့်ပြည့်ဝနေသော စိတ်နှလုံးရှိသည့်မိဘများသည် သူတစ်ပါးကိုအပြစ်မရှာတတ်ကြဘဲ ကလေးများကိုသွန်သင်ရန် သူတို့ကိုယ်တိုင် ဆရာတင်ထားသူများကိုလည်း အတတ်နိုင်ဆုံးကူညီအားပေးကြလိမ့်မည်ဖြစ်သည်။

မိမိတို့ကိုယ်တိုင် ကလေးများအတွက် တာဝန်ကျေပွန်သည်ဟု ယုံကြည်သကဲ့သို့ ဆရာများကိုလည်း ယုံကြည်ကြပါလိမ့်မည်။

ဆရာများကိုအကြံပေးနိုင်သည့်မိဘများ

သားသမီးများ၏ကာယ၊ ဉာဏနှင့်စပ်ဆိုင်သည့် အားသာချက်များနှင့် အားနည်းချက်များကို ဆရာများအား မိဘများကအသိပေးခဲ့ကြမည်ဆို လျှင် ဆရာများသည် သူတို့အားမစကူညီသူများ ဖြစ်လာကြလိမ့်မည်။ သို့သော် အချို့မိဘများသည် ဤအချက်ကို ကောင်းစွာနားမလည်ကြသည်မှာ ဝမ်းနည်း စရာဖြစ်ပါသည်။ မိဘအများစုသည် ဆရာများထံသို့ ထိုအချက်များကို ကိုယ်တိုင်ပြောပြရန် စိတ်မဝင်စားကြသလို ဆရာများနှင့်အတူ ပူးပေါင်း ဆောင်ရွက်ရန်လည်း စိတ်ဝင်စားမှုမရှိကြပါ။

မိဘများကိုအကြံပေးနိုင်သောဆရာများ

အချို့မိဘများသည် ကျောင်းဆရာများနှင့် ရင်းနှီးစွာနေထိုင်မှုမရှိကြ ရာ ဆရာများဘက်မှ မိဘများနှင့်ရင်းနှီးအောင်ကြိုးပမ်းရန်မှာ ပို၍အရေးပါ လာပါသည်။ တပည့်များ၏အိမ်သို့ သွားရောက်လည်ပတ်ကာ တပည့်များ နေထိုင်အသက်ရှင်ရသည့် ပတ်ဝန်းကျင်ကို လေ့လာသင့်သည်။ ပုဂ္ဂိုလ်ရေး ရင်းနှီးလာသည်နှင့်အမျှ တပည့်များအပေါ် ပို၍သံယောဇဉ်ရှိလာပါသည်။ မတူခြားနားသော စိတ်ထားများရှိသည့် တပည့်များကို အောင်မြင်စွာကိုင်တွယ် ရန်နည်းလမ်းများကိုလည်း တွေ့ရှိလာမည်ဖြစ်သည်။

အိမ်ထောင်ပညာရေးကို စိတ်ဝင်စားသောဆရာသည် အကျိုးနှစ်ခုကို တစ်ချိန်တည်းမှာ ဖြန့်ဝေပေးနိုင်ပါသည်။ များစွာသောမိဘများသည် မိမိတို့ ၏အလုပ်၌ နစ်မျောနေကြရာ သားသမီးများ၏ကောင်းကျိုးများကို ဖန်တီးပေး နိုင်မည့်အခွင့်အလမ်းများကို မျက်ခြည်ပြတ်သွားတတ်ပါသည်။ ထိုအခွင့်အ လမ်းများကို မိဘများပြန်လည်သတိရလာအောင် ဆရာများက လုပ်ဆောင် ပေးနိုင်ကြပါသည်။ တာဝန်ဝတ္တရားဆိုသည်မှာ ကြီးလေးသော

ဝန်ထုပ်တစ်ခုအဖြစ်ခံယူလျက် မိမိ၏သားသမီးများသည် ကြီးလာသောအခါ အသုံးဝင်အဖိုးတန်သောလူများ ဖြစ်လာပါ့မလားဟူ၍ စိတ်ပူနေသောမိဘများကို ကျောင်းဆရာများတွေ့ရလိမ့်မည်။ ထိုကဲ့သို့သော မိဘများ၏ဝန်ကိုပေါ့စေရန် ထိုဆရာများက ကူ၍ထမ်းနိုင်စွမ်းရှိကြသည်။ အတူတကွအကြံပေးလုပ်ဆောင်ခြင်းအားဖြင့် ဆရာနှင့်မိဘများသည် ပို၍ကြီးမားသောခွန်အားများကို ရရှိလာကြလိမ့်မည်။

## ကျင့်ဝတ်စည်းကမ်းများတွင်ညီညွတ်ခြင်း

ကွဲပြားခြားနားသော အကျင့်စရိုက်များနှင့်မတူညီသော ပညာရေးခံယူချက်များကို လူငယ်များအလယ်တွင် တွေ့ရပါလိမ့်မည်။ အချို့မှာ အာဏာရှင်မိဘများ၏ကြမ်းတမ်းသော ပျိုးထောင်မှုများအောက်တွင် ကြီးပြင်းလာကြသည်။ ထိုကလေးများသည် ခေါင်းမာသူများ၊ အန်တုလိုသူများဖြစ်တတ်ပါသည်။ အချို့မှာမူ မိမိကြိုက်သလိုလုပ်ခွင့်ရသည့် မိဘများ၏အချစ်ပိုခြင်းကိုခံရသော ကလေးများဖြစ်သည်။ သူတို့၏စာရိတ္တများ၊ ပျက်စီးယိုယွင်းသည်အထိ လုပ်သမျှအမှားကို ခွင့်လွှတ်ခြင်းခံခဲ့ရသူများဖြစ်ကြသည်။ ဤကဲ့သို့ မတူညီသောကလေးများကို အောင်မြင်စွာကိုယ်တွယ်နိုင်ရန် ဆရာများသည် ပါးပါးနပ်နပ်ဖြင့် နူးညံ့သိမ်မွေ့စွာအုပ်ချုပ်ဖို့ လိုအပ်သကဲ့သို့ တည်ကြည်ဖို့လည်း လိုအပ်လှပါသည်။

သင့်လျော်ကောင်းမွန်သောစည်းကမ်းများကို မနှစ်သက်ခြင်းများ၊ စော်ကားမော်ကားပြောဆိုခြင်းများကို မကြာခဏ တွေ့ရပါမည်။ အချို့မှာ ခံရမည့်အပြစ်ကိုရှောင်လွှဲရန် ဥာဏ်နီဥာဏ်နက်များကို အသားကုန်အသုံးချကြမည်ဖြစ်သော်လည်း အချို့မှာမူ အပြစ်၏အကျိုးဆက်များခံယူရမည်ကို ဂရုမစိုက်သလို ပြုမူကြလိမ့်မည်။ ၎င်းတို့အားပညာပေးရန် တာဝန်ပေးအပ်ခြင်းခံရသူများသည် ဤအရာအားလုံးကို စိတ်ရှည်ရှည်ဖြင့် ကြိုးစားဖြေရှင်းကြရပါမည်။

စည်းကမ်းအနည်းငယ်ကိုသေချာစွာသုံးသပ်ပြီးမှချမှတ်ပါ

ကျောင်းမှာဖြစ်စေ၊ အိမ်မှာဖြစ်စေ ကောင်းမွန်သောစည်းကမ်းများကိုသာ ချမှတ်ကြပါ။ တပည့်များ၏အပြုအမူကိုလမ်းပြရန် စည်းမျဉ်းများချမှတ်သည်ဖြစ်ရာ သေချာစွာစဉ်းစားသုံးသပ်ပြီးမှချမှတ်ပါ။ များလွန်းသောစည်းမျဉ်းများကို မချမှတ်ကြပါနှင့်။ ချမှတ်ပြီးသောစည်းမျဉ်းများကိုကျင့်သုံးပါ။ ချမှတ်ထားသည့်စည်းမျဉ်းများသည် တရားမျှတမှုရှိကြောင်း တပည့်များနည်းလည်းသဘောပေါက်စေရန် သူတို့နှင့်ပတ်သက်သည့်စည်းမျဉ်းတိုင်းကို သူတို့သိသာအောင်ချပြကြပါ။

စည်းမျဉ်းများကိုလိုက်နာအောင်ဆရာများကသွန်သင်ရမည်

ကျောင်း၌ဖြစ်စေ၊ အိမ်၌ဖြစ်စေ စည်းကမ်းချက်များ၏တောင်းဆိုချက်ကို နားလည်ထားသင့်ပါသည်။ စာသင်ခန်းထဲတွင် ကြိမ်လုံးကိုမည်သည့်အခါမျှမသုံးမိဖို့ ရှောင်လင့်သင့်ပါသည်။ သို့ရာတွင် ပေးသမျှအကြံများကိုလက်မခံ၊ တောင်းပန်ခယမှုများကိုအလေးမထား၊ ဆုတောင်းပေးသမျှကိုဂရုမထားသောသူများ ကျောင်းစာသင်ခန်းထဲတွင်ရှိနေလျှင် နာခံမှုရှိရမည်ဆိုသည့်အချက်ကို သူတို့နားလည်သွားစေရန် ကြိမ်လုံးကိုမဖြစ်မနေအသုံးပြုရပါမည်။

အတင်းအကျပ်နာခံအောင်လုပ်ခြင်းသည် အကောင်းဆုံးလုပ်ဆောင်မှုတစ်ခုမဟုတ်၊ မိမိတို့၏တာဝန်မှာ ကလေးများကိုပညာပေးရန်သာဖြစ်သည်ဟု အချို့ဆရာများက ထင်ကြပါသည်။ မှန်ပါသည်၊ သို့သော် ချမှတ်ထားသောစည်းကမ်းများကို တပည့်များကမလိုက်နာသောအချိန်တွင် ဆရာဖြစ်သူက ကလေးကိုရိုက်ပြီးဆုံးမရန် အခွင့်အာဏာမရှိဟု ခံစားရလျှင် ထိုတပည့်ကိုပေးနေသည့်ပညာရေးသည် မည်သည့်သဘောကို သက်ရောက်နေပါမည်နည်း။

မိဘများ၏ပူးပေါင်းဆောင်ရွက်မှုကိုလိုအပ်သူ

သားသမီးများအား ပညာပေးရမည့်အလုပ်ကိုထမ်းဆောင်ရန် ကျောင်းဆရာများကိုသာ တာဝန်ပေးမထားသင့်ပါ။ သူတို့သည် မိဘများ၏

စာနာမှု၊ ကြင်နာမှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့်မေတ္တာပြမှုများကို လိုအပ်ပါသည်။ သူတို့၏ကြိုးပမ်းဆောင်ရွက်မှုကို ကျေးဇူးတင်ကြောင်းဖော်ပြကာ သူတို့အားမိဘများက အားပေးသင့်ပါသည်။ ဆရာကို မချေမငံပြောဆိုဆက်ဆံ ခြင်းများကို တွေ့လျှင် အားပေးအားမြှောက်စကားတစ်လုံးကိုမျှ မိဘများအနေဖြင့်မပြောသင့်ပါချေ။

ၾငင်းပြင် နာခံမှုရှိအောင် ဆရာများကဆုံးမလျှင် သားသမီးများက မိမိတို့အားဆရာပြုမူလိုက်သည့်အရာများကို ပုံကြီးချဲ့ကာပြန်၍ပြောတတ်ကြပါသည်။ ဆရာအနေဖြင့် သူလုပ်ဆောင်ရမည့်အရာကို မလုပ်လျှင်မဖြစ်သောကြောင့် စိတ်ထိခိုက်စွာဖြင့် လုပ်ဆောင်နေရကောင်းလုပ်ဆောင်နေရမည်ဖြစ်သော်လည်း မိဘများအနေဖြင့်မူ မိမိတို့၏သားသမီးများသည် အမှားကိုလုပ်ခဲ့သည်ဆိုဦးတော့ သားသမီးများကို အကြင်နာပိုတတ်ကြပါသည်။ မိမိတို့၏ကလေးများအား ကျောင်းတွင်အဆုံးမခံရသောအချိန်တွင် အိမ်၌စိတ်ဆိုးမာန်ဆိုးဆုံးမတတ်သောမိဘများပင်လျှင် ကလေးများကို ထိုကဲ့သို့ဆင်ခြင်တုံတရားကင်းမဲ့စွာ အကြင်နာပိုတတ်ကြပါသည်။

ကျောင်း၏အပြစ်ပေးအရေးယူမှုများကို အပြစ်ပြောသောသားသမီးများ၏မကျေမနပ်ပြောဆိုခြင်းကို လျော့ကန်သင့်မြတ်သည်ဟု မိဘများသတ်မှတ်သောအချိန်တွင် ၎င်းတို့၏သားသမီးများ၌ အကြီးအကျယ်စာရိတ္တပျက်ပြားနေသည်ကို သူတို့မမြင်ကြတော့ချေ။ ကလေးများ၏ပတ်လည်တွင်ရှိသောဩဇာသက်ရောက်မှုတိုင်းသည် မှန်ကန်ကောင်းမွန်ရန် လိုအပ်လှပါသည်။ အကြောင်းမှာ ကလေးများ၏စာရိတ္တပျက်ပြားမှုမှာ ကြီးထွားနေသောကြောင့်ဖြစ်ပါသည်။

သစ္စာရှိသောဆရာများကိုပံ့ပိုးပေးကြပါ

သားသမီးများအား ကောင်းမွန်စွာစောင့်ရှောက်ရမည့်တာဝန်သည် မိမိတို့၏တာဝန်ဖြစ်သည်ဟု မထင်သောမိဘများနှင့် သားသမီးများအား တစ်ခါမျှမဆုံးမမပဲ့ပြင်ဖူးသောမိဘများတို့သည် ကျောင်း၌သားသမီးများကို

ဆုံးမအပြစ်ပေးသောအခါတွင် ခါးသီးသောဆန့်ကျင်မှုကို အပြဆုံးသူများ ဖြစ်ကြသည်။ ဆုံးမပဲ့ပြင်တတ်သောမိဘများမှာမူ ဆရာများကိုပြစ်တင်ဝေဖန် လေ့မရှိသည်ကို တွေ့ရပါသည်။ မိမိတို့၏တာဝန်များကို မျှဝေထမ်းဆောင် နေသောဆရာများကို မိမိတို့ပံ့ပိုးဂုဏ်ပြုကြမှသာ သားသမီးများ၏ကောင်းကျိုး ချမ်းသာနှင့် ကျောင်း၏မှန်ကန်သောလုပ်ဆောင်မှုနှစ်ခုစလုံးကို အကောင် အထည်ဖော်နိုင်မည်ကို ထိုမိဘများသဘောပေါက်ကြပါသည်။

## သားသမီးများ၏ရှေ့တွင်ဆရာကိုပြစ်တင်ဝေဖန်ခြင်းမလုပ်ကြပါနှင့်

မိဘတို့၊ သင်တို့၏သားသမီးများအား ထာဝရအသက်ရစိမ့်သောငှာ ကျောင်းဆရာများက သင်ကြားဆုံးမနေသောအချိန်တွင် အပြစ်ပေးမှုသည် ပြင်းထန်လွန်းသည်ဟု ထင်လျှင်တောင်မှ ကလေးများရှေ့တွင် ဆရာကို ပြစ်တင်ဝေဖန်ခြင်းမလုပ်ပါနှင့်။ သားသမီးများအား ခရစ်တော်ထံတွင် ဆက် ကပ်အပ်နှံစေလိုသည်ဆိုလျှင် ၎င်းတို့၏ကယ်တင်ခြင်းအလို့ငှာ ဆရာများနှင့် ပူးပေါင်းဆောင်ရွက်ကြပါ။ မိခင်၏ပါးစပ်က ဆရာ၏လုပ်ဆောင်မှုများအ တွက် ချီးမွမ်းစကားပြောနေသည်ကို သားသမီးများကြားရခြင်းသည် ဝေဖန် စကားပြောသည်ကိုကြားရခြင်းထက် သာ၍ကောင်းပါသည်။

အကယ်၍ ဆရာကိုမဖြစ်မနေ အကြံပြုဝေဖန်ရမည့်အချိန်ရောက်လာ လျှင် ဆရာနှင့်သီးသန့်ပြောဆိုအကြံပြုသင့်ပါသည်။ ထိုသို့လုပ်ဆောင်ခြင်းဖြင့် အကျိုးမထူးလျှင် သက်ဆိုင်ရာကျောင်းအာဏာပိုင်များထံသို့ အကြောင်းကြား သင့်ပါသည်။ သင်တို့၏သားသမီးများကို လူကောင်းသူကောင်းများ ဖြစ်လာ အောင် ပြုစုပျိုးထောင်လျက်ရှိသောဆရာများကို အရိုသေတန်စေသည့် မည် သည့်အပြုအမူအပြောအဆိုကိုမျှ ကလေးများရှေ့တွင်မလုပ်ဆောင်မိအောင် ဂရုစိုက်ကြပါ။

## အာခံတတ်သောစိတ်သဘောထားများအိမ်မှာအစပြုခြင်း

သားသမီးများလုပ်လိုသောအရာမှန်သမျှကို ခွင့်ပြုခြင်းဖြင့် သားသမီး များကိုချစ်ခင်သူများဟု မိမိတို့ကိုယ်ကိုအထင်ရှိနေသော်လည်း သူတို့သည်

အဆုံးစွန်သောရက်စက်မှုတစ်ခုကို ကျင့်သုံးနေခြင်းဖြစ်သည်။ မိဘများအမြင် အရ မည်မျှပင်ကြင်နာသောအပြုအမူဖြစ်သည်ဟု ထင်စေကာမူ ဆင်ခြင်တုံ တရားရှိလာပြီဖြစ်သော ကလေးများသည် မိဘများ၏ဆင်ခြင်မှုကင်းသော ကြင်နာမှုကြောင့် ထိခိုက်နာကျင်မှုကို ခံစားရတတ်ပါသည်။ ထို့ကြောင့် အသက်အရွယ်ကြီးလာသည်နှင့်အမျှ မနာခံ၊ အာခံတတ်သောစိတ်ထားများ လည်း ကြီးထွားလာတတ်ပါသည်။ ဆရာများက ပြုပြင်ပေးဖို့ကြိုးစားသော အခါတွင် မိဘများသည် များသောအားဖြင့် သားသမီးများဘက်မှရပ်တည် ကြသဖြင့် မကောင်းမှုဒုစရိုက်များသည် ပို၍များပြားလာပါသည်။ ထိုကလေး များ၏လမ်းပြမှုကြောင့် အခြားကလေးများလည်း လမ်းလွဲကုန်သော်လည်း မိဘများသည် သားသမီးများ၏အမှားကို မြင်နိုင်စွမ်းမရှိကြသေးပါ။ သားသမီး များ၏အပြစ်များအပေါ် စိတ်မကောင်းဖြစ်နေသောဆရာများကသတင်းမပို့မီ သားသမီးများပြောသောစကားများကို မိဘများနားထောင်ကာ တစ်ဖက်သတ် ဆုံးဖြတ်နေကြပါသည်။

ပူးပေါင်းဆောင်ရွက်မှုမရှိသောမိဘများကြောင့်ဆရာများသည်နှစ်ဆ သောဝန်ကိုထမ်းနေရခြင်း

မိဘများက ပူးပေါင်းဆောင်ရွက်မှုမပြုလုပ်သဖြင့် ဆရာများသည် နှစ်ဆသောဝန်ကို ထမ်းနေရပါသည်။ ထိုမိဘများမှပေါက်ဖွားလာသော ကလေး များသည်လည်း ၎င်းတို့၏မိဘများ၏အသက်တာတွင်တွေ့ရသည်။ မဖော်ရွေ တတ်ခြင်းနှင့် သောင်းကျန်းတတ်ခြင်းများကို ဖော်ပြနေပါသည်။ အိမ်မှာ စည်း ကမ်းမဲ့နေကြသဖြင့် ကျောင်းမှာကျင့်သုံးသည့် စည်းကမ်းများကို ဖိနှိပ်မှုများ၊ ရက်စက်မှုများအဖြစ် သူတို့ရှုမြင်ကြပါသည်။ အကယ်၍သာ ထိုကလေးများကို ကောင်းမွန်စွာပြုပြင်မပေးလျှင် သူတို့၏အကျင့်ဆိုးများသည် အခြားကလေးများ ဆီသို့ ပျံ့ပွားသွားကာ ပျက်စီးကုန်ကြပါလိမ့်မည်။ အိမ်တွင်ပေးခဲ့သည့် ချွတ် ယွင်းမှုရှိသောသင်ကြားမှုများကို ချေဖျက်ပေးနိုင်မည့်ကျောင်းမှပေး သောအကျင့် ကောင်းများကို ကလေးများအားချစ်သည့်ဇောဖြင့် မိဘအများ လျစ်လျူရှုနေကြ ပါသည်။

ထာဝရဘုရားသခင်ကို ယုံကြည်သောမိဘများသည် မှားယွင်းသော အုပ်ချုပ်ရေးစနစ်ကို ဆက်လက်ကျင့်သုံးကာ သားသမီးများ၌စွဲကပ်နေသော အကျင့်ဆိုးများကို ခိုင်မာအောင်လုပ်ဆောင်ကြတော့မည်လား။ ဤမကောင်းမှု လမ်းစဉ်တွင် ပါဝင်လုပ်ဆောင်ခြင်းမပြုတော့ဘဲ ပြောင်းလဲမှုမရှိသောကလေး များ၏မမှန်ကန်သော သက်သေခံချက်များကို လက်ခံခြင်းအားဖြင့် စာတန်၏ ပရိယာယ်များကို ဆက်ပြီးအကောင်အထည်မဖော်သင့်တော့ကြောင်း သမ္မာ တရားကိုလက်ခံထားသော မိဘများအနေဖြင့် ဆုံးဖြတ်သင့်ကြပါသည်။ ဤ သို့ပြုလျှင် ဆရာများသည် ကလေးများ၏ဩဇာလွှမ်းမိုးမှုကို ရင်ဆိုင်ဖြေရှင်း နိုင်ရန် လုံလောက်သောထောက်မမှုများ ရရှိလာပါမည်။

## သင့်ကလေးများ၏ပညာရေးဆိုင်ရာတိုးတက်မှု

မိဘများ၏စိတ်နှလုံးကို စိုးရိမ်ကြောက်လန့်အောင်လုပ်နေသော ကလေးများကို စည်းကမ်းကျနလိမ္မာလာအောင် ကျောင်းများ၊ ကောလိပ်များ သို့ပို့လိုက်ရာ ထိုကလေးများ၏အကျင့်ဆိုးများသည် အခြားကျောင်းသား များကို ကူးစက်သွားရာ အခြားကျောင်းသားများ၏ရည်မှန်းချက်များလည်း သွေဖည်ကုန်ပါသည်။ ကိုယ်ကျင့်တရားများလည်း နိမ့်ကျယုတ်ညံ့ကုန်ပါ သည်။

ကိုယ်ကျိုးစွန့်အမှုတော်အတွက်ပြင်ဆင်ရန် ကျောင်းသို့ရောက်လာ သည့် ကျောင်းသားအများစုသည်လည်း လောကီဆိုင်ရာဘာသာရပ်များတွင် သာ နစ်မျောသွားကြပါသည်။ စကောလားရှစ်ရဖို့၊ အဆင့်ကောင်းကောင်း နှင့်အောင်ဖို့၊ ဂုဏ်ထူးများရဖို့လောက်သာ ရည်မှန်းချက်ထားလာပါသည်။ ကျောင်းနေခြင်း၏ပင်မရည်ရွယ်ချက်ကို မျက်ခြည်ပြတ်ကာ ကိုယ်ကျိုးချမ်းသာ နှင့် လောကီအောင်မြင်မှုများနောက်သို့သာ လိုက်ကြပါတော့သည်။ ထို့ကြောင့် လောကီလောကုတ္တရာ နှစ်ဖြာသောအသက်တာများ၏အကျိုးများကိုပင် ပျက်ပြား စေသည့်အကျင့်စရိုက်များကို မကြာခဏတည်ဆောက်လာကြပါသည်။

အိမ်ထောင်မှရရှိခဲ့သောဘာသာရေးဆိုင်ရာလွှမ်းမိုးမှုများမေ့မိန်ခြင်း

အပြစ်သွေးဆောင်ရာသို့မလိုက်မပါစေဘဲ မကောင်းသောအမှုအရာမှလည်း ကယ်နုတ်တော်မူပါဟု သင်တို့ဆုတောင်းကြသည့်အတိုင်း သင်တို့၏သားသမီးများကို စုံစမ်းနှောင့်ယှက်ခြင်းမကင်းသောနေရာတွင်ထားရန် သဘောမတူကြပါနှင့်။ လယ်ကွင်းထဲရှိ ပေါင်းပင်များကဲ့သို့သော ဩဇာလွှမ်းမိုးမှုရှိသည့်ကျောင်းများတွင် သင်တို့၏သားသမီးများကို မထားကြပါနှင့်။

ဘုရားသခင်ကို ကြောက်ချစ်သောစိတ်ဖြင့် သင်၏သားငယ်၊သမီးငယ်များအား အိမ်ကျောင်းတွင်စည်းကမ်းတကျနေတတ်၊ စားတတ်အောင်သွန်သင်ကြပါ။ သူတို့ရရှိထားသည့် ဘာသာရေးခံယူချက်များကို မေ့မိန်သွားစေမည့်နေရာများနှင့် ဘုရားသခင်၏မေတ္တာတော်ကို သူတို့၏စိတ်နှလုံးထဲမှ ပျောက်ကွယ်သွားအောင်လုပ်ပစ်မည့်နေရာများတွင် သူတို့ကိုမထားမိအောင် ဂရုပြုကြပါ။ လုပ်ခလစာများများရရှိစေနိုင်သည့် ပညာရေးများ၊ သွေးဆောင်မှုနှင့် အခွင့်အရေးကောင်းများကို ဖန်တီးပေးသယောင်ဖြစ်နေသည့် ပညာရေးများ၏သွေးဆောင်မှုများကြောင့် သားသမီးများအား စုံစမ်းနှောင့်ယှက်ခြင်းမကင်းသည့်နေရာများသို့ မပို့မိကြပါစေနှင့်၊ 'လူသည် ဤစကြဝဠာကိုအကြွင်းမဲ့အုပ်စိုးရ၍ မိမိအသက်ဝိညာဉ်ရှုံးလျှင် အဘယ်ကျေးဇူးရှိသနည်း။ မိမိအသက်ဝိညာဉ်ကို အဘယ်ဥစ္စာနှင့်ရွေးနိုင်သနည်း" (ရှင်မာကု ၈း၃၆–၃၇)။

အိမ်ကျောင်းမှရရှိသည့်ဗဟုသုတများ၏အကျိုးကျေးဇူးများ

မှားယွင်းသောပညာရေးကိုပေးနေသည့် နေအိမ်များနှင့်ဝေးရာတွင်ကျောင်းထားလျှင် ကျောင်းမှသင်ပေးသည့်ပညာရေးကိုရရှိသည့် ကလေးများသည် များသောအားဖြင့် များစွာတိုးတက်မှုရှိတတ်ပါသည်။ ငွေကုန်ကြေးကျသက်သာစေရန် အိမ်နှင့်နီးသောကျောင်းများတွင် ကလေးများကိုထားတတ်ကြသော်လည်း ထိုသို့လုပ်ဆောင်ခြင်းသည် ကလေးများရရှိမည့်ကောင်းချီးမင်္ဂလာများကို ဟန့်တားသကဲ့သို့ဖြစ်နေကြောင်း တွေ့ရပါသည်။

ထိန်းမနိုင်သိမ်းမရဖြစ်သောကလေးများအတွက်အိမ်ကျောင်း

ကျောင်းသားများကို ဘော်ဒါထားရန်စီမံထားသောအိမ်များသည် နေအိမ်ကောင်းများဖြစ်အောင် စီမံထားသည်မှာမှန်သော်ငြားလည်း အချို့ ကလေးများ၏လိုလားမှုများနှင့်မကိုက်ညီတတ်သည့်ပြင် မှားယွင်းသောသဘော တရားများကို ခံယူခဲ့ခြင်းနှင့်တကွ ကိုယ်အလိုကိုလိုက်ရန်နှင့် ကိုယ့်ဆန္ဒကို ဖြည့်ဆည်းရန် ပြုစုပျိုးထောင်မှုခံခဲ့ရသောကြောင့် သူတို့၏အကျင့်စရိုက်နှင့် အလေ့အထများသည် အမှားလမ်းထဲမှမျောပါနေတတ်ပါသည်။ ကမ္ဘာ့ရာဇဝင် ၏နောက်ဆုံးသောစာမျက်နှာတွင် အသက်ရှင်နေကြသော ကျွန်ုပ်တို့သည် လောကနှင့်စပ်ဆိုင်သော အောင်မြင်ကျော်ကြားမှုများကို ရအောင်လုပ်ဆောင် သည်ထက် ဘုရားသခင်၏အလိုတော်နှင့်လည်းကောင်း၊ နှုတ်ကပတ်တော်၏ ဖွင့်ဆိုချက်များနှင့်လည်းကောင်း ကိုက်ညီသောအသက်တာဖြစ်အောင် ပြုစု ပျိုးထောင်လျက် ဘုရားသခင်ပေးတော်မူသော အလင်းတရားနှင့်အညီ လိုက် လျှောက်အသက်ရှင်နေထိုင်ကြရန်ဖြစ်ပါသည်။ ကျွန်ုပ်တို့၏အလိုဆန္ဒများ၊ ကျွန်ုပ်တို့၏ဓလေ့ထုံးစံများနှင့် ကျွန်ုပ်တို့ကျင့်ဆောင်နေသောအရာများအပေါ် တွင်သာ ပိုမိုနှစ်သက်မြတ်နိုးကြရန်မဟုတ်ပါချေ။

ထိုကဲ့သို့သော ဩဇာလွှမ်းမိုးမှုများရရှိထားသည့် လူငယ်များသည် တိုးတက်မှုကိုရရှိစေရန်အတွက် စနစ်တကျတည်ထောင်ထားသည့် အိမ်ကျောင်း များတွင် အခိုက်အတန့်အားဖြင့် နေထိုင်သင့်ပါသည်။ ကျောင်းတွင်ရရှိနိုင် မည့်အခွင့်အရေးများကို ခံစားရရှိနိုင်ရန် မဖြစ်မနေအိမ်ကိုစွန့်ခွာရမည့်ကလေး များအတွက် ထိုအိမ်ကျောင်းများသည် ကြီးမားသောကောင်းချီးမင်္ဂလာတစ်ခု ဖြစ်ပါသည်။ ဘုရားသခင်ကိုကြောက်ချစ်နာခံသော မိဘများအုပ်စိုးသည့် အိမ်ထောင်သည် ကလေးငယ်များအတွက် အကောင်းဆုံးနေရာတစ်ခုဖြစ်ပါ သည်။ ထိုနေရာတွင် သူတို့သည် မိဘများ၏ကောင်းမွန်သောအုပ်ထိန်းမှု အောက်၌ မိဘများကိုယ်တိုင်ပို့ချသည့် ဘာသာရေးဆိုင်ရာစည်းမျဉ်းများနှင့် ပြုစုစောင့်ရှောက်မှုများကို ရရှိခံစားနိုင်ကြပါသည်။

ကျွန်ုပ်တို့၏ကျောင်းများနှင့် မလှမ်းမကမ်းတွင်နေထိုင်ကြသော သူတို့၏မိဘများနှင့်ကွဲကွာသွားစေမည့် အာဏာရှင်ဆန်သောစည်းမျဉ်းများကို မထုတ်မိအောင် ကျွန်ုပ်တို့ရှောင်ကြဉ်ကြပါစို့။ ဘော်ဒါစည်းကမ်းများအောက် တွင်ထားခြင်းသည် သားသမီးများအတွက် အကောင်းဆုံးဖြတ်သည်ကို မိဘ များသဘောမပေါက်ကြလျှင် သားသမီးများကို အိမ်မှာပင်တတ်နိုင်သလောက် ထားကာ သင်ပေးသင့်ပါသည်။ အချို့နေရာဒေသများတွင်မူ ဘော်ဒါကျောင်း များတွင်ထားခြင်းအားဖြင့် ကလေးငယ်များအတွက်အကျိုးရှိကြောင်း ကျောင်း နှင့်မနီးမဝေးတွင်နေထိုင်သော မိဘများမြင်တွေ့ကြပါသည်။ သူတို့၏နေအိမ် များတွင် ကောင်းစွာမသင်ယူနိုင်သည့်အရာအချို့ကို ဘော်ဒါကျောင်းများတွင် ရရှိနိုင်ပါသည်။ သို့ရာတွင် ကျွန်ုပ်တို့၏ကျောင်းများတွင်ရရှိနိုင်မည့် အကျိုး ကျေးဇူးများကိုခံစားခွင့်ရရန် ကလေးများကိုမိဘများနှင့်ခွဲ၍ထားရမည်ဟု ငြင်း ဆိုနေကြရန်မဟုတ်ပါ။

မိဘများသည် သားသမီးများ၏ပင်ကိုအုပ်ထိန်းသူများဖြစ်ကြသည်။ ကလေးများ၏ပညာရေးနှင့် လေ့ကျင့်ပညာပေးခြင်းများကို ကြီးကြပ်ကွပ်ကဲ ရမည့် မွန်မြတ်သောတာဝန်တစ်ခုကို ပေးအပ်ခြင်းခံထားရသူများလည်းဖြစ် သည်။ သားသမီးများအား ဘုရားသခင်နှင့်အတူ အမှုတော်ဆောင်သော အမှုတော်ဆောင်များဖြစ်လာစေမည့်၊ လှုံ့ဆော်မှုများကိုပေးနိုင်မည့် ကျွန်ုပ်တို့၏ ကျောင်းများမှပေးလျက်ရှိသော ပညာရေးအခွင့်အလမ်းများနှင့် ကောင်းချီး မင်္ဂလာများကိုလည်း သားသမီးတိုင်းအား ခံစားခွင့်ပြုသင့်ပါသည်။ ပုဂ္ဂလိက အသက်တာနှင့် လူထုအကြားနေထိုင်သည့်အသက်တာများတွင် တာဝန်ဝတ္တရား များကိုထမ်းဆောင်ရန် အရည်အသွေးပြည့် အသုံးတည့်သူများဖြစ်လာ စေရန်အ လို့ငှာ ထိုကလေးများပညာတတ်ဖို့လိုအပ်ပါသည်။

### ဟန်ချက်ညီသောကျောင်းအစီအစဉ်တစ်ခု

ကလေးများလုပ်ဆောင်သင့်သောအရာများကို လျစ်လျူရှုလျက် သူတို့စိတ်ပါသောအပျော်အပါးလိုက်စားမှုများနှင့် လုပ်လိုသမျှကိုလုပ်ရန်

မိဘများကခွင့်ပြုမည်ဆိုလျှင် သူတို့၏အကျင့်စာရိတ္တများသည် ထိုလုပ်ဆောင်မှုများအတိုင်း ဖွံ့စည်းလာမည်ဖြစ်သည့်ပြင် အသက်တာတွင် သူတို့လုပ်ဆောင်ရမည့် လုပ်ငန်းတာဝန်များအတွက် စွမ်းဆောင်နိုင်စွမ်းရှိကြတော့မည် မဟုတ်ချေ။ ကလေးများ၏အလိုဆန္ဒနှင့် စိတ်ပါဝင်စားမှုများကိုထိန်းချုပ်ကာ အားနည်းချက်များကို အားကောင်းလာအောင်လုပ်ပေးသလို တရားလွန် အားသာနေသည့်အရာများကိုလည်း ချုပ်ထိန်းပေးသင့်ပါသည်။

အဆက်မပြတ်စာဖတ်ခိုင်းနေခြင်း၏မကောင်းကျိုးများ

မိဘအများစုသည် ၎င်းတို့၏သားသမီးများကို တစ်နှစ်ပတ်လုံးနီးပါး ကျောင်းစာနှင့်သာ အချိန်ကုန်စေကြသည်။ ဤကလေးများသည် စက်ရုပ်များအလား ပုံမှန်စာကြိုးစားနေကြသော်လည်း သူတို့ကျက်သမျှ၊ ဖတ်သမျှကို ဦးနှောက်ထဲမှာထိန်းထားနိုင်ခြင်းမရှိကြချေ။ စာကိုသာဖတ်နေ၊ ကျက်နေကြသည့် ကျောင်းသားအများစုမှာ စဉ်းစားဆင်ခြင်းနိုင်စွမ်းများကင်းမဲ့လာသယောင် တွေ့ရပါသည်။ အဆက်မပြတ်စာကျက်ခြင်းကြောင့် သူတို့၏စိတ်နှလုံးများသည် ငြီးငွေ့ပင်ပန်းနေကာ ကျက်ဖတ်နေသည့်သင်ခန်းစာများအပေါ် စိတ်ဝင်စားမှုနည်းပါးလာပါသည်။ ထိုစာအုပ်၌ဖော်ပြထားသည့်အရာများသည် ထိုကလေးအများစုအတွက် ထိခိုက်နာကျင်စရာဖြစ်လာပါသည်။ သူတို့၌စဉ်းစားသုံးသပ်လိုစိတ်များ မရှိကြတော့ဘဲ ဗဟုသုတရလိုသည့်စိတ်များလည်း ကင်းမဲ့လာကြပါသည်။ ကျက်မှတ်နေသောသင်ခန်းစာအတိုင်း ပြန်လည်အသက်ရှင်နေထိုင်ဖို့ကိုလည်းကောင်း၊ ထိုသင်ခန်းစာအား စူးစမ်းလေ့လာဖို့ကိုလည်းကောင်း သူတို့အားမသန်ကြတော့ချေ။

စေ့စပ်သေချာသော ဆင်ခြင်သုံးသပ်သူများနှင့် ကျိုးကြောင်းဆီလျော်စွာစဉ်းစားသုံးသပ်သူများမှာ အရေအတွက်နည်းပါးလှပါသည်။ အကြောင်းမှာ စဉ်းစားဆင်ခြင်နိုင်သောစွမ်းရည်များကို မမှန်ကန်သောဩဇာလွှမ်းမိုးမှုများက အဟန့်အတားပြုလုပ်လျက်ရှိပါသည်။ အဆက်မပြတ်စာကျက်ခြင်းကြောင့် စဉ်းစားဆင်ခြင်နိုင်စွမ်းများကို တိုးတက်စေသည်ဟူသော မိဘဆရာအချို့၏

ထင်မြင်ယူဆချက်သည် မှားယွင်းနေကြောင်း ထင်ရှားလှပါသည်။ စာကိုအဆက်မပြတ်ကျက်မှတ်နေသူများ၌ မျှော်လင့်ထားသည့်အရာများဖြစ်မလာဘဲ ဆန့်ကျင်ဘက်ရလဒ်များ ဖြစ်ပေါ်နေသည်ကိုတွေ့နေရပါသည်။

ဆရာများဩဇာရှိလာအောင်မိဘများကထောက်မကြပါ

ဆရာများရင်ဆိုင်နေရသည့် အခက်ခဲဆုံးသောအရာများထဲမှတစ်ခုသည် သားသမီးများကိုစည်းကမ်းထိန်းရာတွင် မိဘများကပူးပေါင်းပါဝင်မှုမရှိခြင်းပင်ဖြစ်ပါသည်။ အကယ်၍သာ မိဘများက ဆရာများ၏အုပ်ချုပ်မှုကို ထောက်မပေးခဲ့ကြမည်ဆိုလျှင် ကလေးများ၏အာခံမှုများ၊ အကျင့်ဆိုးများနှင့် စည်းကမ်းမဲ့သုံးဖြုန်းမှုများကို ဟန့်တားနိုင်ပါလိမ့်မည်။ ထို့ကြောင့် ဆရာများ၏ စကားကိုနာခံကာ ဆရာများ၏ဩဇာကိုခံရန် ကလေးများကို မိဘများသွန်သင်ကြရပါမည်။ ကလေးများ၌ ခိုင်မာသောစာရိတ္တတည်ဆောက်ပြီးသည်အထိ သွန်သင်ခြင်း၊ လမ်းပြခြင်းနှင့် ထိန်းချုပ်ခြင်းအလုပ်များကို မနားမနေကလေးများနှင့်အတူ လုပ်ဆောင်သင့်ပါသည်။ ဤကဲ့သို့လေ့ကျင့်ပညာပေးခြင်းဖြင့် ထိုကလေးများသည် လူ့အသိုက်အဝန်းထဲရှိ အဖွဲ့အစည်းများ၏လက်အောက်တွင် နေထိုင်တတ်လာပြီး ကိုယ်ကျင့်တရားဆိုင်ရာထိန်းချုပ်မှုများကိုလည်း ထိန်းချုပ်နိုင်လာကြပါလိမ့်မည်။

ဥပဒေမဲ့၊ စည်းကမ်းမဲ့လုပ်ဆောင်ပြုမူခြင်းများကို ခွင့်မပြုသောကျောင်းများ၊ ကလေးများကိုအလိုလိုက်ခြင်းမရှိဘဲ နာခံတတ်အောင်သင်ကြားပေးသည့်ကျောင်းများ၊ ကောင်းမြတ်သောဩဇာသက်ရောက်မှုများဖြင့် ဖုံးလွှမ်းနေသောကျောင်းများတည်ရှိနေခြင်းကို သတိပညာရှိသောမိဘတိုင်း ကျေးဇူးတင်ကြပါလိမ့်မည်။

ကျောင်းစည်းကမ်းများကိုထောက်ခံခြင်း

အဓိပ္ပါယ်မရှိသောအရာများကို မည်သူကခိုင်းသည်ဖြစ်စေ၊ မလုပ်ကြဖို့ ကျောင်းသားမိဘတချို့ပြောတတ်ကြပါသည်။ သူတို့သည် မည်သည့်

သင်ခန်းစာကို ကလေးများအားပေးနေကြပါသနည်း။ အဓိပ္ပါယ်ရှိသည်၊ အဓိပ္ပါယ်မရှိသည်ကို အတွေ့အကြုံနုနယ်သေးသည့် ကလေးများအနေဖြင့် မည်ကဲ့သို့ခွဲခြားနိုင်ပါမည်နည်း။

အကယ်၍ မည်သူမှမသိသောတစ်နေရာရာသို့ ညအိပ်ညနေသွားဖို့ သားသမီးကတောင်းဆိုကောင်း တောင်းဆိုလာကြလိမ့်မည်။ မည်သည့်အတွက်ကြောင့်သွားလိုကြောင်း အုပ်ထိန်းသူ (သို့မဟုတ်) ဆရာများကမေးမြန်းလာလျှင် ထိုမေးမြန်းမှုအား လူငယ်များ၏အခွင့်အရေးကို ထိပါးစော်ကားသည့် ဆင်ခြင်တုံတရားမဲ့မှုတစ်ခုအဖြစ် မိဘများကသတ်မှတ်တတ်ကြပါသည်။ သူတို့၏လွတ်လပ်မှုကို ဝင်ရောက်နှောင့်ယှက်ခြင်းမပြုသင့်ပါဟုလည်း ပြောတတ်ကြသည်။ ကလေးများ၏လွတ်လပ်ခွင့်ကို ထိန်းချုပ်သောဆင်ခြင်တုံတရားမဲ့သော စည်းမျဉ်းဟု အချို့စည်းကမ်းဥပဒေများကို မိဘများကသတ်မှတ်နေစဉ်တွင် သူတို့အပေါ်၌ မည်သည့်တန်ခိုးရှင်က လွှမ်းမိုးနေပါသနည်း။

ကောလိပ်သင်ရိုးညွှန်းတမ်း၏ပြင်ပပညာရေး

ပညာရေးကဏ္ဍရှိ စေ့စပ်သေချာစွာလုပ်ရမည့်ကျင့်ဝတ်များကို ကလေးများအား ပြုစုပေးသင့်ပါသည်။ သူတို့ရရှိနိုင်သမျှသောအရာများကိုပေးသည့် ပညာရေးမျိုးကို ကောလိပ်ပညာရေးတွင် ဆုပ်ကိုင်မထားသင့်ပါ။ သူတို့သည် မြင်ရ၊ ကြားရသောအရာများမှလည်း အမြဲတမ်းလေ့ကျက်နိုင်ကြပါသည်။ ကျိုးကြောင်းဆက်စပ်တွေးခေါ်မှုမှလည်းကောင်း၊ ပတ်ဝန်းကျင်မှလည်းကောင်း၊ အသက်တာ၏အခြေအနေအမျိုးမျိုးမှလည်းကောင်း သူတို့လေ့ကျက်နိုင်ပါသေးသည်။ ရှောင်ရှားရမည့်အကျင့်များကို နေ့စဉ်လေ့ကျက်နိုင်ကြသလို ခိုင်မာသောစာရိတ္တကိုဖြစ်စေလျက် လူကောင်းသူကောင်းများဖြစ်စေမည့် အခြေခံစည်းမျဉ်းများကို အားကောင်းစေလျက် သူတို့အားမြင့်မြတ်ကောင်းမွန် သောသူများဖြစ်စေမည့် ကျင့်ဝတ်အချို့ကိုလည်း သူတို့နေ့စဉ်လေ့ကျက်နိုင် ကြပါသည်။

–o–



# အခန်း (၁၃)
# ကိုယ်ကာယဖွံ့ ဖြိုးမှု၏အရေးပါပုံ

ကလေးများအတွက် အချိန်တိုင်းလုပ်ဆောင်စရာရှိအောင် စီစဉ်ပေးသင့်ပါသည်။ သင့်လျော်သော စိတ်ပိုင်းဆိုင်ရာလုပ်ဆောင်မှုနှင့် ကိုယ်ကာယဆိုင်ရာ အိမ်ပြင်လေ့ကျင့်ခန်းပြုလုပ်ခြင်းများသည် သင့်သားကလေးများ၏ ကျန်းမာရေးကို ဖျက်ဆီးပစ်ကြလိမ့်မည်မဟုတ်ပါ။ အကျိုးရှိသောအိမ်ထောင်မှုလုပ်ငန်းများသည်လည်း သင်၏သမီးများကို အကျိုးပြုပါသည်။ ၎င်းပြင် အိမ်ပြင်တွင်လုပ်ရသော အချို့အလုပ်များသည် ကျန်းမာရေးအတွက်အရေးပါလှပါသည်။

## လေ့ကျင့်ခန်းနှင့်လေကောင်းလေသန့်

နေ့စဉ်သင့်တင့်လျောက်ပတ်စွာ လေ့ကျင့်ခန်းလုပ်ခြင်းသည် ကြွက်သားများကိုအားကောင်းစေပါသည်။ အိမ်ပြင်ထွက်၍ နေ့စဉ်လေကောင်းလေသန့်ရှူခြင်းသည် အသည်း၊ ကျောက်ကပ်နှင့်အဆုတ်များကို အားကောင်းစေသဖြင့် ပို၍အလုပ်လုပ်နိုင်ပါသည်။ လေ့ကျင့်ခန်းလုပ်ခြင်းနှင့် လေကောင်းလေသန့်ရှူရှိုက်ခြင်းတို့၏အကျိုးကို အချိန်တိုအတွင်းမှာပင် သင်ခံစားရပါလိမ့်မည်။ လေချို့တဲ့သော သင်၏အဆုတ်သည် အစားအစာချို့တဲ့သော ဆာလောင်သူတစ်ဦးနှင့်တူပါသည်။ ကျွန်ုပ်တို့သည် အဆုတ်အတွက်အစာအဖြစ် ဘုရားသခင်ပြင်ဆင်ပေးထားသည့်လေကိုမရှူဘဲနေသည်ထက် အစာကိုမစားဘဲပို၍ကြာမြင့်စွာနေထိုင်နိုင်ပါသည်။

လိုက်လျောညီထွေသော ကိုယ်ကာယလေ့ကျင့်ခန်းမလုပ်ဘဲ လေ့လာကျက်မှတ်မှုများ၌သာ ဦးနှောက်ကိုအသုံးပြုခြင်းသည် ဦးနှောက်၌သွေးများစုအောင်လုပ်သလိုဖြစ်သဖြင့် သွေးလည်ပတ်မှုကို ဟန်ချက်ပျက်ပြားစေပါသည်။ ဦးနှောက်ထဲမှ သွေးအလွန်အကျွံရောက်သွားပြီး ခြေဖျားလက်ဖျားများတွင်

သွေးအလွန်အကျွံနည်းသွားတတ်ပါသည်။ ထို့ကြောင့် စာကျက်ရန်အတွက် သင့်လျော်သောအချိန်များ သတ်မှတ်ပေးရန်လိုအပ်သလို ကိုယ်ကာယလေ့ကျင့်ခန်းလုပ်ရန်အတွက်လည်း အချိန်သတ်မှတ်ပေးသင့်ပါသည်။ အကယ်၍သာ အစားအသောက်၊ အအိပ်အနေမှအစ ဆင်ယင်မှုများအဆုံး ကျန်းမာရေးစည်းမျဉ်းများနှင့်ကိုက်ညီစွာ လုပ်ဆောင်မည်ဆိုလျှင် ကိုယ်စိတ် နှစ်ပါး၏ကျန်းမာရေးများ ဆုံးရှုံးမှုမရှိဘဲ ပညာတတ်များဖြစ်လာနိုင်ကြပါ သည်။

ပျင်းရိခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှုမရှိခြင်းသည် ဤခေတ်ဤအခါ အသက်ရှင်နေထိုင်လျက်ရှိသော လူသားများအပေါ်ကျရောက်နေသည့် အကြီးမားဆုံးသောကျိန်ခြင်းအမင်္ဂလာဖြစ်ပါသည်။ အကျိုးပြုသောလှုပ်ရှားလုပ်ဆောင်မှုများသည် ကောင်းမြတ်သောစရိုက်နှင့် မြင့်မြတ်သောစာရိတ္တများကိုဖွဲ့စည်းစေသည့် မဟာကောင်းချီးမင်္ဂလာတစ်ခုဖြစ်ပါသည်။

အလုပ်မျိုးစုံကိုပြောင်းလဲလုပ်ဆောင်စေခြင်း

လူငယ်များ၏လှုပ်ရှားသွက်လက်နေသော စိတ်နှင့်လက်များကို အလုပ်ပေးထားရပါမည်။ အကျိုးရှိသောအလုပ်များ၊ ဖွံ့ဖြိုးတိုးတက်စေသည့်အလုပ်များကို လုပ်ခိုင်းမထားလျှင် ကိုယ်စိတ်နှစ်ပါးကို ထိခိုက်ပျက်စီးစေမည့်အလုပ်များကို သူတို့လုပ်ဆောင်ကြလိမ့်မည်။

လူငယ်များသည် ဘဝဝန်ထုပ်ဝန်ပိုးများကို မိဘများနှင့်အတူ ပျော်ရွှင်စွာထမ်းရွက်သင့်ကြပါသည်။ ထိုသို့လုပ်ဆောင်ခြင်းအားဖြင့် ကိုယ်စိတ်နှစ်ပါး၏ကျန်းမာရေးအတွက် မရှိမဖြစ် အမှန်တကယ်လိုအပ်သည့် စိတ်ကြည်လင်မှုကို ထိန်းသိမ်းနိုင်ကြပါလိမ့်မည်။ အကယ်၍ စိတ်နှလုံးကိုပြင်းပြင်းထန်ထန်အလုပ်ပေးထားလျှင် အားအင်ယုတ်လျော့သွားပြီး ယိုယွင်းပျက်စီး လာပါလိမ့်မည်။ အလုပ်တစ်ခုကို ပြောင်းလဲလုပ်ဆောင်ခြင်းအားဖြင့် ကျန်းမာရေးနှင့်ခွန်အားများ ပြန်လည်ရရှိလာပါသည်။ အကျိုးမရှိသောအလုပ် များအတွက် အကျိုးရှိသောအလုပ်များကို ဘေးဖယ်ထားရမည်မဟုတ်ပါ။

အကြောင်းမှာ တစ်ကိုယ်ကောင်းဆန်သော ပျော်ရွှင်မြူးထူးခြင်းများ၌ ကိုယ်ကျင့်တရားကိုပျက်ပြားစေသည့် အန္တရာယ်များရှိနေပါသည်။

အလုပ်လုပ်လျှင်မောပန်းမည်မှာဓမ္မတာ

မိခင်တို့၊ သင်တို့၏သမီးများကို ဇာထိုးပန်းထိုးကဲ့သို့သောအလုပ်များကို ရွေးချယ်ခွင့်ပြုကာ အခြားမည်သည့်အလုပ်ကိုမှ မခိုင်းတော့ဘဲ သူတို့အားခိုင်းထားသမျှတာဝန်အားလုံးကို ရုပ်သိမ်းလိုက်ခြင်းထက်အထက် ဖော်ပြပါအန္တရာယ်မျိုး အဆိုးရွားဆုံးကျရောက်စေသည့်အရာ မရှိတော့ပါ။

သူတို့သည် မောပန်းကောင်းမောပန်းကြမည်ဖြစ်သော်လည်း အငန်းအတာတစ်ခုအထိ အလုပ်ကိုလုပ်ပြီးသည့်နောက် အနားယူလိုက်ခြင်းအားဖြင့် အမောပြေသွားကြပါလိမ့်မည်။ သဘာဝအားဖြည့်ဆေးတည်းဟူသော အိပ်စက်ခြင်းသည် ပင်ပန်းသွားသောကိုယ်ခန္ဓာကို ပြန်လည်အားပြည့်လာစေပြီး၊ နောက်တစ်နေ့လုပ်ဆောင်ရမည့် အလုပ်တာဝန်များအတွက် အဆင်သင့်ဖြစ်စေပါသည်။

ဆင်းရဲချို့တဲ့ခြင်းသည်အဘယ်ကြောင့်မကြာခဏကောင်းချီးမင်္ဂလာဖြစ်တတ်ပါသနည်း

ချမ်းသာကြွယ်ဝခြင်းနှင့် အလုပ်လုပ်စရာမလိုအပ်ခြင်းများကို ကောင်းချီးမင်္ဂလာအဖြစ် သတ်မှတ်တတ်ကြပါသည်။ သို့ရာတွင် အမြဲတမ်းအလုပ်ရှုပ်နေသူများနှင့် နေ့စဉ်လုပ်ငန်းဆောင်တာများကို စိတ်ကြည်နူးစွာလုပ်ဆောင်နေသူများသည် အပျော်ရွှင်ဆုံးနှင့် အကောင်းဆုံးသောကျန်းမာရေးကို ခံစားရသူများဖြစ်ကြပါသည်။

ဆင်းရဲချို့တဲ့ခြင်းသည် ကောင်းချီးမင်္ဂလာတစ်ခုဖြစ်ပါသည်။ ဆင်းရဲခြင်းသည် မည်သည့်အရာကိုမျှမလုပ်ခြင်းများကြောင့် ဖြစ်ပေါ်လာမည့် ပျက်စီးဆုံးရှုံးမှုများမှ လူငယ်များအားကာကွယ်ပါသည်။ စိတ်စွမ်းအားများကဲ့သို့ပင်

ကိုယ်ခန္ဓာစွမ်းအားများကိုဖွံ့ဖြိုးအောင် မှန်ကန်သောနည်းလမ်းများဖြင့် ပြုစုပျိုးထောင်ပေးရပါမည်။ မိမိတို့၏သားသမီးများသည် ကျန်းမာရေးကောင်းမွန်ခြင်းရှိမရှိ၊ ကြံ့ခိုင်သူများဟုတ်မဟုတ်ကို ကြည့်ရှုရမည်မှာ မိဘများပထမဦးစွာလုပ်ဆောင်ရမည့်အလုပ်တစ်ခုဖြစ်သည်။ ကိုယ်ကာယလေ့ကျင့်ခန်းကိုမလုပ်ဘဲရည်မှန်းချက်များကို အောင်မြင်စွာလုပ်ဆောင်နိုင်မည်မဟုတ်ပါ။

သူတို့၌သန့်စင်ကောင်းမြတ်သော အကျင့်စာရိတ္တရှိခဲ့လိမ့်မည်ဆိုလျှင် ကြွက်သားအားလုံးကို လေ့ကျင့်ခန်းရစေသည့်စနစ်တကျစီမံထားသော အလုပ်စည်းမျဉ်းများရှိရပါမည်။ အကျိုးရှိသောအလုပ်များ၌ ပါဝင်လုပ်ဆောင်ရာတွင်လည်းကောင်း၊ ကိုယ်အလိုကိုငြင်းပယ်ကာ သူတစ်ပါးအားကူညီရာတွင်လည်းကောင်း ကလေးများရရှိသည့် ကျေနပ်အားရမှုသည် သူတို့ခံစားရသမျှတွင် အပြည့်စုံဆုံးသော ပျော်ရွှင်မှုဖြစ်ပါလိမ့်မည်။

## ကိုယ်စိတ်နှစ်ပါးကိုညီညွတ်မျှတစွာလှုပ်ရှားလုပ်ဆောင်ခြင်း

ကာယလေ့ကျင့်ခန်းလုပ်ဖို့ အချိန်မရှိလောက်အောင် ကျောင်းသားများစာကျက်နေသည်ကို ခွင့်မပြုသင့်ပါ။ အိမ်ပြင်ထွက်၍ ကြွက်သားများကိုကြီးထွားစေမည့် ကာယလေ့ကျင့်ခန်းများနေ့စဉ်မလုပ်လျှင် ကျန်းမာရေးကိုထိန်းထားနိုင်မည်မဟုတ်ပါ။ ခန္ဓာကိုယ်တစ်ခုလုံး လှုပ်ရှားလုပ်ဆောင်ရသည့်လက်နှင့် လုပ်ရသောအလုပ်အချို့ကိုလုပ်ရန် အချိန်သတ်မှတ်ထားသင့်ပါသည်။ အကယ်၍ နေမကောင်းနေသူဖြစ်လျှင် ကိုယ်ကာယလေ့ကျင့်ခန်းများအားဖြင့် ပုံမှန်ကျန်းမာရေးအခြေအနေသို့ ပြန်လည်ရောက်ရှိသွားနိုင်ပါသည်။ ကျန်းမာရေးကို အကျင့်စာရိတ္တတမျှ အရေးထားဂရုစိုက်သင့်ပါသည်။

## မဆင်မခြင်ဖြုန်းတီးပစ်နေသောလူငယ်တို့၏ခွန်အားများ

ဇီဝကမ္မဗေဒဟုခေါ်သည့် သက်ရှိများအကြောင်းလေ့လာစဉ်တွင် ကာယခွန်အားများ၏တန်ဖိုးရှိပုံ၊ ထိန်းသိမ်းစောင့်ရှောက်ပုံနှင့် အသက်တာတွင်ရင်ဆိုင်ရမည့် မဟာရန်းကန်မှုများတွင် အောင်ပွဲဆင်ရန် အပြည့်အဝ

ပံ့ပိုးပေးနိုင်ဖို့ ဖွံ့ဖြိုးမှုများရရှိအောင် လုပ်ပုံကိုင်ပုံများကို ကျောင်းသားများ နားလည်အောင် သင်ကြားပေးရပါမည်။

သိုသိပ်ထားရန်မဟုတ်ဘဲလမ်းပြပေးရမည့်လုပ်ရှားမှုများ

ကျွန်ုပ်တို့၏သားသမီးများသည် မိဘများနှင့်ခွဲခွာ၍နေရမည့် အခြေအနေမျိုးကို ရင်ဆိုင်ကောင်းရင်ဆိုင်ရလိမ့်မည်။ ကျွန်ုပ်တို့ကို အသွေးတော်ဖြင့်ရွေးနုတ်တော်မူခဲ့သော ခရစ်တော်၏လမ်းစဉ်များမှ သွေဖည်သွားစေမည့် ကိုယ်အလိုကိုလိုက်၍ ကိုယ့်အကျိုးကိုသာရှာစေမည့် သွေးဆောင်မှုများသည် နေရာတိုင်းတွင်ရှိနေပါသည်။ ထို့ကြောင့် ၎င်းတို့၏အသက်တာသည် ကောင်းချီးမင်္ဂလာဖြစ်မည်၊ ကျိန်ခြင်းအမင်္ဂလာဖြစ်သည်ဆိုသည့်အချက်မှာ ၎င်းတို့၏ရွေးချယ်မှုအပေါ်တွင်သာ မူတည်နေပါသည်။ ၎င်းတို့သည် အားအင်အပြည့်ဖြင့် စမ်းသပ်မှုမပြုရသေးသည့်စွမ်းဆောင်ရည်များကို အသုံးပြုရန် စိတ်အားထက်သန်လျက် အလျှံပယ်ကြွယ်ဝသောခွန်အားများကို အသုံးပြုနိုင်မည့်နည်းလမ်းများကို သူတို့ရှာရပါမည်။ အကောင်းအတွက်ဖြစ်စေ၊ အဆိုးအတွက်ဖြစ်စေ သူတို့လှုပ်ရှားလုပ်ဆောင်ရပါလိမ့်မည်။

ဘုရားသခင်၏နှုတ်ကပတ်တော်က လှုပ်ရှားလုပ်ဆောင်မှုကို ထိန်းချုပ်ခြင်းမပြုသော်လည်း မှန်ကန်စွာလမ်းပြရန်ကိုမူ မိန့်တော်မူထားပါသည်။ ရည်မှန်းချက်နိမ့်နိမ့်ထားရန် ဘုရားသခင်ကလူငယ်များအား မိန့်တော်မမူပါ။ လူတစ်ယောက်ကို အမှန်တကယ်အောင်ပွဲဆင်ကာ လူများအလယ်တွင် ဂုဏ်ပြုခြင်းခံစေနိုင်သော ကောင်းသောအရာကိုလုပ်လိုသည့် ပြင်းပြသော ရည်မှန်းချက်၊အနိုင်မခံအရှုံးမပေးလိုသောဆန္ဒ၊ အင်တိုက်အားတိုက်လုပ်ဆောင် တတ်ခြင်းနှင့်တကွ မလျော့သောဇွဲလုံ့လများကို လျော့ပါးသွားအောင် မလုပ်ဆောင်သင့်ကြပါ။ ဘုရားသခင်၏ကျေးဇူးတော်ကိုအမှီပြုလျက် မြေကြီးထက် ကောင်းကင်သည်မြင့်သကဲ့သို့ လောကီချမ်းသာများနှင့် တစ်ကိုယ်ကောင်း စိတ်ထားများထက်မြင့်မြတ်သော ထိုရည်မှန်းချက်များကို အရလှမ်းနိုင်အောင် သူတို့ကိုညွှန်ပြကြရပါမည်။

## လက်တွေ့အသက်တာဖြင့်အသက်ရှင်နေထိုင်ခြင်း

ဘုရားသခင်သည် အာဒံနှင့်ဧဝကိုဖန်ဆင်းကာ ကိုယ်တော်အဖို့အလို ငှာ စောင့်ရှောက်ထိန်းသိမ်းပေးရမည့် ဧဒင်ဥယျာဉ်တွင်ထားတော်မူပါသည်။ အလုပ်များကိုလုပ်စေခြင်းမှာ သူတို့နှစ်ယောက်ပျော်ရွှင်မှုရစေရန်အတွက်ဖြစ် ပါသည်။

အကျိုးရှိသောအလုပ်သည် သူတို့အတွက်အကာအကွယ်တစ်ခုဖြစ်ခဲ့ရာ သမိုင်းကြောင်းတစ်လျှောက် နေထိုင်အသက်ရှင်သောလူသားများအားလုံး အတွက်လည်း ထိုသို့ပင်ဖြစ်ပါသည်။

### တာဝန်ကျေလုပ်သားတစ်ဦးအဖြစ်ပုံသက်သေပြခဲ့သောယေရှု

ခရစ်တော်သည် လောကအသက်တာ၌အသက်ရှင်စဉ်တွင် နာခံ၍ ကူညီတတ်သူတစ်ဦးဖြစ်ပါသည်။ နာဇရက်မြို့ရှိ လက်သမားရုံငယ်ကလေး ထဲတွင် လက်သမားအတတ်ကိုလေ့ကျက်ကာ ကိုယ်တိုင်လည်း လက်သမား အလုပ်ကိုလုပ်ခဲ့ပါသည်။ 'ခရစ်တော်သည်လည်းကြီးပွား၍ ပညာဉာဏ်သတ္တိ နှင့်ပြည့်စုံ၏။ ဘုရားသခင်၏ကျေးဇူးတော်သည်လည်း သူ့အပေါ်၌တည်၏'ဟု သမ္မာကျမ်းစာတွင် ဖော်ပြထားပါသည် (လုကာ ၂း၄၀)။ ကိုယ်တော်သည် ကလေးဘဝနှင့်လူငယ်ဘဝများတွင် အလုပ်လုပ်ခဲ့သဖြင့် ကိုယ်စိတ် နှစ်ပါး စလုံးသည် ကျန်းမာဖွံ့ဖြိုးနေပါသည်။ မိမိ၏ကာယစွမ်းအားများကို အလဟ သသအသုံးပြုတော်မမူဘဲ အလုပ်ကိုကောင်းစွာလုပ်ဆောင်နိုင်ရန်နှင့် ကျန်းမာရေး ကိုထိန်းသိမ်းနိုင်ရန်သာ ခွန်အားများကိုအသုံးပြုခဲ့ပါသည်။ လက်သမားပစ္စည်း များကို ကိုင်တွယ်အသုံးပြုရာ၌ပင် ချွတ်ယွင်းမှုများရှိမှာကို အလိုတော်မရှိပါ။ စာရိတ္တတော်တွင် စုံလင်တော်မူသကဲ့သို့ အလုပ်သမား တစ်ဦးအနေဖြင့်လည်း အပြစ်တင်စရာကင်းသူတစ်ဦး ဖြစ်ခဲ့ပါသည်။

သခင်ယေရှုသည် လူ့ဘဝ၏နိမ့်ကျသောအသက်တာလမ်းကို မြင့်မြတ် လာအောင် မိမိ၏ပုံသက်သေအားဖြင့် ပြုလုပ်တော်မူခဲ့သည်။ ကိုယ်တော်သည်

လုံ့လဝီရိယနှင့် ကြိုးစားလုပ်ဆောင်ခဲ့သည့် ကောင်းကင်ဗိုလ်ခြေအရှင်ဖြစ်သော်ငြားလည်း လောကကမ္ဘာရှိလမ်းများ၌ ကိုယ်တော်လျှောက်လှမ်းခဲ့သည်။ သာမန်အလုပ်သမားများဝတ်သည့်အဝတ်ကို ဝတ်တော်မူခဲ့သည်။ စောက်သောလမ်းများအတိုင်း တက်လိုက်ဆင်းလိုက်ဖြင့် မိမိလုပ်ဆောင်ရမည့်အလုပ်များကို ပြီးစီးအောင်သွားလာလုပ်ကိုင်တော်မူခဲ့ပါသည်။

ကိုယ်တော်သည် လယ်တောအိမ်ကလေးထဲမှာနေထိုင်ကာ ဝတ်ရုံကြမ်းကြီးကိုဝတ်တော်မူခဲ့သည်။ အောက်ခြေလူတန်းစားများနှင့် ပေါင်းသင်းခဲ့သည်။ နေ့စဉ်နှင့်အမျှ အလုပ်ကိုပင်ပင်ပန်းပန်းလုပ်ကိုင်ခဲ့သည်။ ကြိုးစားလုပ်ဆောင်ခြင်းအမှုသည် လူသားများ၏တာဝန်ဖြစ်ပြီး အလုပ်ဟူသမျှသည် ဂုဏ်ရှိကြောင်း ကိုယ်တော်ရှင်၏ပုံသက်သေများက ထင်ရှားစေလျက်ရှိပါသည်။

လူ့ဘဝဆိုသည်မှာ ကြိုးစားလုပ်ဆောင်ခြင်း၊ တာဝန်ထမ်းဆောင်ခြင်း၊ ပြုစုစောင့်ရှောက်ခြင်းဟူသော အနက်အဓိပ္ပါယ်ရှိကြောင်း သားသမီးများကို သင်ကြားပေးကြပါ။ အရေးပေါ်အခြေအနေများကို ထိန်းချုပ်လုပ်ဆောင်နိုင်သည့် လက်တွေ့သမားအမျိုးသား၊ အမျိုးသမီးများဖြစ်လာအောင် သူတို့ကို လေ့ကျင့်ပေးဖို့ လိုအပ်ပါသည်။ စနစ်တကျပြဌာန်းထားသည့်စည်းကမ်းများနှင့် လုပ်ငန်းတာဝန်များသည် လောကဓံတရားကို ရင်ဆိုင်ကျော်လွှားနိုင်ရန်သာမက ဘဲ ဘက်စုံဖွံ့ဖြိုးမှုအတွက် အထောက်အကူဖြစ်သည်ကိုလည်း သူတို့ အားသင်ကြားပေးကြပါ။

ကာယလုပ်အားသည်သိက္ခာမကျစေခြင်း

ကာယလုပ်အားကို နိမ့်ကျသောအရာတစ်ခုအဖြစ် လူအများစုကယူဆနေခြင်းသည် မှားယွင်းမှုတစ်ခုဖြစ်သည်။ ထို့ကြောင့် လူငယ်များသည် ကိုယ်ကာယနှင့်မလုပ်ရသော ကျောင်းဆရာအလုပ်၊ စာရေးအလုပ်၊ ကုန်သည်အလုပ်နှင့် ရှေ့နေအလုပ်များကိုရဖို့သာ စိတ်စောနေကြပါသည်။ အမျိုးသမီးများကလည်း အိမ်ထောင်တာဝန်ကို သေးသိမ်သောအလုပ်တစ်ခုအဖြစ်

မြင်နေကြပါသည်။ အကျိုးရှိသောအလုပ်အကြောင်း နားမလည်ခြင်းအပေါ် မာနတက်နေသော လူငယ်အမျိုးသား၊ အမျိုးသမီးများဖြင့် ဤကမ္ဘာကြီးသည် ပြည့်နေပါသည်။ သူတို့သည် ပြုပြင်ရန်မဖြစ်နိုင်တော့သည့် ကရော်ကမည် နိုင်သူများ၊ စိတ်ကြီးဝင်နေသူများ၊ အဆန်မရှိသောဟန်သမားများ၊ ရောင့်ရဲ တင်းတိမ်မှုကင်းသူများ၊ အဖြုန်းသမားများ၊ စည်းကမ်းမရှိသူများဖြစ်ကြသည်။ ထိုအကျင့်စရိုက်များသည် လူ့အသိုက်အဝန်းကို အစွန်းအထင်းဖြစ်စေရုံသာမက မိဘများကိုလည်းအရှက်ရစေပါသည်။ ထို့ကြောင့် မည်မျှပင်သေးသိမ်နိမ့်ကျ သည်ဖြစ်စေ၊ အလုပ်ဟူကဂုဏ်ရှိစွဟူသောဆောင်ပုဒ်နှင့်အညီ ရှက်ကြောက်မှု ကင်းကင်းဖြင့် လူတိုင်းလုပ်ဆောင်သင့်ပါသည်။

### အလုပ်၏အစေခံကျွန်မဟုတ်ဘဲအလုပ်၏သခင်ဖြစ်မည့်လူငယ်များ

အလုပ်၏ကြီးမားသောသိက္ခာကို လူငယ်များနားလည်လာအောင် သွန်သင်ကြပါ။ ကာယလုပ်အားများကို အထင်သေးနေရခြင်း၏အကြောင်းရင်း တစ်ခုမှာ မစဉ်းစားမဆင်ခြင်ဘဲ ပေါ့ပေါ့ဆဆဖြင့်လုပ်ဆောင်နေခြင်းကြောင့် ဖြစ်ပါသည်။ အလုပ်ကြမ်းများကိုလုပ်ချင်သဖြင့် လုပ်နေကြခြင်းမဟုတ်ဘဲ မတတ်သာရွေ့သာ လုပ်ဆောင်နေကြခြင်းဖြစ်သည်။ အလုပ်ကြမ်းလုပ်နေသူ များမှာလည်း ကိုယ့်ကိုကိုလေးစားမှုမရှိသလို အခြားသူများ၏လေးစားမှု ရအောင်လည်း မကြိုးစားကြဘဲ စိတ်မပါလက်မပါဖြင့် အလုပ်လုပ်တတ်ကြ ပါသည်။ ဤအချက်ကိုပြင်ပေးရန်လိုအပ်ပါသည်။ တိတိကျကျ၊ စဉ်းစဉ်း စားစားလုပ်တတ်သည့် အကျင့်များဖွံ့ဖြိုးလာအောင် ပို့ချသင်တန်းပေးသင့် ပါသည်။

ထိုကဲ့သို့သောသင်တန်းများအားဖြင့် လူငယ်များကို အလုပ်၏ကျွန် ဘဝမှ အလုပ်၏သခင်ဘဝသို့ ကူးပြောင်းသွားစေပါလိမ့်မည်။ ထိုသင်တန်း များကြောင့် ပင်ပန်းကြီးစွာလုပ်နေရသည့် အလုပ်ကြမ်းသမားများ၏စိတ်ဓာတ် များကို ပေါ့ပါးသွားစေရုံသာမက နိမ့်ကျသေးသိမ်သောအလုပ်များကိုပင် အမွန် အမြတ်ထားလာကြပါလိမ့်မည်။

ချမ်းသာကြွယ်ဝခြင်းသည်လက်တွေ့သင်တန်းမတက်ရန်လွတ်ငြိမ်းခွင့်ပြုသောအရာမဟုတ်ပါ

ချမ်းသာသောမိဘအများစုသည် ၎င်းတို့၏သားသမီးများအား အသက်တာ၏လက်တွေ့သင်တန်းများပေးခြင်းကို အရေးပါသောအရာဖြစ်သည်ဟု မထင်မှတ်ကြပါ။ လက်တွေ့လုပ်ဆောင်မှုများသည် စိတ်ဓာတ်ရေးရာနှင့်ကိုယ်ကျင့်တရား ကောင်းမွန်စေရန်အတွက်သော်လည်းကောင်း၊ လက်တွေ့အလုပ်များကို ကျေညက်စွာနားလည်အောင်သင်ကြားပေးခြင်းဖြင့် ရရှိခံစားရမည့် ၎င်းတို့၏အနာဂတ်အကျိုးကျေးဇူးအတွက်သော်လည်းကောင်း မရှိမဖြစ်အရေးပါနေသည်ကို သူတို့မတွေ့မြင်ကြချေ။

ထိုသင်တန်းများတက်ထားသောကလေးများသည် မလိုလားအပ်သောအခြေအနေများနှင့် ရင်ဆိုင်ရသောအချိန်တွင် မိမိတို့၏လက်များကို အသုံးချတတ်ကြသဖြင့် သူတစ်ပါးကိုအားမကိုးဘဲ လွတ်လပ်စွာရပ်တည်နိုင်ကြပါသည်။ သူတို့၌ခွန်အားအလုံးအရင်းတစ်ခုရှိထားလျှင် သူတို့သည် ဆင်းရဲနိုင်တော့မည်မဟုတ်ချေ။

လူငယ်တိုင်းကို အလုပ်လုပ်တတ်အောင်ပညာပေးကာ ရှောင်တခင်ကိစ္စများကိုရင်ဆိုင်ဖြေရှင်းနိုင်ဖို့ ပြင်ဆင်ပေးရန်မှာ အလွန်အရေးပါလှပါသည်။ အကျိုးရှိသည့်လုပ်ငန်းအတွေ့အကြုံများကို သားသမီးရရှိစေနိုင်မည့်လမ်းပေါ်တွင် ချမ်းသာကြွယ်ဝမှုကို အဟန့်အတားဖြစ်စေလျက် လက်တွေ့အသက်တာအတွက် အရည်အသွေးပြည့်မီစေမည့်လုပ်ငန်းများကို သားသမီးများမလုပ်ကိုင်နိုင်အောင် တားဆီးနေမည်ဆိုလျှင် ထိုချမ်းသာကြွယ်ဝခြင်းသည် ထိုသူဌေးများအတွက် အမင်္ဂလာဖြစ်ပါသည်။

အိမ်တွင်းမှုအလုပ်များကိုသားသမီးများအားမျှဝေလုပ်ကိုင်စေပါ

လက်တွေ့အသက်တာတွင် သားသမီးများအသိပညာတိုးပွားစေလိုသောငှာ သတိပညာရှိသောမိခင်များသည် မိမိ၏သားသမီးများအား အိမ်တွင်းမှုအလုပ်များ၌ ပါဝင်လုပ်ကိုင်စေကြပါသည်။ သားသမီးများသည် အိမ်မှု

လုပ်ငန်းများတွင် မိခင်ကြီးအားဝိုင်းဝန်းကူညီကြလျှင် သိက္ခာကျမသွားသည့်အပြင် ပို၍ဂုဏ်တက်လာပြီး အကျိုးရှိသောအလုပ်မှန်သမျှသည် ပျော်ရွှင်မှု၏အရင်းအမြစ်ဖြစ်သည်ကို နားလည်လာကြလိမ့်မည်။ သို့သော် မိခင်သည်လုပ်စရာရှိသမျှကို မိမိတစ်ယောက်တည်းလုပ်ကိုင်ကာ သမီးဖြစ်သူကို အပျင်းရောဂါစွဲအောင်လုပ်မည်ဆိုလျှင် မိမိကိုအိမ်စေတစ်ယောက်ကဲ့သို့ သားသမီးများမြင်အောင် သင်ကြားနေခြင်းဖြစ်သည်။ မိခင်တစ်ဦးအနေဖြင့် မိမိ၏သိက္ခာကို မိမိကိုယ်တိုင်စောင့်ထိန်းသင့်ပါသည်။

အချို့မိခင်များမှာ ပင်ပန်းသည့်အလုပ်များကို ၎င်းတို့၏သမီးများအားမလုပ်စေခြင်းဖြင့် အမှားတစ်ခုကိုကျူးလွန်နေပါသည်။ ဤနည်းအားဖြင့်သမီးများကိုပျင်းတတ်အောင် သင်ပေးနေကြပါသည်။ အသက်တာတွင်ရင်ဆိုင်ရမည့်အခက်အခဲများကို ကျော်လွှားနိုင်စေမည့် ကျန်းမာသန်စွမ်းပြီးဉာဏ်ရည်ထက်မြက်ကာ ရဲစွမ်းသတ္တိနှင့်ပြည့်ဝသူများဖြစ်လာစေရန် သူတို့လိုအပ်နေသောအရာမှာ ကောင်းသောညွှန်ကြားမှုများပေးလျက် ခိုင်စေသည့်အလုပ်များပင်ဖြစ်ပါသည်။

ကလေးများလုပ်ဆောင်ရမည့်အလုပ်များကိုခွဲဝေသတ်မှတ်ပေးခြင်း

အိမ်ထောင်မှုတာဝန်များတွင် သတိပညာရှိရှိဖြင့်ကူညီလျက် ပို၍ပို၍ကြီးလေးသောတာဝန်များကို ထမ်းဆောင်တတ်လာအောင် သားငယ်သမီးငယ်များကို ကလေးဘဝမှစကာ လေ့ကျင့်သင်ကြားပေးသင့်ပါသည်။ မိခင်တို့၊ မည်ကဲ့သို့ကူညီရမည်ကို ကလေးများသိအောင် စိတ်ရှည်ရှည်ဖြင့်ပြောပြကြပါ။ အိမ်မှုတာဝန်များကို သင်ကဲ့သို့ကျွမ်းကျင်စွာလုပ်ဆောင်ရမည်ကိုသူတို့နားလည်သဘောပေါက်အောင် ပြောပြကြပါ။ သင့်တင့်လျောက်ပတ်သောစီးပွားရေးအခြေအနေတစ်ခုကို ထိန်းသိမ်းထားရပါမည်။ အကြောင်းမှာအိမ်ထောင်နှင့်ပတ်သက်သော အချက်အလက်အလုံးစုံကို အိမ်ထောင်သားတိုင်းနှင့် ရင်းနှီးအောင်လုပ်ရမည်ဖြစ်သကဲ့သို့ စိတ်ဝင်စားမှုရှိလာအောင်လည်းလုပ်ဆောင်ရမည်ဖြစ်ပါသည်။

အခြေခံသင်ခန်းစာများဖြစ်သောအချက်အပြုတ်နှင့်အချုပ်အလုပ်များ

မိခင်သည် သမီးကိုမီးဖိုထဲသို့ခေါ်သွားကာ အချက်အပြုတ်နှင့် ပတ်သက်သည့်ပညာများကို သင်ကြားပေးရမည်။ အချုပ်အလုပ်များကိုလည်း သင်ကြားပေးသင့်ပါသည်။ အဝတ်အထည်များကို အလေအလွင့်မရှိဘဲ ကိုက်တတ်၊ ညှပ်တတ်အောင် သင်ပေးရုံသာမက သေသေသပ်သပ်ချုပ်တတ်အောင်လည်း သင်ကြားပေးရပါမည်။

သားနှင့်သမီးအားလုံးကိုသင်ကြားပေးကြပါ

အိမ်ထောင်တစ်ခုကိုတည်ဆောက်ရာတွင် အမျိုးသားနှင့်အမျိုးသမီးနှစ်ဦးစလုံး ပါဝင်လုပ်ဆောင်ရမည်ဖြစ်သဖြင့် မိန်းကလေးများကို အိမ်မှုကိစ္စများသင်ပေးသလို ယောကျ်ားကလေးများကိုလည်း သင်ပေးရပါမည်။ အိပ်ရာခင်ခြင်း၊ အခန်းရှင်းခြင်း၊ ပန်းကန်ဆေးခြင်း၊ ထမင်းပွဲပြင်ခြင်း၊ အဝတ်လျှော်မီးပူတိုက်ခြင်း စသည့်အိမ်မှုလုပ်ငန်းများသည် သားယောကျ်ားကလေးများကို မိန်းမဆန်သွားစေမည့် သင်တန်းများမဟုတ်သည့်ပြင် ပို၍ပျော်ရွှင်သူများ၊အသုံးကျသူများဖြစ်လာစေပါလိမ့်မည်။ မိန်းကလေးများအနေဖြင့်လည်း ကားမောင်းခြင်း၊ တူရိုက်လွှဖြတ်ခြင်းအတတ်ပညာများကို သင်ယူသင့်ပါသည်။ ထွန်ခြစ်ခြစ်ခြင်း၊ ပေါက်ပြားပေါက်ခြင်းအတတ်များကိုလည်း သင်ယူသင့်ပါ သည်။ သို့မှသာ အသက်တာတွင်တွေ့ကြုံရမည့် ရှောင်တခင်အခက်အခဲများကို ရင်ဆိုင်ကျော်လွှားရန် ပို၍အဆင်သင့်ဖြစ်လာကြပါလိမ့်မည်။

အချိန်ကိုမှန်ကန်စွာအသုံးပြုတတ်အောင်လေ့ကျက်ရန် ယောကျ်ားကလေးများအတွက်အရေးပါသလို မိန်းကလေးများအတွက်လည်း အရေးပါလှပါသည်။ အချိန်အသုံးချပုံနှင့်ပတ်သက်၍ သူတို့နှစ်ဦးစလုံးသည် ဘုရားသခင်ရှေ့တွင် ညီတူညီမျှတာဝန်ရှိနေကြပါသည်။ ကျွန်ုပ်တို့၌ရှိနေသည့်အစွမ်းများ ကို သတိပညာရှိရှိဖြင့် တိုးတက်ဖွံ့ဖြိုးအောင်လုပ်ဆောင်ရန် ဘုရားသခင်သည် ကျွန်ုပ်တို့အား အသက်ရှင်ခွင့်ပေးထားခြင်းဖြစ်ပါသည်။

မိခင်ကိုအားလျော့မသွားအောင်အခွင့်အလမ်းရှာခြင်း

အိမ်မှုတာဝန်များကိုမျှဝေထမ်းဆောင်တတ်အောင် ကလေးများကို သင်ပေးကြပါ။ အကျိုးရှိမည့်အလုပ်များကို အစဉ်မပြတ်လုပ်ကိုင်နိုင်အောင် စီစဉ်ပေးပါ။ ထိုအလုပ်များကို မြန်မြန်နှင့်ကောင်းကောင်းလုပ်နိုင်သည့် နည်းလမ်းများကို သင်ပေးပါ။ မိခင်လုပ်ရမည့်အလုပ်များကို မျှဝေလုပ်ဆောင်ပေးခြင်းဖြင့် မိခင်၏အားအင်များလျော့မသွားစေရုံသာမက အသက်ပင်ပို၍ရှည်စေနိုင်ကြောင်းကိုလည်း သူတို့သိအောင်ပြောပြပါ။ အိမ်ထောင်အကျိုးပြုလုပ်ငန်းများကိုလုပ်ဆောင်ဖို့ အားပေးတိုက်တွန်းခြင်းဖြင့် တစ်ကိုယ်ကောင်းမဆန်ခြင်း၏ပြယုဂ်ဖြစ်သော ခရစ်တော်နှင့်နီးကပ်လာအောင် ဆွဲခေါ်နိုင်ကြပါသည်။

ပျော်ရွှင်မှု၌ရှိသောစမ်းသပ်မှုတစ်ခု

သားသမီးများသည် မောပန်းနွမ်းနယ်နေသော မိခင်၏ကိုယ်စိတ်နှစ်ပါးကိုသက်သာစေရန် အိမ်မှုတာဝန်များကို ကူညီထမ်းရွက်ခြင်းမလုပ်မီအချိန်အထိ ရောင့်ရဲတင်းတိမ်ခြင်းနှင့်ပတ်သက်သည့် ငြိမ်သက်ခြင်းကိုသိရှိခံစားနိုင်လိမ့်မည်မဟုတ်ပါ။ နေ့စဉ်ထမ်းဆောင်ရမည့်တာဝန်များကို သစ္စာရှိစွာလုပ်ဆောင်ခြင်းအားဖြင့်သာ သစ္စာရှိအိမ်သားများသည် တင်းတိမ်ရောင့်ရဲမှုနှင့်ငြိမ်းသက်ခြင်းများကို ရရှိခံစားနိုင်ပါလိမ့်မည်။

အိမ်မှုတာဝန်အပေါ်သစ္စာရှိခြင်းအတွက်ဆုမင်္ဂလာများ

မည်သို့ပင်နိမ့်ကျသေးသိမ်သည့် အိမ်မှုတာဝန်မျိုးဖြစ်ပါစေ၊ သင်တို့တတ်နိုင်သမျှ ပါဝင်လုပ်ဆောင်ပေးနိုင်သည့် အိမ်မှုတာဝန်များကို သစ္စာရှိစွာလုပ်ဆောင်ခြင်းသည် မြင့်မြတ်ခြင်းအစစ်အမှန်ဖြစ်သည်။ မွန်မြတ်သန့်စင်သော ဤသြဇာသက်ရောက်မှုမျိုးကို ကျွန်ုပ်တို့ပိုင်ဆိုင်ရန် လိုအပ်ပါသည်။ ဤလွှမ်းမိုးမှု၌ ငြိမ်သက်ခြင်းနှင့်သန့်စင်သော ဝမ်းမြောက်မှုများပါရှိပါသည်။ ဤလွှမ်းမိုးမှု၌ အနာကိုငြိမ်းစေသည့် တန်ခိုးပါရှိပါသည်။ ဤလွှမ်းမိုးမှုသည်

စိတ်နှလုံး၏နာကျင်မှုနှင့် ခန္ဓာကိုယ်၏ဝေဒနာများကို တိတ်တဆိတ် မသိမသာ သက်သာပျောက်ကင်းသွားစေနိုင်ပါသည်။ သန့်ရှင်းမွန်မြတ်သော သဘောထားနှင့်အပြုအမူများမှ ပေါက်ဖွားလာသည့် စိတ်၏ချမ်းသာခြင်းသည် ခန္ဓာကိုယ်အစိတ်အပိုင်းအားလုံးဆီသို့ အလျှံပယ်များပြားလှသည့် ရှန်းကန်အားများကို ပေးပို့ပါလိမ့်မည်။ သစ်ပင်များကိုပေါင်းခံသဖြင့် နှင်းမှုန်များ ထွက်ပေါ်လာသည့်အလား အသိဥာဏ်များသည် ဘုရားသခင်ကိုဆန့်ကျင်မှု ကင်းသော ဩတ္တပ္ပစိတ်နှင့်ငြိမ်သက်မှုများ၌ အရှိန်အဟုန်ဖြင့် အားကောင်း လာလိမ့်မည်။ ထိုအချိန်တွင် အလိုဆန္ဒသည် သွေဖည်မှုကင်းရှင်းစွာဖြင့် လမ်းမှန်အတိုင်း ညွှန်ပြထိန်းချုပ်ဆုံးဖြတ်နိုင်လာပါလိမ့်မည်။ စိတ်ကိုငြိမ်းအေး အောင်လေ့ကျင့်ခြင်းသည် မွန်မြတ်သန့်ရှင်းသောအလုပ်တစ်ခုဖြစ်သဖြင့် စိတ်နှလုံးကို ကျေနပ်အားရစေပါသည်။ သင်၌ရှိသော စိတ်ကြည်လင်အေးချမ်းမှု သည် သင်နှင့်ပေါင်းသင်းဆက်ဆံနေသူများအား ကောင်းကျိုးပြုပါသည်။ ဤတည်ငြိမ်အေးချမ်းမှုသည် အချိန်မီပင်ကိုသဘာဝတစ်ခုဖြစ်လာကာ သင့်ပတ်ဝန်းကျင်အပေါ် မွန်မြတ်သောအလင်းတန်းများ ကျရောက်စေသလို တစ်ဖန်သင့်အပေါ်တွင်လည်း ရောင်ပြန်ဟပ်စေပါသည်။

## ကောင်းကင်နိုင်ငံတော်ရှိလုပ်ဆောင်မှုများ

ကောင်းကင်နိုင်ငံတော်ရောက်လျှင် မည်သည့်အလုပ်ကိုမှ လုပ်စရာမလိုပါဟု မျှော်လင့်ထားသည့်လူပျင်းများသည် ကောင်းကင်နိုင်ငံတော်အပေါ် မမှန်သောအယူအဆကို လက်ဝယ်ထားနေသူများဖြစ်ကြသည်။ ဖန်ဆင်းရှင်သည် အပြစ်နှင့်မကင်းသည့်ပျင်းရိခြင်းကို လိုက်စားရန်နေရာများကို ပြင်ဆင်ထားတော်မမူပါ။ ကောင်းကင်နိုင်ငံတော်သည် စိတ်ဝင်စားစရာကောင်းသည့် လုပ်ဆောင်မှုများနှင့် ပြည့်ဝသောနေရာတစ်ခုဖြစ်သည်။ သို့သော်ဝန်လေး၍ ပင်ပန်းနေသူများနှင့် ယုံကြည်ခြင်းအတွက် ကောင်းသောတိုက်လှန်ပွဲများကို ဆင်နွှဲနေရသူများအတွက် ကောင်းမြတ်သောနားနေစရာ နေရာတစ်ခုဖြစ်ပါသည်။ အားသွန်ခွန်စိုက်လုပ်တတ်သောသူများအတွက် အလုပ်လုပ်စရာမရှိသည့်

နေရာတစ်ခုသည် စိတ်ချမ်းသာစရာကောင်းသည့်နေရာမဟုတ်ပါချေ။ ထိုနေရာမျိုးသည် သူတို့အတွက်ကောင်းကင်နိုင်ငံတော်မဟုတ်နိုင်ပါ။ ဤ လောကတွင် ခရစ်ယာန်များလျှောက်လှမ်းနေရသောလမ်းသည် ကြမ်းတမ်း ခက်ထန်သော်လည်း ကယ်တင်ရှင်၏ခြေရာတော်များဖြင့် သူတို့ကိုဂုဏ်ပြုရုံသာမက လမ်းတော်သို့လိုက်လျှောက်သူများအတွက် ကိုယ်တော်ရှင်သည် လုံခြုံရာဖြစ်တော်မူပါသည်။

## ကုန်သွယ်မှုနှင့်စက်မှုလုပ်ငန်းများ၏အသုံးဝင်မှု

သားသမီးများအတွက် လုပ်ဆောင်စရာများကို စီစဉ်ရန်ပျက်ကွက်သောမိဘများ၏သတိမမူမှုများသည် လူငယ်အများစု၏အသက်တာကို အန္တရာယ်ကျရောက်စေပြီး ၎င်းတို့၏အစွမ်းအစများကို အားနည်းကြုံလှီသွား စေသည့်ကြီးမားသောဒုစရိုက်ပြုမှုများကို ဖြစ်ပေါ်စေပါသည်။ အရောင်း အဝယ်များကိုလေ့ကျက်မှုမပြုဘဲ ကလေးများကိုကြီးပြင်းလာစေခြင်းသည် လည်း မဟာအမှားတစ်ခုဖြစ်ပါသည်။ လိုအပ်လျှင် မိမိဘဝကို မိမိကိုယ်တိုင် ပျိုးထောင်တတ်အောင် လိုအပ်သောပညာဗဟုသုတများရရှိစေဖို့ ကလေးများကို ကူညီသင့်ကြပါသည်။ တာဝန်ထမ်းဆောင်ရန် တောင်းဆိုမှုကိုလိုက်လျှောက် ရာတွင်လည်း ပြတ်သားမှုရှိစေရန် သင်ကြားထားသင့်ပါသည်။

### ကိရိယာတန်ဆာပလာများကိုသုံးတတ်အောင်သင်ပေးပါ

အရွယ်ရောက်လာသော သင်၏သားသမီးများအတွက် ကိရိယာတန်ဆာပလာများကို စီစဉ်ပြင်ဆင်ပေးပါ။ အလုပ်တွင် စိတ်ဝင်စားအောင် လုပ်ပေးနိုင်လျှင် သူတို့သည် ကိရိယာတန်ဆာပလာများကို သုံးတတ်သောတပည့်များဖြစ်နေကြောင်း တွေ့ရပါလိမ့်မည်။ အကယ်၍ ဖခင်ဖြစ်သူသည် လက်သမားတစ်ယောက်ဖြစ်လျှင် လူသားများကို ဗိမာန်တော်နှင့်ခိုင်းနှိုင်း သွန်သင်ထားသည့် သခင်ယေရှု၏နှုတ်ထွက်စကားများကိုဖော်ပြကာ အိမ်အဆောက်သင်ပေးကြပါ။

စိုက်ပျိုးရေးပညာများကိုသင်ကြားပေးကြပါ

ဖခင်ဖြစ်သူသည် မိမိ၏ကုန်သွယ်မှုလုပ်ငန်းများတွင် မိမိ၏သား များကို သင်ကြားပေးသင့်ပါသည်။ စိုက်ပျိုးရေးပညာသည် မိမိ၏သားများကို မြှင့်တင်မပေးနိုင်သောလုပ်ငန်းတစ်ခုအဖြစ် လယ်သမားများအနေဖြင့် မထင် သင့်ပါ။

ရာသီအလိုက်စိုက်ရသည့် သစ်စေ့များအကြောင်းကို သင်ကြားပေး ကြပါ။ ဘုရားသခင်စီမံထားသည့်စီမံကိန်းကို လိုက်လျှောက်ရန်နှင့် ဟင်းသီး ဟင်းရွက်များကိုစိုက်ပျိုးရန် အာရုံပြုကြပါ။ လက်ဖြင့်လုပ်ရသောအလုပ်ထဲတွင် စိုက်ပျိုးရေးလုပ်ငန်းထက်တန်ဖိုးရှိသော အလုပ်မရှိတော့ပါ။ ထို့ကြောင့် စိုက်ပျိုး ရေးအလုပ်တွင် သားသမီးများစိတ်ဝင်စားမှုရှိလာအောင် အကြီးအကျယ်ကြိုးပမ်း သင့်ကြပါသည်။ စိုက်ပျိုးရေးအလုပ်ဖြင့် အသက်မွေးသောသူများသည် မြို့ကြီး များတွင် အခြားလုပ်ငန်းများဖြင့်အသက်မွေးနေသူများထက် သာ၍များပြားသော ကောင်းချီးမင်္ဂလာများနှင့် မရေမတွက်နိုင်သောအခွင့်အလမ်းများကို ရရှိခံစား ရရုံသာမက များစွာသောစုံစမ်းနှောင့်ရှက်ခြင်းများနှင့်လည်း ကင်းလွတ်ကြပါ သည်။

လတ်ဆတ်သောထုတ်ကုန်များ၏အထူးသောတန်ဖိုးကြီးမားမှု

မိသားစုများနှင့်ကျောင်းများသည် မြေယာစိုက်ပျိုးခြင်းနှင့်ဖွံ့ဖြိုးမှု လုပ်ငန်းများကို တိုးချဲ့လုပ်ဆောင်ရန် လေ့ကျက်သင့်ကြသည်။ အကယ်၍ လူတို့သည် ရာသီအလိုက်သီးပွင့်နေသော မြေထွက်သီးနှံများ၏အသုံးတည့် အဖိုးတန်မှုကိုသိခဲ့ကြလျှင် ထွန်ယက်စိုက်ပျိုးခြင်းလုပ်ငန်းများကို ပိုမို၍ လုပ် ဆောင်လာကြပါလိမ့်မည်။ စိုက်ခင်းများနှင့်သစ်သီးခြံများမှထွက်လာသော အသီး အနှံများ၏တန်ဖိုးရှိမှုကို လူတိုင်းနားလည်ထားသင့်ပါသည်။

ကုန်သွယ်မှုအတတ်ပညာကိုကျောင်းများ၌သင်ကြားပေးကြပါ

လက်မှုသင်တန်းများကို ယခုထက်ပို၍အာရုံပြုသင်ကြားပေးသင့်ပါသည်။ ကျောင်းများသည် အမြင့်မားဆုံးသောစိတ်ပိုင်းဆိုင်ရာနှင့်

ကိုယ်ကျင့်တရားဆိုင်ရာယဉ်ကျေးမှုများအပြင် ကာယဖွံ့ဖြိုးမှုနှင့် စက်မှုသင်တန်းများအတွက် လိုအပ်ချက်များကိုလည်း အကောင်းဆုံးဖြည့်ဆည်း ပေးသင့်ပါသည်။ စိုက်ပျိုးရေးနှင့်ကုန်ထုတ်လုပ်ရေး စသည့်အကျိုးအရှိဆုံး သောလုပ်ငန်းများအပြင် တစ်နိုင်တစ်ပိုင် မိသားစုစီးပွားရေးလုပ်ငန်းများ၊ ချက်နည်းပြုတ်နည်းများ၊ စက်ချုပ်ပညာများ၊ ကျန်းမာရေးကိုအထောက်အကူ ပြုသည့်ဝတ်စုံများချုပ်လုပ်ခြင်း၊ လူနာများကိုပြုစုကုသခြင်း စသည့်အတတ် ပညာများနှင့် ပတ်သက်သည့် သင်တန်းများကိုလည်း ပေးသင့်ပါသည်။ ဥယျာဉ်များ၊ အလုပ်ရုံများနှင့် ဆေးကုသခန်းများကိုလည်း ကျွမ်းကျင်သူ များ၏လမ်းညွှန်မှုအောက်တွင် စီမံအကောင်အထည်ဖော်သင့်ပါသည်။

## ကောင်းကျိုးနှစ်ခုရရှိနိုင်သောသင်တန်းတစ်ခု

ကျောင်းသားများ အလုပ်အကိုင်ရရှိနိုင်စေရန်အတွက်သော်လည်းကောင်း၊ ကျောင်းချိန်ပြင်ပလိုအပ်သော လက်တွေ့လုပ်ငန်းများ လုပ်ကိုင်နိုင်စေရန်အတွက်သော်လည်းကောင်း စာသင်ကျောင်းများသည် လုပ်ငန်းအမျိုးမျိုးနှင့် ချိတ်ဆက်ထားသင့်ပါသည်။ သို့မှသာ စာတွေ့ပညာရပ်များကိုလေ့လာနေစဉ်တွင် လုပ်ငန်းခွင်၏လက်တွေ့ဗဟုသုတများကို ကျောင်းသားများရရှိနိုင်မည်ဖြစ်သည်။

## စက်မှုဆိုင်ရာဗဟုသုတသည်သိပ္ပံပညာဆိုင်ရာဗဟုသုတထက်သာ၍ တန်ဖိုးရှိခြင်း

မှားယွင်းသောပညာများကိုရရှိလာပြီး မှားယွင်းသောသဘောထားများဖြင့် သားသမီးများအား မှားယွင်းသောသင်တန်းများပေးနေသူ များစွာရှိနေပါသည်။ ကလေးလူငယ်များအနေဖြင့် အကောင်းဆုံးဖြစ်သောသင်တန်း များကိုသာ တက်လိုကြရာ ကိုယ်ကာယနှင့်စိတ်ပိုင်းဆိုင်ရာအလုပ်နှစ်ခုစလုံးကိုတစ်ချိန်တည်းမှာလုပ်ကိုင်နိုင်အောင် သင်တို့စီစဉ်ရပါမည်။

ရောင့်ရဲတင်းတိမ်စေသည့်အလုပ်အတွက်စံနမူနာဖြစ်သောယေရှု

လုပ်ငန်းခွင်တွင် အသိအမှတ်ပြုခြင်းခံနေရသော သာသနာပြု တစ်ယောက်အဖြစ်ဖြင့် အလုပ်လုပ်ရန်ထက် စက်ပြင်ဆရာ (သို့မဟုတ်) ကုန်သည် (သို့မဟုတ်) ရှေ့နေ (သို့မဟုတ်) လယ်သမားတစ်ဦးအဖြစ်ဖြင့် ခရစ်ယာန်ဘာသာဆိုင်ရာ သွန်သင်ချက်များကို နေ့စဉ်လုပ်ဆောင်နေသည့် သာမန်လုပ်ငန်းများထဲသို့ ယူဆောင်သွားရန်အတွက် စေတနာထားဖို့လို သကဲ့သို့စည်းကမ်းများကို တင်းကျပ်စွာလိုက်နာဖို့လည်းလိုအပ်လှပါသည်။

နေ့စဉ်ထမ်းရွက်နေရသောလုပ်ငန်းတာဝန်များရှိ ကျေနပ်စရာကောင်း သည့် ကြိုးစားမှုနှင့်ပတ်သက်သည့် ပဓာနသင်ခန်းစာများကို ခရစ်တော်၏ နောက်လိုက်အများစုမှာ လေ့လာဖို့လိုအပ်နေပါသည်။ လူသားများက ကျွန်ုပ် တို့၏လုပ်ဆောင်မှုများအပေါ် ဝေဖန်ခြင်း၊ ချီးမွမ်းခြင်း၊ အပြစ်တင်ခြင်းများ မပြုလျှင်တောင်မှ ခရစ်တော်ကိုယ်တော်တိုင်သည် ကျွန်ုပ်တို့လုပ်ဆောင်ခဲ့သမျှ ကို စစ်ဆေးတော်မူလိမ့်မည်။ ထို့ကြောင့် အရေးကြီးသောအလုပ်များကို ဂရုတစိုက်ဖြင့်လုပ်ကိုင်ဆောင်ရွက်သည့်နည်းတူ အသေးအမွှားအလုပ်များကို လည်း သစ္စာရှိစွာဖြင့်လုပ်ဆောင်သင့်ပါသည်။

## အသက်တာစည်းမျဉ်းများကိုနာခံခြင်း

စိတ်သည် လူကိုထိန်းချုပ်ပါသည်။ ကျွန်ုပ်တို့၏ကောင်းသော အပြုအမူ၊ မကောင်းသောလုပ်ဆောင်ချက်အားလုံးသည် စိတ်၏စေစားမှု အောက်တွင် လူပ်ရှားနေခြင်းဖြစ်သည်။ ဘုရားသခင်ကိုဝတ်ပြုကိုးကွယ်ကာ ကောင်းကင်သားများနှင့် မဟာမိတ်ပြုခြင်းသည်လည်း စိတ်ပင်ဖြစ်သည်။ သို့ရာတွင် လူအများစုသည် တန်ဖိုးရှိသောအရာများနှင့် ပြည့်နှက်နေသည့် ကိုယ်ခန္ဓာနှင့်စပ်လျဉ်း၍ အသိဉာဏ်ကင်းမဲ့စွာ ပြုမူနေကြသည်။

ကိုယ်ခန္ဓာအစိတ်အပိုင်းအားလုံးသည် စိတ်၏အစေခံကျွန်များဖြစ် ကြသည်။ စိတ်ကပေးလိုက်သည့်အမိန့်များကို အာရုံကြောများက သက်ဆိုင်ရာ

အစိတ်အပိုင်းများသို့အရောက်ပို့ကာ အသက်ရှင်နေသည့် ယန္တရားကြီး၏ လှုပ်ရှားမှုများကို လမ်းညွှန်ပါသည်။

ထိုကိုယ်ခန္ဓာယန္တရားကြီးကိုလေ့လာလျှင် လုပ်ဆောင်ရမည့်အလုပ်များကို ပြီးမြောက်အောင်လုပ်ဆောင်နိုင်ရန် ခန္ဓာကိုယ်အစိတ်အပိုင်းတစ်ခုနှင့်တစ်ခု အံ့သြဖွယ်ရာအလိုက်သင့် လုပ်ဆောင်နေသည်ကိုလည်းကောင်း၊ အစိတ်အပိုင်းအမျိုးမျိုးတို့သည် တစ်ခုကိုတစ်ခုမှီခိုလျက် ဟန်ချက်ညီညီလှုပ်ရှားနေကြသည်ကိုလည်းကောင်း အာရုံပြုမိကြပါလိမ့်မည်။

## ကျန်းမာရေးကိုစောင့်ရှောက်ခြင်း

မကျန်းမာသောလူတစ်ယောက်သည် ဖန်ဆင်းရှင်အတွက်သော်လည်းကောင်း၊ မိမိကိုယ်တိုင်အတွက်သော်လည်းကောင်း၊ သူတစ်ပါးအတွက်သော်လည်းကောင်း မိမိလုပ်ဆောင်ပေးရမည့်အရာများကို ရှင်းလင်းစွာမသိနိုင်သည့်အပြင် တာဝန်ကျေပွန်အောင်လည်း လုပ်ဆောင်နိုင်မည်မဟုတ်ပါ။ ထို့ကြောင့် အကျင့်စာရိတ္တများကို ကာကွယ်စောင့်ရှောက်သည့်နည်းတူ ကျန်းမာရေးကိုလည်း ကာကွယ်စောင့်ရှောက်ကြရပါမည်။ သက်ရှိသတ္တဝါများအကြောင်းနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးဗဟုသုတများကို ပညာရေးဆိုင်ရာကြိုးပမ်းမှုအားလုံး၏အခြေခံအဖြစ် သင်ကြားပေးသင့်ပါသည်။

## ကျန်းမာရေးစည်းမျဉ်းများကိုလေ့လာရန်အများစုဆန္ဒမရှိခြင်း

ကျန်းမာရေးစည်းမျဉ်းများကိုလည်းကောင်း၊ ပြန်လည်ကျန်းမာလာစေနိုင်သည့် ရိုးစင်းသောနည်းလမ်းများကိုလည်းကောင်း သိရှိနားလည်အောင်မကြိုးစားလိုသူ များလှပါသည်။ ထိုသူတို့သည် အသက်တာ၏အမှန်လမ်းကိုမလျှောက်ကြသူများဖြစ်သည်။ ဖျားနာခြင်းသည် သဘာဝတရားကို ကျူးလွန်ဖောက်ဖျက်ခြင်း၏ရလဒ်ဖြစ်သော်လည်း ထိုသူတို့သည် မိမိတို့၏ အမှားကိုပြင်ရန် မကြိုးစားရုံသာမက ဘုရားသခင်ထံတွင်လည်း ကောင်းချီး မတောင်းခံကြပါ။

ကျွန်ုပ်တို့သည် မိမိကိုယ်တိုင်ကျန်းမာရေးစည်းမျဉ်းများနှင့်ကိုက်ညီစွာ အသက်ရှင်နေထိုင်ရုံသာမက သူတစ်ပါးအားလည်း ပို၍ကောင်းသောလမ်းကို လိုက်ရန်သွန်သင်ကြရပါမည်။ အစာစားခြင်း၊ လေ့ကျင့်ခန်းလုပ်ခြင်း၊ ကလေးငယ်များကိုပြုစုခြင်း၊ လူနာများကိုပြုစုခြင်း စသည်တို့နှင့်ဆက်နွှယ် ဖော်ပြထားသည့် တစ်ကိုယ်ရေကျန်းမာရေးစည်းမျဉ်းများကို ယခုအာရုံပြုသည်ထက် ပို၍အာရုံပြုအလေးထားသင့်ပါသည်။

ကြောင်းကျိုးဆင်ခြင်တတ်အောင်ကလေးများကိုသွန်သင်ကြပါ

အကြောင်းနှင့်အကျိုးကို ဆက်စပ်တွေးခေါ်တတ်အောင် ကလေးများကိုသွန်သင်ပေးကြပါ။ နေထိုင်မှုစည်းမျဉ်းများကိုချိုးဖောက်လျှင် ဝေဒနာခံစားခြင်းဖြင့် အပြစ်ဒဏ်ခံရမည်ကိုပြောပြကြပါ။ အလွန်လျင်မြန်စွာပြောင်းလဲနေသော သူတို့၏အလိုဆန္ဒများကို သင်တို့မတွေ့မြင်နိုင်လျှင်လည်း စိတ်ဓာတ်မကျကြဘဲ သူတို့နားလည်သဘောပေါက်သည်အထိ စိတ်ရှည်ရှည်ဖြင့် သွန်သင်ပေးကြပါ။

သွန်သင်မှုများကိုတဖြည်းဖြည်းမြှင့်တင်ပေးပါ

အစပထမတွင် ကျန်းမာရေးနှင့်ပတ်သက်သည့် အခြေခံသဘောတရားများနှင့် နားလည်ရလွယ်ကူသောသင်ခန်းစာများကိုသာ သင်ပေးရပါမည်။ ထိုသင်ခန်းစာများကို အိမ်တွင်မိခင်ကအစပြုသင်ကြားပေးကာ ကျောင်းနေချိန်ရောက်မှ ကျောင်းတွင်ဆက်လက်သင်ကြားပေးရန်ဖြစ်ပါသည်။ တပည့်များသည် အသက်အရွယ်ကြီးပြင်းလာသည်နှင့်အမျှ အိမ်တွင်းကျန်းမာရေးကို သူတို့ကိုယ်တိုင်စောင့်ရှောက်နိုင်သည်အထိ တဖြည်းဖြည်းတိုး၍တိုး၍ သင်ကြားပေးကြရပါမည်။

အဖြစ်မှန်ကိုသိရုံနှင့်မလုံလောက်ပါ

ကျန်းမာရေးနှင့်ပတ်သက်သည့် အမှန်တရားများကို သိရှိနားလည်ထားရုံသက်သက်အတွက် ဤသင်တန်းကို သင်ကြားပို့ချနေခြင်းမဟုတ်ကြောင်း

ကျောင်းသားများသိရှိအောင်ပြောပြပါ။ ကျန်းမာရေးဗဟုသုတများကို အသိရှိရှိဖြင့် လက်တွေ့အသုံးပြုရန်မှာ ဤသင်တန်း၏အဓိကရည်ရွယ်ချက်ဖြစ်ပါသည်။

## သဘာဝတရားများအကြောင်းကိုသိရှိနားလည်ရန်လိုအပ်ခြင်း

သဘာဝတရားဆိုသည်မှာ ဘုရားသခင်ချမှတ်ထားသည့် စည်းမျဉ်းဥပဒေများဖြစ်သည်ကို လူငယ်များအားသင်ပြပေးကြပါ။ ထိုအရာသည် အလုံးစုံသောပညာရေးများ၏အခြေခံအုတ်မြစ်လည်းဖြစ်ပါသည်။ ပညတ်တော်ဆယ်ပါးတမျှ မွန်မြတ်သောစည်းမျဉ်းများလည်းဖြစ်ပါသည်။ သဘာဝတရားကို ချိုးဖောက်ခြင်းသည် ဖန်ဆင်းရှင်ကိုဆန့်ကျင်ကာ အပြစ်ကျူးလွန်နေခြင်းဖြစ်ပါသည်။ ထိုကြောင့် သဘာဝတရားကို သားသမီးများနားလည်အောင် မျှဝေခြင်းအမှုမှာ အလွန်အရေးပါလှပါသည်။

## အချိန်မှန်မှန်အိပ်ပါ၊ အချိန်မှန်မှန်စားပါ

အချိန်မှန်မှန်အိပ်ခြင်း၊ စားခြင်း၏အရေးပါမှုကို လျစ်လျူမရှုသင့်ကြပါ။ ခန္ဓာကိုယ်ပြန်လည်တည်ဆောက်ခြင်းအလုပ်ကို လူတစ်ယောက်နားနေသည့်အချိန်တွင် ပြုလုပ်သည်ဖြစ်ရာ အထူးသဖြင့် လူငယ်များသည် အချိန်မှန်မှန်နှင့် လုံလောက်စွာအိပ်စက်နားနေရန် လိုအပ်လှပါသည်။ ညအချိန် တွင်မီးထွန်းအလုပ်လုပ်ပြီး နေ့အချိန်တွင် အိပ်စက်သောအကျင့်ကို ကျောင်းသားများအား သင်မပေးသင့်ပါ။

## မှန်ကန်သောကျန်းမာရေးအလေ့အထများကိုကျင့်သုံးဖို့တိုက်တွန်းပါ

ဝတ်စားဆင်ယင်မှုများတွင် မှန်ကန်သောအလေ့အထများကိုကျင့်သုံးဖို့ ထပ်ခါတလဲတိုက်တွန်းရမည်။ ကြိုက်သလိုစားသည့်အကျင့်နှင့် မူးယစ် ဆေး၊ စိတ်ကြွစေမည့်အစားအသောက်များကို သုံးဆောင်သည့်အကျင့်များကို မပြုလုပ်မိအောင် ကလေးများကိုကာကွယ်ရပါမည်။

ကိုယ်စိတ်နှစ်ပါးရှိခွန်အားများကို ယုတ်လျော့သွားစေမည့်အကျင့်ဆိုးများကို ကျွန်ုပ်တို့ရှောင်ကြဉ်ရမည်။ ကြည်လင်လန်းဆန်းပြီး နှစ်လိုဖွယ်သောစိတ်ထားများရရှိနိုင်စေရန်အတွက်လည်းကောင်း၊ အကောင်းနှင့်အဆိုး ခွဲခြားနိုင်စေရန်အတွက်လည်းကောင်း၊ ကိုယ်စိတ်နှလုံးသုံးပါးအားဖြင့် ဘုရားသခင်ကိုအလေးအမြတ်ပြုနိုင်စေရန်အတွက်လည်းကောင်း ကျွန်ုပ်တို့သည် ကျန်းမာရေးစည်းမျဉ်းများကို တတ်နိုင်သမျှလိုက်လျှောက်ကြရမည်။

## မှန်ကန်သောကိုယ်နေဟန်ထား၏အရေးပါပုံ

ပထမဦးစားပေးရမည့်အချက်များအနက် မှန်ကန်သောပုံစံဖြင့် ရပ်တတ်၊ ထိုင်တတ်အောင် သင်ကြားပေးသင့်သည်။ ဘုရားသခင်သည် လူကိုမတ်မတ်နေထိုင်သည့်သတ္တဝါတစ်ဦးအဖြစ် ဖန်ဆင်းထားပါသည်။ မတ်မတ် သွားလာနေထိုင်တတ်သောသတ္တဝါများသာ ဖွံ့ဖြိုးအောင်လုပ်နိုင်စွမ်းရှိသည့် ကိုယ်စိတ်နှလုံးသုံးပါး၏အကျိုးကျေးဇူးများ တင့်တယ်ခြင်း၊ သိက္ခာရှိခြင်းနှင့် ကိုယ်ပိုင်ဟန်ပန်များ၊ ရဲစွမ်းသတ္တိနှင့် မိမိကိုယ်ကိုအားကိုးတတ်သောစိတ်ဓာတ်များကို လူသားများပိုင်ဆိုင်စေလိုသည်မှာ ဘုရားသခင်၏အလိုဆန္ဒပင်ဖြစ်ပါသည်။ ဆရာ၊ ဆရာမများသည် စာတွေ့၊ လက်တွေ့အားဖြင့် ထိုအချက် ကိုသင်ကြားပေးရပါမည်။ မှန်ကန်သောထိုင်ပုံ၊ မတ်တတ်ရပ်ပုံများကိုဖော်ပြကာ မှန်ကန်စွာထိုင်တတ်၊ ရပ်တတ်သည်အထိ ထပ်ခါတလဲသင်ကြားပေး ကြပါ။

## အသက်ရှူခြင်းနှင့်စကားပြောခြင်းဆိုင်ရာယဉ်ကျေးမှု

အရေးပါသောနောက်အချက်တစ်ခုမှာ အသက်ရှူခြင်းနှင့်စကားပြောခြင်းအမှုပင်ဖြစ်ပါသည်။ မတ်မတ်ထိုင်တတ်၊ ရပ်တတ်သူတစ်ယောက်သည် အသက်ရှူရာတွင် ပိုမို၍မှန်ကန်မှုရှိလာပါသည်။ သွေးလည်ပတ်မှုကို မှန်ကန်စေရုံသာမက ခန္ဓာကိုယ်ရှိစနစ်အားလုံးကို အားကောင်းစေသည့်အပြင် ခံတွင်းကောင်းခြင်း၊ အစေကြေခြင်း၊ နှစ်ခြိုက်စွာအိပ်ပျော်ခြင်း၊ ကိုယ်ကာယလန်းဆန်း

ခြင်းနှင့် စိတ်တည်ငြိမ်မှုများကိုပံ့ပိုးပေးသည့်အသက်ရှူခြင်းကို မှန်ကန်အောင် မည်ကဲ့သို့လုပ်ဆောင်ရမည်ကို ကျောင်းသားများအား သင်ပြပေးကြပါ။

စာဖတ်ရာတွင်လည်းကောင်း၊ စကားပြောရာတွင်လည်းကောင်း အသံကြည်လင်ပြတ်သားစေရန် အသက်ရှူစဉ်တွင် ဗိုက်ကြွက်သားများကို အသုံးပြုပုံနှင့်အသက်ရှူသည့် ခန္ဓာကိုယ်အစိတ်အပိုင်းများ၏လွတ်လပ်စွာ လုပ်ဆောင်ပုံများကို ပြောပြကြပါ။ စကားပြောရာတွင် အသံကိုကြည်ကြည် လင်လင်၊နူးနူးညံ့ညံ့၊ မတိုးလွန်းမကျယ်လွန်းပြောတတ်အောင်လည်း အထူးဂရုစိုက်သင့်ပါသည်။

မိသားစုပျော်ရွှင်မှုအတွက်အထူးလိုအပ်သောအရာများ

တစ်ကိုယ်ရေသန့်ရှင်းရေးကိုသင်ကြားပေးနေသော ဆရာကောင်း၊ ဆရာမကောင်းများသည် ပုဂ္ဂိုလ်ရေးအကျင့်ဓလေ့များနှင့်တကွ ၎င်းတို့နေထိုင်သည့်ပတ်ဝန်းကျင်သန့်ရှင်းရေးသည် အရေးပါသည်ကိုဖော်ပြရန် အခွင့်အလမ်းရှာကြလိမ့်မည်။ ကိုယ်စိတ်နှစ်ပါး၏ကျန်းမာပျော်ရွှင်ရေးကို အထောက်အပံ့ပေးသည့် နေ့စဉ်ရေချိုးခြင်းအကြောင်းကိုလည်း သူတို့အလေးထားပြောကြပါလိမ့်မည်။ နေရောင်ခြည်၊ လေကောင်းလေသန့်နှင့် ကောင်းမွန်စွာအိပ်စက်နားနေနိုင်မည့် အိပ်ခန်းများအကြောင်းကိုလည်း ဆရာများကအရေးထား ပြောဆိုသင့်ပါသည်။ ကျန်းမာရေးနှင့်ပြည့်စုံသောအိပ်ခန်းသည်လည်းကောင်း၊ သပ်ရပ်သန့်ရှင်းသောမီးဖိုချောင်သည်လည်းကောင်း၊ အရသာရှိအာဟာရပြည့်သည့်အစားအစာများဖြင့်ပြင်ဆင်ထားသည့် ထမင်းစားပွဲသည်လည်းကောင်း ဈေးကြီးပြီးအဖိုးတန်သော ခန်းဝင်ပစ္စည်းများနှင့်ပြင်ဆင်ထားသည့်အခန်းများထက် ဧည့်သည်များကိုအာရုံဆွဲဆောင်နိုင်သည့်ပြင် မိသားစု၏ပျော်ရွှင်သာယာမှုများကိုလည်း ပေးစွမ်းနိုင်ပါသည်။

သဘာဝကုထုံးများကိုသိရှိနားလည်ခြင်း

လေကောင်းလေသန့်၊ နေရောင်ခြည်၊ အစားအသောက်ရှောင်ခြင်း၊ အနားယူအိပ်စက်ခြင်း၊ လေ့ကျင့်ခန်းလုပ်ခြင်း၊ သင့်တင့်လျောက်ပတ်သော

အစားအစာများကိုစားခြင်း၊ ရေသောက်ခြင်းနှင့်ရေချိုးခြင်း၊ ဘုရားသခင်ကို ယုံကြည်ကိုးစားခြင်းများသည် စစ်မှန်သောကုထုံးများဖြစ်ကြပါသည်။ ဤ သဘာဝကုထုံးများကိုအချိန်ယူပြီး ဂရုတစိုက်ကျင့်သုံးနေရသည်ကို လူအများစုက နှစ်သက်ခြင်းမရှိကြပါ။ ရောဂါပျောက်ကင်းခြင်းနှင့် ပြန်လည်တည်ဆောက် ခြင်း၏သဘာဝဆိုင်ရာဖြစ်ပျက်ပုံအဆင့်ဆင့်သည် ဖြည်းဖြည်းချင်းဖြစ်ပျက် နေကြသဖြင့် စိတ်မရှည်သူများအတွက် ဤကုထုံးသည် နှေးကွေးလွန်းသည်ဟု အထင်ရှိနေကြပါသည်။ ထိခိုက်ပျက်စီးစေသည့် စိတ်အလိုလိုက်မှုကို ရပ်တန့် ပစ်နိုင်ရန် စွန့်လွှတ်မှုများလုပ်ဖို့ လိုအပ်ပါသည်။ သို့သော် သဘာဝကုထုံး များက သူ့အလုပ်သူပြီးမြောက်အောင် ကောင်းမွန်စွာလုပ်သွားသည်ကို အဆုံး တွင်တွေ့ရပါလိမ့်မည်။ ဖွဲ့ရှိရှိဖြင့် သဘာဝတရား၏စည်းမျဉ်းများကို လိုက်နာ သူများသည် စိတ်ချမ်းသာကိုယ်ကျန်းမာသောဆုလာဘ်ကို ဆွတ်ခူး ခံစားကြ ရပါလိမ့်မည်။

လူတိုင်း၌တာဝန်ရှိနေခြင်း

ကျွန်ုပ်တို့၏ကိုယ်ခန္ဓာကို ခရစ်တော်ဝယ်ထားတော်မူသည်ဖြစ်ရာ ကျွန်ုပ်တို့စိတ်ထင်တိုင်း လွတ်လပ်စွာအသုံးပြုခွင့်မရှိပါ။ ကျန်းမာရေးစည်းမျဉ်း များကို နားလည်သဘောပေါက်သူများသည် ထိုစည်းမျဉ်းများအတိုင်း နေထိုင် အသက်ရှင်ရမည်ဟု သဘောပေါက်သင့်ပါသည်။ ကျန်းမာရေးစည်းမျဉ်းများ သည် ဘုရားသခင်ကိုယ်တော်တိုင်ပြဋ္ဌာန်းထားသည့်အရာများဖြစ် သော်လည်း ၎င်းစည်းမျဉ်းများကိုလိုက်နာခြင်း၊ မလိုက်နာခြင်းသည် ပုဂ္ဂိုလ်ရေးကိစ္စသာ ဖြစ်သည်။ သို့သော် ထိုစည်းမျဉ်းများကို ကျွန်ုပ်တို့ချိုးဖောက်လျှင် ချိုးဖောက် ခြင်း၏ဆိုးကျိုးကို ကျွန်ုပ်တို့ခံစားကြရပါမည်။ ထိုအလေ့အထ အတွက်လည်း ဘုရားသခင်၏ရှေ့မှောက်တွင် ကျွန်ုပ်တို့ကိုယ်တိုင်လျှောက်လဲ ချက်ပေးကြရပါ မည်။ ထို့ကြောင့် 'လောကမှလူသားများ၏အကျင့်စရိုက်သည် မည်သည့်အ ရာဖြစ်သနည်း' ဟူသောမေးခွန်းကို ကျွန်ုပ်တို့မေးရန်မဟုတ်ဘဲ 'ဘုရားသခင် ပေးအပ်ထားသည့်အသက်တာ၌ ကျွန်ုပ်တို့မည်ကဲ့သို့နေထိုင် စားသောက်နေ သနည်း' ဟူသောမေးခွန်းကိုသာ မေးကြရန်ဖြစ်ပါသည်။

–၀–



# အခန်း (၁၄)
# ကျန်းမာကြံ့ခိုင်မှု၏အရေးပါပုံ

ကောင်းမွန်စွာချက်ပြုတ်တတ်ပြီး ကျန်းမာရေးကိုအထောက်အကူပြုမည့်အစားအသောက်များကို ပြင်ဆင်တတ်ရန် အသိပညာနှင့်ဗဟုသုတရှိဖို့လိုအပ်ပါသည်။ ကျွန်ုပ်တို့၏အစာအိမ်ထဲသို့ဝင်သွားကာ ခန္ဓာကိုယ်ကျန်းမာလန်းဆန်းစေသော အသွေးအသားများကိုဖြစ်စေမည့် အစားအစာများကို ချက်ပြုတ်ပြင်ဆင်ပေးသောအလုပ်သည် အရေးပါပြီးမွန်မြတ်သောအလုပ်တစ်ခုဖြစ်ပါသည်။

ချက်ပြုတ်ခြင်း၊ ချုပ်လုပ်ခြင်းနှင့်အိမ်မှုတာဝန်ကို ထမ်းဆောင်ခြင်းများသည် အမျိုးသမီးငယ်များ မလွဲမရှောင်လုပ်ဆောင်တတ်ရမည့် အလုပ်များဖြစ်သည်။ မိသားစုများကျန်းမာပျော်ရွှင်စေရန်အတွက် ကျွမ်းကျင်လိမ္မာစွာချက်ပြုတ်တတ်ခြင်းထက် ပို၍အရေးပါသောအလုပ်မရှိတော့ပါ။ အသက်တာ၏ပျော်ရွှင်မှုသည် နေ့စဉ်လုပ်ဆောင်နေသောတာဝန်ဝတ္တရားများအပေါ် သစ္စာရှိခြင်း၌ ရစ်ပတ်နေပါသည်။

### ချက်ပြုတ်ခြင်းသိပ္ပံအတတ်သည်အရေးပါသောပညာရပ်တစ်ခုဖြစ်ခြင်း

ချက်ပြုတ်ခြင်းပညာသည် သေးသိမ်သောပညာတစ်ခုမဟုတ်ဘဲ တန်ဖိုးအထားသင့်ဆုံးပညာတစ်ခုဖြစ်ပါသည်။ အကြောင်းမှာ ထိုပညာသည် အသက်တာနှင့်အနီးစပ်ဆုံး ဆက်နွှယ်နေပါသည်။ ကောင်းသောသွေးသားများကို တည်ဆောက်နိုင်စေရန်အလို့ငှာ ကောင်းသောအစားအစာများကို စားရမည်ဖြစ်သဖြင့် အချက်အပြုတ်ပညာကို အလေးထားဂရုစိုက်သင့်ပါသည်။ ကျန်းမာခြင်းနှင့်ပြည့်စုံသည့် ချက်ပြုတ်ခြင်းအတတ်ကို တတ်မြောက်အောင်လုပ်မပေးမချင်း ကျန်းမာရေးပြုပြင်ပြောင်းလဲမှုများကို အောင်မြင်စွာလုပ်ဆောင်ပေးနိုင်မည်မဟုတ်ပါ။ မိခင်များသည် မိသားစုများအား ကောင်းမွန်သော

အစားအစာများကို ချက်ပြုတ်ကျွေးမွေးနိုင်စေရန်အတွက် အချက်အပြုတ်သင်တန်း တက်ရန် လိုအပ်ပါသည်။ မိမိကိုယ်တိုင်ချက်တတ်ပြုတ်တတ်ရမည့်အပြင် သမီး များကိုလည်း ချက်တတ်ပြုတ်တတ်အောင် သင်ပေးကြရပါမည်။

လေ့လာပါ၊ လေ့ကျင့်ပါ

ကောင်းမွန်စွာချက်ပြုတ်တတ်စေရန်အတွက် ချက်နည်းပြုတ်နည်း များကိုလေ့လာပါ။ ထိုနောက် လေ့လာသမျှကိုလက်တွေ့ပြုလုပ်ပါ။ အချက် အပြုတ်အတွေ့အကြုံမည်မျှရှိသည်ဆိုသည့်အချက်မှာ အဓိကမဟုတ်ဘဲ မိသားစု အတွက် ချက်ပြုတ်ကျွေးမွေးရမည့်တာဝန်ကျလာလျှင် ကောင်းမွန်စွာချက်ပြုတ် ကျွေးမွေးတတ်ရန်သာ ပဓာနကျပါသည်။

လွယ်ကူရိုးစင်းစွာချက်ပြုတ်နိုင်သောဟင်းမျိုးစုံကိုမဖြစ်မနေစားကြပါ

ဟင်းအမည်စုံစုံကို မြိန်မြိန်ရှက်ရှက်စားမှသာ အာဟာရဖြစ်ပါသည်။ ကျွန်ုပ်တို့၏ကိုယ်ခန္ဓာသည် အစာဖြင့်တည်ဆောက်ထားသည်ဖြစ်ရာ အသား အရေများကောင်းမွန်စေရန်အလို့ငှာ ကျွန်ုပ်တို့၏ခန္ဓာကိုယ်၌ လိုအပ်နေသော အစာများကို ကောင်းမွန်စွာချက်ပြုတ်စားသုံးကြရပါမည်။

ထမင်းပွဲပြင်ဆင်မှု၌ပင် ဖက်ရှင်နှင့်ဟိတ်ဟန်လုပ်ခြင်းများသည် အန္တရာယ်ပြုရန်ကြိုးစားနေပါသည်။ ကျန်းမာရေးနှင့်ပြည့်စုံစေသည့် အစာ ချက်ပြုတ်ကျွေးမွေးခြင်းများသည် ဒုတိယနေရာသို့ရောက်နေပါသည်။ အမျိုး အမည်စုံသောဟင်းပွဲများကို ပြင်ဆင်ကျွေးမွေးရသဖြင့် ငွေကုန်၊ အချိန်ကုန်၊ လူပင်ပန်းသော်လည်း ကျန်းမာရေးကိုမူ အထောက်အကူမပြုလှပါ။ အနည်း ဆုံးဟင်းပွဲ (၆) ပွဲပြင်ဆင်ခြင်းသည် ခေတ်မီကောင်းခေတ်မီနိုင်သော်လည်း ထိုစရိတ်သည် ကျန်းမာရေးကိုထိခိုက်စေနိုင်ပါသည်။ ထမင်းပွဲကို ပို၍ရိုးစင်း စွာပြင်ဆင်ကြလျှင် အိမ်ထောင်သားများအတွက် ပို၍ကောင်းသောကျန်းမာရေး ခွန်အားများကို ရရှိနိုင်ပါသည်။

ညံ့ဖျင်းသောချက်ပြုတ်ခြင်း၏အကျိုးဆက်များ

ညံ့ဖျင်းသောအစားအစာများနှင့် စားသင့်သလောက်မစားသုံးခြင်းသည် အစာကိုသွေးအဖြစ်ပြောင်းလဲရန် ပြုလုပ်ပေးနေသည့် ခန္ဓာကိုယ်အစိတ်အပိုင်းကို အားနည်းသွားစေသည်။ ကိုယ်ခန္ဓာရှိစနစ်များကို ရှုပ်ထွေးသွားစေသဖြင့် အာရုံကြောများကို ကသိကအောက်ဖြစ်စေလျက် စိတ်တိုတတ်လာပြီး ရောဂါများလည်းဝင်လာပါသည်။ 'ညံ့ဖျင်းသောအချက်အပြုတ်များကြောင့်သေရခြင်း' 'အစာအိမ်ကိုနှိပ်စက်ညှဉ်းပန်းခြင်းကြောင့်သေရခြင်း' ဟူ၍ပင် သင်းချိုင်းဂူများတွင် ရေးထားသင့်ပါသည်။

ကလေးများအားချက်နည်းပြုတ်နည်းများသင်ပေးကြပါ

အချက်အပြုတ်ကို သင်မပေးဘဲမနေကြပါနှင့်။ ကျန်းမာရေးသင်ခန်းစာများကို သင်ကြားပေးခြင်းနှင့် ရိုးစင်းသောဟင်းများကို ကျွမ်းကျင်စွာချက်တတ်အောင်သင်ပေးခြင်းများဖြင့် သင်တို့သည် အရေးအပါဆုံးသောပညာရေး တစ်ခု၏အုတ်မြစ်ကို ချပေးနေခြင်းဖြစ်ပါသည်။

စိတ်ရှည်ရှည်ဖြင့်ရယ်ကာမောကာသင်ကြားပေးကြပါ

သမီးများကို ငယ်စဉ်အချိန်ကတည်းက မီးဖိုထဲသို့ခေါ်ပြီး ချက်ပြုတ်ခြင်းပညာကိုသင်ပေးရန်မှာ မိခင်၏တာဝန်ဖြစ်ပါသည်။ စိတ်ရှည်ရှည်ထားပြီး ရင်းနှီးစွာဆက်ဆံကာသင်ကြားပါ။ ထောက်ခံအားပေးသည့်စကားလုံး များကို ပြောရင်း ရွှင်လန်းတက်ကြွသောမျက်နှာထားဖြင့် တတ်နိုင်သမျှ နှစ်လိုဖွယ်ပြုမူလျက် သမီးကလေးများကိုသင်ပေးကြပါ။

စိတ်ဝင်စားမှုနှင့်စိတ်ဓာတ်များကိုအားလျော့သွားစေသည့်အရာများ

ဤလုပ်ဆောင်မှု၏အရေးပါပုံကို မိခင်များစွာတို့ သဘောမပေါက်ကြရုံသာမက သင်ယူချက်ပြုတ်နေစဉ်တွင် သမီးများအမှားလုပ်မိလျှင်

'အသုံးမကျဘူး၊ ဘာမှမလုပ်တတ်ဘူး၊ အကူအညီမရတဲ့အပြင် စိတ်တောင် ပိုပြီးရှုပ်သွားသေးတယ်' ဟုဆိုကာ မီးဖိုထဲမှမောင်းထုတ်တတ်ကြပါသည်။

သမီးများ၏ပထမကြိုးပမ်းမှုကို ပစ်ပစ်ခါခါငြင်းပယ်ခြင်းခံလိုက်ရသဖြင့် သူတို့၏စိတ်တက်ကြွမှုများသည် လျော့ကျသွားပါသည်။ ထိုကဲ့သို့သောဖြစ်ရပ်မျိုးကို နောက်တစ်ခါမကြုံလိုကြသည့်အတွက် ထမင်းချက်မည့်အစားဇာထိုးခြင်း၊ စက်ချုပ်ခြင်း၊ အိမ်သန့်ရှင်းရေးလုပ်ခြင်းအလုပ်များကို ပို၍လုပ်ဆောင်လိုလာကြပါသည်။ ဤသို့လုပ်ဆောင်ခြင်းတွင် မိခင်သည် များစွာမှားနေပါသည်။ အဆင်မပြေအချိုးမကျမှုများကိုဖယ်ရှားကာ မကျွမ်းကျင်သောလှုပ်ရှားလုပ်ဆောင်မှုများကို ကုစားနိုင်သည့်ဗဟုသုတများကို သူတို့ပိုင်ဆိုင်လာသည်အထိ စိတ်ရှည်လက်ရှည်ဖြင့် သမီးများကိုသင်ကြားပေးသင့်ပါသည်။

## လက်တွေ့အသက်တာအတွက်အထူးလိုအပ်သောပြင်ဆင်မှု

ချက်ပြုတ်ခြင်းပညာသည် လူသားများ၏အသက်တာကို တိုက်ရိုက်သြဇာသက်ရောက်မှုရှိသည့် အရာတစ်ခုဖြစ်သည်။ ချက်ပြုတ်ရေးကဲ့သို့သောအိမ်မှုကိစ္စများသည် အိမ်စေအလုပ်ဖြစ်သည်ဟု လုပျိုဖြူကလေးများကထင်နေကြပါသည်။ ထို့ကြောင့် အမျိုးသမီးကလေးများ အိမ်ထောင်ပြုသောအချိန်တွင် အိမ်ရှင်မတာဝန်များကို ကျေပွန်အောင်မထမ်းဆောင်နိုင်ကြခြင်းဖြစ်သည်။

## မကောင်းမှုဒုစရိုက်ပြုခြင်းများကိုကာကွယ်ရန်အဟန့်အတားတစ်ခု တည်ဆောက်ခြင်း

သမီးများကိုချက်ပြုတ်ရေးပညာသင်ကြားပေးခြင်းသည် သူတို့အားဝန်းရံလျက်ရှိသော မကောင်းမှုဒုစရိုက်များကိုမလုပ်မိအောင် ကာကွယ်တားဆီးပေးသည့် အဟန့်အတားတစ်ခုတည်ဆောက်နေခြင်းဖြစ်သည်။

### ယောကျ်ားကလေးများလည်းအချက်အပြုတ်သင်ယူသင့်ခြင်း

ယောကျ်ားကလေးများလည်း ကျန်းမာရေးနှင့်ပြည့်စုံသော အစားအစာများကိုချက်တတ်အောင် သင်ယူထားသင့်ပါသည်။ စားကောင်းသောက်ကောင်းများမရနိုင်သည့် နေရာဒေသများတွင် သွား၍အလုပ်လုပ်ရကောင်း လုပ်ရပါမည်။ ထိုသို့သောအချိန်တွင် မချက်တတ်၊ မပြုတ်တတ်လျှင် ကောင်းမွန်သောအစားအစာများကို ချက်ပြုတ်စားသောက်နိုင်ကြမည်မဟုတ်ပါ။ ထို့ကြောင့်အမျိုးသမီး၊ အမျိုးသားနှစ်ဦးစလုံးသည် ကုန်ကျစရိတ်နည်းနည်းဖြင့် သက်သတ်လွတ်ဟင်းများကို ချက်တတ်ပြုတ်တတ်အောင် သင်ယူထား သင့်ပါသည်။

### ခြိုးခြံတတ်အောင်ကြိုးစားပါ၊ မဖြုန်းတီးပါနှင့်

'သဘာဝအကျဆုံးနှင့် ဈေးအသက်သာဆုံးပုံစံဖြင့် အစားအစာများကိုမည်သို့ပြင်ဆင်နိုင်မည်နည်း' ဟူသောမေးခွန်းသည် ချက်ရေးပြုတ်ရေးကိစ္စနှင့်ပတ်သက်၍ အရေးကြီးသောမေးခွန်းတစ်ခုဖြစ်ပါသည်။ စားပွဲပေါ်တွင်စားကြွင်းစားကျန်များထားခဲ့ကာ ငွေကိုဖြုန်းတီးနေခြင်းကိုလည်း ဂရုထားသင့်ပါသည်။ ဤကျွမ်းကျင်မှု၊ ဤချွေတာမှုနှင့် ဤလိမ္မာပါးနပ်မှုသည် ငွေးကြေးတစ်ခုပင်ဖြစ်နေပါသည်။ ပူအိုက်သောရာသီတွင် အရည်မများသောဟင်းလျာများကို အနည်းငယ်မျှသာချက်ပြုတ်ထားသင့်ပါသည်။

### ပုံရိပ်တစ်ခုအတွက်အရေးပါသောမေးခွန်းများ

သင်တို့သည် စားသော်လည်းကောင်း၊ သောက်သော်လည်းကောင်း၊ မည်သည့်အမှုကိုပြုသော်လည်းကောင်း ဘုရားသခင်၏ဘုန်းတော်ကိုထောက်၍ ခပ်သိမ်းသောအမှုကိစ္စကိုပြုကြလော့ဟု သမ္မာကျမ်းစာတွင် သွန်သင်ထားပါသည် (၁ကော ၁၀း၃၁)။ မိသားစုများစားရန် ထမင်းစားပွဲပြင်ဆင်သောအခါ သင်သည် အထက်ပါအမိန့်တော်အတိုင်း ပြုကျင့်နေပါသလား။ အကောင်းဆုံးအစားအစာဖြစ်သည်ဟု သင်ထင်သည့်အရာများဖြင့် ပြင်ဆင်

ထားပါသလား။ ကောင်းသည်ဟု သင်ထင်သောအစာများသည် သင့်သားသမီးများ၏ဖျားနာမှုကို ပို၍တာရှည်စေလျက်ရှိသလား။ သင်ကျွေးသောအစာများသည် သူတို့၏ကျန်းမာရေးနှင့်အသက်တာများကို ပိုမို၍ကောင်းမွန်လာစေပါသလား။ သူတို့ကိုမကျွေးမီ ထိုအစားအစာများအကြောင်းကို သင်လေ့လာခဲ့ပါသလား။

## သင်စားသည့်အစာသည်သင်ဖြစ်သည်

အစားအစာများသည် ကျွန်ုပ်တို့ကိုပျော်ရွှင်မှုပေးရန်ဖြစ်သဖြင့် မိမိစားသုံးမည့်အစာများကို သေချာစွာသုံးသပ်ပြီးမှစားသုံးရန် ဘုရားသခင်အလိုတော်ရှိပါသည်။ ဆင်ခြင်သုံးသပ်မှုများဖြင့် ထိန်းထိန်းချုပ်ချုပ် ပုံမှန်အသုံးပြုသောအစားအစာများသည် ဘုရားသခင်ရှေ့တော်မှောက်တွင် သန့်ရှင်းစုံလင်ကြပါသည်။

### စားသောအစာများဖြင့်ကျွန်ုပ်တို့၏ကိုယ်ခန္ဓာကိုတည်ဆောက်ခြင်း

ကျွန်ုပ်တို့၏ကိုယ်ခန္ဓာသည် ကျွန်ုပ်တို့စားသောက်သောအစာများဖြင့်တည်ဆောက်ထားသည့်အရာဖြစ်သည်။ ခန္ဓာကိုယ်ရှိ အသားမျှင်များသည် အဆက်မပြတ်ပျက်စီးယိုယွင်းလျက်ရှိပါသည်။ ကိုယ်ခန္ဓာအစိတ်အပိုင်းများသည် လှုပ်ရှားမှုပြုလုပ်သည့်အခါတိုင်း၌ ပျက်ယွင်းသွားကြရာ စားသောအစာများဖြင့် ပြန်လည်တည်ဆောက်ပေးရပါသည်။ ထို့ကြောင့် ကိုယ်ခန္ဓာအစိတ်အပိုင်းသည် အာဟာရနှင့်ပြည့်ဝသောအစာများကို အမြဲတမ်းလိုအပ်နေကြပါသည်။ ဦးနှောက်နှင့်တကွ အရိုးအသားအာရုံကြောများသည် အစာများကိုလိုအပ်နေကြပါသည်။ စားလိုက်သောအစာများကို သွေးအဖြစ်ပြောင်းလိုက်ခြင်းနှင့် သွေးအားဖြင့်ခန္ဓာကိုယ်တည်ဆောက်မှုပြုလုပ်ခြင်းများသည် အံ့ဖွယ်ကောင်းသည့် အဆင့်အဆင့်လုပ်ဆောင်မှုတစ်ခုဖြစ်နေပါသည်။ ထိုလုပ်ဆောင်မှုသည် မရပ်မနား၊ မနားမနေလှုပ်ရှားခြင်းဖြင့် အသက်ရှင်နိုင်

ဖို့ရန် လိုအပ်သောအာရုံကြောအသားမျှင်နှင့် ကြွက်သားများအတွက် လိုအပ်သောခွန်အားများကို ထောက်ပံ့ပေးနေပါသည်။

နို့စို့အရွယ်ကတည်းကကောင်းသောအစာများကိုကျွေးပါ

အသက်ရှင်ဖို့စားခြင်းဖြစ်ပြီး စားဖို့အသက်ရှင်နေခြင်းမဟုတ်ကြောင်းကို ကလေးငယ်များနားလည်ဖို့ လိုအပ်ပါသည်။ ထို့ကြောင့် နို့စို့သူငယ် အချိန်ကတည်းကစ၍ အစားအစာနှင့်ပတ်သက်သည့်သင်ခန်းစာများကို သင်ပေး ကြရပါမည်။ အစာကိုသတ်မှတ်ထားသည့်အချိန်များတွင်သာ ကလေးများကို ကျွေးကာ အသက်ရလာသည်နှင့်အမျှ ကျွေးသည့်အကြိမ်အရေအတွက် လျှော့ချရပါမည်။ အစာမကြေမှာစိုးရသည့်အတွက် လူကြီးများစားသည့်အစာ ကိုလည်းကောင်း၊ ချိုချဉ်များကိုလည်းကောင်း မကျွေးကြပါနှင့်။ အချိန်မှန်မှန် ကျွေးခြင်းသည် ကလေးသူငယ်များအား စိတ်အေးသောကလေးများဖြစ်လာ စေရုံသာမက သူတို့အတွက်ကောင်းချီးမင်္ဂလာဖြစ်စေသည့် စာရိတ္တအုတ်မြစ် ကောင်းများကို လည်း ချပေးနေခြင်းဖြစ်ပါသည်။

ရသာရုံစွမ်းအားများကိုပညာပေးကြပါ

သားသမီးကြီးကောင်ဝင်လာသောအချိန်တွင် သူတို့၏ရသာရုံစွမ်းအားများကို ပညာပေးရန်လိုအပ်လာပါသည်။ အာဟာရမဖြစ်စေနိုင်သည့် အစားအစာများအပေါ် ငွေကြေးအလွန်အကျွံသုံးစွဲခြင်းအားဖြင့် ရရှိလာသည့်ခံတွင်းအလိုလိုက်ခြင်းကြောင့် မြင့်မားသောဘဝရည်မှန်းချက်များနှင့် ပျော်ရွှင်မှုများကိုရနိုင်သည်ဟု သားသမီးများထင်မြင်လာတတ်ပါသည်။ ထို့ကြောင့် ကလေးများသည် အစားပုပ်သူများဖြစ်လာကာ ဖျားနာလာကြပါသည်။ မိဘများသည် စားသုံးသင့်သောအစာများကို ဖော်ပြသွန်သင်ကာ အာဟာရမဖြစ်စေသည့် အစာများအတွက် ငွေကြေးမသုံးမိအောင် သားသမီးများကိုလမ်းပြသင့်ပါသည်။

ကိုယ်စိတ်နှလုံးသုံးပါးရှိအစွမ်းတန်ခိုးများကိုထိန်းချုပ်သောအစားအစာ

သားသမီးများ၏ကျန်းမာပျော်ရွှင်မှုကို အဆုံးရှုံးခံကာ ကလေးများစားချင်သည့်အစာကို ကျွေးနေသောမိခင်များသည် ဒုစရိုက်အသီးများကို သီးပွင့်စေမည့်မျိုးစေ့များကို ကြဲနေခြင်းဖြစ်သည်။ ကလေးငယ်များကြီးပြင်းလာသည်နှင့်အမျှ ကိုယ်အလိုကိုလိုက်တတ်သော စိတ်ထားသည်လည်းကြီးထွားလာရာ ကိုယ်စိတ်နှစ်ပါး၏ခွန်အားများသည် အဖျက်ဆီးခံကြရပါသည်။ ကိုယ်စိတ်နှလုံးသုံးပါးစလုံးမှာလည်း ကျန်းမာရေးကိုထိခိုက်စေသည့် ထိုအစားအစာများ၏ဩဇာလွှမ်းမိုးမှုအောက်သို့ရောက်သွားကာ ဩတ္တပ္ပစိတ်သည်ထုံထိုင်းလာသည်။ ကောင်းသည့်အရာများကို ယုံလွယ်တတ်သောစိတ်တန်ခိုးများလည်း အားနည်းလာပါသည်။

အကောင်းဆုံးအစာကိုရွေးပြီးစားပါ

မည်သည့်အစာသည် အကောင်းဆုံးအစာဖြစ်သည်ကိုသိရှိရန် လူသားများအတွက် အစာစာရင်းပေးထားသည့် နှုတ်ကပတ်တော်မိန့်ဆိုချက်များကို လေ့လာရပါမည်။ လူကိုဖန်ဆင်းတော်မူသည့် ဘုရားသခင်သည် လူသားအာဒံစားရန်အစာများကို သတ်မှတ်ပေးခဲ့ပါသည်။ ဂျုံစပါး၊ သစ်သီးဝလံ၊ အခွံမာအသီးများနှင့် ဟင်းသီးဟင်းရွက်များသည် လူသားများစားရန် ဖန်ဆင်းရှင်သတ်မှတ်ပေးတော်မူသည့် အစာများဖြစ်ပါသည်။

ထိုအစာများကိုစားကောင်းအောင်ပြင်ဆင်စားသုံးပါ

ဂျုံစပါး၊ သစ်သီးဝလံနှင့်ဟင်းသီးဟင်းရွက်များကို အပူအစပ်များ၊ ဆီများနှင့်မရောဘဲ နွားနို့ဖြင့်ရောစပ်ပြင်ဆင်စားသုံးခြင်းသည် ကျန်းမာရေးကိုကောင်းမွန်စေသည့်ဓာတ်စာဖြစ်ပါသည်။ ထိုအစာမျိုးသည် ကိုယ်ခန္ဓာကိုအာဟာရပေးသည့်အပြင် စိတ်ကြွစေသည့်အစာများက မပေးဆပ်နိုင်သောဉာဏ်ပညာခွန်အားများနှင့် ကိုယ်ကာယခံနိုင်ရည်စွမ်းအားများကိုလည်း ပေးပါသည်။

ခံတွင်းတည့်သောအစာတိုင်းကျန်းမာရေးအတွက်အထောက်အကူမဖြစ်ခြင်း

မှားယွင်းသောအစားအသောက်အကျင့်များကြောင့် ခံတွင်းအလိုရှိမှုသည် သွေဖည်လာတတ်ပါသည်။ မဟုတ်တာကိုစားချင်သောစိတ်ကြောင့် ခွန်အားများတိုးပွားမလာသည့်ပြင် ကျန်းမာရေးကိုပင် ထိခိုက်လာပါသည်။ နေရာတိုင်း၌လွှမ်းမိုးနေသော ရောဂါဝေဒနာများဖြစ်ပွားရခြင်း၏အကြောင်းရင်းတစ်ခုမှာ ရေပန်းစားလူကြိုက်များသော စားနည်းသောက်နည်းအမှားများကြောင့်ဖြစ်နိုင်ပါသည်။

စားချင်စိတ်ရှိတိုင်းစားတတ်သည့်ကလေးများ

ပင်ကိုအတိုင်းရှိသောစားချင်သောက်ချင်စိတ်များသည် ယုတ်ညံ့ပါသည်။ ကလေးများသည် မြေကြီးကိုအာသာငမ်းငမ်းဖြင့်စားသည်အထိလည်းကောင်း၊ ကျောက်တံများ၊ ကော်ဖီလက်ဖက်ရည်များ၊ သစ်ကြမ်းပိုးခေါက်များ၊ လေးညှင်းပွင့်များနှင့်ငရုတ်သီးများကို အငမ်းမရစားသောက်သည်အထိလည်းကောင်း၊ အစားအသောက်တွင်သွေဖည်ကာ ကျန်းမာရေးကိုထိခိုက်စေသည့်အစားအစာများကို စားခွင့်ပြုထားသည့်မိဘများသည် ကိုယ်ခန္ဓာကတောင့်တသဖြင့် စားသောက်နေခြင်းဖြစ်သည်ဟု မပြောဆိုသင့်ပါချေ။ ခံတွင်း၏တောင့်တ မှုများ ဖောက်ပြန်ပျက်စီးသည့်အခြေအထိ ပါးစပ်အလိုကိုလိုက်ခဲ့ကြချေပြီ။ ခံစားချက်များပျောက်ဆုံးသည့်အခြေအနေအထိ အစာအိမ်ထဲမှာရှိသော နူးညံ့သည့်အစိတ်အပိုင်းကလေးများကိုလည်း လောင်ကျွမ်းစေခဲ့ကြချေပြီ။ အကယ်၍သာ သင်တို့၏သားသမီးများအား နို့စို့ကလေးဘဝမှစ၍ အသား၊ အဆီ၊ အပူ၊ အစပ်များကိုမကျွေးဘဲ ကျန်းမာရေးကိုအထောက်အကူဖြစ်မည့် အစာများကိုသာ ကျွေးကာ သူတို့၏ကိုယ်ခန္ဓာအစိတ်အပိုင်းများကို စောင့်ရှောက် ထိန်းသိမ်းခဲ့ကြလျှင် သူတို့၏ခံတွင်းနှင့်ရသာရုံများသည် ပျက်စီးသွားခဲ့ကြ လိမ့်မည်မဟုတ်ပါ။

တိရစ္ဆာန်အသားဟင်းများ

ကျွန်ုပ်တို့သည် အစာနှင့်ပတ်သက်ပြီး တိကျသောကန့်သတ်မှုများကို မလုပ်လိုပါ။ အသီးအနှံနှင့်သစ်သီးဝလံများများစားစားရနိုင်သည့် နေရာဒေသ၌ ဘုရားသခင့်သားသမီးများအတွက် အသားသည်အကောင်းဆုံးအစာမဟုတ်ပါ။ တိရစ္ဆာန်အသားများကိုစားခြင်းသည် တိရစ္ဆာန်၏သဘာဝဘက်သို့ ယိမ်းယိုင်လိုစိတ်ဖြစ်ပေါ်စေနိုင်သည်။ သူတစ်ပါးအပေါ်ထားရှိသင့်သည့် မေတ္တာစိတ်နှင့်ကိုယ်ချင်းစာစိတ်များကိုလည်း လူသားများထံ၌ ပျောက်ကွယ်သွားစေပါသည်။ ၎င်းပြင် လူသားများ၌ရှိသော ကြီးမြတ်သည့်အစွမ်းတန်ခိုးများကိုလည်း နိမ့်ကျယုတ်ညံ့သောအလိုရမ္မက်များ၏ထိန်းချုပ်မှုအောက်သို့ ရောက်သွားစေတတ်ပါသည်။

အသားစားခြင်းကိုဖြတ်သင့်သည့်အချက်များ

အသားစားသူများသည် အသီးအနှံများနှင့်ဟင်းသီးဟင်းရွက်များကို တစ်ဆင့်ခံစားသောက်နေခြင်းဖြစ်သည်။ အကြောင်းမှာ တိရစ္ဆာန်များသည် ကြီးထွားမှုကိုဖြစ်စေမည့်အာဟာရများကို အသီးအနှံများထဲမှ ရယူထားပြီးဖြစ်သည်။ အသီးအနှံသစ်သီးဝလံများထဲမှာရှိနေသည့် သက်ရှိဒြပ်ကလေးမှာ စားလိုက်သည့်တိရစ္ဆာန်ထဲသို့ ရောက်သွားပါသည်။ တိရစ္ဆာန်၏အသားကို စားခြင်းဖြင့် ထိုဒြပ်ကလေးကို တစ်ဆင့်ခံသာရရှိပါတော့သည်။ ကျွန်ုပ်တို့အတွက် ဘုရားသခင်စီမံထားသည့်အစားအစာများကို စားခြင်းအားဖြင့် ထိုသက်ရှိဒြပ်ကလေးကို တိုက်ရိုက်ရရှိမည်ဆိုလျှင် မည်မျှကောင်းလိုက်လိမ့်မည်နည်း။

အသားသည် မည်သည့်အခါမျှအကောင်းဆုံးအစာတစ်ခုမဟုတ်ပါ။ တိရစ္ဆာန်များတွင် ရောဂါများအလျင်အမြန်ကူးစက်ဖြစ်ပွားနေသဖြင့် အသားစားခြင်းကို ယခုအချိန်တွင် နှစ်ဆသောကန့်ကွက်မှုများဖြစ်ပေါ်နေပါသည်။ လူတို့သည် အဆုတ်ရောဂါပိုးများနှင့် ကင်ဆာရောဂါပိုးများနှင့်ပြည့်နေသည့် အသားများကို စဉ်ဆက်မပြတ်စားသုံးနေကြပါသည်။ အဆုတ်ရောဂါပိုး၊

ကင်ဆာရောဂါပိုးနှင့် အခြားသေစေတတ်သောရောဂါများသည် ကူးစက်တတ်ပါသည်။

ချက်ချင်းသတိမမူမိသည့်ကူးစက်မှုများ

အသားစားခြင်း၏အကျိုးဆက်များကို ချက်ချင်းမသိနိုင်သော်လည်း ကျန်းမာရေးမထိခိုက်နိုင်ကြောင်း အထောက်အထားမရှိပါချေ။ သို့ရာတွင် မိမိတို့စားလိုက်သည့်အသားကြောင့် သွေးကိုအဆိပ်ဖြစ်စေကာ ရောဂါဘယများကို ဖြစ်စေသည်ဟု လူနည်းစုသာသိကြပါသည်။ အသားစားခြင်းဖြင့် ဖြစ်ပွားသည့်ရောဂါများကြောင့် အများစုသေပွဲဝင်နေရပါသည်။ ထိုအဖြစ်မှန်ကို သူတို့ကိုယ်တိုင်ကသော်လည်းကောင်း၊ အခြားသူများကသော်လည်းကောင်း သံသယမဝင်ကြပါ။

ခရစ်တော်ကြွလာခြင်းကိုစောင့်မျှော်နေသူများ၏ဦးတည်ချက်

သခင်ဘုရား၏ကြွလာခြင်းကို မျှော်လင့်နေသူများထဲတွင် အသားစားခြင်းကို အဆုံးတွင်စွန့်လွှတ်ကြပါလိမ့်မည်။ အသားဟင်းများသည် သူတို့၏အစားအစာစာရင်းတွင် ပါဝင်တော့မည်မဟုတ်ချေ။ ကျွန်ုပ်တို့သည် အဆုံးတွင်ဖြစ်မည့် ဤအရာကိုမျက်ခြည်မပြတ်စောင့်ကြည့်ကာ မှန်မှန်ကြိုးစား လုပ်ဆောင်သွားကြရပါမည်။

ဘုရားသခင်၏အစီအမံသို့ပြန်သွားခြင်း

တိရစ္ဆာန်အသေကောင်များမှရသည့် အသားများအပေါ်တွင်မှီခို၍ အသက်ရှင်ရန်မဟုတ်သည့် ဘုရားသခင်၏မူလအစီအမံအတိုင်း ပြန်လည်စားသောက်ကြရန် ဘုရားသခင်သည် မိမိ၏လူတို့အား ဆင့်ဆိုလျက်ရှိပါသည်။ ပို၍ကောင်းသည့်လမ်းစဉ်ကို လိုက်လျှောက်ကြဖို့ လူအပေါင်းတို့အား ကျွန်ုပ်တို့လမ်းပြသွန်သင်ရန် ဘုရားသခင်အလိုရှိတော်မူသည်။ အသားစားခြင်းကိုဖြတ်လိုက်လျှင်လည်းကောင်း၊ အသားစားရန်သွန်သင်နေခြင်းများကို

ရပ်လျှင်သော်လည်းကောင်း၊ အသီးအနှံနှင့်ဟင်းသီးဟင်းရွက်များကို နှစ်သက်လာအောင်အားပေးလျှင်သော်လည်းကောင်း အစအဦးအချိန်ကတည်းက ဘုရားသခင် ကြိုစည်ထားတော်မူသည့်အတိုင်း ဖြစ်လာပါလိမ့်မည်။

အစားအစာအပြောင်းအလဲလုပ်ခြင်းနှင့်ပတ်သက်သည့်သွန်သင်ချက်

တိရစ္ဆာန်အသားများကိုစားသုံးမှ ခန္ဓာကိုယ်ကြွက်သားများအားကောင်းနိုင်သည်ဟူသော ယူဆချက်သည် မှားယွင်းမှုတစ်ခုဖြစ်ပါသည်။ ခန္ဓာကိုယ်၏လိုအပ်ချက်များကို ပို၍ကောင်းအောင်ပံ့ပိုးပေးနိုင်ပြီး အသားမစားဘဲ ပို၍ကောင်းသောကျန်းမာရေးကို ခံစားစေနိုင်သည့် အသီးအနှံများ၊ ဟင်းသီးဟင်းရွက်များနှင့် သစ်သီးဝလံများ၌ အသွေးအသားကိုဖြစ်ထွန်းစေနိုင်သည့် အာဟာရဓာတ်အားလုံး ပါရှိပါသည်။ တိရစ္ဆာန်အသားများ၌ ထိုမျှလောက်အာဟာရဓာတ်ပြည့်ဝမှုမရှိပါ။ အသားကိုဖြတ်သောအချိန်တွင် အားနည်းသွားသလို၊ ခွန်အားယုတ်လျော့သွားသလိုမျိုး ခံစားရတတ်ပါသည်။ ထိုအခြင်းအရာကိုကြည့်ကာ အသားသည် မရှိမဖြစ်လိုအပ်သောအစာဖြစ်သည်ဟု အချို့ကပြောကြပါသည်။ အမှန်မှာ ဤအစားအစာမျိုးသည် စိတ်ကိုကြွစေပါသည်၊ သွေးကိုလှုပ်ရှားစေပါသည်၊ အာရုံကြောများကိုထကြွစေပါသည်၊ ထို့ကြောင့် အသားစားခြင်းကို လွမ်းနေကြခြင်းဖြစ်ပါသည်။

အသားစားခြင်းကိုဖြတ်သောအချိန်တွင် အာဟာရကိုဖြစ်စေပြီး အရသာရှိသောအသီးအနှံ၊ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ စသည့်အရာများဖြင့် အစားထိုးစားသုံးရပါမည်။

အသားအစားထိုးအစားအစာ၏ထူးခြားသောအကျိုးကျေးဇူးများ

အသားဟင်းအစား အချို့အစားအစာများကို ပြင်ဆင်ကြရပါမည်။ အသားဟင်းကိုပြန်လည်တမ်းတမှုမဖြစ်စေရန် အစားထိုးချက်ပြုတ်သည့်ဟင်းကို ကောင်းစွာစီမံသင့်ပါသည်။

ရိုးစင်းသောအစာများကို ပြောင်းလဲစားသုံးရန်ကြိုးစားမှုတွင် အချို့သူများအောင်မြင်မှုမရခြင်း၏အကြောင်းရင်းတစ်ခုမှာ အစာပြင်ဆင်ရာတွင် ငွေကြေးမလုံလောက်မှုပင်ဖြစ်သည်။ အခြားအစာတစ်မျိုးကိုပြောင်းပြီး စားသောက် နိုင်ခြင်းမရှိဘဲ ဟင်းတစ်မျိုးတည်းကိုသာ စဉ်ဆက်မပြတ် စားသုံးနေကြရ သည်။ ထမင်းစားသည့်အခါတွင် ဟင်းခွက်အမျိုးများစွာရှိရန်မလိုသော်လည်း ဟင်းအပြောင်းအလဲမရှိဘဲ ထမင်းစားတိုင်း စားနေကျဟင်းဖြင့်စားနေခြင်းသည် မလိုလားအပ်သောအရာဖြစ်သည်။

သဘာဝကိုဆန့်ကျင်သောခံတွင်းတောင့်တမှုကိုကျော်လွှားကြပါ

စိတ်နှလုံးနှင့်သွေးလည်ပတ်မှုကို မြန်ဆန်လှုပ်ရှားစေသည့်ဟင်းလျာများကို စားနေကျသူများ၌ သဘာဝနှင့်ဆန့်ကျင်သော အရသာခံစားမှုရှိနေပါသည်။ ထိုသူများသည် ရိုးရိုးအစာများကို ချက်ချင်းခံတွင်းတွေ့ကြလိမ့်မည်မဟုတ်ပါ။ ခံတွင်းတောင့်တမှု ပုံမှန်ဖြစ်လာစေရန်နှင့် နှိပ်စက်မှုခံခဲ့ရသောအစာအိမ်၏ဝေဒနာများ ပြန်လည်ပျောက်ကင်းစေရန် အချိန်ယူရပါလိမ့်မည်။

ကျန်းမာရေးနှင့်ပြည့်စုံသောစားသောက်ခြင်းသည်အနစ်နာခံခြင်းမဟုတ်ပါ

ကျန်းမာရေးကိုအထောက်အကူဖြစ်စေမည့် အစာများကိုသာစားသုံးကာ ခံတွင်းအလိုကိုမလိုက်ကြဖို့ သားသမီးများကိုသွန်သင်နေစဉ်မှာပင် ၎င်းတို့အားဒုက္ခပေးမည့်အစာများကို ရှောင်နေခြင်းဖြစ်ကြောင်း ရှင်းလင်းစွာနားလည်အောင် ပြောပြကြပါ။ ကောင်းသောအရာတစ်ခုကိုစားရန်အတွက် ထိခိုက်မှုကိုဖြစ်စေသည့်အစာများကို စွန့်လွှတ်ခြင်းသာဖြစ်ပါသည်။ ထာဝရဘုရားသခင်က အလျှံပယ်ချပေးထားသည့် အစားအသောက်ကောင်းများဖြင့် ထမင်းစားပွဲကိုစားချင့်စဖွယ်ဖြစ်အောင် ပြင်ဆင်ကြပါ။

အချိန်အခါ၊ ရာသီဥတုနှင့်အလုပ်အကိုင်များကိုသုံးသပ်ခြင်း

အချို့အစာများသည် အာဟာရနှင့်ပြည့်ဝသော အစားအစာများဖြစ်လင့်ကစား အခြေအနေအမျိုးမျိုးတွင် ဖြစ်ပေါ်နေသော ကျွန်ုပ်တို့၏လိုအပ်ချက်အားလုံးနှင့် သင့်လျော်သောအစာများမဖြစ်နိုင်ပါ။ ကျွန်ုပ်တို့စားသုံးနေသောအစာများသည် ကျွန်ုပ်တို့နေထိုင်သောနေရာဒေသ၏ရာသီဥတု အပူအအေး ကျွန်ုပ်တို့လုပ်သောအလုပ်အကိုင်များနှင့် ကိုက်ညီသောအစားအစာများဖြစ်ရန်လိုအပ်ပါသည်။ အချို့အစားအစာများသည် ရာသီတစ်ခုအတွက်ကောင်းသော်လည်း အခြားရာသီတစ်ခုအတွက်မကောင်းပါ။ ထို့ကြောင့် ရာသီအလိုက်၊ အလုပ်အကိုင်အလိုက် သင့်တင့်လျောက်ပတ်သောအစာများကို ရွေးချယ် စားသုံးရပါမည်။ အချို့အစာများသည် အလုပ်ကြမ်းသမားများအတွက် အလွန်ကောင်းသော်လည်း ထိုင်၍ဦးနှောက်သုံးပြီး အလုပ်လုပ်ရသူများအတွက် သင့်လျော်မှုမရှိနိုင်ချေ။

အသိဉာဏ်နှင့်ကျွမ်းကျင်မှုကိုအသုံးပြုလျက်အစားအစာများကိုပြင်ဆင်ပါ

မိမိကြိုက်သောအရသာနှင့်ပြည့်စုံသည့် အစာများကိုသာစားသုံးပြီး အစားအစာ၏အရည်အသွေးနှင့် ပြင်ဆင်လုပ်ဆောင်ပုံများကို အလေးမထားခြင်းသည် မှားယွင်းမှုတစ်ခုဖြစ်သည်။ စားမည့်အစာကို သေချာစွာရွေးချယ်ကာ သတိပညာနှင့်ကျွမ်းကျင်မှုများ ပေါင်းစပ်လျက်ပြင်ဆင်သင့်ပါသည်။

မည်သည့်အရာနှင့်စားရစားရကျွန်ုပ်တို့စားနိုင်ခြင်း

အချို့မိသားစုများသည် ဧည့်သည်များအတွက်ဆိုလျှင် ဟင်းမျိုးစုံ ဖြင့်ထမင်းပွဲကိုအကြီးအကျယ်ပြင်ဆင်တတ်ကြသည်။ ထိုကဲ့သို့သော စားသောက်ပွဲမျိုးနှင့်အကျင့်မရှိသူများအတွက် ထိုအစာများသည် စုံစမ်းနှောင့်ယှက် ခြင်းဖြစ်နေပါသည်။

ထိုသူများသည် မိမိတို့၏အိမ်ထောင်သားများအတွက် ပုံမှန်ပြင်ဆင်မှုများလုပ်ဆောင်လေ့မရှိပါ။ အိမ်ရှင်မသက်သာမှုရစေရန် ဖြစ်သလိုပြင်ဆင်

ကျွေးမွေးကာ ခင်ပွန်းနှင့်သားသမီးများ၏ပျော်ရွှင်မှုအတွက် ထည့်မစဉ်းစားပါ။ ဧည့်သည်များအတွက် အကြီးအကျယ်ပြင်ဆင်တတ်သော်လည်း 'ငါတို့ ကတော့ ဘာနဲ့မဆိုရပါတယ်' ဟု ပြောတတ်ကြသည်။ နံရံနားမှာကပ်လျက် ရှိသောစားပွဲပေါ်မှာ မိသားစုစားရန်ပြင်ဆင်ထားသည့်ထမင်းပွဲမှာ စားချင့် စဖွယ်မရှိလှပါ။ 'ဒါကငါတို့အတွက်ဖြစ်တယ်၊ ဒို့ကဘာနဲ့မဆိုစားလို့ရတယ်' ဟုလည်း သူတို့ ပြောတတ်ကြပါသည်။

ထမင်းစားချိန်ကိုပျော်ရွှင်စရာကောင်းသောအချိန်ဖြစ်အောင်ဖန်တီးကြပါ

ထမင်းစားချိန်ကို လူမှုဆက်ဆံရေးအတွက် ကောင်းသောအချိန် တစ်ခုဖြစ်အောင် စီစဉ်သင့်ပါသည်။ ပြဿနာများနှင့် စိတ်ဆိုးစရာများကို ထမင်းပွဲတွင်မပြောကြပါနှင့်။ ကောင်းချီးမင်္ဂလာအမျိုးမျိုးကို ချပေးတော်မူသောဘုရားသခင်ကို ယုံကြည်ကိုးစား၊ ကျေးဇူးတင်သည့်စကားများကို ရင်ဝယ်သိမ်းဆည်းလျက် သောကများပြေပျောက်စေသော နှစ်သက်ဖွယ် စကားများကိုသာပြောကြပါ။

ပုံမှန်စားသုံးပါ

ပုံမှန်မစားသုံးခြင်းသည် အစာကြေချက်မှုကိုပျက်စီးစေရုံသာမက ကျန်းမာပျော်ရွှင်ခြင်းကို ထိခိုက်နစ်နာစေပါသည်။ မည်သည့်အခြေအနေ မှာရောက်နေသည်ဖြစ်စေ အစာများကိုပုံမှန်စားသုံးကြပါ။ အကယ်၍ ညစာ ကိုစားနေကျအချိန်ထက် တစ်နာရီ၊ နှစ်နာရီစော၍စားလိုက်လျှင် အစာအိမ် သည် အစာသစ်များအတွက် အဆင်သင့်မရှိသေးပါ။ အစာဟောင်းများကို ပြီးမြောက်အောင်မချေရသေးသဖြင့် အစာသစ်များကို ခွန်အားအပြည့်ဖြင့် ချေဖျက်နိုင်ခြင်းမရှိပါ။ ဤနည်းအားဖြင့် အစာကြေချက်မှုစနစ်သည် မနိုင် ဝန်ကိုထမ်းနေရပါသည်။

အခြေအနေတစ်ခုခုကြောင့်သော်လည်းကောင်း၊ အလုပ်တစ်ခုခုကို လက်စသတ်လိုသည့်အတွက်ကြောင့်သော်လည်းကောင်း ထမင်းစားချိန်ကို

တစ်နာရီ၊ နှစ်နာရီနောက်ကျစားခြင်းမျိုး မလုပ်သင့်ပါ။ အစာအိမ်သည် အစာသစ်ရောက်လာနေကျအချိန်တွင် အစာသစ်ကိုစောင့်နေပါသည်။ ရောက်လာသင့်သည့်အချိန်တွင် အစာများရောက်မလာလျှင် အစာကြေချက်မှု စနစ်၏တက်ကြွမှုသည် တဖြည်းဖြည်းကျဆင်းသွားကာ အချိန်ကြာလာသည် နှင့်အမျှ အဆုံးတွင်ခံတွင်းပျက်သွားတတ်ပါသည်။ ထိုအချိန်ကျမှအစာစားလျှင် အစာအိမ်သည် လျော့ပတ်သောလုပ်ဆောင်မှုများကိုမလုပ်တော့ဘဲ စားလိုက်သည့်အစာကို သွေးအဖြစ်သို့ကောင်းစွာပြောင်းမပေးနိုင်တော့ချေ။

မည်သည့်အစာကိုမည်သည့်အချိန်၌၊ မည်ကဲ့သို့စားရမည်ကိုသားသမီးများအားသွန်သင်ကြပါ

မည်သည့်အစာကို မည်သည့်အချိန်၌ မည်ကဲ့သို့စားရမည့်အကြောင်းနှင့်ပတ်သက်၍ များသောအားဖြင့် ကလေးများကိုသွန်သင်လေ့မရှိပါ။ အမြဲတမ်းလည်ပတ်နေသော ကြိတ်ခွဲစက်နှင့်တူသော အစာချေသည့်အစိတ်အပိုင်းများသည် တဖြည်းဖြည်းချည့်နဲ့လာရာ လိုအပ်သည့်ခွန်အားများကို အလုပ်ပိုလုပ်နေရသောအစာအိမ်သို့ပို့ပေးရန် ဦးနှောက်မှဆင့်ဆိုနေရသဖြင့် စိတ်ပိုင်းဆိုင်ရာခွန်အားများလည်း ချည့်နဲ့လာပါသည်။ ထိုအထူးခွန်အားများကို အသုံးပြုနေရသောအချိန်တွင် ကြောက်တတ်သည့်စိတ်၊ စိတ်မထိန်းနိုင်ခြင်း၊ အလိုကြီးခြင်းနှင့်စိတ်တိုခြင်းများ ဖြစ်ပေါ်တတ်ပါသည်။ထိုသူများကို မိဘမျက်ကွယ်တွင် ယုံကြည်ကိုးစားရန်မဖြစ်နိုင်ချေ။ ထိုကဲ့သို့သောအခြေအနေမျိုးတွင် စိတ်ပိုင်းဆိုင်ရာအစွမ်းများသည် လှုပ်ရှားမှုမရှိသယောင်ဖြစ်ကာ အပြစ်လုပ်ခြင်းအတွက် ရှက်ရကြောက်ရမည်ကို မသိနိုင်လောက်အောင်ဖြစ်နေပါသည်။ ထို့ကြောင့် သူတို့သည် မလိမ့်တပတ်လုပ်ရန်၊ လှည့်ဖြားရန်၊ ဖြောင်လိမ်ရန်အခက်အခဲမရှိကြတော့ချေ။

ထမင်းစားချိန်များအကြားအစာမစားပါနှင့်

ပုံမှန်အစာစားချိန်ပြီးသည့်နောက် ငါးနာရီခန့်မျှ အစာအိမ်ကိုအနားပေးထားသင့်ပါသည်။ နောက်တစ်ခါထမင်းစားသည့်အချိန်မတိုင်မီ မည်သည့်

အစာကိုမျှမစားကြပါနှင့်။ ထိုအချိန်အတွင်း၌ အစာအိမ်သည် လုပ်ဆောင်ရမည့် တာဝန်များကို ထမ်းဆောင်နေရသဖြင့် သတ်မှတ်ထားသည့်အချိန်ရောက်မှ အစာသစ်ကိုလက်ခံရန် အဆင်သင့်ဖြစ်ပါလိမ့်မည်။

သားသမီးများကို ထမင်းစားချိန်များအကြား အစာစားခွင့်ပြုခြင်းသည် မိခင်များ၏မဟာအမှားတစ်ခုဖြစ်သည်။ ထိုအလေ့အထကြောင့် အစာအိမ်သည်ဖောက်ပြန်လာပြီး အစာအိမ်ရောဂါဖြစ်ရန် အစပျိုးလာပါတော့သည်။

မိခင်များသည် သားသမီး၏နုနယ်သောကျန်းမာရေးအပေါ် အပြစ်တင်တတ်ကြပါသည်။ ဆင်ခြင်တုံတရားကိုအသုံးပြုခြင်းဖြင့် ထိုပြဿနာသည် အစာစားခြင်းကြောင့်ဖြစ်လာသည်ကို သိရှိသောအခါ ကလေးကိုဆရာဝန်ထံသို့ ခေါ်သွားတတ်ပါသည်။

နောက်ကျမှသရေစာစားခြင်းသည်မသိမသာဒုက္ခရောက်စေနိုင်သည့် အကျင့်ဆိုးဖြစ်ခြင်း

အိပ်ရာဝင်ခါနီး သရေစာစားခြင်းသည် ဒုက္ခရောက်စေနိုင်သည့် အကျင့်ဆိုးတစ်ခုဖြစ်သည်။ ပုံမှန်ထမင်းစားချိန်တွင် အစာစားပြီးဖြစ်သော်လည်း အားယုတ်သလိုခံစားရသဖြင့် အစာများကိုထပ်ပြီးစားလေ့ရှိကြသည်၊ မှားယွင်းသောထိုအကျင့်ကို စိတ်အလိုလိုက်လုပ်ဆောင်ခြင်းဖြင့် အလေ့အထတစ်ခုဖြစ်လာကာ နောက်ပိုင်းတွင် အိပ်ရာမဝင်မီအစာမစားရလျှင် အိပ်မပျော်တော့သည့်အခြေအနေမျိုးသို့ ရောက်သွားတတ်ပါသည်။ ထိုအစာများကြောင့် ကောင်းကောင်းအိပ်မပျော်တော့ဘဲ အိပ်မက်များနှင့်သာအချိန်ကုန်ကာ နံနက်မိုးလင်းသောအခါ မအီမသာနှင့်အိပ်ရာထလာပါသည်။ နံနက်စာကိုလည်း မြိန်မြိန်ရှက်ရှက်မစားနိုင်တော့ချေ။ ကျွန်ုပ်တို့လဲလျောင်းနားနေသောအချိန်တွင် ကိုယ်ခန္ဓာ၏အခြားအစိတ်အပိုင်းများနည်းတူ အစာအိမ်သည်လည်း အလုပ်မလုပ်ဘဲနားနေသင့်ပါသည်။ အထိုင်သမားများသည် ညစာကိုနောက်ကျမှစားတတ်ကြရာ ကျန်းမာရေးကိုအထူးထိခိုက်စေပါသည်။ ထိုအကျင့်ကြောင့် အအိပ်ပျက်ကာ ရောဂါများရလာပြီး သေခြင်း၌အဆုံးသတ်တတ်ပါသည်။

မနက်စာ၏အရေးပါပုံ

လူအများစုသည် မနက်စာကိုအနည်းငယ်သာစားလေ့ရှိသည်။ ထို အကျင့်မှာ အစာအိမ်အတွက်အကောင်းကြီးမဟုတ်လှပါ။ နေ့လယ်စာနှင့် ညစာစားသည့်အချိန်များမှာထက် မနက်စာစားသောအချိန်တွင် အစာအိမ်သည် အစာများများကို တာဝန်ယူလုပ်ဆောင်ရန် ပို၍အခြေအနေကောင်းပါသည်။ မနက်စာကိုနည်းနည်းသာစားပြီး ညစာကိုအသားကုန်စားခြင်းသည် မှားယွင်းပါသည်။ ထို့ကြောင့် မနက်စာကို တစ်နေ့တာအတွက် အကောင်းဆုံးအစာအဖြစ် စီစဉ်သုံးဆောင်ကြပါ။

အကောင်းဆုံးအစာများဖြင့်အလှျံပယ်ပြင်ဆင်ပါ

ကလေးများကိုဝဝလင်လင်ကျွေးသင့်ပါသည်။ ကျန်းမာရေးကို အထောက်အကူပြုသောအစာများကို အလျှံပယ်ကျွေးပါ။ ကိတ်မုန့်များနှင့် အစာသွတ်မုန့်များကို ကလေးများရှေ့တွင်မချကြပါနှင့်။ သူတို့သည် လေ့ကျင့်ခန်းကို ကောင်းကောင်းလုပ်သလို အစာကိုလည်းကောင်းကောင်း စားသင့်ပါသည်။ သူတို့၏စိတ်စွမ်းအားနှင့် ကိုယ်ကျင့်တရားကောင်းမွန်ခြင်း များသည် သူတို့စားသောအစာများအပေါ်တွင် များစွာအခြေပြုနေပါသည်။ အာဟာရနှင့် ပြည့်စုံပြီး သင့်တင့်လျောက်ပတ်သောအစားအစာများသည် အစာကြေချက်မှု ဆက်လက်ကောင်းမွန်ရန် ထိန်းသိမ်းသည့်နည်းတစ်မျိုးဖြစ် ပါသည်။

သင့်တင့်လျောက်ပတ်စွာစားသုံးပါ

မိဘများသည် သားသမီးများကို အစာများများကျွေးတတ်ပါသည်။ ထိုလုပ်ဆောင်မှုသည်မှားပါသည်။ ထိုကဲ့သို့သောကလေးများသည် စိတ်တိုတတ်ပြီး အစာမကြေရောဂါလည်းရတတ်ပါသည်။ ထို့ကြောင့် ကောင်းသောအစာများကိုပင် သင့်တင့်လျောက်ပတ်စွာကျွေးရန် အရေးကြီးပါသည်။ အစာ

များများကျွေးခြင်းကြောင့် ပိုမိုသန်စွမ်းလာခြင်းမရှိသည့်အပြင် ပို၍ချည့်နဲ့သွားတတ်သည်ကို မိဘများအား ပညာပေးရန်လိုအပ်ပါသည်။

ဤတွင်မိဘများကစည်းကမ်းသတ်မှတ်ပေးရန်ဖြစ်ပြီး၊ သားသမီးကစည်းကမ်းသတ်မှတ်ရန်မဟုတ်ပါ။

မိမိတို့၏ဖောက်ပြန်နေသော ခံတွင်းတောင့်တမှုများနှင့်မကိုက်ညီတော့သည့် ကောင်းသောအစာများအပေါ် ညည်းတွားမြည်တမ်းနေသောကလေးများကို ခွင့်ပြုပေးနေခြင်းသည် အပြစ်တစ်ခုဖြစ်ပါသည်။

သူတို့ကိုဆရာတင်ကာ သူတို့လုပ်ချင်သမျှကိုခွင့်ပြုရမည်ဆိုသည့်သဘောမျိုး ကလေးများမခံယူမိစေအောင် လုပ်ဆောင်ပါ။ သူတို့စားချင်သောအစာဖြစ်သော်လည်း သူတို့အတွက်မကောင်းပါက စားခွင့်မပြုသင့်ပါ။ မိဘများသည် မိမိတို့၏အတွေ့အကြုံဗဟုသုတကိုအသုံးပြုလျက် သားသမီးများ၏အသက်တာကို ထိန်းချုပ်နိုင်စွမ်းရှိသင့်ပါသည်။

ခိုင်လုံသောအကြောင်းပြချက်ရှိသောတောင်းဆိုချက်များကိုလေးစားကြပါ

လူငယ်များသည် မိမိတို့၏အသက်တာကိုပုံဖော်ပေးမည့် ရွေးချယ်မှုကိုလုပ်ဆောင်ရပါမည်။ ရင်ဆိုင်ဖြေရှင်းမည့်အင်အားစုများနှင့်တကွ ၎င်းတို့၏အနာဂတ်ကံကြမ္မာနှင့်စာရိတ္တများကို ပုံသွင်းပေးမည့်ဩဇာသက်ရောက်မှုများအကြောင်းကို နားလည်သဘောပေါက်စေရန် အခက်အခဲမှန်သမျှနှင့်ပေးတွေ့သင့်ပါသည်။

လောကီစံနှုန်းနှင့်အညီ ဖွဲ့စည်းထားသည့်အစားအသောက်၊ ဝတ်ဆင်မှုအကျင့်ဓလေ့များသည် ကျန်းမာရေးစည်းမျဉ်းများနှင့်မကိုက်ညီသဖြင့် ထိုအရာများကို သတိပညာများအသုံးပြုလျက် ထိန်းချုပ်ကြရမည်ဖြစ်ကြောင်း ကလေးလူငယ်များကို ပညာပေးသင့်ပါသည်။ ခံတွင်း၏တောင့်တမှုနှင့် အကျင့်ဆိုးများ၏အားအင်များကို ကျိုးကြောင်းဆင်ခြင်မှုစွမ်းအားများအပေါ် လွှမ်းမိုးခွင့်မပြုသင့်ကြပါ။

သွေးဖည်သောခံတွင်းတောင့်တမှု၏ကြီးမားသောအကျိုးသက်ရောက်မှု

ခံတွင်းတောင့်တမှုကိုအလိုလိုက်ခြင်းကြောင့် အသက်တာနှင့်ဆက်စပ်သမျှအရာအားလုံးသည် ထိခိုက်ပျက်စီးသွားပါသည်။ ထိုအရာကို မိသားစုများတွင်လည်းကောင်း၊ အသင်းတော်တွင်လည်းကောင်း၊ ဆုတောင်းစည်းဝေးပွဲများတွင်လည်းကောင်း၊ ကလေးများ၏အပြုအမူများတွင်လည်းကောင်း တွေ့မြင်နိုင်ပါသည်။ ထိုအရာသည် အသက်တာအတွက် ကျိန်ခြင်းအမင်္ဂလာဖြစ်ပြီး နောက်ဆုံးသောခေတ်ကာလနှင့်ပတ်သက်သည့် အမှန်တရားများကို နားမလည်နိုင်အောင် တားဆီးနေပါသည်။

ကျန်းမာအောင်နေထိုင်အသက်ရှင်ခြင်းသည်ပုဂ္ဂလိကတာဝန်

ဤအရာတွင် ကျွန်ုပ်တို့သည် ဘုရားသခင့်ရှေ့မှောက်၌တာဝန်ရှိကြောင်း နားလည်သဘောပေါက်သင့်ပါသည်။ ကျန်းမာရေးစည်းမျဉ်းများကို နာခံခြင်းအရာသည် အမှန်တကယ်လေ့ကျက်ရမည့်အရာဖြစ်သည်။ ဤအရာကိုမသိကျိုးကျွန်ပြုလုပ်နေခြင်းသည် အပြစ်ဖြစ်ပါသည်။ ကျန်းမာရေးနှင့်ညီစွာနေထိုင်ခြင်းဆိုင်ရာစည်းမျဉ်းများကို အကောင်အထည်ဖော်ရန်မှာ ကျွန်ုပ်တို့အသီးသီး၏တာဝန်ဖြစ်ကြောင်း နားလည်သဘောပေါက်သင့်ပါသည်။

မရှိမဖြစ်လိုအပ်သောချုပ်တည်းခြင်း

အသက်တာတွင်ဖြစ်ပျက်လျက်ရှိသော မကောင်းမှုအများစု၏အခြေအမြစ်၌ ချိုးခြံချုပ်တည်းမှုမရှိခြင်းတည်ရှိနေပါသည်။ ချိုးခြံချုပ်တည်းမှုကင်းမဲ့ခြင်းကြောင့် ထောင်ပေါင်းများစွာသောလူသားများ သေကျေပျက်စီးနေရပါသည်။ ချုပ်တည်းမှုကင်းမဲ့သည်ဟုဆိုရာတွင် အရက်သေစာသောက်စားခြင်းကိုသာ ဆိုလိုသည်မဟုတ်ဘဲ ကျန်းမာရေးကိုထိခိုက်စေသည့် ခံတွင်းနှင့်အာသာရမ္မက်များကို အလိုလိုက်ခြင်းများလည်းပါဝင်သည်။

တရားလွန်ခြိုးခြံချုပ်တည်းခြင်းသည်လည်းအပြစ်

အစားအသောက်၊ အအိပ်အနေများတွင် တရားလွန်ခြိုးခြံချုပ်တည်းခြင်းသည် အပြစ်ဖြစ်သည်။ ကိုယ်စိတ်နှစ်ပါး၏စွမ်းအားများကို ဟန်ချက်ညီညီဖြင့် လှုပ်ရှားပြုမူခြင်းအားဖြင့် ပျော်ရွှင်မှုကိုရရှိစေနိုင်ပါသည်။ အစွမ်းတန်ခိုးများသည် ပို၍မြင့်မြတ်သန့်စင်လေလေ၊ ပျော်ရွှင်မှုစစ်စစ်ကိုခံစားခွင့်ရလေလေဖြစ်သည်။

ချုပ်တည်းခြင်းသည်ဘာသာရေးအသက်တာ၏စည်းမျဉ်းတစ်ခုဖြစ်ခြင်း

အရာခပ်သိမ်းတို့တွင်ချုပ်တည်းကြရန် သွန်သင်လေ့ကျင့်ရပါမည်။ အစားအသောက်၊ အအိပ်အနေ၊ အဝတ်အဆင်များတွင် ချုပ်တည်းခြင်းအမှုသည် အသက်တာနှင့်စပ်ဆိုင်သည့်မဟာစည်းမျဉ်းများတွင် တစ်ခုအပါအဝင်ဖြစ်ပါသည်။ လူသားများ၏ကျန်းမာရေးနှင့်ပတ်သက်သမျှကို စိတ်ဝင်တစားအလေးထားကြရပါမည်။ ကျွန်ုပ်တို့၏ထာဝရကောင်းစားရေးသည် ယခုဘဝတွင်ရရှိနေသည့်အချိန်၊ ယခုဘဝတွင်ရရှိသည့်ခွန်အားနှင့် ဩဇာအာဏာများကို ကျွန်ုပ်တို့အသုံးပြုမှုအပေါ်တွင် မူတည်နေပါသည်။

ချုပ်တည်းခြင်း၌အံ့သြဖွယ်တန်ခိုးတစ်ခုရှိခြင်း

ချုပ်တည်းခြင်းအကျင့်ကိုကျင့်သုံးခြင်းနှင့် အရာခပ်သိမ်း၌ပုံမှန်လုပ်ဆောင်ခြင်းများတွင် အံ့ဖွယ်တန်ခိုးတစ်ခုရှိပါသည်။ အသက်တာလမ်းခရီးဖြောင့်ဖြူးရန် များစွာအကျိုးပြုသော ချိုသာငြိမ်သက်သည့်စိတ်နေသဘောထားမျိုးကို ဖန်တီးရာတွင် သဘာဝနှင့်အခြေအနေများထက်လည်း ချုပ်တည်းခြင်းအကျင့်က ပို၍ပံ့ပိုးပေးနိုင်ပါသည်။ လူသားတိုင်းအားစောင့်မျှော်နေသည့် ခက်ခဲသောတာဝန်များကို အောင်မြင်သည်အထိ စွဲစွဲမြဲမြဲလုပ်ကိုင်နိုင်ရန် လိုအပ်သည့်တန်ဖိုးအရှိဆုံးအရာတစ်ခုကိုလည်း တစ်ချိန်တည်းမှာပင်ရရှိလိုက်သည့် ကိုယ်ကိုကိုယ်ထိန်းချုပ်နိုင်ခြင်းတန်ခိုး၌ တွေ့မြင်ရပါလိမ့်မည်။

ကြည်လင်စွာစဉ်းစားသုံးသပ်နိုင်ရန်အထောက်အမတစ်ခု

ရာထူးကြီးများတွင် ခန့်အပ်ခြင်းခံရသူများသည် အရေးပါသော ရလဒ်များအခြေပြုနေသည့် ဆုံးဖြတ်ချက်များကို နေ့စဉ်ပြုလုပ်နေရပါသည်။ အချိန်တိုအတွင်းမှာပင် အလျင်အမြန်ဆုံးဖြတ်ချက်ချရသည့်အခါများလည်း ရှိရာ ချုပ်တည်းခြင်းကို တင်းကျပ်စွာကျင့်သုံးနေသူများသာလျှင် ထိုကဲ့သို့သောအခြေအနေမျိုးတွင် မှန်ကန်သောဆုံးဖြတ်ချက်ကို ချမှတ်နိုင်ကြပါသည်။ ကိုယ်စိတ်နှစ်ပါး၏စွမ်းအားများကို မှန်ကန်စွာပြုစုထားသော ၎င်းတို့၏စိတ်ခံတတ်ခွန်အားများသည် အားကောင်းနေကြပါသည်။

ချုပ်တည်းခြင်းအလေ့အထသည်ကြွယ်ဝသောကောင်းကျိုးများကိုဖြစ်ထွန်း စေခြင်း

အစားအသောက်နှင့်ပတ်သက်သော စုံစမ်းနှောင့်ယှက်ခြင်းများကို ညွှန်ပြပေးနေသည့် ဆွဲဆောင်မှုများနှင့်ပြည့်နှက်နေသော ပတ်ဝန်းကျင်သည် တက်သစ်စလူငယ်များကို ဝန်းရံလျက်ရှိပါသည်။ မြို့ကြီးများတွင် အပျော်အပါးပုံစံအမျိုးမျိုးကို အလွယ်တကူလိုက်စားနိုင်အောင် ပြင်ဆင်ထားကြပါသည်။ ဖိတ်ခေါ်လျက်လည်းရှိပါသည်။ မိမိကိုယ်ကိုညစ်ညမ်းမှုနှင့်ကင်းလွတ်စေဖို့ ထိုအပျော်အပါးများကိုလိုက်စားရန် ငြင်းဆိုသူများသည် ချုပ်တည်းခြင်း၏ကြီးမားသောဆုလာဘ်များကို ရရှိကြလိမ့်မည်။ ကိုယ်ခန္ဓာ၏ကြီးမားသောသက်လုံကောင်းခြင်းနှင့် တိုးတက်နေသောခံနိုင်ရည်စွမ်းအားများဖြင့် အပြည့်ရှိနေသော စုသိမ်းရာဘဏ်ကြီးမှ လိုအပ်သောအစွမ်းများကို အရေးပေါ်ကိစ္စများအတွက် လိုအပ်သလောက်သူတို့ထုတ်ယူအသုံးပြုနိုင်ကြပါသည်။

အကျက်အဖတ်

အလွန်အကျွံစာပေကျက်မှတ်လိုက်စားခြင်းသည် မူးယစ်ခြင်း၏မျိုးကွဲတစ်ခုဖြစ်သည်။ စာပေကိုအလွန်အကျွံလိုက်စားသူများသည် အရက်သမားများနည်းတူ လမ်းမှန်မှလမ်းမှားသို့လျှောက်လှမ်းကာ အမှောင်ထဲတွင် လဲကျ

သွားမည့်သူများဖြစ်ကြသည်။ ဘုရားသခင်၏ဘုန်းတော်ကိုသာ စဉ်ဆက်မပြတ်ကြည့်ရှုစေလိုသည်မှာ ကျောင်းသားများအပေါ် ဘုရားသခင်ထားသည့်သဘောထားဖြစ်သည်။ ကျောင်းသားများသည် သိပ္ပံပညာအမျိုးမျိုးကို တတ်ကျွမ်းနိုင်သမျှတတ်ကျွမ်းရန်အတွက် ကိုယ်စိတ်နှစ်ပါး၏ခွန်အားများကို အသားကုန်အသုံးချကာ မောပန်းနေရမည်မဟုတ်ဘဲ လူသားများကိုဖြောင့်မတ်ခြင်းလမ်းသို့ရောက်အောင်ပို့ရန် ၎င်းတို့အားခိုင်းစေထားသည့် ဘုရား၏အမှုတော်ကိုဆောင်ရွက်နိုင်စေရန်အလို့ငှာ ထိုခွန်အားများကို လန်းဆန်းတက်ကြွ အောင်ထိန်းသိမ်းကြရန်ဖြစ်သည်။

အလုပ်ခွင်တွင်အလုပ်လုပ်ခြင်း

ကျွန်ုပ်တို့သည် အလုပ်လုပ်ရာတွင် ချုပ်တည်းခြင်းကိုကျင့်သုံးသင့်ပါသည်။ အလုပ်ပိနေသူများမဖြစ်အောင်လုပ်ရန်မှာ ကျွန်ုပ်တို့၏တာဝန်ဖြစ်သည်။ အချို့မှာ ထိုအခြေအနေမျိုး၌ မဖြစ်မနေလုပ်ဆောင်နေကြရသော် လည်း ထိုသူများကို ခြွင်းချက်တစ်ခုအဖြစ် သဘောထားသင့်ပါသည်။ ထိုသူ များလုပ်သလို လူတိုင်းလုပ်ရမည်မဟုတ်ပါ။ ကျွန်ုပ်တို့သည် အရာခပ်သိမ်း၌ ချုပ်တည်းမှုရှိရမည်။ အစားအသောက်၊ အဝတ်အဆင်၊ အလုပ်အကိုင်များမှအစ ခပ်သိမ်းသောအရာများ၌ ချုပ်တည်းမှုရှိလျှင် ကျွန်ုပ်တို့အတွက် သမားတော်ကြီးများလုပ်မပေးနိုင်သောအရာများကို ကျွန်ုပ်တို့ကိုယ်တိုင်လုပ်နိုင်လာကြပါလိမ့်မည်။

စည်းမျဉ်းတစ်ခုအဖြစ် တစ်နေ့တာအလုပ်ချိန်သည် မနက်စောစောမှညနေမိုးချုပ်သည်အထိ မရှည်ကြာသင့်ပါ။ နေထွက်မှနေဝင်အထိ အလုပ်လုပ်သူများသည် ကောင်းကျိုးထက်ဆိုးကျိုးကိုပိုမိုရရှိပါသည်။ အကြောင်းမှာ သူတို့၏ခွန်အားများသည် ကုန်ခန်းသွားပါသည်။ စိတ်လှုပ်ရှားကြောက်ရွံ့မှုကြောင့်သာ သူတို့ဆက်လက်လုပ်ကိုင်နိုင်ခြင်းဖြစ်သည်။ ထိုသူများသည် ချက်ချင်းရရှိနေသည့် ဒဏ်ရာအနာတရများကို သဘောမပေါက်ကြရုံသာမက သူတို့၏ကျန်းမာရေးကိုလည်း သေချာပေါက်ဂရုမထားသူများဖြစ်ကြသည်။

အလုပ်ချိန်အတွင်း အလုပ်အများကြီးပြီးရန် အသားကုန်ခွန်အားသုံး လုပ်ကိုင်သူများသည် နားသင့်သည်ဟု စိတ်ကခံစားရသော်လည်း မနားဘဲ အချိန်ပိုဆက်လက်လုပ်ကိုင်နေကြသဖြင့် မည်သည့်အခါမျှအောင်မြင်သူများ ဖြစ်မလာကြတော့ချေ။ အနာဂတ်တွင် အသုံးပြုရမည့်ခွန်အားများကို သူတို့ အသုံးပြုပစ်လိုက်ကြသည်။ နောက်တစ်နေ့ အလုပ်လုပ်သောအခါ ခွန်အား အပြည့်ဖြင့် သူတို့မလုပ်နိုင်ကြတော့ချေ။ ကိုယ်ပန်း၊ စိတ်ပန်းဖြစ်နေကြချေပြီ။ အရှုံးနှင့်ရင်ဆိုင်ရတော့မည်ကို သူတို့သိနေကြသော်လည်း မည်သို့ ဖြေရှင်း ရမည်ကို သူတို့မသိကြချေ။ ခွန်အားသုံးဖို့အချိန်ရောက်လာသောအခါ ကိုယ် ခန္ဓာတစ်ခုလုံးမှာ နွမ်းနယ်နေချေပြီ။ ထို့ကြောင့် ကျန်းမာရေးစည်းမျဉ်းများကို ဖောက်ဖျက်ကျူးလွန်သူများသည် အနည်းနှင့်အများဝေဒနာခံစားရမည့် ရောဂါ သည်များဖြစ်လာကြပါသည်။

ဝတ်ဆင်ခြင်း

ကျန်းမာရေးနှင့်ပြည့်စုံသောဝတ်ဆင်မှုကို ကျင့်သုံးသင့်သည်။ တင့်တယ်ခြင်း၊ လှပခြင်း၊ ရိုးစင်းခြင်း၊ လျောက်ပတ်ခြင်းများနှင့်ပြည့်စုံသည့် ဆင်ယင်မှုများ ဖြစ်သင့်ပါသည်။ ခရစ်တော်သည် လှပတင့်တယ်အောင် မဝတ်ဆင်ရဟု မိန့်တော်မမူသော်လည်း မာနတက်ထောင်လွှားမှုနှင့်ပြီးသော ဆင်ယင်မှုကိုမူ မလုပ်ဆောင်ကြရန် သတိပေးထားတော်မူပါသည်။

အစား

ကျန်းမာရေးကိုထိခိုက်စေနိုင်သော အစားအသောက်များကို ဘေးဖယ် ထားရမည်သာမက ကျန်းမာရေးကိုအထောက်အကူဖြစ်စေမည့် အစားအသောက် များကိုပင် ဆင်ဆင်ခြင်ခြင်စားသောက်ရမည်ဖြစ်ကြောင်း စစ်မှန်သောချုပ်တည်း ခြင်းက ကျွန်ုပ်တို့ကိုသွန်သင်နေပါသည်။ ခံတွင်းတောင့်တမှုကို ခွဲခြားသိမြင် တတ်သောတန်ခိုးများအောက်တွင် အမြဲတမ်းထိန်းချုပ်ထားသင့်ပါသည်။ ကိုယ် ခန္ဓာသည် စိတ်၏ခိုင်းစေရာကိုသာလုပ်ရမည်ဖြစ်ပြီး ကိုယ်ခန္ဓာကခိုင်းစေသည့် အတိုင်း စိတ်ကလုပ်ရမည်မဟုတ်ပါ။

ချုပ်တည်းခြင်းနှင့်စဉ်းစားချင့်ချိန်ခြင်းများမရှိဘဲ စားသောက်လုပ်ကိုင်တတ်သူများသည် စဉ်းစားချင့်ချိန်မှုကင်းမဲ့စွာဖြင့် ပြောဆိုပြုမူတတ်ကြပါသည်။ ချုပ်တည်းမှုကင်းမဲ့သွားအောင် အရက်သောက်ဖို့မလိုပါ။ အစာအမျိုးမျိုးကို မကြာခဏ အဆမတန်စားသောက်သည့် ချုပ်တည်းခြင်းကင်းမဲ့သောစားပြစ်သည် အစာကြေချက်မှုစနစ်ကို ပျက်စီးစေပါသည်။ ဦးနှောက်ကိုထိခိုက်စေပါသည်။ ဆုံးဖြတ်ချက်များကို လွဲမှားစေပါသည်။ ချင့်ချင့်ချိန်ချိန် စဉ်းစားလုပ်ဆောင်မှုများကို ဟန့်တားပါသည်။

အစားမကြူးအောင်အထူးသတိထားပါ

အစာနည်းနည်းစားခြင်းထက် အစာများများစားခြင်းကအန္တရာယ်များကြောင့် လူနာ (၁၀) ယောက်အနက် (၉) ယောက်တွင်တွေ့ရပါသည်။ ထိုလူနာများ၏ပြဿနာမှာ ခံတွင်းအလိုလိုက်ခြင်းပင်ဖြစ်ပါသည်။ ကျန်းမာရေးကိုအထောက်အကူပြုသောအစာများကို ကြိုက်သလောက်စားခွင့်ရှိသည်ဟုသူတို့ထင်နေကြခြင်းမှာ မဟာအမှားတစ်ခုဖြစ်ပါသည်။ အားအင်ကုန်ခန်းနေသူများသည် အစာကိုခြိုးခြိုးခြံခြံ အတန်အသင့်စားသင့်ပါသည်။

ချုပ်တည်းခြင်းကင်းမဲ့သောအပြုအမူဖြင့်ဘုရားသခင်ကိုမငြင်းပယ်ပါနှင့်

ဘုရားသခင်၏တစ်ပါးတည်းသောသားတော်သည် မိမိအသက်တော်ကိုစွန့်ကာ ကျွန်ုပ်တို့အားဝယ်ထားတော်မူသည်ဖြစ်ရာ ချုပ်တည်းခြင်းကင်းမဲ့သော အပြုအမူတစ်ခုအားဖြင့် ဘုရားသခင်ကို ကျွန်ုပ်တို့မငြင်းပယ်သင့်ကြပါ။ ကျွန်ုပ်တို့အား မကောင်းသောအကျင့်စရိုက်များ၏ကျေးကျွန်ဖြစ်စေဖို့သခင်ဘုရားအသေခံတော်မူခဲ့သည်မဟုတ်ဘဲ အစွမ်းရှိသမျှနှင့် ဘုရားသခင်၏ အမှုတော်ကိုဆောင်သော ဘုရား၏သားများ၊ သမီးများဖြစ်လာစေဖို့ အသေခံတော်မူခဲ့ခြင်းဖြစ်ပါသည်။

ဘုရားသခင်၏သားသမီးများသည် ဘုရားသခင်နှင့်အတူ အမှုတော်ဆောင်ရွက်နိုင်စေရန်အလို့ငှာ ချုပ်တည်းခြင်းကိုကျင့်သုံးရမည်ဟု သဘော

ပေါက်လျက် ကိုယ်ခန္ဓာယန္တရားကြီးကို အထူးဂရုစိုက်ကြပါလိမ့်မည်။ သူတို့သည် ကျန်းမာပျော်ရွှင်ပြီး တန်ဖိုးရှိသူများဖြစ်ရန် ဘုရားသခင်အလိုတော်ရှိပါသည်။ ဤအရာကိုပြည့်စုံနိုင်စေရန် ဘုရားသခင်၏သားသမီးများသည် မိမိတို့၏အလိုဆန္ဒများကို ဘုရားသခင်၏အလိုတော်၌ အပ်နှံကြရပါမည်။

အိမ်ထောင်ကိစ္စအဝဝတွင်ချုပ်တည်းခြင်းကိုကျင့်သုံးကြပါ

ချုပ်တည်းခြင်းစည်းမျဉ်းများကို အိမ်ထောင်မှုကိစ္စအရပ်ရပ်တွင် ကျင့်သုံးကြဖို့ ကျွန်ုပ်တို့တိုက်တွန်းပါသည်။ မိဘများသည် ချုပ်တည်းခြင်းစံနမူနာများဖြစ်သင့်ပါသည်။ ကိုယ်အလိုကိုငြင်းပယ်ခြင်းနှင့် ကိုယ့်ကိုကိုယ်ထိန်းသိမ်းခြင်းများကို ငယ်စဉ်အခါမှစ၍ သားသမီးများအား အဆက်မပြတ်သင်ကြားပေးကာ ကျင့်သုံးစေကြပါ။

## အိမ်ထောင်တွင်ချုပ်တည်းခြင်းအကျင့်ကိုလေ့ကျင့်ပေးပါ

လူငယ်များအလယ်တွင် စာရိတ္တပျက်ပြားမှုများ တိုးပွားလျက်ရှိပါသည်။ ထိတ်လန့်စရာကောင်းသော ဤကျိန်ခြင်းအမင်္ဂလာကို ကြိုးပမ်းလုပ်ဆောင်ခြင်းအားဖြင့်သာ ဖယ်ရှားနိုင်ပါလိမ့်မည်။ ခံတွင်းအလိုလိုက်မှုနှင့်တကွ မကောင်းသောအကျင့်စရိုက်များ၊ ညစ်ညမ်းသောရမ္မက်များနှင့် ရင်ဆိုင်ဖြစ်ပျက်နေသည့် တိုက်လှန်ခြင်းမှာလည်း အကြီးအကျယ်ပြင်းထန်လှပါသည်။ ချုပ်တည်းခြင်းစည်းမျဉ်းများနှင့်အညီ အသက်ရှင်နေထိုင်သူများသာလျှင် ဤတိုက်လှန်ပွဲတွင် အောင်ပွဲဆင်နိုင်ပါလိမ့်မည်။

လုံးဝရှောင်ကြဉ်ခြင်းသည်သာအဖြေဖြစ်ခြင်း

ချုပ်တည်းခြင်းကင်းမဲ့မှုတန်ခိုးများ၏လွှမ်းမိုးခြင်းမှ ကင်းဝေးစေနိုင်သည့် တစ်ခုတည်းသောနည်းလမ်းမှာ ဝိုင်၊ အရက်၊ ဘီယာများကို လုံးဝရှောင်ကြဉ်ခြင်းဖြစ်ပါသည်။ ဂုဏ်သိက္ခာရှိသောလူသားများဖြစ်စေနိုင်ရန်

ထိုအရာများကို မတို့မထိကြဖို့ ကျွန်ုပ်တို့၏ကလေးများအား သွန်သင်ထားကြရပါမည်။ ကလေးများကို အညွန့်ကျိုးစေနိုင်သည့်အကျင့်စရိုက်များ အလွန်အမင်းဖွံ့ဖြိုးလာသည်အထိ သူတို့အားလွှတ်မထားကြဘဲ စည်းကမ်းတကျနေတတ်အောင်၊ အမှန်လမ်းအတိုင်းလိုက်တတ်အောင်၊ မကောင်းသောအရာများကို ရှောင်ကြဉ်တတ်အောင် ဂရုတစိုက်ပညာပေးထားသင့်ပါသည်။

အိမ်မှာအလိုလိုက်ခြင်းကြောင့်ချုပ်တည်းခြင်းကင်းမဲ့လာခြင်း

ကလေးများ၏စာရိတ္တနှင့် အကျင့်စရိုက်များတည်ဆောက်ရာတွင် လုပ်ဆောင်ရမည့်တာဝန်ဝတ္တရားများကို လုပ်သင့်သည်ထက် တစ်ဝက်ခန့်မျှ မိဘတို့လုပ်ဆောင်လျှင်ပင် ယခုအခြေအနေထက် အဆပေါင်းထောင်နှင့်ချီပြီး ကောင်းလာနိုင်ပါသည်။

ချုပ်တည်းမှုကင်းမဲ့ခြင်း၏မူရင်းအမြစ်ကိုရောက်ရန် အရက်ဆေးလိပ်သောက်သုံးခြင်းထက် ပို၍နက်ရှိုင်းသောနေရာသို့ ကျွန်ုပ်တို့အရောက်သွားရပါမည်။ ပျင်းရိခြင်း၊ ရည်ရွယ်ချက်ကင်းမဲ့ခြင်း၊ မကောင်းသောသူများနှင့် ပေါင်းဖော်ခြင်းများသည်လည်း ချုပ်တည်းမှုကင်းမဲ့စေသည့်လမ်းကြောင်းထဲသို့ ပို့ဆောင်နေသောအရာများဖြစ်ပါသည်။ ချုပ်တည်းခြင်းအကျင့်ကို ပြင်းထန်စွာကျင့်သုံးနေပါသည်ဟု ပြောနေသည့်မိသားစု၏ထမင်းစားပွဲမှာပင် ချုပ်တည်းခြင်းကင်းမဲ့မှုများကို မကြာခဏတွေ့နေရပါသည်။ အစာကြေချက်မှုကို ပျက်ပြားစေသည့်အရာများ၊ စိတ်လှုပ်ရှားမှုကို အလွန်အမင်းဖြစ်စေသောအရာများ၊ ကိုယ်ခန္ဓာကို အားအင်ယုတ်လျော့စေသည့်အရာများ၊ ကိုယ်စိတ်နှစ်ပါး၏ဟန်ချက်ညီနေသော အစွမ်းသတ္တိများကို ပျက်ပြားစေသောအရာများသည် ခန္ဓာကိုယ်ကိုထိန်းချုပ်နေသောစိတ်ကို အားနည်းသွားစေရုံသာမက ချုပ်တည်းခြင်းကင်းမဲ့သည့်အခြေအနေများသို့ ပို့ဆောင်ပေးနေကြပါသည်။ အလားအလာကောင်းသော ကလေးများ၏ကျဆုံးခြင်းများကို မကောင်းသောအစာများက ဖန်တီးပေးလိုက်သည့် သဘာဝနှင့်ဆန့်ကျင်သော ခံတွင်းတောင့်တမှု၌ ခြေရာခံနိုင်ပါသည်။

လက်ဖက်ရည်နှင့်ကော်ဖီများမှမျှဝေနေသည့်အရာများ

လက်ဖက်ရည်နှင့်ကော်ဖီသည် လက်ငင်းအကျိုးဆက်များကို ဖန်တီးပါသည်။ လက်ဖက်ရည်နှင့်ကော်ဖီများကို သောက်သုံးခြင်းကြောင့် အာရုံကြောများထကြွလှုပ်ရှားလာပါသည်။ ထိုသောက်သုံးမှုကြောင့် ဉာဏ်စွမ်း များပို၍ထက်မြက်လာသယောင်၊ အတွေးအမြင်များပို၍ထင်ရှားလာသယောင် ခံစားရတတ်ပါသည်။ ထို့ကြောင့် လက်ဖက်ရည်၊ ကော်ဖီကို အမှန်တကယ် သောက်သုံးသင့်သည်ဟု အများစုကထင်မြင်ယူဆလာကြပါသည်။ တန်ပြန် လှုပ်ရှားမှုဆိုသည်မှာ ရှိစမြဲဖြစ်သည်။ လက်ဖက်ရည်၊ ကော်ဖီသောက်သုံး လိုက်သဖြင့် ရုတ်တရက်ခံစားလိုက်ရသော သက်သာမှုများသည် အာရုံကြော များကိုအားကောင်းစေခြင်း၏အထောက်အထားတစ်ခုအဖြစ် ထင်မြင်ရသော်လည်း အကျိုးဆက်အနေဖြင့် ကိုယ်ခန္ဓာစနစ်ကို ဒဏ်ရာဖြစ်စေလျက်ရှိ ပါသည်။

သိမ်မွေ့ညင်သာသည့်ဆေးရွက်ကြီးအဆိပ်

ဆေးရွက်ကြီးကိုသုံးခြင်းသည် အရက်သောက်ခြင်းထက် အာရုံကြောကိုပိုမို၍ပျက်စီးစေနိုင်ပါသည်။ အရက်က အရက်သမားအပေါ်ချည်နှောင်သည့်ကြိုးထက် ဆေးရွက်ကြီးက ဆေးရွက်ကြီးသုံးသူကိုချည်နှောင်သည့်ကြိုးက ပို၍ခိုင်ခံ့ပါသည်။ အရက်ဖြတ်ရန်ထက် ဆေးရွက်ကြီးဖြတ်ရန်ခက်ပါသည်။ အရက်သောက်ခြင်းထက် ဆေးရွက်ကြီးသုံးခြင်းက တစ်ကိုယ်လုံးကို ယစ်မူးစေပါသည်။ ဆေးရွက်ကြီးသည် ပို၍ညင်သာသောအဆိပ်တစ်ခုလည်း ဖြစ်ပါသည်။

ဆေးရွက်ကြီးသည် ဦးနှောက်ကိုပျက်စီးစေကာ အာရုံခံစားမှုများကို ထုံထိုင်းစေသောကြောင့် အထူးသဖြင့် ညစ်ညမ်းသောအရာများကို ဆုံးမသွန်သင်သည့်အမှန်တရားများအပါအဝင် ဝိညာဉ်ရေးဆိုင်ရာကိစ္စများကို ရှင်းလင်းစွာနားမလည်နိုင်စေပါ။ ဆေးရွက်ကြီးကို ပုံစံအမျိုးမျိုးဖြင့်သုံးခြင်းသည် ဘုရားသခင့်ရှေ့တော်တွင် ညစ်ညမ်းပါသည်။

ဆေးရွက်ကြီးသည် ဦးနှောက်ကိုအားနည်းစေရုံသာမက အာရုံခံစားမှုကိုလည်း ကျေပျက်စေနိုင်ပါသည်။ ဆေးရွက်ကြီးသုံးစွဲမှုကြောင့် အရက်အပြင်းစားများကို သောက်သုံးလိုစိတ်များ ဖြစ်ပေါ်စေပါသည်။ ထို့ကြောင့် ဆေးရွက်ကြီးသုံးခြင်းသည် အရက်သမားဘဝကို အစပျိုးပေးသောအကျင့်တစ်ခုဖြစ်ပါသည်။

မူးယစ်စိတ်ကြွစေသည့်အရာများမှပေးသောအကျိုးသက်ရောက်မှုများ

မူးယစ်စိတ်ကြွစေသည့်အရာများသည် ခန္ဓာကိုယ်ခွန်အားများကို ယုတ်လျော့သွားစေသည်ဖြစ်ရာ ခန္ဓာကိုယ်အပေါ်သက်ရောက်သမျှသည် စိတ်အပေါ်တွင်လည်း သက်ရောက်နေပါသည်။ ထိုအရာများသည် ကိုယ်စိတ်နှစ်ပါး၏ခွန်အားများကို ထကြွစေသည်မှာမှန်သော်လည်း အာနိသင်ကုန်သွားသောအချိန်တွင် မူလအခြေအနေထက် ကိုယ်ရောစိတ်ပါ ပိုမိုဆိုးဝါးသွားပါသည်။ ခန္ဓာကိုယ်စွမ်းအားများကို ယုတ်လျော့စေရုံသာမက စိတ်နှလုံးကိုနိမ့်ကျသွားစေပြီး ကိုယ်ကျင့်တရားများကို သေးသိမ်သွားစေသည့် ဆေးရွက်ကြီးနှင့်အရက်သောက်သုံးခြင်းသည် ကျွန်ုပ်တို့၏လူသားမျိုးဆက်အတွက် အလွန်ဆိုးသောကျိန်ခြင်းအမင်္ဂလာဖြစ်ပါသည်။ ဆင်ခြင်တုံတရား၏ထိန်းချုပ်မှုကို ဘေးဖယ်ထားသည်နှင့်တစ်ပြိုင်နက် တိရစ္ဆာန်စိတ်များပေါက်ဖွားလာပါတော့သည်။ ထိုအရာများကို ပိုမိုသောက်သုံးသည်နှင့်အမျှ ရက်စက်ကြမ်းတမ်းသည့်စိတ်ထားများသည် ထိုသူများ၏ပင်ကိုစိတ်ထားကဲ့သို့ ဖြစ်လာပါသည်။

စိတ်ကြွစေသည့်အစားအသောက်များကိုရှောင်ကြဉ်ကြဖို့ကလေးများကို သွန်သင်ပါ

စိတ်ကြွအစားအသောက်များကိုရှောင်ကြဉ်ကြဖို့ သင်၏ကလေးများကို သွန်သင်ကြပါ။ ဤအရာများကို ဘုမသိဘမသိဖြင့် ခံတွင်းတည့်အောင် ကြိုးစားသောက်သုံးနေသူများမှာ အရေအတွက်များလှပါသည်။

ခံတွင်းအလိုလိုက်ခြင်းမှလည်းကောင်း၊ မူးယစ်ဆေးများနှင့်စိတ်ကြွ အစားအသောက်များ သုံးစွဲခြင်းမှလည်းကောင်း သားသမီးများကိုအကာအကွယ် ပေးရန် မိဘများကို ဘုရားသခင်ဆင့်ဆိုနေတော်မူပါသည်။ မြန်ဆန်စွာ ပြောင်း လဲနေသော ဤခေတ်ဤအခါအတွက် စိတ်လှုပ်ရှားမှုနည်းပါးစေသော အစာများ သည် ပို၍သင့်လျော်ပါသည်။ ချုပ်တည်းခြင်းနှင့်ခံတွင်းအလိုလိုက်ခြင်းကို ခိုင်ခိုင်မာမာငြင်းပယ်ခြင်းသည် လုံခြုံမှုအတွက် တစ်ခုတည်းသော နည်းလမ်း ဖြစ်ပါသည်။

## မိဘများအတွက်စိန်ခေါ်ချက်တစ်ခု

ချုပ်တည်းခြင်းအကျင့်ကို တိကျစွာလိုက်လျှောက်ရန်နှင့် သန့်စင် မွန်မြတ်သောအကျင့်စရိုက်များရရှိရန် သားသမီးများကို လေ့ကျင့်ပညာပေး ရာတွင် ပိုမိုခက်ခဲစေသည့် ခံတွင်းတောင့်တမှုနှင့် အာသာရမ္မက်များကို မိဘ များက သားသမီးများအား လက်ဆင့်ကမ်းကောင်းလက်ဆင့်ကမ်းခဲ့ကြပါ လိမ့်မည်။ အကယ်၍သာ မကောင်းသောအစာကိုစားလိုသည့်စိတ်၊ စိတ်ကြွ အစာများနှင့် မူးယစ်ဆေးများကိုသုံးစွဲလိုစိတ်များကို မိဘများကအမွေအဖြစ် လက်ဆင့်ကမ်းခဲ့ကြမည်ဆိုလျှင် သူတို့ကိုယ်တိုင်သားသမီးများအား လက်ဆင့် ကမ်းခဲ့သည့် မကောင်းသောထိုအကျင့်များကို တွန်းလှန်တိုက်ဖျက်ရန် အလွန် ကြီးမားသောတာဝန်တစ်ခု ၎င်းတို့အပေါ်သို့ကျရောက်နေချေပြီ။

## ရှသာရုံကိုပညာပေးရပါမည်

မှားယွင်းသောအစားအသောက်များဖြင့် ကလေးများကိုမပြုစုမိစေရန် အတွက်သော်လည်းကောင်း၊ မိမိ၏သားသမီးများ၌ရှိသည့် မကောင်းသော စိတ်အလိုဆန္ဒများကိုကြီးထွားစေသည့် အကျင့်စရိုက်တစ်ခုခုကိုမလုပ်မိစေရန် အတွက်သော်လည်းကောင်း မိဘများကိုယ်တိုင် ကျန်းမာရေးနှင့်အသက်တာ စည်းမျဉ်းများကို နားလည်ထားရပါမည်။ သခင်ဘုရား၏အသွေးတော်ဖြင့် ဝယ်ထားသည့် သားငယ်သမီးငယ်များ၏ကိုယ်စိတ်နှစ်ပါး ကျန်းမာပျော်ရွှင်

မှုကိုထိန်းသိမ်းရာတွင်လည်းကောင်း၊ အစာအိမ်နှင့်တကွ ကိုယ်အင်္ဂါယန္တရားကြီး၏ခွန်အားများကို ထိန်းသိမ်းရာတွင်လည်းကောင်း အစားအစာသည် အခရာဖြစ်ပါသည်။

အလေးမထားပေါ့ဆတတ်သောမိဘများ၌တာဝန်ရှိနေခြင်း

များစွာသောမိဘများသည် ကလေးများအား ကိုယ်အလိုကိုငြင်းပယ်တတ်အောင် စိတ်ရှည်လက်ရှည်ပညာပေးရမည့်အလုပ်ကို ရှောင်ရှားလိုသဖြင့် ကလေးများအား စားချင်သည့်အချိန်တွင် စားချင်သည့်အစာကိုစားဖို့ အလိုလိုက်တတ်ကြပါသည်။ အာသာပြေအောင် စိတ်ရှိတိုင်းစားလိုသည့် အလိုဆန္ဒများသည် အသက်ကြီးလာသော်လည်း လျော့ကျသွားခြင်းမရှိပါ။ ထိုကဲ့သို့ အလိုလိုက်ခြင်းခံခဲ့ရသော ကလေးများသည် အသက်ကြီးလာသောအခါ စိတ်၏စေစားမှုအောက်တွင် အစာ၏ကျေးကျွန်များ ဖြစ်လာကြပါသည်။ လူ့အသိုက်အဝန်းထဲမှာအလုပ်လုပ်ကာ ကိုယ့်ဘဝကိုယ်ကျောင်းရသောအချိန်သို့ရောက်လာသောအခါ ထိုသူများသည် စုံစမ်းနှောင့်ယှက်ခြင်းကို တွန်းလှန်နိုင်စွမ်းမရှိကြတော့ပါ။

အိမ်ထောင်မှာအစပြုရမည့်တကယ့်အလုပ်

တကယ်အလုပ်စရမည့်နေရာမှာ အိမ်ထောင်ပင်ဖြစ်ပါသည်။ ကလေးများကိုပညာပေးကာ စာရိတ္တတည်ဆောက်ပေးရန် တာဝန်ရှိသူများအပေါ်သို့ မဟာဝန်ထုပ်ဝန်ပိုးကြီးတစ်ခု ကျရောက်နေပါသည်။ စစ်မှန်သောကိုယ်ကျင့်တရားများ ဖွံ့ဖြိုးလာရန်အတွက် မှန်ကန်သောစရိုက်နှင့် စင်ကြယ်သောခံတွင်းတောင့်တမှုများတည်ဆောက်ရာတွင် ကူညီရမည်မှာ မိခင်၏အလုပ်ပင်ဖြစ်ပါသည်။

ပြုပြင်ပြောင်းလဲမှုများသည်မိခင်နှင့်အစပြုခြင်း

ပြုပြင်ပြောင်းလဲမှုကို ကိုယ်ဝန်ဆောင်စဥ်အချိန်မှစ၍ မိခင်ကအစပြုခဲ့ရမည်ဖြစ်သည်။ မွေးဖွားပြီးသည့်အချိန်မှစ၍ ချုပ်တည်းခြင်းနှင့် ကိုယ်အလို

ကိုထိန်းချုပ်ခြင်းများကို သင်ကြားပေးရမည်။ ကြီးမားသည့်တာဝန်အများစု သည် မိခင်အပေါ်တွင်ကျရောက်လျက်ရှိရာ ခင်ပွန်းသည်၏အကူအညီကို ရယူလျက် သူမသည် ထိုအလုပ်ကိုအောင်မြင်စွာလုပ်ဆောင်နိုင်ပါလိမ့်မည်။

အဆက်မပြတ်သင်ကြားပေးရမည့်သင်ခန်းစာများ

တစ်သက်လုံးလိုက်စားလာသည့် အကျင့်ကိုပယ်ဖျောက်ကာ မှန်ကန်စွာစားတတ်သောက်တတ်အောင် ပညာပေးရန်မှာ အခက်ခဲဆုံးအလုပ် တစ်ခုဖြစ်ပါသည်။ ချုပ်တည်းမှုကင်းမဲ့ခြင်း၏နတ်ဆိုးကြီးကို လွယ်လွယ်နှင့် အောင်ပွဲဆင်နိုင်လိမ့်မည်မဟုတ်ပါ။ မိသားစုတွင် မွေးဖွားလာသောသားသမီး ကလေးကို ငယ်ရွယ်စဉ်အချိန်ကတည်းက ကျန်းမာရေးစည်းမျဉ်းများကို လိုက် လျှောက်ရန်သွန်သင်ကာ ချုပ်တည်းမှုကင်းမဲ့ခြင်းအကျင့်ကို စတင်တိုက်လှန်ကြ ပါမိဘတို့၊ အောင်မြင်ရန်မျှော်လင့်ချက်ရှိပါသည်။

စိတ်ကိုရှုပ်ထွေးစေပြီး ရမ္မက်သွေးများကိုကြွစေလျက် ကိုယ်ခန္ဓာကို ပျက်စီးထိခိုက်သွားစေနိုင်သည့် အဆိပ်နှင့်တူသောအရက်နှင့် ဆေးရွက်ကြီး တို့၏အကျိုးသက်ရောက်မှုများကို ကလေးလူငယ်များ နားလည်ထားသင့် ပါသည်။ ဤအရာများကို အချိန်ကြာမြင့်စွာစားသုံးလာသူများသည် ကိုယ်စိတ် နှလုံးသုံးပါးရှိ ခွန်အားများကို တာရှည်စွာပိုင်ဆိုင်ခွင့်မရနိုင်ကြောင်းကိုလည်း သူတို့သိအောင်ပြောပြဖို့ လိုအပ်ပါသည်။


အနည်းငယ်သွေဖည်ခြင်း၏အကျိုးသက်ရောက်မှုများကိုပြောပြကြပါ

ကျန်းမာရေးစည်းမျဉ်းများမှ အနည်းငယ်သွေဖည်သွားခြင်းအတွက် ဖြစ်ပေါ်လာမည့်ဆိုးကျိုးများကို လူငယ်များအား သင်ကြားပို့ချရာ၌ ရှင်းလင်း စွာ ပြောပြသင့်ပါသည်။ သူတို့သည် အစေခံကျွန်ဖြစ်ရမည့်သူများမဟုတ်ဘဲ သခင်ဖြစ်ရမည့်သူများသာဖြစ်သည်ကိုလည်း လူငယ်များ၏စိတ်နှလုံးမှာ စွဲနေအောင်ပြောပြကြပါ။ အကယ်၍သာ ထိုသင်တန်းများကို မှန်ကန်စွာ ပို့ချခဲ့ကြမည်ဆိုလျှင် အကျိုးသက်ရောက်မှုများသည် ထိုလူငယ်များအတွက်

သာမက ပျက်စီးလုဆဲဆဲအခြေအနေတွင်ရောက်နေသည့် ထောင်နှင့်ချီသော အမျိုးသမီး၊ အမျိုးသားများထံသို့ပင် ရောက်ရှိသွားနိုင်ပါသည်။

စုံစမ်းနှောင့်ယှက်ခြင်းကိုတွန်းလှန်နိုင်ရန်ကိုယ်ကျင့်တရားသက်လုံကို တည်ဆောက်ပေးပါ

မိဘများသည် သားသမီးများ၏ကျန်းမာပျော်ရွှင်ရေးအတွက် အုတ်မြစ်ချပေးနိုင်ပါသည်။ စုံစမ်းနှောင့်ယှက်ခြင်းကိုတွန်းလှန်နိုင်သည့် ကိုယ်ကျင့်တရားသက်လုံနှင့်လည်းကောင်း၊ အသက်တာပြဿနာများကို အောင်မြင်စွာဖြေရှင်းနိုင်သည့် ခွန်အားသတ္တိများနှင့်လည်းကောင်း ပြည့်စုံနေသူများအဖြစ်ဖြင့် သူတို့ကိုလူ့အသိုက်အဝန်းထဲသို့ ပို့ဆောင်နိုင်သူများလည်းဖြစ်ပါသည်။ သားသမီးများအား ရည်မှန်းချက်ရှိသူများဖြစ်အောင် လှုံ့ဆော်ပေးနိုင်ရုံသာမက သူတို့၏အသက်တာကို ဘုရားသခင်အတွက် ဂုဏ်ယူစရာဖြစ်သလို လူသားများအတွက် ကောင်းချီးမင်္ဂလာဖြစ်စေမည့် အစွမ်းတန်ခိုးများနှင့် ဖွံ့ဖြိုးပြည့်စုံစေနိုင်သူများလည်း ဖြစ်ပါသည်။ အစားအသောက်နှင့်ဆင်ယင်မှု ဆိုင်ရာချုပ်တည်းခြင်းစင်မြင့်ကြီးပေါ်မှာ မတ်တတ်ရပ်ရန် ဘုရားသခင်သည် ကျွန်ုပ်တို့အား ဆင့်ခေါ်တော်မူပါသည်။ မိဘတို့၊ ဘုရားပေးတာဝန်ကို သင်တို့သိလာကြပြီလား။ ကျန်းမာရေးစည်းမျဉ်းများကို ကိုယ်တိုင်လေ့လာကာ ကိုယ်အလိုကိုငြင်းပယ်ခြင်းလမ်းစဉ်သည် လုံခြုံစိတ်ချမှုရရှိရန်အတွက် တစ်ခုတည်းသောလမ်းစဉ်ဖြစ်ကြောင်း သင်၏ကလေးများကို သင်ကြားပေးကြပါ။


GLAMOUR

# အခန်း (၁၅)
# ဖက်ရှင်၏အစွမ်း

ကျွန်ုပ်တို့ဝတ်ဆင်သောအဝတ်အထည်များသည် သပ်ရပ်မှု၊ သန့်ရှင်းမှုနှင့်ပြည့်စုံရမည့်အပြင် ကျွန်ုပ်တို့နှင့်လိုက်ဖက်ပြီး အချိန်အခါနှင့်လည်း ကိုက်ညီသောအဝတ်များဖြစ်ရန် ထာဝရဘုရားအလိုတော်ရှိပါသည်။ ကျွန်ုပ်တို့၏ပုံပန်းလက္ခဏာကို အကောင်းဆုံးအနေအထားသို့ရောက်အောင် ကျွန်ုပ်တို့ကြိုးစားရမည်။ သို့သော် အရာခပ်သိမ်းတို့၌ ကျွန်ုပ်တို့သည် သခင်ဘုရား၏ကိုယ်စားလှယ်များ ဖြစ်သင့်ပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့၏သွင်ပြင်လက္ခဏာအလုံးစုံတို့၌ သပ်ရပ်ခြင်း၊ သင့်တင့်လျောက်ပတ်ခြင်း၊ စင်ကြယ်ခြင်းများနှင့် ပြည့်စုံစေရပါမည်။

ဆင်ယင်မှုသည်အကျင့်စာရိတ္တကိုဖော်ပြခြင်း

လူတစ်ယောက်၏ဝတ်စားဆင်ယင်မှုသည် များသောအားဖြင့် ထိုသူ့အကြောင်းဖော်ပြနေသော အညွှန်းမာတိကာတစ်ခုဖြစ်ပါသည်။ လူတစ်ယောက်၏အကျင့်စာရိတ္တကို သူ၏ဝတ်စားဆင်ယင်မှုအပေါ်အခြေပြု၍ ကျွန်ုပ်တို့ဆုံးဖြတ်လေ့ရှိပါသည်။ ယဉ်ကျေးသိမ်မွေ့သော ဘုရားတရားရှိသူများသည် ရိုးရိုးယဉ်ယဉ်အဝတ်များကိုသာ ဝတ်လေ့ရှိကြသည်။ သူ၏စင်ကြယ်သော ခံတွင်းတောင့်တမှုနှင့် ပြုစုထားသောစိတ်ဓာတ်များကို သူရွေးချယ်ဝတ်ဆင် ထားသည့် ရိုးစင်းသောအဝတ်များက ဖော်ပြနေပါသည်။ မိန်းမကောင်းဖြစ်ကြောင်း၊ ကောင်းမြတ်သောကိုယ်ကျင့်တရားအားဖြင့် သိသာစေသည်ဆိုသည့် အချက်ကို သူမနားလည်ကြောင်း၊ ရိုးစင်းပြီးဟိတ်ဟန်ကင်းသော ဝတ်ဆင် ပြုမူမှုများက ဖော်ပြနေပါသည်။

လမ်းညွှန်စည်းမျဉ်းများကိုပြတ်သားစွာဖော်ပြခြင်း

ကျန်းမာရေးစည်းမျဉ်းများနှင့်ကိုက်ညီသည့် ဝတ်ဆင်မှုဓလေ့များကို လက်ခံကြပါ။ အမြင်တင့်တယ်ပြီး အသက်အရွယ်နှင့်ဆီလျော်သော တာရှည်ခံ အဝတ်များကို ဝတ်ဆင်ကြပါ။ မေးခွန်းထုတ်စရာကောင်းသည့်အဝတ်များကို မဝတ်ကြပါနှင့်။ ကျွန်ုပ်တို့၏ညီအစ်မများသည် ရိုးစင်းသောအဝတ်များကိုသာ ဝတ်ဆင်သင့်ပါသည်။ အရှက်မကွဲစေမည့် တည်ကြည်ရည်မွန်သော အဝတ် များကို ဝတ်ကြပါ။

ရိုးရိုးယဉ်ယဉ်နှင့်ကျန်းမာရေးကိုဖြည့်ဆည်းပြီးဝတ်ဆင်ရန်အဆင်ပြေ သောအဝတ်များကိုဝတ်ကြပါ

အကယ်၍ ဝတ်ဆင်ရာတွင် အဆင်ပြေချောမောပြီး ကျန်းမာရေး နှင့်ပြည့်စုံစေသည်သာမက သမ္မာကျမ်းစာ၏သွန်သင်ချက်များနှင့်ကိုက်ညီသည့် ရိုးစင်းသောဆင်ယင်မှုများကို လောကီသားများကတီထွင်ကြမည်ဆိုလျှင် ထို အဝတ်အစားများသည် ဘုရားသခင်နှင့်ရှိထားသည့်ဆက်သွယ်မှုကို မထိခိုက် စေသည့်အပြင် လောကဝတ်ဆင်ပုံများကိုလည်း လက်ခံရာလည်းမရောက်ပါ။

အစွန်းရောက်မှုများကိုရှောင်ကြဉ်ပါ

မကောင်းသောဖက်ရှင်များကို အမီလိုက်ရန်ကြိုးစားခြင်းဖြင့် အချိန် မကုန်ပါစေနှင့်။ လိုက်ဖက်သောအဝတ်များကို သပ်သပ်ရပ်ရပ်ဝတ်ဆင်ရမည် ဖြစ်သော်လည်း လူအများ၏အာရုံကိုဖမ်းစားနိုင်ရန်အတွက် အဆန်းအပြား များကို ဝတ်ရမည်မဟုတ်သကဲ့သို့ ဖိုသီဖတ်သီ၊ မသပ်မရပ် ဝတ်ဆင်ကြရ မည်လည်းမဟုတ်ပါ။

ဝတ်ဆင်ခြင်းတွင်ဂရုစိုက်မှုကိုမာနထောင်လွှားခြင်းနှင့်ရောထွေးမသွား စေပါနှင့်

ဝတ်ဆင်မှုနှင့်မာနထောင်လွှားခြင်းအကြောင်းကို ထပ်တလဲလဲပြော နေသောလူတန်းစား၊ မိမိ၏ဝတ်ဆင်မှုအပေါ် ဂရုမစိုက်တတ်သောလူတန်းစား၊

ညစ်ညစ်ပတ်ပတ် မသေမသပ်ဝတ်ဆင်ခြင်းကို အားသာချက်တစ်ခုအဖြစ် မြင်သောလူတန်းစား၊ မိမိတို့နှင့်မလိုက်ဖက်သောအဝတ်များကို ဝတ်တတ်သည့် လူတန်းစားတည်းဟူသော ဝတ်ဆင်မှုကိုအလေးမထားတတ်သောလူတန်းစား တစ်မျိုးရှိပါသည်။ ထိုသူတို့၏အဝတ်များသည် ညစ်ပေနေတတ်ပါသည်။ ၎င်းတို့သည် မာနထောင်လွှားခြင်းကိုဆန့်ကျင်ပြီး အမြဲတမ်းပြောသူများလည်း ဖြစ်ပါသည်။ သပ်ရပ်ယဉ်ကျေးစွာဝတ်ဆင်ခြင်းကို မာနထောင်လွှား ခြင်းဖြစ်သည်ဟုလည်း ထိုသူတို့ယူဆတတ်ကြပါသည်။ ဝတ်ဆင်မှုတွင် နမော်နမဲ့၊ ကပိုကရိုဝတ်တတ်သူများသည် စကားပြောရာတွင်လည်း နိမ့်ကျသေးသိမ် တတ်ပြီး စိတ်ထားလည်းမကောင်းတတ်ကြပါ။ တစ်မူထူးခြားခြင်းနှင့်စကား ပြောကြမ်းခြင်းကို နိမ့်ချခြင်းဖြစ်သည်ဟုလည်း တစ်ခါတစ်ရံတွင် သူတို့ယူ ဆတတ်ကြပါသည်။ မာနထောင်လွှားခြင်းနှင့် အသုံးအဖြုန်းကြီးခြင်းသည် ထိုအမျိုးသမီးများကျူးလွန်တတ်သော အပြစ်မျိုးဖြစ်ပါသည်။

ဝတ်ဆင်မှုအပေါ်စွဲလမ်းခြင်း၌အန္တရာယ်ရှိခြင်း

ဝတ်စားဆင်ယင်မှုများအပေါ်စွဲလမ်းခြင်းသည် ကိုယ်ကျင့်တရား ကို ထိခိုက်စေရုံသာမက ယဉ်ကျေးတည်ကြည်မှုနှင့်ပြည့်စုံသော ခရစ်ယာန် အမျိုးသမီးများ၏ဝတ်ဆင်မှုများနှင့်လည်း ဆန့်ကျင်ဘက်ဖြစ်နေပါသည်။ အလွန်အကျွံ မလုံတလုံဝတ်ဆင်ခြင်းသည် ဝတ်ဆင်သူကိုယ်တိုင်ကို လိင်စိတ် ထကြွစေသည့်အပြင် တွေ့မြင်ရသူများ၏စိတ်နှလုံးရှိ လိင်စိတ်များကိုလည်း လှုပ်ရှားသွားစေပါသည်။ စာရိတ္တပျက်ပြားမှုမဖြစ်မီကလေးတွင် ဝတ်ဆင်မှု၌ မာနထောင်လွှားတတ်သောသဘောရှိတတ်သည်ကို ဘုရားသခင်တွေ့မြင်တော် မူပါသည်။

ရိုးစင်းသောဝတ်ဆင်မှုတွင်တွေ့ရသည့်သက်သေခံချက်

ရိုးစင်းယဉ်ကျေးသိမ်မွေ့စွာဝတ်ဆင်ခြင်းသည် ထောက်ခံချက်တစ်ခု ဖြစ်ပါသည်။ ရိုးစင်းစွာဝတ်ဆင်ခြင်းနှင့် ယဉ်ကျေးပြောဟန်ဆိုဟန်များထက်

သင်၏အလင်းကို ပို၍တောက်ပအောင် ထွန်းလင်းပေးနိုင်သည့်အရာ မရှိတော့ပါချေ။

မကောင်းသောဟန်ပန်အသွင်များကို ရှောင်ရှားကြပါ။ အကျင့်သီလပျက်ပြားခြင်းအနံ့ဆိုးထွက်နေသည့် ဤအင်တာနက်ခေတ်တွင် သင်၌အကာအကွယ်မရှိလျှင် လုံခြုံမှုရှိလိမ့်မည်မဟုတ်ပါ။ အကျင့်သီလနှင့်ယဉ်ကျေးသိမ်မွေ့မှုများသည် ယခုခေတ်တွင် ရှားပါးသောအရာများ ဖြစ်နေပါသည်။

## ဝတ်ဆင်ပုံအခြေခံစည်းမျဉ်းများ

ဝတ်ဆင်မှုနှင့်ပတ်သက်သောစည်းမျဉ်းများကို သင်ပြပေးမှသာ စုံလင်သောပညာရေးဖြစ်နိုင်ပါမည်။ ထိုစည်းမျဉ်းများကို သင်ကြားမပေးလျှင် ပညာရေးလုပ်ငန်းစဉ်များသည် ဖွံ့ဖြိုးမှုနှေးကွေးရုံသာမက လူအများသည်လည်း အမူအကျင့်ပျက်ပြားကုန်ကြပါလိမ့်မည်။ အဝတ်အစားကိုခင်တွယ်ကာ ဖက်ရှင်ရူးရူးနေကြခြင်းသည် ကျောင်းဆရာများအတွက် ဖြေစရာအကောင်းဆုံးပြိုင်ဘက်ဖြစ်ပါသည်။ အထိရောက်ဆုံးသောအဟန့်အတားတစ်ခုလည်း ဖြစ်နေပါသည်။

သပ်သပ်ရပ်ရပ်၊ သန့်သန့်ပြန့်ပြန့်၊ ကြည့်ချင်စဖွယ်ဖြစ်အောင်ဝတ်ဆင် ခြင်း

မှန်ကန်စွာဝတ်စားဆင်ယင်တတ်အောင် လူငယ်များကိုအားပေးသင့်ပါသည်။ သို့မှသာ သူတို့၏ရုပ်အသွင်သည် သပ်ရပ်လှပနေပါလိမ့်မည်။ အဝတ်များကိုသန့်ပြန့်အောင်ထိန်းသိမ်းကာ သပ်ရပ်စွာပြုပြင်ထားကြဖို့ သွန်သင်ပေးပါ။ သူတို့၏အကျင့်စရိုက်အားလုံးသည် အခြားသူများအတွက် အထောက်အမဖြစ်စေသကဲ့သို့ သက်သာရာလည်းဖြစ်စေသင့်ပါသည်။

ကြည့်ကောင်းရုံပြင်ဆင်ခိုင်းပါ

ခရစ်ယာန်များသည် ဝတ်စားဆင်ယင်မှုတွင် လိုသည်ထက်မပိုစေဘဲ ဟိတ်ဟန်ထုတ်ခြင်းများကို ရှောင်ရှားသင့်ပါသည်။ သူတို့၏အဝတ်အစားများ သည် တောက်ပြောင်လွန်းသောအရာများမဖြစ်ဘဲ ဝတ်သည့်သူနှင့်လိုက်ဖက် သော သပ်ရပ်ရည်မွန်သည့်အဝတ်များသာ ဖြစ်သင့်ပါသည်။

မှန်ကန်စွာဝတ်ဆင်ခြင်းကို အထင်မသေးသင့်၊ မရှုတ်ချသင့်ပါချေ။ ကျွန်ုပ်တို့သည် မဖွယ်မရာ၊ မသပ်မရပ်ဝတ်ဆင်သောအချိန်တွင် ကျွန်ုပ်တို့ သည် သမ္မာတရားကိုစွန့်ပယ်လုနီးနီးအခြေသို့ ရောက်လာပါသည်။ အကြောင်း မှာ သမ္မာတရားသည် ကျွန်ုပ်တို့အား မည်သည့်အခါမှသေးသိမ်သွားအောင် မလုပ်ဘဲ အမြဲတမ်းတိုးတက်မြင့်မြတ်အောင်လုပ်ပါသည်။ ခရစ်တော်နှင့် သန့်ရှင်းသောတရားတော်ကို ထောက်ခံနေသည် (သို့မဟုတ်) ဤလောက ကိုထောက်ခံနေသည်ဆိုသည့်အချက်ကို သင်၏ဝတ်စားဆင်ယင်မှုက ဖော်ပြ နေပါသည်။ မည်သည့်အရာကို သင့်အဝတ်အစားများက ထောက်ခံနေပါ သနည်း။

စိတ်ကြိုက်အရောင်အသွေးနှင့်ပုံအသွင်

အရောင်နှင့်ပတ်သက်သည့် မိမိအကြိုက်ကို ထင်ရှားစွာဖော်ပြသင့် သည်။ ယဉ်ကျေးသောအရောင်များကို အသုံးပြုသင့်သည်။ ပုံဖော်ထားသည့် အထည်ပစ္စည်းများကိုသုံးသောအချိန်တွင် ကြီးလွန်းပြီးတောက်ပြောင်လွန်းသော ပုံဖော်အထည်များနှင့် ပကာသနကိုရှေ့တန်းတင်သည့် အဝတ်အထည်များကို ရှောင်ကြဉ်သင့်ပါသည်။ ဆန်းပြားသည့်ရောင်စုံအဝတ်အစားများသည်လည်း မကောင်းလှပါ။

တာရှည်ခံသောအဝတ်များဟုတ်မဟုတ်သုံးသပ်ပါ

ရိုးရိုးယဉ်ယဉ်အဝတ်များဖြစ်လင့်ကစား အရည်အသွေးကောင်းမွန်ရန် လိုအပ်သလို မိမိနှင့်လိုက်ဖက်သည့်အဝတ်များလည်း ဖြစ်ရပါမည်။ မိမိလုပ်

နေသောအလုပ်နှင့်လည်း လိုက်ဖက်သောအဝတ်ဖြစ်သင့်ပါသည်။ အလှအပထက်တာရှည်ခံနိုင်မှုကို ဦးစားပေးရွေးချယ်သင့်သည်။ တာရှည်ခံအောင် ပြင်ဆင်ထားသော အဝတ်အထည်များသည် နွေးထွေးမှုနှင့်လုံခြုံမှုကိုပေးပါသည်။ အရည်အသွေးမီသောအထည်များနှင့် ကောင်းမွန်စွာချုပ်လုပ်ထားသည့် အဝတ်အစားများကို ဝယ်ရမည်မှာမှန်ပါသည်။ ဤအရာမှာ ငွေကြေးကိစ္စတစ်ခုဖြစ်ပါသည်။ အလွန်သားနားလွန်းသည့်အဝတ်များကို ဝတ်ဖို့မလိုပါ။ ထိုအဝတ်များကိုဝယ်ပြီးဝတ်ခြင်းသည် ဘုရားသခင်၏အမှုတော်အတွက် ပေးကမ်းလှူဒါန်းသင့်သောငွေများကို မိမိစိတ်အလိုပြည့်ရန်အတွက် သုံးဖြုန်းနေခြင်းဖြစ်ပါသည်။ ကျွန်ုပ်တို့သည် သပ်သပ်ရပ်ရပ်၊ ရည်ရည်မွန်မွန်ဝတ်သင့်ပါသည်။ သင့်အတွက်သော်လည်းကောင်း၊ သင့်ကလေးများအတွက်သော်လည်းကောင်း အဝတ်အထည်များကိုဝယ်သောအချိန်တွင် ပြီးမြောက်အောင်လုပ်ဆောင်ရန် စောင့်ဆိုင်းနေသည့် ဘုရားသခင်၏အမှုတော်ကို သင်သတိရလိုက်ပါ။ လောကသားများသည် အဝတ်အစားများအတွက် ငွေကြေးများကို သုံးဖြုန်းလေ့ရှိပါသည်။

အဝတ်အစားအတွက် ငွေကြေးအသုံးပြုခြင်း၌ ချိုးခြံချွေတာခြင်းကို လေ့ကျင့်ပါ။ သင်ဝတ်ဆင်ထားသောအရာများသည် သင့်အပေါင်းအသင်းများအပေါ် သြဇာသက်ရောက်မှု အမြဲတမ်းရှိနေပါသည်။ အခြားနေရာများတွင် သုံးဖို့လိုအပ်နေသော ငွေကြေးများကို သင့်ကိုယ်ကျိုးအတွက် ဖောဖောသီသီ သုန်းဖြုန်းမပစ်ပါနှင့်။

## ရိုးစင်းသောဝတ်ဆင်မှု

ရိုးစင်းသောဝတ်ဆင်မှုသည် ချင့်ချိန်တတ်သောအမျိုးသမီးများအတွက် အကောင်းဆုံးအခွင့်အလမ်းများ ပေါ်လာတတ်ပါသည်။ အမျိုးသမီးများသည် ဖက်ရှင်နောက်ကို အမီလိုက်နေရသဖြင့် သူတို့၏သဘာဝအလှများပျောက်ဆုံးကာ အတုအပများ၏လှည့်စားမှုကို ခံနေကြရပါသည်။ လူငယ်အပေါင်းတို့၊ ဇာပန်းနှင့်ရွှေထည်ဝတ်ဆင်ခြင်း၊ အလှပြရန်အတုအပများဝတ်ဆင်ခြင်းနှင့်

ခေတ်စားနေသည့်ဝတ်ဆင်မှုများကိုနှစ်သက်သည့် သင်တို့၏သဘောထားသည် သင်တို့ယုံကြည်လက်ခံနေသော ဘာသာရေးယုံကြည်မှုကို သူတစ်ပါးရှေ့တွင် သက်သေခံနိုင်လိမ့်မည်မဟုတ်ပါ။ အပြင်ပန်းအလှဆင်ခြင်းကို အားနည်းသောစိတ်ထားနှင့် မာနထောင်လွှားတတ်သောစိတ်ထားများအတွက် သက်သေအထောက်အထားများအဖြစ် အမြော်အမြင်ရှိသူများက ရှုမြင်ကြပါလိမ့်မည်။

အလှပြရန်မဟုတ်ပါ

ကိုယ်ခန္ဓာကိုအလှပြရန် ပြင်ဆင်မှုများအားဖြင့် မှန်ကန်သောခန့်ညား ရည်မွန်မှုကို မဖြစ်နိုင်စေပါ။ 'မိန်းမတို့သည်--လျောက်ပတ်သောအဝတ်နှင့် -- ကိုယ်ကိုတန်ဆာဆင်စေခြင်းငှာအလိုရှိ၏' ဟု ၁တိမောသေ ၂း၉၊၁၀ တွင် နှုတ်ကပတ်တော်ကဖွင့်ဆိုထားပါသည်။ ရှိုးပြရန်ဝတ်ဆင်ခြင်း၊ တောက်တောက် ပြောင်ပြောင်အဝတ်များကိုဝတ်ဆင်ခြင်းနှင့် လက်ဝတ်ရတနာများအဆမတန် ဝတ်ဆင်ခြင်းများကို နှုတ်ကပတ်တော်ကတားမြစ်ထားပါသည်။ ဝတ်ဆင်သူကို အာရုံဆွဲဆောင်စေမည့်အဝတ်တန်ဆာများနှင့် သူတစ်ပါးချီးမွမ်းစေမည့် အဝတ် တန်ဆာများမှာ အဝတ်အစားနှင့်ပတ်သက်သည့် နှုတ်ကပတ်တော် ပြဋ္ဌာန်းချက် တွင် မပါဝင်ပါ။

မပျက်စီးမပျောက်ပျက်နိုင်သောအလှတန်ဆာများနှင့်ရွှေငွေပုလဲရတနာများ

အပြင်ပန်းအလှအတွက် ရွှေ၊ ငွေ၊ ရတနာများကို ရှာဖွေစုဆောင်း ခြင်းထက် ရွှေစင်ထက်တန်ဖိုးကြီးမားသည့်ဉာဏ်ပညာကို ရှာဖွေဆည်းပူးသင့် ပါသည်။

ခရစ်တော်၏နှစ်လိုဖွယ်ရာများနှင့်နှိုင်းယှဉ်လျှင် ဈေးကြီးသောအဝတ် အထည်များနှင့်ရွှေငွေများသည် တန်ဖိုးမည်မျှကျဆင်းသွားလိမ့်မည်နည်း။ သဘာဝအတိုင်းရှိသော နှစ်လိုဖွယ်ရာများတွင် ကိုယ်ခန္ဓာအဆစ်အချိုးကျန မှုလည်း ပါဝင်ပါသည်။ ခရစ်တော်၏ကျေးဇူးတော်သည် တန်ဖိုးမဖြတ်နိုင် လောက်သော ရတနာတစ်ပါးဖြစ်ပါသည်။ ထိုကျေးဇူးတော်သည် ပိုင်ဆိုင်

သူအား မြင့်မြတ်တိုးတက်စေရုံသာမက အလင်းနှင့်ကောင်းချီးမင်္ဂလာအဖြာဖြာ ကျရောက်သက်ဆင်းရာ ခရစ်တော်ထံကိုအာရုံပြုစေသည့် ဘုန်းအလင်းတော်များကိုလည်း အခြားလူများအပေါ်သို့ ကျရောက်သွားစေပါသည်။

သင့်တင့်လျောက်ပတ်သောအဝတ်အထည်များကိုအသိအမှတ်ပြုရန် ကလေးများကိုသွန်သင်ကြပါ

ဝတ်စားဆင်ယင်မှုတွင် နာခံမှုရှိရမည့်အကြောင်း ကလေးများနားလည်အောင်သွန်သင်ကြပါ။ သင့်တင့်လျောက်ပတ်သောဝတ်ဆင်မှုနှင့် ဆိုးဝါးသောဆင်ယင်မှုကို ခွဲခြားသိမြင်အောင်သွန်သင်ကာ သပ်ရပ်ရိုးစင်းသောအဝတ်အစားများဖြင့် ဆင်မြန်းပေးကြပါ။ နားလည်အောင်ပြောပြပါ။ ထိုနောက် လုပ်ရမည့်အလုပ်များကို သတိပညာရှိရှိဖြင့်စီစဉ်ပါ။ ထိုနောက် စီစဉ်ထားသည့်အတိုင်း မိသားစုတွင်အကောင်အထည်ဖော်ပါ။ ကလေးများ၏သဘော ထားနှင့်ဆန္ဒများအတိုင်း မလုပ်ဆောင်ဘဲ မြင့်မြတ်သောစည်းမျဉ်းများအတိုင်း လုပ်ဆောင်ဖို့ စိတ်ဆုံးဖြတ်ကြပါ။

အသက်အရွယ်အလိုက်သင့်တင့်လျောက်ပတ်သောအဝတ်အထည်များ

ကလေးများကို မေတ္တာဖြင့်သိမ်းသွင်းပါ။ အရာခပ်သိမ်း၌ သူတို့ကို သေချာစွာဂရုစိုက်ပြုစုပါ။ ပိုမိုလှပလာစေရန် သူတို့အားလျောက်ပတ်သော အဝတ်များ ဝတ်ပေးကြပါ။ ထိုသို့လုပ်ဆောင်ခြင်းအားဖြင့် ကိုယ့်ကိုကိုယ် လေးစားတတ်သောစိတ်ကိုထိခိုက်ခြင်းမှ ကာကွယ်နိုင်မည်ဖြစ်သည်။ သင်၏ အသက်အရွယ်၊ အလုပ်အကိုင်နှင့်ဆီလျော်သောအဝတ်များကို သပ်သပ်ရပ်ရပ် ဝတ်ဆင်ခြင်းသည် မှန်ကန်သောလုပ်ရပ်တစ်ခုဖြစ်ပါသည်။

ကိုယ်ကျပ်အဝတ်အထည်များကိုရှောင်ရှားခြင်း

သွေးလည်ပတ်မှုနှင့် အသက်ရှူခြင်းများကို မထိခိုက်သည့်ဝတ်စားဆင်ယင်မှုမျိုးကို ရွေးချယ်ရပါမည်။ ခြေထောက်ကိုလည်း စွတ်စိုခြင်းနှင့်

ချမ်းအေးခြင်းမှ ကာကွယ်ပေးရပါမည်။ ကိုယ်ကာယလေ့ကျင့်ခန်းများကို အိမ်ပြင်ထွက်၍လုပ်စဉ် နှင်းကျသောဆောင်းတွင်းအချိန်မှာပင် အအေးမမိစေမည့် ဝတ်စားဆင်ယင်နည်းများကို အသုံးပြုရပါမည်။

ကလေးအဝတ်များ

ကလေးအဝတ်များ၌ နွေးထွေးလုံခြုံပြီး သက်သောင့်သက်သာရှိမှုများနှင့်ပြည့်ဝအောင် စီစဉ်ထားလျှင် ကလေးများသည် စိတ်တိုခြင်း၊ ဂနာမငြိမ်ခြင်းများနှင့် ကင်းဝေးကြလိမ့်မည်။ ကလေးများလည်း ပို၍ကျန်းမာလာမည်ဖြစ်ရုံသာမက မိခင်များလည်း အချိန်မကုန်၊ လူမပန်းဘဲ ကလေးများကိုပြုစုနိုင်လာပါလိမ့်မည်။ ခါးကျပ်သောအဝတ်များသည် နှလုံးနှင့်အဆုတ်၏လှုပ်ရှားမှုများကို အဟန့်အတားပြုသဖြင့် အဝတ်ကျပ်များကို ဝတ်မပေးကြပါနှင့်။ ကိုယ်ခန္ဓာရှိ အခြားအစိတ်အပိုင်းများကိုလည်း အလွန်ကျပ်လွန်းသောအဝတ်များနှင့် မဆင်ယင်သင့်ပါ။ အသက်ရှူခြင်းကို ကောင်းမွန်စွာလုပ်ဆောင်နိုင်ရန်နှင့် ကောင်းမွန်စွာထမ်းပိုးနိုင်ရန်အတွက် အသင့်အတင့်ပွသော အဝတ်များကိုဝတ်ပေးသင့်ပါသည်။

ခြေဖျား၊ လက်ဖျားများကိုလုံအောင်ဝတ်ပေးပါ

အပူချိန်ကောင်းသည့် ရင်ဘတ်နှင့်နှလုံးရှိသောနေရာများမှာ လုံလုံခြုံခြုံဝတ်သလို ခြေဖျား၊ လက်ဖျား စသည့်အဖျားပိုင်းများကိုလည်း လုံခြုံအောင်ဝတ်ဆင်ပေးကြပါ။ ခန္ဓာကိုယ်ရှိ အဖျားအနားများကို လုံခြုံအောင်ဝတ်မပေးသောမိဘများသည် အလှအပကိုဦးစားပေးကာ ကလေးများ၏ကျန်းမာရေးနှင့်အသက်များကို နစ်နာအောင်လုပ်နေကြပါသည်။ ခြေဖျား၊ လက်ဖျား၊ နားဖျား၊ နှာခေါင်းဖျားများ၌ နွေးထွေးမှုမရှိလျှင် ခန္ဓာကိုယ်ရှိသွေးလည်ပတ်မှုသည် ညီမျှနိုင်တော့မည်မဟုတ်ချေ။ ထိုအဖျားအနားများကို ကောင်းမွန်စွာဖုံးအုပ်ဝတ်ဆင်မထားခြင်းဖြင့် သွေးများကိုဦးခေါင်းထဲသို့ တွန်းပို့နေရာ ခေါင်းကိုက်ခြင်း၊ နှာခေါင်းသွေးယိုခြင်းများကို ဖြစ်ပေါ်စေ

ပါသည်။ ရင်ထဲ၌သွေးလည်ပတ်မှုများလာလျှင် ရင်ပြည့်သလိုမျိုးခံစားရပြီး နလုံးထဲမှာသွေးလည်ပတ်မှုများလာလျှင် နလုံးခုန်သည့်ဝေဒနာကို ခံစားရတတ်ပါသည်။ အစာအိမ်ထဲမှာ သွေးလည်ပတ်မှုများလာလျှင် အစာမကြေသည့်ဝေဒနာကို ခံစားရပါတော့သည်။

အမျိုးသမီးအဝတ်အစားနှင့်အမျိုးသားအဝတ်အစားအကြားရှိထူးခြားမှု တစ်ခု

ယောကျ်ားကလေးများနှင့်တူအောင် ဝတ်ဆင်မှုများပြားလာသကဲ့သို့ ယောကျ်ားကလေးများဝတ်သောအဝတ်များကို မိန်းကလေးများကလိုက်၍ဝတ်လာကြပါသည်။ သို့သော် 'ရှက်ကြောက်ခြင်းအားဖြင့်--လျောက်ပတ်သောအဝတ်နှင့်--ကိုယ်ကိုတန်ဆာဆင်စေခြင်းငှာ ငါအလိုရှိ၏' ဟု ဘုရားသခင်ကမိန့်တော်မူထားပါသည်။ (၁တိ ၂း၉၊၁၀)။

ဘုရားသခင်သည် မိန်းမထည်နှင့်ယောကျ်ားထည်များအကြား ထင်ရှားသောခြားနားမှုတစ်ခုကိုစီစဉ်ကာ အရေးပါသောအရာတစ်ခုအဖြစ် မှတ်ယူတော်မူပါသည်။ ထိုကြောင့် ဝတ်ဆင်မှုနှင့်ပတ်သက်၍ ရှင်းလင်းသောညွှန်ကြားချက်များကိုလည်း မိန့်တော်မူခဲ့ပါသည်။ ကျားမနှစ်မျိုးစလုံးက ပုံစံတူအဝတ်များကိုဝတ်ကြလျှင် ရှုပ်ထွေးမှုများဖြစ်ပေါ်ကာ ဒုစရိုက်မှုများလည်း တိုးပွားလာနိုင်ပါသည်။

ဘုရားကျောင်းအဝတ်အစား

ဟိတ်ဟန်လုပ်ကြွားဝါလိုသောသဘောဖြင့် ဝတ်ဆင်သည့်အဝတ်များဖြင့် ဘုရားသခင်၏ဗိမာန်တော်ကို အသရေမယုတ်လျော့စေပါနှင့်။ဘုရားကျောင်းတက်ရာတွင် သေသပ်သန့်ရှင်းပြီး သင့်တင့်လျောက်ပတ်သောအဝတ်များကိုသာ ဝတ်ဆင်သင့်ပါသည်။ အပြင်ပန်းအလှပြရုံသာမက ဗိမာန်တော်ကို အသရေယုတ်စေမည့်အဝတ်များကို မဝတ်သင့်ပါချေ။ ဝတ်ဆင်မှုအပေါ်တွင် ကြွားဝါခြင်းသည် ကြည်ညိုကိုင်းရှိုင်းသောစိတ်ဓာတ်ကို လျော့ပါးစေသဖြင့်

ဝတ်စားဆင်ယင်မှုအပေါ် ကြွားဝါစိတ်များမထားသင့်ပါ။ ကောင်းမွန်သော အဝတ်အစားများအပေါ်တွင်သာ စိတ်ရောက်နေတတ်သဖြင့် သမ္မာတရား၏ သွန်သင်ချက်များအတွက် စိတ်နှလုံးတွင်နေရာမရှိနိုင်တော့ပါ။ မိမိတို့အား အကျိုးပြုမည်ဟုယူဆရသော လောကီဂုဏ်သရေရှိမိတ်ဆွေတစ်ဦးနှင့်တွေ့ရန် အခမ်းအနားတစ်ခုရှိလျှင် ထိုလူတန်းစားမျိုးသည် မိမိ၌ရှိသောအဝတ်အထည် များမှ အကောင်းဆုံးအဝတ်များကို ဝတ်ဆင်သွားလေ့ရှိပါသည်။ အကယ်၍ သာ ခေါင်းမဖြီးဘဲ အဝတ်အစားအညစ်များဖြင့်သွားခဲ့မည်ဆိုလျှင် ထိုမိတ်ဆွေ က သူ့ကိုစော်ကားနေသည်ဟု ထင်ပေလိမ့်မည်။ သို့ရာတွင် ထိုပုဂ္ဂိုလ်များ သည် တန်ခိုးတော်အနန္တနှင့်ပြည့်စုံတော်မူသော ဘုရားသခင်နှင့်တွေ့ရန်သွား သောအချိန်တွင် မည်သည့်အဝတ်အစားကိုဝတ်သွားသွား၊ မည်သည့်ပုံစံပေါ် နေနေ၊ ကိစ္စမရှိပါဟု အထင်ရှိနေကြပါသည်။

မှန်ကန်သောစိတ်သဘောထားရှိရမည်

ကျွန်ုပ်တို့သည် ခရစ်ယာန်များဖြစ်ကြသည်ဆိုလျှင် ကျွန်ုပ်တို့၏ အလိုနှင့်ကန့်လန့်ဖြစ်နေသောအရာဖြစ်လျှင်တောင်မှ ခရစ်တော်မိန့်တော်မူသည့် အတိုင်း လိုက်လျှောက်ကြရပါမည်။ အကယ်၍ အချည်းနှီးဖြစ်သော ဤ အ ဝတ်အစားများကိုခင်တွယ်စိတ်သည် သင်၏နှလုံးထဲတွင်ရှိနေလျှင် လက်ဝတ် ရတနာများကိုမဝတ်ဘဲသိမ်းထားခြင်းသည် သစ်ပင်တစ်ပင်မှ သစ်ရွက်တစ်ရွက် ကိုချွေလိုက်ခြင်းနှင့်တူသောကြောင့် မည်သည့်အဝတ်ကိုဝတ်၍ မည်သည့် အ ဝတ်ကိုမဝတ်ဖို့ပြောဆိုနေခြင်းသည် အကျိုးရှိနိုင်မည်မဟုတ်ပါ။ ဇာတိစိတ်သ ဘောသည် သူတို့ကိုတစ်ဖန်ပြန်လည်၍ ဆွဲဆောင်လိမ့်ဦးမည်ဖြစ်သည်။ ထို ကြောင့် သင်၌ကိုယ်ပိုင်အသိတရားရှိဖို့ အထူးလိုအပ်ပါသည်။

အသင်းတော်အများစုမထိန်းချုပ်နိုင်တော့ခြင်း

ကိုယ်အလိုကိုငြင်းပယ်၍ စိတ်နှိမ့်ချရန်မိန့်တော်မူချက်များကိုလည်း ကောင်း၊ ယဉ်ကျေးပျူငှာစွာစကားပြောကာ သင့်တင့်လျောက်ပတ်သောအဝတ်

များကိုဝတ်ရန် မိန့်တော်မူချက်များကိုလည်းကောင်း ခေတ်အဆက်ဆက် အသက်ရှင်နေထိုင်ကြသော ခရစ်ယာန်များဂရုမထားကြချေ။ ထိုကြောင့် အကျိုးဆက်အနေဖြင့် ဧဝံဂေလိတရားတော်ကိုကျောခိုင်းကာ လောကီဖက်ရှင် ခလေ့ထုံးစံနှင့်စည်းမျဉ်းများကို ကျင့်သုံးကြပါတော့သည်။ အရေးပါသော ဘုရားတရားရှိခြင်းနေရာတွင် အလှအပကိုအလေးထားသည့် အကျင့်စရိုက်များ နေရာယူလာပါသည်။ ရိုးသားဖြောင့်မတ်ခြင်းကိုဦးစားပေးလျက် ပေါ်ထွန်း လာသောအသင်းတော်အများစုသည် တစ်သင်းပြီးတစ်သင်း မိမိတို့၏အာဏာ တန်ခိုးများကို အတိုင်းအဆများစွာ လက်လွှတ်ဆုံးရှုံးသွားခဲ့ကြရပါသည်။

နှုတ်ကပတ်တော်သည်သာစံနှုန်းဖြစ်ခြင်း

ဝတ်ဆင်မှုများတွင် သမ္မာကျမ်းစာပါစည်းမျဉ်းများကိုလိုက်လျှောက် ကာ သတိကြီးစွာထားသင့်ပါသည်။ ဖက်ရှင်သည် အပြင်လောကကိုစိုးမိုး နေသော ဘုရားမတစ်ဆူဖြစ်နေရုံသာမက အသင်းတော်ထဲသို့လည်း မကြာခဏ တိုးဝင်ချဉ်းကပ်လာတတ်ပါသည်။ အသင်းတော်အနေဖြင့် နှုတ်ကပတ်တော် ကိုစံတစ်ခုအဖြစ် သတ်မှတ်ထားသင့်ပါသည်။ မိဘများအနေဖြင့်လည်း ဤ ကိစ္စအပေါ် သတိပညာရှိရှိဖြင့် သုံးသပ်သင့်ကြပါသည်။ မိမိတို့၏သားသမီး များသည် လောကဖက်ရှင်များနောက်သို့လိုက်နေသည်ကို မြင်သောအချိန်တွင် ငါနှင့်ငါ့အိမ်သားဖြစ်လျှင် ငါဝတ်သကဲ့သို့ဝတ်ဆင်ကြပါဆိုပြီး အာဗြဟံကဲ့သို့ သားသမီးများကို ယတိပြတ်အမိန့်ပေးသင့်ပါသည်။ လောကနှင့်ဆက်နွှယ် ကြမည့်အစား ဘုရားသခင်နှင့်ဆက်သွယ်ကြပါ။

## ဖက်ရှင်၏အကျိုးသက်ရောက်မှုများ

ဖက်ရှင်သည် ဤလောကကိုအုပ်စိုးထားပါသည်။ သူမသည် နိုင်လို မင်းထက်ပြုတတ်သော သခင်မတစ်ပါးဖြစ်သည်။ သူမသည် မိမိ၏နောက်လိုက် များကို စိတ်လက်မချမ်းမသာ၊ မအီမသာဖြစ်စေသည့်အရာများကို လုပ်ရန်

အမိန့်ပေးလေ့ရှိသည်။ ဖက်ရှင်သည် ကြောင်းကျိုးမဲ့စည်းကြပ်တတ်ပြီး အကြင်နာမဲ့ကောက်သိမ်းတတ်ပါသည်။ သူမ၌ဆွဲဆောင်မှုတန်ခိုးတစ်ခုရှိနေ ရုံသာမက သူမနောက်သို့မလိုက်သူများအား ပြစ်တင်ဝေဖန်ရန်နှင့်ပြက်ရယ်ပြုရန် သူမအဆင်သင့်ရှိနေတတ်ပါသည်။

ချမ်းသာသူများသည် လောကီဆင်ယင်မှုအမျိုးမျိုးတွင် သူများထက်သာအောင်ဝတ်ဆင်ရန် ရည်မှန်းချက်ထားကြသည့်နည်းတူ လူလတ်တန်းနှင့်ဆင်းရဲသားများကလည်း ၎င်းတို့ထက်အဆင့်မြင့်သည်ဟု ၎င်းတို့သတ်မှတ်ထားသည့် လူတန်းစား၏စံနှုန်းကိုအမီလိုက်ရန် ကြိုးစားနေကြပါသည်။ ငွေကြေးခွန်အားများအကန့်အသတ်ရှိနေငြားသော်လည်း လှချင်စိတ်ကပြင်းထန်နေသဖြင့် ဝန်ထုပ်ဝန်ပိုးသည် မထမ်းနိုင်လောက်အောင် လေးလာပါတော့သည်။

### ပေးရမည့်အဖိုးအခ

လွန်ခဲ့သောရာစုနှစ်များနှင့်ဆယ်စုနှစ်များအတွင်း ခေတ်စားလာသည့်ဆင်ယင်မှုများကို စဉ်းစားကြည့်ကြပါ။ လူအများသည် ချမ်းသာသူများ၏လှပသောဝတ်စားဆင်ယင်မှုများကို အားကျကြသဖြင့် မရိုးမသားမှုနှင့်ရှက်ကြောက်ဖွယ်လမ်းများသို့လျှောက်လှမ်းရန် သွေးဆောင်ခြင်းခံခဲ့ရပါသည်။ အိမ်ထောင်အများစု၌ သာယာမှုကင်းမဲ့လာကာ အသုံးကြီးသောဇနီးသည်၏အလိုကို ဖြည့်ဆည်းလိုက်ရသဖြင့် ခင်ပွန်းသည်အများစုမှာ ဒေဝါလီခံရသည့်အခြေအနေသို့ ရောက်ကုန်ကြပါသည်။

### အဝတ်အစားကိုကိုးကွယ်ခြင်း

မာနထောင်လွှားမှုများကို နေရာတကာတွင်တွေ့နေရပါသည်။ ကိုယ့်မျက်နှာကိုမှန်ထဲမှာကြည့်ပြီး ကိုယ့်ကိုကိုယ်ချီးမွမ်းနေသူများသည် ကိုယ်ကျင့်တရားမှန်ကြီးဖြစ်သော ဘုရားသခင်၏ပညတ်တော်များကို ကြည့်ရှုလိုစိတ်မရှိကြပါ။ အဝတ်အစားကိုးကွယ်မှုသည် အကျင့်စာရိတ္တ၌ရှိနေသောနိမ့်ချ

လိုစိတ်၊ နူးညံ့သိမ်မွေ့လိုစိတ်နှင့်ချစ်တတ်သည့်စိတ်များကို ဖျက်ဆီးပစ်နေပါသည်။ ဘုရားသခင်ကိုအာရုံပြုရမည့်အချိန်၊ ဘုရားသခင်ကိုရှာရမည့်အချိန်နှင့် နှုတ်ကပတ်တော်ကို ဆုတောင်းလျက်လေ့လာရမည့်အချိန်များကို အဝတ်အစားကိုးကွယ်ရာတွင် အသုံးပြုပစ်နေကြပါသည်။

ဟန်ရေးပြလိုသောစိတ်သည်အိမ်ထောင်၏စိတ်ဓာတ်ကိုအားလျော့သွား စေခြင်း

အိမ်ထောင် (၁၀) အိမ်ထောင်အနက် အိမ်ထောင် (၉) အိမ်ထောင်ကို အလှအပဝတ်စားဆင်ယင်မှု၌သာ အချိန်ကုန်နေစေရန် စာတန်ဖြားယောင်းနိုင်ခဲ့ချေပြီ။ သူဖျက်ဆီးထားသည့်လူစုထဲရှိ သားသမီးများကိုလည်း ရေတွက်ထားပြီးဖြစ်ပါသည်။ အကြောင်းမှာ မိခင်များကိုသူထိန်းချုပ်ထားနိုင်ခဲ့ချေပြီ။ ကလေးငယ်အများစုသည် ကယ်တင်ခြင်းသတင်းစကားထက် အဝတ်အစားသတင်းများကို ပို၍ကြားနေရပါသည်။ အကြောင်းမှာ သူတို့၏မိခင်များသည် ကယ်တင်ရှင်နှင့်ရင်းနှီးသည်ထက် ဖက်ရှင်နှင့်ပို၍ရင်းနှီးနေကြပါသည်။ မိခင်နှင့်ကလေးများသည် အသက်တာ၏အကောင်းဆုံး၊ အမွန်မြတ်ဆုံး၊ အချိုသာဆုံးသောအရာများကို လုယူခြင်းခံနေရပါသည်။ သူတို့သည် ဖက်ရှင်နောက်ကိုလိုက်နေရသဖြင့် တမလွန်အသက်တာအတွက် ပြင်ဆင်မှုများကိုမလုပ်နိုင်ကြတော့ချေ။

ဖက်ရှင်ဒီရေကိုမတားဝံ့ပါ

ဖက်ရှင်သည် ကာယ၊ ဉာဏနှင့် ဘုရားတရားကိစ္စများအပေါ်တွင် ကြောက်မက်ဖွယ်အကျိုးသက်ရောက်မှုများကို ဖြစ်စေပါသည်။ အမျိုးသမီးများသည် အမှန်တရားဘက်တွင်ရပ်တည်ရန် သတ္တိနည်းပါးမှုကြောင့် ဖက်ရှင်ရေစီးကြောင်း၏ဆွဲဆောင်မှုနောက်သို့ လိုက်ပါသွားကြပါသည်။ ခရစ်ယာန်မိခင်များသည်ပင် ဖက်ရှင်ကိုဘုရားတစ်ဆူအနေဖြင့်ကိုးကွယ်သော လူအုပ်ကြီးနောက်သို့လိုက်နိုင်ရန် ဘုရားပေးစည်းမျဉ်းများကို စတေးနေကြပါသည်။

လောကဖက်ရှင်များကို မြတ်နိုးတွယ်တာအောင် သားသမီးများကို အားမပေးကြပါနှင့်။ အကယ်၍သာ ကျွန်ုပ်တို့သည် ၎င်းတို့အား မှန်ကန်စွာ သင်ကြားပေးခဲ့ကြမည်ဆိုလျှင် သူတို့သည် ဖက်ရှင်ကိုမြတ်နိုးကြလိမ့်မည် မဟုတ်ပါ။ လောကီဖက်ရှင်များသည် မဖွယ်မရာကိစ္စများကို မကြာခဏ ဖြစ်တတ်ရာ သင်သည်ထိုအရာများနှင့်ဆန့်ကျင်ကာ ခိုင်မာစွာရပ်တည်ရပါ မည်။

## ရှိုးပြလိုသူများဆွတ်ခူးရမည့်အသီးအပွင့်များ

အဝတ်အစားနှင့်အပျော်အပါးမြတ်နိုးစိတ်သည် ထောင်ပေါင်းများစွာ သော လူသားများ၏ပျော်ရွှင်မှုကို ဖျက်ဆီးပစ်နေပါသည်။ အဝတ်အစား ဟိတ်ဟန်ထုတ်ခြင်းနှင့် အပျော်အပါးမြတ်နိုးခြင်းများကို စိတ်အလိုရှိသည့် အတိုင်း လုပ်နိုင်ခွင့်ရှိကြလိမ့်မည်ဆိုလျှင် အချို့လူငယ်များသည် ခရစ်ယာန် ဟူသောအမည်ကို စွန့်လွှတ်လိုသည်အထိ ရှိုးပြလိုစိတ်များပြင်းထန်နေကြ ပါသည်။

–၀–



# အခန်း (၁၆)
# ကိုယ်ကျင့်တရားဆိုင်ရာဂုဏ်သိက္ခာကိုထိန်းသိမ်းခြင်း

လူငယ်အများစုသည် စာဂျပိုးများဖြစ်ကြသည်။ ရနိုင်သမျှသော စာအုပ်များကို သူတို့ဖတ်နေကြပါသည်။ အချစ်ဝတ္ထုများနှင့် ညစ်ညမ်းစာပေများသည် ၎င်းတို့အားစာရိတ္တပျက်ယွင်းစေပါသည်။ ဝတ္ထုစာအုပ်များကို အဖတ်များကြသည်။ ထိုကြောင့် ၎င်းတို့၏စိတ်ကူးစိတ်သန်းများသည် ညစ်ညမ်း လာပါသည်။ ဝတ်လစ်စလစ်ဖြင့်ရိုက်ထားသည့် အမျိုးသမီးဓာတ်ပုံများကိုလည်း အရောင်းဈေးကွက်တွင် တွေ့ရပါသည်။ အကျင့်စာရိတ္တဖောက်ပြန် ပျက်စီးခြင်းများကို နေရာတကာမှာတွေ့နိုင်သည့်ခေတ်မှာ ယခုခေတ်ပင်ဖြစ်ပါသည်။ ကြည့်ရသောဓာတ်ပုံများနှင့် ဖတ်ရသောစာအုပ်များအားဖြင့် တဏှာမီးတောက်နေသောမျက်လုံးများနှင့် ဖောက်ပြန်သောရမ္မက်များကို ပိုမိုနိုးထ စေလျက်ရှိပါသည်။ စိတ်နှလုံးသည်လည်း မကောင်းသောစိတ်ကူးစိတ်သန်းများဖြင့် ပျက်ယွင်းလျက်ရှိပါသည်။ နိမ့်ကျယုတ်ညံ့သောရမ္မက်များအပေါ် အာရုံနိုးကြွစေသည့် မြင်ကွင်းများကိုရှုကြည့်ကာ စိတ်နှလုံးများသည် သာယာနေကြပါသည်။ ညစ်ညမ်းသောစိတ်ကူးစိတ်သန်းများတွင် ထင်ရှားစွာတွေ့နေရသော ဆိုးရွားသည့်ဤပြယုဂ်များသည် ကိုယ်ကျင့်တရားကိုပျက်ပြားစေရုံ သာမက အလည့်ဖြားခံရသဖြင့် အရူးအမူးဖြစ်နေသောလူသားများကို တဏှာရာဂကြီးမားသည့်ရမ္မက်များ၌ အထိန်းအကွပ်မဲ့ကျက်စားစေလျက်ရှိပါသည်။

လိင်ကိစ္စတွင်ဖောက်ပြန်ခြင်းတည်းဟူသောအထူးအပြစ်

ကိုယ်ကျင့်တရားဖောက်ပြန်မှုများသည် နေရာတကာတွင် အလျှံပယ်ဖြစ်ပျက်နေပါသည်။ လိင်ဖောက်ပြန်မှုသည် ဤခေတ်ဤအခါ၏ထူးခြားသောအပြစ်တစ်ခုဖြစ်ပါသည်။ ထိုအကျင့်ဆိုး၏ယုံရွံ့နေသောဦးခေါင်းသည် ယခုခေတ်အခါလောက် ရဲတင်းစွာထောင်နေသောခေတ်မရှိခဲ့ဖူးပါ။ ထုံထိုင်း

သယောင်ဖြစ်နေသောလူများနှင့် စစ်မှန်သောကောင်းမြတ်ခြင်းကို မြတ်နိုးသူများပင်လျှင် ထိုဖောက်ပြန်မှု၏ရဲတင်းမှု၊ အားကောင်းမှုနှင့် ပျံ့နှံ့မှုအားများကြောင့် စိတ်ဓာတ်ကျလုနီးနီးဖြစ်နေပါသည်။

မိမိလူတို့အား ဘုရားသခင့်ထံမှကွဲကွာစေသည့်အရာမှ စုံစမ်းနှောင့်ယှက် ခြင်းမဟုတ်သလို ဆင်းရဲဒုက္ခလည်းမဟုတ်ဘဲ အပြစ်သာဖြစ်ပါသည်။ အပြစ် သည် လူသားများအား ကိုယ်တော်ရှင်၌မမွေ့လျော်နိုင်အောင်လုပ်ဆောင်သည့်အပြင် ကိုယ်တော်ရှင်အား ချီးမွမ်းထောမနာမပြုနိုင်အောင် တားဆီးနေပါသည်။ လူသားမျိုးနွယ်ကိုဖျက်ဆီးနေသည့်အရာမှာ အပြစ်ပင်ဖြစ်ပါသည်။

## လူ့အသိုက်အဝန်း၏အနာဂတ်အတွက်အညွှန်းမာတိကာတစ်ခု

ယနေ့လူငယ်များသည် အနာဂတ်လူ့အသိုက်အဝန်းအတွက် သေချာသောအညွှန်းမာတိကာတစ်ခုဖြစ်သည်။ ကျွန်ုပ်တို့သည် သူတို့ကိုကြည့်နေစဉ်အနာဂတ်ကာလအတွက် မည်သည့်အရာကိုမျှော်လင့်နိုင်ပါမည်နည်း။ လူအများစုသည် အပျော်အပါးကိုနှစ်သက်မြတ်နိုးသော်လည်း အလုပ်လုပ်ရမည်ကိုမူ မနှစ်သက်ကြချေ။ ၎င်းတို့သည် မိမိကိုယ်ကိုထိန်းချုပ်နိုင်စွမ်းနည်းပါးသဖြင့် အသေးအဖွဲကိစ္စကလေးများအပေါ်မှာပင် စိတ်လှုပ်ရှားလာတတ်ကြသည်။ စိတ်ဆိုးလာတတ်ကြပါသည်။ သက်တမ်းအသီးသီးနှင့် ရာထူးအဆင့်အသီးသီး ရှိလူများစွာတို့သည် စည်းကမ်းမဲ့နေကြသကဲ့သို့ အသိတရားများလည်းကင်းမဲ့ နေကြပါသည်။ သူတို့သည် အလုပ်ပျင်းသော်လည်း အသုံးကြီးသောအကျင့် များဖြင့် ဖောက်ပြန်သောအကျင့်ဆိုးများနှင့်ပြည့်နှက်နေသည့် လူ့အသိုက်အဝန်း ထဲသို့ တိုးဝင်လျက်ရှိကြသည်။

## မိမိကိုယ်ကိုဖျက်ဆီးနေသည့်ပြဿနာများ

လူငယ်မောင်မယ်များသည် စာရိတ္တဖောက်ပြန်မှုများတွင် ပါဝင်ပတ်သက်နေကြပြီး ကိုယ်စိတ်နှစ်ပါးစလုံးကိုဖျက်ဆီးသည့် ရွံ့ရှာစရာ

မကောင်းမှုကို ကျင့်သုံးနေကြပါသည်။ ဘုရားသခင်၏ရုပ်လုံးတော်နှင့်အညီ ဖန်ဆင်းထားသည့် အမြင့်မြတ်ဆုံးသတ္တဝါဖြစ်သော လူသားများသည် မိမိကိုယ်တိုင် တိရစ္ဆာန်ဘဝကိုကူးပြောင်းနေကြပါသည်။ မိမိကိုယ်ကို ရိုင်းစိုင်းပြီးစာရိတ္တဖောက်ပြန်သူများဖြစ်အောင် လုပ်နေကြပါသည်။

ကိုယ်ကျင့်တရားညစ်ညမ်းခြင်းသည် လူသားများကို သေးသိမ်ယုတ်ညံ့သွားအောင်လုပ်ဆောင်ရာတွင် အခြားဒုစရိုက်များထက် ပို၍စွမ်းဆောင်နိုင်သည်။ ထိုညစ်ညမ်းမှုကို ကြောက်စရာကောင်းလောက်အောင် ကျင့်သုံးနေကြသဖြင့် ဖော်ပြလို့ရသမျှ ရောဂါအားလုံးလောက်ကို ဖြစ်ပေါ်စေလျက်ရှိပါသည်။ သဘာဝအတိုင်းရှိသောလိင်စိတ်ဖြင့် မွေးဖွားလာသောကလေးငယ်များပင်လျှင် မိမိ၏လိင်အစိတ်အပိုင်းကိုကိုင်တွယ်ရာမှ တဒင်္ဂသာယာမှုရလာကာ ထပ်ခါတလဲလဲလိင်စိတ်ကိုဆွပေးခြင်းဖြင့် အသက်အရွယ်ကြီးလာသည်နှင့်အမျှ လိင်ဖောက်ပြန်မှုများတွင် ပါဝင်ပတ်သက်လာပါတော့သည်။

### အမွေဆက်ခံရရှိသောတဏှာစိတ်

လိင်ကိစ္စနှင့်ပတ်သက်၍ ကလေးများနားလည်နေကြသည်ကို မိဘအများစုကသံသယမရှိကြပါ။ ကလေးများရင်ဆိုင်နေရသော ထိုပြဿနာ၏တရားခံအစစ်မှာ မိဘများပင်ဖြစ်သည်။ သူတို့သည် အိမ်ထောင်သည်အခွင့်အရေးများကို အလွဲသုံးစားလုပ်ကာ အလေလိုက်ခြင်းအားဖြင့် သူတို့၏တဏှာရာဂစိတ်များကို အားကောင်းအောင်လုပ်နေကြသည်။ တဏှာရာဂ စိတ်ပြင်းထန်လာသည်နှင့်အမျှ ကိုယ်ကျင့်တရားနှင့်အသိဉာဏ်ဆိုင်ရာစွမ်းအားများသည် အားနည်းသွားတတ်ပါသည်။ ယုံကြည်သက်ဝင်မှုများသည်လည်း ရက်စက်ကြမ်းတမ်းမှုများအောက်တွင် အဖိနှိပ်ခံရပါတော့သည်။ ကလေးများမှ မိဘများ၏စာရိတ္တအမှတ်တံဆိပ်ဖြစ်သော တိရစ္ဆာန်စိတ်ထားအပြည့်ဖြင့် မွေးဖွား လာကြပါသည်။ ဤကဲ့သို့သောမိဘများမှ မွေးဖွားလာသောကလေးများ၌ မကောင်းမှုဒုစရိုက်၏စက်ဆုပ်ရွံရှာဖွယ်အကျင့်ဆိုးများ အလိုလိုပါလာတတ်ပါသည်။

ကျွန်ဘဝသို့အသိမ်းသွင်းခံရခြင်း

အားကောင်းသောတိရစ္ဆာန်ရမ္မက်များသည် ပညာတတ်အစွမ်းအစ ရှိသော အမျိုးသားအမျိုးသမီးများကိုပင် ထိန်းချုပ်လျက်ရှိပါသည်။ ထိုရမ္မက်၏ထိန်းချုပ်မှုကိုသာမခံခဲ့ကြရလျှင် သူတို့သည် ကောင်းမြတ်သောအလုပ်များကို လုပ်နိုင်စွမ်းရှိပါလိမ့်မည်။ ဩဇာအာဏာကြီးမားသူများလည်း ဖြစ်လာနိုင်ကြပါသည်။ အခြားလိင်များနှင့် မလျော်ကန်သောဆက်ဆံမှုများမပြုလုပ်သည့် ယဉ်ကျေးသိမ်မွေ့သောသူများပင်လျှင် ခြေပုန်းခုတ်ကာ ထိုမကောင်းမှုကိုကျူးလွန်နေတတ်ကြပါသည်။

အပျော်အပါးလိုက်စားခြင်းပညာကိုအပျော်အပါးလိုက်စားသူများကဖြန့်ချိ နေခြင်း

စပ်စုခြင်းများရတ်တရက်နိုးကြွလာကာ ယုတ်ညံ့သောအကျင့်ဆိုးကို မလုပ်တတ်သူတစ်ယောက်မျှမကျန်တော့သည်အထိ လူငယ်တစ်ယောက်မှ တစ်ယောက်သို့လည်းကောင်း၊ ကလေးတစ်ယောက်မှတစ်ယောက်သို့လည်း ကောင်း လက်ဆင့်ကမ်းဖြန့်ချိသင်ကြားပေးနေကြပါသည်။ ဖောက်ပြန်ပျက်ယွင်းနေသောစိတ်သည် အချိန်တိုအတွင်းမှာပင် အကျင့်ဆိုးမျိုးစေ့များကို ကြဲဖြန့်တတ်ပါသည်။ ထိုမျိုးစေ့မှပေါက်လာသောအပင်များကိုနုတ်ပစ်ရန် တစ်သက်လုံးလုပ်ဆောင်ကြရပါလိမ့်မည်။

အကျိုးမဲ့စေသည့်အကျင့်စရိုက်များ

ခိုးချောင်ခိုးဝှက်လုပ်ရသည့် ထိုအကျင့်ဆိုးများသည် ခန္ဓာကိုယ်၏ အရေးပါသောစနစ်များကို ပျက်ယွင်းစေပါသည်။ မလိုအပ်ဘဲ လုပ်ဆောင်နေသောလှုပ်ရှားမှုများကြောင့် များများလုပ်လျှင် စိတ်ဖိစီးမှုများများခံရပြီး နည်းနည်းလုပ်လျှင် ဖိစီးမှုနည်းနည်းခံစားလာကြရပါသည်။ လူငယ်အရွယ်မှာ ဦးနှောက်ကိုအလွန်အကျွံအသုံးပြုကြသဖြင့် ဦးနှောက်သည် ချို့တဲ့အားယုတ်

လာရာ ခန္ဓာကိုယ်ရှိစနစ်အသီးသီးကို ရောဂါဘယများမှကာကွယ်ရန် မစွမ်းဆောင်နိုင်တော့ချေ။

အသက်ကြီးလာသောအခါရောဂါရလာခြင်း

အပျော်အပါးလိုက်စားခြင်းကို အသက်ဆယ့်ငါးနှစ်အရွယ်မှ စတင်လုပ်ဆောင်ခဲ့မည်ဆိုလျှင် ရောဂါဘယများကို ကြုံကြားခံစားလာရမည်ဖြစ်ပြီး အသက် (၃၀) နှင့် (၄၅) နှစ်အကြားတွင်မူ အပျော်အပါးလိုက်စားခြင်း၏ ရလဒ်အဖြစ် အသည်းရောဂါ၊ အဆုတ်ရောဂါ၊ ဦးနှောက်ပိုင်းအကြောတက်ရောဂါ၊ အဆစ်အမြစ်နာကျင်သည့်ရောဂါ၊ ကျောနာသည့်ရောဂါ၊ ကျောက်ကပ်ရောဂါနှင့်တကွ ကင်ဆာရောဂါများကိုပင် ခံစားရတတ်ပါသည်။

ဆဋ္ဌမပညတ်တော်ကိုဖောက်ဖျက်ခြင်း

လူတစ်ယောက်၏အသက်ကို ဖြည်းဖြည်းချင်းဖျက်ဆီးခြင်းသည် လူတစ်ယောက်အား ရုတ်တရက်သေအောင်လုပ်ခြင်းထက် အပြစ်ကြီးပါသည်။ မှားယွင်းသောအပြုအမူများအားဖြင့် မိမိကိုယ်ကိုပျက်ယွင်းအောင် လုပ်ဆောင်နေသူများသည် ထိုအပြစ်၏အဖိုးအခကို ဤဘဝမှာပင် ပေးဆပ်ကြရမည်ဖြစ်ပါသည်။

စိတ်ပိုင်းဆိုင်ရာအားနည်းခြင်း

ကလေးများလုပ်နေရသောသင်ခန်းစာများသည် အလွန်များပြားသဖြင့် ကလေးများကျန်းမာရေးထိခိုက်လာရသည်ဟုအထင်ရှိကာ သားသမီးများကိုချစ်တတ်သောမိဘများက မိမိတို့၏သားသမီးကလေးများကို သနားနေကြပါသည်။ မှန်ပါသည်၊ ကလေးငယ်များ၏စိတ်ကို အလွန်ခက်၍များပြားလှသောစာအုပ်များဖြင့် ဝန်ပိအောင်မလုပ်ဖို့ အကြံပြုလိုပါသည်။ အချို့ကလေးငယ်များမှာ စိတ်ပိုင်းဆိုင်ရာအားနည်းမှုများရှိလာသဖြင့် ၎င်းတို့အသုံးပြုသင့်သည့်အသိဉာဏ်ထက်မြက်မှုများ၏တစ်ဝက် (သို့မဟုတ်) သုံးပုံတစ်ပုံ

လောက်သာ အသုံးချနိုင်ကြပါတော့သည်။ ကိုယ့်ကိုကိုယ်တလွဲအသုံးချခြင်းကြောင့် ၎င်းတို့၏ထက်မြက်သောဉာဏ်ရည်ဉာဏ်သွေးများ ဆုံးရှုံးခဲ့ကြရပါသည်။

စိတ်ဓာတ်ကြံ့ခိုင်ခြင်းနှင့်ဝိညာဉ်ရေးအသက်တာအဖျက်ဆီးခံရခြင်း

အပျော်အပါးလိုက်စားခြင်းသည် ကြံ့ခိုင်သောစိတ်၊ ကြိုးစားလိုသည့်စိတ်နှင့် ကိုယ်ကျင့်တရားကောင်းအောင် လုပ်ဆောင်လိုသောစိတ်များကိုဖျက်ဆီးသည့်အရာတစ်ခုဖြစ်သည်။

ယုံကြည်သက်ဝင်မှုသည်အပြင်ပန်းဖြစ်ရုံသာမကအားနည်းခြောက်ခန်း နေခြင်း

သူတို့သည် ဘာသာရေးကို အပြင်ပန်းအားဖြင့်လိုက်စားနေသော်လည်း ဘုရားသခင်၏ကရုဏာတော်သည် ၎င်းတို့၏စိတ်နှလုံး၌ ခြောက်ခန်းနေချေပြီ။ သူတို့သည် အမှုတော်အတွက်ဆက်ကပ်မှုမရှိသလို သခင်ဘုရားကိုကိုးစားခြင်း၊ ချီးမွမ်းထောမနာပြုခြင်းများမရှိကြပါ။ ဘာသာရေးအခမ်းအနားများတွင်လည်း ပျော်ရွှင်မှုမရှိကြတော့ပါ။ သခင်ဘုရားကို ၎င်းတို့မနှစ်ခြိုက်ကြတော့ပါ။

မိမိကိုယ်ကိုအုပ်စိုးနိုင်စွမ်းများပျောက်ဆုံးခြင်း

အမျိုးသမီး၊ အမျိုးသားများသည် စည်းကမ်းမဲ့နေကြသည်။ ဝိညာဉ်ရေးခွန်အားများလည်း ပျောက်ဆုံးလုဆဲဆဲဖြစ်နေကြသည်။ အကြောင်းမှာ မိမိကိုယ်ကိုအုပ်စိုးသည့်အစွမ်းတန်ခိုးများကို ပျောက်ဆုံးသွားစေနိုင်သည့် ခံတွင်းအလိုလိုက်ခြင်းကို မွေးမြူနေကြပါသည်။ ၎င်းတို့၌ရှိနေသော နိမ့်ကျသေးသိမ်သောရမ္မက်ဇက်ကြိုးကိုဆွဲလိုက်ကြရာ ကိုယ့်ကိုကိုယ်အုပ်စိုးနိုင်စွမ်းများသည်ဖောက်ပြန်ပျက်စီးနေသော ရမ္မက်၏ကျေးကျွန်များဖြစ်သွားပါသည်။ ထိုပုဂ္ဂိုလ်သည် အနိမ့်ကျဆုံးသောချုပ်နှောင်မှုကို ခံလိုက်ရပါတော့သည်။

မိမိကိုယ်ကိုမလေးစားတော့ခြင်း

ထိုကဲ့သို့သော ယုတ်ညံ့သည့်အကျင့်များ၏အကျိုးသက်ရောက်မှုသည် လူငယ်များအပေါ်သို့ ထူးထူးခြားခြားကျရောက်လျက်ရှိသည်။ ကိုယ်ကျင့်တရားအလွန်ကောင်းမွန်နေသော ကလေးအချို့ပင်လျှင် ထိုအကျင့်ဆိုးများနှင့် ထိတွေ့မှုရှိလာသောအချိန်တွင် ထိုအကျင့်ဆိုးများကို အစပြုလုပ်ဆောင်လာကြပါသည်။ သူတို့သည် တစ်ခါတစ်ရံတွင် သံဝေဂတရားများအကြီးအကျယ် ရတတ်ကြပြီး မိမိကိုယ်ကိုနိမ့်ကျသွားပြီဟု ခံစားရကာ ကိုယ့်ကိုကိုယ်လေးစားမှု ကင်းမဲ့လာကြပါသည်။

စုံစမ်းနှောင့်ယှက်ခြင်းများကိုစိတ်ထဲသို့မဝင်နိုင်အောင်ဟန့်တားကြပါ

ရှိနှင့်ပြီးသားကိုယ်ကျင့်တရားနှင့်ဆန့်ကျင်ဘက်ဖြစ်သော အကျင့်စရိုက်များထိတွေ့သောအချိန်တွင် စိတ်တန်ခိုးများသည် အလွန်အမင်းယုတ်လျော့ သွားတတ်ပါသည်။ ညစ်ညမ်းသောအတွေးများက စိတ်ကိုစိုးမိုးထိန်းချုပ်ပြီး ဖြစ်ရာ စုံစမ်းနှောင့်ယှက်ခြင်းကိုတွန်းလှန်ရန် အလွန်ခက်ခဲလာပါသည်။ အကယ်၍သာ မြင့်မြတ်သောအရာများအပေါ်၌သာ အာရုံထားကြမည်ဆိုလျှင် စိတ်ကူးစိတ်သန်းများသည် စင်ကြယ်သောအရာများကိုသာ ကြည့်ရှုသည့် အကျင့်ရနေသောကြောင့် စုံစမ်းနှောင့်ယှက်ခြင်းများကိုလည်း စိတ်ထဲသို့ရောက်မလာနိုင်အောင် အကာအကွယ်ပေးနိုင်လိမ့်မည်ဖြစ်ပါသည်။

ဤအရာများအပေါ်၌အသိတရားရှိခြင်း

လူအပေါင်းတို့သည် မကောင်းသောအရာဖြစ်သည်၊ မဖြစ်သည်ကို မြင်တွေ့နိုင်စွမ်းရှိကြသည်။ သူတို့သည် အလင်းကိုမရွေးဘဲ အမှောင်ကိုရွေးကြလျှင် ပြစ်မှုမြောက်သောလုပ်ရပ်များကို လုပ်ဆောင်နေခြင်းဖြစ်ပါသည်။ ဤအရာများကို ကောင်းစွာသိမြင်နားလည်ရန် စာပေများကိုဖတ်ရှုလေ့လာကြပါ။ ဤအရာများသည် လူသားများ၏ကာယ၊ ဉာဏနှင့် ကိုယ်ကျင့်တရားဆိုင်ရာ ခွန်အားများကို ထိခိုက်ပျက်စီးစေနိုင်ပါသည်။

# ဂရုပြုနားထောင်ကြပါ

လူငယ်လူရွယ်များ၏ငွေကြေးသုံးဖြုန်းတတ်မှုမှာ မယုံကြည်နိုင်လောက်အောင်ပင် ဖြစ်ပါသည်။ အပျော်အပါးလိုက်စားခြင်းသည် ကလေးများကို ဖျက်ဆီးကာ ၎င်းတို့၌ရှိသော ဘုရားသခင်၏ရုပ်လုံးကိုပျက်ပြားအောင် လုပ်ဆောင်နေသည်ကို မိဘများမသိရှိကြချေ။ သောဒုံမြို့သားများ၌ ရှိခဲ့ဖူး သောအပြစ်မျိုးသည် ၎င်းတို့၌ရှိနေချေပြီ။ ဘုရားသခင်ကိုချစ်ခင်လေးစားကာ နှုတ်ကပတ်တော်များကို နာခံလိုက်လျှောက်ရန် သားသမီးများအား သင်ကြားမပေးခဲ့ကြသဖြင့် ဤကိစ္စတွင် မိဘများ၌တာဝန်ရှိနေပါသည်။ သားသမီးများအား ဘုရားသခင်ချမှတ်ထားသည့်လမ်းစဉ်အတိုင်း နေထိုင်အသက်ရှင်ရန် သူတို့ကောင်းမွန်စွာမသင်ပေးခဲ့ကြပါ။ ကလေးများကို သူတို့ကောင်းမွန်စွာ မအုပ်ထိန်းခဲ့ကြပါ။ သူတို့သည် သားသမီးများအား အပြင်သို့သွားချင်သလို သွားခွင့်ပြုကာ အပြင်လောကမှလူများနှင့်ပေါင်းသင်းဆက်ဆံခွင့်ပြုခဲ့ကြပါသည်။ မိဘများ၏ သွန်သင်ချက်နှင့်သြဇာအာဏာများကို တိုက်ဖျက်နေသော အပြင်လောက၏ သြဇာလွှမ်းမိုးမှုကို ဘုရားတရားရှိသည်ဆိုသည့် လူ့အသိုက် အဝန်းမှာပင် များစွာတွေ့နေရပါသည်။ ကျွန်ုပ်တို့သည်ဆုတ်ယုတ်သော ဤ ခေတ်ဤအခါ၏ဖက်ရှင်များ၊ အလေ့အထများကို တစ်လက်မမှအလျှော့မပေးဘဲ ကြံ့ကြံ့ခံရပ်တည်ရမည့်အပြင် ပျက်စီးယိုယွင်းနေသော ရုပ်တုကိုးကွယ်မှုများနှင့် အပေးအယူမလုပ်သည့် ကိုယ်ကျင့်တရားဆိုင်ရာလွတ်လပ်မှုတွင် ရပ်တည်ကြရပါမည်။

## အလင်းကြွယ်စေနိုင်ခြင်းကိုဥပေက္ခာပြုခြင်း

၎င်းတို့၏အလုပ်အကိုင်များ၊ အာရုံပြုမှုများနှင့်နှစ်ခြိုက်မှုများသည် ခရစ်တော်၏တပည့်တော်များကဲ့သို့ ကောင်းမြတ်သောအရာများသာ ဖြစ်သင့်ပါသည်။ လူအများစုမှာ မိမိတို့၏အပြစ်များသောအကျင့်ဓလေ့များနှင့် ထိုအကျင့်ဆိုးများကြောင့် ခံစားရမည့်ဆိုးကျိုးများကို မသိကျိုးကျွန်ပြုနေကြပါသည်။

မိဘများအိပ်စက်နေစဉ်စာတန်အလုပ်လုပ်နေခြင်း

ဤခေတ်သည် မြန်ဆန်သောခေတ်တစ်ခေတ်ဖြစ်သည်။ ယဉ်ကျေးသိမ်မွေ့မှုများကို သင်ကြားပေးနေသည့် မူကြိုကျောင်းကိုတက်သည့်အချိန်မှာပင် ယောကျာ်းလေးများနှင့်မိန်းကလေးငယ်များသည် တစ်ဦး၏လုပ်ကိုင်ဆောင်ရွက်ပုံကို တစ်ဦးကအစပြုအာရုံစိုက်နေကြပါသည်။ ဤကဲ့သို့ရောထွေးထားခြင်းကြောင့် မည်သည့်အကျိုးဆက်များဖြစ်ပေါ်လာနိုင်ပါသနည်း။ ရိုးစင်းသောအကျင့်စရိုက်များ တိုးပွားလာစေနိုင်ပါသလား။ ကောင်းသောအကျင့်စရိုက်များ လုံးဝတိုးတက်လာနိုင်ခြင်းမရှိပါ။ တဏှာရာဂစိတ်များသာ အစပျိုးလာစေနိုင်ပါသည်။

မိဘများသည် ငိုက်မျဉ်းနေကြပါသည်။ ထိုစဉ်တွင် သားသမီးများသည် စိတ်ကူးယဉ်အချစ်ရောဂါများ၏ဖမ်းစားခြင်းကို ခံနေကြရသဖြင့် သမ္မာတရားသည် ၎င်းတို့၏အမှားများကို ပြင်ပေးနိုင်စွမ်းမရှိတော့ချေ။ ဤဒုစရိုက်ဒီရေလှိုင်းကိုဟန့်တားနိုင်ရန် မည်သည့်အရာကိုလုပ်ဆောင်ကြမည်နည်း။ မိဘများသည် ဆန္ဒရှိကြလျှင် များစွာဟန့်တားနိုင်စွမ်းရှိကြပါသည်။

ဆယ်ကျော်သက်ထဲသို့ဝင်လာသော အမျိုးသမီးကလေးတစ်ဦးကို သူမနှင့်အသက်တူ (သို့မဟုတ်) အနည်းငယ်အသက်ကြီးသော အမျိုးသားကလေးတစ်ယောက်က လာရောက်မြူဆွယ်လာလျှင် ထိုလုပ်ဆောင်မှုကို သဘောမကျသည့်ပုံပြရန် သူမအားသွန်သင်ထားရပါမည်။ သို့မှသာ နောက်တစ်ခါလာရောက်မြူဆွယ်တော့မည်မဟုတ်ပါ။ အမျိုးသမီးကလေး တစ်ယောက်ကိုအဖော်ပြုရန် အမျိုးသားကလေးများက ကြိုးစားသောအချိန်တွင် ဖောက်ပြန်မှုတစ်ခုဖြစ်နေချေပြီ။ ထိုအချိန်မျိုးတွင် သူမ၏အခြေအနေမှန်ကို ဖော်ပြသွန်သင်ပေးမည့် မိခင်တစ်ယောက်ရှိဖို့ လိုအပ်ပါသည်။

## ကလေးများအတွက်လုံခြုံမှု

သားသမီးများအား ရင်ခွင်ပိုက်အရွယ်မှစ၍ ကိုယ့်ကိုကိုယ်ထိန်းချုပ်တတ်အောင်သင်ကြားပေးခြင်းနှင့် မိဘများ၏အလိုဆန္ဒအတိုင်း လိုက်နာ

လုပ်ဆောင်တတ်အောင် သင်ကြားပေးခြင်းများသည် အလွန်အရေးပါလှပါသည်။ နိုးကြားနေသည့်ကြောက်လန့်စိတ်ကို ငြိမ်သွားအောင်လုပ်ကာ မသိမသာ ဖျက်လိုဖျက်ဆီးလုပ်သည့် အကျင့်စရိုက်တွင် ဆက်လက်လိုက်စားစေသည့် သွေးဆောင် မှုအမျိုးမျိုးသည် မည်သည့်ပုံစံနှင့်ရောက်လာသည်ဖြစ်စေ၊ ၎င်းတို့၏ရန်သူပင်ဖြစ်သည်ကို သားသမီးများအားပြောပြထားကြပါ။

## စင်ကြယ်ခြင်းကိုထိန်းသိမ်းကြပါ

သားသမီးများ၏အကျင့်စရိုက်များကို မသိကျိုးကျွန်ပြုလုပ်နေခြင်းသည် မိခင်တစ်ယောက်အတွက် ရာဇဝတ်မှုတစ်ခုကို ကျူးလွန်နေခြင်းနှင့်တူပါသည်။

လူငယ်များသည် ဤအပျော်အပါးလိုက်စားတတ်ခြင်းကို နှစ်နှင့်ချီ၍ ကျင့်သုံးလာသည်နှင့်အမျှ ထိုအကျင့်ဆိုးသည်လည်း ပို၍အားကောင်း လာပါသည်။ အဆုံးတွင် သူ၌ရှိထားသည့်ကိုယ်စိတ်နှစ်ပါး၏စွမ်းရည်များသည် လျော့ပါးပျက်စီးကုန်ပါသည်။ ကျန်းမာရေးကိုဖျက်ဆီးနိုင်သော ထိုအကျင့်ဆိုး၏ဩဇာသက်ရောက်မှုများကို သူတို့အားဂရုတစိုက်သင်ကြားထား ပေးလျှင် လူငယ်များစွာကို ထိုအဖြစ်ဆိုးမှ ကယ်တင်နိုင်ပါလိမ့်မည်။ အမှန်မှာ အပျော်အပါးလိုက်စားခြင်းကြောင့် များစွာသောရောဂါဝေဒနာများကို ခံစားရသည်ဟူသော အမှန်တရားကို သူတို့မသိရှိကြပါ။

မိခင်တို့၊ သင်တို့၏သားသမီးများအား ထိုအကျင့်ဆိုးများမလုပ်တတ်အောင်ကာကွယ်ရန် သင်တို့အထူးဂရုမစိုက်နိုင်ကြပါ။ မကောင်းမှုများကို သင်ယူရန် လွယ်ကူသလောက် စွဲပြီးမှဖျောက်ဖျက်ပစ်ရန် ခက်လှပါသည်။

## သေသေချာချာစောင့်ကြည့်ပြီးအနီးကပ်စုံစမ်းခြင်း

အကယ်၍ သင်၏သားသမီးများသည် အပျော်အပါးလိုက်စားနေကြပြီဆိုလျှင် သင့်ကိုလှည့်ဖြားရန် မမှန်မကန်သည့်စကားများကို သုံးရတော့မည့်အန္တရာယ်စက်ကွင်းထဲသို့ သူတို့ရောက်နေချေပြီ။ သို့သော် သင့်အနေဖြင့် စုံစမ်းထောက်လှမ်းခြင်းများကို ရပ်တန့်လိုက်ကာ ငြိမ်မနေသင့်ပါ။ အမှန်တရား

ကိုဖုံးကွယ်ရန် မည်သို့ပင်ငင်းတို့ကြိုးစားသည်ဖြစ်စေ၊ သေချာစွာစောင့်ကြည့်ပြီး အနီးကပ်စုံစမ်းထောက်လှမ်းမှုများကို ပြုလုပ်ခြင်းဖြင့် အမှန်တရားသည် အဆုံး တွင်ပေါ်ထွက်လာပါလိမ့်မည်။ အပျော်အပါးလိုက်စားခြင်းသည် မိမိ ကိုယ်ကို အလေးထားမှုနှင့် မြင့်မြတ်သောအကျင့်စာရိတ္တများကို ဖျက်ဆီးပစ် သည်သာ မက ကျန်းမာရေးနှင့်ကိုယ်ကျင့်တရားများကိုလည်း ပျက်စီးစေသည်ကို သူတို့ သဘောပေါက်အောင်ပြောပြပါ။ ထိုဆိုးရွားသောအမည်းစက်သည် ဘုရားသခင် ကိုချစ်သည့်စိတ်နှင့် သန့်ရှင်းခြင်း၏လှပတင့်တယ်မှုများကို ထိုသူထံမှဖျက် ထုတ်ပစ်ပါလိမ့်မည်။ ထိုအကျင့်ဆိုးကို မိမိ၏သားသမီးများ မလုပ်တော့ ကြောင်း သေချာသောအထောက်အထားများရရှိသည်အထိ မိခင်များသည် ဤကိစ္စကိုလေ့လာဆောင်ရွက်သင့်ပါသည်။

အစပြုစဉ်တွင်ကြမ်းတမ်းပြီးအပြစ်တင်သောစကားများကိုမပြောပါနှင့်

တည်ရှိနေပြီးသားဖြစ်သော ထိုအပြစ်ကို မည်ကဲ့သို့ကုစားနိုင်မည်ကို သင်လေ့လာစုံစမ်းရပါမည်။ မည်သို့စတင်လုပ်ဆောင်မည်နည်း။ သင်မလုပ် တတ်လျှင် ဘုရားသခင်ထံတော်သို့ချဉ်းကပ်ပါ။ သင့်ကိုကူညီမည့်အကြောင်း ကိုယ်တော်ရှင်ကတိပြုထားပါသည်။ ဘုရားသခင်၏အကူအညီကိုရရှိရန် စိတ် ရော ကိုယ်ပါဆုတောင်းပါ။ ပြဿနာအမျိုးမျိုးအတွက် စည်းမျဉ်းတစ်ခုတည်း ကိုသာ အသုံးပြုရန်မဖြစ်နိုင်ပါ။ ကြည်လင်သောစိတ်ဖြင့် ယခုဆုံးဖြတ် ချက်ချ ရန် လိုအပ်လာပါပြီ။ ကြမ်းတမ်းသောစကားများ၊ စိတ်ဆိုးစေမည့်စကားများ၊ အပြစ်တင်သောစကားများဖြင့် သင့်သားသမီးများထံမချဉ်းကပ်ပါနှင့်။ ထိုသို့ ပြုလုပ်ခြင်းသည် ကလေးများအား ပုန်ကန်ခြားနားမှုကို ပြုလုပ်စေပါသည်။ အကယ်၍ ကျန်းမာရေးစည်းမျဉ်းများကိုဖောက်ဖျက်ခြင်းနှင့် ပတ်သက်သော အရာများကို သင်ကြားမပေးမိခဲ့လျှင် ဤကိစ္စအတွက် သင်၌သာအပြစ်တင် စရာရှိပါသည်။ အရေးကြီးသောတာဝန်တစ်ခုကို သင်လျစ်လျူရှုခဲ့မိသဖြင့် ယခုတွင် သင်၏သားသမီးများသည် မှားယွင်းသောအကျင့်ဆိုးများကို လုပ်တတ်နေခြင်းဖြစ်သည်။

ကိုယ်ချင်းစာစိတ်ဖြင့်သွန်သင်ခြင်း

ကိုယ်ကိုကိုယ်ထိန်းချုပ်တတ်အောင် သင်၏သားသမီးများကို သင်ကြားမပေးမီ သင့်ကိုယ်သင်ထိန်းချုပ်တတ်အောင် ပထမဦးစွာလေ့ကျင့်ပါ။ အကယ်၍ သင်သည်စိတ်တိုတတ်သူ၊ စိတ်မြန်တတ်သူတစ်ယောက်ဖြစ်နေလျှင် ကလေးများကိုစိတ်ထိန်းတတ်အောင် သင်ကြားပေးနေသောသင်သည် ၎င်းတို့ အတွက် မည်သို့သွန်သင်သူတစ်ယောက်ဖြစ်ထိုက်ပါမည်နည်း။ ထို့ကြောင့် ၎င်းတို့အစပျိုးခဲ့သော ထိုအကျင့်ဆိုးကိုဆက်လက်လုပ်နေမည်ဆိုလျှင် ၎င်းတို့၏ ကျန်းမာရေးကိုထိခိုက်စေမည့်ဆိုးကျိုးများကိုလည်းကောင်း၊ ကိုယ်စိတ်နှစ်ပါး ၏ခွန်အားများယုတ်လျော့စေကာ ကိုယ်ကျင့်တရားပျက်ပြားအောင် လုပ်ဆောင် ခြင်းသည် မိမိကိုယ်ကိုသာနစ်နာအောင် လုပ်နေခြင်းမဟုတ်ဘဲ ဘုရားသခင် ကိုလည်း ဆန့်ကျင်နေခြင်းဖြစ်ကြောင်းကိုလည်းကောင်း အလွန်သနားကြင်နာ ကိုယ်ချင်းစာသောစိတ်ထားဖြင့် သူတို့ကိုပြောပြကြပါ။

သားသမီးများ၏အပေါင်းအသင်းများကိုသတိထားပါ

သားသမီးများကို ဘာသာရေးစည်းမျဉ်းများဖြင့် ဟန်ချက်ညီညီ ခိုင်မာအောင်ပျိုးထောင်မထားလျှင် သူတို့ပေါင်းသင်းသောသူများ၏ဆိုးယုတ် သောပုံစံနမူနာများကြောင့် သူတို့၏အကျင့်စာရိတ္တများသည် ပျက်ယွင်းလာ နိုင်ပါသည်။

ထို့ကြောင့် မကောင်းသောသူများနှင့်မပေါင်းဖက်မိအောင် သစ္စာရှိ သောမိခင်တစ်ဦးအနေဖြင့် ၎င်းတို့ကိုကာကွယ်ကြပါ။ သင်၏သားသမီးများကို ဆိုးရွားသောခေတ်ကာလ၏မကောင်းသော ဩဇာလွှမ်းမိုးမှုများမှကင်းလွတ် အောင် အဖိုးတန်ကျောက်များကို ထိန်းသိမ်းသလိုမျိုး ထိန်းသိမ်းကြပါ။

အကယ်၍ သင်၏ကလေးများကို ၎င်းတို့၏အပေါင်းအသင်းများနှင့် အဆက်ဖြတ်ရန် သင်လုပ်နိုင်စွမ်းမရှိသည့်အခြေအနေမျိုးတွင်ရောက်နေလျှင် ၎င်းတို့၏အပေါင်းအသင်းများကို သင်၏အိမ်တွင် သင့်မျက်စိရှေ့မှာ လာရောက် လည်ပတ်ခွင့်ပြုပါ။ တစ်ခန်းထဲရှိ တစ်အိပ်ရာထဲမှာအိပ်လျှင်လည်း ခွင့်ပြု

လိုက်ပါ။ ထိုသို့လုပ်ဆောင်ခြင်းသည် အခြားနည်းလမ်းများထက် ထိမကောင်းမှုကိုကာကွယ်ရန် ပို၍လွယ်ကူစေပါသည်။

စားနေကျအစားအစာသည်အရေးပါခြင်း

သင်သည် သားသမီးများအတွက် နေ့စဉ်ကျွေးမည့်အစာများကို ဂရုတစိုက်မရွေးချယ်ဘဲ သင့်သားသမီးများ၏ကိုယ်ကျင့်တရားဆိုင်ရာ ဟီရိဩတ္တပ္ပစိတ်ကို နိုးထအောင်လုပ်နိုင်လိမ့်မည်မဟုတ်ချေ။ သားသမီးများအား ပုံမှန်ကျွေးနေသောအစားအစာများသည် သူတို့အတွက်ကျော့ကွင်းတစ်ခုဖြစ်တတ်ပါသည်။

သားသမီးများကို အလိုလိုက်တတ်သောမိဘများသည် စားချင်တိုင်းမစားဖို့၊ သောက်ချင်တိုင်းမသောက်ဖို့ ကလေးများကိုသွန်သင်လေ့မရှိကြပါ။ မိဘများကျွေးသောအစာများသည် သားသမီးများ၏အစာအိမ်ကို မအီမသာဖြစ်စေတတ်ပါသည်။ ထိုကြောင့် စိတ်လှုပ်ရှားမှုတစ်ခုဖြစ်ပေါ်လာသည်။ ထိုစိတ်လှုပ်ရှားမှုသည် ဦးနှောက်သို့ရောက်သွားကာ အဆုံးတွင် ကာမဂုဏ်ခံစားလိုစိတ်များကို နိုးထလာစေပါသည်။ အစာအိမ်ထဲသို့ထည့်လိုက်သောအစားအစာများသည် ခန္ဓာကိုယ်ကိုသာထိခိုက်စေသည်မဟုတ်ဘဲ စိတ်ပိုင်းဆိုင်ရာထိခိုက်မှုများကိုလည်း ဖြစ်ပေါ်စေတတ်ပါသည်။ စိတ်ကြွအစာများသည် သွေးကိုလှုပ်ရှားစေသည်၊ အာရုံကြောစနစ်ကို နိုးကြွစေသည်၊ ကိုယ်ကျင့်တရားနှင့်ပတ်သက်သော သိမြင်နားလည်မှုများကို မှုန်ဝါးစေပါသည်။ ထိုကြောင့် ဆင်ခြင်တုံတရားနှင့်ဩတ္တပ္ပစိတ်များသည် ကာမရာဂအလိုကြီးမှုအောက်တွင် အရှုံးနှင့်ရင်ဆိုင်ရပါတော့သည်။

စင်ကြယ်မှုသည်အရေးပါခြင်း

အထူးသဖြင့် နံနက်အိပ်ရာထချိန် (သို့မဟုတ်) ညအိပ်ရာမဝင်မီအချိန်များတွင် ရေချိုးခြင်းသည် အလွန်အကျိုးရှိလှပါသည်။ အချိန်အနည်းငယ်ယူကာ ကလေးများကိုရေချိုးပေးပါ။ သန့်စင်အောင်တိုက်ချွတ်ပေးကြပါ။

ထိုသို့လုပ်ပေးခြင်းဖြင့် သွေးသည်အရေပြားအပေါ်ယံသို့တက်လာပြီး ဦးနှောက်ကိုသက်သာစေပါသည်။ ထိုကြောင့် ညစ်ညမ်းသောအရာများကို လုပ်ချင်စိတ်များလျော့ပါးသွားပါသည်။

သန့်စင်သောအဝတ်ပွပွများကိုဝတ်ပါ

သန့်ရှင်းသောအဝတ်များဖြင့် သပ်ရပ်စွာဝတ်ဆင်ခြင်းသည် စိတ်ကိုကြည်လင်လန်းဆန်းစေသည့် နည်းတစ်နည်းဖြစ်ပါသည်။ အဝတ်လျှော်ရာတွင်လည်းကောင်း၊ မီးပူတိုက်ရာတွင်လည်းကောင်း လွယ်ကူချောမောစေရန် အဝတ်များတွင် မလိုအပ်သောဆင်ယင်မှုမပြုလုပ်ဘဲ ရိုးစင်းစွာဝတ်ဆင်ကြပါ။ စိတ်နှလုံးကိုထကြွစေမည့် မည်သည့်အရာကိုမျှ ခန္ဓာကိုယ်နှင့်မထိတွေ့အောင်လုပ်ရမည်ဖြစ်သလို အဝတ်အထည်များတွင်လည်း မွမ်းမံဆင်ယင်မှု များမပြုလုပ်သင့်ပါ။

ကာယလေ့ကျင့်ခန်းများကိုလျော့မပစ်ပါနှင့်

မနိုင်ဝန်ကိုထမ်းသလိုမျိုးဖြစ်မှာစိုးသဖြင့် လူငယ်များသည် ကာယလေ့ကျင့်ခန်းများကိုမလုပ်ဘဲ နေတတ်ကြပါသည်။ ထိုကြောင့် သားသမီးများထမ်းရမည့်ဝန်ကို မိဘများကိုယ်တိုင်ထမ်းနေကြရပါသည်။ အလွန်အကျွံလုပ်ခြင်းသည် မကောင်းသည်မှာမှန်သော်လည်း မည်သည့်အရာကိုမျှမလုပ်ဘဲနေခြင်းသည် ပို၍ကြောက်စရာကောင်းပါသည်။ ပျင်းရိခြင်းသည် မကောင်းသောအကျင့်များကိုလိုက်စားရန် လမ်းပြပါသည်။ အလုပ်ကိုကြိုးစားလုပ်ဆောင်ခြင်းကြောင့် ပင်ပန်းအားယုတ်ခြင်းသည် အပျော်အပါးလိုက်စားခြင်းကြောင့် ဆုတ်ယုတ်သွားသောအားများနှင့်နှိုင်းစာလျှင် ငါးပုံတစ်ပုံခန့်သာရှိပါသည်။ ထိုကြောင့် အာရုံကြောများနှင့်ကြွက်သားများကို အလုပ်ပေးသည့်အလုပ်များကို သင့်ကလေးများအားလုပ်ကိုင်စေပါ။ အလုပ်လုပ်သောကြောင့် ပင်ပန်း သွားခြင်းသည် မကောင်းသောကာမဂုဏ်လိုက်စားလိုစိတ်များကို လျော့ပါး သွားစေပါသည်။

အလုပ်မလုပ်ဘဲပျင်းရိခြင်းအားဖြင့်စုံစမ်းနှောင့်ယှက်ခြင်းကိုတံခါး ဖွင့်ပေးခြင်း

မိခင်တို့၊ သင်တို့၏သားသမီးများအတွက် လုပ်ကိုင်စရာများစီစဉ်ပေးကြပါ။ အလုပ်မလုပ်ဘဲနေခြင်းသည် ကာယ၊ ဉာဏနှင့် ကိုယ်ကျင့်တရားဖွံ့ဖြိုးမှုများကို အားမပေးပါ။ ပျင်းရိစွာနေခြင်းကြောင့် စိတ်ပိုင်းဆိုင်ရာတန်ခိုးအစွမ်းများအားနည်းလာပြီး မကောင်းသောအကျင့်ဆိုးများကို လုပ်ကိုင်လိုစိတ်များပေါ်လာရုံသာမက စာတန်၏ကောင်းကင်တမန်များသည် စိတ်နှလုံးခံတပ်ကိုသိမ်းပိုက်ကာ ညစ်ညမ်းသောရုပ်ပုံများကိုဖော်ပြပေးကြသည်။ ထိုကြောင့် အလုပ်ကိုကြိုးစားလုပ်ဆောင်တတ်အောင် ကလေးများကိုသင်ကြားပေးရပါမည်။

နှောင်တရသူများကိုအပျက်စီးခံတော်မမူမည့်ဘုရားသခင်

အမှန်တကယ်နှောင်တရသူများကို ကရုဏာတော်အရှင်ဘုရားသခင်သည် လက်ခံတော်မူ၍ ကိုယ်စိတ်နှစ်ပါး၏ညစ်ညမ်းမှုများမှ ရုန်းထွက်ရန်ကြိုးစားနေသူများအား ကောင်းချီးပေးတော်မူသည့်အကြောင်းကို သင်၏ကလေးများအား ရှင်းပြသင့်ပါသည်။ စာတန်သည် သင့်ကလေးများ၏စိတ်နှလုံးကိုမထိန်းချုပ်နိုင်တော့သည်နှင့်အမျှ ထိုမကောင်းသောအကျင့်ဆိုးများကို ဆက်လက် လုပ်ဆောင်အောင် ပို၍အပြင်းအထန်ကြိုးစားလာလိမ့်မည်။ သို့ရာတွင် သူတို့ သည် နိမ့်ကျသေးသိမ်သော ထိုရမ္မက်များကိုမလိုက်စားမိအောင် ခိုင်မာသော ရည်ရွယ်ချက်ဖြင့် စာတန်ကိုဆန့်ကျင်ရပါမည်။ အကြောင်းမှာ ထိုရမ္မက်များ ကိုတောင့်တလိုက်စားနေခြင်းသည် ဘုရားသခင်ကိုဆန့်ကျင်ကာ အပြစ်ကျူးလွန် နေခြင်းဖြစ်သည်။ သူတို့သည် စာတန်စိုးမိုးထားသည့် ထိုတားမြစ်နယ်မြေ များသို့ အရဲစွန့်ကာမသွားသင့်ပါ။ သန့်စင်သောအတွေးနှင့် ဖြူစင်သော စိတ်ထားများကိုရရှိရန် နှိမ့်ချသောစိတ်ဖြင့် ဘုရားသခင်ထံတော်တွင် သူတို့ တောင်းလျှောက်ကြလျှင် ကိုယ်တော်ရှင်သည် သူတို့တောင်းလျှောက်

သည့်အတိုင်း ပေးသနားတော်မူလိမ့်မည်။ ယုံကြည်ခြင်းအားဖြင့် ထာဝရဘုရား ရှေ့မှောက်တွင် အသနားခံမည်ဆိုလျှင် ဘုရားသခင်သည် ၎င်းတို့အား အပြစ်တွင်ပျက်စီးသွားအောင် စွန့်ပစ်ထားတော်မူမည်မဟုတ်ဘဲ အားနည်းသူများနှင့် အကူအညီမဲ့သူများကို ကယ်မတော်မူလိမ့်မည်ဖြစ်သည်။

## စဉ်ဆက်မပြတ်လုပ်ဆောင်ရမည့်ပြုပြင်ပြောင်းလဲရေး

ယခုဘဝ၌ ခံစားရမည့်ကျန်းမာရေး၏တန်ဖိုးနှင့် နောင်တမလွန်ဘဝ၌ရရှိမည့် ကယ်တင်ခြင်းဆုကျေးဇူးကို အမွန်အမြတ်ထားကြလျှင် မကောင်းသောအကျင့်ဆိုးများကို ပြုကျင့်နေသူများအတွက် တစ်ခုတည်းသောမျှော်လင့်ခြင်းမှာ ထိုအကျင့်ဆိုးများကို လုံးလုံးစွန့်ပစ်ကြရန်ဖြစ်သည်။ ထိုအကျင့်များကို အချိန်အတန်ကြာလိုက်စားလာခဲ့ကြသဖြင့် စုံစမ်းနှောင့်ယှက်ခြင်းကို တွန်းလှန်ရန် ခိုင်မာသောဆုံးဖြတ်ချက်များဖြင့် ကြိုးစားလုပ်ဆောင်ဖို့လိုအပ်သကဲ့သို့ ထိုဒုစရိုက်အကျင့်ဆိုးများကိုငြင်းဆန်ဖို့လည်း လိုအပ်ပါသည်။

## အတွေးများကိုထိန်းချုပ်ခြင်း

သင့်အတွေးကို သင်ထိန်းချုပ်ရမည်။ လွယ်ကူသောအလုပ်တစ်ခု မဟုတ်သဖြင့် အပြင်းအထန်မကြိုးစားလျှင် အောင်မြင်စွာထိန်းချုပ်နိုင်လိမ့်မည်မဟုတ်ပါ။ နေ့ရောညပါ စိတ်ကူးယဉ်အိပ်မက်များ မက်နေခြင်းသည် ဆိုးရွားရုံသာမက အန္တရာယ်လည်းရှိလှပါသည်။ စိတ်ကူးယဉ်ခြင်းကိုတစ်ခါ ပြုလုပ်မိလျှင် နောက်တစ်ခါထပ်လုပ်တတ်သဖြင့် သင်၏စိတ်ကို သန့်ရှင်းမြင့်မြတ်ဖြူစင်သောအရာများအတွက်သာ အသုံးပြုကြပါ။ သင်သည် မိမိ၏ စိတ်ကိုထိန်းချုပ်ကာ အချည်းနှီးဖြစ်သော ညစ်ညမ်းသည့်အတွေးများကို စိတ်ထဲသို့အဝင်မခံလျှင် သင်၏မျက်စိနှင့်နားများအတွက် သစ္စာရှိသောကင်းစောင့် တစ်ဦး ဖြစ်လာပါလိမ့်မည်။

ရမ္မက်နှင့်တွယ်တာမှုများကိုဆင်ခြင်တုံတရား၏လက်အောက်တွင်ထား ခြင်း

ရမ္မက်ကြီးခြင်းနှင့်တွယ်တာခြင်းများသည် အင်အားကောင်းသော အရာများဖြစ်ကြသည်။ ၎င်းတို့ကို မှားယွင်းစွာအသုံးပြုမိလျှင်လည်းကောင်း၊ မှားယွင်းသောဦးတည်ချက်ဖြင့် အသုံးပြုမိလျှင်လည်းကောင်း၊ နေရာမှန်တွင် အသုံးမပြုမိလျှင်လည်းကောင်း သင့်အားဘုရားမဲ့ဘဝ၊ မျှော်လင့်ရာမဲ့ဘဝကို ပို့ဆောင်သည့် ထိခိုက်ဆုံးရှုံးမှုများကို အကြီးအကျယ်ဖြစ်စေပါလိမ့်မည်။ ရမ္မက်နှင့်တွယ်တာခြင်းကို ဆင်ခြင်တုံတရားဖြင့်ထိန်းချုပ်ထားလျှင် စိတ်ကူးစိတ်သန်းများကို အကောင်းဘက်၌အချိန်ကြာမြင့်စွာ ထိန်းချုပ်ထားနိုင်ပါလိမ့်မည်။ သင်၏အတွေး၊ သင်ဖတ်သောစာနှင့် သင်ပြောသောစကားများကို ထိန်းချုပ်မှုမပြုလျှင် သင့်စိတ်ကူးစိတ်သန်းများသည် အလွန့်အကျွံပျက်စီးလာပါလိမ့်မည်။

မကောင်းသည့်အရာများအပေါ်အာရုံမထားနှင့်

မကောင်းမှုဒုစရိုက်များကိုမမြင်မိအောင်၊ မလေ့ကျက်မိအောင်၊မကြည့်ကြပါနှင့်။ သင်၏ဖြူစင်သောအတွေးအခေါ်အပြုအမူများကို ညစ်ထေးသွားစေမည့်အသံများကို မကြားရအောင် နားမထောင်ကြပါနှင့်။ ဖောက်ပြန်သောအပြောအဆိုများကင်းပြီး သင်၏နှုတ်ခမ်းသန့်စင်စေရန် သင်၏လျှာကိုစောင့်ရှောက်ကြပါ။

သင်၏စိတ်နှလုံးကို ညစ်ထေးစေမည့်စာများကိုမဖတ်ဘဲ ညစ်ညမ်းစေမည့်အရာမှန်သမျှကိုလည်း မကြည့်ကြပါနှင့်။ ကိုယ်ကျင့်တရားနှင့် အသိဉာဏ်စွမ်းအားများဖွံ့ဖြိုးလာအောင် ပျိုးထောင်ပေးကြပါ။

ကာယလေ့ကျင့်ခန်းမလုပ်ဘဲစာကျက်နေခြင်းမျိုးကိုရှောင်ကြဉ်ပါ

ဦးနှောက်တွင် သွေးလည်ပတ်မှုကိုများပြားလာစေသည့် အလွန်အကျွံစာဖတ်ခြင်းသည် အစွဲအလမ်းကိုဖြစ်စေသည့် စိတ်လှုပ်ရှားမှုကို ဖြစ်ပေါ်စေ

ပါသည်။ ထိုစိတ်လှုပ်ရှားမှုကြောင့် စိတ်တိုတတ်လာခြင်း၊ စိတ်အပြောင်းအလဲ မြန်ဆန်ခြင်းများ ဖြစ်ပေါ်လာပါသည်။ ဤနည်းအားဖြင့် မသန့်စင်သော အရာများအတွက် လမ်းပွင့်သွားစေပါသည်။ ကိုယ်ကာယခွန်အားများကို လုံးဝအသုံးမချခြင်း (သို့မဟုတ်) မှားယွင်းစွာအသုံးချခြင်းများသည် ကမ္ဘာတစ်လွှား၌ဖြစ်ပျက်နေသော အကျင့်ပျက်ခြစားမှုများ၏အဓိကတရားခံဖြစ်ပါ သည်။

ဤကမ္ဘာပေါ်တွင် ကရုဏာတော်ကာလ၌ အသက်ရှင်နေထိုင်စဉ်တွင် မိမိလုပ်ဆောင်မှုများအတွက် မိမိကိုယ်တိုင်တာဝန်ယူကြရပါမည်။ လူတို့သည် မိမိတို့လုပ်ဆောင်နေသောအရာများကို အလိုရှိပါလျှင် ထိန်းချုပ်နိုင် သူများဖြစ ်ပါသည်။ အကယ်၍ စိတ်နှလုံးသန့်ရှင်းခြင်းပါရမီအားနည်းနေလျှင် လည်း ခရစ်တော်ထံတွင် သူတို့အကူအညီတောင်းခံနိုင်ကြပါသည်။ သခင်ယေရှုသည် လူသားများ၏အားနည်းခြင်းများနှင့်ရင်းနှီးခဲ့သူတစ်ပါးဖြစ်ရာ အကယ်၍သာ ကျွန်ုပ်တို့ကအသနားခံခဲ့ကြလျှင် ပြင်းထန်သောစုံစမ်းခြင်းများကိုပင် ကျော်လွှားနိုင်သည့်တန်ခိုးများကို ပေးတော်မူပါလိမ့်မည်။ နှိမ့်ချသောစိတ်ဖြင့် တောင်းခံသူတိုင်းသည် ထိုတန်ခိုးကိုရနိုင်ကြပါသည်။

### စစ်မှန်သောပျော်ရွှင်မှုကိုကိုယ်တော်၌သာတွေ့နိုင်ခြင်း

ဘုရားသခင်နှင့်အဆက်အသွယ်ပြုလုပ်ခြင်း၊ သန့်ရှင်းသောအကျင့်များကိုကျင့်ခြင်းအပြစ်ကို ချေမှုန်းခြင်းများအားလုံးသည် နှစ်သက်စရာများဖြစ်ကြသည်။ ဘုရားသခင်၏နှုတ်ကပတ်တော်ကိုဖတ်ခြင်းသည် တဏှာရမ္မက်နှင့်စိတ်ကူးယဉ်ခြင်းများမှ ကင်းလွတ်စေရုံသာမက စိတ်နှလုံးကိုနူးညံ့စေသည်။ မြင့်မြတ်သန့်ရှင်းသွားစေပါသည်။ ဒုက္ခရောက်သောအချိန်တွင်လည်းကောင်း၊ စုံစမ်းနှောင့်ယှက်ခြင်းကို ခံရသောအချိန်တွင်လည်းကောင်း ဆုတောင်းရန်အခွင့်အရေးရှိနေပါသည်။ ဤအခွင့်အရေးသည် အလွန်ကြီးမြတ်လှပါသည်။ မြေမှုန့်ဖြင့်ဖန်ဆင်းထားသည့် တန်ခိုးခွန်အားမရှိသောလူသားများသည် ခရစ်တော် ၏ဖျန်ဖြေပေးမှုကြောင့် ဘုရားသခင်၏ပရိသတ်အလယ်၌ ပါဝင်ခွင့်ရရှိလာ

ကြပါသည်။ ဤကဲ့သို့ဆုတောင်းမိတ်သဟာယဖွဲ့ခြင်းအားဖြင့် လူသားများ သည် ဘုရားသခင်၏အနီးအပါးသို့ ဆောင်ယူခြင်းကိုခံရကာ စစ်မှန်သော သန့်ရှင်းခြင်းအပေါ် အမြင်အသစ်များရရှိလျက် စာတန်၏တိုက်ခိုက်မှုများကို ကြံ့ကြံ့ခံနိုင်လာပါတော့သည်။

–၀–



# အခန်း (၁၇)
# ဘာသာတရားနှင့်သင်၏သားသမီးများ

သားသမီးများအတွက် အလွန်ဆိုးရွားသည့်ခေတ်ကာလတစ်ခုတွင် ကျွန်ုပ်တို့အသက်ရှင်နေထိုင်လျက်ရှိသည်။ အဆုံးစွန်သော ပျက်စီးခြင်းဆီသို့ အရှိန်အဟုန်ပြင်းစွာဖြင့် စီးဆင်းနေလျက်ရှိရာ ပျက်စီးခြင်းရေအဟုန်ထဲသို့ ပါမသွားအောင် ကြံ့ကြံ့ခံနိုင်ရန် ကလေးဘဝအတွေ့အကြုံနှင့် လူငယ်ခွန်အား များထက် ကြီးမားများပြားသောအစွမ်းခွန်အားများကို ကျွန်ုပ်တို့လိုအပ်နေပါသည်။ ဘုရားသခင့်သားသမီးများပတ်လည်တွင် ဝန်းရံလျက်ရှိသောအန္တရာယ် များအနက် အကြီးမားဆုံးတစ်ခုမှာ လောကဆိုရိုးစကားများကိုလိုက်လျှောက် ကာ လောကီဓလေ့များကိုကျင့်သုံးနေခြင်းပင်ဖြစ်သည်။ လူငယ်များသည် အန္တရာယ်စက်ကွင်းထဲတွင် အမြဲတမ်းအသက်ရှင်နေထိုင်လျက်ရှိကြရာ ၎င်းတို့ အား စာတန်၏တိုက်ခိုက်မှုများမှကာကွယ်ရန်မှာ မိဘများ၏တာဝန်ဖြစ်သည်။ စာတန်က ကလေးများကိုဖျက်ဆီးပစ်ရန် ကြိုးစားနေချိန်တွင် ကလေးများအ တွက်အထူးအန္တရာယ်မရှိပါဟု မိဘများမပြောကြပါနှင့်။ မြင့်မြတ်၍ ထာဝရ ကာလနှင့်ဆိုင်သည့် ကောင်းကျိုးချမ်းသာကိုလျစ်လျူရှုကာ ဤ လောကအရာ များအပေါ် အာရုံပြုရန်ခွင့်ပြုမထားကြပါနှင့်။

### စိတ်ဝင်စားမှုမရှိသောမိဘအများစု

မိဘများသည် မိမိတို့၏ဝိညာဉ်ရေးကိစ္စများတွင် အေးတိအေးစက် ဖြစ်နေခြင်းမှာ ဝမ်းနည်းစရာတစ်ခုဖြစ်ပါသည်။ ဘုရားတရားမရှိခြင်းနှင့် ဘုရားဝတ်၌မွေ့လျော်မှုကင်းမဲ့ခြင်းများကြောင့် သခင်ဘုရားပေးသနားတော် မူသောတရားတော်အတိုင်း ကလေးများကိုစိတ်ရှည်လက်ရှည်ဖြင့် သွန်သင် လမ်းပြရန် ပေးအပ်ထားသည့်တာဝန်များကို သူတို့မသိကြတော့ချေ။

အရေးပါသောအရာအားလုံးလျစ်လျူရှုခံထားရခြင်း

ယနေ့ကမ္ဘာတွင် မကောင်းမှုဒုစရိုက်များ လွှမ်းမိုးနေရခြင်း၏အကြောင်းရင်းတစ်ခုမှာ သားသမီးများကို သခင်ဘုရား၏တရားတော်နှင့်အညီ သွန်သင်လမ်းပြရမည်ဆိုသည့် အရေးအပါဆုံးသောတာဝန်ကိုလျစ်လျူရှုကာ မိဘများသည် အခြားအလုပ်များအပေါ် စိတ်ဝင်စားနေခြင်းဖြစ်သည်။

မိခင်များသည် ခရစ်တော်အား မိမိ၏ကယ်တင်ရှင်အဖြစ် သိရှိနားလည်ခြင်းမရှိသရွေ့ကာလပတ်လုံး အရေးပါသော ဗဟုသုတကိုရရှိခံစားနိုင်ကြလိမ့်မည်မဟုတ်ချေ။ မိခင်သည် ခရစ်တော်ကို မိမိ၏အကြံပေးအဖြစ်အသိအမှတ်ပြုကာ ခရစ်တော်အား ၎င်းတို့၏အိမ်ထောင်တွင် စံမြန်းရန်ခွင့်ပြုကြမည်ဆိုလျှင် သူတို့သည် စစ်မှန်သောဘာသာရေး၏စည်းမျဉ်းများနှင့်အညီ သားသမီးများအား ပညာပေးကြပါလိမ့်မည်။

စာတန်အားထိန်းချုပ်ခွင့်ပေးထားခြင်း

လူသားများသည် ဘုရားသခင်၏အမိန့်တော်ကိုမနာခံရုံသာမက ဖောက်ပြန်နေသည့် မိမိတို့၏စိတ်ကူးစိတ်သန်းများ၏စေစားမှုအောက်တွင် ထင်ရာစိုင်းနေကြပါသည်။ ဘုရားသခင်ကို အရိုသေကင်းမဲ့စေရုံသာမက စာတန်၏အကြံပေးချက်များကိုလိုက်လျှောက်စေသည့် မှားယွင်းသောစိတ်ထားများဖြင့် ဘုရားသခင်၏အသရေကိုရှုတ်ချလျက်ရှိပါသည်။ စာတန်ဘက်သို့ပါသွားအောင် မိဘများခွင့်ပြုခဲ့သည့် ဤကဲ့သို့သောအပြစ်များသည် စိတ်ကူး၍မရနိုင်လောက်အောင်ပင် များပြားလှပါသည်။

မသင့်လျော်သောအစာများဖြင့် ကျွေးမွေးပြုစုကာ မှားယွင်းစွာအလိုလိုက်ခြင်းများဖြင့် လမ်းမှားကိုလိုက်စေသည့်သွန်သင်မှုများကို ပြုလုပ်လျက်ရှိသောမိဘများသည် ၎င်းတို့၏သားသမီးများ၌ရှိသော စိတ်နေသဘောထားနှင့်မမှန်ကန်သောလုပ်ရပ်များအတွက် ကိုယ်တိုင်တာဝန်ယူကြရပါမည်။

စည်းမဲ့ကမ်းမဲ့အသက်ရှင်လာသောကလေးများရင်ဆိုင်ရမည့်ပြင်းထန်သောတိုက်လှန်ပွဲ

စည်းမဲ့ကမ်းမဲ့အသက်ရှင်ကြီးပြင်းလာသောကလေးများသည် ခရစ်တော်၏နောက်လိုက်များအဖြစ် ခံယူကြသောအချိန်တွင် သင်ယူစရာအများကြီး ရှိလာပါသည်။ ကလေးဘဝတွင် ၎င်းတို့ကိုမြေတောင်မြှောက်ပေးစဉ်က ဘာသာတရားအသိတစ်ခုလုံးကို အဖျက်ဆီးခံခဲ့ကြရသောကြောင့် ၎င်းတို့၌ရှိခဲ့ သောကိုယ်အလိုအတိုင်းလုပ်ဆောင်လိုစိတ်များ မကြာခဏပေါ်လာတတ်ပါသည်။ ရှိရင်းစွဲကိုယ်အလိုကို မငြင်းပယ်လိုစိတ်၊ ဆုံးမခြင်းကိုမခံယူလိုစိတ်၊ မိမိကိုယ်ကိုသာချစ်ပြီး သူတစ်ပါး၏အကြံပေးချက်များကိုမခံယူလိုစိတ်၊ ပျင်းရိ တတ်သည့်စိတ်၊ တာဝန်ထမ်းဆောင်ခြင်းကိုလွှဲဖည်တတ်သည့်စိတ်၊ တာဝန် ရှိဝတ္တရားကိုကျေပွန်စွာမထမ်းဆောင်လိုသောစိတ်များသည်လည်း မကြာခဏ ပြန်လည်အသက်ဝင်လာတတ်ပါသည်။ ထိုစိတ်ဓာတ်များကိုဖျောက်ဖျက်ပစ်ရန် ဖြစ်နိုင်ငြားသော်လည်း အလွန်ပြင်းထန်ကြမ်းတမ်းသော တိုက်လှန်မှုတစ်ခု လည်းဖြစ်ပါသည်။ မြင့်မြတ်သောခရစ်ယာန်အကျင့်စာရိတ္တကို မဖြစ်မနေရရှိ အောင်လုပ်ရန် ကျော်ဖြတ်ရမည့်ခရီးလမ်းမှာ အလွန်ခက်ထန်ကြမ်းတမ်းလှပါသည်။

စာရိတ္တပျက်ပြားမှုများမှကာကွယ်ခြင်း

သားသမီးများသည် စွဲမက်စရာကောင်းသော လောကီဆွဲဆောင်မှုများနှင့် ရင်ဆိုင်နေကြရသဖြင့် ဖောက်ပြန်ပျက်စီးနေသော ထိုဩဇာလွှမ်းမိုးမှုများမှ မိမိကိုယ်ကိုကာကွယ်တတ်အောင် ၎င်းတို့အားပညာပေးကြရပါမည်။ အသက်တာ၏တာဝန်ဝတ္တရားများကို ထမ်းဆောင်တတ်အောင် ၎င်းတို့အားသင်ကြားပေးရမည်ဖြစ်သလို ဘုရားသခင်နှင့်တရားတော်များအပေါ် ပြုရမည့်ဝတ်များကိုလည်း သွန်သင်ပေးကြရပါမည်။ ၎င်းတို့၏လုပ်ဆောင်မှုများသည် အိုခြင်း၊ နာခြင်း၊ သေခြင်းကင်းသော ထာဝရအသက်တာနှင့်ဆက်စပ်မှုရှိနေသည်ကိုလည်း ၎င်းတို့အားပြောပြကြရပါမည်။

ယနေ့လူငယ်များသည် စာတန်၏ပရိယာယ်များကို မသိနားမလည်ကြပါ။ ထို့ကြောင့် မိဘများသည် အန္တရာယ်များသော ဤအချိန်အခါတွင် စာတန်၏ကနဦးချဉ်းကပ်မှုကိုဟန့်တားနိုင်ရန် ဖွဲ့လုံ့လဝီရိယဖြင့် နိုးနိုးကြားကြား ကြိုးစားလုပ်ဆောင်သင့်ကြပါသည်။ အိမ်တွင်ထိုင်သည့်အချိန်တွင်ဖြစ်စေ၊ လမ်းလျှောက်နေသည့်အချိန်တွင်ဖြစ်စေ၊ အိပ်ရာထ၊ အိပ်ရာဝင်အချိန်များမှာဖြစ်စေ သားသမီးများကိုသွန်သင်လမ်းပြသင့်ကြပါသည်။

တရားလမ်းအတိုင်း သားသမီးများကိုပို့ဆောင်ပေးနိုင်ရန်အလို့ငှာ အမြဲတမ်းနိုးကြားနေရပါမည်။ သားသမီးများ၏လုံခြုံရေးသည် မိဘများ၏ နိုးနိုးကြားကြား ကြည့်ရှုစောင့်ရှောက်မှုအပေါ်တွင် များစွာမူတည်နေပါသည်။ သခင်ဘုရားကို လုံးလုံးလျားလျားကိုးစားနားထောင်ခြင်းအကြောင်းကို နားလည်သဘောပေါက်လာအောင် ကလေးများအားသွန်သင်ရန် လိုအပ်သမျှသော အချိန်ထဲမှ တစ်မိနစ်၊ တစ်စက္ကန့်ကိုမျှ အခြားကိစ္စများအတွက် မိဘများ အသုံးမပြုသင့်ချေ။

သေကောင်ပေါင်းလဲအိပ်မောကျနေရာမှမိဘများနိုးထကြပါ

မိဘများ၏ဥပေက္ခာပြုခြင်းကြောင့် ကလေးအများစုမှာ ၎င်းတို့၏မိဘများက ၎င်းတို့ကိုဂရုမစိုက်ကြပါဟု ခံစားနေကြရပါသည်။ ထိုသို့မဖြစ်သင့်ပါချေ။ သားသမီးရှိသောမိဘများသည် သားသမီးများကို ပြုစုယုယရမည့် အချိန်များတွင် အိမ်မှုကိစ္စများနှင့် စီးပွားရေးကိစ္စများကိုမလုပ်မိအောင် သေချာစွာ စီစဉ်ထားရပါမည်။ ကလေးများနှင့်နေရမည့်အချိန်တွင် အခြားအလုပ်များကို လုပ်ကိုင်နေမည်ဆိုလျှင် ၎င်းတို့အား ခရစ်တော်ထံသို့ပို့ဆောင်မှုတွင် မိဘများ၏သြဇာလွှမ်းမိုးမှုများ လျော့နည်းသွားပါလိမ့်မည်။ သားသမီးများ၏ စိတ်နှလုံးနှင့်တကွ အပြုအမူ၊ အပြောအဆိုများသည် ဖြူစင်သန့်ရှင်းနေစေရန် အတွက် သင်သည် ခရစ်တော်၏မေတ္တာတော်ဆိုင်ရာ သင်ခန်းစာများကို သွန်သင်ပေးသင့်ပါသည်။ ထို့ကြောင့် မိဘတို့၊ အိပ်မောကျနေရာမှ နိုးထကြရပါမည်။

အိမ်ထောင်ဘာသာရေးသည်ကျွန်ုပ်တို့၏မျှော်လင့်ချက်

ဤကိစ္စကို အလေးအနက်အာရုံပြုကြရန် သင်၏အိမ်သူအိမ်သား များကို အားပေးတိုက်တွန်းကြပါ။ အချိန်ကြာမြင့်စွာလျစ်လျူရှုခဲ့သည့် မှန်မြတ်သောဤတာဝန်၏ယုံကြည်လောက်ဖွယ်သောအနှစ်သာရကို နားလည်အောင် ပြောပြကြပါ။ အိမ်ထောင်တိုင်း၌ ဘာသာတရားရှိခြင်းသည် ကျွန်ုပ်တို့၏ မျှော်လင့်ချက်ဖြစ်ပြီး ဘုရားသခင်၏သမ္မာတရား၌ တစ်အိမ်သားလုံး ပြောင်းလဲခြင်းအတွက် ကောင်းမွန်သောအလားအလာကိုဖြစ်စေနိုင်ပါသည်။

စာတန်၏တန်ခိုးကိုချိုးဖျက်နိုင်ခြင်း

မိဘများထမ်းရွက်ရမည့်တာဝန်မှာ ၎င်းတို့ထင်ထားသည်ထက် ပို၍ အရေးပါလှပါသည်။ သားသမီးများရထားသည့်အမွေမှာ အပြစ်များသော အကျင့်ဆိုးများပင်ဖြစ်ရာ အပြစ်ကသူတို့အား ဘုရားသခင်နှင့်ကွဲကွာအောင် လုပ်နေပါသည်။ ခရစ်တော်သည် ဘုရားသခင်နှင့်ပြန်လည်ပေါင်းစည်းနိုင်စေရန် မိမိ၏အသက်တော်ကိုစွန့်တော်မူခဲ့သည်။ မိဘနှစ်ပါးတို့၊ ယုံကြည်ခြင်းအာမခံချက်အပြည့်ဖြင့် သားသမီးများနှင့်အတူ ကိုယ်တော်ရှင်ထံတွင် အသနားခံကြပါ။ သင်၏နှုတ်မှစိတ်တိုသော စကားတစ်လုံးတလေမျှ သူတို့ရှေ့မှာ မထွက်မိပါစေနှင့်။ သင်တို့အားလုံး အပြစ်လွတ်ခြင်းအခွင့်ရရှိနိုင်စေရန်အလို့ငှာ ဤလောကအတွက် သားတော်ကိုပင်စွန့်တော်မူခဲ့သော၊ ဘုရားသခင် မနှစ်သက်သော မကောင်းသည့်လမ်းသို့ လိုက်ပါခွင့်ပြုခဲ့မိခြင်းအတွက် အကယ်၍ မဖြစ်မနေလိုအပ်လာလျှင် သားသမီးများရှေ့တွင် အပြစ်လွှတ်ခွင့်ကိုတောင်းခံ ကြပါ။

သားသမီးများအား ထိခိုက်ပျက်စီးသည်အထိ နည်းအမျိုးမျိုးဖြင့် အလိုလိုက်ခဲ့ကြသော မိခင်ဖခင်တို့၊ ရာဇဝင်ကြွေးကိုသင်တို့ဆပ်ရန် ဘုရားသခင် အလိုတော်ရှိပါသည်။

ရွှံ့ကိုပုံဖော်နေသောပန်းပုပညာရှင်မိဘများ

သားသမီးများအား ခရစ်တော်ပေးတော်မူခဲ့သည့် နမူနာပုံစံနှင့်အညီ ပုံဖော်မွမ်းမံအလှပြင်ရန် မိဘများလုပ်ဆောင်သင့်ပါသည်။ စိတ်ရှည်သော ပန်းပုဆရာတစ်ယောက်က မိမိ၏လုပ်ဆောင်မှု၌စုံလင်ခြင်းရှိအောင် လေ့ကျက် လုပ်ဆောင်ပုံဖော်သကဲ့သို့ မိဘများသည်လည်း မိမိတို့သားသမီးများ၏လောကီ အသက်တာကောင်းစားရေးအတွက်သာမက ထာဝရနိုင်ငံတော်ကိုဝင်စားနိုင် မည့်သူများဖြစ်အောင် အချိန်ယူလေ့ကျင့်သင်ကြားပေးသင့်ကြပါသည်။ ပန်းပု ဆရာတစ်ယောက်၏အလုပ်သည် မိဘများလုပ်ဆောင်ရမည့်အလုပ်နှင့်နှိုင်းစာရန် မဖြစ်နိုင်လောက်အောင် သေးငယ်လှပါသည်။ ပန်းပုဆရာသည် သက်မဲ့အရာ တစ်ခုကို လှပသောရုပ်လုံးတစ်ခုဖြစ်လာအောင် ဖန်တီးရသော်လည်း မိဘများ မှာမူ သက်ရှိလူသားများကို ကိုင်တွယ်ပုံဖော်နေရသူများဖြစ်ပါသည်။ ၎င်းတို့ ကိုင်တွယ်ပုံဖော်နေသည့် လူသားများသည် ကောင်းသောရုပ်လုံးပေါ် လာနိုင်သ လို မကောင်းသောရုပ်လုံးလည်း ပေါ်လာနိုင်ပါသည်။ လူသား များအတွက် ကောင်းချီးမင်္ဂလာဖြစ်လာနိုင်သလို အမင်္ဂလာလည်းဖြစ်လာနိုင် ပါသည်။ အမှောင်ထဲသို့ထွက်သွားနိုင်ကြသလို အပြစ်ကင်းသောထာဝရနိုင်ငံတော်၌လည်း အသက်ရှင်နေထိုင်သူများ ဖြစ်လာနိုင်ကြပါသည်။

ပန်းတုံးတိုင်မှာစုံလင်ခြင်း

ကယ်တင်ခြင်းခံစားရမည့် မိသားစုများထံ၌ ဘုရားသခင်တောင်းဆို နေသောအရာမှာ စုံလင်ခြင်းပင်ဖြစ်သည်။ လောကအသက်တာတွင် အသက်ရှင် နေထိုင်စဉ် ခရစ်တော်ပြတော်မူခဲ့သောစုံလင်ခြင်းမျိုးကို ကျွန်ုပ်တို့ပိုင်ဆိုင်ရန် ဘုရားသခင်မျှော်လင့်တော်မူသည်။ မိဘများအနေဖြင့် သားသမီးများကိုသွန်သင် ရာတွင် ဘုရားသခင်နှင့်အတူ ပူးပေါင်းလုပ်ဆောင်နိုင်စေရန် အကောင်းဆုံး သောနည်းလမ်းများကို နားလည်ဖို့အထူးလိုအပ်ပါသည်။

ကြီးမားသောတာဝန်တစ်ခုသည် မိဘများ၏ပခုံးပေါ်၌ကျရောက်နေ သည်ဖြစ်ရာ ဘုရားပေးအမှုတော်ကို ပြီးမြောက်အောင်ဆောင်ရွက်နိုင်ရန်

စိတ်အားထက်သန်စွာ ကြိုးစားသင့်ပါသည်။ သားသမီးများအားသွန်သင်ရာတွင် ရှိသမျှခွန်အားများကို စိုက်ထုတ်လုပ်ဆောင်ဖို့လိုအပ်မည်ဆိုလျှင် ယခုတွေ့မြင်နေရသော ကလေးကုလားအလုပ်များနှင့် ဟိတ်ဟန်လုပ်သည့်အရာများကို ဘေးဖယ်ထားရမည်ဖြစ်ပါသည်။ သခင်ဘုရားကို ပျော်ရွှင်ဝမ်းမြောက်စွာတွေ့ဆုံဖူးမြော်နိုင်ရန်အတွက် မည်သည့်ကြီးမားသော ပင်ပန်းဆုံးရှုံးမှုကိုမျှ နစ်နာမှုတစ်ခုအဖြစ် သူတို့ယူဆလိမ့်မည်မဟုတ်ပါ။ ဤအမှုတော်လုပ်ငန်းသည် သခင်ဘုရား၏နောက်လိုက်များအတွက် အမွန်မြတ်ဆုံးသောအမှုတော်တစ်ခုဖြစ်သဖြင့် လျစ်လျူရှုပစ်ဖို့မကြိုးစားသင့်သောအရာတစ်ခုလည်းဖြစ်ပါသည်။

## ခရစ်တော်ကိုသာစေ့စေ့ကြည့်ပါ

မိဘတို့၊ သင်တို့၏သားသမီးများကိုကယ်တင်ရန်ကြိုးစားရာတွင် ရှိသမျှဝိညာဉ်ခွန်အားများကို အသုံးချကြပါ။ ကိုယ်ကိုကိုယ်ထိန်းချုပ်ခြင်းနှင့် သူတစ်ပါးအားအမအစပြုခြင်းများကို သင်တို့၏အသက်တာပုံစံအားဖြင့် ကလေးများအားသွန်သင်ပါ။ ခရစ်တော်သည် မိမိကိုယ်ကိုကျေးဇူးပြုသည့်အသက်တာမျိုးဖြင့် နေထိုင်အသက်ရှင်တော်မမူခဲ့သည်ကို သားသမီးများအားပြောပြကြပါ။

သင့်ကလေးများအား ဘုရားသခင်၏အမှုတော်ကို ဆောင်ရွက်တတ်အောင် အချိန်ယူသင်ကြားပေးစဉ်တွင် စိတ်ပျက်စရာအနှောင့်အရှက်များကို သင်ရင်ဆိုင်ရလိမ့်မည်။ လက်မြှောက်အရှုံးမပေးဘဲ ခရစ်တော်ကိုမှီခိုလိုက်ပါ။ အခက်အခဲများပေါ်လာပြီး အဟန့်အတားများကို သင်ရင်ဆိုင်ရမည် ဖြစ်သော်လည်း ခရစ်တော်ကိုသာစေ့စေ့ကြည့်ရှုပါ။ ရှောင်တခင်အခက်အခဲ များပေါ်လာသောအခါ 'အကျွန်ုပ် ယခုမည်သို့ဖြေရှင်းရမည်နည်း' ဟု ဘုရားသခင်ထံတော်တွင် ဟစ်အော်အသနားခံပါ။ သင်သည် ဗျာများမနေဘဲ ကိုယ်တော်၌ အသနားခံလျှင် ကိုယ်တော်ရှင်သည် ကျော်လွှားအောင်မြင် နိုင်မည့်နည်းလမ်းကို ပြသတော်မူလိမ့်မည်။ သင်၏အိမ်ထောင်ကို ချစ်ခြင်း

မေတ္တာနှင့်ငြိမ်သက်ခြင်းစိုးမိုးစေမည့် ခရစ်တော်၌ရှိသောစွမ်းရည်မျိုးကို အသုံးပြုနိုင်ရန် သင့်ကိုကူညီတော်မူလိမ့်မည်။

အကျိုးပြုသောထိုလုပ်ဆောင်မှု

ထိုလုပ်ဆောင်မှုအတွက် မိခင်၏မျက်ရည်နှင့် ဖခင်၏ဆုတောင်းသံများကို ပေးဆပ်ရပါမည်။ မဆုတ်မနစ်သောကြိုးစားမှုဖြင့် စိတ်ရှည်စွာသင်ကြားပေးရန်လည်း ဤလုပ်ဆောင်မှုကတောင်းဆိုပါသည်။ သို့ရာတွင် ထိုလုပ်ဆောင်မှုသည် များစွာအကျိုးပြုပါသည်။ ထိုအမှုကိုဆောင်ရွက်ခြင်းဖြင့် ကမ္ဘာအနှံ့လွှမ်းမိုးထားသည့် မကောင်းမှုဒုစရိုက်များမှ အကာအကွယ်ပေးနိုင်မည့် မြေကတုတ်ကျင်းများနှင့်တံတိုင်းများကို သားသမီးများပတ်လည်တွင် မိဘများတည်ဆောက်ပေးနိုင်ကြမည်ဖြစ်ပါသည်။

## အိမ်ထောင်တွင်ယဇ်ပလ္လင်တည်ဆောက်ပါ

အိမ်ထောင်ရှိမိသားစုတိုင်းသည် ကောင်းကင်နိုင်ငံတော်ရှိ ဘုရားသခင်၏လုပသောအသင်းတော်ကလေးကဲ့သို့ ဖြစ်သင့်ပါသည်။ အကယ်၍သာ မိဘများသည် သားသမီးများအပေါ်ပြုရမည့်ဝတ်ကို သိရှိနားလည်ကြမည်ဆိုလျှင် သူတို့သည် သားသမီးများအပေါ် မည်သည့်အခါမျှအလိုမကျဖြစ်လိမ့်မည်မဟုတ်ပါ။ သားသမီးများကို ဆူပူကြိမ်းမောင်းကြလိမ့်မည်မဟုတ်ပါ။ ဆူပူကြိမ်းမောင်းခြင်းနှင့် အလိုမကျပြောဆိုဆက်ဆံခြင်းသည် ကလေးများသင်ယူသင့်သည့်ပညာရေးမျိုးမဟုတ်ပါ။ မိမိတို့သည် ဘုရားသခင့်ကိုယ်စားသားသမီးများကို အမှန်လမ်းကိုပို့ဆောင်ကာ မှားယွင်းသောအတွေးများကိုမတွေးမိအောင်လုပ်ဆောင်ရမည်ဟု မိဘများအနေဖြင့် သဘောပေါက်ကြရပါမည်။ ကလေးများ၌ရှိသောကိုယ်ကျင့်တရားဆိုင်ရာအရည်အသွေးများကို မိဘများကလျစ်လျူရှုထားလိမ့်မည်ဆိုလျှင် ကလေးများသည် သေချာပေါက်လမ်းလွဲကုန်ကြပေလိမ့်မည်။

သမ္မာကျမ်းစာပါယုံကြည်သက်ဝင်မှုသည်သာ လုံခြုံရာဖြစ်ခြင်း

အကြမ်းဖျင်းအားဖြင့်ပြောရလျှင် လူငယ်များ၌ စိတ်ပိုင်းဆိုင်ရာခွန်အားအနည်းငယ်မျှသာ ရှိကြပါသည်။ ဘုရားသခင်၏စာရိတ္တတော်ကို သိကျွမ်းခြင်းအမှုနှင့် ကိုယ်တော်ရှင်အတွက်လုပ်ဆောင်သည့်တာဝန်များ၌ အသေးအဖွဲအကျိုးဆက်များသာရှိသည်ဟု သဘောမထားသင့်ပါ။ သမ္မာကျမ်းစာပါယုံကြည်သက်ဝင်မှုများသည် လူငယ်များအတွက် တစ်ခုတည်းသောလုံခြုံရာဖြစ်ပါသည်။

ယုံကြည်မှုအပေါ်နားလည်သဘောပေါက်ခြင်းမရှိဘဲခရစ်ယာန်ဖြစ်ခြင်းသည်တန်ဖိုးမရှိခြင်း

ကျွန်ုပ်တို့၏စာရိတ္တနှင့် စိတ်နေသဘောထားများ၏ပုံစံအငန်းအတာများကို ကျွန်ုပ်တို့၏နေ့စဉ်အသက်တာကဖော်ပြနေပါသည်။ ဘာသာရေးကိုနားလည်သဘောပေါက်ခြင်းမရှိလျှင် ယုံကြည်ကြောင်းထုတ်ဖော်ချက်များသည်တန်ဖိုးမရှိပါ။ ကောင်းကင်နိုင်ငံတော်၌ သူတော်စင်ဖြစ်လိုသူများသည် ဤကမ္ဘာတွင် ရှေးဦးပထမသူတော်စင်ဖြစ်ကြရပါမည်။

အိမ်ထောင်တွင် ချစ်စရာကောင်းသူများဖြစ်လာအောင် လုပ်ဆောင်ပေးသည့်အရာများသည် ကောင်းကင်အိမ်တော်တွင် ချစ်စရာကောင်းသူများဖြစ်အောင် လုပ်ပေးသောအရာများဖြစ်သည်။ သင်၏ခရစ်ယာန်အယူဝါဒအတိုင်းအတာကို အိမ်ထောင်စုတွင်သင်ဖော်ပြနေသော သင်၏အကျင့်စာရိတ္တဖြင့်တိုင်းတာရပါမည်။ ခရစ်တော်၏ကျေးဇူးတော်သည် ယုံကြည်သူများအားပျော်ရွှင်သာယာသောအိမ်ထောင်စုတစ်ခုဖြစ်လာရန် တတ်စွမ်းနိုင်တော်မူပါသည်။ ဘုရားသခင်ထံတော်တွင် လုံးလုံးလျားလျားဆက်ကပ်အပ်နှံကာ မိသားစုအလယ်တွင် ကိုယ်တော်ရှင်၏စာရိတ္တတော်ကို ကျွန်ုပ်တို့ကိုယ်စားပြု ဖော်ပြရန် ဘုရားသခင်အလိုရှိတော်မူပါသည်။ သန့်ရှင်းခြင်းအသက်တာသည် အိမ်ထောင်မှာအစပြုပါသည်။ အိမ်ထောင်မှာ ခရစ်ယာန်ဖြစ်သောသူများသည် အသင်းတော်တွင်လည်းကောင်း၊ ဤကမ္ဘာကြီးထဲမှာလည်းကောင်း ခရစ်ယာန် များဖြစ်ကြလိမ့်မည်။

အိမ်အသင်းတော်တွင်သွန်သင်သူမှာမိဘများပင်

အိမ်ထောင်ကို ဘာသာရေးတာဝန်များကိုထမ်းဆောင်ရန်အတွက် ပြင်ဆင်ပေးသော သင်တန်းကျောင်းတစ်ကျောင်းအဖြစ်မှတ်ယူကြပါ။ အသင်းတော်၏အမှုတော်တွင် သင်၏ကလေးများသည် ပါဝင်လုပ်ဆောင်ကြရပါမည်။ သခင်ဘုရား၏အမှုတော်အတွက် မိမိတို့၌ရှိသော ကိုယ်စိတ်နှစ်ပါး၏အစွမ်းများကို စောင့်ထိန်းရပါမည်။ အသုံးပြုရပါမည်။ သမ္မာတရား သည် အမှန်တရားဖြစ်သောကြောင့် သမ္မာတရားကိုမြတ်နိုးတွယ်တာကြရန် သွန်သင်ပေးကြပါ။ သမ္မာတရားအားဖြင့် ၎င်းတို့၏အသက်တာကို သန့်ရှင်းစင်ကြယ်အောင် လုပ်ဆောင်ခိုင်းကြပါ။ သို့မှသာ အထက်တန်းကျောင်းတက်ရန် အဆင်သင့်ဖြစ်မဖြစ်ဆုံးဖြတ်ခြင်းနှင့် နိုင်ငံတော်တွင် ဘုရားသခင်၏ မိသားစုဝင်သားသမီးတစ်ယောက် ဖြစ်သင့်မဖြစ်သင့် ဆုံးဖြတ်ခြင်းများမပြုလုပ်မီ ကျင်းပမည့်ပြန်လည်ဆန်းစစ်ပွဲကြီးတွင် သူတို့အောင်ပွဲဆင်နိုင်ကြမည်ဖြစ် ပါသည်။

တစ်သမတ်တည်းရပ်တည်သောအသက်တာဖြင့်လမ်းပြကြပါ

သားသမီးများသည် ယုံကြည်ခြင်းနှင့်ကိုက်ညီသည့် တစ်သမတ်တည်းသောအပြုအမူ၊ အပြောအဆိုနှင့် ယုံကြည်ချက်များကို မိဘများ၏အသက်တာတွင် တွေ့မြင်ကြရပါမည်။ မိဘများသည် ပုံမှန်အသက်တာမျိုး၌ ကိုယ်ကိုကိုယ်ထိန်းချုပ်ခြင်းပါရမီကို ထင်ရှားစေလျက် သားသမီးများ၏စာရိတ္တကိုပုံသွင်းပေးကြရပါမည်။

သားသမီးများကိုသင်တန်းပို့ချနေသောခရစ်တော်၏လုပ်သားများ

မိဘတို့၏အပြုအမူ၊ အပြောအဆိုများသည် ခရစ်တော်ပြသတော်မူခဲ့သည့်စည်းမျဉ်းများနှင့် ကိုက်ညီရပါမည်။ ဤနည်းအားဖြင့်သာ အိမ်ထောင်စုများ၌ ခရစ်တော်၏အမှုတော်ဆောင်ကောင်းများကို မွေးထုတ်ပေးနိုင်မည်ဖြစ်ပါသည်။

နေအိမ်ကိုသန့်ရှင်းသောနေရာတစ်ခုအဖြစ် မှတ်ယူရပါမည်။ နေ့စဉ်အသက်တာ၌ မိမိကိုယ်ကို ခရစ်တော်ထံတွင်ဆက်ကပ်ကြရပါမည်။

ဤနည်းအားဖြင့် ကျွန်ုပ်တို့သည် ဘုရားသခင်ထံမှအကူအညီများ နေ့စဉ်ရရှိကာ အောင်ပွဲဆင်နိုင်ကြမည်ဖြစ်သည်။ ကပ်တိုင်ကို နေ့စဉ်ထမ်း၍ အသက်ရှင်ရမည်။ ခရစ်တော်၏စာရိတ္တာတော်ကို အတတ်နိုင်ဆုံးကိုယ်စားပြုကာ ဘုရားသခင့်ရှေ့တော်တွင် တာဝန်ရှိသူများဖြစ်သောကြောင့် စကားအရာ၌ အထူးဂရုစိုက်သင့်ကြပါသည်။

## ဆိုးဝါးသောအမှားများကိုလူအများလုပ်နေခြင်း

အမှုတော်တွင် ခရစ်တော်နှင့်အတူ မိတ်သဟာယဖွဲ့ရမည့်အခွင့်အရေးကို ငြင်းပယ်သူများသည် ကိုယ်တော်ရှင်နှင့် အတူ ဘုန်းတော်ဝင်စားရန် ပြင်ဆင်ပေးသည့်သင်တန်းကိုလည်း ငြင်းပယ်နေကြပါသည်။ စာရိတ္တာခွန်အားများနှင့် မြင့်မြတ်မှုများကိုပေးဝေလျက်ရှိသော တစ်ခုတည်းသောသင်တန်းကို ငြင်းပယ်နေခြင်းဖြစ်ပါသည်။ ခရစ်တော်၏ကပ်တိုင်ကိုလက်မခံရန် သွန်သင်နေသောမိဘများမှာ မိမိတို့၏သားသမီးများကို လူနှင့်ဘုရားသခင်တို့၏ရန်သူတော်ကြီးလက်ထဲသို့ ထည့်လိုက်မိကြောင်း နောက်ကျမှသိရှိလာကြပါသည်။ သူတို့သည် လောကီလောကုတ္တရာနှစ်ဖြာသော အသက်တာများ၏ပျက်စီးဆုံးရှုံးခြင်းများအတွက် တံဆိပ်ခတ်ကြချေပြီ။ ထိုကြောင့် ၎င်းတို့၏သားသမီးများသည် ဤလောကအတွက် အမင်္ဂလာများ၊ ဝမ်းနည်းစရာများနှင့် ရှက်ကြောက်ဖွယ်ရာများအဖြစ် ကြီးပြင်းလာခဲ့ကြပါသည်။

## ဘုရားသခင်၏အကူအညီပေါ်တွင်မှီခိုကြဖို့သွန်သင်ပေးခြင်း

သင်၏ကလေးများ၌ ကောင်းသောအရာများကို လုပ်နိုင်စွမ်းရှိသည့်ခွန်အားများနှင့် ပြည့်ဝစေလိုသည်ဆိုလျှင် ထာဝရနိုင်ငံတော်ကို ခိုင်မာစွာဆုပ်ကိုင်ထားဖို့ သွန်သင်ကြပါ။ အန္တရာယ်များ၊ အခက်အခဲများကို ရင်ဆိုင်

တွေ့ကြုံရသောအချိန်တွင် ဘုရားသခင်ကိုမှီခိုအားထားကြရန် သွန်သင်ပေးခဲ့ကြလိမ့်မည်ဆိုလျှင် သူတို့သည် တဏှာရမ္မက်များကို ဟန့်တားထိန်းချုပ်ရာတွင်လည်းကောင်း၊ ဝင်ရောက်လာမည့်စုံစမ်းနှောင့်ရှက်ခြင်းများကို ဟန့်တားရာတွင်လည်းကောင်း လုံလောက်သောခွန်အားများနှင့် ပြည့်ဝနေကြပါလိမ့်မည်။ အနန္တဉာဏ်တော်ရှင်နှင့်ဆက်သွယ်ခြင်းကြောင့် အလင်းတရားများနှင့် အမှားအမှန်ခွဲခြားသိမြင်နိုင်စွမ်းများကို ၎င်းတို့ရရှိလာကြပါလိမ့်မည်။

## ယုံကြည်ကိုးစားခြင်းအားဖြင့်သာရရှိနိုင်သည့်ကယ်တင်ခြင်း

ကျွန်ုပ်တို့၏မိသားစုအပေါင်းသည် ဘုရားသခင်ပေးသနားတော်မူ သည့် ကယ်တင်ခြင်းဆုကျေးဇူးကို ရရှိနိုင်ကြသည်မှာ မှန်သော်လည်း ထိုကယ်တင်ခြင်း အတွက် ကျွန်ုပ်တို့ယုံကြည်ကိုးစားရမည်။ ထိုကယ်တင်ခြင်းအတွက် အသက်ရှင်နေထိုင်ရမည်။ ထိုကယ်တင်ခြင်းအတွက် ဘုရားသခင် ကိုစဉ်ဆက်မပြတ် အားကိုးကြရပါမည်။ သမ္မာကျမ်းစာတွင် ဖော်ပြထားသော တားမြစ်ချက်များသည် ကျွန်ုပ်တို့အကျိုးအလို့ငှာ ပြုလုပ်ထားသည့်အရာများ ဖြစ်သည်။ ထိုတားမြစ်ချက်များသည် ကျွန်ုပ်တို့၏မိသားစုနှင့်တကွ ကျွန်ုပ်တို့၏ပတ်ဝန်းကျင်ရှိလူသားများအား ပျော်ရွှင်မှုကိုတိုးပွားစေပါသည်။ ထို တားမြစ်ချက်များသည် ကျွန်ုပ်တို့၏မြတ်နိုးစိတ်များကို စင်ကြယ်စေပါသည်။ ဆုံးဖြတ်ချက်များကိုလည်း မှန်ကန်စေပါသည်။ စိတ်၏ငြိမ်သက်မှုကိုလည်း ရရှိစေပါသည်။ အဆုံးတွင် ထာဝရအသက်ကိုလည်း ရရှိခံစားစေပါမည်။

သင်၏သားသမီးများသည် အိမ်တွင်သင်ပေးလိုက်သည့် ပညာရေး၏မွန်မြတ်သောဩဇာလွှမ်းမိုးမှုများကို အိမ်အပြင်သို့သယ်ဆောင်သွားကြပါလိမ့်မည်။ တစ်နှစ်သားအရွယ်မှစ၍ အိမ်ထောင်မိသားစုအလယ်တွင်ရရှိခဲ့သောပညာရေးကို စာသင်ခန်းများဆီသို့ သယ်ဆောင်သွားကာ လူအများအားမျှဝေခံစားစေကြပါလိမ့်မည်။ ဤနည်းအားဖြင့် ဘုရားသခင်သည် ချီးမွမ်းထောမနာပြုခြင်းကို ခံရပါလိမ့်မည်။

## သားသမီးများအားဘုရားသခင်အကြောင်းကိုသင်ပေးခြင်း

ဘုရားသခင်သည် သားသမီးတိုင်းကို အိမ်တော်သားများဖြစ်ရန် အလိုရှိတော်မူပါသည်။ အသက်အရွယ်ငယ်ပင်ငယ်ငြားသော်လည်း ၎င်းတို့သည် ယုံကြည်ခြင်း၏မိသားစုဝင်များ ဖြစ်နိုင်သည်သာမက အဖိုးတန်သော ဗဟုသုတများကိုလည်း ရရှိနိုင်ကြပါသည်။ အချိန်ကြာမြင့်စွာတင်ကျန်စေမည့် ခံစားချက်ကို ရယူထားနိုင်သည့် နူးညံ့သောနှလုံးသားများလည်း သူတို့၌ လက်ဝယ်ရှိနေနိုင်ပါသည်။ သူတို့၌ ခရစ်တော်ကိုကိုးစားချစ်ခင်သော စိတ်သဘောထားများရှိနိုင်သည့်အပြင် ကယ်တင်ရှင်အတွက် အသက်ရှင်နေထိုင်သူများလည်း ဖြစ်နိုင်ကြပါသည်။ အပြစ်လုပ်လိုစိတ်မရှိသည့်ပြင် အပြစ်ကိုမုန်းတီးရှောင်ရှားလိုစိတ်များကို ဖြစ်ပေါ်လာစေရန်အလို၄ာ သူတို့၏ အတွေးများသည် အရှိန်အဟုန်နှင့်ပြောင်းလဲနေကြပါသည်။

### အကျိုးဆက်မရှိသောအသက်အရွယ်

ကလေးတစ်ယောက်သည် မိခင်ကိုချစ်တတ်၊ ကိုးစားတတ်သည့် အရွယ်သို့ရောက်သည်နှင့်တစ်ပြိုင်နက် ခရစ်တော်ကိုလည်း သူ့မိခင်၏မိတ်ဆွေတစ်ပါးအဖြစ် ချစ်ခင်ကိုးစားတတ်လာသဖြင့် ခရစ်တော်သည် သူလေးစားချစ်ခင်သောမိတ်ဆွေတစ်ပါးဖြစ်လာပါမည်။ ကျွန်ုပ်တို့၏ဘာသာတရားသည် လက်တွေ့ကျင့်သုံးရမည့်ဘာသာတရားဖြစ်ပါသည်။ ဘုရားကျောင်းမှာ ဘာသာတရားရှိဖို့လိုအပ်သလို အိမ်မှာလည်း ဘာသာတရားရှိဖို့လိုအပ်ပါသည်။ ကျွန်ုပ်တို့၏ကိုယ်နှုတ်အမူအရာသည် အေးစက်၊ ကြမ်းတမ်း၊ ကြောက်မက်စရာအသွင်ကိုမဆောင်စေဘဲ ကျွန်ုပ်တို့သည် ချစ်တတ်သောနှလုံးသားပိုင်ရှင်များဖြစ်ကြောင်း ကြင်နာချစ်ခင်မှုများဖြင့် ထင်ရှားစေရပါမည်။ ခရစ်တော်သည် ကျွန်ုပ်တို့၏အိမ်ထောင်စုတွင် အထူးလေးစားသောဧည့်သည်တော်ကြီးဖြစ်သင့်ပါသည်။ ကျွန်ုပ်တို့သည် မိမိတို့၏ဝန်များကို ကိုယ်တော်ထံသို့ယူဆောင်လာပြီး ကိုယ်တော်ရှင်၏မေတ္တာတော်၊ ကျေးဇူးတော်နှင့် စုံလင်သောစာရိတ္တတော်အကြောင်းကို ကိုယ်တော့်ထံ၌ ဖွင့်ဟပြောဆိုသင့်ပါသည်။

သင်ခန်းစာတိုင်း၌ဘုရားသခင်၏မေတ္တာတော်ကိုသွန်သင်သင့်ခြင်း

ကလေးငယ်အား ရှေးဦးပထမသင်ကြားပေးရမည့်သင်ခန်းစာမှာ ဘုရားသခင်သည် သူတို့၏ဖခင်ဖြစ်ကြောင်းပင်ဖြစ်ပါသည်။ ထိုသင်ခန်းစာကို ၎င်းတို့ငယ်ရွယ်စဉ်ကတည်းက သင်ကြားပေးရပါမည်။ ကောင်းကင်ဘုံ၌ ရှိတော်မူသောဘုရားသခင်နှင့် သူတို့ကိုရင်းနှီးအောင်လုပ်ပေးရန်မှာ မိဘများ၏ တာဝန်ဖြစ်သည်ကို မိဘတိုင်းသိထားဖို့ လိုအပ်ပါသည်။ ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်သည်ကိုလည်း သင်ခန်းစာတိုင်းတွင် ထည့်သွင်းသင်ကြား ပေးကြပါ။ ကလေးများကိုသင်ပေးသည့် သင်ခန်းစာတိုင်းသည် ခရစ်တော် အကြောင်းဖော်ပြသည့် သင်ခန်းစာများသာဖြစ်သင့်ပါသည်။

ဂရုတစိုက်ကြည့်ရှုပြုစုခြင်းသည်သူတို့လိုအပ်နေသောအရာဖြစ်ခြင်း

သားသမီးများကိုလျစ်လျူရှုထားသည့်အချိန်တွင် သင်တို့သည် ဘုရားသခင်၏ဂုဏ်တော်ကို မချီးမွမ်းကြပါ။ သူတို့သည် သာမန်ကာလျှံကာ ဂရုစိုက်ခြင်းမျိုးထက် လေးနက်သောပြုစုခြင်းကိုလိုအပ်သလို အားပေးစကား တစ်လုံးတလေပြောခြင်းထက် ပို၍လိုအပ်သူများလည်းဖြစ်ကြသည်။ ဆုတောင်း ပေးခြင်းနှင့် အပတ်တကုတ်ဂရုစိုက်ခြင်းများကို သူတို့လိုအပ်နေပါသည်။ ချစ်ခင်ယုယခြင်းနှင့်ပြည့်ဝသော စိတ်နှလုံးများသည်သာ အပြုအစုမဲ့၊ မျှော်လင့် ချက်မဲ့ဖြစ်နေသော ထိုလူငယ်များ၏စိတ်နှလုံးကို နှိုးဆွနိုင်ပါလိမ့်မည်။

ခရစ်တော်အတွက်ကလေးများကိုသွန်သင်ပေးခြင်း

ယေရှုဟူသောနာမတော်ကို ခေါ်သောအသံသည် ကလေးများပထမ ဦးဆုံးစိတ်ဝင်စားသင့်သည့် အသံပင်ဖြစ်သည်။ ထိုကြောင့် ငယ်ရွယ်စဉ်က တည်းက ဆုတောင်းရာယဇ်ပလ္လင်သို့ သူတို့ကိုခေါ်သွားရပါမည်။ သူတို့၏စိတ် နှလုံး၌ ခရစ်တော်၏သက်တော်စဉ်အကြောင်းအရာများနှင့် ပြည့်လျှံနေစေလျက် လာမည့် အနာဂတ် ထာဝရနိုင်ငံတော်၏ပုံရိပ်များဖြင့် လွှမ်းမိုးနေစေပါ။

မိဘတို့၊ သင်တို့၌သားသမီးများကိုသွန်သင်ရမည့် မွန်မြတ်သော တာဝန်တစ်ခုရှိနေပါသည်။ ငယ်ရွယ်စဉ်အခါတွင် သူတို့၏စိတ်နှလုံးသည် ကောင်းသောအရာဘက်၌ ပုံသွင်းရန်လွယ်ကူပါသည်။ ၎င်းတို့၌ တစ်ဦးချင်း လုပ်ဆောင်ရမည့်အလုပ်များရှိနေပြီး ကလေးငယ်ဘဝကတည်းက ခရစ်ယာန် တစ်ယောက်၏ဗဟုသုတများကို ရရှိထားရမည့်အကြောင်းကိုလည်း သားသမီး များကိုသွန်သင်ထားပါ။ မိဘများသည် သားသမီးများကို ငယ်ရွယ်စဉ်က တည်းက တရားလမ်းထဲသို့လျှောက်သွားအောင် လမ်းမပြခဲ့ကြလျှင် မှားသော လမ်းကို သူတို့ရွေးချယ်ကြလိမ့်မည်။

ဆန္ဒအလျောက်နာခံခြင်းသည်ပြောင်းလဲခြင်း၏စမ်းသပ်မှုတစ်ခုဖြစ်ခြင်း

ဘုရားသခင်၏အလိုတော်ကို မိမိဆန္ဒအလျောက် နာခံလိုက်လျှောက် ခြင်းသည် ခရစ်ယာန်အစစ်အမှန်တစ်ယောက်၏အမှတ်အသားဖြစ်ကြောင်း သားသမီးများကို ကျွန်ုပ်တို့သင်မထားကြဘူးလား။ သခင်ဘုရားသည် မိမိ မိန့်တော်မူသည့်စကားတိုင်းကို အလေးထားတော်မူလျက်ရှိသည်။

ပြုပြင်ပြောင်းလဲရေး၏အုတ်မြစ်တည်းဟူသောဘုရားသခင်၏ပညတ်တော်

ဘုရားသခင်၏ပညတ်တော်သည် အိမ်ထောင်ပညာရေး၏ပြဋ္ဌာန်း ချက်တစ်ခုဖြစ်ရမည်။ မိဘများသည် ဘုရားသခင်၏ပညတ်တော်အလုံးစုံကို လိုက်လျှောက်လျက် စုံလင်သောတည်ကြည်မှု၏စံနမူနာတစ်ခုအဖြစ် ကလေး များရှေ့တွင် နေထိုင်ပြရပါမည်။

ဘုရားသခင်၏ပညတ်တော်သည် တာရှည်ခံသောပြုပြင်ပြောင်းလဲရေး ၏အုတ်မြစ်တစ်ခုဖြစ်သည်။ ပညတ်တော်အတိုင်းအသက်ရှင်နေထိုင်ဖို့လိုအပ် ကြောင်းကို လောကီသားများနားလည်အောင် ကျွန်ုပ်တို့သက်သေခံကြရပါ မည်။ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းကို အိမ်ထောင်မှအစပြုရမည်ဖြစ်ပြီး ပညတ် တော်ကိုနာခံလိုက်လျှောက်ခြင်းသည် အလုပ်ကြိုးစားခြင်း၊ ရိုးခြိုးချွေတာခြင်း၊ မှန်ကန်စွာရပ်တည်ခြင်း၊ လူတစ်ယောက်နှင့်တစ်ယောက်အကြား တရားမျှတစွာ ဆက်ဆံခြင်းများအတွက် အားကောင်းစေသည့်အပြုအမူတစ်ခုဖြစ်ပါသည်။

ပညတ်တော်စောင့်ရန်ကလေးများကိုသွန်သင်ပေးပါ

ကလေးများကို ငယ်စဉ်အချိန်ကတည်းကပညတ်တော်စောင့်ရန် သင်တို့သွန်သင်ထားကြပါသလား။ ၎င်းတို့၏အသက်တာတွင် ခရစ်တော်ကိုဖော်ပြနိုင်ရန်အလို့ငှာ ကိုယ်တော်ရှင်၏မြင့်မြတ်သောစာရိတ္တတော်မျိုးကို တည်ဆောက်ကြရန် သင်ကြားပေးရမည်။ ခရစ်တော်၏နောက်လိုက်တစ်ဦးဖြစ်ခြင်းနှင့်စပ်ဆိုင်သည့် သိသင့်သိထိုက်သောအရာများကို သားသမီးများသိထားအောင် ၎င်းတို့အား ငယ်စဉ်အချိန်ကတည်းက ဘုရားသခင်၌ဆက်ကပ်ရန် မိဘများ၌တာဝန်ရှိပါသည်။ အလုပ်လုပ်ရာတွင် ပို၍သစ္စာရှိရန်နှင့် ပို၍ကောင်းသောအရာများကိုလေ့လာသင်ယူရန် ဘာသာတရားက သားသမီးများကိုအထောက်အကူပြုပါသည်။

နှောင့်နှေးခြင်း၏ရလဒ်

မိဘတို့၊ သူတို့သည် ဗွေယူလို့မရသေးသည့် ငယ်ရွယ်သူများဖြစ်သည်ဟူ၍လည်းကောင်း၊ သူတို့သည် မိမိ၏အပြစ်ကို ခရစ်တော်ရှေ့မှောက်တွင် ဝန်ခံနိုင်လောက်သည့် အသက်အရွယ်မဟုတ်သေးပါဟူ၍လည်းကောင်း၊ မှားယွင်းသောအတွေးအခေါ်များကိုကိုင်ဆွဲလျက် ပျက်စီးခြင်းတွင်းဝပေါ်မှာ သင်တို့၏ကလေးများကို သင်တို့ချော့သိပ်နေကြသည်ကို သတိပြုမိကြပါသလား။

အသက်ရှစ်နှစ်၊ ဆယ်နှစ်၊ ဆယ့်နှစ်နှစ်သို့ရောက်ပြီဖြစ်သော သားသမီးများသည် ဘာသာရေးနှင့်ပတ်သက်သည့် အကြောင်းအရာများကို ခံယူရန်အရွယ်ရောက်နေပါပြီ။ သူတို့သည်နောင်တရပြီး သမ္မာတရားကိုယုံကြည်ရန်အရွယ်ရောက်မည့်အချိန်နှင့်ပတ်သက်သည့်အနာဂတ်ကာလကိစ္စရပ်များကို သူတို့အားသင်မပေးကြပါနှင့်။ အကယ်၍ စနစ်တကျသင်ကြားပေးမည်ဆိုလျှင် ၎င်းတို့သည် အပြစ်သားများဖြစ်သည်ကိုလည်းကောင်း၊ ခရစ်တော်အားဖြင့် ကယ်တင်ခြင်းရနိုင်သည့်နည်းလမ်းကိုလည်းကောင်း ထိုကလေးများကောင်းစွာနားလည် နိုင်စွမ်းရှိကြပါသည်။

ရင်ခွင်ပိုက်ကလေးငယ်ဘဝမှလူငယ်ဘဝအထိညွှန်ပြခြင်း

ကလေးငယ်များအား သူတို့စိတ်ကူးပေါက်ရာလုပ်ဆောင်ခြင်းကို ခွင့်ပြုခြင်းသည် ဒုစရိုက်ကိုပိုမိုလိုက်စားကာ ပိုမိုဆိုးရွားလာအောင် လုပ်ဆောင်နေခြင်းပင်ဖြစ်ပါသည်။ မှားယွင်းသောသင်ကြားမှုများ၏ရလဒ်ကို ကလေးငယ်ဘဝမှာပင် တွေ့မြင်နေရပါသည်။ ငယ်ရွယ်စဉ်ဘဝတွင် တစ်ကိုယ်ကောင်းဆန်သော ဒေါသစိတ်များဖွံ့ဖြိုးလာပြီး လူငယ်ဘဝသို့ရောက်သောအခါ ဒုစရိုက်တွင်ကျင်လည်လာပါသည်။ မိမိကြိုက်သည့်အရာကို လုပ်ခွင့်ရထားသည့် ကလေးများသည် မိဘများ၏လျစ်လျူရှုခံရသည့် အထောက်အထားများကို ဆက်တိုက်ဖော်ပြနေတတ်ပါသည်။ ထို့ကြောင့် သင်၏သားသမီးများကို ကလေးငယ်ဘဝမှ ကြီးကောင်ဝင်ကာ လူကြီးဘဝသို့ရောက်သည်အထိ ကောင်းသောလမ်းကိုပို့ဆောင်ပေးမည့် ဩဇာလွှမ်းမိုးမှုများအောက်တွင် ထားကြရပါမည်။

အသင်းသားဖြစ်ရန်လိုအပ်ခြင်း

ဘုရားသခင်၏ညွှန်ကြားချက်များနှင့်အညီ သင်၏ကလေးများကို သွန်သင်ကြပါ။ စိတ်ရှည်ရှည်ဖြင့်ကရုဏာထားပြီး ဂရုတစိုက်ကြိုးစားပမ်းစား သင်ကြားပေးကြပါ။ ကာယ၊ ဉာဏနှင့် ဘာသာတရားဆိုင်ရာ သွန်သင်ချက်များကို သင်ပေးရန်တာဝန်မှာ မိဘများ၏ပခုံးပေါ်၌ကျရောက်လျက်ရှိပါသည်။ ဘုရားသခင်၏တောင်းဆိုချက်များကို သားသမီးများအားအမြဲပြောပြရန်မှာလည်း မဖြစ်မနေလုပ်ရမည့်အရာဖြစ်ပါသည်။

ဘာသာတရားသွန်သင်မှုများကို မလွဲမသွေလုပ်ဆောင်ကြရပါမည်။ ဘုရားသခင်ကို သူတို့သိကျွမ်းလာစေရန်အလို့ငှာ နှုတ်ကပတ်တော်ပါကောင်းမြတ်သောသင်ခန်းစာများကို သင်ပေးကြပါစို့။ မမှန်သည့်အရာအားလုံးကို မလုပ်သင့်သည်ကိုလည်း သူတို့နားလည်အောင်ပြောပြကြပါ။ မှန်ကန်ပြီးတရားမျှတသောအရာများကို လုပ်ဆောင်ရန်သွန်သင်ကာ လမ်းမှားလိုက်

ခင်းကို ခွင့်မပြုနိုင်ကြောင်းကိုလည်း ပြောပြကြပါ။ ကျေးဇူးတော်ယဇ်ပလ္လင်ရှေ့တွင် ခရစ်တော်၏နာမတော်အားဖြင့် သူတို့ကိုဘုရားသခင်ထံတွင် ဆက်ကပ်ကြပါ။ ခရစ်တော်သည် ၎င်းတို့အတွက် ကြားဝင်ဖျန်ဖြေရန်၊ ဘုရားသခင်နှင့်အတူရှိနေတော်မူကြောင်းပြောပြကာ မြင့်မြတ်သောစာရိတ္တ တော်နှင့်တူသောကိုယ်ကျင့်တရားများကိုတည်ဆောက်ရန် သူတို့ကိုအားပေး ကြပါ။

## ဘုရားသခင်နှင့်ခရစ်တော်ကိုသိကျွမ်းခြင်းသည်ပဓနကျခြင်း

ဘုရားသခင်ကိုကြောက်ရွံ့ခြင်းသည် ပညာ၏အချုပ်အခြာဖြစ်သဖြင့် ဘာသာတရားသွန်သင်ချက်များကို မလွဲမသွေလုပ်ဆောင်ကြရပါမည်။ အချို့မှာ ပညာရေးကို ဘာသာတရား၏နောက်တွင်ထားကြသည်။ သို့ရာတွင် စစ်မှန်သောပညာရေးသည် ဘာသာတရားပင်ဖြစ်ပါသည်။

## လက်တွေ့ဘာသာရေးအတွေ့အကြုံကိုအနက်ဖွင့်ခြင်း

ဘာသာရေးဗဟုသုတများ၌ လက်တွေ့ကျသောသွန်သင်ချက်များမှာ ခရစ်ယာန်မိဘများက သားသမီးများကိုပေးရန် အဆင်သင့်ရှိထားရမည့်အရာပင်ဖြစ်သည်။ ထိုအမှုကိုဆောင်ရွက်ရန် ဘုရားသခင်သည် သင့်ကိုတောင်းဆိုလျက်ရှိရာ အကယ်၍ ထိုအမှုကိုသင်လုပ်ဆောင်ရန်ပျက်ကွက်ခဲ့လျှင် မိမိ၏တာဝန်ကို သင်လျစ်လျူရှုနေခြင်းဖြစ်သည်။ ဘုရားသခင်ရွေးချယ်အသုံးပြုသည့် အပြစ်ပေးဆုံးမနည်းများနှင့် ခရစ်ယာန်အသက်တာတွင် အောင်မြင်မှုရနိုင်သည့်အခြေအနေများကို သင်၏ကလေးများအား သင်ကြားပေးပါ။ လောကီလိုအပ်ချက်များကို စိတ်အာရုံလုံးလုံးပေးလျက် အချိန်ယူလုပ်ဆောင်နေစဉ်တွင် ဘုရားသခင်ကိုအလုပ်အကျွေးပြုရန် လုံးဝမဖြစ်နိုင်ကြောင်း သူတို့အားပြောပြပါ။ အလုပ်ကိုပင်ပန်းစွာလုပ်ဆောင်ရန်မလိုဘဲ အားသည့်အချိန် များတွင်ပျင်းရိစွာနားနေရမည်ဟူသော အတွေးများကိုလည်း သူတို့မတွေး ပါစေနှင့်။ ဤကိစ္စနှင့်ပတ်သက်၍ နှုတ်ကပတ်တော်တွင် ရှင်းလင်းစွာဖွင့်ဆို ထားပါသည်။

ဘုရားသခင်ကိုသိကျွမ်းအောင်လုပ်ဆောင်ပါ

ကယ်တင်ရှင်၏အသက်တာ၊ ကယ်တင်ရှင်၏အသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းအကြောင်းများကို သင်ကြားပေးပါ။ သမ္မာကျမ်းစာကိုလေ့လာခိုင်းကာ ထာဝရကာလအသက်ရှင်နေထိုင်ရမည့် စာရိတ္တမျိုးတည်ဆောက်ရန် သူတို့ကိုသင်ကြားပေးကြပါ။ သားသမီးများကို ဘုရားသခင်ကာကွယ်စောင့်ရှောက်ကာ ကောင်းချီးပေးတော်မူမည့်အကြောင်း ယခင်ကထက်ပို၍ ကျွန်ုပ်တို့ဆုတောင်းကြရပါမည်။

နောင်တရရန်နှင့်အပြစ်လွှတ်ရန်နေ့စဉ်သင်ကြားပေးကြပါ

မိမိတို့၏အပြစ်များကို မည်သည့်အချိန်တွင် ဖြေလွှတ်ခြင်းရသည် ဆိုသည့်အချက်ကို လူအားလုံးက တိတိကျကျပြောနိုင်ဖို့မလိုပါ။ ကလေးများကိုသွန်သင်ပေးရမည့်အရာမှာ ၎င်းတို့၏အမှားများ၊ အပြစ်များကို ခရစ်တော်ထံသို့ယူဆောင်လာကာ အပြစ်လွှတ်ခြင်းအခွင့်တောင်းခံတတ်ရန် ဖြစ်ပါသည်။ အပြစ်လွှတ်ခြင်းအခွင့်ကို နေ့စဉ်တောင်းဖို့လိုအပ်ကြောင်းကို လည်းကောင်း၊ ကိုယ်တော်ရှင်လောကတွင်အသက်ရှင်စဉ်က မိမိထံသို့လာသောကလေးများကို လက်ခံတော်မူခဲ့သကဲ့သို့ နောင်တရသောသူများ၏ရိုးစင်းသောဆုတောင်းခြင်းများကို နားထောင်လျက်ရှိကြောင်းကိုလည်းကောင်း သွန်သင်ပေးကြပါ။

ခိုင်မာသောယုံကြည်ချက်များကိုသွန်သင်ကြပါ

သမ္မာတရားကိုတွေ့မြင်ကာ သမ္မာတရား၏အရေးပါပုံများကိုသိရှိပြီး ဘုရားသခင်နှင့်ပတ်သက်သောအရာများတွင် အတွေ့အကြုံရှိထားသည့် မိဘများသည် မိမိတို့၏သားသမီးများအား ခိုင်မာသောယုံကြည်ချက်များကို သင်ကြားပေးရန်ဖြစ်ပါသည်။ သင်ကြားရာတွင် ကလေးများနားလည်လွယ်သော ဝေါဟာရများကိုအသုံးပြုကြပါ။ ၎င်းတို့အသက်အရွယ်ရလာသောအခါ

သင်ယူခဲ့ဖူးသော ထိုယုံကြည်ချက်များသည် တိုးတက်နေသောသူတို့၏အသိဉာဏ်များနှင့်ကိုက်ညီလာကာ ကျယ်ပြန့်နက်နဲသော သမ္မာတရားအုတ်မြစ်ချနိုင်သည်အထိ အသုံးဝင်လာပါလိမ့်မည်။

## တိုတိုနှင့်အကြိမ်များများသင်ပေးကြပါ

ကလေး၊ လူငယ်များကို သင်တန်းပို့ချနေသူများသည် ငြိမ်ငြိမ်စရာကောင်းသည့်မှတ်ချက်စကားများကို ရှောင်ကြဉ်သင့်ပါသည်။ တိုတိုနှင့်လိုရင်းကိုသင်ကြားပေးခြင်းသည် ပို၍ထိရောက်ပါသည်။ သွန်သင်ရမည့်အရာသည်များနေလျှင် အကြောင်းအရာကိုအကျဉ်းချုပ်လိုက်ကာ အကြိမ်ကြိမ်ပြောပြပါ။ သင်ခန်းစာတစ်ခုလုံးကို တစ်ထိုင်တည်းသင်ကြားခြင်းထက် အရေးကြီးသောအချက်အလက်များကို ရွေးချယ်အကျဉ်းချုပ်ကာ သင်ကြားခြင်းသည် ပို၍ထိရောက်မှုရှိပါသည်။

## နှစ်သက်ဖွယ်အချိန်ဖြစ်သောညနေခင်း

ကျွန်ုပ်တို့နေထိုင်သောအိမ်သည် ငြိမ်ငြိမ်စရာများနှင့်ပြည့်ဝနေသောနေရာတစ်ခုမဖြစ်စေဘဲ သင်တန်းပို့ချသောကျောင်းတစ်ကျောင်း ဖြစ်သင့်ပါသည်။ တရားလမ်းအတိုင်း ကလေးများနေထိုင်အသက်ရှင်ဖို့သွန်သင်ရန်ညနေခင်းသည် အကောင်းဆုံးနှင့်အသာယာဆုံးအချိန်ဖြစ်ပါသည်။

## ဘုရားသခင်၏ကတိတော်များကိုအသေးစိတ်ပြန်ပြောပါ

နှုတ်ကပတ်တော်မှ လှပတင့်တယ်မှုများနှင့်ရတနာများကို ကလေးများအတွက်ရှာဖွေအသိပေးခြင်းအမှုကို သန့်ရှင်းသောဝိညာဉ်တော်ဘုရားသည် နှစ်သက်မြတ်နိုးတော်မူသည်။ စုံစမ်းနှောင့်ယှက်ခြင်းနှင့်စာတန်မာရ်နတ်အားတားဆီးပေးမည့် မြင့်မြတ်သောအရာများနှင့်ရင်းနှီးမှုသည် ဝိညာဉ်တော်၏မစမှုအားဖြင့် သဘောပေါက်လက်ခံသူများ၌ ကြီးထွားလာပါလိမ့်မည်။

ဘာသာရေးသွန်သင်ချက်များကိုနှစ်သက်မြတ်နိုးအောင်လုပ်ကြပါ

ကလေးများကို ငယ်စဉ်အချိန်မှစ၍ ဘာသာရေးသွန်သင်ချက်များကို နူးညံ့ပျော်ရွှင်သောစိတ်ထားဖြင့် သင်ကြားပေးသင့်ပါသည်။ အပြစ်တင်စီရင်သည့်စိတ်ထားမျိုးဖြင့် မသွန်သင်ကြပါနှင့်။ မိဘများသည် သားသမီးများကို သတိပညာနှင့်လည်းကောင်း၊ နှစ်လိုဖွယ်စကားများဖြင့်လည်းကောင်း ပြည့်ဝသောသွန်သင်ချက်များနှင့် ကာရံထားသင့်ပါသည်။ သူတို့သည် သားသမီးများအောင်ပွဲဆင်ရန်ပြင်ဆင်ခြင်းအမှုတွင် အကောင်းဆုံးမိတ်ဆွေများအနေဖြင့် သားသမီးများအား ကူညီမစသင့်ပါသည်။ အမှန်လမ်းကိုလျှောက်ရန်ကြိုးပမ်းနေသော သူတို့၏ရင်သွေးများသည် သခင်ဘုရား၏မိသားစုဝင်များဖြစ်သည်ကို မိဘများနားလည်သင့်သည့်ပြင် နာခံခြင်းလမ်းစဉ်ကို ကလေးများ တည့်တည့်မတ်မတ်လျှောက်လှမ်းနိုင်ရန် အစွမ်းကုန်ကူညီသင့်သည်ဟုလည်း သူတို့နားလည်ထားသင့်ကြပါသည်။

ရိုးစင်းသောလုပ်ငန်းတာဝန်များမှဝိညာဉ်ရေးသင်ခန်းစာယူခြင်း

အသက်တာရှိ လုပ်ငန်းဆောင်တာအသီးအသီးမှ ဝိညာဉ်ရေးသင်ခန်းစာများရယူနိုင်အောင် လူငယ်လူရွယ်များအားသင်ကြားပေးဖို့ မိဘနှင့်ဆရာများအား ဘုရားသခင်တာဝန်ပေးထားတော်မူပါသည်။ ကိုယ်ခန္ဓာသန့်ရှင်းရေးအကြောင်းကို သင်ကြားပေးစဉ်တွင် စိတ်နှလုံးသန့်ရှင်းခြင်းကို ဘုရားသခင်အလိုတော်ရှိသည့်အကြောင်း ကလေးများကိုသင်ကြားပေးနိုင်ပါသည်။ အခန်းသန့်ရှင်းရေးလုပ်နေစဉ်တွင် စိတ်နှလုံးကိုစင်ကြယ်အောင် ဘုရားသခင်လုပ်တော်မူသည့်အကြောင်းကို သင်ကြားပေးနိုင်ပါသည်။ တံခါးနှင့်ပြတင်းပေါက်များကိုပိတ်ပြီး အခန်းသန့်ရှင်းရေးလုပ်လေ့လုပ်ထမရှိဘဲ တံခါးနှင့်ပြတင်းပေါက်များကိုဖွင့်ပြီးမှ ဖုန်နှင့်အမှိုက်များကိုရှင်းလင်းလေ့ရှိသည်။ ထိုနည်းအတူ စိတ်နှလုံးတံခါးများကိုဖွင့်ထားမှ နှလုံးသားကိုသန့်စင်အောင်လုပ်နိုင်မည့်အကြောင်း သွန်သင်ပေးပါ။ ဘုရားသခင်၏ကျေးဇူးတော်သည် နှလုံးသားထဲမှာရှိသောမကောင်းမှုများကို ရှင်းထုတ်တော်မူသည်။ မွေးကတည်းကပါ

လာသော မကောင်းသောစိတ်နေသဘောထားမှန်သမျှကို ဝိညာဉ်တော်ဘုရားအားဖြင့် ဖြူစင်သန့်ရှင်းအောင်ပြုတော်မူပါသည်။ နေ့စဉ်အသက်တာများ၌ စနစ်မကျ၊ မသပ်မရပ်လုပ်ဆောင်မှုများသည် ဘုရားသခင်ကိုမေ့လျော့သွားစေပါသည်။ ဟန်သာရှိပြီးအဆန်မပါသော ဘုရားဝတ်၌မွေ့လျော်ခြင်းပုံစံကိုလည်း ဖြစ်ပေါ်စေပါသည်။ ကျွန်ုပ်တို့သည် အမှောင်လမ်းကိုရွေးချယ်ကာ ဆုံးရှုံးမှုများနှင့်မရင်ဆိုင်ရစေရန်အလို့ငှာ ဆုတောင်းလျက်စောင့်ကြည့်ကြရပါမည်။ ရွှေချည်ကလေးနှင့်တူသော ယုံကြည်ခြင်းအစစ်အမှန်ကို နေ့စဉ်အသက်တာ၏လုပ်ဆောင်မှုအဝဝတွင် ထင်ရှားစေကြပါ။

## နှလုံးသားပညာရေးနှင့်စာအုပ်ပညာရေး

ဖွံ့ဖြိုးမှုအမြင့်ဆုံးဖြစ်သောစိတ်တန်ခိုးများကို လူငယ်များပိုင်ဆိုင်ရမည်ဟု လူငယ်များယူဆခြင်းသည် မှန်ကန်ပါသည်။ ဘုရားသခင်ကိုယ်တော်တိုင်က အကန့်အသတ်ပြုလုပ်မထားသည့်ပညာရေးကို ကျွန်ုပ်တို့အနေဖြင့် မကန့်သတ်သင့်ပါ။ ကျွန်ုပ်တို့ရရှိထားသည့်အသိပညာများသည် အမြင့်မားဆုံးသောရည်မှန်းချက်များကို ပြီးမြောက်စေမည့်အထောက်အမတစ်ခုမဟုတ်လျှင် ထိုပညာရေးသည် တန်ဖိုးမဲ့သောအရာတစ်ခုဖြစ်ပါသည်။

နှလုံးသားနှင့်စပ်ဆိုင်သောပညာရေးသည် စာအုပ်များမှရသည့်ပညာရေးထက်သာ၍အရေးပါလှပါသည်။ ကျွန်ုပ်တို့နေထိုင်အသက်ရှင်သော ကမ္ဘာကြီးနှင့်စပ်ဆိုင်သောပညာများကိုရရှိရန် မရှိမဖြစ်လိုအပ်သည်မှာမှန်သော်လည်း ထာဝရကာလနှင့်စပ်ဆိုင်သောပညာများကို လေ့လာဆည်းပူးခြင်းမပြုလျှင် ကျွန်ုပ်တို့သည် ပြုပြင်ရန်မဖြစ်နိုင်တော့သည့်အမှားတစ်ခုကို ကျူးလွန်နေခြင်းဖြစ်ပါသည်။

## နှစ်ဦးနှစ်ဖက်ရရှိမည့်အကျိုးကျေးဇူးများ

ကျွန်ုပ်တို့၏သားသမီးများသည် အဖိုးအခပေး၍ဝယ်ယူတော်မူထားသည့် ဘုရားသခင်၏ဥစ္စာပစ္စည်းများဖြစ်ကြသည်။ ဤအချက်သည် သူတို့

အတွက် ကျွန်ုပ်တို့လုပ်ဆောင်မှုများ၏ပင်မရေသောက်မြစ်ဖြစ်သင့်သည်။ ၎င်းတို့အား စုံစမ်းနှောင့်ယှက်ခြင်းများမှကာကွယ်၍ ကယ်တင်ခြင်းရဖို့ သေချာစေသည့်နည်းလမ်းများမှာ နှုတ်ကပတ်တော်၌ ဖော်ပြထားသည့် တရားတော်များကို ၎င်းတို့နားလည်အောင် အဆက်မပြတ်သွန်သင်ပေးခြင်းဖြစ်သည်။ ကလေးများကိုသင်ကြားပေးရင်း မိဘများကိုယ်တိုင်လည်း သမ္မာတရားကိုလျင်မြန်စွာသိရှိနားလည်လာကြလိမ့်မည်။ မယုံကြည်မှုများပပျောက် သွားကာယုံကြည်ကိုးစားခြင်းနှင့်လုပ်ဆောင်မှုများသည် တိုးတက်လာပါလိမ့်မည်။ သခင်ဘုရားနှင့်သိကျွမ်းရန် ကြိုးစားလုပ်ဆောင်ရင်း ယုံကြည်စိတ်ချမှုများလည်း ပိုမိုနက်ရှိုင်းလာပါလိမ့်မည်။

ထိမိလဲစရာဖြစ်နေသောမိဘများ

သင်၏ကလေးများအတွက် မည်သည့်စံနမူနာကိုပြနေပါသနည်း။ သင်၏အိမ်ထောင်၌ မည်သည့်ဖွဲ့စည်းပုံမျိုးရှိနေပါသနည်း။ သင်၏ကလေးများကို ကြင်နာသနားတတ်အောင် ပညာပေးသင့်ပါသည်။ သူတစ်ပါးအတွက် စဉ်းစားတတ်ပြီး နူးညံ့သိမ်မွေ့ခြင်း၊ ဘာသာရေးကိစ္စများကိုအရေးထားခြင်း၊ ဘုရားသခင်၏တောင်းဆိုချက်များကို အရေးထားခြင်းများကို လက်တွေ့ကျင့်သုံးတတ်အောင် ပညာပေးသင့်ပါသည်။

ကိုယ်တော်ရှင်ကိုကြောက်ချစ်ရိုသေသောသဘောဖြင့် မိသားစုများအားလမ်းပြရန် ဘုရားသခင်သတ်မှတ်ထားသည့်နည်းလမ်းများကို လိုက်လျှောက်ကြမည်ဆိုလျှင် လူငယ်လူရွယ်များသည် နက်ရှိုင်း၍အဆစ်အချိုးပြေပြစ်သောဘာသာတရားကိုင်းရှိုင်းမှုကို ငယ်စဉ်အချိန်ကတည်းက ဖော်ပြနိုင်ကြပါလိမ့်မည်။ မှန်ကန်သောသွန်သင်မှုနှင့် အပြစ်ပေးပုံများ၏တန်ဖိုးကိုလည်း သူတို့၏အသက်တာ၌ ဖော်ပြကြပါလိမ့်မည်။ သို့သော် တရားဟောဆရာများ၏ တရားဟောချက်များကြောင့် ကလေးများ၏စိတ်တွင်ရောက်ရှိနေသည့် အလင်းတန်းကလေးများကို မိဘများ၏အပြောအဆို၊ အပြုအမူများက တစ်ခါတစ်ရံတွင် တိုက်ဖျက်ချေမှုန်းပစ်တတ်ပါသည်။

ဆုတောင်းချက်နှင့်ဟန်ချက်ညီညီအသက်ရှင်နေထိုင်ခြင်း

ဘုရားသခင့်ထံတော်သို့ ရဲဝံ့စွာချည်းကပ်ရန် ကျွန်ုပ်တို့၌အခွင့်အရေးရှိနေပါသည်။ အလင်းတော်ကို ကျွန်ုပ်တို့အပေါ်၌လွှမ်းခြုံရန် ရိုးသားသောစိတ်ထားဖြင့်ဆုတောင်းကြလျှင် ဘုရားရှင်သည် နားညောင်းတော်မူကာအလင်းတော်ဖြင့် ကျွန်ုပ်တို့ကိုခြုံပေးတော်မူလိမ့်မည်။ သို့ရာတွင် ကျွန်ုပ်တို့သည် ဆုတောင်းချက်နှင့်ဟန်ချက်ညီညီ အသက်ရှင်နေထိုင်ရပါမည်။ ဆုတောင်း ချက်နှင့်ဆန့်ကျင်သောလမ်းကို ကျွန်ုပ်တို့လျှောက်လှမ်းနေလျှင် ဆုတောင်း ချက်များသည် အရာထင်လာလိမ့်မည်မဟုတ်ပါ။

နှစ်ခြင်းခံပြီးသောအချိန်တွင်သားသမီးများအတွက်ပြုရမည့်မိဘဝတ်

လုပ်ဆောင်ရမည့်အရာများကို သစ္စာရှိစွာလုပ်ဆောင်ပြီးနောက် သင်၏ကလေးများအနေဖြင့် ပြောင်းလဲခြင်း၊ နှစ်ခြင်းခံခြင်းနှင့်ပတ်သက်သောအနက်အဓိပ္ပါယ်ကို ကောင်းစွာနားလည်ပြီဟု သင်ယူဆလျှင် သားသမီးများကိုနှစ်ခြင်းခံပေးကြပါ။ သို့ရာတွင် ကျဉ်းသောလမ်းတွင်လျှောက်ရမည့် အတွေ့အကြုံနုနယ်သူများကိုလမ်းပြရာတွင် သစ္စာရှိသိုးထိန်းတစ်ယောက်ကဲ့သို့လုပ်ဆောင်နိုင်ဖို့ မိမိကိုယ်ကိုရှေးဦးပထမပြင်ဆင်ကြပါ။ ချစ်ခြင်းမေတ္တာနှင့်ယဉ်ကျေးပျူငှာခြင်းတွင်လည်းကောင်း၊ နှိမ့်ချခြင်းနှင့် လုံးလုံးလျားလျားဆက်ကပ်ခြင်း၌လည်းကောင်း သားသမီးများအား ကောင်းသောပုံသက်သေကိုပေးနိုင်ရန် မိဘများ၌ ဘုရားသခင်ပြုပြင်တော်မူမည်ဖြစ်သည်။ သားသမီးများနှစ်ခြင်းခံမှာကိုသင်ခွင့်ပြုကာ နှစ်ခြင်းခံပြီးသောအချိန်တွင် မိမိ၌တာဝန်မရှိတော့ဟုထင်ကာ သားသမီးများအား လုပ်ချင်ရာလုပ်ခွင့်ပေးလိုက်မည်ဆိုလျှင် ၎င်းတို့သမ္မာတရား၌ စိတ်ထက်သန်မှုလျော့ပါးသွားခြင်းနှင့် ယုံကြည်ခြင်းပျက်ပြားသွားခြင်းအတွက် သင်၌သာတာဝန်ရှိပေလိမ့်မည်။

ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရားသခင်၏မိသားစုဝင်များဖြစ်လာအောင် သူတို့အားပြင်ဆင်ပေးရန် သင်တို့အား ဘုရားသခင်တာဝန်ပေးထားပါသည်။ ထို့ကြောင့် ၎င်းတို့၏ကယ်တင်ခြင်းအလို့ငှာ ဘုရားသခင်နှင့်

ပူးပေါင်းလျက် ကြိုးစားလုပ်ဆောင်ကြရပါမည်။ သူတို့မှားတာလုပ်မိလျှင် လည်း မကြိမ်းမမောင်းကြပါနှင့်။ နှစ်ခြင်းခံပြီးမှ မဟုတ်တာတွေလုပ်နေပါ လားဆိုသည့်သဘောမျိုးဖြင့် မခံချိမခံသာဖြစ်အောင် သူတို့ကိုမပြောကြပါနှင့်။ဘုရားသခင်၏ သားသမီးတစ်ယောက်အနေဖြင့် သူတို့လုပ်ဆောင်ရမည့်တာဝန်များ အကြောင်းကို သူတို့လေ့လာရန် အများကြီးလိုအပ်နေသေးသည်ကို သင်တို့ သတိရအောက်မေ့ကြပါ။

## အထူးဘွဲ့နှင်းသဘင်တက်ရန်ပြင်ဆင်ခြင်း

စားဖို့၊ ဝတ်ဖို့ပြင်ဆင်ခြင်းများကိုအသာထားကာ စိတ်နှလုံးပြင်ဆင်ခြင်းအမှုကို အိမ်တွင်စတင်လုပ်ဆောင်ကြပါ။ ယခုအချိန်တွင်လုပ်ဆောင်ရမည့် ပုဂ္ဂိုလ်ရေးပြင်ဆင်မှုများကို လျစ်လျူရှုထားစဉ် ကိုယ်တော်ရှင်၏အတူရှိ ခြင်းကို ရရှိရန်နှင့် ကိုယ်တော်ရှင်၏တန်ခိုးတော်ကိုမြင်တွေ့ရန် မည်သို့မျှော်လင့်ချက် ထားနိုင်ပါမည်နည်း။

သူတို့လျှောက်လှမ်းရမည့်အသက်တာတွင် အဟန့်အတားဖြစ်နေသော အရာအားလုံးကို ဖယ်ရှားပေးကြပါ။ သူတို့နှင့်သင့်အကြားရှိ သဘောထား ကွဲလွဲမှုများကို ဖယ်ရှားပစ်ပါ။ သို့ပြုလျှင် သင်သည် ဘုရားသခင်ကို သင်နှင့် အတူလာရောက်စိုးစံရန် ဖိတ်ခေါ်နိုင်မည်ဖြစ်ပြီး သူတို့နှင့်တွေ့ဆုံသည့်အခါ တိုင်း ကောင်းကင်တမန်များသည် သင်နှင့်အတူရှိနေတော်မူလိမ့်မည်ဖြစ်သည်။ ထိုကောင်းကင်တမန်များမှ ထွန်းတောက်နေသောရောင်ခြည်တော်များသည် အမှောင်ထုမှနတ်ဆိုးများကို နှင်ထုတ်ပေးပါလိမ့်မည်။

## ယုံကြည်ခြင်း၌သမ္မာတရား၏မျိုးစေ့ကိုကြဲကြပါ

မျိုးစေ့ကြဲခြင်းအမှုသည် ယုံကြည်ခြင်းနှင့်စပ်ဆိုင်သောအမှုတစ်ခု ဖြစ်သည်။ သစ်စေ့ကလေးအညှောက်ပေါက်လာပြီး ကြီးထွားလာခြင်းကို နားလည်ရန်ခက်ခဲသည်မှာမှန်သော်လည်း ထိုအပင်ကလေးပွင့်လန်းလာအောင် ဆောင်ကြဉ်းပေးသောအရာများကို ဘုရားသခင်ပြုပြင်တော်မူသည်ဆိုသည့်

အချက်ကိုမူ ယုံကြည်ကြပါသည်။ ကြီးကျယ်သောရိတ်သိမ်းမှုတစ်ခုကို မျှော်လင့်လျက် မျိုးစေ့ကို ကြဲဖြန့်လေ့ရှိပါသည်။ ထိုနည်းအတူ ၎င်းတို့ ကြဲဖြန့်လိုက်သည့်မျိုးစေ့များမှ ကြီးမားသောရိတ်သိမ်းမှုတစ်ခုကို ဖြစ်ထွန်း စေလိမ့်မည်ဟု မျှော်လင့်ချက်ထားလျက် မိဘ၊ ဆရာများကြိုးစားလုပ်ဆောင် ကြရန်ဖြစ်ပါသည်။

–၀–



# အခန်း (၁၈)
# ဘာသာရေးအတွေ့အကြုံဆိုင်ရာအခြေခံလိုအပ်ချက်များ

ဘုရားသခင်၏နှုတ်ကပတ်တော်၌ သမ္မာတရားကျောက်မြတ်များဖြင့် ကြွယ်ဝလျက်ရှိရာ မိဘများသည် ထိုကျောက်မြတ်များကို ကြုတ်ထဲမှထုတ်ကာ ဖန်လင်ပန်းကလေးပေါ်မှာတင်လျက် ကလေးများလက်ထဲသို့ ထည့်ပေးသင့်ပါသည်။ နှုတ်ကပတ်တော်တွင်ရှိသည့် ရတနာသိုက်ထဲမှကျောက်မြတ် များကိုဆွဲယူကာ ကောင်းမှုကုသိုလ်အသီးသီးကိုပြုလုပ်နိုင်အောင် မိမိကိုယ်ကို မွမ်းမံပေးနိုင်ကြပါသည်။

**နှုတ်ကပတ်တော်တွင်ဘုရားသခင်ပြင်ဆင်ထားသောညစာစားပွဲကြီး**

ကိုယ်တော်ရှင်သည် နှုတ်ကပတ်တော်ကိုလေ့လာခြင်းအခွင့်ပေးခြင်းအားဖြင့် ကျွန်ုပ်တို့၏ရှေ့မှောက်မှာ ကြီးကျယ်သောညစာစားပွဲကြီးတစ်ခုကို ပြင်ဆင်ထားပါသည်။ သခင်ဘုရား၏အသားတော်နှင့်အသွေးတော်ကိုလည်းကောင်း၊ ကိုယ်တော်ရှင်၏ဝိညာဉ်တော်နှင့်အသက်တော်ကိုလည်း ပုံဆောင်ထားသည့် နှုတ်ကပတ်တော်ကိုလေ့လာခြင်းအားဖြင့် ရရှိနိုင်သည့်ကောင်းကျိုးချမ်းသာမှာ များလှပါသည်။ နှုတ်ကပတ်တော်ကိုလေ့လာခြင်းဖြင့် ကျွန်ုပ်တို့သည် ကျေးဇူးတော်၌လည်းကောင်း၊ သမ္မာတရားကိုသိကျွမ်းခြင်းအရာ၌လည်းကောင်း ကြီးထွားလာပါသည်။ ကာမဂုဏ်ချုပ်တည်းခြင်းအကျင့်များကို တည်နိုင်လာပါသည်။ ချုပ်တည်းခြင်းအစွမ်းများအားကောင်းလာပါသည်။ လူငယ်ဘဝ၌တွေ့ကြုံရလေ့ရှိသော ဗျာများခြင်း၊ ဆန္ဒပြင်းခြင်း၊ တစ်ကိုယ်ကောင်းဆန်ခြင်း၊ အပြောအဆိုကြမ်းတမ်းခြင်းနှင့် တဏှာရမ္မက်ကြီးခြင်းများလည်း လျော့ပါးပျောက်ကွယ်သွားကာ ထိုနေရာ၌ ခရစ်ယာန်အမျိုးသားကြီး အမျိုးသမီးများ၌ရှိသော တင့်တယ်မှုများသည် အစားထိုးနေရာယူလာပါသည်။

ရိုးသားဖြောင့်မတ်ခြင်း၏စံဖြစ်ခြင်း

ဘုရားသခင်၏နှုတ်ကပတ်တော်ကို လူငယ်များ၏စိတ်ထဲမှာ အမြော်အမြင်ရှိရှိဖြင့် ပေါက်ဖွားစေလျက် ရိုးသားဖြောင့်မတ်ခြင်းအတွက် စံတစ်ခုဖြစ်စေကြပါ။ ထိုစံကိုအမှီပြုလျက် အမှားများကိုပြင်ကာ စိတ်နှလုံးကိုအမြင်မှန်ရအောင် လုပ်ဆောင်ကြပါ။ ထိုသို့လုပ်ဆောင်ခြင်းအားဖြင့် နှုတ်ကပတ်တော်သည် ဒေါသအမျက်ကိုနှိုးဆွပေးသည့် စကားကြမ်းများထက် စိတ်လိုက်မာန်ပါလုပ်တတ်သောသဘောထားများကို ထိန်းချုပ်ရာတွင် ပို၍ထိရောက်ပါလိမ့်မည်။ သမ္မာကျမ်းစာ၏စံကိုမီရန် ကလေးများကိုသင်ကြားပို့ချရာ၌ အချိန်ယူရပါမည်။ ဇွဲရှိဖို့လည်းလိုပါသည်၊ ဆုတောင်းရန်လည်း အထူးလိုအပ်ပါသည်။ အခြားအိမ်မှုကိစ္စများကို လျစ်လျူရှုလိုလျှင် လျစ်လျူရှုနိုင်မည်ဖြစ်သော်လည်း ဤအရာကိုမူ ဂရုတစိုက်လုပ်ဆောင်သင့်လှပါသည်။

ရရှိထားပြီးသော သမ္မာကျမ်းစာပါအမှန်တရားများသည် လောကဆန်ပြီးနိမ့်ကျသော ကျွန်ုပ်တို့၏စိတ်နေစိတ်ထားများကို မြှင့်တင်ပေးပါသည်။ နှုတ်ကပတ်တော်ကို လေးစားသင့်သည့်အတိုင်း အလေးအမြတ်ပြုကြမည်ဆိုလျှင် စုံစမ်းနှောင့်ယှက်ခြင်းကိုတွန်းလှန်နိုင်စေမည့် ခွန်အားဖြစ်သော ရိုးသားဖြောင့်မတ်ခြင်းကို လူကြီးလူငယ်အပေါင်း ပိုင်ဆိုင်ခွင့်ရလာကြပါလိမ့်မည်။

အသိဉာဏ်များကို အစွမ်းကုန်ဖွံ့ဖြိုးလာအောင် ရသမျှသောနည်းမျိုးစုံကိုအသုံးချကာ ကျွန်ုပ်တို့ကိုယ်တိုင်ပျိုးထောင်စေချင်သည်မှာ ထာဝရဘုရား၏အလိုတော်ဖြစ်သည်။ သမ္မာကျမ်းစာကိုများများဖတ်ပြီး သမ္မာတရားများကိုပို၍နားလည်လာလျှင် ကျွန်ုပ်တို့သည် ပို၍အသိကြွယ်၊ ဉာဏ်စွမ်းထက်သူများ ဖြစ်လာပါလိမ့်မည်။ သမ္မာတရားကိုရှာဖွေလေ့လာခြင်းအားဖြင့် စွမ်းအားများကို ကျွန်ုပ်တို့မျှဝေရရှိကြပါသည်။

အိမ်ထောင်စု၊ လူ့အသိုက်အဝန်းနှင့်တိုင်းပြည်ကြီးပွားချမ်းသာခြင်း၏
အခြေခံအုတ်မြစ်ဖြစ်သောသမ္မာကျမ်းစာ

လူတစ်ယောက်၏ဘဝအသက်တာနှင့် ပတ်သက်ဆက်နွှယ်နေသမျှ အရာအားလုံး၏ကြီးပွားတိုးတက်မှုများကို ဖြစ်ထွန်းစေသည့်တန်ခိုးတစ်ခုသည် သမ္မာကျမ်းစာ၏သွန်သင်ချက်များ၌ ရှိနေပါသည်။ တိုင်းပြည်တစ်ပြည်၏ ကြီးပွားချမ်းသာမှုကိုဖြစ်စေသည့် တိုက်မြစ်များတည်းဟူသော လူမှုအသိုက် အဝန်းကြီးပွားချမ်းသာရေးဆိုင်ရာစည်းမျဉ်းများနှင့် မိသားစုများကိုကာကွယ် ပေးသည့် စည်းမျဉ်းများကိုလည်း ဖွင့်ပြထားပါသည်။ ထိုစည်းမျဉ်းများကို အမှီမပြုဘဲ မည်သည့်လူသားမျှ အသက်တာ၏အသုံးဝင်ခြင်း၊ ပျော်ရွှင်ခြင်းနှင့် ဂုဏ်ပြုလေးစားခြင်းများကို မရရှိနိုင်သည့်အပြင် အနာဂတ်အသက်တာတွင်ရ မည့် ထာဝရအသက်ကိုလည်း မျှော်မှန်းနိုင်လိမ့်မည်မဟုတ်ပါ။ လူ့ဘဝအဆင့် အတန်းတိုင်းအတွက်သော်လည်းကောင်း၊ လူသားအတွေ့အကြုံ အသီးအသီးအ တွက်သော်လည်းကောင်း ပြင်ဆင်မှုများပြုလုပ်ရာတွင် သမ္မာကျမ်းစာတွင်ဖော် ပြထားသည့် သွန်သင်ချက်များသည် မရှိမဖြစ်အရေးပါလှ ပါသည်။

နှုတ်ကပတ်တော်ကိုသိကျွမ်းခြင်းသည်အကာအကွယ်တစ်ခုဖြစ်ခြင်း

တိမောသေသည် ကလေးဘဝမှစ၍ နှုတ်ကပတ်တော်ကိုသိကျွမ်း ခဲ့သည်။ ၎င်း၏ပတ်လည်တွင်ရှိနေသော ဆိုးယုတ်သည့်ပတ်ဝန်းကျင်၊ အပျော် အပါးနှင့် ကိုယ်အလိုဆန္ဒကိုဖြည့်ဆည်းခြင်းများကို ရွေးချယ်ခိုင်းနေသည့် စုံစမ်းနှောင့်ယှက်ခြင်းများကို ကျော်လွှားရန်အတွက် ငယ်စဉ်ကရရှိခဲ့သော ထိုသွန်သင်ချက်များသည် သူ့အတွက်အကာအကွယ်တစ်ခုဖြစ်ခဲ့သည်။ ထိုအကာအကွယ်မျိုးကို လူတိုင်းပိုင်ဆိုင်ထားသင့်ပါသည်။ ထို့ကြောင့်ကလေး ငယ်များကို ကောင်းစွာကျမ်းစာသင်ပေး၊ မပေး သတိထားကြည့်ရှု ရန်မှာ မိဘများနှင့် ခရစ်တော်၏သံတမန်များလုပ်ဆောင်ရမည့် လုပ်ငန်းတာဝန် တစ်ခုဖြစ်ပါသည်။

ကျမ်းစာကိုမနှစ်သက်သည်မှာသဘာဝ

လူငယ်များသည် မသိနားမလည်သူများ၊ ဗဟုသုတနည်းပါးသူများဖြစ်ကြသည်။ သမ္မာကျမ်းစာနှင့်တကွ သမ္မာကျမ်းစာ၌ရေးထားသည့် အမှန်တရားကို သဘာဝအလျောက် နှစ်သက်မှုမရှိကြပါ။ ထို့ကြောင့် ၎င်းတို့အားငယ်ရွယ်စဉ်အချိန်မှစ၍ ဘုရားသခင့်ပညတ်တော်၏တောင်းဆိုချက်များနှင့် ခရစ်တော်အပေါ်ယုံကြည်ကိုးစားမှုရှိဖို့လိုအပ်ကြောင်းများကို သင်ကြား ပေးရပါမည်။ သို့မှသာ သူတို့၌စွဲနေသည့် အပြစ်၏အမည်းစက်များကို ဆေးကြောပေးနိုင်မည်ဖြစ်သည်။

လူငယ်များသည်သမ္မာကျမ်းစာကိုလျစ်လျူရှုနေကြခြင်း

လူအပေါင်းတို့သည် သမ္မာကျမ်းစာကိုလျစ်လျူရှုကာ နှုတ်ကပတ်တော်ကိုမလေ့လာကြတော့သည့်အပြင် နှုတ်ကပတ်တော်၏သွန်သင်ချက်များကိုလည်း အသက်တာစည်းမျဉ်းများအဖြစ် အသုံးမပြုကြတော့ပါ။ အထူးသဖြင့် လူငယ်များသည် သမ္မာကျမ်းစာကိုပစ်ပယ်ထားကြသည်။ သူတို့သည် အခြားစာအုပ်များကိုဖတ်နေကြသော်လည်း ထာဝရအသက်ကိုရနိုင်မည့်နည်းလမ်းများကို ဖော်ပြနေသည့်စာအုပ်ကိုမူ နေ့စဉ်ဖတ်စရာတစ်ခုအဖြစ် မသတ်မှတ်ကြပါ။ အကျိုးမပြုသောစာအုပ်များကို စိတ်ဝင်တစားဖတ်နေကြသော်လည်း သမ္မာကျမ်းစာကိုမူ လျစ်လျူရှုထားကြပါသည်။ အမှန်မှာ ဤစာအုပ်သည် မြင့်မြတ်သောအသက်တာတစ်ခုဆီသို့ ကျွန်ုပ်တို့အားလမ်းပြပေးပါသည်။ ဘုရား၏နှုတ်ကပတ်တော်တည်းဟူသော ပညာ၏မူလအချုပ်အခြာကို ပစ်ပယ်ကြသည်နှင့်အမျှ လူငယ်အပေါင်းတို့သည် အမြင့်မြတ်ဆုံးသောဖွံ့ဖြိုးမှုကို မရောက်ရှိနိုင်ကြတော့ပါ။

မိဘများ၏ဂရုမစိုက်လုပ်ဆောင်မှုများသည်သားသမီးများ၌ထင်ရှားနေခြင်း

ဘုရားသခင်၏နှုတ်ကပတ်တော်သည် ၎င်းတို့၏လမ်းပြအကြံပေးစာအုပ်မဟုတ်ကြောင်း မိဘများကဖော်ပြလျှင်လည်းကောင်း၊ သမ္မာကျမ်းစာ

ပါသတင်းစကားများကို မိဘများကဂရုမထားကြလျှင်လည်းကောင်း ထိုအခြင်းအရာများကို သတိပြုမိတတ်သော ငယ်ရွယ်သူသားသမီးများသည် 'ငါဂရုမစိုက်ဘူး၊ ငါ့လမ်းစဉ်အတိုင်းငါသွားမယ်' ဟူ၍ ဆင်ခြင်မှုကင်းမဲ့သော စိတ်ထားများကို ဖော်ပြကြပါလိမ့်မည်။

နှုတ်ကပတ်တော်ကိုအလေးထားပါ

ကြီးမားသောအလင်းတရားများကို ရရှိထားသူများအနေဖြင့် ကျွန်ုပ်တို့သည် အမူအကျင့်၊ အပြောအဆို၊ အိမ်ထောင်မှုအသက်တာနှင့် ပေါင်းသင်းဆက်ဆံရေးများတွင် ယခုထက်ပို၍အဆင့်မြင့်အောင် မြှင့်တင်ကြရပါမည်။ သမ္မာကျမ်းစာကို အိမ်ထောင်စုအတွက် လမ်းပြစာအုပ်တစ်ခုအဖြစ် ဂုဏ်ပြုကြပါ။ အခက်အခဲတိုင်းအတွက် အကြံပေးစာအုပ်အဖြစ်လည်းကောင်း၊ အမူအကျင့်တိုင်းအတွက် စံတစ်ခုအဖြစ်လည်းကောင်း ကျွန်ုပ်တို့အလေးထား ရပါမည်။ ဘုရားသခင်၏အမှုတော်ကို ဝန်ထုပ်ဝန်ပိုးတစ်ခုအဖြစ် သတ်မှတ် တတ်သည့်အပျင်းကြီးသောစိတ်ဓာတ်များကိုလည်း မိဘများအနေဖြင့် ကြိုးစားပမ်းစားဖျောက်ဖျက်သင့်ကြသည်။ သမ္မာတရား၏တန်ခိုးတော်သည် အိမ်ထောင်စုများကိုသန့်ရှင်းစေရန် ဆောင်ကြဉ်းပေးသည့်အရာတစ်ခုဖြစ်ပါသည်။

အိမ်ထောင်အတွက်ပြဋ္ဌာန်းစာအုပ်တည်းဟူသောသမ္မာကျမ်းစာ

မိဘတို့၊ သင်တို့၏သားသမီးများအား ဘုရားသခင့်အမှုတော်တွင် ပါဝင်ဖို့၊ ကောင်းသောလမ်းများကိုလိုက်လျှောက်ဖို့ ပညာပေးလိုလျှင် သမ္မာကျမ်းစာကို အိမ်ထောင်စု၏ပြဋ္ဌာန်းစာအုပ်အဖြစ် အသုံးပြုရပါမည်။ စာတန်၏ပရိယာယ်များကို ဖော်ပြထားသည့်ပြင် လူမျိုးနွယ်စုများ၏အဆင့်အတန်းကိုလည်း မြှင့်တင်ပေးပါသည်။ ကိုယ်ကျင့်တရားပျက်ယွင်းမှုများကို ဆုံးမပဲ့ပြင်နေသူများနှင့် လမ်းမှန်ကိုရောက်အောင် သွန်သင်နေသူများကိုလည်း အသိဉာဏ်များတိုးတက်လာစေပါသည်။ ကျွန်ုပ်တို့ကိုလည်း အမှားနှင့်အမှန်ခွဲခြားတတ်စေသည့် အသိပညာများကိုပေးပါသည်။ အိမ်များ၊ ကျောင်းများတွင်

အခြားဘာသာရပ်များကို သင်ကြားပေးလိုက သင်ကြားပေးနိုင်သော်လည်း သမ္မာကျမ်းစာကိုမူ ဦးစားပေး၍သင်ကြားပေးသင့်ပါသည်။ သမ္မာကျမ်းစာကို နေရာမှန်တွင်ထားကာ ဂုဏ်ပြုခြင်းသည် ဘုရားသခင်ကိုဂုဏ်ပြုနေခြင်းပင် ဖြစ်ပါသည်။ ထိုကဲ့သို့သောအိမ်ထောင်စုများတွင် သားသမီးများ၏ဝိညာဉ် ရေးပြုပြင်ပြောင်းလဲမှုများကို ဘုရားသခင်ကိုယ်တော်တိုင် ပြုတော်မူပါလိမ့်မည်။

သမ္မာကျမ်းစာပါ သမ္မာတရားများကိုသွန်သင်ပေးခြင်းသည် မိဘတိုင်း လုပ်သင့်သည့် ကြီးကျယ်ခမ်းနားသော အလုပ်တစ်ခုဖြစ်ပါသည်။ ဘုရားသခင် မိန့်တော်မူခဲ့သောစကားများကို ပျော်ရွှင်နေသောကလေးများ၏စိတ်ထဲသို့ ထည့် ပေးကြပါ။ မိခင်ဖခင်တို့၊ ကလေးများကို သံယောဇဉ်နှောင်ဖွဲ့ခြင်းအားဖြင့်လည်း ကောင်း၊ စိတ်ရှည်လက်ရှည်၊ ကြင်ကြင်နာနာ၊ ချစ်ချစ်ခင်ခင်ပြုမူ ဆက်ဆံခြင်း အားဖြင့်လည်းကောင်း ဖော်ပြနေသော သင်တို့၏နေ့စဉ်အသက်တာများသည် ကလေးများအတွက် သရုပ်ပြသင်ခန်းစာများဖြစ်နိုင်ပါသည်။

### သမ္မာကျမ်းစာကိုစနစ်တကျကြိုးစားပမ်းစားလေ့လာကြပါ

နှုတ်ကပတ်တော်ကို နေ့စဉ်တစ်နာရီ (သို့မဟုတ်) နာရီဝက်ကြာ နှစ်နှစ်ခြိုက်ခြိုက်လေ့လာခြင်းအားဖြင့် ရရှိလာမည့်အကျိုးကျေးဇူးများကို ခန့်မှန်း ရန်မဖြစ်နိုင်ပါချေ။ အကြောင်းအရာတစ်ခုကို မတူညီသောအချိန်၊ မတူညီသော အခြေအနေများတွင် ဖွင့်ဟဖော်ပြထားသည့် ကျမ်းချက်များကိုစုစည်းကာ သမ္မာ ကျမ်းစာကို သမ္မာကျမ်းချက်များအလိုက် အနက်ဖွင့်လေ့လာကြပါ။

### အပေါ်ယံကျောသိထားရုံလောက်နှင့်ကျေနပ်မနေကြပါနှင့်

သမ္မာကျမ်းပညာကို လုံးစေ့ပတ်စေ့နားလည်အောင် ကြိုးစားလေ့လာမှု ၏အရေးပါပုံကို ခန့်မှန်းရန်ခက်ပါသည်။ 'ဘုရားသခင်မှုတ်သွင်းတော်မူ' သည့် သမ္မာကျမ်းစာသည် 'ဘုရားသခင်၏လူများကို စုံလင်သောသူ၊

ကောင်းသောသူများ' ဖြစ်အောင်ပြုပြင်လျက် ကယ်တင်ခြင်းရသည်အထိ ကျေးဇူးပြုနိုင်ပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် သမ္မာကျမ်းစာကို အပေါ်ယံကျော နားလည်ရုံလောက်နှင့် ကျေနပ်မနေကြဘဲ နှုတ်ကပတ်တော်၏ အနက်အဓိပ္ပါယ်များကို ကြေကြေညက်ညက်နားလည်အောင်ကြိုးစားကာ သန့်ရှင်းသောသမ္မာကျမ်းစာ၏အနှစ်သာရများကို သောက်သုံးကြရန်ဖြစ်ပါသည်။

သမ္မာကျမ်းစာပါသင်ခန်းစာများကိုကလေးများ၏အသက်တာ၌လက်တွေ့အသုံးချပါ

ကလေးများကို ကျမ်းစာသင်ကြားပေးစဉ်တွင် ကလေးများနှစ်သက်သောအရာများနှင့် စိတ်ဝင်စားသောအရာများကို ကျွန်ုပ်တို့သိရှိလာနိုင်သလို သမ္မာကျမ်းစာ၏သွန်သင်ချက်များအပေါ် ၎င်းတို့စိတ်ဝင်စားလာအောင်လည်း လုပ်နိုင်ကြပါသည်။ မတူညီသောပင်ကိုစွမ်းရည်များဖြင့် ကျွန်ုပ်တို့ကိုဖန်ဆင်းထားတော်မူသော ဘုရားသခင်သည် ကျွန်ုပ်တို့တစ်ဦးစီအတွက် သွန်သင်ချက်များကို သမ္မာကျမ်းစာတွင်ဖော်ပြထားပါသည်။ အသက်တာအတွက် အသုံးပြုနိုင်သည့်သင်ခန်းစာများကို သားသမီးများတွေ့မြင်လျှင် ထိုအရာများကို မိမိတို့အတွက် အကြံပေးချက်များအဖြစ် မှတ်ယူသင့်ကြပါသည်။

သမ္မာကျမ်းစာ၏ပြည့်ဝသောအနက်အဓိပ္ပါယ်များ၊ နက်နဲသောအဓိပ္ပါယ်များနှင့် သမ္မာကျမ်းစာ၏တန်ခိုးခွန်အားများသည် လျော့ပါးကုန်ဆုံးသွားခြင်းမရှိပါ။ ထို့ကြောင့် သမ္မာကျမ်းစာ၌ရှိနေသော အတွေးအခေါ်နှင့် အသုံးအနှုန်းတည်းဟူသော ရတနာများကို ကြိုးစားရှာဖွေကြရန် ကလေးများကိုတိုက်တွန်းကြပါ။

မိမိအတွက်မိမိကိုယ်တိုင်လေ့လာရမည်

မိဘများသည် သားသမီးများနှင့်စပ်ဆိုင်သည့်တာဝန်များကို ပင်ပင်ပန်းပန်းလုပ်ဆောင်နေကြရသည်။ ပညတ်တော်ကို မိမိတို့နာခံရမည်ကို

လည်းကောင်း၊ ပညတ်တော်နှင့်ဆန့်ကျင်သောအရာများကို ရှောင်ရှားရမည်ကို လည်းကောင်း သမ္မာကျမ်းစာကိုယုံကြည်စွာဖြင့် လေ့လာနေသောမိဘများ သိကြပါသည်။

သမ္မာကျမ်းစာကိုကလေးများလေ့လာလိုစိတ်များပေါ်ပေါက်အောင်လုပ် ကြပါ

လူငယ်များ၌ ကျမ်းစာလေ့လာလိုစိတ်များ တိုးပွားလာအောင်သွန်သင်ကြပါ။ သမ္မာကျမ်းစာကို ပထမဦးစားပေးနေရာတွင် လူငယ်များထားလာအောင် လုပ်ဆောင်ကြပါ။ အကြောင်းမှာ အခြားအရာများထက် အရေးပါသောပညာဗဟုသုတများသည် သမ္မာကျမ်းစာထဲ၌ ရှိနေပါသည်။

ကလေးများကျမ်းစာဖတ်ချင်လာအောင် မိဘများကိုယ်တိုင်က သမ္မာကျမ်းစာနှင့်ရင်းနှီးနေသူများဖြစ်ရပါမည်။ အကျိုးမရှိသော ပုံတိုပတ်စများကို ကလေးများအားပြောပြမည့်အစား သမ္မာကျမ်းစာ၌ရေးသားထားသော အကြောင်းအရာများကို ပြောပြကြပါ။ ထိုစာအုပ်သည် ပညတ်တတ်များသာ ဖတ်ရှုလေ့လာနိုင်သည့်စာအုပ်မဟုတ်ဘဲ လူတိုင်းဖတ်ရှုလေ့လာနိုင်အောင် ရိုးစင်းသောဝေါဟာရ၊ နားလည်လွယ်သောအရေးအသားများဖြင့် ပြင်ဆင် ထားပါသည်။ ကျမ်းစာပါအကြောင်းအရာအများစုကို ကောင်းမွန်သောရှင်းလင်း ချက်များဖြင့် တင်ဆက်ထားရာ ကလေးငယ်များပင် စိတ်ဝင်တစားလေ့လာနိုင်သဖြင့် များစွာသောအကျိုးကျေးဇူးများရရှိနိုင်ပါသည်။ သမ္မာကျမ်းစာသည် ကလေးများအတွက် ငြီးငွေ့စရာကောင်းသောစာအုပ်တစ်အုပ်ဖြစ်သည်ဟု မထင်ကြပါနှင့်။ ကျမ်းစာထဲမှာဖော်ပြထားသည့် ရာဇဝင်နှင့်ယုံကြည်ချက် များကို လေ့လာခြင်းအားဖြင့် အခြားစာအုပ်များသည် သမ္မာကျမ်းစာထက် နိမ့်ကျသောစာအုပ်များဖြစ်သည်ကို သူတို့သိရှိလာနိုင်ရုံသာမက ကြင်နာ ချစ်ခင်ခြင်း၏အခြေခံအုတ်မြစ်တစ်ခုကိုလည်း သမ္မာကျမ်းစာတွင် သူတို့တွေ့ ရပါလိမ့်မည်။

မိခင်ဖခင်တို့၊ နားလည်လွယ်အောင် ရိုးရှင်းစွာသင်ကြားပေးကြပါ။ သမ္မာကျမ်းစာမှသင်ယူရရှိသည့်သင်ခန်းစာများကို ကလေးများအား တစ်ဆင့်ပြန်လည်သင်ကြားပေးသောအခါ အားလုံးကိုသူတို့နားလည်သဘောပေါက်စေရန် ရိုးရိုးရှင်းရှင်းသင်ပေးကြပါ။ အဆင့်မြင့်သောစာရိတ္တဖွဲ့စည်းတည်ဆောက်ပုံများကို သမ္မာကျမ်းစာမှရိုးရှင်းသောအကြောင်းအရာများကို မိမိတို့၏ကိုယ်တွေ့ဗဟုသုတများဖြင့်ရောစပ်ကာ သူတို့အားသင်ကြားပေးနိုင်ပါသည်။ သို့ပြုလျှင် သူတို့သည် ကောင်းမွန်သောအသီးအပွင့်များကိုသီးပွင့်နိုင်ရန် စဉ်းစဉ်းစားစား၊ ကြိုးကြိုးစားစားနေထိုင်အသက်ရှင်ဖို့ လေ့ကျက်လာကြပါလိမ့်မည်။

အသစ်သောအတွေးအခေါ်များကိုပေးလျက်အကောင်းဆုံးနည်းစနစ်များကိုအသုံးချခြင်း

ရိုးစင်းသောဤအကြောင်းအရာများတွင်ဖော်ပြထားသည့် ပညတ်တော်ဆိုင်ရာမဟာစည်းမျဉ်းများကို ရှင်းလင်းစွာပြောပြပါ။ မိဘဆရာများသည် ကလေးများနားလည်နိုင်လောက်သော သာဓကများကိုအသုံးပြုကာ 'ထိုစကားကို သင်၏သားသမီးတို့အား ကြိုးစား၍သွန်သင်ရမည်။ အိမ်၌ထိုင်လျက်နေသည်ဖြစ်စေ၊ ခရီး၌သွားသည်ဖြစ်စေ၊ အိပ်လျက်ထလျက်ရှိသည်ဖြစ်စေ ထိုစကားကိုပြောရမည်' ဟူသော ပညတ်ချက်များနှင့်စပ်လျဉ်းမိန့်တော်မူသည့် ဘုရားသခင်၏ဆုံးမစကားကို အစပြုဖြည့်ဆည်းကြပါ။

သမ္မာကျမ်းစာကိုလမ်းပြစာအုပ်အဖြစ်အသုံးပြုခြင်း

သင်၏ကလေးများကို ဘုရားသခင်၏သွန်သင်ချက်များနှင့်အညီ အသက်ရှင်နေထိုင်စေလိုသည်ဆိုလျှင် သမ္မာကျမ်းစာကို လမ်းပြစာအုပ်အဖြစ်အသုံးပြုရပါမည်။ ခရစ်တော်၏အသက်တာနှင့်အကျင့်စာရိတ္တကို စံနမူနာတစ်ခုအဖြစ်အတုခိုးဖို့ သူတို့အားပြောပြကြပါ။ အကျင့်ဆိုးတစ်ခုကို ပြုပြင်သွန်သင်ခြင်းမပြုဘဲ လျစ်လျူရှုထားခြင်းကြောင့် အကျင့်စာရိတ္တတစ်ခုလုံး

ပျက်ယွင်းပျက်စီးသွားနိုင်ပါသည်။ စိတ်နှလုံးသစ်များကို ကလေးများရရှိနိုင်စေရန် ကောင်းမွန်သောအစာများကိုကျွေး၍ မြင့်မြတ်သောရည်မှန်းချက်များထားအောင် နှိုးဆွပေးရပါမည်။ ခရစ်တော်ထံမှာ အကူအညီရယူစေရမည့်အပြင် နှုတ်ကပတ်တော်တွင်ဖော်ပြထားသော ဘုရားသခင်၏စာရိတ္တတော်နှင့်ရင်းနှီးလာအောင်လည်း လုပ်ဆောင်ကြရပါမည်။

## ဆုတောင်းခြင်း၏အရေးပါပုံ

ဘုရားသခင်ကိုကြောက်ရွံ့ခြင်းသည် ပညာ၏အချုပ်အခြာဖြစ်သည် ကိုနားလည်သဘောပေါက်လျက် မိသားစုတိုင်းသည် ဆုတောင်းရာ ယဇ်ပလ္လင်ကိုတည်ဆောက်ရပါမည်။ သားသမီးများကို သတိပညာရှိရှိဖြင့် ချစ်ခင်ယုယစွာသွန်သင်ပေးနိုင်ရန်အလို့ငှာ မိခင်ဖခင်များကိုယ်တိုင် ဘုရားသခင် ထံတော်တွင်နံနက်တစ်ကြိမ်၊ ညနေတစ်ကြိမ် အသနားခံဆုတောင်းဖို့လိုအပ် လှပါသည်။

### သမားရိုးကျဆုတောင်းချက်များကိုလက်ခံတော်မမူခြင်း

နံနက်ယံဝတ်နှင့်ညဦးယံဝတ်များကို ပို၍ကောင်းအောင် စိတ်ဝင်စားစရာကျင်းပသင့်ပါသည်။ ကျေးဇူးတင်လိုစိတ်နှင့် ဘုရားသခင်အားလိုအပ်ကြောင်း သိသည့်စိတ်များကို နှိုးဆွပေးနိုင်ခြင်းမရှိသည့် ကျမ်းချက်တစ်ချက်၊ နှစ်ချက်ကိုသာ ထပ်ခါတလဲဖတ်ရွတ်ပြနေသည့် ပျင်းစရာဝတ်ပြုကိုးကွယ်မှုမျိုးမဖြစ်သင့်တော့ပါ။ ထိုဝတ်ပြုကိုးကွယ်ခြင်းမျိုးကို ဘုရားသခင်လက်ခံတော်မမူပါ။ သို့သော် နှိမ့်ချသောစိတ်သဘော၊ ကျိုးကြေသောစိတ်နှလုံးဖြင့် ဆုတောင်းပတ္ထနာပြုနေသူများကို ဘုရားသခင်သည် အထင်သေးတော်မမူပါ။ ဘုရားသခင့်ထံတော်တွင် ကျွန်ုပ်တို့၏စိတ်နှလုံးကိုဖွင့်ပေးခြင်း၊ လုံးဝအားကိုးမှီခိုနေရသည့် ကျွန်ုပ်တို့၏အခြေအနေမှန်ကို ကျွန်ုပ်တို့အသိအမှတ်ပြုခြင်း၊ ကျွန်ုပ်တို့၏လိုအပ်ချက်များကို တင်ပြတောင်းခံခြင်း၊ ကျေးဇူးတင်ချစ်ခင်ခြင်း

အပေါ်အခြေပြုကာ ကိုးကွယ်ခြင်း စသည်တို့သည် စစ်မှန်သောဆုတောင်း ပတ္ထနာပြုခြင်းဖြစ်ပါသည်။

တစ်အိမ်သားလုံးဆုတောင်းကြပါ

မိမိတို့သည် ကောင်းကင်နိုင်ငံတော်နှင့် နီးကပ်စွာမဟာမိတ်ပြုနေသည်ဆိုသည့်အချက်ကို တစ်အိမ်သားလုံးနားလည်ထားသင့်သည်။ မြေကြီးပေါ်ရှိ ယုံကြည်သူမိသားစုများ၏အရေးကို ထာဝရဘုရားအထူးစိတ်ဝင်စားတော်မူသည်။ ကောင်းကင်တမန်များသည် ဆုတောင်းနေသော သန့်ရှင်းသူများအတွက် နံ့သာပေါင်းမီးခိုးများဖြင့် ပူဇော်ပသလျက်ရှိပါသည်။ ထိုစဉ်တွင် ကယ်တင်ရှင်၏ကောင်းမှုကုသိုလ်များကို ကျွန်ုပ်တို့၏ကောင်းမှုကုသိုလ်များကဲ့သို့ ဘုရားသခင်ရှေ့မှောက်တွင်တင်ပြလျက် အိမ်ထောင်တိုင်းမှမိသားစုဝင်အသီးအသီးသည် နံနက်နှင့်ညနေအချိန်များတွင် ဆုတောင်းပတ္ထနာပြုလုပ်ကြပါ။ နံနက်တိုင်း၊ ညနေတိုင်းမှာပြုလုပ်သော ယုံကြည်သူများ၏ဆုတောင်းချက်များကို ကောင်းကင်သားများသည် အာရုံပြုဂရုစိုက်နေကြပါသည်။

ဘုရားသခင့်ထံတော်၌ဆက်ကပ်ထားသောကလေးများကိုကာကွယ်စောင့်ရှောက်သောကောင်းကင်တမန်များ

မိသားစုများသည် အလုပ်မသွားမီ စုရုံးပြီးဝတ်ပြုသင့်ပါသည်။ တစ်နေ့တာလုံခြုံစိတ်ချစွာ အသက်ရှင်လုပ်ကိုင်နိုင်ရန် မိခင်နှင့်ဖခင်က တစ်အိမ်သားလုံးအတွက် ဆုတောင်းပေးပါ။ နှိမ့်ချသောစိတ်၊ နူးညံ့သိမ်မွေ့သောစိတ်၊ စုံစမ်းနှောင့်ယှက်ခြင်းနှင့် အန္တရာယ်များဝန်းရံထားကြောင်း သိသောစိတ်များဖြင့် သခင်ဘုရားထံမှအကာအကွယ်၊ အစောင့်အရှောက်များ ကိုရနိုင်စေဖို့ သားသမီးများနှင့်အတူ ဆုတောင်းကြရပါမည်။ ဘုရားသခင် ထံ၌ဆက်ကပ်အပ်နှံထားသော ကလေးများပတ်လည်တွင် ကူညီမစမည့် ကောင်းကင်တမန်များသည် ကာကွယ်စောင့်ရှောက်လျက်ရှိပါသည်။

ဆုတောင်းခြင်းသည်ခရစ်ယာန်များကိုကာကွယ်ပေးမည့်ခြံစည်းရိုးကို
တည်ဆောက်ပေးခြင်း

ခရစ်ယာန်များသည် မနက်အိပ်ရာမှနိုးထသည်နှင့်တစ်ပြိုင်နက် ဘုရားသခင်ကိုသာ အာရုံပြုသင့်သည်။ လောကီအလုပ်အကိုင်များနှင့်ကိုယ်ရေးကိုယ်တာများကို ဒုတိယနေရာမှာထားပါ။ ဆုတောင်းသည့်အချိန်သမယကလေးကို တန်ဖိုးထားတတ်အောင် သားသမီးများကိုသွန်သင်ထားပါ။ နံနက်တစ်ကြိမ်၊ ညနေတစ်ကြိမ် ယုံကြည်သောစိတ်နှင့်ဆုတောင်းပေးခြင်းဖြင့် သားသမီးများ၏ပတ်လည်တွင် အကာအကွယ်များစီမံပေးရန်မှာ မိဘများ၏တာဝန်သာဖြစ်ပါသည်။ ဘုရားသခင်နှစ်သက်တော်မူသည့်အသက်တာမျိုးတည်ထောင်တတ်အောင် မနားတမ်းကြင်ကြင်နာနာဖြင့် သွန်သင်ကြပါ။ စိတ်ရှည်လက်ရှည်သင်ကြားပေးကြပါ။

ပတ်ဝန်းကျင်အခြေအနေများကြောင့်မဖောက်ပြန်မပြောင်းလဲကြပါနှင့်

မိသားစုဝတ်ပြုကိုးကွယ်ခြင်းကို ပတ်ဝန်းကျင်အခြေအနေများကမလွှမ်းမိုးသင့်ပါ။ အလုပ်များသောအချိန်များတွင် ဆုတောင်းခြင်းကိုမပြုသည့်အနေအထားမျိုးမဖြစ်သင့်ပါ။ တစ်ခါတစ်ရံမှသာ ဆုတောင်းတတ်သည့် သင်၏အကျင့်စရိုက်ကိုသားသမီးကြည့်ကာ ဆုတောင်းခြင်းကိုအကျိုးမပြုသော ဘာသာရေးအကျင့်တစ်ခုအဖြစ် သားသမီးများရှုမြင်သွားတတ်ပါသည်။

မိခင်ဖခင်တို့၊ မည်မျှပင်အလုပ်များသည်ဖြစ်စေ၊ ဘုရားဝတ်ပြုခြင်းကိုမပျက်ကွက်ပါစေနှင့်။ ကောင်းကင်တမန်များ၏ကာကွယ်စောင့်ရှောက် မှုကိုရရှိရန် ဘုရားသခင်ထံတွင်ဆုတောင်းပါ။ သင်ချစ်သောသားသမီးများသည် အန္တရာယ်ဇုန်ထဲမှာ အသက်ရှင်နေထိုင်လျက်ရှိသည်ဆိုသည့်အချက်ကို သတိရအောက်မေ့ကြပါ။

ဧည့်သည်များ၏အဆင်ပြေသာယာမှုအတွက် သင်ကြိုးစားလုပ်ဆောင်နေရငြားသော်လည်း ဘုရားဝတ်ကိုမလစ်ဟင်းပါစေနှင့်။ မည်သည့်အကြောင်းကြောင့်မျှ ဆုတောင်းခြင်းဝတ်ကို လျစ်လျူမရှုသင့်ပါ။ အေးအေးဆေးဆေး

ဆုတောင်းပတ္ထနာပြုနိုင်သည့် ညဦးအချိန်တွင် လိုအပ်ချက်များကိုအသနားခံ တောင်းဆိုပြီး ခံစားခဲ့ရသောကောင်းချီးမင်္ဂလာများအတွက် ဘုရားသခင်၏ ဂုဏ်တော်ကို ချီးမွမ်းကြပါ။

ခရစ်ယာန်အိမ်များသို့ လာရောက်လည်ပတ်ကြသူများအနေဖြင့် ဆုတောင်းသည့်အချိန်ကို အသာယာဆုံးအချိန်၊ အသန့်ရှင်းဆုံးအချိန်၊ တစ်နေ့တာ၏အပျော်ရွှင်ဆုံးအချိန်အဖြစ် မြင်တွေ့အောင်လုပ်ဆောင်ကြပါ။ ဝတ်ပြုကိုးကွယ်နေသော ထိုအချိန်အခါသည် ပါဝင်သူအားလုံးအား လန်းဆန်းတက်ကြွမှုများကို တိုးပွားစေပါသည်။ စိတ်နှလုံးကို ငြိမ်သက်သာယာမှု အပေါင်းနှင့် ပြည့်ဝစေပါသည်။ ဝတ်ပြုကိုးကွယ်ချိန်ကို ကလေးများရိုသေ လေးစားကြရမည်။ ကြင်နာသနား၊ နူးညံ့သိမ်မွေ့ပြီး ကိုယ်ချင်းစာတရားရှိဖို့ ကလေးများကိုပညာပေးသည်ထက် ဘာသာရေးဆိုင်ရာကိစ္စများကိုလေးစားကာ ဘုရားသခင်၏ တောင်းဆိုချက်များကို အရေးထားတတ်အောင် သင်ကြား ပေးဖို့လိုအပ်ပါသည်။ ဆုတောင်းသည့်အချိန်အခါကို လေးစားတတ်အောင်လည်း သင်ကြားပေးသင့်ပါသည်။ မိသားစုဝတ်ပြုကိုးကွယ်ပွဲတွင်ပါဝင်ရန် သူတို့အား အချိန်မီအိပ်ရာထကြဖို့ကိုလည်း သွန်သင်သင့်ပါသည်။

## ရှင်းလင်းပြတ်သားစွာဆုတောင်းပါ

ကြည်လင်ပြတ်သားသောအသံဖြင့်ဆုတောင်းသည့် နမူနာပုံစံအား ဖြင့် သင်၏သားသမီးများကိုသွန်သင်ပါ။ မျက်နှာကိုလက်ဖြင့်အုပ်ပြီး ဆုတောင်းခြင်းမပြုရဘဲ ခေါင်းကိုမော့ပြီး ဆုတောင်းတတ်အောင်သင်ပေးကြပါ။ သခင်ဘုရား ၏ဆုတောင်းချက်ကို ထပ်ခါတလဲလဲဆိုခြင်းဖြင့် ရိုးစင်းစွာဆုတောင်းနိုင်ပါသည်။

## တေးဂီတ၏အစွမ်းတန်ခိုး

သမ္မာကျမ်းစာ၏သီချင်းရာဇဝင်၌ အဆိုအတီးများ၏အသုံးချပုံ၊ အကျိုးသက်ရောက်ပုံများအကြောင်း အရိပ်အမြွက်များကို တွေ့ရပါသည်။

တေးဂီတသည် မကောင်းသောလိုလားချက်များကိုဖြည့်ဆည်းရန် တလွဲအသုံးချခြင်းကိုခံရကာ စုံစမ်းနှောင့်ယှက်ခြင်းအတွက် ဆွဲဆောင်မှုအကောင်းဆုံး ကြားခံပစ္စည်းတစ်ခုဖြစ်လာခဲ့ပါသည်။ အကယ်၍သာ မှန်ကန်စွာအသုံးပြု ခဲ့ကြမည်ဆိုလျှင် တေးဂီတသည် ဘုရားသခင်ပေးသနားတော်မူသည့် အဖိုးတန် ဆုကျေးဇူးတစ်ခုဖြစ်ပါသည်။ တေးဂီတသည် စိတ်သဘောထားများကို မြင့်မြတ်လာစေလျက် ရည်မှန်းချက်များကို မြင့်မားစေပါသည်။ လူတစ်ယောက်ကို စိတ်ကူးစိတ်သန်းထက်မြက်ကောင်းမွန်လာစေပါသည်။ သမ္မာတရားများကို လူတစ်ယောက်နှလုံးသားထဲသို့သွင်းပေးရာတွင် တေးဂီတသည် အထက်မြက်ဆုံးသောအရာများ၌ တစ်ခုအပါအဝင်ဖြစ်ပါသည်။

သားသမီးများကို ပညာပေးရာတွင် တေးသီချင်းများသည် ထိရောက်သောနည်းလမ်းတစ်ခုဖြစ်သည်ကို မျက်ခြည်ပြတ်မသွားကြပါနှင့်။ ချိုသာတည်ငြိမ်သောတေးသီချင်းများကို ကလေးများသီဆိုအောင် တိုက်တွန်းကြပါ။ မျှော်လင့်ခြင်း၊ ဝမ်းမြောက်ခြင်းနှင့် စိတ်နှလုံးအေးချမ်းစေမည့် သီချင်းများကိုသီဆိုပါလေစေ။

တေးသီချင်းအများစုသည် ဆုတောင်းချက်များဖြစ်တတ်ပါသည်။ ဤအချက်ကို ကလေးများနားလည်အောင်သင်ပေးထားလျှင် သူတို့သည် သီဆိုနေသော သီချင်း၏စာသားအနက်အဓိပ္ပါယ်ကို ပို၍စဉ်းစားကာ တေးသီချင်း၏အစွမ်းထက်ပုံကို ပို၍ယုံကြည်လာပါလိမ့်မည်။

### ပို၍ဆုတောင်းခြင်းသည်လျော့၍အပြစ်ပေးခြင်းတည်း

ကျွန်ုပ်တို့သည် ယခင်ကထက်များစွာပို၍ဆုတောင်းသင့်ကြပါသည်။ သားသမီးများနှင့်အတူ ၎င်းတို့အတွက် ပူးတွဲဆုတောင်းခြင်းအားဖြင့် ခွန်အားများရရှိလာသလို ကောင်းချီးမင်္ဂလာများကိုလည်း ရရှိခံစားရပါသည်။

### ဆိတ်ကွယ်ရာတွင်ဆုတောင်းခြင်း၏အကျိုးကျေးဇူးများ

ခရစ်တော်သည် ဤလောက၌အသက်ရှင်နေထိုင်စဉ် ဆိတ်ကွယ်ရာတွင် နာရီပေါင်းများစွာဆုတောင်းခြင်းဖြင့် အထက်မှဉာဏ်ပညာများနှင့်

တန်ခိုးများကို ရရှိတော်မူခဲ့ပါသည်။ ကလေးများသည်လည်း ကိုယ်တော်ရှင်ကိုစံထားလျက် နံနက်အရုဏ်တက်ချိန်နှင့် ညဦးကြယ်ကလေးများလင်းလက်လာချိန်များတွင် ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရားသခင်နှင့် တွေ့ဆုံစကားပြောရန် အချိန်ယူသင့်ပါသည်။ ၎င်းပြင် ဘုရားသခင်၏ဂုဏ်တော်နာမတော်ကိုသာ တစ်နေ့လုံးတွေးတောဆင်ခြင်စေဖို့လည်း အားပေးတိုက်တွန်းကြပါ။

ကောင်းကင်တံခါးများသည် မိခင်တိုင်းအတွက်ဖွင့်ထားလျက်ရှိခြင်း

မိမိ၏ဝန်ထုပ်ဝန်ပိုးများကို ခရစ်တော်၏ခြေတော်ရင်းမှာချလျက် ကိုယ်တော်ကိုအားကိုးသောမိခင်တိုင်းအတွက် ကောင်းကင်တံခါးများပွင့်နေပါသည်။ ခရစ်တော်သည် မိမိ၏လက်ရုံးတော်ဖြင့် လူသားမျိုးနွယ်များ သိုင်းဖက်ထားတော်မူသည်သာမက တန်ခိုးကြီးသောလက်တော်အားဖြင့် အနန္တတန်ခိုးရှင်၏ရွှေပလ္လင်ကိုတွယ်ဖက်လျက် ဘုရားသခင်နှင့်လူသား (သို့မဟုတ်) ကောင်းကင်နိုင်ငံတော်နှင့် ကမ္ဘာမြေကြီးကို ပြန်လည်ပေါင်းစည်း အောင်ပြုလုပ်တော်မူပါသည်။

ဤလောကရှိလူသားများကိုကယ်တင်ရန် မိမိ၏တစ်ပါးတည်းသောသားတော်ကို ကျွန်ုပ်တို့ထံသို့စေလွှတ်တော်မူခဲ့သော ဘုရားသခင်သည် ခရစ်ယာန်မိခင်များ၏ဆုတောင်းချက်များကို ဂရုမထားဘဲနေတော်မမူပါ။ သူတို့၏ဆုတောင်းသံများကိုနားမညောင်းဘဲ နောက်ဆုံးသောတိုက်လှန်ပွဲတွင် တိုက်ပွဲဝင်နေသော စာတန်၏အကြမ်းအရမ်းတိုက်ခိုက်မှုများ၌ မိခင်ရော သားသမီးများအားလုံးကိုပါ ပစ်ထားတော်မူမည်မဟုတ်ပါ။ ရိုးရိုးရှင်းရှင်းနှင့် သစ္စာရှိစွာလုပ်ဆောင်ရမည်မှာ သင်လုပ်ရမည့်အပိုင်းဖြစ်ပြီး သင်ကြိုးစားလုပ်ဆောင်မှုများကို တည်ဆောက်ပေးခြင်းအပိုင်းကိုမူ ထာဝရဘုရားလုပ်ဆောင်တော်မူပါလိမ့်မည်။

## မိသားစုအတွက်နားနေခြင်း

ဤခေတ်ဤအခါအတွက် အရေးပါသောသတင်းစကားကို ယုံကြည်ပါသည်ဟု ဖွင့်ဟဝန်ခံထားသောမိဘအများစုသည် ဘုရားသခင်အတွက် မိမိ၏သားသမီးများကို မပြင်ဆင်ရသေးပါ။ သူတို့သည် မိမိကိုယ်ကိုမချုပ်ထိန်းသည့်ပြင် ၎င်းတို့အား ချုပ်ထိန်းပေးဖို့ကြိုးစားကြသူများကိုလည်း ဒေါသ ထွက်တတ်ကြပါသည်။ မိမိတို့၏သားသမီးများကိုလည်း ဘုရားသခင်၏ ယဇ်ပလ္လင်ဆီသို့ ယုံကြည်ခြင်းအားဖြင့် ခေါ်ဆောင်လာခြင်းမပြုတတ်ကြပါ။ ဘုရားသခင်၏ သန့်ရှင်းသောဥပုသ်တော်နေ့မှာ မိမိကြိုက်သလိုသွားလာလုပ်ကိုင်ကာ စတုတ္ထပညတ်တော်ကို လူငယ်အများချိုးဖောက်နေသည်ကိုလည်း မိဘများကခွင့်ပြုထားကြပါသည်။ ဥပုသ်တော်နေ့၌ မိမိတို့စိတ်ပျော်သလို သွားချင် တိုင်းသွား၊ လာချင်တိုင်းလာနေရသည်ကို လိပ်ပြာမလုံသည့်သဘောများပင် သူတို့မခံစားရတော့ပါ။ သို့ဖြင့် လူငယ်အများစုသည် ဥပုသ်နေ့တွင်သွားချင် တာသွားပြီး လုပ်ချင်တာကိုလုပ်နေကြသည်။ မိဘများသည်လည်း ဇလိ၏ အုပ်ချုပ်မှုစနစ်ကိုအတုခိုးကာ၊ သားသမီးများ၏အကြိုက်ကိုလိုက်ကာ မည်သည့် သွန်သင်ညွှန်ကြားမှုကိုမျှမပြုကြပါ။ အဆုံးတွင် ထိုကလေးများသည် ဥပုသ် နေ့ကိုမလေးစားတော့ဘဲ ထာဝရအသက်နှင့်ဆက်စပ်နေသည့် ဘာသာရေး အခမ်းအနားများကို မနှစ်သက်ကြတော့ပါ။

### စတုတ္ထပညတ်တော်မှသတိရအောက်မေ့ပါဆိုသည့်စာလုံးကိုလိုက်နာပါ

သတိရအောက်မေ့ပါဆိုသည့်စာလုံးကို စတုတ္ထပညတ်တွင်တွေ့ရပါသည်။ မိဘတို့၊ သင်တို့ကိုယ်တိုင်က ဥပုသ်နေ့ကိုသတိရအောက်မေ့ကာ သန့်ရှင်းစွာတည်ဆောက်ရပါမည်။ ထိုသို့သင်တို့ပြုကျင့်လျှင် သင်တို့သည် သားသမီးများကို ကောင်းမွန်သောသွန်သင်မှုကို ပြုနေကြသည်ဖြစ်၍ သူတို့သည်လည်း ဘုရားသခင်၏ဥပုသ်တော်နေ့ကို ရိုသေလေးစားလာကြလိမ့်မည်။ ခရစ်ယာန်ပညာရေးကို အိမ်တိုင်းတွင်ပို့ချဖို့လိုအပ်ပါသည်။ ရက်သတ္တပတ်လုံး

ဥပုသ်နေ့အကြောင်းကို ဆင်ခြင်သုံးသပ်ရပါမည်။ အကြောင်းမှာ ထိုနေ့ကို ဘုရားသခင့်အမှုတော်အတွက် အထူးဆက်ကပ်ထားပါသည်။ ထိုနေ့မှာ လောကီလုပ်ငန်းဆောင်တာများကို ရပ်နားရပါမည်။ ထိုနေ့တွင် လူသားများ၏လိုအပ်ချက်များကို အထူးအာရုံပြုကြရပါမည်။

ဥပုသ်နေ့ကို ထိုကဲ့သို့သတိရအောက်မေ့သောအချိန်တွင် ဇာတိသဘောထားများသည် ဝိညာဉ်သဘောထားအပေါ်သို့ ချင်းနင်းစိုးမိုးနိုင်တော့မည်မဟုတ်ပါ။ ခြောက်ရက်အတွင်းလုပ်ကိုင်ရမည့်အရာများကို အပြီးလုပ်ပါ။ ဥပုသ်နေ့တွင်လုပ်ရန်ချန်မထားပါနှင့်။ ဘုရားသခင်၏ဥပုသ်နေ့တွင်ပြုရမည့် ဝတ်များကို မပြုနိုင်လောက်အောင် အားအင်ကုန်ခန်းသွားသည်အထိ ခြောက်ရက်အတွင်း အလုပ်ကိုအလွန်အကျွံမလုပ်ပါနှင့်။

သောကြာနေ့သည်ပြင်ဆင်ခြင်းနေ့

ဥပုသ်နေ့အတွက် လိုအပ်ချက်များကို သောကြာနေ့တွင်အပြီးပြင်ဆင်ပါ။ အဝတ်အစားများကို အပြီးပြင်ဆင်ထားပါ။ စားဖွယ်သောက်ဖွယ်များကိုလည်း အပြီးပြင်ဆင်ထားပါ။ ဖိနပ်ကိုလည်းဆေးတိုက်ထားပါ။ ရေလည်းချိုးထားပါ။ စည်းကမ်းတစ်ခုအဖြစ်သတ်မှတ်ကာ သင်လုပ်ဆောင်မည်ဆိုလျှင် ထိုအရာများကို သင်လုပ်ဆောင်နိုင်မည်ဖြစ်ပါသည်။ ဥပုသ်နေ့သည် အဝတ်ချုပ်ရမည့်နေ့တစ်နေ့မဟုတ်သလို ချက်ရေးပြုတ်ရေးနှင့်အချိန်ကုန်ရမည့်နေ့လည်းမဟုတ်ပါ။ အပျော်အပါးနှင့်လောကီအလုပ်များကို လုပ်ရမည့်နေ့တစ်နေ့လည်းမဟုတ်ပါ။ သောကြာနေ့နေမဝင်မီ လောကီအလုပ်များကိုရပ်ထားပြီး လောကီစာစောင်များကိုလည်း ဘေးဖယ်ထားလိုက်ပါ။ မိဘတို့၊ သင်တို့ပြင်ဆင်နေခြင်း၏ရည်ရွယ်ချက်ကို သားသမီးများကိုရှင်းပြကာ ဥပုသ်တော်နေ့ကို သန့်ရှင်းစွာစောင့်ရှောက်နိုင်ရန် ပြင်ဆင်လုပ်ဆောင်ရာတွင် သူတို့ကိုလည်း ပါဝင်လုပ်ဆောင်ခိုင်းကြပါ။

အိမ်ထောင်အများစုတွင် ဥပုသ်နေ့၌ ဖိနပ်ဆေးတိုက်နေကြပါသည်။ အဝတ်ချုပ်ရိုးများကို သီနေကြပါသည်။ အကြောင်းမှာ တိုလီမိုလီကိစ္စများကို

သောကြာနေ့တွင် သူတို့မပြင်ဆင်ခဲ့ကြပါ။ သူတို့သည် ဥပုသ်နေ့ကိုသန့်ရှင်းစွာတည်ဆောက်ရန် သတိရအောက်မေ့ခြင်းမရှိခဲ့ကြချေ။

ဝတ်ခါနီးကျမှ ဟိုအော်ဒီအော်၊ ဟိုရှာဒီရှာမဖြစ်အောင် မိခင်၏ ညွှန်ကြားမှုအောက်တွင် တစ်ပတ်အတွင်းဝတ်ရမည့်အဝတ်များကို သူတို့ကိုယ်တိုင်ပြင်ဆင်ကာ ဝတ်ဆင်ကြရမည်ဖြစ်သော်လည်း သားသမီးများဝတ်ရမည့်အဝတ်အထည်များကို မိခင်ကိုယ်တိုင် သောကြာနေ့တွင် ကြည့်ရှုစီစဉ်ပေးရပါမည်။

သောကြာနေ့တွင် အာရုံထားပြင်ဆင်ရမည့် အခြားတစ်ခုမှာ အိမ်၌ဖြစ်စေ၊ အသင်းတော်၌ဖြစ်စေ ညီအစ်ကိုမောင်နှမများအကြား ဖြစ်ပွားခဲ့သောမကျေလည်မှုများကို သင်ပုန်းချေရန်ဖြစ်ပါသည်။

## ဥပုသ်နေ့ကိုဝတ်ပြုခြင်းဖြင့်အစပြုခြင်း

သောကြာနေ့ နေမဝင်မီကလေးတွင် မိသားစုများစုရုံးကာ နှုတ်ကပတ်တော်ကိုဖတ်ပါ။ ဓမ္မသီချင်းများကျူးအေးပါ။ ဆုတောင်းပတ္ထနာပြုကြပါ။ ဤကိစ္စကို လူအများပေါ့ပေါ့လျော့လျော့လုပ်နေကြသဖြင့် ပြုပြင်ပြောင်းလဲရန်လိုအပ်ပါသည်။ အိမ်သူအိမ်သားအချင်းချင်းသော်လည်းကောင်း၊ ဘုရားသခင်ကိုလည်းကောင်း ပြုမိခဲ့သမျှအပြစ်များအတွက် ဝန်ချတောင်းပန်ကြပါ။ ဘုရားသခင်ကောင်းချီးပေး၍ သန့်ရှင်းစေသည့်ဥပုသ်တော်နေ့ကို အထူးအစီအစဉ်များဖြင့် ဂုဏ်ပြုရာတွင်ပါဝင်ဖို့ မိသားစုအားလုံး အဆင်သင့်ရှိစေရန် စိတ်သစ်လူသစ်ဖြင့် ကျွန်ုပ်တို့အစပြုသင့်ပါသည်။

## ဥပုသ်အချိန်သည်ဘုရားသခင့်အချိန်ဖြစ်ခြင်း

ထာဝရဘုရားသခင်သည် ကျွန်ုပ်တို့အလုပ်လုပ်ရန် ကျွန်ုပ်တို့ခြောက်ရက်လုံးလုံးပေးထားပြီး တစ်ရက်သာမိမိအတွက်သတ်မှတ်ထားပါသည်။ ထိုနေ့သည် ကျွန်ုပ်တို့အတွက် ကောင်းချီးမင်္ဂလာခံစားရသော နေ့တစ်နေ့ဖြစ်သင့်ပါသည်။ ထိုနေ့တွင် လောကီလုပ်ငန်းဆောင်တာအားလုံးကို ဘေးဖယ်

လိုက်ကာ ဘုရားသခင်နှင့်ကောင်းကင်နိုင်ငံတော်ကိစ္စများကိုသာ အာရုံပြုသင့်ပါသည်။ ဘုရားသခင်အတွက် သီးသန့်သတ်မှတ်ထားသောအချိန်များကို မောင်ပိုင်စီးခြင်းအားဖြင့် ဘုရားသခင်ကိုလုယက်မိမည်စိုးသဖြင့် ဥပုသ်ဝင်သည်နှင့်တစ်ပြိုင်နက် အပြောအဆို၊ အပြုအမူများကို ကျွန်ုပ်တို့သတိထားကြရပါမည်။ ခြောက်ရက်အတွင်းလုပ်ကိုင်ပြီးသင့်သည့် စားဝတ်နေရေးအလုပ်များကို မည်သည့်ပုံစံနှင့်မျှ ကျွန်ုပ်တို့ကိုယ်တိုင်မလုပ်ဆောင်ရုံသာမက သားသမီးများကိုလည်း လုပ်ဆောင်ခွင့်ပြုရမည်မဟုတ်ပါ။ သောကြာနေ့သည် ပြင်ဆင်ရာနေ့ဖြစ်သဖြင့် ဥပုသ်နေ့အတွက်ပြင်ဆင်ရမည့်အရာများအကြောင်းကို သုံးသပ်တိုင်ပင်ကာ အချိန်များသတ်မှတ်ပြီး အပြီးလုပ်ဆောင်ကြရပါမည်။ ဘုရားသခင့်ရှေ့တော်တွင် ဥပုသ်ချိုးသည်ဟု သတ်မှတ်နိုင်သည့် ပြောစရာ၊ လုပ်စရာများကို လုံးဝချန်မထားဘဲ သောကြာနေ့တွင်အပြီးလုပ်ကြပါ။ ကျွန်ုပ်တို့၏ကာယအလုပ်များကိုသာ ဥပုသ်နေ့တွင်ရပ်နားရမည်မဟုတ်ဘဲ ကျွန်ုပ်တို့၏စိတ်ကိုလည်း သန့်ရှင်းသောအရာများအပေါ်တွင် ရောက်ရှိနေစေလိုသည်မှာ ဘုရားသခင်၏အလိုတော်ပင်ဖြစ်ပါသည်။ လောကီကိစ္စများအကြောင်းကို ပြောဆိုခြင်း (သို့မဟုတ်) အရေးမပါသည့်အသေးအဖွဲကိစ္စများအကြောင်းကို ပြောဆိုခြင်းအားဖြင့် ဥပုသ်နေ့ကိုအမှန်တကယ်ချိုးဖောက်နေကြသည်။ စိတ်ထဲမှာပေါ်လာသမျှကိုပြောခြင်းသည် မိမိ၏စကားကိုပြောနေခြင်းဖြစ်သည်။ အမှန်လမ်းမှသွေဖည်မှုမှန်သမျှသည် ကျွန်ုပ်တို့အား ပျက်စီးခြင်းသို့ပို့ဆောင် တတ်ပါသည်။

ဥပုသ်နေ့သည်အိပ်စက်ခြင်းဖြင့်အချိန်မကုန်သင့်လောက်အောင်အဖိုးတန်သောအချိန်ဖြစ်ခြင်း

ခြောက်ရက်ပတ်လုံး အလုပ်ထဲမှာနစ်မြုပ်ကာ အားအင်ကုန်ခန်းသွားသည်အထိ ကြိုးစားလုပ်ဆောင်ကြသဖြင့် ဥပုသ်နေ့တွင် ဘုရားသခင်၌ပြုရမည့်ဝတ်များကို မပြုနိုင်သည်အထိ မောပန်းသွားအောင် မည်သူမျှမလုပ်ဆောင်သင့်ပါ။ ဥပုသ်နေ့ဝတ်ပြုကိုးကွယ်ချိန်တွင် မိမိကိုယ်ကိုမကျန်းမာအောင်လုပ်

ခင်းသည် ဘုရားသခင်နှင့်မိတ်သဟာယဖွဲ့ရမည့်အခွင့်အလမ်းကို ဆုံးရှုံးအောင် လုပ်နေခြင်းဖြစ်သကဲ့သို့ မိမိရရှိခံစားရမည့်အခွင့်အလမ်းများကို လက်လွှတ် ဆုံးရှုံးအောင် လုပ်နေခြင်းလည်းဖြစ်ပါသည်။ အကြောင်းမှာ ကျွန်ုပ်တို့သည် အခြားခရစ်ယာန်ညီအစ်ကိုမောင်နှမများ၏အသိပညာဗဟုသုတများကို ရယူရန် ခွန်အားများလိုအပ်သကဲ့သို့ မိတ်ဆွေများ၏နွေးထွေးယုယမှုများကိုလည်း လိုအပ်နေကြပါသည်။

မွန်မြတ်သန့်စင်သော ဥပုသ်နေ့အခါသမယကလေးကို အိပ်စက်ခြင်း အားဖြင့် ဖြုန်းမပစ်ကြပါနှင့်။ မိသားစုများသည် ဥပုသ်နေ့၌ နံနက်စောစော အိပ်ရာထသင့်ပါသည်။ အိပ်ရာထနောက်ကျလျှင် မနက်စာစားခြင်းနှင့် ဥပုသ် စာဖြေကျောင်းအစီအစဉ်များအတွက် ကရောသောပါးလုပ်ဆောင် ကြရလိမ့်မည်။ ကဗျာကယာလုပ်ရသဖြင့် တိုးမိတိုက်မိပြီး တစ်ယောက်နှင့်တစ်ယောက် အခန့် မသင့်စရာများဖြစ်ပေါ်လာကာ ညစ်ထေးသောခံစားမှုများ၊ မိသားစုအလယ်သို့ ဝင်လာတတ်ပါသည်။ ဤနည်းအားဖြင့် ပျော်စရာကောင်း ရမည့်ဥပုသ်နေ့သည် အသရေယုတ်လာကာ စိတ်ပျက်စရာကောင်းသည့် နေ့တစ်နေ့အသွင်သို့ ကူး ပြောင်းသွားတတ်ပါသည်။

## ကလေးများနှင့်အတူဘုရားကျောင်းတက်ပါ

ဥပုသ်နေ့တွင် သားသမီးများကို ဘုရားကျောင်းသို့သွားကာ ဥပုသ် စောင့်ခိုင်းပါ။ သူတို့ဥပုသ်စောင့်လာအောင် မိဘများကိုယ်တိုင်ကလည်း ကောင်းမွန်စွာဥပုသ်စောင့်ပြပါ။ အာဗြဟံကဲ့သို့ ကျွန်ုပ်တို့ပြသည့်နမူနာပုံစံ အတိုင်း သားသမီးများကိုခိုင်းရမည်မှာ ကျွန်ုပ်တို့၏တာဝန်ပင်ဖြစ်ပါသည်။ ကျွန်ုပ်တို့၏အပြောအဆို၊ အပြုအမူစံနမူနာများအားဖြင့် ဘာသာရေးသွန်သင် ချက်များ၏အရေးပါပုံများကို သားသမီးများ၏စိတ်ထဲမှာ စွဲနေအောင်လုပ်ရ ပါမည်။ နှစ်ခြင်းခံပြီးသူများသည် ဘုရားသခင်၏အမှုတော်အတွက် မိမိ ကိုယ်ကိုဆက်ကပ်ထားပြီးဖြစ်ရာ ပဋိညာဉ်အသိစိတ်ဖြင့် ခရစ်ယာန်အသက်တာ တည်ဆောက်ရန် လိုအပ်သောခွန်အားများ ရရှိနိုင်မည့်နေရာတွင် ရပ်တည် ကြရပါမည်။

ဘုရားသခင်ကိုဝတ်ပြုကိုးကွယ်ရခြင်းကို ပျင်းစရာကောင်းသော အလုပ်တစ်ခုအဖြစ် မမြင်ကြပါနှင့်။ ဥပုသ်နေ့ကို ကျွန်ုပ်တို့နှင့်တကွသားသမီး များအတွက် ကောင်းချီးမင်္ဂလာနှင့်ပြည့်စုံသောနေ့တစ်နေ့ဖြစ်စေရပါမည်။ သူတို့အား ကောင်းမွန်စွာသွန်သင်ခဲ့ကြလျှင် ဥပုသ်နေ့ကို ပျော်ရွှင်စရာကောင်း သည့်နေ့၊ သန့်ရှင်းရာနေ့တစ်နေ့အဖြစ် သူတို့မြင်လာကြပါလိမ့်မည်။

## ဘုရားကျောင်းတက်စဉ်တွင်လုပကျော့ရှင်းသောအဝတ်များကိုဝတ်ပါ

ဥပုသ်နေ့ ဘုရားကျောင်းတက်စဉ်တွင် မည်ကဲ့သို့ဝတ်ဆင်ရမည်ကို သိရှိအောင် လူအများအားပညာပေးရန် လိုအပ်နေပါသည်။ တစ်ပတ်လုံး ဝတ်ထားသဖြင့် ဟောင်းနွမ်းနံစော်နေသည့်အဝတ်ဖြင့် ဥပုသ်တော်နေ့တွင် ဘုရားသခင့်ရှေ့တော်သို့မလာသင့်ပါ။ ဥပုသ်နေ့ ဘုရားကျောင်းတက်သည့် အချိန်၌သာ ဝတ်ဆင်မည့်ဥပုသ်ဝတ်စုံကို လူတိုင်းပြင်ဆင်ထားသင့်ပါသည်။ လောကဖက်ရှင်များကိုတုပြီး ဝတ်ရမည်မဟုတ်သော်လည်း ဝတ်ဆင်မှုတွင် လုပတင့်တယ်စွာဝတ်ဆင်သင့်ပါသည်။ ရွှေငွေရတနာများမပါဘဲ လုပကျော့ရှင်းသောအဝတ်များကို သေသေသပ်သပ်၊ ချပ်ချပ်ရပ်ရပ် ဝတ်ဆင်ကြရပါမည်။ ဘုရားသခင်၏သားသမီးများသည် စိတ်ထားသန့်ရှင်းမှုရှိရမည် ဖြစ်သလို သပ်ရပ်သန့်ရှင်းသောအဝတ်များကို ဝတ်ဆင်ကြရမည်ဖြစ်ပါသည်။

## ဥပုသ်နေ့တရားဟောချက်ကိုကလေးများအားရှင်းပြပါ

တရားဟောဆရာများသည် မွန်မြတ်သန့်ရှင်းသောအမှုတော်တွင် ပါဝင်လုပ်ဆောင်နေကြသကဲ့သို့ တရားနာသူများထမ်းရွက်ရမည့် မွန်မြတ်သောတာဝန်များလည်းရှိပါသည်။ ထာဝရအသက်ကိုရစိမ့်သောငှာ၊ သွန်သင်ချက်အားလုံးကို ကျင့်သုံးမည်ဟူသောစိတ်ပြဋ္ဌာန်းချက်ဖြင့် တရားနာရပါမည်။ သမ္မာကျမ်းစာပါအကြောင်းအရာများနှင့်ပတ်သက်သည့် တင်ပြသမျှကို ကောင်းမွန်စွာနားလည်အောင်ကြိုးစားနားထောင်ကာ နေ့စဉ်အသက်တာအတွက် လက်တွေ့ကျင့်သုံးနိုင်ရန် ယုံကြည်ခြင်းအားဖြင့် လက်ခံကြရပါမည်။ သားသမီး

များလည်း နားလည်သဘောပေါက်ကာ ကျေးဇူးတော်နှင့်ငြိမ်သက်ခြင်းများကို အလျှံပယ်ခံစားခွင့်ရစေရန် တရားဟောဆရာဟောကြားသမျှကို မိဘများက ပြန်လည်ရှင်းပြကြရပါမည်။

## ထမင်းစားချိန်အတွက်အထူးပြင်ဆင်ခြင်း

ဥပုသ်နေ့တွင် အခြားနေ့များထက်ကောင်းသော ဟင်းအမည်များများ ပြင်ဆင်ပြီး မစားသင့်ပါ။ ပို၍ရိုးစင်းသောအစာများကို ပို၍လျော့ပြီးစားသင့်ပါသည်။ သို့မှသာ ဝိညာဉ်ရေးဆိုင်ရာသွန်သင်ချက်များကို ပို၍ရှင်းလင်းစွာ နားလည်နိုင်ပါလိမ့်မည်။ အစားကြူးခြင်းသည် ဦးနှောက်ကိုလေးလံထိုင်းမှိုင်းစေပါသည်။ မတော်တလျော်အစားအစာများကြောင့် ရှုပ်ထွေးနေသော ဦးနှောက်သည် အဖိုးတန်သတင်းစကားများကို ကြားနေရသော်လည်း တန်ဖိုးမထားနိုင်ပါတော့ချေ။ ဥပုသ်နေ့တွင် လိုသည်ထက်ပို၍ကျွန်ုပ်တို့စားနေခြင်းကြောင့် ထင်သည်ထက်ပို၍ ဘုရားသခင်၏အသရေကိုရှုတ်ချနေကြပါသည်။

ဥပုသ်နေ့တွင် ထမင်းဟင်းချက်ပြုတ်ခြင်းကို တားမြစ်သင့်သော်လည်း ထမင်းအေး၊ ဟင်းအေးများကိုမစားသင့်ပါချေ။ ချမ်းအေးသောရာသီများတွင် သောကြာနေ့၌ချက်ပြုတ်ထားသည့်အစာများကို ဥပုသ်နေ့၌နွေးပြီးမှစားသင့်ပါသည်။ အစားအစာများသည် ရိုးစင်းရမည်ဖြစ်သော်လည်း အရသာရှိပြီး စားချင့်စဖွယ်ဖြစ်ဖို့လည်းလိုအပ်သည်။ မိသားစုများ နေ့စဉ်စားနေကျအစာ မဟုတ်သည့် စားချင့်စဖွယ်အစာများကိုပြင်ဆင်၍ စားသုံးကြပါ။

## နားနေရာနေ့၏မွန်မြတ်မှု

ဥပုသ်စာဖြေကျောင်း၊ တရားဟောစည်းဝေးပွဲနှင့် လူငယ်လူရွယ်ကြိုးစားခြင်းအစီအစဉ်များကျင်းပရာတွင် ဥပုသ်နေ့၏နာရီအနည်းငယ်သာကြာမြင့်တတ်ရာ ကျန်ရှိနေသေးသည့် ဥပုသ်နေ့၏အချိန်နာရီများကိုလည်း သန့်ရှင်းစွာအသုံးပြုသင့်ပါသည်။ ထိုအချိန်နာရီများတွင် မိဘများသည် သားသမီး များနှင့်အတူ ရှိနေသင့်ပါသည်။

သင့်လျော်သောစာများကိုဖတ်ရန်နှင့်ကောင်းမြတ်သောစကားများကို
ပြောဆိုနိုင်ရန်စီစဉ်ပါ

ဥပုသ်တော်နေ့သည် ရက်သတ္တပတ်၏ကောင်းချီးမိုးရွာသည့် အသာယာဆုံးနေ့တစ်နေ့ ဖြစ်ပါသည်တကား။ သမ္မာကျမ်းစာတွင် ဖော်ပြထားသည့်ဓမ္မရာဇဝင်များကိုဖတ်ပြခြင်း၊ ဥပုသ်နေ့ကိုရိုသေစွာစောင့်ထိန်း တတ်အောင်သွန်သင်ခြင်း၊ ပညတ်တော်နှင့်အညီ ဥပုသ်တော်နေ့ကိုစောင့်ရှောက်ခြင်းများဖြင့် မိဘများသည် ကလေးများကို အထူးဂရုပြုသင့်ကြပါသည်။ သားသမီးများကောင်းကျိုးချမ်းသာရဖို့ မိမိတို့၌တာဝန်ရှိသည်ဟု မိဘများ ယူဆမထားလျှင် ထိုအမှုကိုပြီးစီးအောင် ဆောင်ရွက်နိုင်လိမ့်မည်မဟုတ်ပါ။ သို့ရာတွင်သူတို့သည် လမ်းကြောင်းမှန်အတိုင်းသွားနေလျှင် ဥပုသ်နေ့ကိုပျော်ရွှင်စရာကောင်းသောနေ့တစ်နေ့အဖြစ် သူတို့ဖန်တီးနိုင်မည်ဖြစ်ပါသည်။ သားသမီးများသည် ကောင်းသောစာပေများကိုဖတ်ရန် စိတ်ဝင်စားကောင်းစိတ်ဝင်စားကြလိမ့်မည်။ ကယ်တင်ခြင်းနှင့်စပ်လျဉ်းသည့် အကြောင်းအချက်များကိုလည်းပြောချင်ကောင်းပြောချင်ကြလိမ့်မည်။ ဖတ်ချင်၊ ပြောချင်လာစေရန် သူတို့ကိုပညာပေးလေ့ကျင့်ဖို့ လိုအပ်ပါလိမ့်မည်။ လူတို့၏ဇာတိပကတိစိတ်သဘောထားသည် ဘုရားသခင့်အကြောင်းနှင့် ကောင်းကင်နိုင်ငံတော်ဆိုင်ရာကိစ္စများကို စဉ်းစားသုံးသပ်လိုစိတ်ရှိလိမ့်မည်မဟုတ်ပါ။ ထိုကြောင့် လောကဆန်ခြင်းလှိုင်းတံပိုးနှင့် ဒုစရိုက်ကိုမြတ်နိုးသောစွဲလမ်းမှုများကို အဆက်မပြတ်တွန်းလှန်တားဆီးကာ မြင့်မြတ်သောအလင်းတော်ကို ထွန်းလင်းစေကြပါ။

သားသမီးများ၏လှုပ်ရှားမှုများကိုဂရုမစိုက်ဘဲနေရမည်မဟုတ်ပါ

မိဘအများစုသည် ဥပုသ်နေ့တွင် မိမိတို့၏သားသမီးများ မည်သည့်အရာကိုလုပ်နေသည်ကိုလည်းကောင်း၊ မည်သည့်နေရာသို့သွားနေသည်ကိုလည်းကောင်း စိတ်မဝင်စားကြသလို ဂရုလည်းမစိုက်တတ်ကြပါ။

မိခင်ဖခင်တို့၊ ဥပုသ်နေ့တွင် ကလေးများမည်သည့်အရာများကိုလုပ်နေသည်ဆိုသည့်အချက်ကို အခြားအရာများထက်ဂရုပြုကြပါ။ အိမ်တွင်း၊

အိမ်ပြင်နှစ်နေရာစလုံးတွင် ကစားနေခြင်းအားဖြင့် ဥပုသ်နေ့ကိုချိုးဖောက်မိအောင် ကလေးများကိုပစ်မထားကြပါနှင့်။ ကလေးများကို ဥပုသ်ကျိုး အောင် ပစ်ထားခြင်းသည် သင်ကိုယ်တိုင်ဥပုသ်ချိုးနေခြင်းနှင့်အတူတူပင်ဖြစ်ပါသည်။ ကလေးများသွားချင်ရာသို့လျှောက်သွားပြီး ဥပုသ်နေ့တွင်ကစားချင် တာက စားနေခြင်းကို လျစ်လျူရှုထားသောသင့်ကို ဥပုသ်ချိုးသူတစ်ယောက်အဖြစ် ဘုရားသခင်မှတ်တော်မူလိမ့်မည်။

ကလေးများနှင့်အတူအိမ်အပြင်သို့ထွက်ခြင်း

ဘုရားသခင်ဖန်ဆင်းထားသည့်အရာများကို မြင်တွေ့ခံစားနိုင်ရန် ကလေးများနှင့်အတူ အိမ်အပြင်ထွက်ပြီးလမ်းလျှောက်ကြပါ။ ပွင့်ဖူးနေသော ပန်းများ၊ မြင့်မားသောသစ်ပင်ကြီးများနှင့် စိမ်းလန်းလှပနေသောမြက်ပင်ချွန်ချွန် ကလေးများကိုညွှန်ပြကာ ဘုရားသခင်သည် ထိုအရာအားလုံးကို ခြောက်ရက် အတွင်းဖန်ဆင်းကာ သတ္တမနေ့ရက်တွင် ငြိမ်ဝပ်စွာနေခဲ့ကြောင်း သူတို့အား ပြောပြကြပါ။ ဤနည်းအားဖြင့် သားသမီးများသည် သဘာဝပတ်ဝန်းကျင်ကို မော့ကြည့်သောအချိန်တိုင်းတွင် ထိုအရာအားလုံးကိုဖန်ဆင်းသည့် ဖန်ဆင်းရှင်ကို သတိရလာကြလိမ့်မည်ဖြစ်ပါသည်။ ၎င်းတို့၏အတွေးများသည် သဘာဝကြီး၏ ဘုရားသခင်ထံတော်သို့ရောက်သွားပြီး နောက်တစ်ဖန်ဥပုသ်နေ့အစပြုအတတ်မြစ်ချ ခဲ့သည့်နေ့တွင် ဤကမ္ဘာပေါ်ရှိ ဖန်ဆင်းခြင်းခံရသောအရာများဆီသို့ ရောက်ရှိ လာကာ ဘုရားသခင်၏သားသမီးများသည် ဝမ်းမြောက်ဝမ်းသာကြွေးကြော် ချီးမွမ်းကြပါမည်။ ဘုရားသခင့်သားသမီးများ၏စိတ်နှလုံး၌ အမြစ်စွဲနေအောင် သင်ပေးရမည့်အရာမှာ ထိုသင်ခန်းစာမျိုးဖြစ်ပါသည်။

ဥပုသ်နေ့တွင် အိမ်အပြင်သို့ထွက်၍လမ်းမလျှောက်ခြင်းသည် မှားယွင်းကြောင်း၊ ဥပုသ်နေ့သည် ပျော်ပျော်ရွှင်ရွှင်နေကြရန်မဟုတ်ကြောင်း သားသမီးများကို ကျွန်ုပ်တို့မသွန်သင်သင့်ပါ။ ခရစ်တော်ကိုယ်တော်တိုင် တပည့်တော်များကို ဥပုသ်နေ့တွင်အပြင်သို့ခေါ်သွားပြီး ရေအိုင်နံဘေးမှာ သွန်သင်မှုများကို ပြုလုပ်တော်မူခဲ့သည်။ တောင်ပေါ်ဒေသနာကို အိမ်ခန်း တစ်ခုထဲမှာ ဟောကြားတော်မူခဲ့သည်မဟုတ်ပါ။

သဘာဝရှိသရုပ်ပြသင်ခန်းစာများ

ခရစ်တော်ကိုသဘာဝ၌မြင်တွေ့လာအောင် သားသမီးများကိုသင်ကြားပေးပါ။ ကလေးများကို လဟာပြင်ထဲရှိ သစ်ပင်ကြီးများ၊ ပန်းဥယျာဉ်များနှင့် လှပတင့်တယ်အံ့ဩဖွယ်ရာများဆီသို့ခေါ်သွားပြီး ထိုအရာများတွင် ထင်ရှားလျက်ရှိသော ဘုရားသခင်၏မေတ္တာတော်ကိုပြကြပါ။ ကျွန်ုပ်တို့နှင့်တကွ သက်ရှိသတ္တဝါအားလုံးကိုအုပ်စိုးနေသည့် နိယာမတရားများကို ဘုရားသခင်ကိုယ်တော်တိုင်ချမှတ်တော်မူခဲ့ကြောင်းကိုလည်းကောင်း၊ ထိုနိယာမတရားများသည် ကျွန်ုပ်တို့ပျော်ရွှင်ဝမ်းမြောက်စေဖို့ အကာအကွယ်ပြုနေကြောင်းကိုလည်းကောင်း သားသမီးများကိုသင်ပေးကြပါ။ သူတို့ကိုရှည်လျားသောဆုတောင်းချက်များ၊ ငြီးငွေ့စရာကောင်းသော အားပေးတိုက်တွန်းစကားများဖြင့် စိတ်သောကမရောက်စေကြဘဲ သဘာဝရှိသရုပ်ပြသင်ခန်းစာများကိုသင်ပေးရင်း ဘုရားသခင်၏ပညတ်တော်များကိုနာခံတတ်လာအောင် သွန်သင်ကြပါ။

ဘုရားသခင်၏စာရိတ္တတော်နှင့်ပတ်သက်သည့်မှန်ကန်သောအယူအဆများကိုပြောပြကြပါ

မိဘများနှင့်အတူ အိမ်အပြင်ရှိသဘာဝတရားကိုလေ့လာရန် အချိန်ပေးခြင်းထက် သားသမီးများကို ဘုရားသခင်နှင့်ပို၍ရင်းနှီးအောင် လုပ်ပေးနိုင်သည့်အရာရှိပါသေးသလား။ သဘာဝ၏လှပသောရှုခင်းများတွင်ဘုရားသခင်နှင့်သူတို့ရင်းနှီးလာကြစေပါ။ သဘာဝတွင်တွေ့ရှိနိုင်သည့် မေတ္တာတော်အထိမ်းအမှတ်များကို သားသမီးများအာရုံပြုမိလာအောင် သွန်သင်ကြပါ။ သူတို့စိတ်ဝင်စားလာကြပါလိမ့်မည်။ ဘုရားသခင်၏စာရိတ္တတော်နှင့်ဆက်စပ်နေသည့် ကြမ်းတမ်းခက်ထန်သောအရာများနှင့် သူတို့ရင်းနှီးသွားမည်ကိုစိုးရိမ်စရာအကြောင်းမရှိပါ။ လူသားများပျော်ရွှင်စေဖို့ ဖန်ဆင်းထားသည့်လှပသောအရာများကို သူတို့တွေ့မြင်သောအချိန်တွင် ကိုယ်တော်ရှင်ကိုချစ်စရာကောင်းသည့် နူးညံ့သိမ်မွေ့သောအဖဘုရားအဖြစ် သူတို့မှတ်ယူလာကြပါလိမ့်မည်။ တားမြစ်ချက်များနှင့် အမိန့်ပေးစကားများကို အာဏာပြလို

သဖြင့် ထုတ်ပြန်ထားခြင်းမဟုတ်ဘဲ လူသားများပျော်ရွှင်စွာနေထိုင်စေလိုသဖြင့် ထုတ်ပြန်ထားခြင်းဖြစ်သည်ကို သူတို့သဘောပေါက်လာကြလိမ့်မည်။ ဘုရားသခင်၏စာရိတ္တတော်သည် မေတ္တာ၊ စေတနာ၊ လုပတင့်တယ်မှုများနှင့်ပြည့်စုံလျက်ရှိရာ ကိုယ်တော်ရှင်ကိုသူတို့ချစ်လာရန် ဆွဲယူတော်မူပါလိမ့်မည်။ လေထဲတွင် သာယာသောသီချင်းသံများဖြင့်ပြည့်ဝစေသည့် ငှက်ကလေးများကိုလည်းကောင်း၊ လေထုကိုမွှေးရနံ့များဖြင့်ပြည့်ဝစေသည့် ထိပ်ဖျားချွန်ချွန်မြက်ပင်က ကလေးများနှင့်ပန်းပွင့်ငယ်ငယ်ကလေးများကိုလည်းကောင်း အကြည့်ခိုင်းပါ။ ဤအရာအားလုံးက ဖန်ဆင်းရှင်၏မေတ္တာတော်နှင့်ကျွမ်းကျင်မှုကို ဖွင့်ဆို၍ ဘုန်းတော်ကိုဖော်ပြကြပါလိမ့်မည်။

မိဘတို့၊ ဘုရားသခင့်စာရိတ္တတော်နှင့်ပတ်သက်သည့် မှန်ကန်သောသဘောတရားတစ်ခုကို ကလေးများအားပေးနိုင်ရန်အတွက် သဘာဝတရားစာအုပ်ကြီးထဲမှာဖော်ပြထားသည့် အဖိုးတန်သင်ခန်းစာများကို အဘယ်ကြောင့်အသုံးမချဘဲနေကြပါသနည်း။ ရိုးစင်းမှုထက် ဖက်ရှင်ကိုဦးစားပေးကာ မိမိကိုယ်ကို သဘာဝတရား၏အလှအပများနှင့် ဝေးကွာစေသူများသည် ယုံကြည်သက်ဝင်မှုကို အရေးထားမှုမပြုနိုင်တော့ချေ။ ဖန်ဆင်းထားသည့်လက်ရာတော်များတွင် ဖော်ပြထားသောတန်ခိုးတော်နှင့်ကျွမ်းကျင်မှုများကိုလည်း သူတို့နားမလည်နိုင်ကြတော့ချေ။ ထို့ကြောင့် အသစ်သောမေတ္တာတော်နှင့် စိတ်ဝင်စားမှုအပေါ် သူတို့ရင်မခုန်ကြတော့ဘဲ သဘာဝတရားတွင် ဘုရားသခင်ကို သူတို့မြင်တွေ့ရသောအချိန်တွင် အံ့သြခြင်း၊ ရိုသေခြင်းမရှိကြတော့ချေ။

ဒေင်ဥယျာဉ်အသက်တာမျိုးနေရမည့်နေ့တစ်နေ့

ပညာပေးရန် နည်းတစ်နည်းဖြစ်သော ဥပုသ်တော်နေ့၏တန်ဖိုးသည် တန်ဖိုးဖြတ်ရန်မဖြစ်နိုင်လောက်အောင် ကြီးမားပါသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့ထံမှတောင်းဆိုသောအရာမှန်သမျှအတွက် မိမိ၏ဘုန်းတန်ခိုးအာနုဘော်နှင့်အတူ ကြွယ်ဝပြည့်စုံသောပုံစံသစ်ဖြင့် တစ်ဖန်ပြန်လည်ပေးအပ်လေ့ရှိတော်မူပါသည်။

ဥပုသ်နေ့နှင့်အိမ်ထောင်စုကို ဧဒင်ဥယျာဉ်တွင် အတူတူတည်ထောင်တော်မူခဲ့သည်။ ဘုရားရှင်၏အကြံတော်အရ ထိုအရာနှစ်ခုသည် ခိုင်မြဲစွာအတူတကွဆက်နွှယ်နေပါသည်။ ဧဒင်ဥယျာဉ်၏အသက်တာမျိုးကို အခြားနေ့များမှာထက် ဥပုသ်တော်နေ့တွင် ကျွန်ုပ်တို့နေထိုင်ရန်ဖြစ်နိုင်ပါသည်။ ဖခင်သည် အိမ်ထောင်၏ယဇ်ပုရောဟိတ်အဖြစ်ဖြင့်လည်းကောင်း၊ မိခင်နှင့်ဖခင်သည် သားသမီးများ၏ဆရာ၊ ဆရာမများအနေဖြင့်လည်းကောင်း မိသားစုအားလုံး အတူအလုပ်လုပ်၊ အတူလေ့လာ၊ အတူဝတ်ပြုကိုးကွယ်၊ အတူအနားယူစေလိုသည်မှာ ထာဝရဘုရား၏အစီအမံပင်ဖြစ်ပါသည်။ သို့ရာတွင် အပြစ်တရားကြောင့် အသက်တာအခြေအနေများပြောင်းသွားပြီး မိသားစုပေါင်းသင်းဆက်ဆံရေး၌ အဟန့်အတားများရှိလာပါသည်။ ရက်သတ္တပတ်လုံး သားသမီးများ၏မျက်နှာကို ဖခင်ဖြစ်သူကမမြင်ရသည့်အခါများလည်းမကြာခဏဖြစ်လာပါသည်။ သူသည် သားသမီးများနှင့်အတူနေခွင့်နှင့် သွန်သင်ရမည့်တာဝန်များကို လုံးဝလက်လွှတ်ဆုံးရှုံးတော့မလိုဖြစ်နေပါသည်။ သို့သော်ဘုရားသခင်သည် ဖခင်ဖြစ်သူ၏ပင်ပန်းမှုကိုလျော့နည်းသွားရန် ဥပုသ်နေ့ ၌ ကိုယ်တော်ရှင်၏ကရုဏာလက်တော်ကို သူ့အပေါ်သို့တင်ပါသည်။ကိုယ်တော်ရှင်နှင့်လည်းကောင်း၊ သဘာဝတရားနှင့်လည်းကောင်း၊ မိသားစု အချင်းချင်းကြားမှာလည်းကောင်း မိတ်သဟာယဖွဲ့ခွင့်ရနိုင်ဖို့ ကိုယ်တော်ရှင်၏ ဥပုသ်တော်နေ့ကိုပြင်ဆင်ထားတော်မူပါသည်။

## ဥပုသ်နေ့ကိုပျော်ရွှင်စရာနေ့တစ်နေ့ဖြစ်စေပါ

ဘုရားသခင်ကိုချစ်ခင်လေးစားသူအပေါင်းသည် ဥပုသ်နေ့ကိုပျော်ရွှင်စရာကောင်းသောနေ့၊ ရိုသေဖွယ်ရာနေ့၊ သန့်ရှင်းရာနေ့ဖြစ်အောင် အတတ်နိုင်ဆုံးကြိုးစားလုပ်ဆောင်သင့်ပါသည်။ ဒုစရိုက်တွင်ပျော်မွေ့နေပြီး ဘုရားသခင်တားမြစ်ထားသည့် အပျော်အပါးများကိုလိုက်စားနေသည့်အချိန်တွင် သူတို့သည် ထိုအမှုကိုပြုနိုင်ကြလိမ့်မည်မဟုတ်ပါ။ သို့စေကာမူ မိသားစုများ၌ ဥပုသ်နေ့ကိုမြှောက်စားမြှင့်တင်ကာ ပျော်မွေ့ရာနေ့တစ်နေ့ဖြစ်အောင် လုပ်ပေး

နိုင်စွမ်းရှိကြပါသည်။ သားသမီးများကိုဂရုစိုက်၊ ယုယနိုင်ရန် အချိန်များကို သတ်မှတ်ထားသင့်ပါသည်။ ပြောင်းလဲမှုတစ်ခုသည် သူတို့အားပျော်ရွှင်မှုကို ဖြစ်စေသဖြင့် သူတို့နှင့်အတူ အပြင်ထွက်ကာလမ်းလျှောက်ကြပါ။ သစ်ပင်အုပ်များတွင်အတူထိုင်ကြပါ။ နေရောင်ခြည်ထဲတွင်အတူလမ်းလျှောက်ကြပါ။ ဂနာမငြိမ်ဖြစ်နေသောသူတို့၏စိတ်ကို အစာကျွေးသည့်အနေဖြင့် ဘုရားသခင်၏လက်ရာတော်များအကြောင်းကို ပြောပြကြပါ။ ထိုလက်ရာတော်များသည် သူတို့၌ရှိထားသော မေတ္တာစိတ်များနှင့်ရိုသေကိုင်းရှိုင်းမှုများကို နှိုးထစေလျက် သဘာဝ၌ရှိသော သရုပ်ပြသင်ခန်းစာများကို အာရုံပြုလာစေပါသည်။

ဥပုသ်နေ့ကိုရောက်လာတိုင်း ပျော်ရွှင်မှုများနှင့် ထိုနေ့ရက်ကိုကြိုဆိုကြစေနိုင်ရန်အလို့ငှာ မိသားစုအလယ်တွင် ဥပုသ်နေ့ကို ပျော်ရွှင်စရာကောင်းသည့်နေ့တစ်နေ့ဖြစ်အောင် ပြုလုပ်သင့်ပါသည်။ ဘုရားရေးတရားရေးကိစ္စများတွင် မိသားစုများစိတ်ဝင်စားလာစေရန်အတွက် မှန်ကန်ကောင်းမွန်သောညွှန်ကြားချက်များကို မိသားစုများအား ပြောပြနိုင်မည့်နည်းလမ်းများကို တီထွင်ခြင်း၊ ဘုရားသခင့်စာရိတ္တတော်၏စစ်မှန်သောပုံရိပ်နှင့် ခရစ်ယာန်အကျင့်စာရိတ္တကို စုံလင်စေရန်အတွက်လည်းကောင်း၊ ထာဝရအသက်ကိုရရှိနိုင်စေရန်အတွက်လည်းကောင်း ကျွန်ုပ်တို့အား ဘုရားသခင်တောင်းဆိုတော်မူသောအရာများကို ပြောပြခြင်းများမှတစ်ပါး အခြားမည်သည့်နည်းလမ်းများအားဖြင့်မှ ဘုရားသခင်ဥပုသ်တော်နေ့ကို မိဘများမြှင့်တင်နိုင်ကြလိမ့်မည်မဟုတ်ပါ။ မိဘတို့၊ သင်တို့၏သားသမီးများသည် ဥပုသ်နေ့ကိုမျှော်လင့်တောင့်တကာ အမြဲတမ်းကြိုဆိုလာစေရန် ဥပုသ်တော်နေ့ကို ပျော်ရွှင်စရာနေ့တစ်နေ့ဖြစ်အောင် ဖန်တီးကြပါ။

ဥပုသ်နေ့ကိုဆုတောင်းခြင်း၊ ဓမ္မသီချင်းသီဆိုခြင်းများအားဖြင့်အဆုံး သတ်ပါ

နေဝင်သွားစဉ်တွင် ဆုတောင်းခြင်း၊ ဂုဏ်တော်ချီးမွမ်းခြင်းများအားဖြင့် သန့်ရှင်းသောဥပုသ်နေ့ကုန်ဆုံးကြောင်းကို အမှတ်ပြုလျက် လာမည့်

ရက်သတ္တပတ်တစ်ပတ်လုံးတွင် ကိုယ်တော်ရှင်အတူရှိစေဖို့ အသနားခံတောင်း လျှောက်သင့်ပါသည်။

မိဘများသည် ဤသို့သောနည်းများအားဖြင့် ဥပုသ်တော်နေ့ကို တစ်ပတ်တာ၏ပျော်ရွှင်စရာအကောင်းဆုံးနေ့တစ်နေ့ဖြစ်အောင် ဖန်တီးနိုင်ကြပါသည်။ ဥပုသ်နေ့ကိုပျော်ရွှင်ဖွယ်နေ့၊ သန့်ရှင်း၍ဂုဏ်ပြုစရာကောင်းသောနေ့တစ်နေ့အဖြစ် သားသမီးများမှတ်ယူလာအောင် ဤသို့သောနည်းများအားဖြင့် မိဘများလမ်းပြနိုင်ကြပါသည်။

## အလေးအမြတ်ပြုအပ်သောအရာနှင့်ရွှံရှာစရာကောင်းသော အရာများအကြားရှိခြားနားမှု

ကျွန်ုပ်တို့ဂရုတစိုက်မြတ်နိုးသင့်သော အခြားတင့်တယ်မှုတစ်ခုမှာ ရိုသေကိုင်းရှိုင်းခြင်းပင်ဖြစ်ပါသည်။ သန့်ရှင်းသောအရာများကိုမြှောက်စားပြီး ဗိမာန်တော်၌ သန့်ရှင်းသောကိုးကွယ်မှုများကိုပြုစေမည့် အကျင့်စာရိတ္တအကြောင်းကို လူငယ်များအား လေ့ကျင့်ပညာပေးသင့်ပါသည်။ ထာဝရဘုရားကို ယုံကြည်ကိုးကွယ်နေသူအများစုမှာ ထာဝရကာလနှင့်စပ်ဆိုင်သည့် မွန်မြတ်မှုများကို အစစ်အမှန်အလေးမထားတတ်ကြပါ။

ကိုယ်တော်ရှင်၏ကြီးမြတ်မှုကို သိသည့်စိတ်နှင့် ကိုယ်တော်ရှင်အတူရှိကြောင်း ခံစားရသောစိတ်များအားဖြင့်သာ စစ်မှန်သောဘုရားတရားကိုင်းရှိုင်းစိတ်ကို ပေါက်ဖွားစေနိုင်ပါသည်။ ဘုရားသခင်နှင့်ပတ်သက်သည့် ထိုခံစားချက်များကို ကလေးလူငယ်တိုင်း၏စိတ်၌ နက်ရှိုင်းစွာစွဲမြဲနေပါလေစေ။

### နှုတ်ကပတ်တော်သည်သန့်ရှင်းတော်မူ၏

ကျွန်ုပ်တို့သည် ဘုရားသခင်၏နှုတ်ကပတ်တော်ကို ရိုသေကိုင်းရှိုင်းရပါမည်။ နှုတ်ကပတ်တော်ကိုရိုက်နှိပ်ထားသည့် သမ္မာကျမ်းစာကို လေးစား

ရပါမည်။ သာမန်စာအုပ်များထားသည့်နေရာတွင်မထားဘဲ ဂရုတစိုက်ကိုင်တွယ် အသုံးပြုသင့်ပါသည်။ ပျော်စေပျက်စေသဘောမျိုးဖြင့် သမ္မာကျမ်းစာပါကျမ်း ချက်များကို ကိုးကားရွတ်ဆိုခြင်းမပြုပါနှင့်။ 'ဘုရားသခင်၏စကားတော်ရှိသမျှ သည် စင်ကြယ်၏' 'ထာဝရဘုရားမိန့်တော်မူချက်တို့သည် သန့်ရှင်းခြင်းရှိ၍ မြေနှင့်ကင်းစင်စေခြင်းငှာ မိုက်၌ခုနစ်ကြိမ်စစ်သောငွေကဲ့သို့ ဖြစ်ကြ၏' (သုတ္တံကျမ်း ၃၀း၅။ ဆာလံကျမ်း ၁၂း၆)။

ဘုရားသခင်၏နှုတ်တော်ထွက်စကားလုံးတိုင်းကို လေးစားကြရန် ကလေးများကိုသွန်သင်သင့်ပါသည်။ ပညတ်တော်ကိုနာခံကြောင်းဖော်ပြလျက် ဘုရားသခင်၏အုပ်ချုပ်မှုအောက်တွင် အသက်ရှင်နေထိုင်ခြင်းအားဖြင့် မိဘ များသည် ပညတ်တော်၏အရေးပါပုံကို သားသမီးများအား ပုံသက်သေပြ သင့်ပါသည်။ အကယ်၍ မိဘများ၌ ပညတ်တော်၏သန့်ရှင်းမွန်မြတ်မှုများကို အမှန်တကယ်သိရှိခံစားလာရပြီဆိုလျှင် အကျင့်စာရိတ္တသည် ပြောင်းလဲလာကာ ဘာသာရေးခံယူချက်များလည်း ယခင်ကနှင့်တူတော့မည်မဟုတ်ပါ။

ဆုတောင်းနေသောနေရာတိုင်း၌ဘုရားသခင်ရှိတော်မူခြင်း

ခရစ်ယာန်အိမ်ထောင်စုတိုင်း၌ နံနက်ယံ၊ ညဦးယံဆုတောင်းဝတ်ပြု ခြင်းများအားဖြင့် ဘုရားသခင်ကိုဂုဏ်ပြုသင့်ပါသည်။ ဆုတောင်းနေသည့် အချိန်အခါကို ရိုသေလေးစားတတ်အောင်လည်း ကလေးများကိုသွန်သင်ထား သင့်ပါသည်။

ဆုတောင်းသည့်အချိန်နှင့် ဆုတောင်းသည့်နေရာများတွင်လည်း ကောင်း၊ စုပေါင်းဝတ်ပြုကိုးကွယ်ပွဲများတွင်လည်းကောင်း ဘုရားသခင်ကိုယ် တော်တိုင် ရောက်ရှိနေသည်ဖြစ်၍ လေးစားကြဖို့ ကလေးများကိုသွန်သင် ပေးကြပါ။ စိတ်သဘောထားနှင့်အပြုအမူများတွင် ရိုသေကိုင်းရှိုင်းမှုများထင်ရှား လာသည်နှင့်အမျှ ထိုကိုင်းရှိုင်းမှုကိုဖြစ်စေသည့် လေးစားမှုသည်လည်း ပို၍ နက်ရှိုင်းလာပါသည်။

ဘုရားသခင်၏အိမ်တော်

ထာဝရကာလနှင့်စပ်ဆိုင်သည့် မြင့်မြတ်သောအရာများကို လူအများ တန်ဖိုးမထားကြပါ။ ဘုရားသခင်၏အိမ်တော်တွင် မည်သို့ပြုမူဆောင်ရွက် ရမည်ကို လူတိုင်းလောက်နီးနီးကိုသင်ပေးဖို့ လိုအပ်နေပါသည်။ အိမ်တော် ထဲသို့ ရိုသေကိုင်းရှိုင်းစွာသွားလာကြရန် သားသမီးများကိုသင်ကြားရုံနှင့်မလုံ လောက်ဘဲ ရိုသေကိုင်းရှိုင်းစွာပြုမူရန် အမိန့်ပေးသင့်ပါသည်။

နမော်နမဲ့ကြီးပြင်းမလာရအောင်ကာကွယ်ပေးကြပါ

ဘာသာရေးဝတ်ပြုကိုးကွယ်ပုံများနှင့်စပ်လျဉ်း၍ အသင်းတော်တွင် များစွာအပြောင်းအလဲဖြစ်နေပါပြီ။ အကောင်းဘက်ကိုပြောင်းလဲလာခြင်းမဟုတ် ဘဲ အဆိုးဘက်ကိုပြောင်းလဲနေခြင်းဖြစ်ပါသည်။ ကျွန်ုပ်တို့နှင့်ဘုရားသခင့်အ ကြား ဆက်သွယ်ပေးနေသော တန်ဖိုးရှိမြင့်မြတ်သောအရာများသည် စိတ်နှ လုံးများမှ အလျင်အမြန်ပျောက်ကွယ်နေပြီး လူတို့၏စိတ်နှလုံးသည် အနိမ့်ဆုံး အဆင့်ထိအောင် ထိုးကျနေပါသည်။ ဘုရားသခင်အားကိုးကွယ်ရန် တွေ့ဆုံ သောနေရာဖြစ်သော ဗိမာန်တော်အပေါ် ရှေးအခါကလူသားများထား ရှိခဲ့ဖူးသော ရိုသေကိုင်းရှိုင်းမှုများသည် အတော်ပင်ပျောက်ကွယ်သွားချေပြီ။ သို့စေကာမူ ဘုရားသခင်သည် သာမန်အရာများထက် ဝတ်ပြုကိုးကွယ်ခြင်း အစီအစဉ်များကို အလွန်မြင့်မားစွာ မြှောက်စားနေဆဲဖြစ်ပါသည်။

ထာဝရဘုရားအား သန့်ရှင်းလျောက်ပတ်စွာကိုးကွယ်ရမည့် ဘုရား ကျောင်းထဲ၌ သားသမီးများကို ပြေးဆော့ကစားခွင့်ပြုနေကြပါသည်။ စကား ပြောခွင့်ပြုထားကြပါသည်။ သန့်ရှင်းခြင်းစိုးမိုးကာ သန့်ရှင်းသင့်သောနေရာ၊ စီစဉ်ကျနမှု၊ နိမ့်ချမှုနှင့်သပ်ရပ်မှုများနှင့် ပြည့်စုံနေရမည့်နေရာတွင် 'ဗာဗုလုန် တည်းဟူသောရှုပ်ထွေးမှုများ' နှင့် ပြည့်ဝလျက်ရှိပါသည်။ ထိုလုပ်ရပ် များကြောင့် ဘုရားသခင်၏မနှစ်မြို့မှုများနှင့်ပြည့်ဝလာကာ ကျွန်ုပ်တို့၏ အစုအရုံးထဲမှ ကိုယ်တော်ရှင်ဆုတ်ခွာသွားတော်မူလျက်ရှိပါသည်။

ဗိမာန်တော်တည်းဟူသောဘုရားရှိခိုးကျောင်း

ဘုရားကျောင်းသည် မိသားစုများစုရုံးကိုးကွယ်ရာနေရာဖြစ်ပြီး အခန်းငယ်များနှင့်သစ်ပင်အုပ်ကလေးများသည် တစ်ဦးချင်းဝတ်ပြုကိုးကွယ်သည့်နေရာဖြစ်ပါသည်။ ဘုရားကျောင်းသည် လူအပေါင်းစုရုံးဝတ်ပြုကိုးကွယ်သည့်နေရာဖြစ်သဖြင့် အချိန်၊ နေရာနှင့်ဝတ်ပြုကိုးကွယ်မည့်အစီအစဉ်များကို သေချာစွာသတ်မှတ်ထားဖို့လိုအပ်ပါသည်။

ဘုရားကျောင်းထဲ၌ရိုသေစွာသွားလာဖို့ကလေးများကိုသွန်သင်ပါ

မိဘတို့၊ သားသမီးများတို့၏စိတ်တွင်ခံယူထားသော ခရစ်ယာန်ဘာသာ၏အဆင့်အတန်းကို မြှင့်တင်ပေးကြပါ။ ၎င်းတို့၏အသိစိတ်ထဲသို့ ခရစ်တော်ရောက်သွားအောင် ပို့ဆောင်ပေးကြပါ။ ဘုရားကျောင်းထဲသို့ နှိမ့်ချနူးညံ့သောစိတ်ထားမျိုးဖြင့် ဝင်လာရမည်ဟူသော အသိများရရှိလာသည် အထိ ဘုရားရှိခိုးကျောင်းကို လေးစားတတ်အောင်သင်ပေးကြပါ။

ကလေးများကိုမိဘများနှင့်အတူထိုင်ခိုင်းပါ

ဘုရားကျောင်းထဲမှာ ဘုရားဝတ်ပြုနေကြသူများ၏စိတ်အာရုံခံစားမှုကို မြင့်မားသန့်ရှင်းစင်ကြယ်အောင် လုပ်ဆောင်ရမည်ဟူသောအချက်ကို ဝမ်းနည်းဖွယ်လျစ်လျူရှုထားကြပါသည်။ ထိုအရာ၏အရေးပါမှုကိုလည်း သတိမမူကြတော့သဖြင့် ဘုရားကျောင်းထဲတွင် မရိုသေမှုများ၊ ရုတ်ရုတ်သဲသဲ သွားလာပြောဆိုမှုများ ဖုံးလွှမ်းလာပြီး ဘုရားသခင်သည် အစော်ကားခံနေရပါသည်။ ကလေးများသည် ၎င်းတို့ကိုစောင့်ရှောက်ပေးမည့် မိဘများနှင့် မနီးနားသောလူအုပ်များထဲမှာ မကြာခဏတွေ့ရတတ်ပါသည်။ သူတို့သည် ဘုရားသခင်၏စောင့်ရှောက်မှုအောက်တွင် ကိုယ်တော်ရှင်နှင့်အတူရှိနေကြ သော်ငြားလည်း တီးတိုးပြောလျက်၊ ရယ်မောလျက်၊ ပေါ့ဆစွာနေထိုင်လျက် ရှိပါသည်။ ဂရုတစိုက်မရှိသလိုရိုသေကိုင်းရှိုင်းခြင်းနှင့် အာရုံစိုက်ခြင်းလည်း မရှိကြပါ။

ထိုကြောင့် ဘုရားသခင်ကိုဆက်ကပ်ထားသော ဘုရားရှိခိုးကျောင်းများကို သာမန်နေရာတစ်နေရာကဲ့သို့ သဘောထားကာ ဘုရားရှိခိုးကျောင်း၏သန့်ရှင်းမွန်မြတ်မှုကို အသက်တာ၏နေ့စဉ်သာမန်ခံစားမှုမျိုးနှင့်ရောထွေးမပစ်သင့်ပါချေ။ ဘုရားကျောင်းထဲသို့ဝင်လာသောအချိန်တွင် ရိုသေပျပ်ဝပ်မှုအပြည့်ရှိသင့်သလို လောကီရေးရာအားလုံးကိုလည်း ၎င်းတို့နှင့်အတူ ဘုရားကျောင်းထဲသို့ ယူမလာသင့်ကြပါ။ အကြောင်းမှာ ထိုနေရာသည် ဘုရားသခင်ကိုယ်တော်တည်ရှိနေသောနေရာဖြစ်ပါသည်။ ဘုရားသခင်ကိုအခစားဝင်သောခန်းမဆောင်ဖြစ်သောကြောင့် ဘုရားသခင်ကိုယ်တော်တိုင် ရုပ်တုကိုးကွယ်မှုများအဖြစ် သတ်မှတ်ထားသော မာနစိတ်များ၊ အလိုရမ္မက်များ၊ သဘောထားမတိုက်ဆိုင်မှုများ၊ ကိုယ်ရည်သွေးခြင်းများ၊ တစ်ကိုယ်ကောင်းဆန်သောစိတ်များ၊ လောဘစိတ်များကို သယ်ဆောင်လာရန် မသင့်လျော်သောနေရာတစ်ခုဖြစ်ပါသည်။

ရယ်စရာပြောရမည့်နေရာမဟုတ်သောဘုရားရှိခိုးကျောင်း

မိဘတို့၊ သားသမီးများအား အပိုးကျိုးပြီးမကောင်းမှုဒုစရိုက်များနှင့်ကင်းစင်အောင်လုပ်ရန်မှာ သင်တို့၏တာဝန်ဖြစ်သည်။ သူတို့ကို ဘုရားဝတ်ပြုကိုးကွယ်ပွဲများသို့ ခေါ်လာသောအခါ မည်သည့်နေရာတွင်ရောက်နေသည် ကိုသူတို့သိအောင်ပြောပြထားပါ။ သူတို့ရောက်နေသည့်နေရာသည် သာမန်အိမ်တစ်အိမ်တွင်မဟုတ်ဘဲ လူသားများကို ဘုရားသခင်လာရောက်တွေ့ဆုံ သည့်နေရာဖြစ်သည်ကို သူတို့နားလည်ဖို့လိုအပ်ပါသည်။ ထိုကြောင့် ဆော့ကစားခြင်းမပြုလုပ်ဘဲ ငြိမ်ငြိမ်ဆိတ်ဆိတ်နေကြဖို့ပြောပြပါ။ သို့ပြုလျှင် ဘုရားသခင်သည် သင်တို့နှင့်လာရောက်တွေ့ဆုံကာ ကောင်းချီးပေးတော်မူလိမ့်မည်။

အနှောင့်အယှက်ပေးသောကလေးများကိုအပြင်ထုတ်ပါ

အဖဘုရားသခင်၏မိန့်တော်မူချက်များကို ဘုရားသခင်၏သားသမီးများကဲ့သို့ ကောင်းစွာနားထောင်ရန် သားသမီးများကိုပြောပြပါ။ သင်က

ထိုစံနှုန်းကိုဆက်လက်ထိန်းသိမ်းမည်ဆိုလျှင် ဘုရားကျောင်းထဲမှာ ဂနာမငြိမ်ဖြစ်နေသောကလေးများကို သင်ပြောသောစကားလုံးတိုင်း၌ တန်ခိုးပါလိမ့် မည်။ အကယ်၍ ကလေးကထိန်းချုပ်ရန် အလွန်ခက်ခဲနေပါလျှင် ဘုရားကျောင်းအပြင်သို့ချက်ချင်းခေါ်ထုတ်သွားသင့်ပါသည်။ ထိုသို့ပြုခြင်းအားဖြင့် ထိုကလေး၏ပြေးလွှားပြောဆိုသံများကြောင့် တရားနာပရိတ်သတ်၏စိတ်ကို အနှောင့်အယှက်မဖြစ်စေနိုင်တော့ပါ။ ဘုရားကျောင်းထဲမှာ ကလေးများအား လျော့တိလျော့ရဲအုပ်ချုပ်မှုများအားဖြင့် မိဘများသည် ဘုရားသခင်၏အသရေတော်ကို ရှုတ်ချနေကြပါသည်။

အလုပ်ပြဝတ်ဆင်မှုများသည်ကိုင်းရှိုင်းမှုကိုလျော့ပါးစေခြင်း

သန့်ရှင်းသပ်ရပ်ပြီး ပလွှားမှုကင်းသောအဝတ်များကိုဝတ်လျက် ဘုရားကျောင်းတက်ရန် သားသမီးများကိုအားပေးပါ။ ဘုရားကျောင်းနှင့်မသင့်လျော်သော အပြင်ပန်းအလှဆင်ခြင်းကို အလိုမလိုက်ကြပါနှင့်။ အလုပ်ပြဝတ်ဆင်မှုများကိုလည်း ရှောင်ရှားသင့်ပါသည်။ အကြောင်းမှာ ထိုအမှုအရာသည် ရိုသေကိုင်းရှိုင်းမှုကိုလျော့ပါးသွားစေပါသည်။ ဝတ်ဆင်မှုများတွင် သမ္မာကျမ်းစာ၏သွန်သင်ချက်များနှင့် အနီးစပ်ဆုံးလိုက်နာသင့်ပါသည်။ ဖက်ရှင်သည် အပြင်လောက၌ ဘုရင်မတစ်ဆူကဲ့သို့ဖြစ်နေရာ သူမသည် ဘုရားရှိခိုးကျောင်းထဲသို့ မကြာမကြာချင်းနင်းဝင်ရောက်လာတတ်ပါသည်။ ဘုရားကျောင်းများသည် နှုတ်ကပတ်တော်ကိုစံအဖြစ်သတ်မှတ်သကဲ့သို့ မိဘများအနေဖြင့်လည်း ဝတ်ဆင်မှုများနှင့်ပတ်သက်၍ သတိပညာရှိရှိဖြင့် သုံးသပ်သင့်ပါသည်။

ဘုရားသခင်ကိုကိုးကွယ်နေသည့်ဝတ်ပြုပွဲတွင် လူငယ်လူရွယ်များအနေဖြင့် မာနထောင်လွှားသည့်အပြုအမူများကို မဖော်ပြသင့်သလို ဂရုမစိုက်၊ စိတ်မဝင်စားသည့်ဟန်မျိုးကိုလည်း ရှောင်ရှားသင့်ပါသည်။ ဘုရားသခင်သည် ရိုသေကိုင်းရှိုင်းမှုကင်းသည့် အပြုအမူ၊ အပြောအဆိုအားလုံးကို မြင်တွေ့တော်မူရုံသာမက ထိုအရာများကို ကောင်းကင်နိုင်ငံတော်ရှိစာအုပ်များတွင်

မှတ်တမ်းတင်ထားလျက်ရှိပါသည်။ 'သူ၏အကျင့်ကိုငါသိ၏' ဟု မိန့်တော် မူထားသည့်အတိုင်း မျက်ဝန်းတော်မှရှောင်လွှဲနိုင်သည့်အရာ တစ်စုံတစ်ခုမျှ မရှိပါချေ။ အကယ်၍ သင်၌ထိုအကျင့်ဆိုးများရှိနေခဲ့လျှင် ကြိုးစား၍ပြင်ဆင် ပါ။ မိမိကိုယ်ကိုလေးစားကြောင်းပြသပါ။ သင်လုပ်နေကျ အကျင့်ဓလေ့တစ်ခု ဖြစ်သွားသည့်အထိ ရိုသေကိုင်းရှိုင်းခြင်းအကျင့်ကို လေ့ကျက်ပါ။

## အိမ်ထောင်စုနှင့်အသင်းတော်အကြားဆက်နွှယ်မှု

သမ္မာတရားသည်စင်ကြယ်ပြီး ဖောက်ပြားခြင်းနှင့်ကင်းလွတ်၏။ ထိုသမ္မာတရားကို သင်၏နှလုံးသားထဲမှာ ကိန်းအောင်းပါလေစေ။ 'ငါသည် ခရစ်ယာန်တစ်ယောက်ဖြစ်လာရပါမည်။ ကောင်းကင်နိုင်ငံတော်တွင် ပို၍ အဆင့်မြင့်သောအတန်းကို တက်ခွင့်ရစေမည့်အကျင့်စာရိတ္တမျိုးကို မြေကြီး ပေါ်ရှိအိမ်ကျောင်း၌ ငါတည်ဆောက်ရမည်' ဟူသော ဆုံးဖြတ်ချက်မျိုးကို မိသားစုဝင်တိုင်းပြုလုပ်ကြပါစို့။

နေအိမ်တွင်နေထိုင်သောအသက်တာကို ကောင်းကင်နိုင်ငံတော်တွင် နေထိုင်သောအသက်တာတမျှ တန်ဖိုးထားပါ။ ဘုရား၏အမှုတော်တွင် တာဝန်ရှိသောနေရာများ၌ အလုပ်လုပ်နေသူများအတွက်လည်း မိသားစုများ အနေဖြင့် ဆုတောင်းပေးဖို့မမေ့ကြပါနှင့်။ အိမ်ထောင်ကိုစနစ်တကျအုပ်ချုပ် သူများသည် ဘုရားကျောင်းထဲ၌ရိုသေကိုင်းရှိုင်းမှုနှင့် စနစ်တကျရှိမှုများကို လွှမ်းမိုးစေပါလိမ့်မည်။ ရင်ဘောင်တန်းရပ်ထနေသော ကရုဏာစိတ်နှင့် တရားမျှတမှုများ၏ပင်ကိုအရည်အသွေးများကို သူတို့ကိုယ်စားပြုကြလိမ့်မည်။ ထိုသူတို့သည် ခရစ်တော်၏စာရိတ္တတော်ကို ကလေးများအား ဖော်ပြကြလိမ့် မည်။ သူတို့ပြောနေသည့် ကြင်နာချစ်ခင်မှုကို ဖော်ပြသောစည်းမျဉ်းများသည် သူတို့ထုတ်သောအမိန့်များကို အားနည်းမသွားစေဘဲ အာဏာတန်ခိုးနှင့် ပြည့်စုံလာစေပါလိမ့်မည်။ သူတို့၏ခိုင်းစေမှုများကိုလည်း သားသမီးများက နာခံလာကြလိမ့်မည်။

ဘုရားကျောင်း၌ပြုမူရမည့်အမူအကျင့်များကိုအိမ်မှာလေ့ကျက်ရမည်

ဘုရားကျောင်းထဲတွင် ပြုမူလုပ်ဆောင်ရမည့်အရာများကို အစပထမ လေ့ကျက်ရမည့်ကျောင်းမှာ အိမ်ပင်ဖြစ်ပါသည်။ ယုံကြည်သူအပေါင်းသည် ဘုရားသခင့်အိမ်တော်သားများဖြစ်ကြရာ အိမ်မှာနေစဉ်အခါ၌လည်း ယဉ်ကျေးသိမ်မွေ့မှုရှိကြရပါမည်။ မိသားစုဝင်များသည် တစ်ဦးကိုတစ်ဦး စိတ်ချမ်းသာမှုရအောင် လုပ်ဆောင်ကြရပါမည်။ စစ်မှန်သောခရစ်ယာန်ယဉ်ကျေးမှုကို ယုံကြည်သူများ၌ မြင်တွေ့ရလိမ့်မည်ဖြစ်ရာ ၎င်းတို့အား ခရစ်တော်ကိုသိကျွမ်းထားသူများ ခရစ်တော်နှင့်အတူ အသက်ရှင်သူများအဖြစ် လောကီသားများက သိထားကြပါလိမ့်မည်။ အကယ်၍သာ ယုံကြည်သူအားလုံးသည် ခရစ်တော်ကဲ့သို့ အသက်ရှင်နေထိုင်ကြမည်ဆိုလျှင် လောကသားများသည် အသင်းတော်ကို အထင်ကြီးလေးစားကြပါလိမ့်မည်။

နမော်နမဲ့နေတတ်သောမိဘများသည်အသင်းတော်ကိုမမြှင့်တင်နိုင်ပါ

နာခံမှုမရှိသူများကို အိမ်တွင်မဆုံးမလျှင် ထိုကလေးများ၏စိတ်နှလုံး ၌ ဘုရားသခင်၏အုပ်စိုးမှုကို အာခံလိုသောစိတ်ထားများဖြင့် ပြည့်ဝလာ လိမ့်မည်။ ထိုကဲ့သို့သောကလေးများ၏စိတ်နှလုံးကို ပျော့ပျောင်းသွားအောင် သန့်ရှင်းသောဝိညာဉ်တော်သည် ထိရောက်စွာချိုးနှိမ်ပေးနိုင်လိမ့်မည်မဟုတ်ပါ။ ၎င်းတို့အသက်အရွယ်ရလာသောအချိန်တွင် ခရစ်တော်၏ဧဝံဂေလိတရား တော်၏အလိုကိုလိုက်လျှောက်လာသောအခါ ဘုရားသခင်၏အလိုတော်ကို လိုက်လျှောက်နိုင်စေရန် မိမိတို့၏မနာခံတတ်သောစိတ်ဓာတ်များကို သူတို့ အပြင်းအထန်တိုက်ထုတ်ကြရလိမ့်ဦးမည်ဖြစ်သည်။ အသင်းတော်သည် အိမ်တွင် မှားယွင်းသောပညာရေးများကိုရရှိခဲ့သော အသင်းသားများကြောင့် မကြာခဏ ပြဿနာများနှင့်ရင်ဆိုင်နေရပါသည်။ သူတို့သည် ကလေးငယ်အရွယ်၌ မိမိလုပ်ချင်တာကိုလုပ်နိုင်ဖို့ လိမ်လည်လှည့်ဖြားသည်ကို မိဘများကခွင့်ပြုခဲ့ ကြသည်။ မကောင်းသောအကျင့်ကိုကျင့်ဖို့ အိမ်တွင်ခွင့်ပြုခြင်းခံခဲ့ရသော ထိုသူများသည် ဘုရားသခင်၏အမိန့်တော်ကိုနာခံမှုတွင် နောက်ဆုံးလူများ ဖြစ်လာပါလိမ့်မည်။

မိသားစုတွင်ဖြစ်ပျက်နေသောအရာများသည် နောက်ပိုင်းတွင် အသင်းတော်သို့ရောက်လာပါသည်။ မိသားစုများ၏ဩဇာလွှမ်းမိုးမှုသည် အသင်းတော်ကိုကောင်းကျိုးပြုရန် ဖြစ်သင့်သည်။ ညည်းတွားသောစကားများ၊ အပြစ်ရှာသောစကားများကို လုံးဝမပြောပါနှင့်။ ကွယ်ရာမှာအတင်းပြောနေ ခြင်းများကြောင့် ဝိညာဉ်ရေးအသက်တာသေလုမြောပါးဖြစ်နေသော အသင်းတော် များစွာရှိနေပါသည်။ အဘယ်ကြောင့် အပြစ်တင်သည့်စကားနှင့်အပြစ်ရှာ သည့်စကားများကို ကျွန်ုပ်တို့ပြောနေကြပါသနည်း။ မဖွယ်မရာ၊ ကြမ်းတမ်း သောစကားကိုပြောဆိုနေသူများအား သင်ပေးနိုင်သည့်အရာမှာ ဆိတ်ဆိတ် နေခြင်းပင်ဖြစ်ပါသည်။ လုံးဝပြန်မပြောပါနှင့်၊ ဆိတ်ဆိတ်နေခြင်းသည် နှုတ်စလျှာစ နှုတ်ရေးကောင်းခြင်းတစ်မျိုးဖြစ်ပါသည်။

အကြောင်းမလှသောကလေးများကိုပြုစုစောင့်ရှောက်ခြင်း

မိဘများ၏အုပ်ချုပ်မှုကိုမခံခဲ့ရသည့် လူငယ်လူရွယ်များသည် ၎င်းတို့အားစောင့်ရှောက်မည့်သူ၊ မေတ္တာပြမည့်သူများကို တောင့်တနေကြပါသည်။ ထိုတောင့်တမှုကိုဖြည့်ဆည်းပေးသူများသည် စင်မြင့်ပေါ်မှတရားဟောနေသူများကဲ့သို့ပင် တကယ့်လိုအပ်ချက်တစ်ခုကိုဖြည့်ကာ ထိုကလေးများ၏ ကယ်တင်ခြင်းအလို့ငှာ ဘုရားသခင်၏အမှုတော်ကိုဆောင်ရွက်နေကြခြင်းဖြစ်ပါသည်။ ထိုလူငယ်များ၏ကောင်းကျိုးအတွက် ကိုယ်ကျိုးမပါ စေတနာထား၍လုပ်ဆောင်ရမည့်အလုပ်ကိုလုပ်ရန် ဘုရားသခင်သည် ကျွန်ုပ်တို့အား ဆင့်ခေါ်နေပါသည်။ အကျင့်စာရိတ္တ၌ ဖျက်လို့မရသည့်အစွန်းအထင်းများကို ဖြစ်စေသည့်အကျင့်စရိုက်များကို ကာကွယ်တားဆီးပေးမည့် ထိုအလုပ်ကို အတွေ့အကြုံဗဟုသုတရှိသော ခရစ်ယာန်များသည် အလွန်စိတ်အားထက်သန်စွာ လုပ်ဆောင်သင့်ပါတကား။ လူငယ်များကို ဘုရားသခင်၏နှုတ်ကပတ်တော်အပေါ် စိတ်ဝင်စားမှုရှိလာအောင် ခရစ်တော်၏နောက်လိုက်တိုင်း လုပ်ဆောင်ပေးသင့်ပါသည်။

အိမ်ထောင့်တာဝန်များ၌သစ္စာရှိသကဲ့သို့ဘုရားဝတ်ပြုကိုးကွယ်ခြင်း၌ သစ္စာရှိကြပါ

သားသမီးများ၏ဆရာဖြစ်သောမိဘများတို့၊ သမ္မာတရားသည် သင်တို့၏ဩတ္တပ္ပစိတ်နှင့် အသိဉာဏ်များကိုထိန်းကျောင်းသော တန်ခိုးတစ်ခုဖြစ် သင့်ပါသည်။ သင်တို့၏အပြုအမူအပြောအဆိုများကို ဦးဆောင်နေသော တန်ခိုးတစ်ခုလည်းဖြစ်သင့်ပါသည်။ အိမ်ထောင့်တာဝန်များ၌ သစ္စာရှိသကဲ့သို့ ဘုရားဝတ်ပြုကိုးကွယ်ခြင်း၌လည်း သစ္စာရှိကြပါ။ မှန်ကန်သောအကျင့်စရိုက် တစ်ခုကို အိမ်သူအိမ်သားများ၏စိတ်နှလုံးတွင် သိရှိလက်ခံအောင်လုပ်ဆောင် ကြပါ။

## ကြိုတင်မျှော်လင့်ထားသည့်အနာဂတ်

စာတန်မာရ်နတ်၏အနေအထားနှင့် ၎င်း၏သွေးဆောင်တိုက်ခိုက်ပုံများကို တစ်အိမ်သားလုံး နားလည်သဘောပေါက်အောင် သင်တို့ပြင်ဆင်နေပြီလား။ စည်းကမ်းများနှင့်တာဝန်ဝတ္တရားများကို ခိုင်ခိုင်မာမာစောင့်ရှောက်လုပ်ဆောင်ရန် ဆုံးဖြတ်ချက်ချနိုင်သည့်အကျင့်များကို သင့်သားသမီးများ တည်ဆောက်နေကြပြီလား။

အချိန်သည် တန်ဖိုးရှိလှပါသည်။ အနာဂတ်တွင်ရရှိမည့် ထာဝရအသက်အတွက်ပြင်ဆင်ရန် ကျွန်ုပ်တို့၌ ကရုဏာတော်အချိန်သည် အလွန်ပင်နည်းပါးနေပေပြီ။

### မိဘများအတွက်အရေးကြီးသောမေးခွန်းတစ်ခု

မိဘတို့၊ သင်တို့၌အပ်ပေးထားသည့်တာဝန်ကို ကျေပွန်အောင်ထမ်းနေပြီလား။ မသန့်ရှင်းသောအတွေးအခေါ်၊ အပြောအဆို၊ အပြုအမူများကို ဖြစ်စေမည့်လမ်းကြောင်းဘက်သို့ သင်တို့ကလေးများ လိုက်ပါနေသည်ကို

သင်တို့မြင်တွေ့လျှင် ဘုရားသခင့်ထံတော်၌ သင်တို့အကူအညီတောင်းရမည် ဖြစ်သလို တွေ့ကြုံရမည့်အန္တရာယ်များကိုလည်း ပြောပြကြရပါမည်။ သူတို့ ရွေးချယ်သောလမ်း၏အန္တရာယ်ကြီးမားပုံကို သူတို့အားသင်ပြောပြပြီးပြီလား။ မိခင်တို့၊ လူသားများ၌ပေးအပ်သည့်တာဝန်များတွင် အမွန်မြတ်ဆုံးသော ဘုရားပေးတာဝန်ကို သင်တို့လျစ်လျူရှုနေကြပါသလား။ ထိုတာဝန်ကို ထမ်းဆောင်ရန် သင်တို့ငြင်းဆန်နေကြပါသလား။ မကြာမီတွင် ကျွန်ုပ်တို့ ရင်ဆိုင်ရမည့်ဒုက္ခဆင်းရဲခြင်းကာလတွင် ဘုရားသခင်သည် မသန့်စင်၊ မသန့်ရှင်းသူများကို တရားစီရင်သောအခါ သင်တို့၏အလိုလိုက်မှုအတွက် သင်တို့၏ သားသမီးများက သင်တို့ကိုကျိန်ဆဲနေကြလိမ့်မည်လား။

အကူအညီများနှင့်အားပေးမှုလိုအပ်နေသောလူငယ်များ

ယခုအချိန်သည် လူငယ်များအတွက်အလုပ်လုပ်ပေးရန် အကောင်းဆုံးအချိန်အခါနှင့် အခွင့်အလမ်းတစ်ခုဖြစ်ပါသည်။ ကျွန်ုပ်တို့သည် အန္တရာယ်များသောကပ်ကာလတွင် အသက်ရှင်နေကြရသည်ဖြစ်၍ စစ်မှန်သောဘုရားတရားရှိခြင်းကို ၎င်းတို့သိစေချင်ကြောင်း ပြောပြကြပါ။ ၎င်းတို့၏စိတ်နှလုံးသန့်ရှင်းအောင် ကူညီသည့်နည်းမျိုးအတိုင်း ၎င်းတို့အားကူညီမစ မြှင့်တင်အားပေးရန်လိုအပ်ပါသည်။

စေ့စပ်သေချာအောင်လုပ်ပါ

မိဘတို့၊ ဘုရားသခင့်ရှေ့တော်တွင် မိမိကိုယ်ကိုနှိမ့်ချကြပါ။ သားသမီးများနှင့်အတူ စေ့စပ်သေချာအောင်လုပ်ရမည့်အလုပ်ကိုအစပြုပါ။ ကလေးများအား ၎င်းတို့သွားရမည့်လမ်းကို သမ္မာကျမ်းစာ၏သွန်သင်ချက်နှင့်အညီညွှန်ပြဖို့ပျက်ကွက်ခဲ့သည့် အပြစ်များကိုခွင့်လွှတ်ပေးရန် ဘုရားသခင့်ထံတော်၌ အသနားခံကြပါ။ လမ်းပြပို့ဆောင်မှုနှင့် အလင်းတရားများရရှိအောင် တောင်းခံကြပါ။ မိမိ၏အမှားနှင့်ပျက်ကွက်မှုများကို သိရှိစေနိုင်သည့် နူးညံ့သောဩတ္တပ္ပစိတ်ကို တောင်းကြပါ။ နှိမ့်ချ၍ကြေကွဲသောစိတ်နှလုံးများမှ

ထွက်ပေါ်လာသောဆုတောင်းသံများကို ဘုရားသခင်နားညောင်းတော်မူပါသည်။

အပြစ်ဝန်ချတောင်းပန်ရန်လိုအပ်ခြင်း

မိသားစုအတွက် ထမ်းရွက်ရမည့်တာဝန်များကိုပျက်ကွက်မိလျှင် မိမိ၏အပြစ်များကို ဘုရားသခင့်ရှေ့တော်၌ ဝန်ချတောင်းပန်ကြပါ။ သားသမီးများကို သင့်ပတ်လည်တွင်စုရုံးစေကာ သင်၏ပျက်ကွက်မှုကို အသိအမှတ်ပြုစေပါ။ အိမ်ထောင်စုအတွက် ဘာသာရေးပြုပြင်ပြောင်းလဲမှုများလုပ်လိုသည့် သင်၏ဆန္ဒကိုပြောပြကာ အိမ်ထောင်အားလျှောက်သင့်သည့်လမ်းကို လျှောက်နိုင်ဖို့ လုပ်ဆောင်နေသော သင်၏ကြိုးပမ်းမှုတွင် ပါဝင်ကူညီကြရန် ပြောပါ။ သမ္မာကျမ်းစာ၌ဖော်ပြထားသည့် လမ်းညွှန်ချက်များကို သူတို့အားဖတ်ပြပါ။ သူတို့၏အသက်တာများကို ချမ်းသာခွင့်ပေးကာ နိုင်ငံတော်သို့ ဝင်စားနိုင်သူများဖြစ်အောင် ကူညီမစတော်မူမည့်အကြောင်း ဘုရားသခင့် ရှေ့တော်၌ သူတို့နှင့်အတူ ဆုတောင်းပတ္ထနာပြုကြပါ။ ဤနည်းအားဖြင့်သင်သည် အိမ်တွင်းဘာသာရေးပြုပြင်ပြောင်းလဲမှုကိုအစပြုကာ ကိုယ်တော်ရှင် ၏တရားလမ်းအတိုင်း ဆက်လက်လျှောက်လှမ်းသွားနိုင်မည်ဖြစ်ပါသည်။

တိကျစွာနာခံခြင်း၏ပုံသက်သေကိုကလေးများအားပြသပါ

မိဘများလုပ်ရမည့်အထူးတာဝန်မှာ ကလေးများအား ဘုရားသခင်၏ ပညတ်တော်ကို ကောင်းစွာနားလည်အောင်လုပ်ကာ ပညတ်တော်ကိုနာခံခြင်းသည် အသက်တာတွင် အရေးပါသောအရာတစ်ခုဖြစ်သည်ကိုသိရှိလျက်၊ ပညတ်တော်များကိုနာခံရန် တိုက်တွန်းရမည့်အလုပ်ပင်ဖြစ်ပါသည်။ ပညတ်တော် လွန်ကျူးခြင်း၏အဓိပ္ပါယ်မှာ မည်သည့်အရာဖြစ်သည်ကို ကလေးများအား မသင်ပေးလိုက်သည့်အတွက် မသိသဖြင့် ပညတ်တော်ကိုလွန်ကျူးမိပါသည် ဟု ဆင်ခြေပေးလို့ရလိမ့်မည်မဟုတ်ပါ။ အလင်းတရားများသည် အလျှံပယ်ရှိနေရာ မည်သူမျှအမှောင်တွင်လျှောက်ရန်မဟုတ်သလို မည်သူမျှလည်း

မသိနားမလည်စရာအကြောင်းမရှိပါ။ ဘုရားသခင်သည် ရှေးခေတ်ဣသရေလ များ၏ဆရာတော်ဖြစ်ခဲ့သလို ယနေ့လူသားများ၏ဆရာတော်လည်းဖြစ်ပါသည်။ လူသားတိုင်းအား ကိုယ်တော်၏ပညတ်တော်များအတိုင်း အသက်ရှင် နေထိုင်ရန် မွန်မြတ်သောတာဝန်တစ်ခုဖြင့် လွှမ်းခြုံထားပါသည်။

သူတို့၏ကယ်တင်ခြင်းအတွက်ဆုတောင်းလျက်လုပ်ဆောင်ကြပါ

ကိုယ်အလိုကိုထိန်းချုပ်၍ ကိုယ်အလိုကိုငြင်းပယ်တတ်အောင် စိတ်နှလုံးများကို လေ့ကျင့်ပေးရမည့်အကြောင်း သားသမီးများကို သွန်သင်ကြပါ။ အသက်တာ၏ရည်မှန်းချက်များသည် ဘုရားသခင်၏ပညတ်တော်နှင့်ဟန်ချက်ညီရပါမည်။ ခရစ်တော်မပါဘဲ သင်၏ကလေးကြီးပြင်းလာသည်ကို သင်ကျေနပ်မနေသင့်ပါ။ အေးတိအေးစက် စိတ်ဝင်စားမှုကင်းမဲ့စွာဖြင့် သူတို့ကြီးပြင်းလာသည်ကို အေးအေးဆေးဆေးကြည့်မနေဘဲ နေ့ညမပြတ် ဘုရားသခင့်ထံတော်၌ အသနားခံဆုတောင်းပါ။ 'ပညာ၏အချုပ်အခြာသည် ဘုရားသခင်ကိုကြောက်ရွံ့ခြင်းဖြစ်ပါသည်။' ထိုအရာသည် ပင်မအချက်အချာဖြစ်ပါသည်။ အကျင့်စာရိတ္တ၏ဟန်ချက်ညီသော ဘီးတစ်ခုလည်းဖြစ်ပါသည်။ သူတို့သည် ဘုရားသခင်ကိုကြောက်ရွံ့ခြင်းမရှိဘဲ အသက်တာ၏ကြီးမားသော ရည်မှန်းချက်များကိုဖြည့်ဆည်းနိုင်ကြလိမ့်မည်မဟုတ်ပါ။

စာရိတ္တတည်ဆောက်သူများကဲ့သို့ပြုကျင့်ပါ

မိမိတို့သည် စာရိတ္တတည်ဆောက်ရေးတာဝန်များကို ထမ်းဆောင်နေသူများဖြစ်သည်ကို မိဘများသိထားသင့်ပါသည်။ သားသမီးများအတွက် ဆက်ကပ်လုပ်ဆောင်ခြင်းအားဖြင့် ကိုယ်တော်၏အမှုတော်ကို အားကောင်းလာအောင် ကူညီမစနိုင်မည့်အခွင့်အလမ်းများကို မိဘများ၏ရှေ့တွင် ချထားလျက်ရှိပါသည်။ နေအိမ်၏ဘုရားတရားရှိမှုလွှမ်းမိုးနေသည့် လူငယ်များသည် အိမ်မှထွက်ပြီး လုပ်ငန်းခွင်သို့ဝင်သောအခါ မိမိတို့၏အသက်တာများကို ကိုယ်တော်၌ဆက်ကပ်အပ်နှံလျက် အမှုတော်ကိုကြိုးကြိုးစားစားလုပ်ဆောင်နေ

သည်ကို ဘုရားရှင်မြင်တွေ့လိုတော်မူပါသည်။ ဘုရားသခင်ကိုကြောက်ရွံ့သော မိဘများ၏ညွှန်ကြားပို့ချမှုများ၊ နံနက်ယံဝတ်နှင့်ညဦးယံဝတ်၏အကျိုးသက်ရောက်မှုများ၊ ဘုရားသခင်ကိုကြောက်ချစ်ရိုသေသော မိဘများ၏လွှမ်းမိုးမှုများအောက်တွင် အသက်ရှင်ကြီးပြင်းလာသော ထိုသူများသည် ဘုရားသခင်၌ရိုကျိုးပျပ်ဝပ်ရန် နားလည်သဘောပေါက်ကြသည်သာမက ဘုရားသခင်၏အမှုတော်ကိုဆောင်ရွက်ရန်လည်း အဆင်သင့်ဖြစ်နေကြပါသည်။ ထိုကဲ့သို့သောလူငယ်လူရွယ်များသည် ခရစ်တော်၏ကျေးဇူးတော်နှင့်တန်ခိုးတော်အကြောင်းကို ဤလောကရှေ့တွင် သက်သေခံကိုယ်စားပြုရန် အဆင်သင့်ဖြစ်နေကြပါသည်။

–ဝ–